
ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။



ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကျေးဇူးတင်ခြင်း

ရွှေပြည်ဝန်ကြီး ရေးသားစီရင်အပ်သော ဤဥတုဘောဇနသင်္ဂဟ ကျမ်းကို ဟံသာဝတီ ပုံနှိပ်တိုက်မှ ပထမ, ဒုတိယ, တတိယ အကြိမ် ရိုက်နှိပ်ခဲ့ပြီးနောက် စတုတ္ထအကြိမ်မှ စ၍ ရိုက်နှိပ်ခဲ့ရာတွင် အင်္ဂလိပ်ဆေး အခေါ်အဝေါ် ဝေါဟာရများကို အင်္ဂလိပ် အက္ခရာဖြင့် ရေးသား ကူညီ ဖော်ပြပေးသော ဒေါက်တာ ဦးသိန်းမောင်အား လည်းကောင်း၊ ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိ ထည့်သွင်း ဖော်ပြနိုင်ရန် အတွက် အထက်မြန်မာနိုင်ငံ, အောက်မြန်မာနိုင်ငံမှ ကျောက်စာများကို ပုံနှိပ် ကူးယူ ပုံနှိပ်လုပ်ဆောင်ရာ စာအုပ်ကြီး ပေးပို့ ကူညီသော ဆရာဦးမာဃ အား လည်းကောင်း အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	ပဏာမနှင့် ပဋိညာဉ်	....	၁

၁- ပထမကဏ္ဍ
ဥတုအရပ်ဒေသကိုပြခြင်း

၂။	ဥတု ၆-ပါး	....	၃
၃။	ဥတု ၆-ပါး၌ ရှောင်ရန် အကျဉ်း	....	၈
၄။	ဥတု ၆-ပါး၌ ရှောင်ရန် အကျယ်	....	၉
၅။	အရပ် ၃-ပါးနှင့် အနာ ဖြစ်တတ်ပုံ	....	၁၆

၂- ဒုတိယကဏ္ဍ
အရွယ်ကိုယ်ပုံကိုပြခြင်း

၆။	ဆေးကျမ်းအလို အရွယ် ၃-ပါး	....	၂၀
၇။	အရွယ် ဆယ်ပါး ပိုင်းခြားပုံ	....	၂၁
၈။	ခန္ဓာကိုယ် အပိန် အဝအလိုက် ဥပဒ်ဖြစ်တတ်ပုံ	....	၂၄

၃- တတိယကဏ္ဍ
အသက်ရှည်ရန် အကျင့်ကို ပြခြင်း

၉။	ဗြဟ္မမုဟုတ္တအခါ ပြုကျင့်ဖွယ်	....	၂၅
၁၀။	ဒန်ပူအမျိုးမျိုးတို့၏ အကျိုးအပြစ်	....	၂၆

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁။	လုတ်ဆေးခြင်း အကျိုး	.... ၂၈
၁၂။	အားကစားပြုလုပ်ချိန်နှင့် ရှောင်ကြဉ်ချိန်	.... ၃၀
၁၃။	ဆီ, နံ့သာမွှေး လိမ်းကျံခြင်းတို့၏ အကျိုး	.... ၃၁
၁၄။	ချေးတွန်းခြင်း စသည်တို့၏ အကျိုး	.... ၃၂
၁၅။	နှေးနံအလိုက် ရတနာတို့ကို ဝတ်ဆင်ရကျိုး	.... ၃၄
၁၆။	အစာစားရာ၌ ဒေသ, ကာလ ၂-ပါးကို ဆင်ခြင်ရန်	.... ၃၅
၁၇။	ထမင်း စားပြီးစ၌ နေထိုင်ပုံအလိုက် အကျိုးများ	.... ၄၁
၁၈။	ခုတင်, မွေ့ရာ စသည်တို့၏ အကျိုးအပြစ်	.... ၄၂
၁၉။	လရောင် အစရှိသည်တို့၏ အကျိုး	.... ၄၇
၂၀။	အိပ်ပျော်ဆေးနှင့် အသက်ရှည်ရာ အနာကင်းကြောင်း အကျင့်	.... ၄၇

၄- စတုတ္ထကဏ္ဍ
ရသဝိပါက စသည်ကို ပြခြင်း

၂၁။	ရသ ၆-ပါးတို့၏ အကျိုးအပြစ်	.... ၅၂
၂၂။	ဝိပါက ၃-ပါး၌ အကျိုးအပြစ်	.... ၅၆
၂၃။	ဂုဏ် ၁၈-ပါး၌ အကျိုးအပြစ်	.... ၅၇
၂၄။	ကိစ္စ ၂-ပါး၌ အကျိုးအပြစ်	.... ၅၉
၂၅။	ဓာတ်စာကို ပယ်၍ သတ္တိ ၂၆ ပါးကို ပြခြင်း	.... ၆၂

၅- ပဉ္စမကဏ္ဍ
ဆန့်ကျင်ဘက် အစာကို ပြခြင်း

၂၆။	ဖက်စပ်၍ မစားကောင်းသော အစာများ	.... ၆၈

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	၆- ဆဋ္ဌကဏ္ဍ	
	စပါးမျိုး, ပဲမျိုးတို့၏ ဂုဏ်ကို ပြခြင်း	
၂၇။	စပါး အမျိုးမျိုးတို့၏ အကျိုးအပြစ်	.... ၇၂
၂၈။	မုယောနှင့် ဂျုံတို့၏ ဂုဏ်	.... ၇၆
၂၉။	လူး၏ ဂုဏ်	.... ၇၇
၃၀။	ဆပ်၏ ဂုဏ်	.... ၇၇
၃၁။	နှံစားပြောင်း၏ ဂုဏ်	.... ၇၈
၃၂။	နတ်စပါး အကြီး, အငယ် ၂-မျိုးတို့၏ ဂုဏ်	.... ၇၈
၃၃။	ပြောင်းဖူး၏ ဂုဏ်	.... ၇၉
၃၄။	ပဲနောက်, ပဲသီမျိုးတို့၏ ဂုဏ်	.... ၈၀
၃၅။	မတ်ပဲ၏ ဂုဏ်	.... ၈၁
၃၆။	မတ်ပဲကြီးမျိုး၏ ဂုဏ်	.... ၈၁
၃၇။	ပဲဒလက်သီး၏ ဂုဏ်	.... ၈၂
၃၈။	ပဲရာဇာ၏ ဂုဏ်	.... ၈၂
၃၉။	ပဲစင်းငုံ၏ ဂုဏ်	.... ၈၂
၄၀။	ကုလားပဲ၏ ဂုဏ်	.... ၈၂
၄၁။	ပဲစာဥ၏ ဂုဏ်	.... ၈၃
၄၂။	နှမ်း ၃-မျိုး၏ ဂုဏ်	.... ၈၃
၄၃။	မုန်ညင်း ၂-မျိုး၏ ဂုဏ်	.... ၈၅
၄၄။	ဆေးကျမ်းအရ ထမင်းချက်ပုံနှင့် ထမင်းရည်၏ ဂုဏ်	.... ၈၆
၄၅။	ဆန်ပြုတ်စသည်တို့၏ ဂုဏ်	.... ၈၉
	၇- သတ္တမကဏ္ဍ	
	ရေတို့၏ ဂုဏ်ကို ပြခြင်း	
၄၆။	ရေအမျိုးမျိုးတို့၏ ဂုဏ်	.... ၉၃
၄၇။	ကုတ်လုပ်လေးတာကို ပြခြင်း	.... ၉၉

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၈။	ရေအမျိုးမျိုးတို့၏ အကျိုးအပြစ်	.... ၁၀၃
၄၉။	ဥတု အားလျော်စွာ ရေနွေးသောက်ခြင်း အကျိုး	.... ၁၁၃
၅၀။	ရေစင်ကြယ်အောင် လုပ်နည်း	.... ၁၁၆
၅၁။	အခိုး ၂-မျိုးတို့၏ ဖြစ်ရာ အရပ်နှင့် သတ္တိဂုဏ်	.... ၁၁၈
၅၂။	ရေအေး, ရေနွေး ချိုးခြင်း, ခေါင်းလျှော်ခြင်းဂုဏ်	.... ၁၂၁

၈- အဋ္ဌမကဏ္ဍ
နို့မျိုးတို့၏ ဂုဏ်ကိုပြခြင်း

၅၃။	နို့အမျိုးမျိုးတို့၏ ဂုဏ်	.... ၁၂၅

၉- နဝမကဏ္ဍ
နို့ဓမ်းတို့၏ ဂုဏ်ကို ပြခြင်း

၅၄။	ခိရသာက မည်သော နို့မျိုးတို့၏ ဂုဏ်	.... ၁၃၄
၅၅။	သုက်ကို ပွားစေတတ်သောဂုဏ်	.... ၁၃၆

၁၀- ဒသမကဏ္ဍ
တက္ကတို့၏ ဂုဏ်ကို ပြခြင်း

၅၆။	တက္က ၅-မျိုးတို့၏ ဂုဏ်	.... ၁၄၂
၅၇။	စားဖွယ် လုပ်နည်း ရသာလ အမျိုးမျိုး	.... ၁၄၄

၁၁- ဧကာဒသမကဏ္ဍ
နဝနီတတို့၏ ဂုဏ်ကို ပြခြင်း

၅၈။	နဝနီတမျိုးတို့၏ ဂုဏ်	.... ၁၄၆

၁၂- ဒွါဒသမကဏ္ဍ
ထောပတ်မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၅၉။	ထောပတ်၏ ရသာယန အကျိုးဂုဏ်	.... ၁၄၈

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

၁၃- တေရသမကဏ္ဍ
ဆီမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၀။ ဆီအမျိုးမျိုးတို့၏ ဂုဏ် ၁၅၄
၆၁။ ခြေကို ဆီ လိမ်းနယ်ခြင်း အကျိုးဂုဏ် ၁၆၀
၆၂။ နားကို ဆီမပြတ်ခတ်ခြင်း အကျိုးဂုဏ် ၁၆၂

၁၄- စုဠသမကဏ္ဍ
ပျားရည်မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၃။ ပျားရည်အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၁၆၃

၁၅- ပန္နရသမကဏ္ဍ
ကြဲမျိုး သကာမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၄။ ကြဲအမျိုးမျိုးတို့၏ အကျိုးဂုဏ် ၁၆၉
၆၅။ အမြစ် ၅-ပါးတို့၏ ဂုဏ် ၁၇၀
၆၆။ ကြဲရည်တို့၏ အကျိုးအပြစ် ဂုဏ် ၁၇၁
၆၇။ ကြဲရည်ကို အသုံးပြုရာ၌ အယူအဆ မတူကြပုံ ၁၇၂
၆၈။ ဖာဏိတ စသော သကြားအမျိုးမျိုးတို့၏ ဂုဏ် ၁၇၃
၆၉။ သကြားဖြူကို ဓာတ်ခွဲပုံ ၁၇၅
၇၀။ ရှလပတ်ရည် လုပ်နည်း ၁၇၅
၇၁။ ဆေးကျမ်းမှ လာသော ရှလပတ်ရည် လုပ်နည်း ၁၇၅
၇၂။ ဖျော်ရည်လုပ်နည်း ၁၇၆

၁၆- သောဠသမ ကဏ္ဍ
သန္ဓာနမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၇၃။ အသီး အပွင့် အရွက် အမြစ်ကို စုံ၍
ပုန်းရည်လုပ်နည်း ၁၇၈

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇၄။	သိုးဆောင်း ပုန်းရည် စိမ်ရည်တို့၏ အကျိုးဂုဏ်	.... ၁၈၃
၇၅။	ဗျစ်ခါး လုပ်နည်း	.... ၁၈၅
၇၆။	ပန်းပွင့်သည် အဖို, အမ ၂-မျိုး ရှိ၏	.... ၁၈၅
၇၇။	တရုတ်, ချင်း, ကရင်ဆေးကျမ်းမှာ သုရာမျိုး, မေရယမျိုး ခွဲပုံ	.... ၁၈၆

၁၇- သတ္တရသမ ကဏ္ဍ
ကျင်ငယ်မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၇၈။	ကျင်ငယ်အမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၁၈၉

၁၈- အဋ္ဌာရသမ ကဏ္ဍ
အသားမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၇၉။	အသားအမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၁၉၃

၁၉- ကေနဝိသတိမ ကဏ္ဍ
အသီးမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၈၀။	အသီးအမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၂၁၉

၂၀- ဝိသတိမကဏ္ဍ
သာကမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၈၁။	ချက်၍ စားကောင်းသော အသီး စသည်တို့၏ အကျိုးဂုဏ်	.... ၂၄၉
၈၂။	အပွင့်, အဖူး အမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၂၅၈
၈၃။	အသီး အနု, အရင့် အမျိုးမျိုးတို့၏အကျိုးဂုဏ်	.... ၂၅၉

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၉၄။	အရိုး အမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၂၆၅
၅၅။	အသွေးက် အမျိုးမျိုးတို့၏ အကျိုးဂုဏ်	.... ၂၆၆
၅၆။	ဥတို့၏ အကျိုးအပြစ်	.... ၂၆၆
၅၇။	အပွင့်, ရေညှိ, ရေမှော် သုံးမျိုးတို့၏ အကျိုးအပြစ်	.... ၂၇၀
၅၈။	နှင်းဆီပင်မျိုးတို့၏ အကျိုးဂုဏ်	.... ၂၇၁
	နိဂုံး	.... ၂၇၂

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နိဒါန်း

ရတနာပုံ ရန်လုံအောင်မျှို့ အမင်းမင်းတို့၏ အခွန်ပို့သွင်း ဆက်သရာ မဟာရာဇဌာနီ မင်းနေပြည်ကြီးကို လက်မွန်အစ ပထမ တည်ထောင် ဖန်ဆင်းတော်မူသော ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာ သခင်ပဉ္စမသင်္ဂီယနာတင် ဘုရင်မင်းတရားကြီး၏ မြှောက်စား ချီးပင့်ခြင်းကို ခံတော်မူရသော မှူးမတ်မျိုးမှ ဆင်းသက်၍လာသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်အရာရှိ **ယောမြို့စား အမတ်ကြီး** သည် **ဥတုဘောဇနသဒ်ဟ** ကျမ်းကို ပြုစုရာ၌ ဘုရားဟောပါဠိတော်, အဋ္ဌကထာ, ဋီကာ စသော ဓလောကုတ္တရာ ကျမ်းစာများ အပြင်–

၁။ ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း,
၂။ သာရကောမုဒီဆေးကျမ်း,
၃။ သုဿုတဆေးကျမ်း,
၄။ ဘာဝပ္ပကာသဆေးကျမ်း,
၅။ ရာဇနိဃဏ္ဍုဆေးကျမ်း,
၆။ ဒဗ္ဗဂုဏာပကာသဆေးကျမ်း,
၇။ ရာဇဝလ္လဘဆေးကျမ်း,
၈။ အဋ္ဌောတ္တရိဒသာကျမ်း,
၉။ ဝိသောတ္တရိဒသာကျမ်း,
၁၀။ စက္ကဒတ္တကျမ်း,
၁၁။ ရတနမာလာကျမ်း,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၂။ အဇ္ဈတ္တသာဂရကျမ်း,
၁၃။ သမုတိကျမ်း,
၁၄။ ဘဋ္ဋိကျမ်း,
၁၅။ သူရိယသိဒ္ဓန္တကျမ်း,
၁၆။ မာဂဓအဘိဓာန်ကျမ်း,
၁၇။ ကပ္ပဒုမအဘိဓာန်ကျမ်း,

စသည်တို့နှင့် တကွ များစွာသော သိုးဆောင်းဆေးကျမ်းများကို မှီငြမ်း ပြုလေသည်။

ဤဥတုဘောဇနသင်္ဂဟကျမ်းကို ဟံသာဝတီ ပုံနှိပ်တိုက်မှ စတုတ္ထအကြိမ် ရိုက်နှိပ်ရာမှ စ၍ စာရှူသူတို့ လိုအပ်သော အကြောင်းအရာများကို အလွယ်တကူ ထင်ထင်ရှားရှား တွေ့မြင်စေခြင်းငှာ အသေးစိတ် ခေါင်းစီးစာလုံးများနှင့် အတွင်းစာလုံးမည်းများဖြင့်လည်းကောင်း, နောက်ဆုံး အက္ခရာစဉ်အညွှန်းဖြင့် လည်းကောင်း ဖော်ပြကာ **ဆရာဦးခင်စိုး** [သာသနဓဇသီရိပဝရမ္ဘာစရိယ] **ဆရာဦးစိုးမြင့်** [သာသနဓဇသီရိပဝရမ္ဘာစရိယ] တို့က (နိုင်ငံတော်သတ်ပုံကျမ်းနှင့် အညီ **ဒသမအကြိမ်**တွင် ထပ်မံ သုတ်သင်) ကောင်းစွာ ပြင်ဆင်တည်းဖြတ်ကာ ပုံနှိပ်လုပ်ဆောင်အပ်သည် ဖြစ်ပါ၍ အစ, အလယ်, အဆုံး သုံးပါးလုံး မှတ်သားမိအောင် ဆင်ခြင်ကြည့်ရှုကြသော အမျိုးသားတို့သည် ပညာဉာဏ်တိုးပွား၍ ဆေးဆရာကြီး တစ်ပါးကဲ့သို့ အစာအာဟာရကို စားသောက်မှီဝဲခြင်း၌ အကျိုး,အပြစ်ကို သိသဖြင့် မိမိတို့၏ အသက်ရှည်ကြောင်း နေ့, ည၌ စောင့်ရှောက်အပ်သော အဆွေခင်ပွန်းကြီးတစ်ပါး ပူးပေါင်းဆည်းကပ် မှီဝဲရဘိသကဲ့သို့ အကျိုးထူး ဝိသေသ ရကြမည် ဖြစ်ပါ၍ အကြင်အသက်ရှည်ကြောင်း, အန္တရာယ်ကင်းကြောင်းကို အလိုရှိကြသော သူတော်ကောင်း အမျိုးသားတို့သည် ဤကျမ်းကို **ရတနာမျက်မှန်ကြီး** သဖွယ် ပြု၍ အထပ်ထပ် ကြည့်ရှုဆင်ခြင် ဖတ်ရှုတော်မူကြပါစေကုန်သတည်း။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိ

မန္တလေး ရတနာပုံ ပထမမြို့တည် နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်က စ၍ သားတော် သီပေါမင်းတရား လက်ထက်တော်တိုင် မြန်မာနိုင်ငံတော်၌ ပညာရှိတစ်ယောက်ဟူ၍ အတိုင်းတိုင်း အပြည်ပြည် နှံ့သိထင်ရှားကျော်စောသဖြင့် သက္ကရာဇ် ၁၂၄၅-ခုတွင် ကွယ်လွန်သောယော အတွင်းဝန် ခေါ် နောက် ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိစာတန်း။

အထက်မြန်မာနိုင်ငံ အဝန်းနံပါတ် ... ၆
ဥတ္တရခရိုင်အဝန်းနံပါတ် ... ၆
မန္တလေးဒီစကြိတ်နံပါတ် ... ၆
မန္တလေးအရပ်ဌာနနံပါတ် ... ၆
ကျောက်စာအမည် ... ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိစာတန်း
မူလထိုးစသည်ပြဆိုချက် ... မူလ
မူလတည်ရာဌာန ... ကမ္ဘည်းကျောက်စာရုံး
ယခုတည်ရာဌာန ... ၎င်း
သာသနာ ... ၂၄၂၂
ကောဇာ ... ၁၂၄၅

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပြုလုပ်သူ ... သံတော်ဆင့်
မင်းလှမင်းထင်ရာဇာ

ပြုလုပ်သည့်ဝတ္ထုအဆောက်အဦ ... ယော အတွင်းဝန် ခေါ်
နောက် ရွှေပြည်ဝန်ကြီး
အကြောင်း အတ္ထုပ္ပတ္တိ စာ
တန်းကိုရေးသားထားသည်။

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် မကွေးမြို့စား ဝန်ကြီးမင်း (မင်းသတိုးမင်းကြီး မင်းလှ မဟာမင်းခေါင် သီဟသူ) ဘွဲ့အမည်ရှိသော အမတ်ကြီးသည်၊ သုနာပရန္တ တမွဒီပ တိုင်းမချက်ချာ ဧရာဝတီ နဒီမြစ်ထိပ် ဆိပ်ကြီးကမ်းကြီး ဖြစ်၍ အနီးအဝေး မြို့ ကျေးခရိုင် နိုင်ငံတော် အရပ်ရပ်တို့မှ ယှက်စပ်ဥဒဟို လူဗိုလ်ဝန်းလျား အမျိုးလေးပါး တို့ဖြင့် ပြွမ်းလျက် ကမ်းစည်းတစ်ကြော သင်္ဘောတုံးစပ် ကူးရွှပ်သမ္မန် စသည်တို့ဖြင့် အသံမစဲ ရုတ်ရုတ်သဲသဲ အမြဲဆိုက်ကပ် ကူးကား ရောင်းဝယ် ပျော်ပါး နေထိုင်ရာ ဖြစ်သော မြင်းခြံရွာကြီး အထက် တလုပ်မြို့ အဝင်အပါ ရွာပုလဲရွာဝယ် အမရပူရ ဒုတိယမြို့တည် နန်းတည် ဖြစ်တော်မူသော ဓောင်းကလောကန်ဦး လောကမဏ္ဍိစူဋ္ဌာစေတီတော် ဒါယကာ ရွှေဘိုမင်းတရားကြီး ရှစ်ထီးလျှံလူ ရိပ်ဖြူတော်အောက် မရောက်မတိုင်မီ သာယာဝတီမင်း အဖြစ်ကစ၍ ကိုယ်ပွားရဲဘော် ကျွန်တော်ရင်းအဖြစ်နှင့် ယုံကျူံစလောက် မြောက်မြားပွားလူး ဂုဏ်ထူး ဝိသေသ ရှိသော ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးမင်း (သတိုးမင်းလှ ကျော်ထင်) ဝန်ကြီးကတော် မယ်ငြိမ်းတို့တွင် ပုဗ္ဗေကတ ပုည မင်္ဂလာ ပါရမီကံ စီမံထောက်ပံ့, မွေးမြူရအံ့ ရှေးကျိုးငံ့သဖြင့် ဝတြာဘူဖျား ငါးပါးဝရဖိန် လက်ချိန်အပြိုင် အခိုင်ရိုးရွက် ပြိုးပြက်သိဒ္ဓိ ပြီးခေါင်ထိသော လက်နက်ရိန္ဒမာ စကြာဆင်ဖြူများသခင် ဖြစ်တော်မူသော (သီရိတြိဘဝနာ ဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာမွေရာဇာဓိရာဇာ)

ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိစာတန်းကို အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံမှ ကျောက်စာများကို ပုံရိုက်ကူးယူပုံနှိပ် လုပ်ဆောင်ခဲ့ စာအုပ်ကြီးမှ ထုတ်နုတ် ဖော်ပြလိုက်ပါသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တံဆိပ်နာမံတော် ရှိသော မဟာဝိဇယရံသီ စေတီတော် ဒါယကာ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဖြစ်တော်မူသော ဘကြီးတော် မင်းတရားလက်ထက်တော် ကောဇာ သက္ကရာဇ် ၁၁၉၁-ခု နှောင်း တန်ခူးလဆန်း ၁၀-ရက် ညဥ့် ၃-ချက်တီးကျော် ၆-နေ့အဝင် ကန်တွင်လင်္ကာနှင့် သောကြာ၊ မိန်မှာ တနင်္ဂနွေ၊ ကရကဋ်တွင် တနင်္လာ စနေ၊ ကန်၌ ရာဟု၊ ဓနုမှာ အင်္ဂါ ကြာသပတေး၊ စဉ်နက္ခတ် ခုနစ်လုံး တစ်ပါဒ် ငါးဗိဇနာတွင် ဖွားမြင်၍-

မောင်လှိုင်ဟူသော အမည်ဖြင့် အရည်အချင်း သတင်း ထင်ရှား သိကြားလိမ္မာသော အရွယ်သို့ ရောက်လျှင် တလုပ်မြို့နယ် ကျပို့ရွာလျှင် ဖွားရာဇာတိရှိသော မဟာထေရ်မြတ်အထံ အပ်နှံပညာ လက်ဦးသင်ကြား မိဘတို့ဝတ္တရား မချုတ်မမှား မြတ်စွာဘုရား သာသနာတော်တွင်းသို့ ရှင်သာမဏေအဖြစ်ရောက် ချီးမြှောက်ထမ်းဆောင်ရှိသည့် အတွင်း သက္ကရာဇ် ၁၂၀၆-ခု၊ နယုန်လဆန်း ၇-ရက်၊ ၅-တေးနေ့ ဘဝရှင်မင်းတရားကြီးဘုရား မင်းတဲဒေဝန်းရပ် စံနန်းတော်သို့ ထွက်စံတော်မူကြွိုက်အခါ အဘ ယင်းတောဝန်ကြီးသည် ကမ္မက္ခယ အနိစ္စသဘော ရွေ့လျော ပျက်စီးချိန် ရောက်လတ်ရကား အရှင်မျက်ကွယ် ကျေးဇူးတော်ရပ် သက်ပိုင်ဆပ်၍ ရုပ်ကလာပ်ဟောင်း လဲပြောင်း ကွယ်လွန်ပြီးနောက် သက္ကရာဇ် ၁၂၀၇-ခု၊ တော်သလင်းလ၊ အမရပူရမြို့သို့ ဝင်တော်မူ၍ သက္ကရာဇ် ၁၂၀၈-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်နေ့ ညဥ့် ၂-ချက်တီးကျော် တစ်မောင်းအချိန် မဟာဓမ္မရာဇ် စိုးလစ်နတ်ရွာ ရှိသောခါလျှင် သားတော်အကြီး အမရပူရ စတုတ္ထနန်းစံဖြစ်တော်မူသော (သီရိသုဓမ္မ တိလောကပဝရ မဟာဓမ္မရာဇာဓိရာဇာ) တံဆိပ် နာမံတော်ရှိသော မဟာလောကရံသီ စေတီတော်ဒါယကာ ပုဂံမင်းတရား ဆက်ပွားမွေခံ ရိုက်ရာစံ၍ နိုင်ငံအလုံး သိမ်းကျုံး စိုးယူတော်မူသောကာလ အမိယင်းတောဝန်ကြီးကတော်က သာမဏေအဖြစ်မှ လူဝတ်လဲစေပြီးလျှင်-

မိမိပိုင် ရွှေငွေပစ္စည်းများနှင့်တကွ သားမောင်လှိုင်ကို ညီတော်မင်းတုန်းမင်း (သီရိမဟာသီဟသူရ ဓမ္မရာဇာ) ထံ ရွှေစက်တော်ရင်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အပ်နှင်း ဆက်သရာ မြောက်ဆောင်တော်ဘုရားအား အပ်နှံတော်မူသဖြင့် သားတော်ရင်းစစ် ရင်နှစ်မပြား အရှင် ၂-ပါး မွေးစားပြုစုတော်မူခြင်းကို ခံရပြီးမှ သာသနာတော် မွေနှစ် ရှင်ချစ် ၂-ပါး ခံစားတော်မူရန် သာမဏေရ ပဗ္ဗဇ္ဇာဖြင့် မြောက်ဆောင်တော်ဘုရား ထပ်မံ ချီးမြှင့်တော်မူပြီး၍ ကျောက်ထီးနှုန်းနန်း သျှောင်ပန်းဦးရစ် ဆရာရင်းစစ် ဖြစ်တော်မူသော (ကပိန္နာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဓိရာဇဂုရု) တံဆိပ်တော်ရ ပင်းဆရာတော်ထံ၌ ထုံးစံရမိ အပြည့်ကျိအောင် ပတိ စယ အာသေဝန စွမ်းအား သင်ကြားနာခဲ့သဖြင့်။ - ဤသို့ချည်းလျှင် ပင်လယ်သမုဒ္ဒရာအစုပ်နှင့် ပုံထုတ်နှိုင်းထမ်း သဒ္ဒါကျမ်းတို့၌ တစ်ဘက်ကမ်းကူး လင်းယဉ်မှူး ဖြစ်တော်မူသော (မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရား၏ အထံ၌ သဒ္ဒါဗျာကရိဏ်း ဆစ်ပိုင်းခဲရပ် ပုဒ်စပ်ပုဒ်ယှဉ် နည်းအစဉ်တို့၌ ဝင္ဆွန အဝါးဝအောင် ကျနစွာ သင်ခဲ့ခြင်း-

ပါဝစန ဘုရာ့နှုတ်နက် စက်ဓမ္မရတ် မုက္ခပါဠ်ကို ထုတ်ခတ်ကမ်းကူး ပန်းသို့ဆွတ်ခူး ဂုဏ်ထူးဝုဖို ဗုဒ္ဓိဗျဥ္ဇန ချက်မှန်ကျလျက် တိပိဋက စွယ်လှခြောက်လျှံ တောက်ပျံညီးညီး အမုန်တီးတီး ပေါက်သားကြီးတို့ ထီးခရိုင်တူ ဖြစ်တော်မူသော (ပညာဇောတာ ဘိဝံသ သီရိပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု) တံဆိပ်တော်ရ ဗားကရာသာသနာပိုင် ဆရာတော်ဘုရားကြီး အထံ၌ လည်း ဓမ္မူပဒေသ ဂရူပဒေသ နယူပဒေသ နေကျကုံလုံ ဥဿုံ တျင်းတျင်း မဟင်းမလစ် စက်မှန်ပစ်သကဲ့သို့ အားသစ်ကြိုးစား သင်ကြားနာခံခဲ့ခြင်း။ ဤသို့လျှင်တည့် မာတင်မုန်သောက် ပေါက်အာဇာနည် မဟာထေရ်ကြီးတို့၏ အထံ၌ နည်းခံနာယူ သမ္မူပစိတ ဥဿာဟအထူးပွားလူးပညာ အာစရိယမုဋ္ဌိ လက်ဆုပ်မိအောင် ဆည်းပူး သင်ကြားသည့်အတွင်း သက္ကရာဇ် ၁၂၁၄-ခု၊ ပြာသိုလဆန်း ၈-ရက်၊ ၆-နေ့သို့ ရောက်လျှင် မင်းတုန်းမင်း (သီရိမဟာသီဟသူရဓမ္မရာဇာ) ညီတော် ကနောင်မင်းသား (သီရိသုမဟာဓမ္မရာဇာ) တို့သည် ရွှေထီး ရွှေနန်း ကြွနန်းရိပ်ငြိမ် မြောက်အိမ်ဥပရာဇ် မွေနှစ်ရာရိုက် သိမ်းမြန်းထိုက်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပါရမီတော် နှိုးဆော်ချိန်သင့် ပွင့်လတ်ရကား နောင်တော် ပုဂံမင်းတရား ကြီးဘုရားသည် မတရားသော အမှုးအမတ်တို့ စကားကို ယုံမှားတော်မူသဖြင့် စကြာလေးလီ နောင်ညီနှစ်ပါး ဖဝါးကြာမုံ ဖွင့်လတ်တုံ့၍ ရွှေဘုံအောင်မြေ နင်းတော်မူသည့်ကာလ ရှင်သာမဏေအဖြစ်မှ လူဝတ်လဲလှယ်ပြီးလျှင် သေနင်္ဂါခိပ ပုဏ္ဏကကဲ့သို့ နှစ်ပါးအကျိုး အဲခိုးသံယံ လျက် ကိုယ်အသက်ကို ဆဲချည်တစ်မြှင့် ပန်းတစ်ပွင့်အနှိုင်း ပုံခိုင်းစာနာ အရေးအရာကို လျှောက်ထား၍ မဟေသက်ဖျား သိကြား ယုံကျုံ ဝိသကြံ့ နတ်စစ်မှူးအလား အပါးတော်တွင် မြစွဲခယမ်း ထမ်းရွက်ခြင်း ဖြင့် ပြည်ထဲရေးခွင့်နှင့် စပ်သည့် အကြောင်းအရာများကို အတိုင်ပင်တော် ခံရသည်။

ယင်းသောအခါ လမ်းစဉ်တစ်လျှောက် နှောက်ယှက်ဖီဆန်ရန်ဆူး ရန်ငုတ် ရန်ခလုတ်တို့ကို ပယ်နုတ်ချက်တုံ ဘုန်းတော်ခြံခဲ့၍ ရတနာ သိဃ်မြို့ တအုံရွာရှေ့ ညောင်ပင်ကြီးစခန်းသို့ တပ်တော်ဆိုက်ရပ်သည်တွင် ရေးရာအခင်း စိုင်းပြင်းတော်မူသောအခါ မြတ်သော မင်းဧကရာဇ် အဖြစ်ဖြင့် ရွှေထီး ရွှေနန်း သိမ်းမြန်း စိုးစံတော်မူရန် အရေးစကားကို အသက် ၂၃-နှစ်ရွယ် လူငယ်အဖြစ်နှင့်ပင် တင်လျှောက်သော စကားတိုင်း နာယူတော်မူပြီးလျှင် မင်းတုန်းဘုရား သိကြားတစ်နှုန်း ဘုန်းနှင့် လက်ရုံး ကြံးတော်မူ၍ မြန်မာ့ဦးစွန်း ကြင့်နန်းဆောက်ရာ ရတနာသိဃ် ရွှေဘိုမြို့ကြီးကို ၎င်းလဆန်း ၁၂-ရက်နေ့၊ ဘုန်းမီးလွတ်သတ် ရည်မှတ် သွေးချိ အလိုတော်မြတ် ပြည့်မြောက်လတ်သဖြင့် သက္ကရာဇ် ၁၂၁၄-ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့၊ ရိပ်ခိုကသစ် သူရာယစ်ကို ဒေဝရာဇ်ဖျား ဘုန်းမြင့်ဝါးသကဲ့သို ဟန့်တားဖီဆန် ရှိတိုင်း ရန်တို့ကို တွန်းလှန် ဥသုံ ကြွင်းမဲ့ကုန်သော် ရွှေဘုံဥက္ကဋ္ဌ အမရပြည်လုံး လက်နက်ကျုံး၍ မင်းဆုံးဓမ္မရာဇ် ဖြစ်တော်မူလျှင် ယခင် အရေးအရာတွင် လျှောက်တင်ခဲ့ဖူးသည့်အတိုင်း ကုန်တွင်ပြီးပြေသော အရည်အသွားကို မျှော်ခေါ်အားရခြင်း ရင်နှစ်မပြား မွေးစားတော်မူခဲ့ခြင်းကို အကြောင်းပြု၍ အောင်မြေဌာန ရတနာသိဃ်မြို့မှာ ခေတ္တ စံနေတော်မူစဉ် (မင်းလှစည်သူ) ဘွဲ့နှင့် ယောမြို့ကို အောင်ဆုထပ်ပွား အစားသနားတော်မူ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သည်ကို ခံရပြီးနောက် သားတော် ညီတော် ဆွေတော်နှင်းနှုန်း ရွှေဘုန်းတော်မှောက် အိမ်တော်ဆောက်၍ ချီးမြှောက်ရာထား ခစားထမ်းရွက်ရသည့်အတိုင်း ယောမြို့စား မင်းသားဟူ၍ ထင်ပေါ်ကျော်စောလေသည်။ နောက် မြင်းတင်အခွန်များကို ထပ်မံအစား သနားတော်မူပြန်၍ ကုလားဝန်အရာ ခန့်အပ်တော်မူသည့်အတွင်း အဂ္ဂမဟာသေနာပတိ မကွေးမြို့စား ဝန်ကြီးမင်း၏ သမီးငယ် ခင်ဖြူနှင့် မှူးရိုးမတ်ရိုး အမျိုးမပြား ထိမ်းမြား လက်ထပ်တော်မူသည်။

သက္ကရာဇ် ၁၂၂၀-ပြည့်နှစ်အတွင်း အသက် ၂၉-နှစ် ရောက်သော အခါ အရည်အချင်း သတင်းကျေးဇူး ထူးသည့်အလျောက် ချီးမြှောက်မစခြင်း၌ ယမရာဇ်မင်းကဲ့သို့ စိစွေးမျော်ရှု ပြုစုချီးမြှင့်တော်မူတတ်သော ရာဇဂုဏ်အတိုင်း တတိယအကြိမ် (မင်းကြီးမင်းလှမဟာစည်သူ) ဘွဲ့နှင့် အတွင်းမဟာသေနာပတိ ဧော်ဘွားကြီးနောက် နေရာတော်နေ အတွင်းဝန်ခန့်တော်မူ၍ ပေါရာဏိက မဆွရှည်ဝေး ရှေးမင်းအဆက်ဆက်တို့ ကြံဖြစ်ခဲသော တိပိဋကသေလက္ခရ ကျောက်စာများကို ပုဒ်, ပါဠ်, အက္ခရာ မချွတ်မယွင်းစေရအောင် ကျောက်ထက်အက္ခရာရေးထု ကူးတင်ခြင်း အလုပ်အဆောင်ကို ကြီးမှူးကြပ်မ ထမ်းရွက်ရသည်။

နောက် သက္ကရာဇ် ၁၂၂၅-ခုနှစ်မှာ မင်းလျာအစစ် ဥပရာဇ်ဘုန်းပေ့ အိမ်ရှေ့မင်းဘုရား၏ အမိန့်တော်အမြတ်အရာ မဇ္ဈိမဒေသ ဝင်္ကိုင်းမှ ရွှေဘုန်းတော်မြတ်ကြောင့် ထွန်းပေါ်ဆက်သသည့် ဘာသျှကာသဆရာ စိရင်သော သက္ကဋ္ဌဘာသာ လီလာဝတီ ဂဏန်းကျမ်းကို **မြန်မာဘာသာနိဿယ** ပြန်ဆိုရေးသား ဆက်သရသည်။

သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် ထမ်းရွက်ရသည့် ရေးခွင့်ကိစ္စများတွင် အလိုတော်မြတ်နှင့် မညီညွတ်သဖြင့် နတ်မင်းဝေဿဝဏ် ရာဇမာန်ကဲ့သို့ စိတ်သန်ဂုန်ထက် အမျက်တော်ရှိလတ်ရကား ခန့်တော်မူရင်း အတွင်းဝန်ရာထူးမှ **နတ်ပယ်ရုပ်သိမ်း**[2] နေထိုင်ရသည့်နောက် သက္ကရာဇ် ၁၂၂၈-ခုနှစ်တိုင်ရောက်မှ ယောမြို့စား (မင်းကြီးမင်းလှမဟာစည်သူ) ဘွဲ့နှင့် ဆောင်ကြီး ရွက်ကြီး အစီးအနင်း နေရာတော်များမှာ အထက်သူကောင်းပြုတော်မူရင်းအတိုင်း ချီးမြှောက်တော်မူပြီးလျှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နိုင်ငံတော်အတွင်းရှိ ဈေးပွဲ ကင်း ကူးတို့ အကောက်ခွန်တော်များနှင့် စက်ရုံတော် အရပ်ရပ်များကို ဆိုင်ရာ အပ်နှင်းတော်မူသဖြင့် ကြည့်ရှု ဆင့်ဆိုထမ်းရွက်ရသည့်အတွင်း ဤခါအကြိုက် အမြိုက်နိဗ္ဗု လက် ဆောင်ဟူ၍ ရှေးရှုရိုးရင်း နှလုံးသွင်းလျက် မန္တလေးမြို့တော် မြောက် ပြင် သူရဲတပ်ရွာအရှေ့ မြတ်မွေ့သာယာသော မြေအဖို့တွင် အလျင်မဆွ ကွင်ကာရာမ အုတ်ကျောင်းစ၍ တည်လုပ်ပြီးလျှင် ပိဋကတ်သုံးပုံ ပါဠိ တော် အဋ္ဌကထာ ဋီကာ **ဂန္ထ**ရများကို လက်ခက်ကျွေး ပေးငှားရေး သားစပြုသည့်အတွင်း သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင် ယခင် နတ်ပယ်ထား တော်မူသော အတွင်းဝန်အရာကို ထပ်မံ ခန့်အပ်တော်မူသည့်ပြင် ကျိုဝန် အရာ ဌာနန္တရ တွဲဖက်အပ်နှင်း အတွင်းဝန် ကျိုဝန် ယောမြို့စား (မင်း ကြီးမင်းလှမဟာစည်သူ)ဟူသော ဘွဲ့အမည်ဖြင့် အမှုတော်ကို ထမ်း ရွက်စဉ် ကြိုက်အခါ ဓာတ်ရိုက်မေးမြန်း ကြေးနန်းစကား ပြောကြား သည့် အခြင်းအရာ ဘာသန္တရတစ်ပါးပင် ဆိုတန်ဆိုထိုက်သော **လိဝိဒိ ဝိကာ** ကျမ်းကို ရေးသားဆက်သွင်းသည့်နောက် ဗွေကြန်လက္ခဏာအင်္ဂါ ပိုင်းခြား မြင်းမျိုးအပြားကို ပြဆိုရာဖြစ်သော **အဿဘေဒ** ကျမ်းကို အမိန့်တော်မြတ်နှင့် ရေးသား ဆက်သွင်းပြီးလျှင် ပင်လယ်ကမ်းနုတ် သမုဒ်တစ်ပဲနက်နဲ့ ဆန်းကြယ်သော အဋ္ဌကထာ ဋီကာနှင့် တကွသော ပိဋကတ်သုံးပုံ၌ ရှိသော သဒ္ဒါရေးအရာ ကောင်းမွန်စွာ အကုန်အစင် သိလွယ်စေခြင်းငှာ သက္ကဋဘာသာ, မဂဓဘာသာ သဒ္ဒါကျမ်းအမျိုးမျိုး တို့မှ စကားချင်းထပ်သည်ကို ပယ်နုတ်ပြီးလျှင် သွတ်သွင်းသင့်သည့် ထေရဝါဒတို့ကို သွတ်သွင်း၍ အရှင်ဗုဒ္ဓဃောသသည် သင်္ဂီဟအဋ္ဌကထာ ကို ရေးသားစီရင်တော်မူသကဲ့သို့ **သဒ္ဒသင်္ဂဟ** မည်သော ကျမ်းကို မဆွ ရွေးဖျား ရေးသားစပြုသည်။

သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင် အမိန့်တော်မြတ်နှင့် သုနာပရန္တ တိုင်း **စလင်း** မြို့သို့ စေလွှတ်တော်မူရာ မြင်းခြံရှာကြီးသို့ ရောက်လျှင် အနိဋ္ဌလေးပါး တရားလောကဓံ ဆက်ဆံရခြင်း မကင်းနိုင်သော သဘော ဖြစ်ရကား မင်းတို့ မျက်စောင်း အကြောင်းမရွေး ဟူသည်နှင့် မသွေ ရွှေနှလုံးတော် အခန့်မသင့်သည်နှင့် **အရာမှနုတ်သိမ်း**၂ တော်မူသည်ကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခံရပြန်၍ မန္တလေးမြို့ထောင်တွင် အကျဉ်း ၆-လ နေရဆဲအခါ၌ ပုဂံ နရသီဟပတ္တေမင်းလက်ထက် ရာဇသင်္ကြံအမတ်ကြီးကို ဒလမြို့သို့ ပို့ရာ သံဝေဂရဘိသည်နှင့် တစ်ပြေးညီစွာ သံဝေဂ နောင်တ ရလတ်ရကား တေဘူမကဝဋ်မှ လွတ်ခြင်းကိစ္စ ရသအထူးကို ပြရာပြကြောင်း ဖြစ်သော **ဝိမုတ္တိရသ** ကျမ်းကို ရေးသားသည့်နောက် သက္ကရာဇ် ၁၂၃၄-ခုနှစ်တွင် အဂ္ဂမဟာ သေနာပတိ ပခန်းကြီးမြို့စားဝန်ကြီးမင်း (မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူ) တောင်းပန်ချက်ဖြင့် **မဟာသမထ ဝိနိစ္ဆယ** ကို နှေချင်းပြီး ရေးသားသည်။ သက္ကရာဇ် ၁၂၃၅-ခုနှစ်သို့ ရောက်လျှင် အမျက်တော်ရှိပြန်ရကား **အကျယ်ချုပ်**[၃] နှင့် အမရပူရ မြို့သို့ ပို့ထားတော်မူသည့်အတွင်း ရေးရင်းလက်စ **သဒ္ဒသင်္ဂဟ** ကျမ်းကို ဆက်လက်၍ စီရင်ရေးသားသည်။

သက္ကရာဇ် ၁၂၃၆-ခုနှစ်တွင် ပညာဂုဏ်ထူး ကျေးဇူးရဲဘော် ထောက်မြော်တော်မူရကား မိဘတို့သည် သားကောင်း ရတနာအား ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ဘိသည့်ပမာ ပြစ်ဆာမထား သနား ကရုဏာ သဒ္ဓါယုံကြည်ရင်းမပျက် ဆက်လက်ပြီးလျှင် မန္တလေးမြို့သို့ ခေါ်တော်မူ၍ (မင်းကြီးမင်းလှမဟာစည်သူ) ဘွဲ့အမည်ရင်းနှင့်တကွ ဝက်မစွတ်မြို့ကို အစား သနားတော်မြတ်ခံစေ၍ အမှုတော်ကို ထမ်းရွက် ရသည့်နောက် အထက်ပေးအပ်တော်မူရင်း လက်ကိုင် ဆိုင်ရာများနှင့် တကွ မြို့တော်အရှေ့ပြင် မဟာအတုလဝေယန်ကျောင်းတော်ကြီး မပြီး မပြေ ရှိသည်ကို ကြီးမှူးကြပ်မ လုပ်ဆောင်ရသည့်အတွင်း ရွှေပြည်ဝန် ခန့်တော်မူသည့်အပြင် အတွင်းဝန်အရာနှင့်တကွ ထပ်မံခန့်အပ် နေရာ လွတ် နေရာတော်နေ သနားတော်မူသည် ဖြစ်၍ အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား ဟူသော အမည်ဖြင့် ထင်ရှားကျော်စောသည့် အတွင်း သမီးတော်စုဘုရား စလင်းမြို့စား သုသီရိမြတ်စွာရတနာဒေဝီ၏ တောင်းပန်ချက်ဖြင့် **ကာယာနုပဿနာ** ကျမ်းကို ရေးသား ဆက်သွင်း ရသည်။

နောက်သက္ကရာဇ် ၁၂၃၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄-ရက်နေ့ တောင်နန်းတော် ညီလာခံတွင် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မင်းတရားကြီး၏ သတပတ်ရွှေကြာပန်းနှင့် နှုန်းနှုန်းမြွက်အိန့် သောင်းလုံးထိန့်သော အမိန့်တော်မြတ်ကို ဦးထိပ်အပြင် ဆင်ရွှက်ရသည့်အတိုင်း **၀ိပဿနာဉာဏ်ဆယ်ပါး**ကို အကျယ်, အလတ်, အကျဉ်းအားဖြင့် ရေးသား ဆက်သရသည်။

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်တွင် မဟာအတုလဝေယန် ကျောင်းတော်ကြီး လုပ်ဆောင်ပြီးပြေရာ ဘဝရှင်မင်းတရားကြီးသည် မင်းမိဖုရားသားတော် သမီးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် ဝန်စုဗိုလ်စု အမှုထမ်း ကျွန်တော်မျိုးတို့နှင့် ထွက်တော်မူကြီး ထွက်တော်မူ၍ ကျောင်းလွတ် ပူဇော်တော်မူရာတွင် အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား (မင်းကြီးမင်းလှမဟာစည်သူ) ကို (သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ) ဘွဲ့အမည်နှင့် အဂ္ဂမဟာသေနာပတိဝန်ကြီးတို့ အစီးအနင်း အဆောင်အရွက် သနားတော်မူသည်ကို ခံရသည်။ နောက်ထိုနှစ် သီတင်းကျွတ်လဆန်း ၆–ရက် အင်္ဂါနေ့၊ နေ့ ၂–ချက်တီးကျော် ၆–မောင်း အချိန်တွင် ခြားသီးသမုဒ္ဒရာ ဒီပါပါကို စကြာလှည့်ပတ် ဗိုလ်ပေါင်းညွှတ်သော စက္ကဝတ်မင်းဖျား မင်းတရားသည် သားကြီးရတနာအား စကြာရောက်ရာ တစ်ဆယ့်နှစ်ပါးသော တရားကို ကြားတော်မူလျက် လေးကျွန်းခရိုင် နိုင်ငံခပင်း ဗိုလ်လုံးရင်းတို့ကို ဆောက်နှင်းတော်မူ၍ မရှုရာဖစ်စံ ဘုံပျံဥကင် နတ်နန်းဝင်တော်မူသကဲ့သို့ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးကို လက်မွန်အစ တည်ထောင်ဖန်ဆင်းတော်မူသော (သီရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိ မဟာမဓုရာဇာဓိရာဇာ) တံဆိပ်နာမံ ခံတော်မူသော မဟာလောကမာရဇိန်စေတီတော် ဒါယကာ ပဉ္စမသင်္ဂါယနာတင် အရှင် ဘဝရှင်မင်းတရားကြီးဘုရားသည် မရေတွက်သာ များလှစွာသော စေတီ ပုထိုး ဘုရားကျောင်းကန် စသော ကုသိုလ်ကောင်းမှုတော်တို့ကို ပြုစု ကိုးကွယ်တော်မူခြင်း, ပဉ္စမသင်္ဂါယနာ မင်္ဂလာသဘင် ယင်တော်မူခြင်း, မြတ်စွာဘုရား နှုတ်နက်တော်မြတ် ဖြစ်သော ပိဋကတ်သုံးပုံ ပါဠိတော်များကို ရွှေရေး, မင်ရေး, ပေရေး သုံးပါးတို့ဖြင့် မရေတွက်နိုင်ပည်းလိုင်မြောက်မြား ကာလရှည်လျား ရေးသားပြုစုတော် မူသော်လည်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရောင့်ရဲတော် မမူနိုင်ရကား သေလာရင္ဆ သေလက္ခရာ ကျောက်စာ ကျောက်ဂူ စိုက်ထူတည်ထားတော်မူခဲ့ခြင်း, မင်းနှင်နှင်တို့ ရွှက်ဆောင်နိုင်ခဲသော သာသနာတော်မြတ်၏ အကျိုး, ကိုယ်တော်မြတ်၏ အကျိုးများနှင့် သဟဿဓနတ် ဒေဝရာဇ်၏ နတ်စစ်သည်တော်တို့ပင် ငြင်ငြင်ငြိုငြို့ နှင်ဖြိုဖျက်ဆီးခြင်းငှာ မတတ်ကောင်းသော ကျုံး မြောင်း ပစ္စင်ရင်တား စသော ရဇ္ဇင် ခုနစ်ဖြာ မြို့အင်္ဂါတို့နှင့် ပြည့်စုံစွာသော မန္တလေးစက်ရိပ် ဂိရိဇ္ဈ ရာဇဂြိုဟ်ပြည်ကြီးပမာ ရတနာပုံ ရွှေပြည်တော်ကြီးကို တည်ထောင်တော်မူခဲ့ခြင်း စသော သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, ပြည်သူ သတ္တဝါတို့၏ အကျိုးများကို ပြုစုတည်ထောင်တော်မူခဲ့ပြီးလျှင် မန္တာတ်စကြာမင်းကဲ့သို့ အသရေကို ဆောင်တော်မူသဖြင့် ၂၆-နှစ်ပတ်လုံး ရွှေနန်းစည်းစိမ်တော်၌ စံပယ်တော်မူပြီး၍ ဘုံသီးခြောက်ဆစ် ကသစ်ဝေယန် ဗိမာန်ကြွနန်း နတ်နန်းစိုးစံတော်မူရကား။ နေကျောက်ကမ္ဘလာ ကြာနှင့် နှုန်းနှုန်း ညှိုးမြန်းဆာပူ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား သားတော် သီပေါမင်းတရားကြီးသည် အာဏာတောက်ထွန်း ဘုန်းရေဖျန်းတော်မူ၍ ရွှေတောင်ရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်။

ဤသို့ ရွှေနန်းရွှေတောင် မုနောဆောင်သော ကုန်းဘောင်ဝံသ ဇကာဒသမ အာဒိစ္စဗန် နွယ်လာမှန်သော မန္တလေး ရတနာပုံ ဒုတိယနန်းစံဖြစ်တော်မူသော (သီရိပဝရဝိဇယာနန္တယသ တိလောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ) တံဆိပ်နာမံ ခံတော်မူသော မာရ်အောင် ရတနာစေတီတော် ဒါယကာ မင်းတရားကြီး လက်ထက်တော်သို့ ရောက်လျှင်လည်း အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား (သတိုးမင်းကြီးမင်းလှမဟာမင်းခေါင် သီဟသူ)ကို ဌာနန္တရ ထပ်ဆင့် ချီးမြှင့်တော်မူ၍ နဝရတ်ကိုးကွင်းတွင် တိုင်းခွင်ပြည်ရေး စိစွဲးမြော်ရွတတ်သော ဩရောသဓိုင်း ကြံတိုင်းဝဲချီး ပြည်ကြီးမှန်ကင်း ဝန်ကြီးမင်းအရာကို ခန့်အပ်တော်မူသဖြင့် မကွေးမြို့ကို အစား သနားတော်မူသည်။ ထိုအခါ ကန်၏ ကျက်သရေကို ဆောင်တတ်သော သတပတ် ပဒုမာကြာနှင့် တရှိ(ဝိဒေဟရာဇ်) မင်းကြီးတွင် မဟောသဓသုခမိန်, ကောရဗျ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မင်းကြီးတွင် ဝိမ္ဘရသုခမိန် အလောင်းတော်တို့၏ ဥယျာဇန ညွှန်ပြ တိုက်တွန်းခြင်းကဲ့သို့ မင်းတို့ကျင့်ကြံရာ ရာဇဓံမလစ်စေရ ညွှန်ပြလို ခြင်း၌ နှလုံးရိုးရင်း သွင်းလတ်ရကား ထိုနှစ်သက္ကရာဇ်တွင် **ရာဇဓမ္မ သင်္ဂဟ** ကျမ်းကို ရေးသားဆက်သွင်းသည်၊ နောက် အမျက်တော်ရှိ၍ စားကျေးမြို့ရွာ အစုအငန်းများနှင့်တကွ အလုံးစုံ **အရာမှနတ်သိမ်း**[၄] တော်မူပြီးလျှင် တောင်ဉယျာဉ်တော်၌ အကျယ်ချုပ်ထားတော်မူသည်။

နောက်အချုပ်အနှောင်မှ လွတ်၍ သက္ကရာဇ် ၁၂၄၁-ခုနှစ်သို့ ရောက်လျှင် ဗာလိဗေဒင် မျက်မြင်ဝေါဟာရ တွက်ရသည်နှင့် တစ်ပြေး တည်း ညီစေခြင်းငှာ **နဝသိဒ္ဓန္တ** မည်သော လက်ရိုးကျမ်းကို ရေးသား၍ မပြီးမပြေမီ သက္ကရာဇ် ၁၂၄၂-ခုနှစ်တွင် သတ္တဝါ ဗိုလ်လူအပေါင်းတို့၌ ရှည်သင့် ကြည်သင့် သုံးဆောင်သင့်သော ရသ ၆-ပါးနှင့်တကွ သားမျိုး, ငါးမျိုး, သီးမျိုး, ပွင့်မျိုး အကျိုးအပြစ်တို့ကို ပြဆိုရာဖြစ်သော **ဥတု ဘောဇနသင်္ဂဟ** ဆေးကျမ်းကို ဆက်၍ စီရင်ရေးသားသည်။ ယင်းမှ နောက်၌ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား ကင်းဝန် သေနတ်ဝန်ကြီးမင်း (မင်းသတိုးသုဓမ္မမဟာသက်တော်ရှည်) တောင်း ပန် တိုက်တွန်းခြင်းကို အကြောင်းပြု၍ ပဒ ဝါကျ ဒေါသ စသည် အတည်တည်တို့ကို ပြရာ အရှင်သင်္ဃရက္ခိတမထေရ် စီရင်အပ်သော သုဗောဓာလင်္ကာရမည်သော အလင်္ကာကျမ်းကို မြန်မာဘာသာဖြင့် **နီဿယသစ်** စီရင်ရေးသားသည်။

သက္ကရာဇ် ၁၂၄၃-ခုနှစ်မှာ မြန်မာလူမျိုးတို့၏ ဗေဒင်ကျမ်းလာ သုဘာသုဘ အဟောအပြောများကို ကောင်းစွာသိကြား နားလည်စေ ခြင်းငှာ များစွာသော သက္ကဋဘာသာ ဗေဒင်ကျမ်းတို့ကို ညှိနှိုင်း၍ မြန်မာဘာသာဖြင့် **မဟာသုဓာတက** မည်သော ဗေဒင်ကျမ်းကို စီရင် ရေးသားသည်။

ဤအတန်တန် ညွှန်ခဲ့သမှု ဂုဏ်အစုတို့ဖြင့် သုနာပရန် တမွှဒီပ မြန်မာ့နယ်ဝန်း ပျံ့မွှမ်းခြင်း ရှိသော သတင်းကောင်းကို သမုဒ်ခြားရာ ကလကတ္တာ မည်သာအလှိုင်း ဝင်္ကပိုင်းဖြစ်သော အိန္ဒိယနိုင်ငံ, ပရန်သစ် နိုင်ငံ, လန်ဒန်ဘိလပ် ထုတ်ချင်းခတ်အောင် လွှဲပတ်ကျော်စောခြင်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရှိသော အဂ္ဂမဟာသေနာပတိ ဝန့်ရှင်တော် မကွေးမြို့စား ဝန်ကြီးမင်း (မင်းသတိုးမင်းကြီး မင်းလှမဟာမင်းခေါင်သီဟသူ) သည် သက်ပွား သက်ဆစ် ငါးဆယ်လေးနှစ် ရောက်လစ်သောအခါ တေဘူမကဂိုဏ်း ရှိုင်းရှိုင်းတုံ့ပြောထူ ဟိန္ဒူခပဲတို့သည် လေးမည်စစ်အင် စတုရင်ဖြင့် ဆင်သော်လည်းကောင်း, ပဏ္ဏာဆက်နှင်း တံစိုးသွင်း၍ ငြင်းသော်လည်း ကောင်း, မန္တန် ယတြာ ဂါထာမန်းမှုတ် စုတ်သော်လည်းကောင်း, လွတ်ကြောင်း မထင်နိုင်သော ခန္ဓာငါးဝ ဘင်္ဂကြာ ကဠေဝရနိုက္ခေပန သမုတိ မရဏတရားသို့ ကောဇာသက္ကရာဇ် ၁၂၄၅-ခု၊ ဝါခေါင်လပြည့် ကျော် ၈ ရက်နေ့၊ ညဉ့် ၃-ချက်တီးကျော် အချိန်တွင် ကိုယ်ထင်ပစ္စုပ္ပန် ကွယ်လွန် စဝန ဘဝကတ္တား ခြားလေသတည်း။

အဂ္ဂမဟာသေနာပတိ ဝန့်ရှင်တော် မကွေးမြို့စား ဝန်ကြီးမင်း (မင်းသတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ) ကား ရတနာသုံးပါး၌ မရက်မစက် ထက်မြက်သော ကြည်ညိုခြင်း ရှိ၏၊ သဒ္ဓါတရား၏ အစွမ်းဖြင့် လွှဲလွှဲရမ်းရမ်း ပေးကမ်းပြုစုတတ်၏၊ ပညာကိုလည်း သူမတူတန် ကဲလွန်စွာ အားထုတ်လေ့ ရှိသော ဆန္ဒ ဝီရိယရှိ၏၊ အခါခပ်သိမ်း ကြည့်ရှု မှတ်နာ လေ့လာခြင်း အားကြီး၏၊ အဋ္ဌကထာ ဋီကာနှင့် တကွသော ဘုရားဟော ပါဠိတော်၌ နက်နဲ စူးရှသော ဉာဏ်ဖြင့် သက်ဝင်ကြည်ရွှန်ိုင်၏၊ ဗျာကရဏ်းကျမ်း, အဘိဓာန်ကျမ်း, နိဃဏ္ဍုကျမ်း, ဝိတက်ဒဏ္ဍီ ဗျုဋ္ဌိပ္ပြိုဟတ် စသော သင်္ကရိုက်ကျမ်း, ဆေးကျမ်းအပေါင်းတို့၌ မငြိမတွယ်သော ဉာဏ်ဖြင့် သက်ဝင်ကျင်လည်ကျက်စားနိုင်၏၊ မိမိ၌ တတ်စွမ်းသိမြင် ထင်လေပြီးသော ပညာမျိုးတို့ကို သူတစ်ပါးတို့အားလည်း အထူး သိမြင်လိုသော ကရုဏာသဒ္ဓောဒိတနှလုံးသွင်းနှင့်တကွ သည်းခံ၍ သင်ကြားပြသ ဆုံးမပြောဆိုလေ့လည်း ရှိ၏။ တိုင်းရေးပြည်မှု စီရင်ခင်း စီရင်ဖွယ် ရှိသည်များကိုလည်း ဖြောင့်ဖြောင့်ရိုးရိုး ကြိုးပမ်း ထမ်းရွက်၏။ မင်းရေးမင်းခွင် အတင်အလျှောက် စကားအပြောအဆိုတို့၌လည်း ကျွမ်းကျင် လိမ္မာ၏။ သာသနာတော်ကျိုး, အရှင်အကျိုး, ပြည်သူသတ္တဝါတို့၏အကျိုး ဆုတ်ယုတ်မည့် အရာဖြစ်လျှင် မဆုတ်မယုတ်စေရန် မိမိစည်းစိမ် အသက်ပျက်စီးရန် မငဲ့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မည္သာ ဘယာဂတိကို မထောက် ဟုတ်မှန်စွာ တင်လျှောက် ပြောဆိုလေ့ရှိ၏၊ အမျိုးအားဖြင့် မှူးရိုးမတ်ရိုး၊ ဘိုးကား အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်ဘုရားမင်းကြီး၏ မင်္ဂလာအိမ်တော်ပါ ရဲဘော်ယုံကျွန် ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူးတည်း။ အဘကား ကုန်းဘောင်ဘုန်းတက် ရွှေနန်းဆက်၍ ရှစ်ချက်ရိပ်ဖြူ ဆောင်းတော်မူသော ရေမြေစိုးမှူး နတ်ရန်ငူးအား ဦးဆံအသက် ဆက်၍ ကိုယ်အမ်း ရဲဘော် ထမ်းသော ယင်းတောဝန်ကြီးမင်း (မင်းသတိုးမင်းလှကျော်ထင်) တည်း။ ဤသို့အားဖြင့် အဘ အဘိုး အရိုးပွားလူး အမှူးအမတ် နှင်နှင်ချည်းတည်း။

နိဗ္ဗာန် လက်ဆောင် တည်ဆောင် ပြုစုသော ကောင်းမှုကား အထက်စာတန်းပါ မန္တလေးမြို့တော် မြောက်ပြင် သူရဲတပ်ရာ အရှေ့တွင် ငွေအသပြာ သုံးသိန်းကျော် ကုန်ကျစေလျက် လှူဒါန်းဆောက်လုပ်သော ဣဋ္ဌကာရာမ အုတ်ကျောင်းကြီးနှင့်တကွ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာ ဋီကာ ဂန္ထရာအင်္ဂါပေါင်း (၁၂၆၂၀) တို့ကို နိဗ္ဗာန်ကံကျွေးချေးရေးသား တည်ထားကိုးကွယ် ပြုစုခြင်းမှ စ၍ လှူသင့်ရာရာများစွာသော ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးပြုစုသည်ကား များစွာလျက်ပင် ဖြစ်သတည်း။

ဖွားမြင်သော သားသမီးတို့ကား

(၁) ရွှေပြည်ဝန် (မင်းလှကျော်ထင်) ဘွဲ့ခံ သားအကြီး မောင်မောင်ဘမာ အသက် ၂၄-နှစ်တွင် သေလွန်သည်။

(၂) မှန်နန်းအပျိုတော် စဉ့်ကိုင်ရွာစား (သုသီရိကဉ္စန) ဘွဲ့ခံ သမီးအငယ် စောဘို့မယ်မှာ ၂၃-နှစ်တွင် သေလွန်သည်။

(၃) မှန်ကင်းအပျိုတော် ယင်းတောရွာစား (သုသီရိပဘာ) ဘွဲ့ခံသမီး စောဥမ္မာမှာ ညောင်ဝန်း ဝန်ထောက်မင်း သား မောင်မောင်ကလေးနှင့် သင့်မြတ်သည်

ဤသည်လျှင် ရွှေပြည်ဝန်ကြီးဟု ထင်ရှားကျော်စောသော မကွေးမြို့စား ဝန်ကြီးမင်း (မင်းသတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘွဲ့ခံ ဦးလှိုင်၏ ဇာတိပဋိသန္ဓေ တည်နေ ဖွားမြင်သည်က စ၍ မရဏာ ပရိယောသာန ဘဝအဆုံးတိုင် အကြောင်းအရာ အတ္ထုပ္ပတ္တိကို ဆိုရာဆို ကြောင်း ဖြစ်သော စာတမ်း အမှတ်အသား အပြီးသတ်တည်း။

———— ■ ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် အရာရှိ
ယောမြို့စား အမတ်ကြီး
ပြုစု စီရင်အပ်သော

ယောမြို့စား အတွင်းဝန်

ဦးဘိုးလှိုင်

ဥတုဘောဇနသင်္ဂဟကျမ်း

ဦးခင်စိုး၊ ဦးစိုးမြင့် အမှူးရှိသော ပါဠိဆရာများ
ကြပ်မတ် ကြည့်ရှုပြင်ဆင်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဥတုဘောဇန သင်္ဃကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပဏာမနှင့် ပဋိညာဉ်

နတ္ထာ ဗုဒ္ဓံ မဟာဝေဇ္ဈံ၊ သရဏံ သဗ္ဗ ပါဏိနံ။
သဒ္ဓမ္မံ တေန သေဗျန္တေ၊ သံဃံ အဒ္ဓာရိယ–မုတ္တမံ။ ။
ဥတ္တာ–ဟာရေန သတ္တာနံ၊ ကလ္လာ ကလ္လံ စ ဇီဝနံ။
တသ္မာ အဟံ ပဝက္ခာမိ၊ ဥတုဘောဇန သင်္ဂဟံ။ ။

သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်တော်မူသော။ မဟာဝေဇ္ဈံ၊ ဆေးသမားမြတ်ကြီး ဖြစ်တော်မူတသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း၊ တေန၊ ထိုမြတ်စွာဘုရားသည်။ သေဗျန္တေ၊ ဂေါစရ၊ ဘာဝနာ အားဖြင့် မှီဝဲအပ်သော။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်သော။ သဒ္ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟူသော ထင်ရှားရှိသော သူတော်ကောင်းတို့၏ တရားဆယ်ပါးကို လည်းကောင်း။ ဥတ္တမံ၊ ကောင်းမှုဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေမြတ် ဖြစ်တော်မူသော။ အဒ္ဓာရိယံ သံဃံ၊ ရှစ်ပါးသော အရိယာ သံဃာတော်အပေါင်းကိုလည်းကောင်း။ နတ္ထာ – နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဥတွာ – ဟာရေနှ၊ ဥတု, အာဟာရဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ ကလ္လာ ကလ္လံစ၊ မာခြင်း, နာခြင်းသည် လည်းကောင်း၊ ဇီဝနံ စ၊ အသက်ရှည်ခြင်းသည် လည်းကောင်း။ ယသ္မာ၊ အကြောင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဥတုဘောဇနသင်္ဂဟံ၊ အထူးထူးသော ဆေးကျမ်းတို့၌ ဆိုအပ်သော ဥတုဘောဇဉ်တို့ကို ပေါင်းစုရာဖြစ်သော ဥတုဘောဇနသင်္ဂဟ မည်သော ကျမ်းကို။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ ဟောပေအံ့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁ – ပထမ ကဏ္ဍ

ဥတု အရပ်ဒေသကို ပြခြင်း

၂။ ဥတု ၆–ပါး

သိသိရော ပုပ္ပသမယော။ ဂိမှော ဝဿာ သရဒ်္ဓိမော။
မာဃာဒိမာသယုဂါ တု။ ဥတဝေါ ဆက္ကမာ ဒိမေ။ ။

[ဆေးကျမ်း ဗေဒင်ကျမ်း အစရှိသော ကျမ်းအစောင်စောင်တို့၌ လာသော ဥတု ခြောက်မျိုးပြ ဂါထာ။]

အနက်ကား။ ။ သိသိရော၊ သိသိရဥတု။ ပုပ္ပသမယော၊ ဝသန္တဥတု။ ဂိမှော၊ ဂိမှဥတု။ ဝဿာ၊ ဝဿာနဥတု။ သရဒေါ၊ သရဒဥတု။ ဟိမော၊ ဟေမန္တဥတု။ ဣတိ၊ ဤသို့။ မာဃာဒိမာသယုဂါတု၊ တပို့တွဲ အစရှိကုန်သော နှစ်လ, နှစ်လ ဖြစ်ကုန်သော။ ဥတမေါ၊ ဥတုတို့သည်။ ကမာ၊ အစဉ်အတိုင်း။ ဣမေ ဆ၊ ဤခြောက်ပါးတို့တည်း။

ဤ၌ အဓိပ္ပာယ်ကား...

၁။ တပို့တွဲ, တပေါင်း နှစ်လသည် သိသိရ၊
၂။ တန်ခူး, ကဆုန် နှစ်လသည် ဝသန္တ၊
၃။ နယုန်, ဝါဆို နှစ်လသည် ဂိမှ၊
၄။ ဝါခေါင်, တော်သလင်း နှစ်လသည် ဝဿာန၊
၅။ သီတင်းကျွတ်, တန်ဆောင်မုန်း နှစ်လသည် သရဒ၊
၆။ နတ်တော်, ပြာသို နှစ်လသည် ဟေမန္တ–
ဟူ၍ ဥတု ခြောက်မျိုး ဖြစ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ဤအရာ၌ စန္ဒြာမာသဖြင့် ယူရမည် ဆိုသောကြောင့် တပို့တွဲ လပြည့်နေ့ စသည် တို့၌ မာဃ နက္ခတ် အစရှိသော မိမိတို့လ၌ ယှဉ်သင့်သော နက္ခတ်တို့နှင့် စန်းယှဉ်ကို စွဲ၍ တပို့တွဲလ အစရှိသော လတို့ကို ယူလေ။ ဝါထပ်သော နှစ်၌လည်း စန်းယှဉ် နက္ခတ်နှင့် လကို ယူပြီးလျှင် ဥတု ခြောက်ပါး ဖွဲ့လေ။]

နက္ခတ္တိကနှစ်, အယနနှစ်

ဘာနု မကရသင်္ကန္တာ၊ ဆမ္မာသာ ဥတ္တရာယနံ။
ကက္ကာဒိတု တထာ သိယာ၊ ဆမ္မာသာ ဒက္ခိဏာယနံ။ ။
ဒွိရာသိနာထာ ဥတဝေါ၊ တတောပိ သိသိရာဒယော။
မေသာဒယော ဒွါဒသေတေ၊ မာသာ တေယေဝ ဝစ္ဆရော။ ။

[သူရိယ သိဒ္ဓန္တကျမ်းလာ ဂါထာ။]

အနက်ကား။ ။ ဘာနု၊ တနင်္ဂနွေဂြိုဟ်၏။ မကရသင်္ကန္တာ၊ မကာရ ရာသီသို့ သင်္ကြန် ပြောင်းသည်ကစ၍။ ဆမ္မာသာ၊ သောရ ခြောက်လတည်းဟူသော ခြောက်ရာသီတို့သည်။ ဥတ္တရာယနံ၊ ဥတ္တရာယာဉ် မည်၏။ တထာ၊ ထိုမှ တစ်ပါး။ ကက္ကာဒိတု၊ ကရကဋ်သို့ သင်္ကြန် ပြောင်းသည်က စ၍။ ဆမ္မာသာ၊ သောရ ခြောက်လတည်း ဟူသော ခြောက်ရာသီတို့သည်။ ဒက္ခိဏာယနံ၊ ဒက္ခိဏာယာဉ် မည်သည်။ သိယာ၊ ဖြစ်၏။

တတောပိ၊ ထိုသို့ သင်္ကြန်ပြောင်းသည်က စ၍လည်း။ သိသိရာဒယော၊ သိသိရ အစရှိကုန်သော။ ဥတဝေါ၊ ဥတုတို့သည်။ ဒွိရာသိနာထာ၊ နှစ်ရာသီစီ အစိုးရကြကုန်၏။ မေသာဒယော၊ အယနမိသ အစရှိကုန်သော။ ဧတေ ဒွါဒသ၊ ဤတစ်ဆယ့်နှစ်ရာသီတို့သည်။ မာသာ၊ သောရမာသတို့တည်း။ တေယေဝ၊ ထိုသောရမာသ တစ်ဆယ့်နှစ်လတို့သည်ပင်လျှင်။ ဝစ္ဆရော၊ တစ်နှစ်မည်၏။

အဓိပ္ပာယ်ကား။ ။ တနင်္ဂနွေဂြိုဟ် နက္ခတ် တစ်ခုခုနှင့် ယှဉ်သည်က စပြီးလျှင် နောက်တစ်ဖန် ပြန်၍ ၎င်းနက္ခတ်နှင့် ယှဉ်သည့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တိုင်အောင်သော ကာလသည် **နက္ခတ္တိကနှစ်** တစ်နှစ် ဖြစ်၏။ တနင်္ဂနွေဂြိုဟ် အန္တေဝဒီထိ အတွင်းစွန်းမှ ဖြစ်စေ, ဗာဟိရဝီထိ အပြင်စွန်းမှ ဖြစ်စေ သွားသည်ကို အစပြု၍ တစ်ဖန် ထိုနေရာသို့ ပြန်၍ရောက်သည်ကို **အယနနှစ်** တစ်နှစ် ခေါ်ရသည်။

ဤနှစ် ၂-မျိုးတို့တွင် နက္ခတ္တိကနှစ်ဖြင့် သတ္တဝါတို့၏ ကောင်းမကောင်း သုဘာသုဘ ဟောရန်ကို မှတ်သား၍ မူလအဟော, ဂေါစာအဟောများကို ဟောရသည်။ အယဉ်နှစ်ပါးကို စွဲ၍ ဖြစ်သော အယနနှစ်ကို စွဲ၍ အပူ, အအေး, မိုးလေအကျ, ဥတု, ရတုတို့ကို မှတ်သားပြီးလျှင် ဆေးဝါးကုသရမည်။

ဤအယနနှစ်တွင်...

၁။ အယနမကာရ, ကုံ နှစ်ရာသီတို့သည် သိသိရ၊
၂။ မိန်, မိဿ နှစ်ရာသီတို့သည် ဝသန္တ၊
၃။ ဗြိဿ, မေထုန် နှစ်ရာသီတို့သည် ဂိမှ၊
၄။ ကရကဋ်, သိဟ် နှစ်ရာသီတို့သည် ဝဿာန၊
၅။ ကန်, တူ နှစ်ရာသီတို့သည် သရဒ၊
၆။ ဗြိစ္ဆာ, ဓနု နှစ်ရာသီတို့သည် ဟေမန္တ-
ဟူ၍ ရတု ခြောက်ပါး ဖြစ်ကုန်၏။

စတုရော စတုရော မာသာ၊ ကတ္တိကာ ကာဠပက္ခတော။
ကမာ ဟေမန္တ ဂိမှာန၊ ဝဿာန ဥတဝေါ ဒွိသု။ ။
ဟေမန္တော သိသိရမုတူ၊ ဆဝါ ဝသန္တော စ ဂိမှဝဿာနာ။
သရဒေါတိ ကမာ မာသာ၊ ဒွေ ဒွေဝုတ္တာ နုသာရေန။ ။
ဥဏှော နိဒါဃော ဂိမှေထ၊ ဝဿာ ဝဿာနပါဝုသာ။
ဥတူဟိ တီဟိ ဝဿာနာ၊ ဒိကေဟိ ဒက္ခိဏာယနံ။
ဥတ္တရာယန မညေဟိ၊ တီဟိ ဝဿာ ယနဒွယံ။ ။
[မာဂဓ အဘိဓာန်ကျမ်းလာ ဂါထာ။]

အနက်ပြန်မာကား။ ။ ကတ္တိကာ ကာဠပက္ခတော။ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့က စ၍။ စတုရော စတုရော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မာသာ၊ လေးလ လေးလ တို့သည်။ ကမာ၊ အစဉ်အတိုင်း။ ဟေမန္တ ဂိမှာန ဝဿာန ဥတဝေါ။ ဆောင်း, နွေ, မိုး ဥတုတို့တည်း။ ဒွိသု၊ ဥတုသဒ္ဒါ ပုလ္လိင်, ဣတ္ထိလိင်တို့၌ ဖြစ်ကုန်၏။

ဝါ၊ တစ်နည်းကား။ ဝုတ္တာနုသာရေန၊ ဆိုခဲ့ပြီးသော တန်ဆောင်းမုန်း လပြည့်ကျော် တစ်ရက်နေ့ကို အစဉ်မှီးသဖြင့်၊ ဒွေ ဒွေ မာသာ၊ နှစ်လ နှစ်လတို့သည်။ ကမာ၊ အစဉ်အတိုင်း၊ ဟေမန္တ၊ ဟေမန္တဥတု လည်းကောင်း။ သိသိရံ၊ သိသိရဥတု လည်းကောင်း။ ဝသန္တော စ၊ ဝသန္တ ဥတု လည်းကောင်း။ ဂိမှ ဝဿာနာ၊ ဂိမှဥတု, ဝဿာနဥတု တို့လည်းကောင်း။ သရဒေါ၊ သရဒဥတု လည်းကောင်း။ ဣတိ၊ ဤသို့။ ဥတု၊ ဥတုတို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။

ဥဏှော၊ ဥဏှသဒ္ဒါသည် လည်းကောင်း။ နိဒါဃော၊ နိဒါဃသဒ္ဒါသည် လည်းကောင်း။ ဂိမှေ၊ ဂိမှဥတု၌၊ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုမှ တစ်ပါး။ ဝဿာ၊ ဝဿာနဥတု။ ဝဿာနုံ၊ ဝဿာနဥတု။ ပါဝုသာ၊ ဝဿာနဥတု။ ဝဿာနာဒိကေဟိ တီဟိ ဥတူဟိ၊ ဝဿာန အစရှိသော ဥတုသုံးခုတို့ဖြင့်။ ဒက္ခိဏာယနံ၊ နေသည် ဒက္ခိဏာယဉ် သွား၏။ အညေဟိ တီဟိ၊ ဝဿာန အစရှိကုန်သော သုံးပါးတို့မှ တစ်ပါးကုန်သော သိသိရ အစရှိကုန်သော ဥတု သုံးခုတို့ဖြင့်။ ဥတ္တရာယနံ၊ နေသည် ဥတ္တရာယဉ် သွား၏။ အယနဒွယံ၊ အယဉ်နှစ်ခု အပေါင်းသည်။ ဝဿော၊ တစ်နှစ်မည်၏။

ဤအယန နှစ်သည် အန္တောဝိထိ အတွင်းစွန်းက ဖြစ်စေ, ဗာဟိရဝိထိ အပြင်စွန်းက ဖြစ်စေ, မဇ္ဈေဝိထိက ဖြစ်စေ မှတ်၍ ထိုနေရာသို့ တစ်ဖန် ပြန်၍ ရောက်လျှင် တစ်နှစ် ဖြစ်သော်လည်း နေရာ တစ်ခုတည်းသို့ ထပ်၍ မရောက်၊ တစ်နှစ် တစ်နှစ်လျှင် ဝိလိတ္တာ ငါးဆယ့် လေးခု အနောက်သို့ နှစ်စဉ်တိုး၍ နေရောက်လာသည်။ ဤကဲ့သို့ နှစ်စဉ် တိုးပြောင်းသွားသည်ကို **အယနသွား** ခေါ်သည်။

ဂြိုဟ်ပြောင်းလ မတူ။ ။ ယခုအခါမှ ပြန်၍ ရေသော် နှစ်ပေါင်း တစ်ထောင်ကျော်ခန့်လောက်က ဤအယန မိဿရာသီ အဦးအစ နှင့် နက္ခတ္တိက မိဿရာသီ အဦးအစ ထပ်မိကြပြီးနောက် တစ်နှစ်လျှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဝိလိတ္တာ ငါးဆယ့်လေးခုခန့် အနောက်သို့ စဉ်းငယ်စီ ရွေ့သွားသော ကြောင့် ယခုအခါ အံသာ နှစ်ဆယ်ခန့်လောက် ရာသီ အဦးအစ နှစ်ခု ကွာဝေးကြသည်ဖြစ်၍ ရှေးအခါက တပို့တွဲလဆန်းကို တနင်္ဂနွေဂြိုဟ် အယနမကာရသို့ ရောက်သည်ကို စွဲ၍ တပို့တွဲ၊ တပေါင်း နှစ်လကို သိသိရဥတုဟု ဆိုသည်၊ ယခုအခါမူကား ပြာသိုလဆန်းလျှင်ပင် အယန မကာရသို့ တနင်္ဂနွေဂြိုဟ် ပြောင်းသောကြောင့် ပြာသို၊ တပို့တွဲနှစ်လ ကို သိသိရဥတု ခေါ်ရလိမ့်မည်၊ ယခု မြန်မာနိုင်ငံတွင် သုံးစွဲကြသည့် ပြက္ခဒိန်၌ တနင်္ဂနွေစီး အံသာတွင် အယနအံသာ နှစ်ဆယ်ရောလျှင် အယနရာသီအံသာ ဖြစ်သည်၊ ဤအယနရာသီအံသာတိုင်း ဥတု ရတု တို့ကို မှတ်သား၍ ယူရမည်။

ဥတုရတု ယူပုံ။ ။ ကမ္ဘာဦး အခါ နေ, လ ပေါ်စက တပေါင်းလ လပြည့်နေ့ နေ, လ နက္ခတ်တို့ တစ်ပြိုင်နက် ပေါ်ထွက် သည်ကို အစွဲပြု၍ တပေါင်းလပြည့်ကျော် တစ်ရက်နေ့ကို တန်ခူး လဆန်းတစ်ရက် နှစ်ဦးနှစ်စ ထားပြီးလျှင် မဇ္ဈိမဒေသ၌ ခေါ်သည်၊ အိန္ဒိယနိုင်ငံ, သီဟိုဠ်ကျွန်း, တရုတ်ပြည်များမှာ မှတ်သားကြသည်၊ ထို့ကြောင့် ယခုထက်တိုင် တရုတ်တို့မှာ တပေါင်းလကို နှစ်သစ်တက် လ လုပ်ပြီးလျှင် ပွဲလမ်းသဘင် ပြုကြသည်။

ဤအတိုင်းကို စွဲ၍ မာဂဓအဘိဓာန်ကျမ်းတွင် တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့က စ၍ လေးလစီ နှစ်လစီ ဥတုရတုတို့ကို ယူရမည် ဆိုသည်၊ လဆန်း တစ်ရက်နေ့ကိုကို လကွယ်နေ့တိုင် ရေတွက် မှတ်သားသော လကို မုချစန္ဒြမာသလ၊ လပြည့်ကျော် တစ်ရက် ကို ရှေ့လပြည့်နေ့တိုင် ရေတွက်သော လကို ဂုဏစန္ဒြမာသလ ဟူ၍ ဗေဒင်ကျမ်း, ဆေးကျမ်းတို့တွင် ဆိုသည်။

[မာဂဓဘာသာ ဥတုဟူသော သဒ္ဒါကို စွဲ၍ ဥတု၊ သက္ကဋ ဘာသာရိတုဟူသော သဒ္ဒါကို စွဲ၍ ရတုဟု မြန်မာတို့က ခေါ် ကြသည်။ အနက်တူ မှတ်လေ။]

လေးလစီ ပိုင်းပြီးလျှင် တစ်နှစ်ကို ဥတု သုံးပါး ထားသည် ကာလ အပူအအေး မတူ ကွဲလွဲသောကြောင့် ဆေးဝါး မပေးနိုင်ဖြစ်၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နှစ်လလျှင် ဥတုတစ်ခု၊ တစ်နှစ်ကို ဥတု ခြောက်ခုထားမှ အပူအအေး တူ၍ ဆေးဝါး ပေးနိုင်သည် ဖြစ်သောကြောင့် ဆေးကျမ်းတို့တွင် ဥတု ခြောက်ပါးကိုသာ စွဲ၍ ဆေးဝါး အစားအသောက်တို့ကို ပေးသည်။

၃။ ဥတုခြောက်ပါး၌ ရှောင်ရန် အကျဉ်း

ဗျာယာမံ ယေန ကုဗ္ဗန္တိ၊ ဝသန္တသိသိရောတုသု။
ဗျာယာမ ဗဟုလာ ဂိမှေ၊ ဝုဋ္ဌိယံ ပလ္လလမ္မုပါ။ ။
ကဋ္ဌမ္မိလုဏ္ဟလဝဏ္ဏာ၊ ဒမိဘောဇိ စ သရဒေ။
ဒိဝါ ဟိမသ္မိံ နိဒ္ဒါလူ၊ အာမယာ ပိဋ္ဌယန္တိ တေ။ ။

အနက်ကား။ ။ ယေ၊ အကြင်သူတို့သည်။ ဝသန္တသိသိရောတူသု၊ ဝသန္တဥတု, သိသိရဥတုတို့၌။ ဗျာယာမံ၊ သွားလာလှုပ်ပတ်ခြင်း, အပင်ပန်းခံခြင်း, မေထုန် မှီဝဲခြင်း အစရှိသော ကိုယ်ပင်ပန်းခြင်းကို။ နကုဗ္ဗန္တိ၊ မပြုကုန်။ ဂိမှေ၊ ဂိမ္ဟ ဥတု၌။ ဗျာယာမ ဗဟုလာ၊ သွားလာခြင်း အစရှိသော အပင်ပန်း ခံခြင်းများကုန်၏။ ဝုဋ္ဌိယံ၊ ဝဿာနာ ဥတု၌။ ပလ္လလမ္မုပါ၊ အိုင်ငယ်ရေ, ကန်ရေတို့ကို သောက်ကုန်၏။

သရဒေ၊ သရဒဥတု၌။ ကဋ္ဌမ္မိလုဏ္ဟလဝဏ္ဏာ၊ အစပ်, အချဉ်, အပူ, အငန်တို့ကို စားကုန်၏။ ဒမိဘောဇိ စ၊ နွားနို့ချဉ်, ကျဲနို့ချဉ်များကိုလည်း စားကုန်၏။ ဟိမသ္မိံ၊ ဟေမန္တဥတု၌။ ဒိဝါ၊ နေ့အခါ။ နိဒ္ဒါလူ၊ အိပ်ခြင်းများ ကုန်၏။ တေ၊ ထိုသူတို့ကို။ အာမယာ၊ အနာတို့သည်။ ပိဋ္ဌယန္တိ၊ နှိပ်စက်ကုန်၏။

[ဥတု ခြောက်ပါး၌ ရှောင်ကြဉ်ရန်ကို ဆိုသော ဘေသဇ္ဇ မဋ္ဌသာကျမ်းလာ ဂါထာပါဠိအနက်။]

သိန္ဓုတ္တ သက္ကရာ သုဏ္ဌိ၊ ကဏာမခုဂုဠေ ကမာ။
ဝဿာနာဒီသုဘယာ ဒေယျာ၊ ရသာယန ဂုဏောသိနာ။ ။

[သာရကောမုဒီ စသော ဆေးကျမ်းတို့၌ လာသော ဂါထာ]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အနက်ကား။ ။ ဝဿာနာဒီသု၊ ဝဿာန အစရှိသော ဥတုခြောက်ပါးတို့၌။ အဘယာ၊ ကြစုသီးကို။ သိန္ဓုတ္တသက္ကရာသုဏ္ဍီ၊ သိန္ဓော၊ သကြားဖြူ, သဘော်ချင်းမှုန့်တို့နှင့် လည်းကောင်း။ ကဏာမဓုဂွေ၊ ပိတ်ချင်းငယ်, ပျားငယ်ရည်, ကြံသကာတို့နှင့်လည်း ကောင်း။ ကမာ၊ အစဉ်အတိုင်း။ ရသာယန ဂုဏ္ဍောသိနာ၊ အိုခြင်း, နာ ခြင်းကင်း၍ အသက်ရှည်ခြင်း အကျိုးကို ရှာလေ့ရှိသောသူသည်။ ဒေယျာ၊ ပေးအပ်၏။

၄။ ဥတုခြောက်ပါး၌ ရှောင်ရန် အကျယ်

ဤဥတု ခြောက်ပါးတို့၌ ကျင့်ရန် ရှောင်ရန် အကျယ်တို့ကို သုသုတ ဆေးကျမ်း, ဘာဝပ္ပကာသ ဆေးကျမ်း, ရာဇနိဃဏ္ဍုဆေး ကျမ်း, ဒဗ္ဗဂုဏာပကာသ ဆေးကျမ်းတို့၌ လာသည့်အတိုင်း ဆိုပေအံ့။

၁။ ဝဿာနဥတု။ ။ ယခုအခါ လောက ဝေါဟာရအားဖြင့် ဝါဆို, ဝါခေါင် နှစ်လသည် ဝဿာနဥတု မည်၏၊ ဤဝဿာနဥတု၌ စိုစွတ်၏၊ ပူတုံအေးတုံ ရှိ၏၊ အိုက်၏၊ ကောင်းကင်၌ မိုးတိမ်မပြတ် ရှိ၏။ အနောက်က လေကျတတ်၏၊ နတ်သမီး ကွမ်းသွေး စသော ပိုး, မှက်, ခြင်, ဖား အစရှိသည်တို့ ပေါများကုန်၏၊ ထိမ်, မအူ, လက်ထုတ်, ဆပ်သွား, မုလေး, ပုန်းညက် စသော ပန်းပွင့်တို့သည် ပွင့်ကုန်၏။ မြစ်ရေတို့သည် ပြည့်လျှံကုန်၏၊ ရေအိုင်, ရေကန် စသည်တို့၌ ကြာဖြူ, ကြာညိုတို့သည် ပွင့်ကြကုန်၏၊ မြေအပြင်၌ မိုးရေဖြင့် မထင်ရှားသော ကုန်းကြည်းရှိကုန်၏၊ စပါးပင်တို့ဖြင့် တင့်တယ်ကုန်၏၊ အမြစ်, အသီး, အပွင့်, အရွက် ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ နုသောကြောင့် အစွမ်းသတ္တိ နည်းကုန်၏။

အပလေ အားကြီး၏၊ သည်းခြေ ငုပ်၏၊ လေပျက်၏၊ ဝမ်းမီးနုံ့၏၊ အပင်ပန်းခံခြင်း, မေထုန် မှီဝဲခြင်း, မိုးသက်နှင့်အတူ ပါသော လေအေး, အဆီ အစေးမရှိ အေးသော သစ္စား အစရှိသော အစာ, တက်သော အေးသော ဆပ်ပြာ, ပြာ, ဆား အစရှိသော ဆေးတို့ကို ရှောင်ကြဉ်အပ်ကုန်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လေမတိုက်သော အခန်းလုံ, ချွေးအောင်းခြင်း, နှိပ်နယ်ခြင်း, နွားနို့ချဉ်, ကြေလွယ်သော လေကို နိုင်သော အချို, အဆိမ့်, အငန်, အချဉ်အရသာတို့ကိုလည်းကောင်း၊ ကြစုသီးနှင့် သိန္ဓောကို လည်းကောင်း၊ အစာကြေစေတတ်သော အစပ်, အခါးအရသာတို့ကို လည်းကောင်း၊ ကြည်းကုန်းဌ ကျက်စားသော သားငှက်တို့၏ အသားကို လည်းကောင်း၊ တစ်နှစ်လွန်သော သလေးဂျုံ တို့ကို လည်းကောင်း၊ ပျားငယ်ရည် ကျောက်အုတ်စီသော တွင်းကြီးရေတို့ကို လည်းကောင်း မှီဝဲ သုံးဆောင်အပ်ကုန်၏။ ကရမက်, ကတိုး, ကုံကုမ် ဤအမွေး သုံးမျိုးတို့ကို ရော၍ လိမ်းကျံ ရာ၏၊ ဖြူစင်သော အဝတ်ပုဆိုး စောင်တို့ကို ဝတ်ရုံရာ၏၊ မစိုစွတ်သော အရပ်၌ နေရာ၏။

၂။ သရဒဥတု။ ။ တော်သလင်း, သီတင်းကျွတ် နှစ်လသည် သရဒဥတုမည်၏၊ လောကသည် ပူ၏၊ ကောင်းကင်၌ အညစ်အကြေးကင်း၏၊ ဖြူစင်၏၊ အိုင် အင်း မြစ်ကမ်းတို့သည် ပေါ်ကုန်၏၊ ဟင်္သာအစရှိသော ငှက်တို့ဖြင့် ပြည့်ကုန်၏၊ ခွေးတို့သည် မြူးထူးကုန်၏၊ မြေ အနိမ့်အမြင့် အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရှဉ့်ညွန် ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏၊ ပဒုမာကြာ, ခေါင်ရန်း, ပိတောက်, ရင်းမာ စသော ပန်းတို့သည် ပွင့်ကုန်၏၊ အသီး, အပွင့်, အရွက်, အမြစ်ဆေးတို့သည် သြဇာ ရှိကုန်၏။

ဝဿာနရတု၌ ဆိုခဲ့သော ငုပ်သော သည်းခြေနှင့် သွေးတို့သည် ပျက်ကုန်၏။ နေပူနှင့် အရှေ့က လာသော လေ, ရေများသော အရပ်၌ ကျက်စားသော သားငှက်မျိုး, နွားနို့ချဉ်, နေ့၌ အိပ်ခြင်း, သေအရက်မျိုး, ပုန်းရည်, မတ်ပဲ, နှမ်း, အပူ အစပ် အဆိ အစေးမရှိသော အစာ, မေထုန် မှီဝဲခြင်း, တက်သော အစာတို့ကို ရှောင်အပ်ကုန်၏။

ထောပတ်, အချို, အဆိမ့်, အခါး, အဖန်, အေးသော ကြေလွယ်သော အစာ, နွားနို့, သကြား, ငန်သော အရသာ, သကြားနှင့် ကြစုသီး, ဂျုံ, မုယော, ပဲနောက်, ကောက်ကြီးဆန်, ကြည်းကုန်းဌ ကျက်စားသော ငှက်တို့၏ အသားတို့ကို စားသောက်အပ်ကုန်၏၊ ဝမ်းနုတ်ခြင်း, သွေးထုတ်ခြင်းတို့ကို ပြုအပ်ကုန်၏၊ နေ့၌ နေပူလှန်း၍ ညဉ့်၌ လရောင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကို ခံစေသော ရောသည် အံသုဒက မည်၏၊ ထိုရောကို သောက်အပ်၏၊ အံသုဒကရော ဖြစ်အောင်ကိုလည်း ဥတု အားလျော်စွာ မြစ်ရောကို လုပ်ရာ၏၊ စောင်, အဝတ်, လိမ်းကျံရန် အမွေးတို့မှာလည်း ဝဿာနဥတုတွင် ဆိုသည့်အတိုင်း ပြုအပ်၏။ ချိုသာသော သီချင်းသံ, အတီးအမှုတ်, ပွဲလမ်းသဘင်တို့ကို ကြည့်ရှု နားထောင်ကုန်၏။

၃။ ဟေမန္တဥတု။ ။ တန်ဆောင်မုန်း, နတ်တော် နှစ်လသည် ဟေမန္တဥတု မည်၏၊ လောကသည် အေး၏၊ လောက မခြောက်, ဆီးနှင်း များ၏၊ မြောက်က လေလာ၏၊ ကျီး, ကျဲ, သိုး, ဆင်တို့သည် မြူးထူးကုန်၏၊ သစ်မည်စည်, ဆီးဖြူ, ခဝဲ, ခတ္တာ, ဂမုန်း, သဇင်စသော ပန်းတို့သည် ပွင့်ကုန်၏။

ချိုဆိမ့်သော အရသာရှိသော အမြစ်, အသီး, အရွက်, အပွင့်တို့သည် အားရှိကုန်၏၊ လူတို့သည်လည်း အားရှိကုန်၏၊ ဝမ်းမီး ကောင်း၏၊ အဆီ အစေးမရှိသော အစာ, ကြေလွယ်သော အစာ, လျှော့၍ စားသောက်ခြင်း, လေကို ပွားစေတတ်သော ခါးသော အစာ, ယပ်လေ ခတ်ခြင်း, ဆီးနှင်း, အဖန်, အစပ်တို့ကို ကြဉ်ရှောင်အပ်ကုန်၏။

အဆီအစေးများသော အစာ, အချို, အဆိမ့်, အချဉ်, အငန်, ရေခဲ ကျက်စားသော ငှက်မျိုး, တွင်းနှင့်နေသော သားကောင်မျိုးတို့၏ အသား, နွားနို့, ထောပတ်, ဆီဥ, သကြား, ကောက်ကြီးဆန်, များရည်, သေအရက်မျိုး, အိုင်ကြီးရေ, ကြစူသီးနှင့် ချင်းခြောက်, မြေအိမ်, တိုက်, လုံအောင် ပိတ်ဖုံးသော လှည်းရထား ဆင်မြင်းတို့ဖြင့် သွားလာခြင်း တို့ကို မှီဝဲ သုံးဆောင် အပ်ကုန်၏၊ သားမွေးပုဆိုး အဝတ်တို့ကို ဝတ်ရုံ အပ်ကုန်၏၊ ကုံကမံ, ကရမက်, အကျော်, လိပ်သည်းခေါ်သည့် အကျော်နက် ဤအမွေးသုံးခုတို့ကို လိမ်းကျံအပ်ကုန်၏။

၄။ သိသိရဥတု။ ။ပြာသို, တပို့တွဲ နှစ်လတို့သည် သိသိရဥတု မည်၏၊ လောကသည် အလွန်အေး၏၊ ဆီနှင်းနည်း၏၊ ရှဉ့်ညွန်ခြောက်၏၊ ခွာညို, သရက် အစရှိသော ပန်းတို့သည် ပွင့်ကုန်၏၊ သလိပ် ငှပ်၏၊ ဝမ်းမီး ကောင်း၏၊ လေပျက်၏၊ ကြဉ်ရှောင်ရန် မှီဝဲရန် များမှာ ဟေမန္တ ဥတုနှင့် တူ၏၊ ကြစူသီးနှင့် ပိတ်ချင်းသီးကို စားရသည်သာ ထူး၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅။ ဝသန္တဥတု။ ။ တပေါင်း တန်ခူးနှစ်လတို့သည် ဝသန္တဥတု မည်၏၊ လောကသည် စဉ်းငယ် ပူ၏၊ ကောင်းကင် ကြည်လင်၏၊ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏၊ ပေါက်, ချရား, သော်က, သရဖီ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏၊ ဥသြဌက်, ပျား, ပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။

တောင်လေ လာ၏၊ သလိပ်ပျက်၏၊ လောက မခြောက်၊ ချိုဆိမ့်သော အရသာရှိသော အမြစ်, အရွက်, အသီးမျိုး အားရှိ၏၊ အချို, အဆိမ့်, အဖန်, အေးသော ကြေခဲသော အစာ, နှေ့၌ အိပ်ခြင်း, တက်သော အစာတို့ကို ကြဉ်ရှောင်အပ်ကုန်၏။

အပင်ပန်းခံခြင်း, နှိပ်နယ်ခြင်း, အခိုးသောက်ခြင်း, ချဉ်စပ်သော အရသာရှိသော အရည်တို့နှင့် လုတ်ဆေးခြင်း, မျက်စဉ်းခတ်ခြင်း, နှာနှပ်ခြင်း, သလိပ်ထွက်အောင် အန်ဆေးတိုက်ခြင်း, ကြစုသီးနှင့် ပျားရည်, ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသား, ထောပတ်ရိုက်၍ ကင်သော အသား, စိမ့်စမ်းရေ, တံခွန်ရေ တို့ကို မှီဝဲ သုံးဆောင်အပ်ကုန်၏၊ ကရမက်, ပရုတ်, သားလှကျေးငှး တို့ကို လိမ်းကျံအပ်ကုန်၏၊ ကြေလွယ်သော သလိပ်ကို နှိုင်သော အစပ်, အပူ, အငန်, အခါး အရသာတို့ကို စားအပ် ကုန်၏၊ ချိပ်, ဆူးပန်း, ပိန္နဲ အစရှိသော ဖန်ရည်တို့ဖြင့် ဆိုးအပ်သော စောင်ပုဆိုးတို့ကို ဝတ်ရုံအပ်ကုန်၏။

၆။ ဂိမှဥတု။ ။ ကဆုန်, နယုန် နှစ်လတို့သည် ဂိမှဥတု မည်၏၊ လောကသည် အလွန် ပူ၏၊ အနောက်တောင်ထောင့်က လေပူတိုက်၏၊ စက္ကဝက်ငှက်တို့ဖြင့် ပြွမ်း၏၊ ရေကန် ရေအိုင်တို့၌ ရေသောက်သော သားတို့ဖြင့် ပြွမ်း၏၊ နွယ်မြက်တို့သည် ပျက်စီးကုန်၏၊ စံပယ် အစရှိသော ပန်းတို့သည် ပွင့်ကုန်၏၊ လောက ခြောက်၏။

အစပ်, အခါး အရသာ ရှိသော အသီး, အရွက်, အမြစ်တို့သည် အားရှိကုန်၏၊ သည်းခြေ ပျက်၏၊ လူတို့သည် အားယုတ်ကုန်၏၊ လေဂုပ်၏၊ အစပ်, အချဉ်, အငန်, အပင်ပန်းခံခြင်း, မေထုန်မှီဝဲခြင်း, အဆီအစေး မရှိသော ပူသော အစာတို့ကို ကြဉ်ရှောင်အပ်ကုန်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချိုဆိမ့်သော အရသာ, အေးသော ဖျော်ရည်, အဆီအစေးများသော အစာ, သကြားနှင့် လုပ်သော ပေါက်ပေါက်ဆုပ်, ကရေကရာစသော မုန့်, ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသား, ထောပတ်, နွားနို့, ကောက်ကြီးဆန်, အေးသော တိုက်အိမ်၌ နေ့ကို အိပ်ခြင်း, ယပ်လေ ခတ်ခြင်း, ညဉ့်ကို လရောင်၌ အိပ်ခြင်း, ရေတံခွန်မှ ထွက်သော ရေအေး, ကြစုသီးနှင့် ကြံသကာ တို့ကို မှီဝဲ သုံးဆောင်အပ်ကုန်၏၊ လိမ်းကျံရန် နံ့သာ, ဝတ်ရုံရန် အဝတ်ပုဆိုးများမှာ ဝသန္တဥတုနှင့် တူ၏။

ဥတုသန္ဓိ ယမဒါဌာရက်။ ။ ဤဆိုခဲ့ပြီးသော ဥတု ခြောက်ပါး တို့၏ အဆုံးခုနစ်ရက်တို့သည် **ဥတုသန္ဓိ** မည်ကုန်၏၊ ရှောင်ကြဉ်ရမည်ဆိုသော အစားအသောက် အမူအရာတို့ကို ဤဥတုသန္ဓိ၌ အလွန်သတိထား၍ ရှောင်ကြဉ်ရမည်၊ သရဒဥတုနှင့် ဟေမန္တဥတုအကြားသီတင်းကျွတ်လ အဆုံးရှစ်ရက်, တန်ဆောင်မုန်းလ၏ အစရှစ်ရက် ဤတစ်ဆယ့်ခြောက်ရက်တို့သည် **ယမဒါဌာ** ရက်မည်ကုန်၏၊ (သေမင်း၏ အစွယ်နှင့် တူသော ရက် ဆိုလိုသည်။) ဤ တစ်ဆယ့်ခြောက်ရက်တို့၌ အစားအသောက် အနေအထိုင် အခြားဥတုသန္ဓိရက်များထက် ထူး၍ ကြဉ်ရှောင်အပ်ကုန်၏၊ ဤယမဒါဌာရက်၌ အနာရောဂါ ဖြစ်လျှင် ဆေးကုခက်သည်၊ သေတတ်သည်။

နေသွားလမ်း စွဲ၍ ပူခြင်း အေးခြင်း။ ။ နေ၏ တောင်မြောက် အယဉ်နှစ်ပါး၌ သွားခြင်းကို စွဲ၍ လည်းကောင်း, တည်နေရာ အရပ်ကို စွဲ၍ လည်းကောင်း, အပူအအေး, မိုးရွာခြင်း, တောင်လေ, မြောက်လေ အစရှိသော အရပ်လေတို့သည် ဖြစ်ကုန်၏၊ ကောင်းကင်၌ အရှေ့နှင့် အနောက်, တောင်နှင့် မြောက်, မိုးကုပ်ကုပ် အဆုံးတိုင်အောင် ဒယ်အိုးကင်းကို မှောက်၍ ထားသကဲ့သို့ စက်ဝန်း၏ ထက်ဝက်ဟု စိတ်က ထင်မှတ်ပြီးလျှင် စက်ဝန်း အလုံးစုံ၌ အံသာအားဖြင့် သုံးရာခြောက်ဆယ်၊ တစ် အံသာလျှင် လိတ္တာ ခြောက်ဆယ်၊ အံသာ သုံးဆယ်လျှင် ရာသီတစ်ခု စိတ်က မှတ်၍ ထားပြီးလျှင် နေသည် အလယ်မဇ္ဈေလမ်းမှ တောင်သို့ နှစ်ဆယ့်သုံး အံသာခွဲ ထွက်၍ သွားပြီးလျှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပြန်လာ၍ ၎င်း မဇ္ဈေလမ်းမှ မြောက်သို့ နှစ်ဆယ်သုံး အံသာခွဲ ဝင်ပြန်၍ တောင်သို့ တစ်ဖန် ထွက်သည်၊ ဤသို့ နေသည် အနံအားဖြင့် လေးဆယ့်ခုနစ် အံသာ အတွင်းတွင် တောင်မြောက် ဖယ်ရှား၍ လှည့်လည်၏၊ ဤလေး ဆယ့်ခုနစ် အံသာ နေသွားသောအောက်၌ တည်နေသော အရပ်ဒေသတို့ သည် ပူသော အရပ်ဒေသ ဖြစ်ကုန်၏။

[တစ်အံသာလျှင် မြေပေါ်၌ မြန်မာတိုင်ပေါင်း သုံးဆယ့်ငါးတိုင် ခန့် ရှိသည်ဟု မှတ်။]

နေသွားလမ်းအတွင်း လမ်း၏ မြောက် လေးဆယ့်သုံး အံသာခွဲ, အပြင်လမ်း၏ တောင် လေးဆယ့်သုံး အံသာခွဲအောက်၌ တည်သော အရပ်တို့သည် အပူနည်း၍ အအေးများကုန်၏၊ ထိုမှ အတွင်းအပြင် ကျသော အရပ်တို့သည် နေနှင့် ဝေးသောကြောင့် အလွန် အေးကုန်၏၊

ဤနေသွား အတွင်းလမ်း အပြင်လမ်း အောက်ကျသော အရပ် ဒေသချင်းပင် တူသော်လည်း အပူအအေးမတူ၊ တောတောင် အားကြီး ရာ၌ အအေးများသည်၊ မိုးရွာဖန်များသည်၊ ပင်လယ်နီးရာ၌ အပူအအေး နည်း၍ မိုးရွာဖန် များသည်၊ တောတောင် ပင်လယ် ဝေးသောအရပ်၌ မိုးရွာခြင်း နည်းသည်၊ အပူအားကြီးသည်၊ သို့ဖြစ်၍ ပင်လယ်နားနီးသော အရပ်ဒေသများမှာ နယုန်လပြည့်ကျော်က စ၍ မိုးရွာပြီးလျှင် သီတင်း ကျွတ် လပြည့်ကျော်လျှင် မိုး အလုံး စင်ကြယ်၏၊ အခြားဥတုများ၌ မိုးမရွာ၊ ထို့ကြောင့် ထိုအရပ်များ၌ အလွန် အေးသော သိသိရှဉ့တု မရှိ၊ နယုန်လပြည့်ကျော် တစ်ရက်ကကို သီတင်းကျွတ် လပြည့်နေ့ တိုင်အောင် လေးလလုံးကို ဝဿာနဉ့တုပြုလုပ်၍ ဥတုငါးခုသာ ယူရ တော့သည်။

[နေသွားလမ်း အတွင်းလမ်း, အပြင်လမ်း၏ အတွင်း အပြင်ကျ သော အရပ်များမှာ ပူသော ဝဿန္တဉ့တုနှင့် ဂိမှဉ့တု မရှိ၊ ကျန်ဥတု လေးခုသာ ရှိသည်။ ဟေမန္တ စသော ဥတုတို့၌ နေ့ကို မအိပ်ကောင်း ဆိုသော် လည်း အစာမကြေနာရှိသော, လေနာရှိသော သူတို့သည်ကား အိပ်ကောင်း၏ဟု ဆေးကျမ်းတို့တွင် ဆိုသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဒေါသသုံးပါး၊ ၎င်၊ ပျက်၊ ငြိမ်။ ။ သလိပ်, သည်းခြေ, လေ ဤဝဏ္ဏသုံးခုတို့ကို သတ္တဝါ၏ ကိုယ်ကို ဖျက်ဆီးတတ်သောကြောင့် ဒေါသ သုံးပါး ခေါ်သည်၊ ထိုဒေါသသုံးပါးတို့သည် ပကတိအားဖြင့် ထွက်သင့်ရာ ထွက်၍ အစာအာဟာရကို အမှီပြုပြီးလျှင် သဘာဝအား ဖြင့် ဖြစ်သင့်သည်အတိုင်း ဖြစ်သည်၊ ဖြစ်ပြီး ဟောင်းသော သလိပ်, သည်းခြေ, လေတို့ ထွက်မြဲ ပြင်သို့ မထွက်၊ ဤကိုယ်တွင်း၌ အောင်း၍ နေသည်ကို ၎င်သည်ဟု ခေါ်သည်၊ အဟောင်းပြင်သို့ မထွက်၊ အသစ် ထပ်ကာ ထပ်ကာ ဖြစ်၍ ပွားများ တက်ကြွခြင်းကို ပျက်သည်ဟု ခေါ်သည်၊ အဟောင်း ထွက်မြဲ ထွက်၍ အသစ် ဖြစ်မြဲ ဖြစ်သည်ကို ငြိမ်ဝပ် သည်ဟု ခေါ်သည်။

၁။ သည်းခြေသည် ဝဿာန ဥတု၌ ၎င်၏၊ သရဒ ဥတု၌ ပျက်၏၊ ဟေမန္တ ဥတု၌ ငြိမ်ဝပ်၏။

၂။ သလိပ်သည် သိသိရ ဥတု၌ ၎င်၏၊ ဝသန္တ ဥတု၌ ပျက်၏၊ ဂိမှ ဥတု၌ ငြိမ်ဝပ်၏။

၃။ လေသည် ဂိမှဥတု၌ ၎င်၏၊ ဝဿာနဥတု၌ ပျက်၏၊ သရဒ ဥတု၌ ငြိမ်ဝပ်၏။

ဤကဲ့သို့ ရတု ခြောက်ပါး၌ ဒေါသသုံးပါးတို့သည် သဘော ဓမ္မတာအားဖြင့် ၎င်ခြင်း, ပျက်ခြင်း, ငြိမ်ဝပ်ခြင်းတို့သည် ဖြစ်ကြကုန်၏။

အချိန်အားဖြင့်လည်း...

၁။ ဝဿာနဥတု၌ ညနေဆည်းဆာအခါ လေပျက်၏။

၂။ သရဒဥတု၌ သန်းခေါင်အခါ သည်းခြေ ပျက်၏။

၃။ သိသရ ဥတု၌ ညဉ့်အဆုံး လေပျက်၏။

၄။ ဝသန္တဥတု၌ နံနက်အခါ သလိပ်ပျက်၏။

၅။ ဂိမှဥတု၌ မွန်းတည့်အခါ သည်းခြေ ပျက်၏။

[နေ့၌ ပထမ အပုံသည် သလိပ်ချိန်၊ ဒုတိယ အပုံသည် သည်းခြေ ချိန်၊ တတိယ အပုံသည် လေချိန် ကျသောကြောင့် ဝသန္တ ဥတု၌ သလိပ်ပျက်၏ဟု ဆိုသော်လည်း သလိပ်ချိန် နံနက်၌ ပျက်သည်၊ ဤသို့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အစရှိသည်ဖြင့် မှတ်အပ်၏၊ ဒေါသ သုံးပါး ပျက်လျှင် ဝမ်းနှတ်ခြင်း, အန်စေခြင်း, ချွေးထုတ်ခြင်းတို့ဖြင့် ပွားများသော ဒေါသကို ကုန်ခန်းအောင် ပြုလုပ်သဖြင့် ငြိမ်ဝပ် စေရာ၏၊]

၅။ အရပ် သုံးပါးနှင့် အနာ ဖြစ်ပုံ

၁။ **ဥဏှကဋ္ဌဗန္ဓအရပ်။** ။ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း နေသွားလမ်း မဏ္ဍော, အန္တော, ဗာဟိရ ဝိထိ သုံးပါး အောက်ကျသော အရပ်သည် **ဥဏှကဋ္ဌဗန္ဓ** အရပ်မည်၏၊ ပူ၏၊ သွေး, သည်းခြေ, လေတို့ ပျက်တတ်၏၊ သွေး, သည်းခြေ, လေအနာ နှိပ်စက်သူ များ၏၊ လူတို့ အသားညို၏၊ နက်၏၊ မျက်လုံးအလယ်၌ မျက်နက်ဝန်း ရှိ၏၊ အား နည်း၏၊ ပူသော အရပ်ဖြစ်၍ အလုပ်အဆောင် အတတ်ပညာကို များစွာ အားမထုတ်နိုင်သောကြောင့် အတတ်ပညာ နည်း၏၊ သမာဓိ နည်း၏၊ လူရိုင်းမျိုး များ၏၊ သားမျိုး, ငှက်မျိုး, ငါးမျိုးစုံ ရှိ၏၊ အပူအအေး ဥတု ငါးမျိုး, ခြောက်မျိုး ရှိ၏။

[ဂင်္ဂါ မြစ်ကမ်းထိပ်တွင် တည်သော ယခု ဗာဏာရုပ်ဟု ခေါ်သော ဗာရာဏသီမြို့တွင် နေရိပ် တောင်သို့ ပြန်၍ မထွက်ကြောင်းနှင့် ဝိသတိနိပါတ် ရွှေဟင်္သာမင်း ဇာတ်တွင် မြတ်စွာဘုရား ဟောတော်မူသောကြောင့် ဗာရာဏသီမြို့သည် အန္တော ဝိထိအောက် ကျကြောင်းကို သိရသည်၊ အန္တောဝိထိမှ နေ တောင်သို့ ထွက်ရာ သုံးလရှိလျှင် မဏ္ဍောဝိထိသို့ မရောက်မီ အန္တောဝိထိမှ နေ တောင်သို့ ထွက်ရာ နှစ်လ ရှိလျှင် သီဟိုဠ် ကျွန်း ရှေး မင်းနေပြည်ဖြစ်သော အနုရာဓမြို့ပေါ်ဆီ တည့်တည့်သို့ ရောက်ကြောင်းနှင့် သာရတ္ထဒီပနီဋ္ဌကာတွင် ဆိုသည်၊ အန္တောနှင့် မဏ္ဍောလည်း နှစ်ဆယ့်သုံး အံသာခွဲသာ ကွာသည်၊ အန္တော တောင် မဏ္ဍော ရောက်အောင် အတွင်း သုံးပုံ နှစ်ပုံ အောက်တွင် အနုရာဓမြို့ တည်သောကြောင့် မဏ္ဍော မြောက်ဘက် ခုနစ် အံသာနှင့် လိတ္တာ ငါးဆယ် အောက်တွင် အနုရာဓမြို့ တည်ကြောင်းကို သိရသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂။ **သမကဋ္ဌမ္ဗအရပ်**။ ။ အန္တောဝိထိ မြောက် လေးဆယ့်သုံး အံသာခွဲ, ဗာဟိရဝိထိတောင် လေးဆယ့်သုံး အံသာခွဲအောက် ကျသော အရပ်တို့သည် **သမကဋ္ဌမ္ဗ** အရပ်မည်၏၊ အပူအအေး မျှ၏၊ ဒေါသသုံးပါး အပျက်အစီး မရှိ၊ ငြိမ်ဝပ်၏၊ လူတို့သည် အနာရောဂါ နည်း၏၊ အသားဖြူ၏၊ အချို့လူတို့မှာ မျက်လုံး ကြောင်သောကြောင့် မျက်နှာဝန်း မရှိ၊ အားကြီး၏၊ ပူသော အရပ် မဟုတ်သောကြောင့် အလုပ်အဆောင် အတတ်ပညာကို များစွာ အားထုတ်နိုင်၍ ပညာကြီး၏၊ သမာဓိ ကြီး၏၊ ရှားစောင်းပင်, ထနောင်းပင်, ဆီးပင်, ခံပင် အစရှိသော ဆူးရှိသော အပင် မရှိ၊ ဤသမကဋ္ဌမ္ဗအရပ်၌ မြောက်စွန်း ကျသော သိုးဆောင်းနိုင်ငံ, တရုတ်နိုင်ငံများ၌ အေးသောကြောင့် ဆောင်းတွင်းအခါ ရေခဲ၏၊ စပါး အမျိုးမျိုး မရှိ၊ ဂျုံ, ပြောင်းများသာ ရှိ၏၊ သစ်သော့, သစ်ကျား, သစ်အယ်ဖြူ, တရုတ်ဆီး, သဲလွင်, ထင်းရူး, သစ်ချပင်များသာ ပေါများ၏၊ အခြားသစ်ပင်များစွာ မရှိ၊ သားမျိုး, ငှက်မျိုးလည်း စုံလင်အောင် မရှိ။

[ဤသမကဋ္ဌမ္ဗအရပ်၌ လူတို့သည် ဉာဏ်ပညာကြီးသောကြောင့် ပရမတ်နှင့် စပ်သော သတိပဋ္ဌာန် အစရှိသော နက်နဲသော သုတ္တန် ပါဠိတော်တို့ကို မြတ်စွာဘုရားသည် ဤသမကဋ္ဌမ္ဗ အရပ်၌ တည်သောအခါ ဒင်လီဟု ခေါ်သော ကုရုတိုင်း၌သာ မြတ်စွာဘုရား ဟောတော် မူကြောင်းနှင့် သတိပဋ္ဌာနသုတ် အဋ္ဌကထာတွင် ဖွင့်ဆိုသည်။]

၃။ **သီတကဋ္ဌမ္ဗအရပ်**။ ။ ဤသမကဋ္ဌမ္ဗတောင်စွန်း, မြောက်စွန်းမှ တောင်ဘက် မြောက်ဘက်ကျသော အရပ်တို့သည် နေ အလွန်ဝေး၍ အလွန်အေးသောကြောင့် **သီတကဋ္ဌမ္ဗ** အရပ်မည်၏၊ အလွန် အေး၏၊ ချောင်း, မြစ်, ပင်လယ်တို့၌ များသောအားဖြင့် ရေသည် ခဲလျက် တည်ရှိ၏၊ လေ, သလိပ် ပျက်၏၊ လူ, သားငှက်, တိရစ္ဆာန်, သစ်ပင်တို့သည် အနည်းငယ်မျှ ရှိ၏၊ ရှိသောလူတို့သည်လည်း အတတ်ပညာ, အလုပ်အဆောင်များကို များစွာ မသင်မကြား မလုပ်မဆောင်နိုင်၊ သားရေကို နူးညံ့အောင်လုပ်၍ ဝတ်ဆင်ကြရ၏၊ သားမွေးတို့ကို ဝတ်ဆင်ကြရ၏၊ အေးလှသောကြောင့် ပိုးချည်, လျှော်အဝတ်တို့ကို မဝတ်နိုင်၊ လူတို့သည် အသား ဖြူ၏၊ မျက်လုံးဖြူ၏၊ ဆံပင် ဝါ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထိုအရပ်သုံးမျိုးတွင်လည်း ဥဏှကဋိဗန္ဓအရပ်နှင့် သမကဋိဗန္ဓအရပ်၌ တစ်မျိုးလျှင် အနူပ, ဓင်္ဂလ, သာဓာရဏ အရပ်ဟူ၍ သုံးမျိုးစီ ပြား၏၊ သီတကဋိဗန္ဓအရပ်၌ကား အေးသော ဥတု တစ်ခုသာ ရှိသောကြောင့် အရပ် အထူးအခြား မရှိ၊ တစ်မျိုးတည်း ဖြစ်၏၊ ထိုအနူပ, ဓင်္ဂလ, သာဓာရဏ အရပ်သုံးမျိုးတို့တွင်...

၁။ အနူပအရပ်။ ။ မြစ်, ချောင်း, အင်း, အိုင်, တောတောင်တို့နှင့် ပြည့်စုံသော ပွင့်သော ကြာပန်းတို့နှင့် ယှဉ်သော ငန်း, ဝမ်းဘဲ, မယ်ညို, စင်ရော်, မြစ်တွေး, စက္ကဝက် အစရှိသော ငှက်တို့သည် မှီဝဲအပ်သော ဝက်, ကြွဲ, ကျွဲ, ဆတ်, ပြောင်, ဆင် အစရှိသော သားမျိုးတို့ဖြင့် ပြွမ်းသော များသော သစ်ပင်နှင့် ပြည့်စုံသော အသီးရှိသော ညိုသော ကောက်ပင်နှင့် ယှဉ်သော များစွာသော လယ်ယာ, ငှက်ပျောပင်, ကြပင်တို့ဖြင့် တင့်တယ်သော အရပ်သည် **အနူပ** အရပ်မည်၏၊ (စိုပြည်သော အရပ် ဆိုလိုသည်။) အေး၏၊ စိုစွတ်၏၊ လေနှာ, သလိပ်နှာ ဖြစ်တတ်၏၊ ဝမ်းမီး နုံ၏၊ အစာ ကြေခဲ၏၊ ဝမ်းပျက်နှာ, ဝမ်းသက်နှာ ဖြစ်တတ်၏၊ ငှက်သင့် တတ်၏၊ ထိုအရပ်၌ နေသောသူသည် ဗေရှိ၍ ဝမ်းဗိုက်ကြီးတတ်၏၊ သလုံးသား ကြီး၏၊ သားမြတ်ကြီး၏၊ ဖောင်းပွသော အသားရှိ၏၊ အားနည်း၏။

၂။ ဓင်္ဂလအရပ်။ ။ ကွင်းပြင်, ချောက်, တွင်း, ကျောက်စရစ်ကုန်းတို့နှင့် ယှဉ်သော မိုးတွင်းအခါသော်လည်းကောင်း ရေနည်းသော ပျဉ်းပင်, ခံတက်, ဥသျှစ်, မရိုး, ခံ, ပေါင်ပဲ့, ထနောင်း, ရှားစောင်း, ဆီးပင်တို့ဖြင့် ပြွမ်းသော သမင်, ချေ, ဒရယ်, ယုန်, ခိုင်, ဝံ, သားကောင်တို့ဖြင့်လည်း ပြွမ်းသော အရပ်သည် **ဓင်္ဂလ** အရပ်မည်၏၊ (ကြည်းကုန်း ဆိုလိုသည်။) ထိုအရပ်သည် ပူ၏၊ လေ, သည်းခြေ, သွေး ပျက်တတ်၏။

၃။ သာဓာရဏအရပ်။ ။ ဤသို့ ဆိုခဲ့ပြီးသော လက္ခဏာနှစ်ပါးနှင့် ယှဉ်သော အရပ်သည် **သာဓာရဏ** အရပ်မည်၏၊ သလိပ်, သည်းခြေ, လေ ဒေါသသုံးပါးတို့သည် အပျက်အစီးမရှိ၊ ငြိမ်ဝပ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[မန္တလေး မြို့သည်ကား မဇ္ဈေဝိသမှ မြောက်ဘက် နှစ်ဆယ့်နှစ်အံသာ ရှစ်လိတ္တာ အောက်၌ ကျသောကြောင့် ဥဏှကဋိဗန္ဓအတွင်း၌ ဖြစ်၏၊ အရပ်သုံးမျိုးတို့၏ လက္ခဏာတို့တွင် ဇင်္ဃလ အရပ်လက္ခဏာနှင့် ညီသော ဇင်္ဃလ အရပ် ဖြစ်၏။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇန သင်္ဃာကျမ်း၌ ဥတု အရပ်ဒေသတို့ကို ဆိုရာဖြစ်သော ပထမပိုင်း ပြီး၏။

ပထမ ကဏ္ဍ ပြီး၏။

———— * ————

၂ – ဒုတိယ ကဏ္ဍ

အရွယ်, ကိုယ်ပုံကို ပြခြင်း

၆။ ဆေးကျမ်းအလို အရွယ် ၃–ပါး

၁။ ဗာလအရွယ်။ ။ လူတို့၏ အရွယ်သည် ဆေးကျမ်းဆရာတို့ အလိုအားဖြင့် ဗာလ, မဇ္ဈိမ, ဝုဒ္ဓဟူ၍ အရွယ် သုံးပါး ရှိ၏၊ ထိုသုံးပါးတို့တွင် မွေးသည်မှ တစ်ဆယ့်ခြောက်နှစ်အတွင်း **ဗာလ** မည်၏၊ (သူငယ် ဆိုလိုသည်။) ဤဗာလသည်လည်း မွေးသည်မှ တစ်နှစ်အတွင်း နို့ကိုသာ သက်သက် စို့ရသောကြောင့် **ဒုဒ္ဓါသီ** မည်၏၊ တစ်နှစ်ကကို နှစ်နှစ်တိုင်အောင် နို့နှင့် အစာနှစ်ပါး ရောရ၍ စို့ရ စားသောက်ရသောကြောင့် **ဒုဒ္ဓန္နာသီ** မည်၏၊ နှစ်နှစ်အထက် တစ်ဆယ့်ခြောက်နှစ်အတွင်း နို့ကို မစို့၊ အစာကိုသာ စားသောကြောင့် **အန္နာသီ** မည်၏၊ ဗာလအရွယ်၌ များသောအားဖြင့် သလိပ် ပျက်၏၊ သလိပ်နှာ ဖြစ်တတ်၏၊

၂။ မဇ္ဈိမအရွယ်။ ။ တစ်ဆယ့်ခြောက်နှစ်က အသက် ခုနစ်ဆယ်တိုင်အောင် မဇ္ဈိမ မည်၏၊ ထို မဇ္ဈိမ၌လည်း သုံးဆယ့်နှစ်နှစ်အတွင်း၌ **ယုဝါ** မည်၏၊ အသက် လေးဆယ်တိုင်အောင် **တိဋ္ဌ** မည်၏၊ ထိုနောက် အသက်ခုနစ်ဆယ်တိုင်အောင် **ခီဏ** မည်၏၊ မဇ္ဈိမ အရွယ်၌ သည်းခြေ ပျက်၏၊ သည်းခြေနှာ ဖြစ်တတ်၏။

၃။ ဝုဒ္ဓအရွယ်။ ။ ခုနစ်ဆယ်က အထက် **ဝုဒ္ဓ** မည်၏၊ တစ်နေ့ထက် တစ်နေ့ အားခွန် ဆုတ်ယုတ်၍ အမှုမျိုးကို မဆောင်ရွက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နှိုင်၊ ချောင်းဆိုးခြင်း, မောပန်းခြင်း အစရှိသည်တို့သည် ဖြစ်ကုန်၏၊ ဝုဒ္ဓအရွယ်၌ လေပျက်၏၊ လေနာ ဖြစ်လတ်၏။

[ဗာလအရွယ်၌ သူငယ်နာဆေးကို ပေးရသည်၊ ဆေးချိန်ကိုလည်း လျှော့၍ ပေးရသည်၊ မဇ္ဈိမ အရွယ်၌ ဆေးကျမ်းတွင် ဆိုသည့်အတိုင်း ဆေးချိန်ကို အပြည့် ပေးရသည်၊ ဝုဒ္ဓ အရွယ်၌လည်း ဆေးချိန်ကို လျှော့၍ ပေးရသည်။]

ဝိသုဒ္ဓိမဂ် အစရှိသော သာသနာတော် ကျမ်းဂန်တို့၌ကား...

၁။ ဖွားသည်မှ သုံးဆယ့်သုံးနှစ်သည် ပထမအရွယ်၊

၂။ သုံးဆယ့်သုံးနှစ်မှ ခြောက်ဆယ့် ခုနစ်နှစ် တိုင်အောင် ဒုတိယအရွယ်၊

၃။ ထို့နောက် အသက်တစ်ရာတိုင်အောင် တတိယအရွယ် ဟူ၍ ဆို၏။

[ငါတို့ ဘုရားမယ်တော် မာယာဒေဝီ မိဖုရားကြီးသည် ပထမအရွယ် သုံးဆယ့်သုံးနှစ်ကို လွန်ပြီးနောက်၊ ဒုတိယအရွယ် သုံးဆယ့်လေးနှစ်ကို သုံးပုံ ပုံ၍ နှစ်ပုံအလွန်တွင် အလောင်းတော် သိဒ္ဓတ်မင်းသားကို ဖွားမြင်သည်ဟု ဆိုသောကြောင့် သိဒ္ဓတ် မင်းသားကို ဖွားသောအခါ မယ်တော် အသက် ငါးဆယ့်ခြောက်နှစ်သို့ အဝင်ရှိပြီဟု သိအပ်၏။]

၇။ အရွယ် ၁၀–ပါး ပိုင်းခြားပုံ

၁။ တစ်နည်းလည်း မွေးသည်မှ ဆယ်နှစ် တိုင်အောင် **မန္ဒဒသက**၊ အကျိုးအပြစ်ကို ကောင်းစွာ မသိ မိုက်သော အရွယ်။

၂။ ထို့နောက် ဆယ်နှစ်သည် **ခိဍ္ဍာဒသက**၊ အလွန် ပျော်ပါးမြူးထူးလိုသော အရွယ်။

၃။ နှစ်ဆယ့်တစ်နှစ်ကစ၍ အသက် သုံးဆယ်တိုင်အောင် ဆယ်နှစ်သည် **ဝဏ္ဏဒသက**၊ ဤသူဤဘဝတွင် ရုပ်အဆင်း လှရန် ရှိသမျှ ဤဆယ်နှစ်အတွင်းတွင် အကုန်လှပတင့်တယ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၄။ သုံးဆယ့်တစ်နှစ်ကို လေးဆယ်တိုင်အောင် ဆယ်နှစ်သည် **ဗလဒသက**၊ ဤဘဝတွင် အားကြီးရန် ရှိသမျှ အကုန် ကြီး၏။

၅။ လေးဆယ့်တစ်နှစ်ကို ငါးဆယ်တိုင်အောင် ဆယ်နှစ်သည် **ပညာဒသက**၊ ဤဘဝတွင် ပညာကြီးရန် ရှိသမျှ အကုန် ကြီး၏။

၆။ ငါးဆယ့်တစ်နှစ်ကစ၍ ခြောက်ဆယ်တိုင်အောင် ဆယ်နှစ်သည် **ဟာနီဒသက**၊ ရုပ်အဆင်း, အားခွန်, အသိပညာတို့သည် တစ်နှစ်အောက် တစ်နှစ် ဆုတ်၏။

၇။ ခြောက်ဆယ့်တစ်နှစ်ကို ခုနစ်ဆယ်တိုင်အောင် ဆယ်နှစ်သည် **ပဗ္ဘာရဒသက**၊ အရေရှုံ့သော အရွယ်။

၈။ ခုနစ်ဆယ့်တစ်နှစ်ကို ရှစ်ဆယ်တိုင်အောင် ဆယ်နှစ်သည် **ဝင်္ကဒသက**၊ ခါးကုန်းသည့်အရွယ်။

၉။ ရှစ်ဆယ့်တစ်နှစ်ကို ကိုးဆယ်တိုင်အောင် ဆယ်နှစ်သည် **မောမူဟဒသက**၊ တွေဝေ မိန်းမောခြင်း များ၏၊ သူငယ်ပြန်တတ်၏။

၁၀။ ကိုးဆယ့်တစ်နှစ်ကို အသက် တစ်ရာတိုင်အောင် ဆယ်နှစ်သည် **သယနဒသက**၊ အိပ်ရာ၌သာ အိပ်နေရသော အရွယ် ဖြစ်၏။

[ဤအရွယ် ဆယ်ပါး ပိုင်းခြားခြင်းသည် နာမ်, ရုပ်တို့၏ သဘောမမှတာ ဖြစ်ပုံ အတိုင်း ပိုင်းခြားခြင်းတည်း၊ ထို့ကြောင့် လူတို့သည် ဆယ်နှစ် ရှိလျှင် စိတ် တစ်ပုံ ပြောင်းသည်။ ရုပ် တစ်ပုံ ပြောင်းသည်။]

အသက်တမ်း။ ။ သုသုတ ဆေးကျမ်း၌ အနှစ်တစ်ရာ ရှိလျှင် အသက်တမ်း တစ်နှစ် ယုတ်သည်ဟု အချို့ဆေးကျမ်း ဆရာတို့ ပြောဆိုကြောင်းနှင့် ပါသည်။ မဟာသုတသောမဇာတ်၌ ပေါရိသာဒ ပေးသော ဆုတို့ကို မဟာသုတသောမ မင်းကြီး ယူရာ "သင် ပေါရိသာဒ အသက် တစ်ရာ ရှည်၍ အနာ ကင်းသည်ကို မြင်လို၏"ဟု ဆိုသည်ကို ထောက်၍ မဟာသုတသောမ မင်းများ လက်ထက် အနှစ် တစ်ရာ သက်တမ်း ဟူ၍ သိရသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘလွာတိယဇာတ်၌ ကိန္နရာနှင့် မင်း တွေ့၍ လူတို့မှာ အသက်မည်မျှ ရှည်သနည်းဟု မေးရာ မင်းက အနှစ်တစ်ရာ ရှည်ကြောင်းနှင့် ပြောသည်၊ ကိန္နရာတို့မှာ အသက် မည်မျှ ရှည်သနည်း မေးပြန်ရာ ကိန္နရာတို့မှာ အနှစ် ငါးရာ" ရှည်ကြောင်းနှင့် ပြောသည်ကို ထောက်၍လည်း ထိုအခါ အနှစ်တစ်ရာတမ်းကိုပင် သိရသည်။

ငါတို့ ဘုရားလောင်း ဝေဿန္တရာမင်း ဖြစ်စဉ်ကာလလည်း အနှစ်တစ်ရာတမ်း ဖြစ်ကြောင်းနှင့် ၎င်းဇာတ်တွင် ပါရှိသည်။

ဝေဿန္တရာမင်းကြီး သေလွန်ပြီးနောက် တုသိတာ နတ်ပြည်မှာ ဖြစ်၍ အခြားမှာ မဖြစ်ပြီ၊ သိဒ္ဓတ်မင်းသား ဖြစ်တော့သည်၊ ဤသိဒ္ဓတ်မင်းသား ဘုရားဖြစ်ပြန်လျှင် "ဇေတရဟိ ဘိက္ခဝေ ဝဿသတံ အပ္ပံ ဝါ ဘိယျော" အစရှိသဖြင့် ဟောတော်မူသောကြောင့် ဘုရားလက်ထက်ကလည်း အသက် တစ်ရာတမ်းဟုပင် သိရ၏။

အသက် တစ်ရာတမ်းပင် ဆိုသော်လည်း ဤပါဠိတော်ကို ထောက်၍ တစ်ရာထက် စဉ်းငယ်ပိုသည်၊ တစ်ရာအောက် စဉ်းငယ်လျော့သည်ကိုလည်း သိသာ၏၊ တစ်ရာထက် ပိုသော်လည်း နှစ်ရာတိုင်အောင် အသက် မရှည်နိုင်ပြီဟု ၎င်းအဋ္ဌကထာတို့တွင် ဖွင့်သည်၊ ဝိနယဂဠဋ္ဌဒီပနီ ကျမ်းတွင် သာသနာ ငါးထောင် မကုန်မချင်း အနှစ်တစ်ရာတမ်းသာဟု ဆိုသည်များကို ထောက်၍ အနှစ် တစ်ရာလျှင် အသက်တမ်း တစ်နှစ် ယုတ်၏ဟု ဆိုသော စကားကို မမှတ်အပ်။

ဗြိုဟတ်ကျမ်းတွင်လည်း လူတို့၏ အသက် နှစ်တစ်ရာနှင့် ငါးရက်ဟူ၍ အာယုဒါယပိုင်းတွင် ဆိုသည်၊ ဆင်တို့၏ အသက်တမ်းလည်း လူနှင့် တူသည်ဟု ဆိုသည်၊ ထိုကြောင့် ဆင်သည်လည်း လူကဲ့သို့ပင် အသက် ခြောက်ဆယ်ရှိလျှင် အားခွန်ယုတ်သည်ဖြစ်၍၊ (ဆင်ကို ပါဠိဘာသာအားဖြင့် **သင်္ခိဟာယန** ဟူ၍လည်း ခေါ်သည်။) ဝိသောတ္တရိဒသာကျမ်း၌ မူကား လူတို့ အသက်တမ်းကို တစ်ရာ့ နှစ်ဆယ် ထားသည်။

[အဋ္ဌောတ္တရိဒသာ ကျမ်း၌ကား လူတို့ အသက်ကို တစ်ရာ့ ရှစ်နှစ်ထား၍ ဤတစ်ရာ့ရှစ်နှစ်ကို ငြိုဟ်ရှစ်လုံးနှင့် ဝေဖန်ပြီးလျှင် တနင်္ဂနွေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဂြိုဟ်၌ ခြောက်နှစ်၊ တနလ်္ဂာ၌ တစ်ဆယ့် ငါးနှစ်၊ အင်္ဂါ၌ ရှစ်နှစ် ဤသို့ စသည်ဖြင့် ဂြိုဟ်သက်ကို ဝေ၍ ထားသည်၊ ဤဂြိုဟ်သက်အတိုင်းပင် မြန်မာ လူမျိုးတို့မှာလည်း ဂြိုဟ်စား သက်ရောက်သည်ကို ဟောကြသည်။]

၈။ ခန္ဓာကိုယ် အပိန် အဝ အလိုက် ဥပဒါဖြစ်တတ်ပုံ

လူတို့၌ ဝသော ကိုယ်, ပိန်သော ကိုယ်, အလတ်သော ကိုယ် ဟူ၍ ကိုယ်သုံးမျိုး ရှိသည်။ ထိုသုံးမျိုးတို့တွင် ဝသောသူ၌ သလိပ်, လေပျက်တတ်၏၊ အဆီခဲအားကြီး၍ သွေး, လေတို့ သွားလာရာလမ်းကို အဆီခဲ ပိတ်ပြီးလျှင် ရောဂါ ဖြစ်တတ်သည်, ပိန်သောသူ၌ သွေး, သည်းခြေ, လေ ပျက်တတ်သည်၊ အလတ်လျစ်လျူ ဖြစ်သောသူ၌ ဒေါသသုံးပါး အပျက်အစီး မရှိ၊ အနာရောဂါ ကင်း၏။

ထိုကြောင့် ဆေးကျမ်းတို့၌ ပိန်သောသူကို လေ, သည်းခြေနှိုင်သော ဆေးကို ပေး၍ သားပြုတ်ရည်, သားဟင်းမျိုး, နွားနို့ အစရှိသော ဝစေတတ်သော အစာကို ပေးရမည်ဟူ၍ ဆို၏၊ ဝသောသူကို လေ, သလိပ်ကို နှိုင်သော တြိကဋုက် သုံးပါး, ပဉ္စကူ ငါးပါး စသော ဆေးတို့ကို ပျားရည်နှင့် လူပိန်အောင် ပေးရမည်၊ အဆီခဲကို ကြေစေတတ်သော ပြာဆားများကို ပေးရမည်၊ အဆီအစေးရှိသော အစာ, အချို, အဆိမ့်အရသာများကို ကြဉ်ရှောင်စေရမည် ဟူ၍ ဆို၏။

ဤ ဆိုခဲ့ပြီးသော စကားဖြင့် ဥတုဘောဇန သင်္ဃာကျမ်း၌ အသက်အရွယ်, ကိုယ်ပုံတို့ကို ပြဆိုသော ဒုတိယပိုင်း ပြီး၏။

ဒုတိယကဏ္ဍ ပြီး၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃။ တတိယ ကဏ္ဍ

အသက်ရှည်ရာ အကျင့်ကို ပြခြင်း

၉။ ဗြဟ္မမုဟုတ္တအခါ၌ ပြုကျင့်ဖွယ်

နေ့မထွက်မီ နှစ်နာရီ နှစ်မောင်းသည် ဗြဟ္မမုဟုတ္တ မည်၏၊ ထိုဗြဟ္မမုဟုတ္တ အခါ၌ အိပ်ရာမှ ထ၍ ရှေးဦးစွာ ရတနာ သုံးပါးကို အောက်မေ့၍ ဂုဏ်တော်များကို ရွတ်ရာ၏၊ ထို့နောင် နွားနို့ချဉ်, ထောပတ်, ဂေါရောဧည်း, ဥသျစ်သီး, ဥသျစ်ရွက်တို့ကို မင်္ဂလာ ရှိအောင် အိပ်ရာမှ ထလျှင်ထချင်း ကြည့်ရှုရာ၏၊ ထို့နောက် ကျင်ကြီး, ကျင်ငယ် တို့ကို မအောင့်မချုပ် သွားရာ၏၊ အလွန် အားမထုတ်ဘဲ သွားစေရာ၏၊ ဓလ, ကျင်ကြီး, ကျင်ငယ်, ချောင်းဆိုးလိုခြင်း, ချေဆတ်လိုခြင်း, အန်လိုခြင်း, ကြို့ထိုးလိုခြင်း, အိပ်လိုခြင်း အစရှိသော အဟုန်တို့ကို တစ်ရံတစ်ဆစ်မျှ မတားမမြစ်ရာ၊ မအောင့်ရာ၊ အောင့်လျှင် ရောဂါဥပဒ် ရောက်တတ်သည်၊ ထို့နောင် အချို သစ်သားတို့တွင် သစ်မယ်ဇယ်သား, အစပ်မျိုးတို့တွင် သင်းဝင်, အခါးမျိုးတို့တွင် တမာ, အဖန်မျိုးတို့တွင် ရှားသားတို့ကို လုပ်သော အလုံး လက်သန်းဖျားခန့် ဖြောင့်သော အဆစ် အနာ မရှိသော အရှည် ဆယ်သစ် ဆယ့်နှစ်သစ်ရှိသော ဒန်ပူကို စား၍ တြိကဋ္ဌက် သုံးပါးမှုန့်ကို ပျားရည်နှင့် ဖျော်၍ ဖြစ်စေ သိန္ဓောဆားကို ဆီနှင့် ဖျော်၍ ဖြစ်စေ သွားကို ပွတ်ပြီးလျှင် လျှာကို ခြစ်၍ မျက်နှာ သစ်ရာ၏၊ ညဉ့်ကို ကျင်ကြီး ကျင်ငယ် သွားလျှင် တောင်သို့ မျက်နှာ ပြုရမည်, နေ့ကို သွားလျှင် မြောက်သို့ မျက်နှာ ပြုရမည်, တောင်ကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျက်နှာ ပြု၍ ဒန်ပူ စားလျှင် အသက် တိုသည်၊ သေတတ်သည်၊ အနောက်ကို မျက်နှာ ပြု၍ စားလျှင် အနာရောဂါ များသည်၊ အရှေ့နှင့် မြောက်ကို မျက်နှာ မူ၍ စားလျှင် ချမ်းသာသည်။

ဒန်ပူမစားရာ။ ။ လည်ချောင်း, အာစောက်, နှုတ်ခမ်း, လျှာ, သွား တို့၌ အနာရှိသော သူတို့သည် လည်းကောင်း၊ ပါးသက်နာ ရှိသောသူ, ကိုယ်ရောင်ရမ်းသောသူ, ချောင်းဆိုးနာ, ပန်းနာ, အော့အန်နာ, အားနည်းသောသူ, မူးဝေသောသူ, အစာ မကြေသောသူ, သေယစ်သောသူ, သွားကျိန်းသောသူ, ပင်ပန်းသော သူ, ရေငတ်သော သူ, မောပန်းသောသူ, ဦးခေါင်းနာ, နားနာ, မျက်စိနာ, နှလုံးတုန်နာ, ဖျားစ ခုနစ်ရက် ဖြစ်သော သူတို့သည် ဒန်ပူ မစားရာ၊ လဆန်း လဆုတ် ခြောက်ရက်နေ့၌ လည်းကောင်း ပဗ္ဓ ငါးပါးတို့၌ လည်းကောင်း, သေသော သူကို ရည်၍ အလှူ ပေးသော နေ့၌ လည်းကောင်း, ဥပုသ် ဆောက်တည်သော နေ့၌ လည်းကောင်း, လဆန်း လဆုတ် တစ်ရက်နေ့ ရှစ်ရက်နေ့၌ လည်းကောင်း, လပြည့် လကွယ်နေ့၌ လည်းကောင်း, သင်္ကြန် ပြောင်းသည့် နေ့၌ လည်းကောင်း ဒန်ပူ မစားရာ။

ထိုနေ့တို့၌ အသားမျိုး စားခြင်း, မေထုန် မှီဝဲခြင်းတို့ကိုလည်း ကြဉ်ရှောင်ရာ၏။

၁၀။ ဒန်ပူအမျိုးမျိုးတို့၏ အကျိုးအပြစ်

မရိုးသား ဒန်ပူကို စားလျှင် အမှုမျိုးကို ဆောင်နိုင်၏၊ ပညောင်သား ဒန်ပူသည် ဝမ်းမီးကို တောက်စေတတ်၏၊ သင်းဝင်သား ဒန်ပူသည် ရန်အပေါင်းကို အောင်၏၊ ညောင်ကြတ်သား ဒန်ပူသည် အကျိုးစီးပွား ပြည့်စုံ၏၊ ဆီးသားဒန်ပူသည် မြိန်မြတ်သော အစားအသောက်ကို ရ၏၊ ရှားသား ဒန်ပူသည် ခံတွင်းအနံ့ ကောင်း၏၊ ဥသျစ်သား ဒန်ပူသည် ဥစ္စာ ပေါများ၏၊ သဖန်းသား ဒန်ပူသည် စကားပြောတိုင်း အောင်၏၊ သရက်သား ဒန်ပူသည် အနာ ကင်း၏၊ ထိမ်သား ဒန်ပူသည် လုံလ ဝီရိယ ပညာ ကြီး၏၊ စံကားသား ဒန်ပူသည် အသံ ကောင်း၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နား ကြည်လင်၏၊ ကုက္ကိုသား ဒန်ပူသည် ကျော်စောခြင်း, တင့်တယ်ခြင်း, အသက် ရှည်ခြင်း, အနာ ကင်းခြင်း ဖြစ်၏၊ တောကြက်မောက်သား ဒန်ပူသည် လုံ့လ ဝီရိယ ဉာဏ်ပညာ ကြီး၏၊ လွန်သား ဒန်ပူသည် အစွမ်းသတ္တိ ပညာ ကြီး၏၊ တလည်းသား ဒန်ပူသည် ကိုယ်လက်အင်္ဂါလုပ၏၊ ခံတက်, လက်ထုတ်, စံပယ်, စမ္မာ, ပင်လယ်ကသစ်သား တို့သည် မကောင်းသော အိပ်မက်ကို ဖျောက်၏။

ကွမ်းသီး, ခရိ, ထန်း, ဆပ်သွား, ပေ, စွန်ပလွံ, အုန်း ဤသစ်ပင် ခုနစ်မျိုးတို့သည် **တိဏရာဇာ** မြက်မင်းမျိုး ဖြစ်သည်၊ ထိုအသား ဒန်ပူတို့ကို စားလျှင် ဒွန်းစဏ္ဍားမျိုးဖြစ်၍ ယုတ်မာ၏။

လျှာခြစ်ရန် ရွှေ, ငွေ, ကြေးနီ သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို လုပ်သော် အလယ်၌ ခြစ်၍ ကောင်းအောင် နူးညံ့သော အပြား, အနားဥ်အလုံး, လျှာခြစ်၍ ကောင်းအောင် ထွန်ကိုင်းကဲ့သို့ အကောက်အရှည် ဆယ်သစ်ရှိသော လျှာခြစ်တံနှင့် လျှာကို ခြစ်လျှင် လျှာ၌ ရှိသော အညစ်အကြေး, မကောင်းသော အနံ့, လျှာထူခြင်းတို့ကို ပယ်နိုင်၏။

ပဋိမေ ဘိက္ခဝေ အာနိသံသာ ဒန္တကဋ္ဌသ ခါဒနေ၊ ကတမေ ပဉ္စ၊ စက္ခုသံ၊ မုခံ သုဂန္ဓံ ဟောတိ၊ ရသဟရဏိယော ဝိသုဇ္ဈန္တိ၊ ပိတ္တံ သေမှံ ဘတ္တံ နံ ပရိယော နန္တိ၊ သတ္တမသ အစ္ဆာဒေတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ဒန္တကဋ္ဌသ ခါဒနေ။

(ပဥ္စဂုံတ္တရ ပါဠိတော်)

အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌသ၊ ဒန်ပူကို။ ခါဒနေ၊ စားခြင်း၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ စက္ခုသံ၊ မျက်စိနှင့် သင့်သည်။ ဟောတိ၊ ဖြစ်၏။ မုခံ၊ ခံတွင်းသည်။ သုဂန္ဓံ၊ ကောင်းသော အနံ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ရသဟရဏိယော၊ အရသာကို ဆောင်ကုန်သော လျှာ, လည်ချောင်းတို့၌ရှိသော အကြောတို့သည်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ပိတ္တံ၊ သည်းခြေကို လည်းကောင်း။ သေမှံ၊ သလိပ်ကို လည်းကောင်း။ ဘတ္တံ၊ ထမင်းကို လည်းကောင်း။ နပရိယောနန္တိ၊ အပိတ်အပင် မရှိ။ အဿ၊ ထိုဒန်ပူ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

စားသော သူသည်။ ဘတ္တံ၊ ထမင်းကို။ အစ္ဆာဒေတိ၊ နှစ်သက်၏။ (မြန်၏လည်းဟူ။) ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္ဓကဋ္ဌသ၊ ဒန်ပူကို။ ခါဒနေ၊ စားခြင်း၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

[ဒန်ပူ မစားရာ၌ အပြစ် ငါးပါးကိုလည်း အပြန်အားဖြင့် ၎င်းပါဠိတော်တွင် ဟောတော်မူသည်။]

၁၁။ လုတ်ဆေးခြင်း အကျိုး

ရေအေးဖြင့် လုတ်ဆေးခြင်းသည် သလိပ်နာ, ရေငတ်သော အနာ, ခံတွင်း၏ အညစ်အကြေးတို့ကို ပယ်နိုင်၏၊ ရေချုပ်ချုပ် နွေးနွေးနှင့် လုတ်ဆေးခြင်းသည် သလိပ်, နှုတ် မမြိန်ခြင်း, ခံတွင်း၏ အညစ်အကြေးတို့ကို ပယ်နိုင်၏၊ သွားကြိတ်ခြင်းကို ပယ်နိုင်၏၊ ခံတွင်းပေါ်၏။

အဆိပ်သင့်သော သူ, မူးဝေသော သူ, သေအရက် စသည်တို့ဖြင့် ယစ်မူးသောသူ, အားခွန် ကုန်ခမ်းသောသူ, သွေးဝမ်း ကျသောသူ, သွေးအန်နာ ရှိသောသူ, မျက်စိနာ ရှိသောသူ, ဝမ်းသက်သော သူ တို့သည် လုတ်မကျင်းအပ်။

မျက်နှာသစ်ခြင်း။ ။ ရေအေးဖြင့် မျက်နှာသစ်ခြင်းသည် သွေးအန်ခြင်း, သွေးဝမ်းကျခြင်း, ရတ္တပိတ်နာ, မူးဝေသော အနာ, ဝက်ခြံ, မွဲ, ညှင်း, တင်းတိပ်တို့ကို နိုင်၏၊ ရေနွေးဖြင့် မျက်နှာသစ်ခြင်းသည် လေ, သလိပ်တို့ကို နိုင်၏၊ မျက်နှာ နု၏၊ ခံတွင်းခြောက်ခြင်းကို ပယ်နိုင်၏။

ရေရှူခြင်း။ ။ မျက်နှာ သစ်သောအခါ ရေသုံး လက်ဖက်ကို သုံးခါ ရှူရာ၏၊ ရေ တစ်လက်ဖက်လျှင် အချိန် ဒဂိုး ရှစ်ပြားခန့် ရှိ၏။ ဤသို့ ရေ သုံးလက်ဖက် ရှူခြင်းသည် ဆာမွတ်ခြင်း, အရေ တွန့်ရှုံ့ခြင်း, ဆံဖြူခြင်းတို့ကို နိုင်၏၊ နှာစေးနာ, ချောင်းဆိုးနာ, ကိုယ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရောင်ရမ်းသော အနာတို့ကို နှိုင်၏၊ အသက်ရှည်၏၊ မျက်စိကို ကြည်လင်စေတတ်၏။

ဆီ ထောပတ် သောက်သော သူ, ထိခိုက် ရှုနသောသူ, ဝမ်းရောင်သောသူ, ကြက်မျက်သင့်သော သူ, ဖျဉ်းစွဲသောသူ, မောပန်းသောသူ, လေသလိပ် ထသော သူတို့သည် ရေ မရှူကောင်း။

ရေသောက်ခြင်း။ ။ မျက်နှာ သစ်ပြီးနောက် နေမထွက်မီ ညဉ့်ဦးယံက ခပ်ထားသော ရေကို ရှစ်လက်ဖက် သောက်ရာ၏၊ ထိုသို့ နံနက်စောစော ရေသောက်ခြင်းသည် မြင်းသရိက်နာ, ကိုယ်ရောင်သော အနာ, ဝမ်းကိုက်နာ, ဖျားသောအနာ, ဝမ်းချုပ်သောအနာ, နူနာ, အဆီခဲနာ, ဆီးဖောက်ပြန်သော မုတ္ထဃာတ်နာ, သွေးနာ, သည်းခြေနာ, ခေါင်းသို့ သွေးရောက်သော အနာ, မျက်စိနာ, လေ သလိပ် သည်းခြေတို့ ကြောင့် ဖြစ်သော အနာတို့ကို နှိုင်၍ အနှစ်တစ်ရာ ချမ်းသာစွာ အသက်ရှည်၏။

မျက်စဉ်းခတ်ခြင်း။ ။ မျက်နှာသစ်ပြီးလျှင် လက်ဝဲကန့်တိုက် အဖြူကို မျက်စဉ်း ခတ်ရာ၏၊ မျက်စိ မသီနိုင်၊ လက်ဝဲကန့်တိုက် အညိုကို မျက်စဉ်း ခတ်ခြင်းသည် မျက်စိ ယားခြင်း, မျက်စိ၌ အညစ်အကြေးတို့ကို ပယ်နိုင်၏၊ မျက်စိ ပူခြင်း, မျက်ရည် ယိုခြင်း, မျက်စိ နာခြင်းများကို ပယ်နိုင်၏၊ လေ, နေပူကို ခံနိုင်၏၊ လက်ဝဲကန့်တိုက်ကို သိုးဆောင်းတို့က (အန္တိမိုနီ)[၁] ခေါ်သည်။

ညဉ့်အိပ်၍ မပျော်သော သူ, ပင်ပန်းသော သူ, အော့အန်သော သူ, အစာစားပြီးစ ဖြစ်သောသူ, ဖျားသောသူ, ခေါင်းလျှော်၍ ပြီးစ ဖြစ်သော သူတို့သည် မျက်စဉ်း မခတ်အပ်။

ရိတ်ဖြတ်ခြင်း။ ။ ငါးရက် တစ်ကြိမ် ခြေသည်း လက်သည်း မုတ်ဆိတ် နှုတ်ခမ်းမွေးတို့ကို နုတ်ပယ် ရိတ်ဖြတ်ရာ၏၊ ခြေသည်း , လက်သည်း, မုတ်ဆိတ်, နှုတ်ခမ်းမွေးတို့ကို ရိတ်ဖြတ်ခြင်းသည် ဝစေတတ်၏၊ ဥစ္စာကို ရစေတတ်၏၊ အသက် ရှည်၏၊ လွန်စွာ စင်ကြယ်

၁။ Anti mony

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၏၊ နှစ်သက်ခြင်း, တင့်တယ်ခြင်းတို့ကို ပြုတတ်၏၊ နုတ်သင့်သော အမွေးတို့ကို နုတ်အပ်၏၊ နှာခေါင်းမွေးကိုမူကား ရိတ်ဖြတ်ခြင်းကိုသာ ပြုအပ်သည်၊ တစ်ရံတစ်ဆစ်မျှ မနုတ်အပ်၊ ထိုနှာခေါင်းမွေးကို နုတ်လျှင် အလျင်အမြန် မျက်စိ သီတတ်သည်။

ဆံဖြီးခြင်း။ ။ မျက်နှာသစ်ပြီးလျှင် ဆံကို ဖြီးရာ၏၊ ဆံကို ဖြီးခြင်းသည် ဖုတ်, မြူ, သနံး, အညစ်အကြေးတို့ကို ပယ်နိုင်၏။

မှန်ကြည့်ခြင်း။ ။ မှန် ကြည့်ခြင်းသည် မင်္ဂလာ ရှိ၏၊ နှစ်သက်ခြင်းကို ပြုတတ်၏၊ ဝပြောစေတတ်၏၊ အားရှိ၏၊ အသက် ရှည်၏၊ သနခြင်း, ကျက်သရေ မရှိခြင်းကို ဖျက်ဆီးနိုင်၏။

၁၂။ အားကစား ပြုလုပ်ချိန်နှင့် ရှောင်ကြဉ်ချိန်

ဝသန္တရတု, သိသိရ ရတုတို့၌ နံနက် ညနေအခါ သိုင်းကစားခြင်း, သိုင်းရိုက်ခြင်း အစရှိသည်ဖြင့် အပင်ပန်းခံခြင်းသည် ကိုယ်လက်ပေါ့ပါး၏၊ ခိုင်ခံ့၏၊ အမှုကို လုပ်ဆောင်နိုင်၏၊ အစာ ကြေ၏၊ ကြေခဲသော အစာသော်လည်း ကြေလွယ်၏၊ ဝသော သူ, အားကြီးသော သူ, ကြေခဲသော ဆီဥ, ထောပတ် အသားများကို စားသောသူတို့ သာ၍ သင့်၏၊ လူခပ်သိမ်းတို့ပင်သော်လည်း အားထက်ဝက်မျှလောက် အပင်ပန်း ခံခြင်းသည် သင့်လျော်၏၊ နှဖူး, နှာခေါင်း, လက်ကတီးကြား, ပေါင်ခြံကြားတို့၌ ချွေး ထွက်လျှင် အားထက်ဝက် ကုန်ပြီဟု သိရ၏။

အစာ စားပြီးစ ဖြစ်သောသူ, ချောင်းဆိုးနာ, ပန်းနာရှိသော သူ, ပိန်သော သူ, ခွန်အား ကုန်ခန်းသော သူ, ရုတ္တပိတ်နာ ရှိသော သူ, ထိခိုက်ရှနသော သူတို့သည် အပင်ပန်း မခံအပ်။

အားကုန်အောင် အပင်ပန်းခံခြင်းသည် ချောင်းဆိုးခြင်း, ဖျားနာခြင်း, အော့အန်ခြင်း, ပင်ပန်းခြင်း, ရင်တမ်ခြင်း, ရုတ္တပိတ်နာတို့သည် ဖြစ်တတ်ကုန်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၃။ ဆီ နှံ့သာမွေး လိမ်းကျံခြင်းတို့၏ အကျိုး

ဆီလိမ်းခြင်း။ ။ နံနက်ခင်း, ညနေခင်း၌ ဆီလိမ်းနယ်ခြင်းသည် ကြည်လင် သန့်ရှင်းစေတတ်၏၊ ပစေတတ်၏၊ ပန်းတို့ဖြင့် ထုံအပ်သော ဆီမွေး, နံ့သာဖြူဆီ, ကရမက် အစရှိသော ဆီမွေးတို့ဖြင့် ကိုယ်လက်အင်္ဂါတို့ကို လိမ်းနယ်ခြင်းသည် လေနာ, သလိပ်နာ, နှလုံးနာ, ပင်ပန်းခြင်းတို့ကို ငြိမ်းစေနိုင်၏၊ အားကြီး၏၊ ချမ်းသာ၏၊ အထူးအားဖြင့် ဦးခေါင်း, နား, ခြေထောက်တို့၌ အမြဲ လိမ်းနယ်အပ်၏၊ ဦးခေါင်း, ဆံပင်တို့ကို ဆီမွေး လိမ်းခြင်းသည် ဣန္ဒြေ အလုံးစုံကို ပြည့်ဖြိုး စေတတ်၏၊ မျက်စိ ကြည်လင်၏၊ ဦးခေါင်း၌ ရောဂါ မဖြစ်နိုင်၊ ဆံပင် မွားခြင်း, ရှည်ခြင်း, နူးညံ့ခြင်း, နက်ခြင်းတို့သည် ဖြစ်ကုန်၏။

ဆီခတ်ခြင်း။ ။ နား၌ ဆီမွေး ခတ်ခြင်းသည် နားနာ မဖြစ်နိုင်၊ နား၌ အညစ်အကြေး မရှိနိုင်၊ လည်ကုပ်, ကျောတောင့်ခြင်း, မေးခိုင်ခြင်း မဖြစ်နိုင်၊ နားမအူနိုင်၊ နားမထိုင်းနိုင်၊ မပိတ်နိုင်၊ နား၌ ဆေးရည်တို့ကို ခတ်လိုလျှင် အစာ မစားမီ ခတ်ခြင်းတို့ကို ချိုးမွမ်းအပ်၏၊ ကောင်း၏၊ ဆီကို ခတ်လိုလျှင် နေဝင်ပြီးနောက်မှ ခတ်ခြင်းကို ချိုးမွမ်းအပ်၏၊ ကောင်း၏။

ဆီနယ်ခြင်း။ ။ ခြေထောက်ကို ဆီလိမ်းနယ်ခြင်းသည် ကိုယ်လက် ခိုင်ခံ့၏၊ မျက်စိ ကြည်၏၊ အိပ်၍ ပျော်၏၊ ပင်ပန်းခြင်း, ခြေတောင့်ခြင်း, ခြေနာခြင်း, ခြေရောင်ခြင်းတို့ကို နိုင်၏၊ အပင်ပန်းခံပြီးသောသူတို့၏ ခြေထောက်ကို ဆီနှင့်နယ်လျှင် အပင်ပန်း ပြေ၏၊ အနာရောဂါမျိုးတို့သည် မဖြစ်နိုင်။

ထို့ကြောင့် ရဟန်းတို့အား ပရိက္ခရာ ဆီကျည်တောက်ကို ခွင့်ပြုတော်မူသည်၊ မွေးတွင်း, အကြောတို့ကို ဆီလိမ်းနယ်လျှင် အားကြီး၏၊ ရေလောင်းသော သစ်ပင်သည် စည်ပင် တိုးပွားသကဲ့သို့ ဆီလိမ်းနယ်သော ကိုယ်သည် စည်ပင် တိုးပွား၏။

ဗျားစ ခုနစ်ရက်အတွင်းသည် အဖျားသစ် မည်၏၊ ဤအဖျားသစ် ရှိသောသူ, အစာမကြေသော သူ, ဝမ်းကျသော သူ, အန်သော သူ, ဝမ်းချုပ်၍ ပြီးစဖြစ်သောသူတို့ ကိုယ်ကို ဆီ မလိမ်းအပ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၄။ ချေးတွန်းခြင်း စသည်တို့၏ အကျိုး

ချေးတွန်းခြင်း။ ။ ချေးတွန်းခြင်းသည် သလိပ်ကို ပယ်နိုင်၏၊ အဆီခဲနာကို နိုင်၏၊ သုက်ကို ပေးတတ်၏၊ အားကြီး၏၊ သွေးကို ပွားစေတတ်၏၊ အညစ်အကြေး ကင်း၍ အရေကို ကြည်လင်စေတတ်၏၊ နူးညံ့စေတတ်၏၊ မျက်စိ, ခြေထောက်, မျက်နှာတို့ကို ခိုင်ခံ့စေတတ်၏၊ ပါးစောင်, သားမြတ်, မျက်နှာတို့ကို ပြည့်ဖြိုးစေတတ်၏၊ နှစ်သက်ဖွယ်ရှိ၏၊ ဝက်ခြံ, ဆားဝက်ခြံ ကင်း၏။

ရေချိုးခြင်း။ ။ ရေချိုးခြင်းသည် ဝမ်းမီး တောက်၏၊ ဝ၏၊ အသက်ရှည်၏၊ အားခွန်ဗလ သြဇာတို့ကို ပေးတတ်၏၊ ယားနာ, အညစ်အကြေး, ပင်ပန်းခြင်း, ချွေး, ကိုယ်လက်တောင့်တင်းခြင်း, ရေငတ်ခြင်း, ပူအိုက်ခြင်း, ကိုယ်ပူခြင်းတို့ကို ဖျောက်နိုင်၏၊ အပူကို ရေအေး လောင်းသည် ရှိသော် အပူသည် အတွင်းသို့ ရောက်၍ ဝမ်းမီးကို ချက်ချင်း တောက်စေ၏၊ ရုတ္တပိတ်နာကို နိုင်၏၊ ရေနွေးနှင့် ရေချိုးခြင်းသည် အားကြီး၏၊ လေ သလိပ်ကို နိုင်၏။

ရေနွေးနှင့် ခေါင်းလျှော်ခြင်းသည် မျက်စိနှင့် မသင့်၊ လေသလိပ် ပျက်သောသူမူကား ရေနွေးနှင့် ခေါင်းလျှော်ခြင်း, ချိုးခြင်းကို ပြုအပ်၏။

ချေးတွန်းမှုန့်။ ။ အခါခပ်သိမ်း ဆီးဖြူသီးနှင့် ချေးတွန်း၍ ရေချိုးခြင်းသည် အရေတွန့်ခြင်း, ဆဲဖြူခြင်း လွတ်၍ အနှစ်တစ်ရာ အသက်ရှည်၏၊ ဖျားသောသူ, ဝမ်းကျသောသူ, မျက်စိနာ, နားနာရှိသောသူ, လေနာထသောသူ, ဝမ်းရောင်သောသူ, နှာစေးသောသူ, အစာမကြေသောသူ, အစာ စား၍ ပြီးစဖြစ်သော သူတို့သည် ရေမချိုးအပ်၊ ရေချိုး၍ ပြီးလျှင် ပြီးခြင်း အဝတ်နှင့် ရေကို စင်အောင် သုတ်ခြင်းသည် ကိုယ်၏ နှစ်သက်ခြင်းကို ပေးတတ်၏၊ ယားနာ, အရေခွံ ဖြစ်သမျှသော အနာတို့သည် ကင်း၏။

ခေါင်းလျှော်ရည်။ ။ ငါးရှဉ်းဆယ်ဇာတ်, ဆေးကျမ်းတို့တွင် ရေချိုးရာ၌ လည်းကောင်း ခေါင်းလျှော်ရာ၌ လည်းကောင်း ဆီးဖြူ, ကြစု, သစ်ဆိမ့်ဟူသော အသီး သုံးမျိုးဖြစ်သော တြိဖလကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပြုတ်သော အရည်, ၎င်းအမှုန့်တို့ဖြင့် ချေးတွန်းခြင်း, ခေါင်းဆေးခြင်း ကို ပြုရမည်ဟူ၍သာ ဆို၏၊ မြန်မာနိုင်ငံမှာကဲ့သို့ တရော်, ကင်ပွန်း, ဆပ်ပြာတို့ဖြင့် ခေါင်းဆေးခြင်း, ချေးတွန်းခြင်းကို ပြုရမည်ဟူ၍ စာပေ ကျမ်းဂန်တွင် မရှိဖြစ်လေသည်။

ဥတုအလိုက် ဝတ်ရုံခြင်း။ ။ အေးသော ဟေမန္တဥတု, သိသိရ ဥတု လေးလတို့၌ ပိုးအဝတ်, သားမွေးအဝတ်, နီသော အဆင်းရှိသော အဝတ်, ပုဆိုးစောင်တို့ကို ဝတ်ရုံလျှင် နွေး၏၊ လေသလိပ်ကို နှိုင်၏။

ချိပ်, ပိန်, တောက်ရပ် အစရှိသော ဖန်သော အရည်တို့ဖြင့် ဆိုးသောအဝတ်ကို ပူသော ဝသန္တဥတု, ဂိမ္ဟဥတု လေးလတို့၌ ဝတ်ရုံရာ၏၊ အေး၏၊ စင်ကြယ်၏၊ သည်းခြေကို နိုင်၏၊ ထိုဖန်ရည်ဆိုးသော အဝတ်တို့တွင် ပေါ့သော အဝတ်ကို ချီးမွမ်းအပ်၏။

ဝဿာနဥတု, သရဒဥတု လေးလတို့၌ ဖြူသော အဝတ်ကို ဝတ်ရုံရာ၏၊ တင့်တယ်၏၊ မပူမအေး ဖြစ်၏၊ အအေးအပူကို တားမြစ် နိုင်၏။

အညစ်အကြေး မရှိသော အဝတ်သစ်ကို ဝတ်ခြင်းသည် ဘုန်း ကျက်သရေ တိုးတက်၏၊ ကာမဂုဏ်ကို တိုးပွားစေတတ်၏၊ အသက် ရှည်၏၊ နှစ်သက်ဖွယ် ရှိ၏၊ ချစ်ဖွယ် ရှိ၏၊ ချေးရှိသော အဝတ်ဟောင်း ကို ဝတ်ခြင်းသည် ယားနာပေါက်တတ်၏၊ သန်းများ၏၊ လူ နာ၏၊ ကျက်သရေ ယုတ်၏။

ဥတုအလိုက်လိမ်းခြင်း။ ။ အေးသော ဟေမန္တဥတု, သိသိ ရ ဥတု လေးလတို့၌ ကုံကုမ်, ကရမက်, အကျော်, လိပ်သည်းတို့ ကို ရော၍ လိမ်းရာ၏၊ ပူ၏၊ လေသလိပ်ကို နှိုင်၏။

ပူသော ဝသန္တဥတု, ဂိမ္ဟဥတု လေးလတို့၌ ကရမက်, ပရုတ်, သားလှကျေးဇူး သုံးပါးတို့ကို ရော၍ လိမ်းရာ၏၊ အေး၏။

ဝဿာန, သရဒ မိုးတွင်းလေးလတို့၌ ကရမက်, ကုံကုမ်, ကတိုး သုံးပါးတို့ကို ရော၍ လိမ်းရာ၏၊ မပူမအေး ရှိ၏။

ဆိုခဲ့ပြီးသော အမွေးလိမ်းကျံခြင်းသည် ရေတက်ခြင်း, မူးဝေခြင်း, မကောင်းသော အနံ့, ချွေး, ကိုယ်လက်ပူပန်ခြင်းတို့ကို နှိုင်၏၊ တင့်တယ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခြင်း, တန်ခိုး, အရေအဆင်း နှစ်သက်ခြင်း, ဩဇာ အားခွန်တို့ကို ပွားစေတတ်၏၊ ရေမချိုးကောင်းသော သူတို့သည်လည်း အမွေး မလိမ်းကောင်း။

ပန်းပန်ခြင်း။ ။ မွေးသော ပန်းတို့သည် ပန်ခြင်းသည် နှစ်သက်ဖွယ်ကို ပြုတတ်၏၊ သနခြင်း, အမှောင့်ပယောဂ, မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းတို့ကို ပယ်နိုင်၏၊ ကာမဂုဏ်ကို ပေးတတ်၏၊ ကျက်သရေကို တိုးပွားစေတတ်၏။

၁၅။ နေ့နံအလိုက် ရတနာတို့ကို ဝတ်ဆင်ရကျိုး

ဝတ်ဆင်ရန် ရတနာ။ ။ ရွှေကို ဝတ်ဆင်ခြင်းသည် စင်ကြယ်၏၊ တင့်တယ်၏၊ နှစ်သက်ဖွယ် ရှိ၏၊ စိန်, ကျောက်နီ အစရှိသော အမျက်ကျောက်မျိုးကို ဝတ်ဆင်ရခြင်းသည် မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းကို ပယ်နိုင်၏၊ ကိုယ်ကို စည်ပင်စေတတ်၏၊ မကောင်းသော အိပ်မက်ကို ဖျက်ဆီး နိုင်၏၊ သနခြင်း, မတင့်တယ်ခြင်းကို ငြိမ်းစေတတ်၏။

ဂြိုဟ်အလိုက် ရတနာ။ ။ ဂြိုဟ်အစီးအနင်း, ဒသာစား, ဂြိုဟ်စား, ဂြိုဟ်ပျက်, သက်ရောက် မကောင်းသောအခါ ဂြိုဟ်အားလျော်စွာ ဝတ်ဆင်ရန် ရတနာမျိုးကား...

(၁) တနင်္ဂနွေမှာ ကျောက်နီ
(၂) တနလာမှာ ပုလဲ
(၃) အင်္ဂါမှာ သန္တာ
(၄) ဗုဒ္ဓဟူးမှာ မြ
(၅) ကြာသာပတေးမှာ ဥဿဖယား
(၆) သောကြာမှာ စိန်
(၇) စနေမှာ နီလာ
(၈) ရာဟုမှာ ဂေါမိတ်
(၉) ကိတ်မှာ ကြောင်-

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တို့ကို ဝတ်ဆင်အပ်ကုန်၏၊ ဤအမျက်ကျောက် ကိုးမျိုးတို့ကို ဂြိုဟ် အစီးအနင်း အစရှိသည် မကောင်းသောအခါ နဝရတ် လက်စွပ်, ဘယက် ပြုလုပ်၍ ဆင်ယင် ဝတ်စားရမည်။

နဝရတ် လက်စွပ်။ ။ နဝရတ်လက်စွပ် လုပ်နည်းမှာ လည်း ယခုအခါ မြန်မာနိုင်ငံတွင် လုပ်ဆောင်ကြသည့် နဝရတ် လက် စွပ်များသည် ဗေဒင်ကျမ်း, ဆေးကျမ်းတို့နှင့် မညီ၊ "အရွှေ့က စ၍ လက်ယာရစ် စိန်, ပုလဲ, သန္တာ, ဂေါ်မိတ်, နီလာ, ကြောင်, ဥဿဖယား, မြ၊ အလယ်၌ ကျောက်နီကို ထား၍ ပြုလုပ်သော လက် စွပ်, ဘယက်တို့မှာ ဗေဒင်ကျမ်း ဆေးကျမ်းတို့နှင့် ညီသည်။

အနုဆေး။ ။ ဂေါရာဇ်းကို ဆောင်ခြင်းသည် မင်္ဂလာ ရှိ၏၊ အသက် ရှည်၏၊ ကျက်သရေ ရှိ၏၊ ပယောဂကို နိုင်၏၊ ဘေးရန်ကို ဖျက်ဆီးနိုင်၏၊ အနုဆေးဖြစ်၍ လူချစ်၏။

ဖိနပ်စီးခြင်း။ ။ ဖိနပ်စီးခြင်းသည် ခြေနာကို ပယ်နိုင်၏၊ ဝ၏၊ မျက်စိနှင့် သင့်၏၊ အသက် ရှည်၏။

၁၆။ အစာ စားရာ၌ ဒေသ, ကာလ ၂-ပါးကို ဆင်ခြင်ရန်

လူတို့၌ စားချင်ခြင်း, သောက်ချင်ခြင်း, မေထုန်မှီဝဲချင်ခြင်း ဤသုံးပါးတို့သည် အမြဲမပြတ် ဖြစ်၏၊ ထမင်းဆာခြင်းသည် ကိုယ်လက် ခွန်းနယ်၏၊ ခံတွင်းပျက်၏၊ ထိုင်းမှိုင်း၏၊ မျက်စိ ဝေ၏၊ ဝမ်းတွင်းပူ၏၊ အားကုန်၏၊ ရေငတ်ခြင်းသည် လည်ချောင်းကို ခြောက်စေ၏၊ နားထိုင်း ၏၊ ခြောက်သွေ့၏၊ ရင်ခုန်၏၊ အစာကို အဆာခံ၍ မစားရာ၊ ဆာလျက် မစားဘဲ နေလျှင် ဝမ်းမီး ပျက်တတ်သည်ဖြစ်၍ နောက်တစ်ဖန် ထပ်စား သော်လည်း အစာ မကြေနိုင်ဖြစ်တတ်သည်၊ စားအပ်သော အစာသည် ဝစေတတ်၏၊ ချက်ချင်း အားကို ဖြစ်စေတတ်၏၊ ကိုယ်ကို ဆောင်ရွက် နိုင်၏၊ သတိ, ပညာ, အစွမ်းသတ္တိ, အရည်အဆင်း, ဩဇာ, အသက်,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တင့်တယ်ခြင်းတို့ကို ပွားစေတတ်၏၊ ထို့ကြောင့် လူတို့သည် ဒေသ, ကာလနှစ်ပါးတို့ကို ဆင်ခြင်၍ အစာ စားရာ၏။

ကာလနှစ်ပါး ဟူသည်ကား နံနက်နှင့် ညတည်း၊ နေ့လည်၌ အစာ မစားရာ၊ နံနက်စာကို အနောက်တိုင်းပြည် မဏ္ဍိမဒေသများ၌ နေ့ကို သုံးပုံ ပုံ၍ ပထမပုံ အထွက် ဒုတိယ အဝင်စ၌ စားကုန်၏၊ နေ့ကို သုံးပုံ သုံးယံပြု၍ ယံ၏ အလယ်၌ မစားရာ၊ နံနက်စာကို ယံနှစ်ခုကို မလွန်စေအပ်၊ ယံ၏ အလယ်၌ စားလျှင် ရသသေအဓိဏ္ဌာနာ ဖြစ်တတ်၏၊ ပထမယံ, ဒုတိယယံ ဖြစ်သော ယံ နှစ်ပါးကို လွန်မှ စားလျှင် အားကုန်တတ်၏။

အစာ စားသင့် မစားသင့်။ ။ တစ်နည်းကား ရသဒေါသ, ကျင်ကြီး, ကျင်ငယ် စသော အညစ်အကြေးတို့သည် ကျက်ကုန်ကြေကုန်သည်ရှိသော် စားလိုခြင်း, ဆာခြင်း အကြောင်းသည် ဖြစ်တတ်၏၊ ဤကဲ့သို့ စားလိုခြင်း, ဆာခြင်း ဖြစ်သော အခါသည် အစာ စားသင့်သော အခါ ဖြစ်၏၊ မဆာလျှင် မည်သည့် အခါမဆို မစားကောင်း၊ လေမတက်၊ ကျင်ကြီး, ကျင်ငယ် အဟုန်မပျက် သွား၏၊ ကိုယ်လက်ပေါ့ပါး၏၊ စားသောက်လို၏၊ ဤသည်ကား အစာကြေသော လက္ခဏာတည်း။ စားသောက်လျှင် စားသောက်ချင်း စားသောက်သော အစာကျက်စေ၍ ထွက်မြဲတိုင်း ကျင်ကြီး, ကျင်ငယ်, ချွေးတို့ ထွက်ခြင်းသည် ကျန်းမာသော သူ၏ လက္ခဏာတည်း။

အစာထည့်ခွက်။ ။ အစာ ထည့်သော ရွှေခွက်သည် ဒေါသသုံးပါးကို နိုင်၏၊ မျက်စိ ကြည်လင်၏၊ လူနှင့် သင့်၏၊ ငွေခွက်သည် မျက်စိနှင့် သင့်၏၊ သည်းခြေကို နိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ကြေးဖြူ, ကြေးကြိုပ်ခွက်သည် ဉာဏ်ပညာကို ပေးတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သွေး, သည်းခြေကို ကြည်လင်စေတတ်၏၊ ကြေးဝါခွက်သည် လေကို ပျက်စေတတ်၏၊ ခြောက်၏၊ ပူ၏၊ ပိုးနာ, သလိပ်နာကို နိုင်၏၊ သံခွက်၌ ထည့်အပ်သော ဘောဇဉ်သည် အမှုခပ်သိမ်း ပြီးစီးခြင်းကို ပြုတတ်၏၊ ကိုယ်ရောင်ရမ်းသော အနာ, သည်းခြေ ပျက်၍ ဖြူဖျော့သော အနာကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ဓာတ် ကုန်ခန်းခြင်းကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပယ်နိုင်၏၊ ကျောက်ခွက် မြေခွက်၌ ထည့်သော ဘောဇဉ်သည် ဘုန်းကျက်သရေကို တားမြစ်တတ်၏၊ သစ်သားခွက်၌ ထည့်သော ဘောဇဉ်သည် နှုတ်ကို မြိန်စေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ ဖက်ခွက်သည် နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးတောက်၏၊ အဆိပ်သင့်ခြင်းကို နိုင်၏၊ သနခြင်းများကို ပယ်နိုင်၏။

သောက်ရေခွက်။ ။ ကြေးနီ သောက်ရေခွက်သည် လည်းကောင်း မြေခွက်သည် လည်းကောင်း သင့်၏၊ ကျောက်သလင်းခွက်, ဖန်ခွက်သည် စင်ကြယ်၏၊ အေး၏၊ ကြေးခွက်, အမျက်ကျောက်ကို လုပ်သော ခွက်တို့သည်လည်း ကျောက်သလင်းခွက်, ဖန်ခွက်နှင့် တူကုန်၏။

မစားမီ ပြုရန်။ ။ ထမင်း မစားမီ စားခါနီးအခါ သိန္ဓော နှင့် ချင်းကို စားခြင်းသည် ဝမ်းမီးတောက်၏၊ နှုတ်မြိန်၏၊ လေ, သလိပ်ကို နိုင်သောကြောင့် လျှာ, လည်ချောင်း သန့်ရှင်း၏။

မစားမီ ဆင်ခြင်ရန်။ ။ သာသနာတော် အလိုအားဖြင့်ကား ရတနာ သုံးပါးကို အောက်မေ့၍ စားသင့်၏၊ တစ်နည်းလည်း "ပဋိသန္ဓါ ယောနိသော ပိဏ္ဍပါတံ" အစရှိသည်ကို ရွတ်၍ စားသင့်၏၊ တစ်နည်းလည်း စားသောက်အပ်သော အစာ အာဟာရသည် နတ်ဩဇာလောက်ပင် အနှံ့အရသာနှင့် ပြည့်စုံသော်လည်း ခံတွင်းသို့ ရောက်လျှင် တံတွေးနှင့် ရောရှ ဝါးသောကြောင့် ခွေးအန်ဖတ်နှင့် တူသဖြင့် စက်ဆုပ်ဖွယ်ဖြစ်၏၊ အစာသစ်အိမ် အူသို့ ရောက်ပြန်လျှင်လည်း သလိပ်, သွေး, ပြည်, သည်းခြေဟူသော အာသယ လေးပါးနှင့် ရောရှ စက်ဆုပ်ဖွယ်ရှိ၏၊ အစာဟောင်းအိမ်သို့ ရောက်ပြန်လျှင်လည်း ကျင်ကြီးဖြစ်၍ စက်ဆုပ်ဖွယ် ရှိ၏၊ ဤသို့ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ စားသင့်၏။

ချိုချဉ်ရသာ သုံးဆောင်နည်း။ ။ အစာ စားလို၍ ဆာသော သူ၌ လေပျက်လျက် ရှိ၏၊ ထို့ကြောင့် လေကို နိုင်အောင် ရှေးဦးစွာ အချို, အဆိမ့်ကို စားရာ၏၊ သုံးပုံ တစ်ပုံခန့် စားမိလျှင် သည်းခြေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အိမ်မှ သည်းခြေသည် ထွက်၍ အစာနှင့် ရောသောကြောင့် သည်းခြေကို နိုင်အောင် အချဉ်, အငန်ကို စားရာ၏၊ သုံးပုံနှစ်ပုံ ကျပြီးနောက် အစာ ဝင်သော လမ်း အစာသစ်အိမ်တို့၌ ရှိသော သလိပ်သည် အစာ၌ ဝင်၍ ရောနှောသောကြောင့် အပူ, အစပ်, အဖန်ကို စား၍ ပြီးဆုံးစေရာ၏၊ ပြီးလျှင် စားအပ်သော အပူအစပ်၏ အခိုးသတ္တိကို နိုင်အောင် အစာ ပျောင်းပျော့၍ နပ်အောင်, ကျက်အောင် အဖျော်ရည်, ရှလပတ်ရည်, နွားနို့ သင့်ရာတို့ကို သောက်အပ်ကုန်၏။

ထမင်းဆာသောသူ၌ လေထသည်၊ ဝမ်းမီးတောက်သည်၊ ထိုကြောင့် ကြေခဲသော ထောပတ်, အချို, အဆိမ့်, မုန့်, ကြာစွယ်, ကြာရင်း, ကြာဥ အစရှိသော ဥမျိုး၊ လိမ္မော်, တလည်း အစရှိသော အသီးမျိုး၊ သစ္စား အစရှိသော အသီးမျိုးတို့ကို လည်းကောင်း၊ သကြား, ကြံသကာ အစရှိသော ကြေခဲသော အစာတို့ကို လည်းကောင်း၊ ကောက်ညှင်း, ထမင်းနဲ့ အစရှိသော ကြေခဲသော အစာတို့ကို လည်းကောင်း ရှေးဦးစွာ စားအပ်၏၊ ထမင်း စားပြီးနောက် တစ်ရံတစ်ဆစ်မျှ မစားကောင်း၊ ထို့နောင် ထမင်းဟင်းတို့ကို စားအပ်ကုန်၏၊ ထို့နောင် နွားနို့ချဉ်, ရက်တက် အစရှိသည်တို့ကို စားအပ်ကုန်၏၊ ထို့နောင် အစပ်, အဖန်တို့ကို စားပြီးလျှင် အရည်မျိုးတို့ကို သောက်အပ်ကုန်၏။

ဤသို့ ဆေးကျမ်းတို့တွင် ဆိုသည့်အတိုင်း မြတ်စွာဘုရားနှင့် ရဟန္တာအပေါင်းတို့သည် နံနက် နေအရောတက်လျှင် အချို, အဆိမ့်၊ အကောင်းအမွန်, မုန့်မျိုး, သစ်သီးမျိုး စသည်တို့ကို စားတော်မူကြ၍ ဆွမ်းခံဝင်ပြီးလျှင် ပြန်မှ ဆွမ်းစားတော်မူကြသည်၊ ယခုတိုင် အနောက်ပြည်သား သိုးဆောင်း, ပသီ, မွန်ဂို, ဟိန္နူ, ဗင်္ဂလီ စသော လူမျိုးတို့မှာ နံနက်စောစော မုန့်, နွားနို့ စသည်တို့ကို စား၍ ပထမယံ လွန်ပြီးနောက်မှ ထမင်းစားကြသည်။

ပူ, အေး, ပျော့, မာ ထမင်း။ ။ အလွန် ပူသော ထမင်း ဟင်း အစာတို့ကို စားလျှင် အားပျက်၏၊ အလွန် အေးသော ထမင်းဟင်း ခြောက်သော မုန့်ဆန်း စသော ဝတ္ထုတို့သည် ကြေခဲ၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အလွန် ပျော့သော ထမင်းသည် အားမရှိ၊ မာလွန်းသော ထမင်းသည် ကြေခဲ၏၊ အာဟာရ အကျိုးအပြစ်ကို မရ၊ အလွန် လေးလွန်းလျှင် ခံတွင်း ပျက်၏၊ ထို့ကြောင့် မလေးမမြန် စားသင့်၏။

ကြေခဲခြင်း သုံးပါး။ ။ ဝမ်းမီးညှဲသော သူသည်...

၁။ အတိုင်းအရှည်အားဖြင့် ကြေခဲခြင်း,

၂။ သဘောအားဖြင့် ကြေခဲခြင်း,

၃။ အပြုအပြင် အချက်အပြုတ်အားဖြင့် ကြေခဲခြင်း

ဤကြေခဲခြင်း သုံးပါးတို့ကို ကြဉ်ရှောင်ရာ၏။

၁။ ပဲနှောက်ထမင်း အစရှိသော ဝတ္ထုတို့သည် အတိုင်းအရှည် အတိုင်း စားလျှင် ကြေ၏၊ ပို၍ စားလျှင် ကြေခဲသော ကြောင့် **မတ္တာဂရု** မည်၏။-

၂။ မတ်ပဲ, ကုလားပဲ, ပဲကြီး, ဝက်သား အစရှိသော ဝတ္ထု တို့သည် သဘောအားဖြင့် ကြေခဲသောကြောင့် **သဘာဝဂရု** မည်၏။

၃။ အလွန် ချိုဆိမ့်သော မုန့်, အလွန်ကောင်းသော ဟင်းလျာ တို့သည် အပြုအပြင်အားဖြင် ကြေခဲသောကြောင့် **သခါရဂရု** မည်၏။

ဝမ်းမီးနှံ့သော သူသည် သဘာဝဂရု, သခါရဂရု အစာတို့ကို စားလိုသမျှ ထက်ဝက်သာ စားရာ၏၊ ကြေလွယ်သော အစာတို့ကို ဝရုံသာ စားရာ၏၊ ဤသည်ကား ချမ်းသာစွာ ကြေနိုင်သော အတိုင်း အရှည် မတ္တာတည်း၊ ဤမတ္တာကို လွန်၍ စားလျှင် မတ္တာဂရု ဖြစ်၏၊ သောက်ဖွယ်တို့ကိုမူကား အတိုင်းအရှည်ထက် အတော်အသင့် လွန် သော်လည်း ကြေသည်သာ ဖြစ်၏။

ဝမ်းမီး ပျက်တတ်ခြင်း။ ။ မုန့်ဆန်း အစရှိသော ခြောက် သော အစာ, နို့နှင့် ငါး, သေမျိုး, အချဉ်မျိုး အစရှိသော အစာချင်း ဆန့်ကျင်ဘက်ဖြစ်သော အစာ, ကုလားပဲ, ပဲရာဇာ အစရှိသော ချုပ် သော အစာတို့သည် ဝမ်းမီးကို ဖျက်တတ်ကုန်၏၊ အစားလွန်လျှင် ပျင်းရိခြင်း, လေးလံခြင်း, ထိုးကျင့်ခြင်း ဖြစ်တတ်ကုန်၏။ အစားနည်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လျှင် ပိန်၏၊ အားပျက်၏၊ လေနာ ဖြစ်တတ်၏၊ ဤကဲ့သို့ အယုတ်အလွန် စားခြင်းကို **ဝိသမာသန** ခေါ်သည်။

မဆာဘဲနှင့် စားခြင်းသည် ကောင်းစွာ မစားနိုင်၊ ဝမ်းမီး ပျက်၏၊ ရောဂါ ဖြစ်တတ်၏၊ အဆာလွန်မှ စားလျှင် ဝမ်းမီးကို လေဖျက်သောကြောင့် အစာ ကောင်းစွာ မကြေ၊ ထမင်းစား ပျက်တတ်၏၊ ဝမ်းမီး ကောင်းသော သူပင် ဖြစ်သော်လည်း ဝမ်းကို လေးပုံပုံ နှစ်ပုံကိုသာ အစာဖြင့် ပြည့်စေရာ၏၊ တစ်ပုံကို အရည်ဖြင့် ပြည့်စေရာ၏၊ တစ်ပုံကို လေသွား လာရန်ဖို့ ချန်ရာ၏။

ထိုကြောင့်...

စတ္တာရော ပဠ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဓေ။

အလံ ဖာသု ဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

ဟူ၍ ဟောတော်မူသည်။

အနက်ကား။ ။ စတ္တာရော ပဠ အာလောပေ၊ လေးလုတ်ငါးလုတ်တို့ကို။ အဘုတ္တာ၊ စားနိုင်လျက် မစားမူ၍။ ဥဒကံ၊ ရေကို။ ပိဓေ၊ တန့်၍ သောက်ရာ၏။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာ နေခြင်းငှာ။ အလံ၊ သင့်တင့်လျောက်ပတ်၏။

ရေသောက်ခြင်း။ ။ ရေများစွာ သောက်သော် လည်းကောင်း, အနည်းငယ် သောက်သော် လည်းကောင်း အစာမကြေ၊ ထို့ကြောင့် မနည်းမများ ရေကို တစ်ကျိုက်စီ ဖြည်းညင်း သက်သာ တင်းတိမ်ရုံ သောက်ရာ၏၊ အစာ မစားခင် ရေသောက်လျှင် လူပိန်၏၊ ဝမ်းမီး ပျက်၏၊ အစာလယ်၌ ရေသောက်လျှင် ဝမ်းမီးတောက်၏၊ အဆုံး၌ သောက်လျှင် ဝ၏၊ သလိပ် ပွားစေ၏၊ ထို့ကြောင့် ဝသောသူသည် အစာ၏ အလယ်၌ ရေသောက်အပ်၏၊ အဆုံး၌ မသောက်အပ်၊ ပိန်သောသူသည် အဆုံး၌ သောက်အပ်၏၊ ရေငတ်သည့်အခါ အစာ စားလျှင် ဝူနာ ဖြစ်တတ်၏၊ အစာ စားလို၍ ဆာသောအခါ ရေသောက်လျှင် ရေဖျဉ်းနာ ဖြစ်တတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လုတ်ဆေးခြင်း။ ။ ထမင်းစား၍ ပြီးလျှင် သွားကြားဌ ရှိသော အစာကုန်အောင် လုတ်ဆေးရာ၏၊ လုတ်ဆေးခြင်းသည် ခံတွင်းဌ မကောင်းသော အနံ့ ပျောက်၏၊ သွား စင်ကြယ်၏။

လက်ဆေး၍ အနိုးရှုခြင်း။ ။ ထို့နောင် လက်ကို စင်ကြယ်အောင် ဆေးအပ်၏၊ ဆေးပြီးသော လက်ဌ ရေအေး ထည့်၍ မျက်စိကို စင်ကြယ်အောင် ဆေးရာ၏။

အစာ ကြေသည့်နောက် လေထ၏၊ အစာ မကြေမီ အချို့ ကြေ, အချို့ မကြေ ဖြစ်သောအခါ သည်းခြေထ၏၊ အစာ စား၍ ပြီးစဌ သလိပ် ထ၏၊ ထို့ကြောင့် အစာ စား၍ပြီးစ သလိပ်ကို နိုင်အောင် နံ့သာဖြူ, လော်ပဲ အစရှိသော သလိပ်ကို နိုင်သော အမွေးမျိုးပါသော အနိုးကို ရှုရာ သောက်ရာ၏။

၁၇။ ထမင်းစားပြီးစဌ နေထိုင်ပုံအလိုက် အကျိုးများ

ထမင်းစားပြီး၍ ရပ်သောသူတို့သည် အားကြီးကုန်၏၊ စကြံသွားသော သူသည် အသက်ရှည်၏၊ အိပ်သော သူသည် ဝ၏၊ ပြေးသော သူသည် အသက် တို၏၊ သေမင်း လိုက်၏၊ ဝမ်း၏ လက်ဝဲဘက် ချက် အထက်ဌ အစာသစ်အိမ်နှင့် ဝမ်းမီးသည် တည်၏၊ ထို့ကြောင့် ထမင်းစားပြီးလျှင် အစာ နေရာကျအောင် တစ်နာရီ နှစ်နာရီခန့် ထိုင်နေပြီးနောက် အနည်းဆုံး အလှမ်းတစ်ရာ စကြံသွား၍ လက်ဝဲ နံတောင်းဖြင့် ခုတင်ပေါ်မှာ လျောင်းရာ၏။

စကြံသွားခြင်း အကျိုး ငါးပါး

ပဋိမေ ဘိက္ခဝေ စင်္ကမေ အာနိသံသာ။ ကတမေ ပဉ္စ၊ အဒ္ဓါနက္ခမော ဟောတိ၊ ပဓာနက္ခမော ဟောတိ၊ အပ္ပါဗာဓော ဟောတိ၊ အသိတံ ပိတံ ခါယိတံ သာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ စင်္ကမာဓိ ဂတော သမာဓိ စိရဋ္ဌိတိကော ဟောတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ စင်္ကမေ အာနိသံသာတိ။

ဟူ၍ ပဉ္စကနိပါတ် အင်္ဂုတ္တရ ပါဠိတော်တွင် စကြံသွားခြင်းဌ အကျိုးငါးပါး ရကြောင်း လာသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့ ။ စက်မေ၊ စကြဲသွားခြင်း၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ အဒ္ဓါနက္ခမော၊ ခရီးရှည်သွားနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ပဓာနက္ခမော၊ အမှုမျိုးကို ကိုယ်ပင်ပန်းခံ၍ လုံ့လ ထုတ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ အနာရောဂါ နည်းသည်။ ဟောတိ၊ ဖြစ်၏။ အသိတံ၊ စားအပ်သော။ ပီတံ၊ သောက်အပ်သော။ ခါယိတံ၊ ခဲအပ်သော။ သာယိတံ၊ လျက်အပ်သော အစားအသောက်သည်။ သမ္မာ၊ ကောင်းစွာ။ ပရိဏာမံ၊ ကြေကျွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ စက်မာဓိဂတော၊ စကြဲသွားရာ၌ ရအပ်သော။ သမာဓိ၊ သမာဓိသည်။ စိရဋ္ဌိတိကော၊ မြင့်ရှည်စွာ တည်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စက်မေ၊ စကြဲသွားခြင်း၌။ အာနိသံသာ၊ အကျိုးတို့သည်၊ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

၁၈။ ခုတင် မွေ့ရာ စသည်တို့၏ အကျိုးအပြစ်

ခုတင်သည် ဒေါသ သုံးပါးကို နိုင်၏၊ လဲ, ဝါဂွမ်းတို့ဖြင့် ပြုအပ်သော မွေ့ရာသည် လေ, သလိပ်ကို နိုင်၏၊ မြေအိပ်ရာသည် လေ, သည်းခြေ, သွေး ပျက်တတ်၏၊ ဝ၏၊ သုက်ကို ပွားစေတတ်၏၊ ပျဉ်ပြားသည် လေ ပျက်တတ်၏၊ ကိုယ်ကို နှိပ်နယ်ခြင်းသည် အရေ, အသွေး, အသားတို့ကို ကြည်လင်စေတတ်၏၊ နှစ်သက်စေတတ်၏၊ အိပ်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သလိပ်, ပင်ပန်းခြင်းတို့ကို ပယ်နိုင်၏။

ယပ်လေခတ်ခြင်း။ ။ ယပ်လေသည် ခြောက်၏၊ အရုပ်အဆင်းကို ဖျက်တတ်၏၊ ဝမ်းချုပ်၏၊ သည်းခြေကို နိုင်၏၊ ပူအိုက်ခြင်း, ချွေးထွက်ခြင်း, မူးဝေခြင်း, ရေငတ်ခြင်းတို့ကို ပယ်နိုင်၏၊ ထိုကြောင့် ဂိမှဥတု, သရဒဥတု နှစ်ပါးတို့၌ ယပ်ခတ်အပ်ကုန်၏၊ စက္ကူယပ်လေသည် ပူအိုက်ခြင်း, ချွေးထွက်ခြင်း, မူးဝေခြင်း, ပင်ပန်းခြင်းတို့ကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပယ်နိုင်၏၊ ထန်းရွက်ယပ်လေသည် ဒေါသသုံးပါးလုံးကို နိုင်၏၊ ဝါးနှိုးယပ်လေသည် ပူ၏၊ သွေး, သည်းခြေကို ဖျက်တတ်၏၊ စာမရှိမြီး, ဥဒေါင်းမြီး, အဝတ်, ကြိမ်ယပ်လေတို့သည် ဒေါသ သုံးပါးလုံးကို နိုင်၏၊ ထက်၏၊ နှလုံးနှင့် သင့်၏၊ ပူဇော်ထိုက်၏၊ အသက်ရှည်လိုသော သူသည် ပကတိ တိုက်သော လေကို အခါခပ်သိမ်း မခံအပ်။

အိပ်ခြင်း။ ။ နေ့၌ အိပ်ခြင်းသည် လေ, သည်းခြေတို့ကို နိုင်၏၊ သလိပ် ပျက်၏၊ ထို့ကြောင့် သည်းခြေ, လေ ပျက်တတ်သော နေ့တာ ရှည်သော ဂိမှဥတု, ဝဿာနဥတုတို့၌ နေ့ကို အိပ်ရာ၏၊ အခြားဥတုတို့၌ မအိပ်ရာ၊ အပင်ပန်း ခံပြီးသောသူ, ခရီး ပင်ပန်းစွာ သွားသော သူ, ဆင်မြင်းတို့ကို ပင်ပန်းအောင် စီးသောသူ, ကိုယ်လက် နွမ်းနယ်သော သူ, ဝမ်းသက်သော သူ, ဘေးထိုး ရင်ကျပ် ရင်ဘတ်နာ ရှိသော သူ, ပန်းနာ ရှိသော သူ, ရေငတ်နာ ရှိသော သူ, သက်လုံ ပျက်သောသူ, လေနာ ရှိသောသူ, ဓာတ်အားခွန် ကုန်ခန်းသော သူ, သလိပ် ကုန်ခန်းသော သူငယ်, သူအို, သေအရက် ယစ်သော သူ, ရသသေသ မည်သော အဇီဏ္ဏနာ ရှိသောသူ, ညဉ့်ကို မအိပ်ရသော သူတို့သည် နေ့ကို အိပ်အပ်ကုန်၏၊ ဤမှ တစ်ပါးသော သူတို့သည် နေ့ကို မအိပ်ကောင်း၊ နေ့ကို အိပ်ခြင်း, ညကို မအိပ်ခြင်းတို့သည် ရောဂါ ဖြစ်ကြောင်းတို့တည်း၊ ထမင်းအစာကို စားပြီးစ၌ အိပ်သောသူသည် လေ, သည်းခြေကို နိုင်၏၊ သလိပ် ပျက်၏၊ ဝ၏၊ ချမ်းသာ၏။

ဒေါသနိုင်နည်း လေးပါး

၁။ သည်းခြေကို နိုင်အောင် အိပ်ရမည်။

၂။ လေကို နိုင်အောင် ကိုယ်ကို နှိပ်စေရမည်။

၃။ သလိပ်ကို နိုင်အောင် အန်ဆေး သောက်ရမည်။

၄။ အဖျားကို နိုင်အောင် ထမင်းနပ်ကျော် စားရမည်။

အစာကြေစေသော အာရုံ။ ။ ထမင်းစား၍ ပြီးစ၌ ချမ်းသာစွာ ကောင်းသော သိချင်းသံ, ကောင်းသော နှိပ်နယ်ခြင်း,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကောင်းသော ရူပါရုံ, ဂန္ဓာရုံများသည် အစာအိမ်၌ ကောင်းစွာ တည်စေတတ်၏။

အစာမကြေစေမှု။ ။ ထမင်းစား၍ ပြီးစသောသူသည် အလွန် အိပ်ခြင်း, အလွန် ထိုင်ခြင်းကို မပြုရာ၊ မီးပူ နေပူ မခံရာ၊ ရေ မကူးရာ၊ ခရီး ပြင်းထန်စွာ မသွားရာ၊ ဆင်,မြင်း, လှည်း, ရထား တို့ကို မစီးရာ၊ သိုင်းရိုက်ခြင်း, လက်ပမ်း လုံးခြင်း စသော အပင်ပန်း ခံခြင်း, မေထုန်မှီဝဲခြင်း, ပြေးခြင်း, စစ်ထိုးခြင်း, သီချင်း ဆိုခြင်း, စာဖတ်ခြင်းတို့ကို မပြုရာ။ ရေ အနည်းငယ် သောက်ခြင်း, များစွာ သောက်ခြင်း, အလွန် စားခြင်း, ကျင်ကြီး ကျင်ငယ် လေတို့ကို အောင့် ခြင်းတို့ကြောင့် အချိန်ကာလ၌ ကြေလွယ်သော အစာတို့ကိုပင် စား သော်လည်း အစာမကြေတတ်။

အစာ စားသောအခါ ငြူစူ စောင်းမြောင်းခြင်း, ကြောက်ထိတ် လန့်ခြင်း, အမျက် ထွက်ခြင်းတို့၌ ယှဉ်သော် လည်းကောင်း၊ လိုချင် ခြင်း, အနာရောဂါ, ဆင်းရဲခြင်းတို့သည် နှိပ်စက်အပ်သော် လည်း ကောင်း၊ မုန်းသော သူနှင့် အတူ စားရသော် လည်းကောင်း အစာ မကြေတတ်။

အဆင်းလှပခြင်း အကြောင်း

အတီတံ နာနုသောစန္တိ၊ နပ္ပဇပ္ပန္တိ နာဂတံ၊
ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။

[ငါးရှဉ်းဆယ် ဇာတ်စသည်တို့၌ ရသေ့ ရဟန်းတို့ကို လူတို့က "အဆီအသားကို မစားဘဲ သစ်သီး သစ်ရွက်ကိုသာ စားသော သင် ရသေ့ ရဟန်းတို့သည် အဘယ့်ကြောင့် ရုပ်အဆင်း လှပ တင့်တယ်ခြင်း ဖြစ်ပါသနည်း"ဟု မေးလျှောက်ရာ ဖြေသော ဂါထာ။]

အနက်ကား။ ။ အတီတံ၊ လွန်ခဲ့ပြီးသော အတိတ်၌ ဖြစ်ပြီး သော အမှုကိစ္စ အလုံးစုံကို။ နာနုသောစန္တိ၊ နောင်တရအောင် ပြုလုပ်ခဲ့ သော အချက်မရှိသောကြောင့် မစိုးရိမ်ကုန်။ အနာဂတံ၊ ရှေ့လာလတ္တံ့ သော အနာဂတ်ကိုလည်း။ နပ္ပဇပ္ပန္တိ၊ စားရန် ဝတ်ရန် စည်းစိမ် ချမ်းသာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တစ်စုံတစ်ခုကိုမျှ မတောင့်တကုန်။ ပစ္စုပ္ပန္နေန၊ ယခု မျက်မှောက် ပစ္စုပ္ပန်၌ ရပြီးသော အစားအသောက် စည်းစိမ် ချမ်းသာဖြင့်သာ။ ယာပေန္တိ၊ မျှစေကုန်၏။ တေန၊ ထို့ကြောင့်။ ဝဏ္ဏော၊ အဆင်းသဏ္ဌာန်သည်။ ပသီဒတိ၊ ကြည်ညိုဖွယ် ဖြစ်၏။

ထီး, တောင်ဝှေး ဆောင်ခြင်း။ ။ ထီးဆောင်းခြင်းသည် ဆီး, နှင်း, မိုး, လေ, နေပူ, မြူမှုန်တို့ကို ပယ်နိုင်၏၊ မျက်စိနှင့် သင့်၏၊ မင်္ဂလာ ရှိ၏၊ တောင်ဝှေး ဆောင်ခြင်းသည် အစွမ်းသတ္တိ လုံလ ဝီရိယ အားတို့ကို ခိုင်ခံ့ တည်ကြည်စေနိုင်၏၊ တန်ခိုးတို့ကို ပွားစေတတ်၏၊ ထောက်ပံ့၏၊ ဘေးကို တားမြစ်နိုင်၏၊ တစ်ဝက်တစ်ခြမ်းသာ မိုးသော ပါလကျီသည် လူခပ်သိမ်းနှင့် ဆက်ဆံ၏၊ ဒေါသ သုံးပါး အလုံးစုံကို နိုင်၏၊ လေ, သလိပ်နှာ ရှိသော သူတို့သည် များစွာ ဒေသစာရီ လှည့်လည်ခြင်းကို မပြုရာ။

ယာဉ်စီးခြင်းများ။ ။ ဆင်စီးခြင်းသည် လေ, သည်းခြေ ပျက်၏၊ ကျက်သရေ ရှိ၏၊ တင့်တယ်၏၊ မြင်းစီးခြင်းသည် လေ, သည်းခြေ ပျက်၏၊ ဝမ်းမီး တောက်၏၊ ပင်ပန်း၏၊ အဆီခဲနှာ, သလိပ်နှာကို နိုင်၏၊ ရုပ်အဆင်း ပျက်၏၊ ထို့ကြောင့် ဝသော, အားကြီးသော သူတို့သည် မြင်းစီးခြင်းနှင့် အလွန် သင့်၏၊ ဆင်စီး၍ ညောင်းလျှင် နွားနို့ သောက်ရမည်၊ ထမ်းစင် (ပါလကျီ[၁]) စီး၍ သော်လည်းကောင်း, လှေစီး၍ သော်လည်းကောင်း, ထိုင်နေခြင်း များ၍ သော်လည်းကောင်း ညောင်းလျှင် အနှိပ်ခံရမည်။

အပူခံခြင်း။ ။ နေပူသည် ပူ၏၊ ချွေးထွက်တတ်၏၊ မူးဝေစေတတ်၏၊ သွေး, သည်းခြေ ပျက်၏၊ ရုပ်အဆင်း ပျက်၏၊ ပင်ပန်း၏၊ အရိပ်သည် နေပူ၌ ဖြစ်သော အပြစ်အလုံးစုံကို နိုင်၏၊ မိုးရေခံခြင်းသည် သုက်မွား၏၊ အေး၏၊ အား၌၏၊ အိပ်၏၊ ပျက်၏၊ မီးပူသည် လေ, သလိပ်ကို နိုင်၏၊ ဝမ်းချုပ်ခြင်း, အေးခြင်း, ကိုယ်တုန်လှုပ်ခြင်းကို

၁။ Palanquin

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နိုင်၏၊ အစာ မကြေခြင်း, သလိပ်ထခြင်းကို ငြိမ်းစေနိုင်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ မီးခိုးသည် သလိပ်ကို ပျက်စေတတ်၏၊ မျက်စိနှင့် မသင့်၊ ဦးခေါင်းလေးခြင်းကို ပြုတတ်၏၊ လေ, သည်းခြေကို ပျက်စေတတ်၏။

မီးလှုံပြစ် ငါးပါး။ ။ ပဠိမေ ဘိက္ခဝေ အာဒီနဝါ အဂ္ဂိသ္မိံ၊ ကတမေ ပဉ္စ၊ အစက္ခုဿော, ဒုဗ္ဗဏ္ဏကရဏော, ဒုဗ္ဗလကရဏော, သင်္ကိကာရာမဗန္ဓနော, တိရစ္ဆာနကထာပဝတ္တိနိကော ဟောတိ၊ ဣမေခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အဂ္ဂိသ္မိံ။ (ပဉ္စဂုံတ္တရပါဠိတော်)

အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဂ္ဂိသ္မိံ၊ မီးလှုံခြင်း၌။ အာဒီနဝါ၊ အပြစ်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ အစက္ခုဿော၊ မျက်စိနှင့် မသင့်သည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗဏ္ဏကရဏော၊ အဆင်းသဏ္ဌာန် မကောင်းသည်ကို ပြုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗလကရဏော၊ အားနည်းသည်ကို ပြုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သင်္ကိကာရာမဗန္ဓနော၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်းဖြင့် ဖွဲ့ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တိရစ္ဆာနကထာပဝတ္တိနိကော၊ မင်္ဂိုလ်မှ ဗီလာဖြစ်သော စကား ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဂ္ဂိသ္မိံ၊ မီးလှုံခြင်း၌။ အာဒီနဝါ၊ အပြစ်တို့သည်။ ခေါ၊ စစ်စစ်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

ကြဉ်ရှောင်ဖွယ်များ။ ။ အရောင်ရှိသော ဝတ္ထုကို မျက်စိဖြင့် မကြည့်အပ်၊ ညဉ့်အခါ နွားနို့ချဉ်ကို မစားအပ်၊ ဆား မပါသော အစာကို မစားအပ်၊ ပဲနောက်ဟင်း, ပျားရည်, ထောပတ် မပါသော သကြားတို့ကိုလည်း မစားအပ်၊ ကျင်ကြီး ကျင်ငယ် သွားလိုခြင်း, လေလည်လိုခြင်း အစရှိသော အဟုန်ကို မတားမြစ်အပ်၊ မအောင့်အပ်၊ မုန်းသူတို့က ပေးသော အစာ, ပြည့်တန်ဆာတို့က ပေးသော အစာကို မစားအပ်၊ မယားကို မယုံကြည်အပ်၊ အထူးသဖြင့် ပျိုသော မယားကို မယုံကြည်အပ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အစာ စားခြင်း, မေထုန် မှီဝဲခြင်း, အိပ်ခြင်း, စာပေကျမ်းဂန် ဖတ်ရွတ်ခြင်း, စာ အံခြင်း, ခရီး သွားခြင်းတို့ကို ဆည်းဆာ အခါ၌ မပြုအပ်။

ဆည်းဆာအခါ။ ။ ဆည်းဆာဟူသည်ကား နေ့၏ အဆုံး ည၌၏ အစ, ည၌၏ အဆုံး နေ့၏ အစ, မွန်းတည့်, ည၌သန်းခေါင် ဤအခါလေးပါးတို့ကို ဆည်းဆာ လေးပါးဟု ခေါ်သည်။ ထို့ကြောင့် နံနက် လေးချက်တီး, နေ့ နှစ်ချက်တီး, ညနေ လေးချက်တီး, ည၌ နှစ်ချက်တီးတို့သည် ဆည်းဆာအခါ မည်ကုန်၏၊ ဤသို့ ဆိုခဲ့ပြီးသည်တို့ကား နံနက် ထသည်မှ စ၍ ဆည်းဆာအခါ ရောင်အပ်သည်တိုင် အောင် နေ့၌ ကျင့်အပ်သော အကျင့်တို့တည်း။

၁၉။ လရောင် အစရှိသည်တို့၏ အကျိုး။

လရောင်သည် အေးဓာတ်၊ အောက်မေ့ခြင်း, နှစ်သက်ခြင်းတို့ကို ပေးတတ်၏၊ ရေငတ်ခြင်း, ပူအိုက်ခြင်းတို့ကို ပယ်နိုင်၏၊ သည်းခြေနာကို နိုင်၏၊ ဆီးနှင်းသည် အေးဓာတ်၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ မှောင်မိုက်သည် ကြောက်စေတတ်၏၊ မျက်စိ မမြင်ခြင်းကို ဖြစ်စေတတ်၏၊ သလိပ်ကို နိုင်၏၊ ကာမဂုဏ်ကို ပွားစေတတ်၏၊ ပင်ပန်းစေတတ်၏၊ ည၌ ပထမယံအတွင်း၌ ညစာ စားအပ်၏၊ နံနက်စာထက် လျှော့၍ စားအပ်၏၊ ကြေခဲသော အစာကို ရှောင်အပ်၏၊

၂၀။ အိပ်ပျော်ဆေးနှင့် အသက်ရှည်ရာ အနာ ကင်းကြောင်း အကျင့်

ရှောက်, သခွားရွက်မှုန့်ကို ပျားရည်နှင့် နယ်၍ အိပ်ခါနီးအခါ လျက်ခြင်းသည် ချမ်းသာစွာ အိပ်ပျော်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သီဟိုဠ်ကျွန်း၌ ဝသဘမင်းကြီးသည် မင်းအဖြစ်သို့ ရောက်လျှင် ရောက်ချင်း အာယုဒါယ တွက်တတ်သောသူကို ခေါ်၍ အသက်ပမာဏ တွက်ချက်စေရာ အသက်ကြွင်း တစ်ဆယ့်နှစ်နှစ်သာ ရှိကြောင်းနှင့် ဟောသည်တွင် ဟောသောသူကို အခြားသူတို့ကို မပြောရအောင် နှုတ်ပိတ် ဒဂ်ါး တစ်ထောင်ပေး၍ သံဃာတော်တို့ကို စည်းဝေး စေပြီးလျှင် အသက်ရှည်ရာသော အကြောင်း, အန္တရာယ်ကင်းရာသော အကြောင်းတို့ကို မေးလျှောက်သည်တွင် အသက်ရှည်ရာ, အန္တရာယ် ကင်းရာသော အကြောင်း ရှိသည်ဟု မိန့်တော်မူပြီးလျှင်

ပရိဿာဝနဒါနဉ္စ၊ အာဝါသဒါနမေဝ စ။
ဂိလာနဝတ္ထု ဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။ ။
ကာတဗ္ဗံ ဓိဇ္ဇကာဝါသံ၊ ပဋိသန်ဓရဏံ တထာ။
ပဉ္စသီလသမာဒါနံ၊ ကတွာ တံ သာဓုရက္ခိတံ။
ဥပေါသထော ပဝါသော စ၊
ကာတဗ္ဗော ပေါသထေ ဣတိ။ ။

ဟူ၍ အသက်ရှည်ကြောင်း, အန္တရာယ် ကင်းကြောင်း ကုသိုလ်ကို သံဃာတော်တို့ ဟောတော်မူကြသည်။

ဤ၌ အနက်ကား။ ။ မနုဇာဓိပ၊ လူတို့ကို အစိုးရသော ဝသဘမင်းကြီး။ ပရိဿာဝနဒါနဉ္စ။ ရေစစ်အလှူကို လည်းကောင်း။ အာဝါသဒနမေဝ စ၊ ကျောင်းဇရပ် စသော အရိပ်သန်မ်း အလှူကို လည်းကောင်း။ ဂိလာနဝတ္ထု ဒါနဉ္စ၊ လူနာတို့ မှီဝဲရာ ဖြစ်သော လေဆေး အစရှိသော အလှူကို လည်းကောင်း။ ဒါတဗ္ဗံ၊ လှူအပ်၏။

ဓိဇ္ဇကာဝါသံ၊ ဟောင်းနွမ်း ပျက်စီးလေသော ကျောင်း ဇရပ် စသော အရိပ်သန်မ်းကို။ ပဋိသန်ဓရဏံ၊ ပြင်ဆင် လုပ်ဆောင်ခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တထာ၊ ထိုဒါနမှ တစ်ပါး။ ပဉ္စသီလ သမာဒါနံ၊ ငါးပါးသီလ ခံယူ ဆောက်တည်ခြင်းကို။ ကတွာ၊ ပြု၍။ တံ၊ ထိုငါးပါးသီလကို။ သာဓုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်အပ်၏။ ဥပေါသထေ၊ ဥပုသ်နေ့၌။ ဥပေါသထော ပဝါသော စ၊ ဥပုသ်ဆောက်တည်ခြင်းကို လည်း၊ ကာတဗ္ဗော၊ ပြုအပ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ဤသို့ သံဃာတော်တို့ ဟောသည့်အတိုင်း ကုသိုလ်တို့ကို ပြုသောကြောင့် တစ်ဆယ့်နှစ်နှစ် မက အနှစ် လေးဆယ်ကျော် နန်းစံရကြောင်း နှင့် မဟာဝင် ကျမ်းတွင် လာသည်။]

ပဋိမေ ဘိက္ခဝေ ဓမ္မာ အာယုသာ။ ကတမေ ပဉ္စ၊ သပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ့ ဇာနာတိ၊ ပရိဏတ ဘောဇီစ ဟောတိ၊ ကာလစာရီ စ ဟောတိ ဗြဟ္မစာရီစ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ အာယုသာတိ။

ပဋိမေ ဘိက္ခဝေ ဓမ္မာ အာယုသာ။ ကတမေ ပဉ္စ၊ သပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ့ ဇာနာတိ၊ ပရိဏတ ဘောဇီစ ဟောတိ။ သီလဝါ စ ကလျာဏမိတ္တော စ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ အာယုသာတိ။

(ပဉ္စဂုံတ္တရ ပါဠိတော်)

ဤဒွိအနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ အာယုသာ၊ အသက်ရှည်စေတတ်ကုန်သော။ ဓမ္မာ၊ အကြောင်းတရားတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ သပ္ပါယကာရီ၊ မိမိတို့နှင့် သင့်တင့် လျောက်ပတ်သော ဆေးဝါး, အစားအသောက်, အမူအရာတို့ကိုသာ စားသောက်ခြင်း ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သပ္ပါယေ စ၊ သင့်တင့် လျောက်ပတ်သော အစားအသောက် ဆေးဝါးဥစ္စာလည်း။ မတ္တံ့၊ အယုတ်အလွန်မရှိ ဆေးကျမ်းတို့ဥ ဆိုသော အတိုင်းအရှည် မတြား ပမာဏကို။ ဇာနာတိ၊ သိတတ်၏။ ပရိဏတဘောဇီ စ၊ ကြေလွယ်သော အစားအသောက်ကိုသာ စားသောက်လေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကာလစာရီ စ၊ ဥတု ခြောက်ပါး ကာလ အားလျော်စွာ ပြုကျင့်လေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗြဟ္မစာရီစ၊ ငါးပါးသီလ ဥပုသ်များကို စောင့်ရှောက်လေ့ ရှိခြင်း၊ လင်မယား နှစ်ဦးတို့ တစ်ဦးကို တစ်ဦး လွန်ကျူးခြင်း လင်ငယ်, မယားငယ် မယူလေ့ ရှိခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဣမေ ပဉ္စ ဓမ္မာ၊ ဤအကြောင်းတရား ငါးပါးတို့သည်။ အာယုသာ၊ အသက်ကို ရှည်စေတတ်ကုန်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အာယုသာ၊ အသက် ရှည်စေတတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်ကား။ ဣမေပဉ္စ၊ ဤဆိုလတ္တံ့သော ငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ သပ္ပါယ ကာရီ၊ မိမိကိုယ်နှင့် သင့်တင့် လျောက်ပတ်သော အစားအသောက် အနေအထိုင်တို့ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သပ္ပါယေ၊ သင့်တင့်လျောက်ပတ်သော အစားအသောက်၌။ မတ္တံ၊ မိမိဝမ်းနှင့် တော်ရုံသော အတိုင်းအရှည်ကို။ ဇာနာတိ၊ သိတတ်၏။ ပရိဏာတဘောဇီ စ၊ ကြေလွယ်သော အစာကိုသာ စားလေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သီလဝါစ၊ အကျင့် သီလနှင့် ပြည့်စုံသည်လည်း ဟောတိ ဖြစ်၏။ ကလျာဏမိတ္တောစ၊ ကောင်းသော အဆွေခင်ပွန်းကို မှီဝဲလေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဣမေ ပဉ္စ ဓမ္မာ၊ ဤသို့ ဆိုခဲ့ပြီးသော တရားငါးပါးတို့သည် အာယုသာ၊ အသက်ကို ရှည်စေတတ်ကုန်၏။

ဂရုနံ အမုသောဟိစ္ဆံ၊ လဟုနံ နာတိကိတ္တိယာ။
မတ္တာပမာဏဲ နိဒ္ဒိဋ္ဌံ၊ သုခံ ဇီရတိ တာဝတာ။ ။

အနက်ကား။ ။ ဂရုနံ၊ ကြေခဲသော ဝက်သား အစရှိသော အစာတို့ကို။ အမုသောဟိစ္ဆံ၊ စားလိုသမျှ ထက်ဝက်သာ စား၍ တန်ရာ၏။ လဟုနံ၊ ကြေလွယ်သော ဟင်းရွက်စသော အစာတို့ကို။ နာတိကိတ္တိယာ၊ အလွန် ဝအောင် မစားရာ။ ယာဝတာ၊ အကြင် ဆိုခဲ့ပြီးသမျှ လောက်သော။ မတ္တာပမာဏဲ၊ အစားအသောက် အတိုင်းအရှည် ပမာဏကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်ပြီ။ တာဝတာ၊ ထိုညွှန်ပြခဲ့သမျှလောက်သာ စားသည်ရှိသော်။ သုခံ၊ ချမ်းသာစွာ။ ဇီရတိ ကြေ၏။

[ဗြဟ္မစာရီသဒ္ဒါ, ဗြဟ္မစရိယသဒ္ဒါတို့သည် မေထုန်မှ ကြဉ်ရှောင်ခြင်း, ဥပုသ် ဆောက်တည်ခြင်း, လင်မယား နှစ်ဦးတို့ တစ်ဦးကို တစ်ဦး မလွန်ကျူးဘဲ ကျင့်ခြင်း, ဈာန်, မဂ္ဂင်ရှစ်ပါး ဟူသော အနက်တို့၌ ဖြစ်၏။

ဝသဘမင်းကို သံဃာတော်တို့ ဟောသော အသက်ရှည်ကြောင်းတွင် ငါးပါးသီလကို စောင့်ရမည်ပါသည်၊ ဓမ္မပါလဇာတ်တွင် ဓမ္မပါလ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရွာ၌ လင်မယား နှစ်ဦးတို့ တစ်ဦးကို တစ်ဦး မလွန်ကျူးဘဲ ဗြဟ္မစာရီ အကျင့်ကို ကျင့်သောကြောင့် အရွယ် မကြီးသော သူငယ်တို့ မသေကြောင်းနှင့် ဟောတော်မူသည်။]

အတတ်, ပညာ, ဗဟုသုတနှင့် ပြည့်စုံသော အဆွေ ခင်ပွန်းကောင်းတို့ကို ပေါင်းဖော်လျှင် ထိုအဆွေခင်ပွန်းတို့က အသက် ရှည်ရာ ရှည်ကြောင်း နည်း ဥပဒေသများကို မပြတ် ပြောဆို ကြားနာရသောကြောင့် ထိုနည်း ဥပဒေသ အတိုင်း ကျင့်ဆောင်သဖြင့် အသက် ရှည်သည်၊ ထို့ကြောင့် အဆွေ ခင်ပွန်းကောင်းသည်လည်း အသက် ရှည်ကြောင်း ဖြစ်သည်။ သီလကို စောင့်ရှောက်ခြင်းသည် သူ့ အသက်ကို သတ်ခြင်း စသည်တို့မှ ကြဉ်ရှောင်ရသောကြောင့် အသက် ရှည်ကြောင်း ဖြစ်သည်။

[သပ္ပါယကာရီ ဟူသော စကား၌ သတိပဋ္ဌာန် ပါဠိတော်တွင် ဟောတော်မူသော သပ္ပါယ သမ္မဇညကိုလည်း ယူရမည်။ အသက် တိုကြောင်း ငါးပါးကိုလည်း အပြန်အားဖြင့် သိလေ။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဃာကျမ်း၌ အသက်ရှည်ရာသော အာစာရကို ဆိုရာ တတိယပိုင်း ပြီး၏။

တတိယကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၄ – စတုတ္ထ ကဏ္ဍ

ရသ၊ ဝိပါက စသည်ကို ပြခြင်း

၂၁။ ရသ ခြောက်ပါး၌ အကျိုးအပြစ်

ဆေးဝါး, အစားအသောက်တို့တွင် ဝတ္ထုတစ်ခုတည်း၌သော်လည်း ရသ, ဝိပါက, ဂုဏ်, ကိစ္စ, သတ္တိ ဟူ၍ ငါးပါးစီ ရှိကြကုန်၏။ ထိုငါးပါးတို့တွင် ချိုဆိမ့်, အချဉ်, အငန်, အခါး, အစပ်, အဖန် ဟူ၍ ရသသည် ခြောက်မျိုးရှိ၏၊ အချိုနှင့် အဆိမ့်သည် အကျိုးအပြစ် တူသောကြောင့် ရသ တစ်ခုတည်း ယူရသည်၊ ရှေးက ထိုချိုဆိမ့်ရသ နှစ်ပါးကို မြိန်မြတ်သော ရသ ခေါ်သည်။ ထိုခြောက်ပါးတို့တွင် အစသုံးပါးတို့သည် လေကို နိုင်ကုန်၏၊ အဆုံး သုံးပါးတို့သည် သလိပ်ကို နိုင်ကုန်၏၊ အဖန်, အခါး, ချိုဆိမ့် သုံးပါးတို့သည် သည်းခြေကို နိုင်ကုန်၏။

၁။ **ချိုဆိမ့်ရသ**။ ။ ချိုဆိမ့်ရသသည် များသောအားဖြင့် အေး၏၊ ရသ အစရှိသော ဓာတ် ၇–ပါး, နို့ရည်, အားတို့ကို ပေးတတ်၏၊ မျက်စိနှင့် သင့်၏၊ လေ, သည်းခြေကို နိုင်၏၊ ဝခြင်း, အညစ်အကြေး, ပိုးတို့ကို ဖြစ်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ရသ ခြောက်မျိုးတွင် အဆိသြဇာ အရှိဆုံး ဖြစ်၏၊ နှစ်သက်စေတတ်၏၊ အသက်ကို ရှည်စေတတ်၏၊ ကြေခဲ၏၊ လည်ချောင်းနှင့် သင့်၏၊ အရိုးကျိုးကို ဆက်တတ်၏၊ အဆိပ်ကို နိုင်၏၊ စေးထန်း၏၊ သူငယ်, သူအိုနှင့် သင့်၏၊ ထိခိုက်ရှုံးသည်ကို ပျောက်စေတတ်၏၊ ရုပ်အဆင်းကို ကောင်းစေတတ်၏၊ ကျန်ဖြေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကို ကြည်လင်စေတတ်၏၊ သြဇာ ရှိ၏၊ ထိုချိုဆိမ့်သော ရသကို များစွာ စားလျှင် သလိပ်ပျက်၏၊ အဖျား, ပန်းနာ, ဆုံဆို့နာ, ကျပ်နာ, အဆီခဲနာ, ဆီး အနည်းငယ် အကြိမ်များစွာ သွားရသည့် အနာ, ရိနာ, ဝမ်းမီး နုံခြင်းတို့သည် ဖြစ်တတ်ကုန်၏၊ (သကြားနှင့် ထောပတ်ကဲ့သို့ ချိုဆိမ့်သက်သက်ကိုယူ။) ကြဲသကာ, ထန်းလျက်, မလိုင် စသည်တို့သည်ကား ချိုဆိမ့်သက်သက် မဟုတ်။

၂။ **အချဉ်ရသ**။ ။ အချဉ်သည် အစာကို ကြေစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သွေး, သည်းခြေ, သလိပ်တို့ကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ လေကို နှိုင်၏၊ ပိန်စေတတ်၏၊ ထက်၏၊ ပူ၏၊ အဆီသြဇာ ရှိ၏၊ အသဲကို ကောင်းစေတတ်၏၊ သုက်ကို နည်းစေတတ်၏၊ ဝမ်းချုပ်သည်ကို ပျောက်စေတတ်၏၊ မျက်စိနှင့် မသင့်၊ သွားကျိန်းတတ်၏၊ မျက်ခုံး မျက်မှောင်တို့ကို ရုံ့စေတတ်၏၊ လိမ်းကျံလျှင် အေး၏၊ ပွစေတတ်၏၊ အချဉ်ကို များစွာ စားလျှင် စိတ်ပျံ့လွင့်ခြင်း, မူးဝေခြင်း ဖြစ်တတ်၏၊ ရေငတ်၏၊ ကိုယ်ပူ၏၊ ကြက်မျက်သင့်တတ်၏၊ ဖျားတတ်၏၊ ကိုယ်လက် ယားယံတတ်၏၊ ယားနာ ပေါက်တတ်၏၊ သည်းခြေပျက်သော ကိုယ်လက် ဖျော့တော့သော အနာ, ဝက်သက်, ကိုယ်ရောင်ဖောသော အနာ, နူနာတို့ကို ဖြစ်စေတတ်၏။ (ကန့်ရည်, ယမ်းရည်, ဆားရည်ကဲ့သို့ အချဉ် သက်သက်ကို ယူ။)

၃။ **အငန်ရသ**။ ။ အငန်သည် စင်ကြယ်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အစာကို ကျက်စေတတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ သုက်ကို ခန်းခြောက်စေတတ်၏၊ လေကို နှိုင်၏၊ ပိန်စေတတ်၏၊ နူးညံ့စေတတ်၏၊ မျက်စိ, နား, ခံတွင်းတို့မှ အရည်ယိုစေတတ်၏၊ လည်ချောင်း, ပါးစောင်တို့ကို လောင်တတ် ပူတတ်၏၊ ထိုအငန်ကို များစွာ စားလျှင် မျက်စိ နာခြင်း, ရတ္တပိတ်နာ, ကိုယ်ရောင်နာ, လည်ချောင်း, ပါးစပ် ကွဲသော အနာ, နူနာ, ဝက်သက်နာ, ရေငတ်သော အနာတို့ကို ဖြစ်စေတတ်ကုန်၏၊ အရည်တွန့်ခြင်း, ဆံဖြူခြင်း, သွား ကျိုးခြင်းသည် ဖြစ်၏၊ (သိုးဆောင်း ဆေးသမားတို့ သုံးသော စင်ကြယ်သော ဆပ်ပြာ, ပြာဆားကဲ့သို့ အငန်သက်သက်ကို ယူ။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆားများမူကား အချဉ်သက်သက်နှင့် အငန်သက်သက် ဓာတ်နှစ်ပါး အငန်က ခပ်များများ စပ်လျက် ရှိသည်၊ ထို့ကြောင့် ဆားကို အိုးခွဲ ထည့်၍ မီးပြင်းတိုက်လျှင် အချဉ်ဓာတ်သည် ထွက်၍ ဆားရည် ဖြစ်သည်၊ အငန်ဓာတ် ကျန်သည်။

၄။ အစပ်ရသ။ ။ အစပ်သည် ပူ၏၊ ထက်၏၊ မစေးထန်း၊ သွက်၏၊ လေ, သည်းခြေကို ပျက်စေတတ်၏၊ သလိပ်ကို နှိုင်၏၊ ကြေလွယ်၏၊ ဝမ်းမီးတောက်၏၊ ပိုးနာ, ယားနာ, အဆိပ်သင့်သော အနာကို နှိုင်၏၊ အဆီ မရှိ၊ နို့ကို ခန်းခြောက်စေတတ်၏၊ အဆီခဲနာကို နှိုင်၏၊ ပိန်စေတတ်၏၊ မျက်ရည်, နှာရည်, လျာရည်တို့ကို ထွက်စေတတ်၏၊ လျာကို ထိတ်လန့်စေတတ်၏၊ ဝမ်းမီး တောက်၏၊ အစာ ကြေ၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ ကျင်ကြိုး, ကျင်ငယ်စသော ဝမ်းတွင်း အရည်တို့ကို ခြောက်စေတတ်၏၊ သွေး, လေတို့ သွားလမ်းကို ပွင့်စေတတ်၏၊ ဉာဏ်ကို ပွင့်စေတတ်၏၊ အစပ်ကို များစွာ စားလျှင် စိတ်, မျက်လုံး ချာချာလည်ခြင်း, မူးခြင်း, ပူလောင်ခြင်း, ခံတွင်း အာစောက် ခြောက်ခြင်း, လည်ချောင်းနာခြင်း, နှုတ်ခမ်း ကွဲခြင်း, အားခွန် ယုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏၊ (ဤ၌လည်း ငရုတ်ကောင်း, ငရုတ်သီးတို့ကဲ့သို့ အစပ်သက်သက်ကိုယူ။) ချင်း, ပိတ်ချင်းတို့မူကား အစပ်သက်သက် မဟုတ်။

၅။ အခါးရသ။ ။ အခါးသည် အေး၏၊ မူးဝေသော အနာ, ဖျားသော အနာ, သည်းခြေနာ, သလိပ်နာတို့ကို နှိုင်၏၊ ပိုးနာ, နှုနာ, အဆိပ်သင့်သော အနာ, အစာ မကြေဘဲ အစာပွသော အနာ, ပူလောင်သော အနာ, သွေးနာတို့ကို နှိုင်၏၊ မိမိသည် နှုတ်မြိန်သော ဝတ္ထု မဟုတ်သော်လည်း နှုတ်ကို မြိန်စေတတ်၏၊ လည်ချောင်းနှိုရည်တို့ကို သုတ်သင် ရှင်းလင်းတတ်၏၊ လေပျက်၏၊ ဝမ်းမီးတောက်၏၊ နှာခေါင်းကို ခြောက်စေတတ်၏၊ အဆီ မရှိ၊ ကြေလွယ်၏၊ အခါးကို များစွာ စားလျှင် ခေါင်းကိုက်ခြင်း, ကုပ်ကြော တောင့်တင်းခြင်း, ပင်ပန်းခြင်း, ကိုယ်တုန်လှုပ်ခြင်း, မူးခြင်း, ရေငတ်ခြင်း, အားကုန်ခန်းခြင်း, သုက်ကုန်ခန်းခြင်းတို့ကို ဖြစ်စေတတ်ကုန်၏၊ (ဤ၌လည်း သိုးဆောင်း ခေါ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

(စင်ခိုနာ)[၁]ပင်၏ အခေါက်မှ ထုတ်ယူသည့် (ကွီနိုင်)[၂]ကဲ့သို့ အခါးသက်သက်ကို ယူ။)

၆။ အဖန်ရသ။ ။ အဖန်သည် ပေါက်သော အမာကို ဖန်ဆေးသင့်, တင်သင့်၏၊ ဝမ်းချုပ်၏၊ အမာကို ရှင်းတတ်၏၊ ကိုယ်ကို တောင့်စေတတ်၏၊ အမာ၏ အသားနုကို ပိန်စေတတ်၏၊ စိတ်နှလုံးကို နှိပ်စက်တတ်၏၊ အေး၏၊ အမာ, အဆီတို့ကို ခြောက်စေတတ်၏၊ လေကို ပျက်စေတတ်၏၊ သွေး, သည်းခြေ, သလိပ်ကို နှိုင်၏၊ အဆီ အစေးမရှိ၊ ကြေလွယ်၏၊ အရေကို ရှုံ့စေတတ်၏၊ အစာသစ်ကို ခိုင်စေတတ်၏၊ ဝမ်းချုပ်၏၊ မ့စေးမထန်း သွက်၏၊ လျှာကို ထူစေတတ်၏၊ လည်ချောင်း, သွေး, လေ သွားလမ်းတို့ကို ပိတ်တတ်၏၊ အဖန်ကို များစွာ စားလျှင် ဝမ်းရောင်သော အနာ, နှလုံးတုန်နာ, တက်သော အနာ အစရှိသည်တို့ကို ဖြစ်စေတတ်၏၊ (ဤဥဒ္ဒါလည်း ပဉ္စကာနိသီးမှ ထုတ်၍ ယူသော အဖန်သက်သက်ဖြစ်သော (အာစစ်ဂါလစ်)[၃]စသည်တို့ကဲ့သို့သော ဆေးကို ယူ။) ဤကား ရသ ခြောက်ပါးတို့၏ အကျိုးအပြစ်တည်း။

ဓာတ်လွန်ရသဖြစ်ပုံ။ ။ ပထဝီဓာတ်, အာပေါဓာတ် လွန်သောကြောင့် ချိုဆိမ့်သော ရသ၊ တေဇောဓာတ်, ပထဝီဓာတ် လွန်သောကြောင့် ချဉ်သော ရသ၊ အာပေါဓာတ်, တေဇောဓာတ် လွန်သောကြောင့် ငန်သော ရသ၊ အာကာသဓာတ်, ဝါယောဓာတ် လွန်သောကြောင့် ခါးသော ရသ၊ တေဇောဓာတ်, ဝါယောဓာတ် လွန်သောကြောင့် စပ်သော ရသ၊ ပထဝီဓာတ်, ဝါယောဓာတ် လွန်သောကြောင့် ဖန်သော ရသတို့သည် ဖြစ်ကုန်၏ဟု ဆေးကျမ်းတို့တွင် ဆို၏။

[ဤကဲ့သို့ သိသော နာနာဓာတုဉာဏ်ကို ပစ္စေကဗုဒ္ဓါတိုင်အောင် မရ၊ ဘုရားသာ ရသည်ဟူ၍ ဟောတော်မူသောကြောင့် ဆေးကျမ်းဆရာ ရသေ့တို့ ဤအရာကို သိနိုင်ရန် အကြောင်း မရှိ၊ ထို့ကြောင့် ထိုစကားကို မမှတ်အပ်။]

ဤသို့ ဆိုခဲ့ပြီးသည်ကား ရသခြောက်ပါးတည်း။

၁။ Cichona ၂။ Quinine ၃။ Acid-Gallic

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂၂။ ဝိပါက ၃-ပါး၌ အကျိုးအပြစ်

ကျက်ပြီး ဝိပါကရသ။ ။ အစား, အသောက်, ဆေးဝါးတို့ကို စားသောက်ပြီးနောက် ဝမ်းမီး ချက်၍ ကျက်သည်ရှိသော် အရသာတစ်မျိုး ပြောင်းလဲ၍ ဖြစ်သည်ကို **ဝိပါက** ခေါ်သည်၊ ထိုဝိပါကသည် ချိုဆိမ့်, အချဉ်, အစပ် ဟူ၍ ရသ သုံးခု ဖြစ်၏။

၁။ ချိုဆိမ့်သော ရသနှင့် ငန်သော ရသသည် ဝမ်းမီး ချက်၍ ကျက်ပြီးနောက်လည်း များသောအားဖြင့် ချိုဆိမ့်ရသ တစ်ခုတည်း ဖြစ်၏။

၂။ အစပ်, အခါး, အဖန် ရသ သုံးခုတို့သည် ဝမ်းမီး ချက်၍ ကျက်ပြီးနောက် များသောအားဖြင့် အစပ် တစ်ခုတည်း ဖြစ်၏။

၃။ အချဉ်သည်မူကား ဝမ်းမီး ချက်၍ ကျက်ပြီးနောက်လည်း အချဉ်အတိုင်းပင် ဖြစ်၏။

ကောက်လတ်ဆန်, ကောက်ရင်ကြီး ဆန်တို့ကို ရသအားဖြင့် ချိုဆိမ့်သော်လည်း ဝမ်းမီး ချက်၍ ကျက်ပြီးနောက် ချဉ်သည်၊ ကြစုသီးသည် ဖန်ခြင်းရသ ရှိသော်လည်း ဝမ်းမီး ချက်၍ ကျက်ပြီးနောက် ချိုဆိမ့် ဖြစ်သည်၊ ချင်း, ပေပရမင်, ကာကြူပတီစသော ဆေးတို့သည် စပ်သော်လည်း ဝမ်းမီး ချက်၍ ကျက်ပြီးနောက် ချိုဆိမ့် ဖြစ်သည်၊ ဤသို့ အချို့သော ဆေးတို့သည် အထူး ဖြစ်တတ်သောကြောင့် များသောအားဖြင့် ဟူ၍ ဆိုရလေသည်။

ပါဠိဆေးဆရာတို့ အလိုအားဖြင့် ပိတ်ချင်းငယ်နှင့် ချင်းကို အရသာ စပ်သောလည်း ကျက်သည့်ကာလ ချိုဆိမ့် ဖြစ်သောကြောင့် အရည်ကို မခန်းခြောက်စေ, ဆီးဝမ်းတို့ကို မချုပ်စေတတ်ဟု ဆို၏၊ သိုးဆောင်းဆေးဆရာတို့ အလိုအားဖြင့် (ပေပရမင်)[၁] နှင့် (ကာကြူပတီ)[၂] သည် သောက်လိုက်လျှင် ပူစပ်ပြီးနောက် ခံတွင်း လျှာတို့တွင် ချက်ချင်း အေးသောကြောင့် အစပ်ပင် ဖြစ်သော်လည်း ကျက်သည်

၁။ Peppermint ၂။ Cajupati

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နောက် ချိုဆိမ့်ဖြစ်၍ အေးလိမ့်မည်ဟု ဆိုကြကုန်၏၊ မသိသည့် မြန်မာဆေးဆရာတို့က ပိတ်ချင်းငယ်ကို ခြောက်သော အပူ, အစပ်ဟု ထင်မှတ်၍ သုံးကြကုန်၏၊ ဆေးကျမ်းနှင့် မညီ၊ ပိတ်ချင်းကြီးသာ အရည်ကို ခန်းခြောက်စေ၍ ချုပ်စေတတ်သော အပူ, အစပ် ဖြစ်သည်၊ ပိတ်ချင်းကြီးဟူသည်လည်း စရိုပင်ကအသီး ဟူ၍ ဆေးကျမ်းတို့တွင် ဆို၏။

အကျိုးအပြစ်။ ။ ကျက်ပြီးနောက် အချိုသည် သလိပ်ကို ပျက်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ ကျက်ပြီးနောက် အစပ်သည် လေကို ပျက်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ ကျက်ပြီးနောက် အချဉ်သည် လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ကျက်ပြီးကို အသိခက်သည် ဖြစ်သောကြောင့် အရသာကို ထောက်၍ အကျက်ကို သိရ၏၊ ဤသို့ ဆိုခဲ့ပြီးသည်ကား ကျက်ခြင်း သုံးပါးတည်း။

၂၃။ ဂုဏ် ၁၈–ပါး အကျိုးအပြစ်

ဂုဏ်ကို အချို, ဆေးကျမ်းတို့၌ မဆို၊ ကိစ္စ၌ ဂုဏ်ကို သွင်း၏၊ အချို, ဆေးကျမ်း၌ ကြေလွယ်သော လဟု, ကြေခဲသော ဂရု, အဆီအစေး ရှိသောကြောင့် တက်သော သိနိဒ္ဓ, အဆီအစေးမရှိ ခြောက်သော သက်သော ရက္ခ, ထက်သော တိက္ခတို့သည် အစဉ်အတိုင်း အာကာသ, ပထဝီ, အာပေါ, ဝါယော, တေဇောဓာတ်တို့၏ ဂုဏ်တို့တည်း ဟူ၍ ဆိုကုန်၏၊ လဟု အစရှိသော ဂုဏ်တို့သည် ဆေးအစာတို့၌ တည်ကုန်၏၊ အာကာသ အစရှိသော ဓာတ်တို့သည် ရသ၌ တည်ကုန်၏၊ ထိုသို့ပင် ဖြစ်သော်လည်း သဟစရိယဥပစာအားဖြင့် ရသတို့၌ ဂုဏ်တို့ကို ပြအပ်ကုန်၏၊

သုသုတ ဆေးကျမ်းတို့၌ကား လဟု, ဂရု အစရှိသည်ဖြင့် ဂုဏ်နှစ်ဆယ် ဟူ၍ ဆို၏၊ ထိုသို့ ဂုဏ်နှစ်ဆယ် ယူသောအခါ ကိစ္စသည် ဂုဏ်၌ ဝင်၏၊ ကိစ္စ အခြားမရှိပြီ၊ ထိုကြောင့် ဆေးကျမ်းတို့ကို နှိုးနှောင်ထပ်သည်ကို ပယ်ပြီးလျှင် ဂုဏ်နှင့် ကိစ္စတို့ကို အခြားစီ ဆိုပေအံ့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁။ လဟု- မှာ ကြေလွယ်သော ဆေးမျိုး, အစာမျိုး၊ လူနှင့် လွန်စွာ သင့်၏၊ သလိပ်ကို နှိုင်၏၊ ကြေလွယ်၏။

၂။ ဂရု- မှာ ကြေခဲသော ဆေးမျိုး, အစာမျိုး၊ လေကို နှိုင်၏၊ ဝစေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကြေခဲ၏။

၃။ သိနိဒ္ဓ- မှာ အဆီအစေး ရှိသော ဆေးမျိုး, အစာမျိုး၊ လေကို နှိုင်၏၊ ဝစေတတ်၏၊ သုက်ကို မွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ဤဆေးမျိုးကိုပင် သွေးတက် ဆေးမျိုး ခေါ်သည်။

၄။ ရုက္ခ- မှာ အဆီအစေး မရှိသော ဆေးမျိုး, အစာမျိုး၊ သလိပ်ကို နှိုင်၏၊ လေကို ပျက်စေတတ်၏၊ ဤဆေးမျိုးကိုပင် သွေးသက် ဆေးမျိုး ခေါ်သည်။

၅။ တိက္ခ- မှာ ထက်သော ဆေးမျိုး, အစာမျိုး၊ သည်းခြေကို ပျက်စေတတ်၏၊ များသောအားဖြင့် ပိန်စေတတ်၏၊ လေ သလိပ်ကို နှိုင်၏။

၆။ သီလက္ခ- မှာ မထက်သော ဆေးမျိုး, အစာမျိုး၊ အဆီအစေး မရှိသော်လည်း မကြမ်းတမ်း၊ နူးညံ့၏၊ ထက်သော ဆေးနှင့် ပြန်သော အကျိုး ရှိ၏။

၇။ ထိရ- မှာ မပျံ့နှံ့တတ်သော ဆေးမျိုး, အစာမျိုး၊ လေ, အညစ်အကြေးတို့ကို ချုပ်စေတတ်၏။

၈။ ရသ- မှာ ပျံ့နှံ့တတ်သော ဆေးမျိုး, အဇာမျိုး၊ လေ, အညစ်အကြေးတို့ကို ထွက်စေတတ်၏။

၉။ ပိဿ္ဓိလ- မှာ စေးထန်း ပျစ်ခွဲသော ဆေးမျိုး, အစာမျိုး၊ အရိုးကျိုးကို ဆက်တတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏။

၁၀။ ဝိသဒ- မှာ မစေးမထန်း မပျစ်မခွဲ သွက်သော ဆေးမျိုး, အစာမျိုး၊ စိုစွတ်၏၊ ချွေး ထွက်စေတတ်၏၊ ပေါက်သော အမာကို တင်ရ၏။

၁၁။ ထူလ- မှာ ဝစေတတ်သော ဆေးမျိုး, အစာမျိုး၊ ဝစေတတ်၏၊ သွေး, လေ သွားလမ်းကို ပိတ်တတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၂။ သုခုမ- မှာ ကိုယ်တွင်း၌ အပေါက် ရှိသမျှကို စိမ့်ဝင်တတ်သော ဆေးမျိုး, အစာမျိုး၊ ထူလဆေးမျိုးနှင့် အပြန် ဖြစ်၏။

၁၃။ ဒြဝ- မှာ စိုသော ဆေးမျိုး, အစာမျိုး၊ စိုစွတ်စေတတ်၏၊ ပျံ့နှံ့တတ်၏။

၁၄။ သုက္ခ- မှာ ခြောက်သော ဆေးမျိုး, အစာမျိုး၊ စိုသော ဆေးနှင့် အပြန် ဖြစ်၏။

၁၅။ အာသု- မှာ လျင်မြန်သော ဆေးမျိုး, အစာမျိုး၊ အလျင် အမြန် အကျိုး ပေးတတ်၏။

၁၆။ မန္ဒ- မှာ နှေးသော ဆေးမျိုး, အစာမျိုး၊ အကျိုးပေး လေး၏၊ ဆေးမြစ်အတိုင်း ပေးလျှင် အကျိုးပေး လေး၍ မန္ဒ ဖြစ်သည်၊ ထိုဆေးမြစ်ကိုပင် အရက်ပြန်နှင့် စိမ်၍ ယူသော အရည်, မီးနှင့် ချက်၍ ထုတ်ယူသော မစွန်းတတ်သော ဆီမျိုးတို့ကို ပေးလျှင် အကျိုးပေး မြန်သည်၊ ထို့ကြောင့် ကာလနာ, အစာ မကြေသော အနာများမှာ အာသု ဆေးမျိုးကို ပေးလျှင် ကောင်းသည်။

၁၇။ သုဂန္ဓ- မှာ အနံ့ ကောင်းသော မွှေးသော ဆေးမျိုး, အစာမျိုး၊ နှုတ်ကို မြိန်စေတတ်၏၊ နှလုံးကို ကြည်စေတတ်၏။

၁၈။ ဒုဂ္ဂန္ဓ- မှာ အနံ့ မကောင်းသော ဆေးမျိုး, အစာမျိုး၊ ပျို့စေတတ် ၏၊ နှုတ်ကို မမြိန်စေတတ်၊ မကြည်စေတတ်။

ဤသို့ ဆိုခဲ့ပြီးသော အခြင်းအရာတို့သည်ကား ဂုဏ်တို့တည်း။

၂၄။ ကိစ္စ နှစ်ပါး၌ အကျိုးအပြစ်

ကိစ္စတို့ကို ဆိုပေအံ့၊ ဆေးကျမ်းတို့၌ ကိစ္စတို့ကို အမျိုးမျိုး ဆိုကြသည်၊ အချို့ ဆေးကျမ်း၌ ရှစ်မျိုးဆိုသည်၊ အချို့ ဆေးကျမ်း၌ နှစ်မျိုး ဆိုသည်၊ ရှစ်မျိုး ဆိုသောအခါ ဂုဏ်တို့တွင် ဂရု, လဟု, သိနိဒ္ဓ, ရုက္ခ, တိက္ခ, သိလက္ခ ဤခြောက်ခုကို ယူ၍ သီတ, ဥဏှကို ထည့်ပြီးလျှင် ရှစ်ခု ဆိုသည်၊ စရကဆရာမူကား အပူ, အအေး နှစ်ခုသာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဟူ၍ ဆို၏၊ နောက် ကျမ်းပြုဆရာတို့ကား အပူ, အအေး နှစ်ခုသာ ဟု ဆိုသော စကားကို ကြိုက်ကြကုန်၏။

၁။ အပူသည် လေ, သလိပ်ကို နိုင်၏၊ ရေတိုခြင်း, မူးဝေခြင်း, နှမ်းနယ်ခြင်း, ချွေးထွက်ခြင်း, ပူလောင်ခြင်းတို့ကို ဖြစ်စေတတ်၏။ ကြေလွယ်၏။

၂။ အအေးသည် လေ, သလိပ်တို့ကို ပျက်စေတတ်၏၊ သွေး, သည်းခြေကို နိုင်၏၊ ချမ်းသာစေတတ်၏၊ အသက် ရှည်စေတတ်၏၊ ဝမ်းချုပ်၏။

သတ္တိသည်မူကား အများအပြား ရှိ၏၊ ဝိဇ္ဇာမယိဒ္ဒိဖြစ်၍ မကြံစည်နိုင်၊ ဤဆေးသည် ဤအနာကို ပျောက်စေတတ်၏ ဟူ၍သာ လက်တွေ့ကို မှတ်ရာ၏။

သတ္တိ မတူပုံ။ ။ နှပ်ချို့နှင့် ကန့်ချုပ်နိုသည် ရသ, ဝိပါက, ကိစ္စ တူကြသော်လည်း သတ္တိချင်း မတူသောကြောင့် နှပ်ချို့သည် ဝမ်းကျ၏၊ ကန့်ချုပ်နိုသည် ဝမ်းချုပ်၏၊ ဤအတူ ထောပတ်နှင့် နွားနို့သည် နွားနို့က ဝမ်းကျ၏၊ ထောပတ်က ဝမ်းချုပ်၏၊ သစ်မယ်ဇယ်သီးနှင့် စပျစ်သီးသည် သစ်မယ်ဇယ်သီးက ဝမ်းချုပ်၏၊ စပျစ်သီးက ဝမ်းသက်၏၊ ဤအတူ ဂျုံနှင့် မုယောသည် ဂျုံက လေကို နိုင်၏၊ မုယောက လေပျက်၏။

ဤအရာတွင် ရသ, ဂုဏ်, ဝိပါက ကိစ္စ တူလျက်နှင့် တစ်ခုက တစ်မျိုးဖြစ်၍ သတ္တိ ကွဲသည်ကို အစိန္တေယျ ဖြစ်၍ မကြံနိုင်၊ ဤကဲ့သို့ ဖြစ်ခြင်းသည် သဘောမမွတာပင်တည်း ဟူ၍သာ မှတ်ရတော့သည်။

ဤအတူ ကန့်ကလာနှင့် တမာမြစ်သည် ရသ စသည် တူကြသော်လည်း တမာမြစ်က ချမ်းဖျား တုန်ဖျားကို နိုင်၏၊ ကန့်ကလာက မနိုင်၊ အချဉ်မျိုးတို့သည် များသောအားဖြင့် သည်းခြေကို ပျက်စေတတ်သော်လည်း ဆီးဖြူသီးနှင့် တလည်းသီးသည် သည်းခြေကို မပျက်စေတတ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အင်ဒန်မျိုးတို့သည် မျက်စိနာနှင့် မသင့်သော်လည်း သိန္ဓောနှင့် သင့်၏၊ အစပ်မျိုးတို့သည် လေကို ပျက်စေတတ်၏၊ အရည်ကို ခန်းခြောက်စေတတ်သော်လည်း ချင်း, စမုန်နှက်, ကြက်သွန်ဖြူ စသည်တို့သည် အရည်ကို မခြောက်စေတတ်၊ လေကို မပျက်စေတတ်။

အခါးမျိုးတို့သည် လေကို ပျက်စေတတ်သော်လည်း ပုံလုံခါးနှင့် ဆင်တုံးမန္ဓယ် စသည်တို့သည် လေကို မပျက်စေတတ်၊ အဖန်မျိုးတို့သည် အေး၍ ဝမ်းချုပ်တတ်သော်လည်း ကြစုသီး အစရှိသည်တို့သည် ဝမ်းကို မချုပ်စေတတ်၊ ချိုဆိမ့်ရသမျိုးတို့သည် သလိပ်ကို ပျက်စေတတ်သော်လည်း ဟောင်းသော ကောက်ကြီးဆန်, မုယော, ပဲနောက်, ဂျုံ, ပျားငယ်ရည်, ဖြူစင်သော သကြား, ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသားသည် သလိပ်ကို မပျက်စေတတ်ကုန်။

အကြင်ရသတို့သည် လေကို နှိုင်ကုန်၏ ဆိုသော်လည်း ထိုရသတို့၌ ရုက္ခ, လဟုဂုဏ်, သီတဟူသော ကိစ္စရှိလျှင် လေကို မနှိုင်ကုန်။ အကြင်ရသတို့သည် သည်းခြေကို နှိုင်၏ ဆိုသော်လည်း ထိုရသတို့၌ တိက္ခ, လဟုဂုဏ်, ဥဏှကိစ္စရှိမူ သည်းခြေကို မနှိုင်ကုန်။ အကြင်ရသတို့သည် သလိပ်ကို နှိုင်၏ ဆိုသော်လည်း ထိုရသတို့၌ သိနိဒ္ဓ, ဂရုဂုဏ်, သီတကိစ္စ ရှိမူ သလိပ်ကို မနှိုင်ကုန်။

ရသတစ်ခုတည်း အကျိုးနှင့် မသင့်သော ရသချင်း ရောမိသော အကျိုးသည် မတူ၊ သကြားနှင့် ထောပတ်တို့ကို ရော၍ စားလျှင် အကျိုးပေးသည်၊ သကြားနှင့် ပျားရည်ကို ရော၍ စားလျှင် အဆိပ်ဖြစ်သည်၊ ဤသို့ သတ္တိ အထူးထူး အထွေထွေ ဖြစ်သည်ကို ဆေးကျမ်းတို့တွင် ဆိုသည့်အတိုင်း မျက်မြင်လက်တွေ့ ရှိသည့်အတိုင်းသာ ပေးအပ် စားသောက်အပ်ကုန်၏၊ ရမ်းဆ၍ မပေးအပ်၊ မစားသောက်အပ်ကုန်။

[ဤကဲ့သို့ ဆေးအစာ တစ်ခုတည်း၌ပင်သော်လည်း အမှု ငါးပါးစီ ရှိသောကြောင့် အချို့, အချဉ် အရသာမျှကို စွဲ၍ ပေး သော ဒွါဒရာသီ အစရှိသော ဓာတ်ကျမ်းကို မယုံကြည်အပ်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂၅။ ဓာတ်စာကို ပယ်၍ သတ္တို ၂၆-ပါးကို ပြခြင်း

အသက်ကို တည်၍ ခုနစ်ခု စားပြီးလျှင် အကြွင်းကို အစွဲပြု၍ ပေးသော သတ္တုဓာတ်, ငင်းနည်း ရှစ်ခု စား၍ ပေးသော အဋ္ဌဓာတ်စာတို့ စကားသည်လည်း အသက် တူလျှင် အကြွင်းတူ၍ ပေးပုံချင်း တူရမည် ဖြစ်သော်လည်း တစ်ယောက်က ကာလနာ, တစ်ယောက်က အဖျား ဖြစ်လျှင် တူအောင် မပေးသင့်၊ တစ်ယောက်တည်းတွင်ပင် သော်လည်း တစ်ခါဖြစ်သော အနာနှင့် တစ်ခါဖြစ်သော အနာ မတူ၊ ဥတု တစ်ခုနှင့် ဥတု တစ်ခု မတူ၊ အရပ်တစ်ခုနှင့် အရပ်တစ်ခု မတူ၊ အရွယ်တစ်ခုနှင့် အရွယ်တစ်ခု မတူ၊ မိန်းမနှင့် ယောကျ်ား မတူဖြစ်၍ ထိုဓာတ်စာတို့တွင် ဆိုသော စကားကိုလည်း မယုံကြည်အပ်။

တစ်ကြောင်းလည်း ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ ဤဓာတ် ငါးပါးတို့ကို စွဲ၍ ပေးသည် ဆိုပြန်လျှင် နာနာဓာတုဉာဏ်ကို ဘုရားသာ ရသောကြောင့် အခြားသူတို့ ငင်းဓာတ်ကို မည်ကဲ့သို့ ဖြစ်သည်ကို မသိနိုင်သော အရာ အသိလုပ်ခြင်းသည်လည်း မိစ္ဆာအယူပင် ဖြစ်သည်၊ ထို့ကြောင့် အမရပူရ ပထမမြို့တည် မင်းတရားလက်ထက် ဓာတ်စာဆိုသည် မည်သည်က လာသည်ကို စစ်လျှောက်ရာ ငင်းစာတို့ကို မည်သူ ရေးသည်ဟု မပြောဆိုနိုင်၊ အခြေအမြစ် မရှိ၊ ပြည်မြို့ မြေထဲ သရက်မြို့များမှာ စားသောက် သုံးဆောင်ကြသော အရာသာ ဖြစ်သည်၊ ထိုဓာတ်ဆရာတို့သည် ရဟန်းသံဃာတို့ကို မကိုးကွယ်၊ အလှူ မပေး၊ သီလ, သီတင်း မစောင့်၊ မိစ္ဆာအယူ လူချည်း ဖြစ်သောကြောင့် ငင်းတို့တွင် အကြီးအမှူးဖြစ်သော **ကိုးလံ** ဆိုသူသည် ရာဇဝတ်အပြစ် စီရင်ခံရသည်။

မန္တလေးမြို့တည် မင်းတရားကြီး လက်ထက်လည်း ဓာတ်ဆရာ ငပိုကို ရာဇဝတ်အပြစ် စီရင်ရသည်၊ သို့သော်လည်း ထိုဓာတ်ဆရာတို့တွင် မည်သည့် အစာသည် မည်သည့် အနာကို ပျောက်စေတတ်သည်ဟု ဆရာစဉ်ဆက် မှတ်သားသည့်အတိုင်း ပေးလျှင် ရံခါ ပျောက်စေတတ်သည်၊ ဖြစ်ရင်း အနာ မှတ်ပုံ မသေချာသောကြောင့် ထိုအနာ ထင်မှတ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၍ ပေးရာ ရံခါ သေတတ်သည်၊ ပျောက်ဖူးသည့် အတိုင်း မှတ်၍ ပေးခြင်းသည်မူကား သဘောအတိုင်းဖြစ်၍ သင့်သည်ပင်။

သတ္တိ ၂၆-ပါး

၁။ ဒီပန- မှာ ဝမ်းမီးတောက်၏၊ အစာမကြေ၊ စပျစ်စေ့ စသည် တို့ကဲ့သို့ ဆီမီးသည် တောက်၏၊ လင်း၏၊ ထမင်း အိုးဌ် ရှိသော ဆန်ကို မကျက်စေ နိုင်သကဲ့သို့တည်း။

၂။ ပါစန- မှာ အစာကြေ၏၊ ဝမ်းမီး မတောက်၊ စံကားပွင့် စသည်တို့ကဲ့သို့ မီးခဲစုသည် အိုးဌ် ရှိသော ဆန်ကို ကျက် စေနိုင်၏၊ အတောက် အလင်း မရှိသကဲ့သို့တည်း။

၃။ သမန- မှာ ဒေါသကို ပြင်သို့ မထုတ်၊ ပြေပျောက်စေတတ် သော ဆေးမျိုး၊ ဆင်တုံးမန္ဓယ် စသည်တို့ ကဲ့သို့တည်း။

၄။ အနုလောမန- မှာ မကျက်သော ဒေါသတို့ကို ကျက်စေ၍ လေပိတ်ဆီးခြင်းကို ဖျက်၍ သလိပ်, သည်းခြေ စသော ဒေါသ အညစ်အကြေးတို့ကို အောက်သို့ ထွက်စေတတ် သော ဆေးမျိုး၊ ကြစုသီး စသည်တို့ ကဲ့သို့တည်း။

၅။ သံသန- မှာ ကျက်အပ်သော ဝတ္ထုကို မကျက်စေဘဲ အူ တွင်းဌ် ရှိသော ကျင်ကြီး, သလိပ် စသည်တို့ကို ရစ်၍ နှာပြီးလျှင် အောက်သို့ ထုတ်တတ်သော ဆေးမျိုး၊ ငုသီးနှင့် မုတ်, ကြံဟင်း စသည်တို့ ကဲ့သို့တည်း။

၆။ ဘေဒန- မှာ မာသည်မူလည်း ဖြစ်သော ပျော့သည်မူ လည်း ဖြစ်သော လေအား ကြီးသောကြောင့် စမြင်း ဖြစ်သည်မူလည်း ဖြစ်သော သလိပ်, ကျင်ကြီး အစရှိသော အညစ်အကြေးကို ခွဲဖျက်၍ အောက်သို့ ထုတ်တတ်သော ဆေးမျိုး၊ ဆောင်းမေးခါး အစရှိသည်တို့ ကဲ့သို့တည်း။

၇။ ဝိရေစန- မှာ ကျက်သည်မူလည်း ဖြစ်သော မကျက်သည် မူလည်း ဖြစ်သော ကျင်ကြီး အစရှိသော အညစ်အကြေးတို့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကို အရည် ဖြစ်စေ၍ အောက်သို့ ထုတ်တတ်သော ဆေးမျိုး၊ (ဝမ်းနုတ်ဆေး ဆိုလိုသည်။) နှပ်ချို့, ကြံဟင်း, သက်ရင်း, မဟာကာ, ကနခို စသည်တို့ ကဲ့သို့တည်း။

၈။ ဝမန- မှာ မကျက်သော သလိပ်, သည်းခြေ, အစာတို့ကို အထက်သို့ ဆောင်၍ ခံတွင်းမှ ထွက်စေတတ်သော ဆေးမျိုး၊ (အန်ဆေး ဆိုလိုသည်။) မရိုးမြစ်ခေါက် စသည်တို့ ကဲ့သို့တည်း။

၉။ သံသောဓန- မှာ သလိပ်, သည်းခြေ, ကျင်ကြိုး စသော အညစ်အကြေးတို့ကို အထက်သို့ ထွက်၍ အန်စေ, အောက်သို့ ထွက်၍ ဝမ်း ကျစေတတ်သော ဆေးမျိုး၊ (အေးပတ်ကီကွာနာ)[၁] လက်ဝဲကန့်တိုက် စသည်တို့ ကဲ့သို့တည်း။

၁၀။ ဂါဟီ- မှာ ပူသောကြောင့် ဝမ်းမီး တောက်စေ, အစာကြေစေသဖြင့် ဝမ်း၌ ရှိသော အရည်တို့ကို ခြောက်စေ၍ ဝမ်းချုပ် စေတတ်သော ဆေးမျိုး၊ ဇီယာ, ပိတ်ချင်းကြီး, ကန့်ချုပ်နီ စသည်တို့ ကဲ့သို့တည်း။

၁၁။ ထမ္ဘန- မှာ ဝမ်းမီး မတောက်ဘဲ လေ ပွ၍ လေ ပျက်၍ ချုပ်သော ဆေးမျိုး၊ ပဋ္ဌကာနီသီး, လက်ထုတ်သီးဆံ စသည်တို့ ကဲ့သို့တည်း။

၁၂။ ဆေဒန- မှာ အူအတွင်း၌ ကပ်ငြိသော သလိပ် အစရှိသည်တို့၏ အမြစ်ကို ဖြတ်တတ်သော ဆေးမျိုး၊ ယမ်းစိမ်း, ကျောက်သွေး, ပြာဆား, ဆပ်ပြာ စသည်တို့ ကဲ့သို့တည်း။

၁၃။ ဆေခန- မှာ ကိုယ်တွင်း၌ ရှိသော ဓာတ်ဒေါသ အညစ်အကြေးတို့ကို ခြောက်သွေ့စေ၍ လူကို ပိန်စေတတ်သော ဆေးမျိုး၊ ပျားငယ်ရည်, ပတဲကော, လင်းလေ, ပြာဆား, လက်ထုတ်သီး စသည်တို့ ကဲ့သို့တည်း။

၁။ Apeca quana

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၄။ ဝါဇီကရဏ- မှာ အင်္ဂါဇာတ်ကြောကို ထကြွစေ၍ မိန်းမတို့ကို အကြိမ် များစွာ မေထုန် မှီဝဲစေနိုင်သော ဆေးမျိုး၊ ရွှဲမတက် ကြီးငယ် အမြစ်, ဒဟတ်သကိုင်း, ကတိုး စသည်တို့ ကဲ့သို့တည်း။

၁၅။ သုက္ကလ- မှာ သုက်ကို များစွာ ဖြစ်စေတတ် ပွားများစေတတ်သော ဆေးမျိုး၊ ခွေးငယ်ယဉ်သီး, နွားနို့, မတ်ပဲ, ငါး, လိပ်, ငါးဥ စသည်တို့ ကဲ့သို့တည်း၊ မြေပုံခရမ်းသီး သည်ကား မိန်းမတို့၏ သုက်ကို ပွားစေတတ်၏။

၁၆။ ရသာယန- မှာ အိုခြင်း, နာခြင်းကို ဖျက်ဆီးတတ်သော ဆေးမျိုး၊ ကြစုသီး, ကနဒိုမြစ်, ကျောက်သွေး, စရိ, ကန့်ချုပ်နီ, သံ စသည်တို့ ကဲ့သို့တည်း၊ ဤဆေးမျိုးကို မြန်မာတို့က အာယုဝဓနဆေး ခေါ်သည်။

၁၇။ ဗျာဝါယီ- မှာ ဝမ်းသို့ ရောက်လျှင် မကြေမကျက်မီ သတ္တိအားဖြင့် လွှမ်းမိုး ပျံ့နှံ့ပြီးလျှင် မူးယစ်စေပြီးမှ ကျက်ခြင်း ကြေခြင်းသို့ ရောက်၏၊ ထက်၏၊ အူတွင်း၌ ရှိသော အရည်တို့ကို ခန်းခြောက် စေတတ်သော ဆေးမျိုး၊ ဘင်း, ဘိန်း စသည်တို့ ကဲ့သို့တည်း။

၁၈။ ဝိကာသီ- မှာ အရိုးအဆက်တို့ကို လျော့စေ၍ ဓာတ်တို့ကို ခန်းခြောက် စေတတ်သော ဆေးမျိုး၊ ကွမ်းသီး, လူးဆန် စသည်တို့ ကဲ့သို့တည်း။

၁၉။ မာဒက- မှာ ဉာဏ်ပညာကို ပျက်စေတတ်သော မူးယစ်စေတတ်သော ဆေးမျိုး၊ သေမျိုး, အရက်မျိုး စသည်တို့ ကဲ့သို့တည်း။

အဆိပ်သည်မူကား ဗျာဝါယီလည်း ဖြစ်၏၊ ဝိကာသီလည်း ဖြစ်၏၊ မာဒကလည်း ဖြစ်၏၊ အနည်းငယ် ပေးလျှင် အနာမျိုးကို နိုင်၏၊ ဝမ်းမီး တောက်၏၊ များလျှင် သေ၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂၀။ ပမာထိ– မှာ သွေး, လေ သွားလာရာ လမ်းတို့၌ ရှိသော ဒေါသ အညစ်အကြေးတို့ကို ချွေး, နှပ်, မျက်ရည် စသည် တို့ဖြစ်၍ ထွက်စေတတ်သော ဆေးမျိုး၊ ငရုတ်ကောင်း, ပတဲကော, လင်းလေ, အာရိဒိုင် စသည်တို့ကဲ့သို့တည်း။

၂၁။ အဘိသန္ဒိ– မှာ ပျစ်ချဲ့ ကြေခဲသောကြောင့် သွေး, လေ, အရသာကို ဆောင်သော အကြောတို့ကို လေးစေတတ် သော လမ်းကို ပိတ်စေတတ်သော ဆေးမျိုး၊ နွားနို့ချဉ်, ငါးရံ့ဥ, ပင်လယ်ငါး စသည်တို့ ကဲ့သို့တည်း။

၂၂။ ဝသီကရဏ– မှာ ချစ်စေတတ်သော အနုဆေးမျိုး၊ ဂေါ ရာဇဉ်း စသည်တို့ ကဲ့သို့တည်း၊ မြတ်စွာဘုရား လက်ထက် ရဟန်း တစ်ပါးကို မိန်းမ တစ်ယောက်က ချစ်ကြိုက် အောင် ဆေး ခတ်၍ ပေးရာ ရဟန်း မေ့လျော့ ထိုင်းမှိုင်း သော ရောဂါ ဖြစ်ကြောင်းနှင့် ဝိနည်းမဟာဝါ ပါဠိတော် တွင်...

တေန ခေါပန သမယေန အညတရဿ ဘိက္ခုနော ဃရဒိန္နကာ ဗာဓော ဟောဟိ၊ စေတမတ္ထံ ဘဂဝတော အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ သိတာလောဠိံ ပါယေတုန္တိ။

ဟူ၍ ဟောတော်မူသည်။ ၎င်း အဋ္ဌကထာတွင်

ဃရဒိန္နကာဗာဓောတိ ဃရဏိယာ ဝသီကရဏ ပါဏ ကသမုဋ္ဌိတ ရောဂေါ၊ သိတာလောဠိန္တိ နဂ််လေန ကသန္တဿ ဖာလေ လဂ္ဂမတ္တိကံ ဥဒကေန အာလော လေတွာ ပါယေတုံ အနုဇာနာမီတိ အတ္ထော။

ဟူ၍ ဖွင့်၏။

[ဤအနာ ဖြစ်ရာ ထယ်သွား၌ ကပ်သော မြေစိုင်ခဲကို ရေနှင့် ဖျော်၍ တိုက်စေသောကြောင့် ဤအနာ ပျောက်ရသည် ဟူ၍ ဟော တော်မူသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂၃။ ဥမ္မာဒန- မှာ ရူးစေတတ်သော ဆေးမျိုး၊ ပဒိုင်းသီးဆံ စသည်တို့ ကဲ့သို့တည်း။

၂၄။ မောဟန- မှာ မေ့လျော့ ထိုင်းမှိုင်း စေတတ်သော ဆေးမျိုး၊ (ကလော်ရဖန်)[၁] စသည်တို့ ကဲ့သို့တည်း။

၂၅။ တာပန- မှာ ပူလောင် စေတတ်သော ဆေးမျိုး၊ ယမ်းရည် စသည်တို့ ကဲ့သို့တည်း။

၂၆။ ထမ္ဘန- မှာ အာစေး ထည့်သော ဆေးမျိုး၊ ဖုသျှနက္ခတ်နှင့် စန်း ယှဉ်သောအခါ နုတ်ယူ၍ ဆောင်အပ်သော တောကြက်မောက်မြစ် စသည်တို့ ကဲ့သို့တည်း။

[ဤသို့ ဆိုခဲ့ပြီးသော ၂၆-ပါးသော အခြင်းအရာတို့သည်ကား သတ္တိတို့တည်း။

ဤဝသီကရဏမှ စ၍ နောက် ဆေး ငါးမျိုးတို့ကို မာရ်နတ်မင်း၏ မြား ငါးစင်း ခေါ်သည်၊ သတ္တဝါတို့ မင်္ဂိုလ် မရ နိုင်အောင် မာရ် နတ်သားသည် လောကကို ဤ ငါးနည်းဖြင့် နှိပ်စက် ဖုံးအုပ်ထားသည်။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ ရသ အစရှိသော ငါးမျိုးတို့ကို ဆိုရာ စတုတ္ထပိုင်း ပြီး၏။

စတုတ္ထကဏ္ဍ ပြီး၏။

——— * ———

၁။ Chloroform

၅ – ပဉ္စမ ကဏ္ဍ

ဆန့်ကျင်ဘက်အစာကို ပြခြင်း

၂၆။ ဖက်စပ်၍ မစားကောင်းသော အစာများ

ဆန့်ကျင်ဘက် ဖြစ်သော အစာသည် **ဝိရုဒ္ဓါသန** မည်၏။ ထို ဝိရုဒ္ဓအစာကို စားလျှင် ရောဂါ ဖြစ်တတ်၏၊ ဝိရုဒ္ဓဖြစ်ခြင်းသည်လည်း

၁။ မသင့်သော ဝတ္ထုတို့ကို စပ်ခြင်းဖြင့် လည်းကောင်း,

၂။ အချက်, အပြုတ်, အပြုအပြင် အားဖြင့် လည်းကောင်း,

၃။ အချိန်ပမာဏ အားဖြင့် လည်းကောင်း,

၄။ သဘော အားဖြင့် လည်းကောင်း,

လေးမျိုး ရှိကုန်၏။

၁။ ဝတ္ထုဖက်စပ် ဆန့်ကျင်ဘက်။ ။ ထို လေးမျိုးတို့တွင် မသင့်သော ဝတ္ထုချင်း စပ်၍ ဆန့်ကျင်ဘက် ဖြစ်သည်ကား အသားခြောက်, ဟင်းရွက်ခြောက်, မုန်လာဥ ငင်းသုံးပါး မစပ်ကောင်း၊ မတ်ပဲနှင့် တင်လဲ။ နို့မျိုးချဉ်နှင့် ဝက်သား။ ပေါ့ကုနှင့် ဝက်သား။ ပေရည်နှင့် ဝက်သား။ ပဲဒလက်စေ့နှင့် ဆိတ်သား။ ကြာဥနှင့် ကျွဲသား။ နို့မျိုးချဉ်နှင့် ဒေါင်းသား။ ပလောပီနံဥနှင့် ဒေါင်းသား။ နို့မျိုးနှင့် အချဉ်မျိုး။ နို့မျိုးနှင့် သေအရက်မျိုး။ ပျားရည်နှင့် ကင်ပိမ့်ရွက်။ နို့မျိုးနှင့် မြို။ နို့မျိုးနှင့် ငါး။ နို့မျိုးချဉ်နှင့် ကြက်သား။ နို့မျိုးနှင့် ဆား။ သေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အရက်နှင့် သကြား။ ဆပ်ပြာ, ပြာဆားတို့နှင့် အချဉ်မျိုး။ ဤသည်တို့ကား ပေါင်းစပ်၍ မစားကောင်းသော အစာတို့တည်း။

၂။ **ပြုပြင် ချက်ပြုတ် ဆန့်ကျင်ဘက်**။ ။ နှမ်းဖတ် နှမ်းမှုန့်နှင့် ကင်ပိမ့်ရွက် ဤနှစ်ပါးကို ပြုပြင် ချက်ပြုထ်၍ မစားရာ။ ဗျိုင်းအောက်သားနှင့် ဝက်ဆီကို ချက်၍ မစားရာ။ ငါး ချက်သော ဟင်းအိုး၌ ပျားရည်, ပိတ်ချင်းရွက်တို့ကို ချက်၍ မစားရာ။ ခိုသားကို မုန်ညင်းဆီနှင့် ချက်, ကြော်၍ မစားရာ။ ငါးကို နို့မျိုးနှင့် ချက်၍ မစားရာ။ ကြည်းကုန်း၌ ကျက်စားသော ငှက်သားကို ကြက်ဆူဆီနှင့် ချက်၍ ကြော်၍ မစားရာ။ ကြေးခွက်၌ ထောပတ်ကို ထည့်၍ တစ်ခဏမျှထက်ပို၍ ထားသည်ကို မစားရာ။ ဆိတ်သားနှင့် ဆူးပန်းရွက်ကို ချက်၍ မစားရာ။ မုန်လာဥကို မတ်ပဲနှင့် ချက်၍ မစားရာ။ အသား အချင်းချင်း ရောပြီးလျှင် ချက်၍ မစားရာ။ ငှက်ပျောသီးနှင့် နို့မျိုးကို ချက်၍ မစားရာ။ နို့မျိုးချဉ်နှင့် ထန်းသီးကို ချက်၍ မစားရာ။ ဤသည်တို့ကား ပြုပြင် ချက်ပြုတ်၍ မစားကောင်းသော ဝတ္ထုတို့တည်း။

၃။ **အချိန်ပမာဏ ဆန့်ကျင်ဘက်**။ ။ ပျားရည်နှင့် ထောပတ်, ပျားရည်နှင့် ရေ, ဆီနှင့် သားငါးတို့၏ အဆီ, ဆီနှင့် သားငါးတို့၏ ခြင်ဆီ, ထောပတ်နှင့် သားငါးတို့၏ အဆီ, ထောပတ်နှင့် ခြင်ဆီ, သားငါးတို့၏ အဆီနှင့် ခြင်ဆီ, ပျားရည်နှင့် အုန်းရည် ဤသို့ ဆိုခဲ့ပြီးသည်တို့ကို အချိန်တူ စပ်၍ မစားရာ။

၄။ **သဘာဝ ဆန့်ကျင်ဘက်**။ ။ အဆာ လွန်မှ စားခြင်း, မဆာမီ စားခြင်း, အလွန် ကောင်းလွန်းသော အစာကို စားခြင်း, အလွန် ထက်လွန်းသော အစာကို စားခြင်း, အရသာ မရှိသော အစာကို စားခြင်း, မကျက်သော အစာကို စားခြင်း, ဝမ်းမီးညှဲ့လျက် အတိုင်း အရှည်ထက် လွန်ပြီးလျှင် အစာကို စားခြင်း, ပုပ်သိုးသော အစာကို စားခြင်း, အလွန် ပူသော ထမင်းဟင်း ရေနွေးတို့ကို စားသောက်ခြင်း, အဆိပ်မျိုးတို့ကို စားသောက်ခြင်း, ပကတိ သဘောအားဖြင့် မိမိနှင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မသင့်သော အစားအသောက်တို့ကို စားသောက်ခြင်း ဤသည်တို့ကား သဘောအားဖြင့် ဆန့်ကျင်ဘက် ဖြစ်ခြင်းတို့တည်း။

ပြင်ကရောစပ် ဆန့်ကျင်ဘက်။ ။ ရောစပ်၍ မစားကောင်းသော အစာစုမှာ ဝမ်းတွင်းမှာသာ မရောစပ် ကောင်းသည်၊ အပြင်က ရောစပ်၍ ဆန့်ကျင်ဘက် ဖြစ်ကြပြီး နောင် စားသောက်လျှင် အပြစ်မရှိ၊ ဥပမာကား အချဉ်မျိုးနှင့် ပြာဆားကို ရောစပ်၍ မစားကောင်းသော်လည်း ပြင်တွင် ရော၍ ဆူဝေပြီးနောက် စားသောက်လျှင် အပြစ်မရှိ၊ မရိုးစေးနှင့် ရိုးမျိုး, အချဉ်မျိုးနှင့် ရိုးမျိုး, ဆားနှင့် ရိုးမျိုးတို့သည် ရောနှော၍ မစားကောင်းသော်လည်း ပြင်၌ ရောနှော၍ မီးပေါ်၌ နွေးပြီးလျှင် ရိုးခဲမှ စားလျှင် အပြစ် မရှိ။

ဆား၌ အချဉ်ဓာတ် ရှိပုံ။ ။ နွားနို့တွင် ဆားခတ်၍ ချက်လျှင် နွားနို့ခဲ ဖြစ်သည်ကို မြင်သောကြောင့် ဆား၌ အချဉ်ဓာတ် တစ်မျိုး ရှိသည်ကို သိရသည်။ ဆား ဟူသည်ကား ဆပ်ပြာနှင့် (ကလော်ရစ်အာစစ်)[၁] ခေါ်သည့် အချဉ်ရည် နှစ်ခု စပ်သည်ကို ဆား ခေါ်သည်။ ဤ ကလော်ရစ်အာစစ်ကို ဆားရည် ခေါ်သည်၊ ထို့ကြောင့် ဆားကို အိုးကင်းနှင့် လှော်လျှင် ရွှေဥိးစွာ နက်သည်၊ မီး ပြင်းပြင်း ထိုး၍ လှော်လျှင် ဖြူသည်၊ ဤအဖြူသည် ကလော်ရစ်အာစစ် အချဉ်ရည် ထွက်၍ ဆပ်ပြာ ကျန်ရစ်သည်၊ ထို ဖြူအောင် လှော်ပြီး ဆားနှင့် နွားနို့ကို ရော၍ သောက်လျှင် အပြစ် မရှိ၊ ယမ်းစိမ်းဟူသည် နိုက်တရအာစစ် ခေါ်သည်၊ ယမ်းရည် အချဉ်ဓာတ်မျိုးနှင့် ပြာဆား စပ်လျက် ရှိသည်ကို ခေါ်သည်၊ ထို့ကြောင့် ယမ်းစိမ်းကိုလည်း နို့မျိုးနှင့် စပ်၍ မသောက်ကောင်း။ ယမ်းစိမ်းကို မီးသွေး အတော် စပ်၍ မီးရှို့လျှင် (နိုက်တရအာစစ်)[၂] ခေါ်သည်၊ အချဉ်ရည် ထွက်၍ ပြာဆားသာ ကျန်ရစ်သည်။

၁။ Chloric acid (Hydro-Chloric acid) ၂။ Nitric Acid

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆန့်ကျင်ဘက် အစာဖြေ။ ။ ဤသို့ မသင့်တင့်သော အစာကို စားမိလျှင် စား၍ ပြီးစ အစာသစ် အိမ်တွင် အစာ ရှိခိုက် ဖြစ်လျှင် အန်ဆေး တိုက်ရမည်၊ အူတွင်း အစာဟောင်း အိမ်သို့ ရောက်လျှင် ဝမ်းနုတ်ဆေး တိုက်ရမည်၊ ထို့နောက် သကြား, သာကူ, နွားနို့ များကို ပေးရမည်၊ ကြက်ဥစိမ်းကိုသော်လည်း ပေးရမည်၊ မြေပုံ ခရမ်း မြစ် ပြုတ်ရည်ကိုသော်လည်း တိုက်ရမည်။

ဤသို့ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇန သင်္ဂဟကျမ်း၌ ဆန့်ကျင်ဘက်ဖြစ်သော အစာမျိုးတို့ကို ဆိုရာ ပဋ္ဌမပိုင်း ပြီး၏။

ပဋ္ဌမကဏ္ဍ ပြီး၏။

———— * ————

၆ – ဆဋ္ဌကဏ္ဍ

စပါးမျိုး, ပဲမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၂၇။ စပါးအမျိုးမျိုးတို့၏ အကျိုးအပြစ်

စပါး သုံးမျိုး။ ။ စပါးမျိုးသည်–

၁။ ကောက်ကြီး အစရှိသော **ဓညစပါးမျိုး**

၂။ မုယော, ဂျုံ အစရှိသော **ကုဓညစပါးမျိုး**

၃။ ပဲသီ, ပဲနောက် အစရှိသော **သမီဓညစပါးမျိုး**

ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတွင် ဥမည်သော စပါးမျိုးသည်–

၁။ **သာလီ** မည်သော ကောက်ကြီး စပါးမျိုး (ရှေးက သလေးခေါ်သည်။)

၂။ **ဝီဟိ** မည်သော ကောက်လတ် စပါးမျိုး

၃။ **သဋ္ဌိက** မည်သော ကောက်လျင် စပါးမျိုး

ဟူ၍ သုံးမျိုး ရှိသည်။

၁။ **ကောက်ကြီးမျိုး။** ။ ထိုသုံးမျိုးတို့တွင် မျိုးစေ့ မြေသို့ကျသည်ကို ရှစ်လ, ပျိုးကို နှစ်၍ နှိုက်သည်ကို ခြောက်လ ရှိမှ ရိတ်သိမ်းရသော စပါးမျိုးသည် ကောက်ကြီးမျိုး ဟူ၏၊ မြတ်သော သူတို့ စားတတ်၏။ ဟေမန္တဥတု၌ ရိတ်သိမ်း ရ၏၊ ထိုကောက်ကြီးမျိုး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သည် မြီးတို, မြီးရှည်, မြီးတုံး, ငစိန်, ငကျောက်, ငကျွဲ, ငကျည်း, ဗြတ်ကြီး, ဗြတ်ငယ်, ဘီလူးကျွန်း အစရှိသည်တို့ဖြင့် အများအပြား ရှိ၏၊ ဆန်စေး စပါးမျိုး, မစေးသော စပါးမျိုး, ဆံနွယ်ကြမ်း စပါးမျိုး, ဆန် နုသော စပါးမျိုး, ဆန်နီမျိုး, ဆန်ဖြူမျိုးဟူ၍လည်း နှစ်မျိုးစီ ရှိကြကုန်၏။

ကောက်ကြီးတို့သည် ချိုဆိမ့်ကုန်၏၊ အဆီအစေး များတတ်ကုန်၏၊ အားရှိစေတတ်ကုန်၏၊ ထွေး၏၊ ကျင်ကြီး ကျစ်၏၊ စဉ်းငယ် ဖန်၏၊ ကြေလွယ်၏၊ နှူတ်ကို မြိန်စေတတ်၏၊ ကိုယ်လက် တောင့်တင်းစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ လေ, သလိပ်တို့ကို စဉ်းငယ် ပွားစေတတ်၏၊ အေး၏၊ သည်းခြေကို နိုင်၏၊ ဆီးများစေတတ်၏။

မီးလောင်မြေ တောင်ယာ၌ ဖြစ်သော ကောက်ကြီးတို့သည် အဖန်အား ကြီး၏၊ ကြေလွယ်၏၊ ဆီး ဝမ်း ရွှင်၏၊ အဆီအစေး နည်း၏၊ သလိပ်ကို နိုင်၏။

လယ်၌ ဖြစ်သော ကောက်ကြီးတို့သည် လေ, သည်းခြေကို နိုင်၏၊ ကြေခဲ၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ စဉ်းငယ် ဖန်သောကြောင့် ကျင်ကြီး ကျစ်၏၊ ပညာကို ပွားစေတတ်၏၊ အား ရှိစေတတ်၏။

နုတ်၍ မစိုက်သော မထွန်သော မြေ၌ အလိုလို ပေါက်သော ကောက်ကြီးသည် ချိုဆိမ့်၏၊ စဉ်းငယ် ခါး၏။ ဖန်၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ သည်းခြေ, သလိပ်ကို နိုင်၏၊ လေကို ပျက်စေတတ်၏၊ ကြမ်းနှံး၍ ပေါက်သော ကောက်ကြီးသည် ချိုဆိမ့်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သည်းခြေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကျင်ကြီး ကျစ်၏၊ စဉ်းငယ် ဖန်၏၊ ကြေခဲ၏၊ အေး၏။

ပျိုးထောင်ပြီးလျှင် နုတ်၍ စိုက်သော ကောက်ကြီး အသစ်သည် သုက်ကို ပွားစေတတ်၏၊ အဟောင်းဖြစ်လျှင် ကြေလွယ်၏၊ နုတ်၍ မစိုက်သော စပါးထက် နုတ်၍ စိုက်သော စပါးသည် ကြေလွယ်၏၊ အကျိုး ကြီး၏။ တစ်ကြိမ် စိုက်သောထက် နှစ်ကြိမ် စိုက်လျှင် သာ၍ အကျိုး ကြီး၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရိတ်ပြီး အပင်ငုတ်က ပေါက်သော ကောက်ကြီးသည် စဉ်းငယ်ဖန်၏၊ ခါး၏၊ အေး၏၊ အဆီအစေး မရှိ၊ ကြေလွယ်၏၊ ကျင်ကြီး ချုပ်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏။

ထိုကောက်ကြီးမျိုးတို့တွင် ဆန်နီသော ကောက်ကြီးသည် အမြတ်ဆုံး ဖြစ်၏၊ မင်း စားထိုက်၏၊ အားကို ဖြစ်စေတတ်၏၊ အရုပ်အဆင်းကို ကောင်းစေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ မျက်စိနှင့် သင့်၏၊ ဆီးကို များစေတတ်၏၊ ကိုယ်လက်ကို ခိုင်ခံ့စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ရေငတ်ခြင်း, အဖျား, အဆိပ်သင့်ခြင်း, ပေါက်သော အမာ, ပန်းနာ, ချောင်းဆိုးနာ, ကိုယ်ပူနာတို့ကို နှိုင်၏၊ ဝမ်းမီးကို ကောင်းစေတတ်၏၊ ဤကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ ထို့ကြောင့် စကြာ, မန္ဒာတ် အစရှိသော မင်းတို့သည် လည်းကောင်း, ဓမ္မာသောက အစရှိသော မင်းတို့သည် လည်းကောင်း, ဥစ္စာ စည်းစိမ် ပြည့်စုံ ကြွယ်ဝသော သူတို့သည် လည်းကောင်း သလေးနီဟူ၍ ရှေးက ခေါ်သော **ရတ္တသာလိ** မည်သော ကောက်ကြီး ဆန်နီကိုသာ စားကြကုန်၏။

[များစွာသော ဆေးကျမ်းတို့၌လည်း သလေးနီကိုသာ အပြစ်မရှိ ကောင်းသော စပါးမျိုး ဟူ၍ ဆိုကုန်၏၊ စာပေ ကျမ်းဂန်တို့၌လည်း ဤသလေးနီသာ အကောင်းဆုံး ဟူ၍ ဆိုကြကုန်၏၊ ထိုသလေးနီကို မြန်မာ လူမျိုးတို့မှာ ဂျယ်ကြီး ခေါ်သည်၊ ဤအကြောင်းအရာကို မသိသော သူတို့သည် စကုဇြတ်, ကောက်ကြီး, မြီးတုံး, ဘီလူးကျွန်း ဆန်, ကသည်းဆန်များကို ဆန်ကောင်း ပြုလုပ် သုံးစွဲကြသည်၊ မျိုးတော်, လက်သည်းစောင်း စသည်တို့ကို မင်း စားတော်ပွဲ ဆန် ပြု၍ သုံးစွဲကြလေသည်။]

ကောက်လတ်မျိုး။ ။ နုတ်၍ စိုက်သည်မှ လေးလ, ငါးလအတွင်း ဝဿာနုဥတု, သရဒဥတုတို့၌ ရိတ်သိမ်းရသော စပါးမျိုးသည် ဝိဟိ ကောက်လတ်စပါးမျိုး၊ (အာသုခညလည်း ခေါ်သည်။) ဂိမှဥတု၌ ရိတ်သိမ်းရသော မုရင်းစပါးမျိုးလည်း ကောက်လတ် စပါးမျိုးပင်၊ ထိုကောက်လတ် စပါးသည်လည်း ကြိုင်းသင်, ပုတ်သင်ချောင်း, ကောက်လျှင်ကြီး အစရှိသည်ဖြင့် အများအပြား ရှိသည်။ ကောက်ကြီးကဲ့သို့ ဆန်ကြမ်း, ဆန်နု, ဆန်စေး, ဆန်ဖြူ, ဆန်နီများလည်း ရှိသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကောက်လတ် စပါးမျိုးသည် ဆိမ့်ချိုဓာ၊ စဉ်းငယ် ဖန်ဓာ၊ ဝမ်းမီး ချက်၍ ကျက်သောအခါ ချိုဆိမ့်ဓာ၊ မပူမအေး ရှိဓာ၊ အဆီအစေး နည်းဓာ၊ ကျင်ကြီး ကျစ်ဓာ၊ ထိုကောက်လတ်မျိုးတို့တွင် အခွံ နက်သော ကောက်လတ်မျိုးသည် အမြတ်ဆုံးဖြစ်ဓာ၊ စဉ်းငယ် ဖန်သော ရသ ရှိဓာ၊ ကြေလွယ်ဓာ။

[အခွံ နက်သော ကောက်လတ် စပါးမျိုးတို့ကို မြန်မာတို့မှာ ကောက်လျင်ကြီး ခေါ်သည်။]

ကောက်လျင်မျိုး။ ။ စိုက်သည်မှ နှစ်လ, သုံးလအတွင်း ဂိမ္ဘဥတုဌ် ရိတ်သိမ်းရသော ဟေမန္တဥတုဌ်မှလည်း ရိတ်သိမ်းရသော စပါးမျိုးသည် ကောက်လျင် စပါးမျိုး မည်ဓာ၊ ထိုကောက်လျင် စပါးမျိုးသည်လည်း ရေနွယ်, မက်လိပ်, စသာ အစရှိသဖြင့် အများအပြား ရှိဓာ။

ကောက်လျင် စပါးမျိုးသည် ချိုဆိမ့်ဓာ၊ အေးဓာ၊ ကြေလွယ်ဓာ၊ ကျင်ကြီး ကျစ်ဓာ၊ လေ, သည်းခြေကို နိုင်ဓာ၊ ကောက်ကြီးနှင့် အကျိုးအပြစ် တူဓာ။

ထိုကောက်လျင်မျိုးတို့တွင် စသာသည် အမြတ်ဆုံး ဖြစ်ဓာ၊ သလေးနီ ခေါ်သော ကောက်ကြီးနှင့် အကျိုးအပြစ် တူဓာ၊ သို့ရာတွင် သက်ကြီး စပါးကို စားလျင် အသက်ရှည်သည်, သက်ငယ် စပါးကို စားလျင် အသက် တိုသည်, ဤမျှသာ လွဲသည်။

ကုဓည စပါးမျိုး။ ။ ကုဓည ခေါ်သော မုယော, ပြောင်း, လူး, ဆပ်, ဂျုံ အစရှိသော စပါးမျိုးတို့သည် ပူဓာ၊ ချိုဆိမ့်ဓာ၊ ဖန်ဓာ၊ အဆီအစေး နည်းဓာ၊ ဝမ်းမီး ချက်၍ ကျက်လျင် စပ်ဓာ၊ သလိပ်ကို နိုင်ဓာ၊ မပျော့မပျောင်း မာဓာ၊ လေ, သည်းခြေကို ပျက်စေတတ်ဓာ၊ သီတပိတ်နာကို နိုင်ဓာ။

မုယောမျိုး။ ။ ဘင်္ဂလား အစရှိသော အနောက် အရပ်များ၌ မုယောသည် ထင်ရှားရှိဓာ၊ အပင် အသီး ဂျုံနှင့် တူဓာ၊ ဂျုံအောက် အသီး အလုံး ငယ်ဓာ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂။ အခွံ နီသော တောကျ မုယောမျိုး
၃။ အခွံ စိမ်းသော အမြီး မရှိသော အပွယဝမျိုး
ဟူ၍ သုံးမျိုး ရှိ၏။

မုယောသည် ချိုဆိမ့်၏၊ ဖန်၏၊ အေး၏၊ လူကို ပိန်စေတတ်၏၊ နှုးညံ့၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ ၎င်းအမှုန့်ကို ပေါက်သော အမာဋ္ဌ ကပ်လျှင် အကျိုး ရှိ၏၊ အဆီအစေး နည်း၏၊ အသိဉာဏ်, ဝမ်းမီးတို့ကို ပွားစေတတ်၏၊ သလိပ်ကို မပျက်စေတတ်၊ ကိုယ်လက်ကို တောင့်တင်းစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ကြေခဲ၏၊ စေးထန်း၏၊ လေကို ပျက်စေတတ်၏၊ ကျင်ကြီးကို ပွစေတတ်၏၊ အရုပ်, အဆင်းကို ခိုင်ခံ့စေတတ်၏၊ လည်ချောင်းနာ, အရေ၌ ဖြစ်သော အနာ, သလိပ်နာ, သည်းခြေနာ, အဆီခဲနာတို့ကို နှိုင်၏၊ နှာစေးသော အနာ, ပန်းနာ, ချောင်းဆိုးနာ, ပေါင်ခိုင် တောင့်မာသော် အနာတို့ကို နှိုင်၏။

၂၈။ မုယောနှင့် ဂျုံတို့၏ ဂုဏ်

မုယော သုံးမျိုးတို့တွင် အပွယဝသည် အမြတ်ဆုံး ဖြစ်၏၊ ထို အောက်အတိယဝ၊ ထိုအောက် တောကျ ဖြစ်၏။

ဂျုံမျိုး။ ။ ဂျုံသည်လည်း-
၁။ အိန္ဒိယနိုင်ငံ အနောက်ပိုင်း, ဘုံပိုင်, စူရဗ်, တူရကီ, သိုးဆောင်းနိုင်ငံတို့၌ ဖြစ်သော ဂျုံကြီးမျိုး။
၂။ အိန္ဒိယနိုင်ငံ အတွင်း၌ ဖြစ်သော ဂျုံကြီးမျိုးအောက် အသီးအလုံး ငယ်သော ဂျုံငယ်မျိုး။
၃။ အမြီး မရှိ၊ အသီးအလုံး ရှည်သော မြီးတုံး ဂျုံရှည်မျိုး
ဟူ၍ သုံးမျိုး ရှိ၏၊ (ဂျုံကြီးမျိုးကို ဂေါဓုမ, မဟာဂေါဓုမ ခေါ်သည်။)

၁။ ထိုဂျုံကြီးမျိုးသည် ချိုဆိမ့်၏၊ အေး၏၊ လေ, သည်းခြေကို နှိုင်၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ အဆီအစေး များ၏၊ အရိုးကျိုးကို ဆက်တတ်၏၊ အသံ ကောင်းစေတတ်၏၊ အသက်ကို ရှည်စေတတ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၏၊ ဝစေတတ်၏၊ အရုပ်အဆင်းကို ကောင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကိုယ်လက်ကို ခိုင်ခံ့စေတတ်၏၊ ၎င်းအမှုန့်ကို ပေါက်သော အမာမှာ အံ့လျှင် အကျိုး ရှိ၏၊ အသစ် ဖြစ်လျှင် သုက်, သလိပ်တို့ကို ပွားစေတတ်၏။။

၂။ ဂျုံငယ်မျိုးသည် **မဒုလီ** မည်၏၊ အေး၏၊ အဆီအစေး များ၏၊ သည်းခြေကို နိုင်၏၊ ချိုဆိမ့်၏၊ ကြေလွယ်၏၊ ဝစေတတ်၏၊ လူနှင့် သင့်၏၊ အသစ် ဖြစ်လျှင် သုက်ကို ပွားစေတတ်၏၊ ဤဂျုံမျိုးကား ငါတို့ မြန်မာနိုင်ငံတွင် ဖြစ်ပွားသော ဂျုံမျိုးပင်တည်း။

၃။ မြီးတုံးဂျုံရှည်မျိုးကို **နန္ဒမုခ** ဟု ခေါ်၏၊ ဂျုံငယ်မျိုးနှင့် အကျိုးအပြစ် တူ၏။

၂၉။ လူး၏ ဂုဏ်

လူးသည် ပူ၏၊ ယစ်ခြင်းကို ပြုတတ်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ သလိပ်ကို နိုင်၏၊ ဝမ်းချုပ်၏၊ လူကို ပိန်စေတတ်၏၊ အဆိပ်ကို နိုင်၏။

၃၀။ ဆပ်၏ ဂုဏ်

ဆပ်သည် အနက်, အနီ, အဖြူ, အဝါ ဟူ၍ လေးမျိုးရှိ၏၊ အစေးအကြမ်းဟူ၍လည်း နှစ်မျိုး ရှိ၏၊ ထိုဆပ်သည် ကြေခဲ၏၊ ချိုဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ လေကို ပျက်စေတတ်၏၊ အဆီသြဇာ မရှိ၊ ခြောက်၏၊ လူကို ဝစေတတ်၏၊ သလိပ်ကို နိုင်၏။ အရိုးကျိုးကို ဆက်နိုင်၏၊ မြင်းနှင့် အလွန် သင့်၏၊ ဆပ်လေးမျိုးတို့တွင် ဝါသော ဆပ်သည် အမြတ်ဆုံး ဖြစ်၏၊ အစေး, အကြမ်း နှစ်မျိုးတို့တွင်လည်း စေးသော ဆပ်သည် မြတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃၁။ နှံစားပြောင်း၏ ဂုဏ်

နှံစားပြောင်းသည်လည်း ဆပ်ကဲ့သို့ လေးမျိုး ရှိ၏၊ အစေး, အကြမ်းလည်း ရှိ၏၊ ချိုဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ အဆီဩဇာ နည်း၏၊ လေကို ပျက်စေတတ်၏၊ ကြေခဲ၏၊ စဉ်းငယ် ပူ၏၊ သလိပ်ကို နိုင်၏၊ အဆီခဲနာကို နိုင်၏၊ သုက်ကို နည်းစေတတ်၏၊ ဝမ်းချုပ်၏၊ ဝမ်းတွင်း၌ အရည်ကို ခြောက်စေတတ်၏၊ ဝစေတတ်၏၊ ကျိတ်သည် အေး၏၊ ဝမ်းချုပ်၏၊ သည်းခြေကို နိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ဝါသီးသည် အဆီဩဇာ နည်း၏၊ စဉ်းငယ် ဖန်၏၊ ဆိမ့်ချို၏၊ ဝမ်းမီးချက်၍ ကျက်လျှင် စပ်၏၊ သလိပ်ကို နိုင်၏၊ လေ, သည်းခြေကို ပျက်စေတတ်၏၊ ပူ၏၊ ဆီးကို ချုပ်စေတတ်၏၊

၃၂။ နတ်စပါး အကြီး အငယ် နှစ်မျိုးတို့၏ ဂုဏ်

နတ်စပါးသည် အကြီး, အငယ် နှစ်မျိုး ရှိ၏၊ မွေးသော ဆန်မျိုး, ၊မွေးသော ဆန်မျိုး ဟူ၍ နှစ်မျိုး ရှိ၏၊ နတ်စပါး ဟူသည်ကား ရေဝင်သည့် ကွင်းပြင်, ရေ မပြတ် ရှိသည့် အိုင်ကြီးနားများမှာ အလို အလျောက် ပေါက်တတ်သော ပကတိ စပါးနှင့် အသီး အပင် တူသော စပါးမျိုးတည်း။

ပဲခူးတိုင်း, ရခိုင်ပြည်နယ်, ကသည်းပြည်များမှာ အလွန် ပေါသည်၊ ဆန် ကြမ်းသည်၊ ရံခါ စပါး ရှားသည့် အခါများတွင် ထိုအရပ်သားတို့သည် ထိုစပါးကို ယူ၍ စားကြကုန်၏၊ ကသည်းပြည်, ရခိုင်ပြည်နယ်များက လာသည့် နတ်စပါးကို မြန်မာတို့က နမသလေး ခေါ်သည်၊ ထိုနတ်စပါးသည် အဆီဩဇာ မရှိ၊ အူတွင်း၌ အရည်ကို ခြောက်စေတတ်၏၊ လေကို ပျက်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏။

နတ်စပါး အကြီးမျိုးသည် အဆီဩဇာ မရှိ၊ လေကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ အသံကို ကောင်းစေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ စားလျှင် များစွာ မစားနိုင်၊ ဝလျှင် အားရလွယ်၏၊ အဆီခဲနာ, ပေါက်သော အမာတို့ကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃၃။ ပြောင်းဖူး၏ ဂုဏ်

ပြောင်းဖူးသည် ချိုဆိမ့်၏၊ အဆီဩဇာ နည်း၏၊ စဉ်းငယ် ဖန်၏၊ ရတ္တပိတ်နာ, သလိပ်နာကို နှိုင်၏၊ ဝ၏၊ ကြေလွယ်၏၊ သုက်ကို ပွားစေတတ်၏၊ လေကို ပျက်စေတတ်၏။

ဤကုဓည စပါးမျိုးကို မြက်မျိုး ဖြစ်၍ **တိဏဓညလည်း** ခေါ်သည်။

၁။ ကောက်ကြီး စပါး အစရှိသော ဓညစပါးမျိုး
၂။ ဂျုံ ဟူသော ဂေါဓုမ,
၃။ မုယော ဟူသော ယဝ,
၄။ လူး ဟူသော ကုဒြူသက,
၅။ ပြောင်း ဟူသော ဝရက,
၆။ ဆပ် ဟူသော ကင်္ဂု
၇။ ကျိတ် ဟူသော နီဝါရ

ဤခုနစ်မျိုးကို ဝိနည်းပါဠိတော်တို့တွင် စပါးမျိုး ခုနစ်မျိုး ဆိုသည်၊ နှတ်စပါး ဟူသော **သာမက**, နှတ်စပါးကြီး ဟူသော **မဟာသာမက** ဤနှစ်မျိုးကို ရှေးက လမန်းငယ်, လမန်းကြီး ခေါ်ကြသည်၊ ခေါင်းစပါးလည်း ခေါ်ကြသည်၊ ပြောင်းဖူးကို ပါဠိဘာသာ **စာရုတ** ဟူ၍လည်းကောင်း, **သရဗီ** ဟူ၍လည်းကောင်း ခေါ်သည်။

သိမ်မွေ့ညက ဟူသည်ကား အတောင့်ဖြင့် သီးသော အသီးမျိုး ဆိုလိုသည်၊ သိမ်မွေ့သဒ္ဒါ, သမီသဒ္ဒါတို့သည် အတောင့်ဟော၊ ထိုကြောင့် သမီဓညလည်း ခေါ်သည်။ စပါးမျိုးက အလျင် စိုက်ပျိုး လုပ်ဆောင်ရသောကြောင့် လည်းကောင်း, ကမ္ဘာဦး အခါက ရှေးဦး ပေါ်သောကြောင့် လည်းကောင်း **ပုဗ္ဗဏ္ဏ** ရှေးဦးပေါ်သော စပါးမျိုး ဆိုလိုသည်၊ ဤအတောင့်ဖြင့် သီးရသော ပဲမျိုးသည် နောက်မှ ဖြစ်သောကြောင့် **အပရဏ္ဏ** ခေါ်သည်၊ နောက်ပေါ်သော စပါးမျိုး ဆိုလိုသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃၄။ ပဲနောက် ပဲသီမျိုးတို့၏ ဂုဏ်

ထိုပဲမျိုးတို့တွင် ပဲနောက် ပဲသီမျိုးတို့သည် အမြတ်ဆုံး ဖြစ်၏၊ လူနှင့် အသင့်ဆုံး ဖြစ်၏၊ အဆင်းအားဖြင့် အနက်, အစိမ်း, အဝါ, အဖြူ, အနီ, အနီပျော့ ဟူ၍ ခြောက်မျိုး ရှိကုန်၏၊ အမျိုးအားဖြင့်

၁။ မဟာမုဂ္ဂ – အဝါပဲနောက်ကြီး,
၂။ ကဏ္ဍမုဂ္ဂ – ပဲနောက်နက်,
၃။ ဂေါရမုဂ္ဂ – အနီပျော့ ပဲနောက်,
၄။ ဟရိတမုဂ္ဂ – ပဲနောက်စိမ်း,
၅။ သေတမုဂ္ဂ – ပဲနောက်ဖြူ,
၆။ လောဟိတမုဂ္ဂ – ပဲနောက်နီ,
၇။ ဝနမုဂ္ဂ – တောပဲနောက်
ဟူ၍ ခုနစ်မျိုး ရှိ၏။

ခပ်သိမ်းသော ပဲတို့၏ နောက်မှ လုပ်ရသောကြောင့် ပဲနောက် ခေါ်၏၊ နောက်သို၍ လုပ်ရသောကြောင့် ပဲသီ ခေါ်သည်။

[မြန်မာတို့ အလို နောက်ကျသည်ကို လည်းကောင်း, အမှန်နားကို နီးသည်ကို လည်းကောင်း, မစွမ်း မသန်သည်ကို လည်းကောင်း, တစ်စုံတစ်ခုနှင့် နီးသည်ကို လည်းကောင်း, သီသည်ဟု ခေါ်သည်။]

ထိုပဲနောက်မျိုးသည် အဆီဩဇာ မရှိ၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ ဆိမ့်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ စဉ်းငယ်သာ လေပွ၏၊ မျက်စိနှင့် သင့်၏၊ အဖျားကို နှိုင်၏၊ ထိုပဲနောက်မျိုးတို့တွင် အနက်သည် အကြေလွယ်ဆုံး ဖြစ်၏၊ ထို့ထက် အစိမ်း ကြေခဲ၏၊ ထို့ထက် အဝါ ကြေခဲ၏၊ ထို့ထက် အဖြူ ကြေခဲ၏၊ ထို့ထက် အနီ ကြေခဲ၏။

ပဲသီ ပဲနောက်ဟူသည်ကား မြန်မာတို့မှာ စားတော်ဖြူ, စားတော်ညို, ပဲဆေးလုံး, ပဲသီ, ပဲနောက် အစရှိသည်တို့သည် ပဲနောက်မျိုးချည်း ဖြစ်ကြကုန်၏၊ အချုပ်အားဖြင့် ပုံသဏ္ဌာန် လုံးလျောင်းရှိသော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကြာဆံမုန့်တီ လုပ်၍ ဖြစ်သမျှသော ပဲမျိုးတို့သည် ပဲနောက်မျိုးတို့ ချည်းတည်း။

[ပဲနောက်မျိုးမှ တစ်ပါး အခြား ပဲမျိုးတို့ကို ကြာဆံ, မုန့်တီ လုပ်၍ မဖြစ်၊ မသိသူတို့က ကြာဆံ မုန့်တီသည် ပဒုမ္မာ ကြာစေ့ဆန်ကို လုပ်သည်ဟု ထင်မှတ်ကြ၏။]

၃၅။ မတ်ပဲ၏ ဂုဏ်

မတ်ပဲသည် ကြေခဲ၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ဆိမ့်၏၊ အဆီအစေး ရှိ၏၊ ပူ၏၊ လေကို နှိုင်၏၊ သလိပ်သည်းခြေကို ပျက်စေတတ်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆီးဝမ်းကို ရှင်စေတတ်၏၊ မြင်းသရိက်နာကို နှိုင်၏၊ ပန်းနာ, ရင်ဘတ်နာကို နှိုင်၏၊ ကျိုးရွဲ၏၊ နို့ကို များစေတတ်၏။

၃၆။ မတ်ပဲကြီးမျိုး၏ ဂုဏ်

မတ်ပဲကြီးမျိုးသည် ပဲနောက်မျိုးကဲ့သို့ များ၏၊ ပဲကြီး, ပဲကျား, ပဲယင်း, ပဲလွန်း, နွေပဲ, မောင်မခေါ် အစရှိသော ပဲစေ့၌ အလျား ရှည်သော အရေးအကြောင်း ရှိသမျှသော ပဲမျိုးတို့သည် မတ်ပဲကြီးမျိုး ချည်း ဖြစ်၏၊ ပါဠိဘာသာ **ရာဇမာသ, မဟာမာသ** ခေါ်သည်၊ မာသ သဒ္ဒါကို စွဲ၍ သ–ဌ် တဲ့ခွန် တင်ပြီးလျှင် **မာသ်**ပဲဟု ရေးက ခေါ်သည်၊ မတ်ပဲကြီးမျိုးသည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ ကြေခဲ၏၊ စားလျှင် ဝလွယ်၏၊ ဝမ်းတွင်း၌ ပျံ့နှံ့လွယ်၏၊ အဆီဩဇာ မရှိ၊ လေကို ပျက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ နို့ရည်ကို များစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ အဆင်းအားဖြင့် အဖြူ, အနီ, အနက်ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတို့တွင် ပဲကြီးသည် ဂုဏ်အကြီးဆုံး ဖြစ်၏၊ ချုပ်တတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃၇။ ပဲဒလက်သီး၏ ဂုဏ်

ပဲဒလက်သီးသည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ ပူ၏၊ ကြေခဲ၏၊ အဆီဩဇာ မရှိ၊ ဝမ်းမီး ချက်၍ ကျက်လျှင် ချဉ်၏၊ ဝမ်းတွင်း၌ ပျံ့နှံ့လွယ်၏၊ နို့ရည်, သည်းခြေ, သွေး, ကျင်ငယ်, လေတို့ကို ချုပ်စေတတ်၏၊ သလိပ်ကို နှိုင်၏၊ ကိုယ်ရောင်နာကိုနှိုင်၏၊ သုက်ကို နည်းစေတတ်၏၊

၃၈။ ပဲရာဇာ၏ ဂုဏ်

ပဲရာဇာသည် ဆိမ့်၏၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ သလိပ်, သည်းခြေ, သွေးတို့ကို နှိုင်၏၊ အဆီဩဇာ မရှိ၊ လေကို ပျက်စေတတ်၏၊ အဖျားကို နှိုင်၏။

၃၉။ ပဲစဉ်းငုံ၏ ဂုဏ်

ပဲစဉ်းငုံသည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ အေး၏၊ အဆီဩဇာ ရှိ၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ လေကို ပျက်စေတတ်၏၊ ရုပ်အဆင်းကို ကောင်းစေတတ်၏၊ သွေး, သည်းခြေ, သလိပ်ကို နှိုင်၏။

၄၀။ ကုလားပဲ၏ ဂုဏ်

ကုလားပဲသည် အေး၏၊ အဆီဩဇာ မရှိ၊ သွေး, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ ကြေလွယ်၏၊ စဉ်းငယ် ဖန်၏၊ ဝမ်းချုပ်၏၊ လေကို ပျက်စေတတ်၏၊ အဖျားကို နှိုင်၏၊ ကုလားပဲကို လှော်သည် ဖြစ်စေ, ဆီနှင့် ကြော်သည်ဖြစ်စေ ဤအကျိုးကို ရ၏၊ အစိမ်းအတိုင်း လှော်အပ်သော ကုလားပဲသည် အားကို ပြုတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အခြောက်ကို လှော်အပ်သော ကုလားပဲသည် အဆီဩဇာ မရှိ၊ လေနာ, နှုနာတို့ကို ပွားများစေတတ်၏၊ ပြုတ်ပေါင်းအပ်သော ကုလားပဲသည် သလိပ်, သည်းခြေကို နှိုင်၏၊ ကုလားပဲဟင်းသည် စိတ်နှလုံးကို တုန်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လှုပ်ခြင်းကို ပြုတတ်၏၊ ကုလားပဲ အစိမ်းသည် နူးညံ့၏၊ နှုတ်ကို မြိန်စေတတ်၏၊ သည်းခြေ, သုက်ကို နည်းစေတတ်၏၊ အေး၏၊ ဖန်၏၊ လေကို ပျက်စေတတ်၏၊ ဝမ်းချုပ်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ ကြေလွယ်၏။

၄၁။ ပဲစာဥ၏ ဂုဏ်

ပဲစာဥသည် ချိုဆိမ့်၏၊ အဆီသြဇာ မရှိ၊ အေး၏၊ ပဲပိစပ်သည် ဖန်၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ ပူ၏၊ ပန်းနာ၊ ချောင်းဆိုးနာ, သလိပ်နာ, လေနာတို့ကို နှိုင်၏၊ မောဟိုက်သော အနာ, ကျောက်တည်သော အနာ, သုက်ပျက်သော အနာ, ကိုယ်ပူနာ, လေချုပ်သော အနာ, နှာစေးနာ, ဆီခဲနာ, အဖျားနာ, ပိုးနာ, ရင်ဘတ်နာတို့ကို နှိုင်၏၊ ချွေးကို ထွက်စေတတ်၏၊ ဝမ်းချုပ်၏။

၄၂။ နှမ်းသုံးမျိုး၏ ဂုဏ်

နှမ်းသည် အနက်, အဖြူ, အနီ ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတို့တွင်–

၁။ နှမ်းနက်ကို အသက် ကြီးသောကြောင့် နှမ်းကြီး ခေါ်သည်။

၂။ နှမ်းဖြူကို အသက် ငယ်သောကြောင့် နှမ်းလျင် ဟူ၍ လည်းကောင်း, သာထွန်းဖြူ ဟူ၍ လည်းကောင်း ခေါ်သည်။

၃။ နှမ်းနီကို ဘုတ်မွေး ခေါ်သည်၊ နှမ်းဖြူအောက် အသက် ငယ်သည်။

နှမ်းသည် ဆိမ့်၏၊ စဉ်းငယ် စပ်သည်၊ ခါး၏၊ ငန်၏၊ ကြေခဲ၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ဆိမ့်၏၊ စဉ်းငယ် စပ်၏၊ ပူ၏၊ အဆီသြဇာ ရှိ၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ဆံပင်နှင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သင့်၏၊ ကိုယ်ကို လိမ်းလျှင် အေး၏၊ လူတို့၏ ကိုယ် အရေနှင့် သင့်၏၊ နို့ရည်ကို ပွားများစေတတ်၏၊ ပေါက်သော အမာနှင့် သင့်၏၊ သွားနှင့် သင့်၏၊ စဉ်းငယ် ဆီးကို များစေတတ်၏၊ ဝမ်းချုပ်၏၊ လေကို နှိပ်၏၊ ဝမ်းမီး, အသိဉာဏ်များကို ပေးတတ်၏၊ မြင်းသရိုက်နာကို နှိပ်၏၊ ထိုနှမ်းမျိုးတို့တွင် နှမ်းနက်သည် အမြတ်ဆုံး ဖြစ်၍ သုက်ကို ပွားစေတတ်၏၊ နှမ်းဖြူသည် အလတ် ဖြစ်၏၊ ကြွင်းသော နှမ်းတို့သည် အယုတ် ဖြစ်ကုန်၏၊ နှမ်းလျှင်မျိုးတွင် စိမ်းသော အဆင်းရှိသော နှမ်းမျိုးလည်း ရှိသော ဟူ၏။

ဘီသွာစေ့။ ။ ဘီသွာစေ့သည် ဆိမ့်၏၊ စဉ်းငယ် ခါး၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ ကြေခဲ၏၊ ပူ၏၊ မျက်စိနာ, သုက်ပျက်သော အနာ, လေနာကို နှိပ်၏၊ သလိပ်, သည်းခြေကို နှိပ်၏၊ အဆီဩဇာ ရှိ၏။

[ထိုဘီသွာကို ရခိုင်လူမျိုးတို့က နှမ်းချပ် ခေါ်သည်၊ မြန်မာ ရွှေနိသယများမှာလည်း အတသီ နှမ်းချပ် ဟူ၍ အနက် ပြန်သည်၊ အတသီသဒ္ဒါ, နီလပုပ္ပိသဒ္ဒါ, ပဗ္ဗတီသဒ္ဒါ, ဥပမာသဒ္ဒါ, ခုမာသဒ္ဒါတို့သည် နှမ်းချပ်ဟော ဖြစ်သည်။ ဤဘီသွာပင်က လျှော်ကိုလည်း အဝတ် အထည် လုပ်ရသည်၊ ထိုအဝတ်ကို ခေါမ အဝတ်, ဒုကူလ အဝတ် ဟူ၍ ပါဠိဘာသာ ခေါ်သည်၊ သုဝဏ္ဏသျှံ သတို့သား၏ အဖ တံငါသည်ကို မွေးစဉ် ကာလက ဤဘီသွာ လျှော်အဝတ်ဖြင့် ခံ၍ အနှီး လုပ်သည်ကို အစွဲ ပြု၍ ၎င်းတံငါသည်ကို ဒုကူလ ခေါ်သည်၊ ထိုဘီသွာဆီကို (တာရပင်ဆီ)[1] နှင့် စပ်နှောရ၍ အရောင်ရှိလိုသော သစ်သားများကို အရောင်တင်ဆီ ပြုလုပ် သုတ်လိမ်းရ၏၊ ၎င်းအဆီကို အင်္ဂလိပ်ဘာသာဖြင့် (လင်စီ)[2]ဟု ခေါ်သည်။]

ရှမ်းနှမ်းသည် ထက်၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ သွေး, သလိပ်တို့ကို နှိပ်၏၊ အဆိပ်ကို နှိပ်၏၊ ယားနာ, နူနာ, ပိုးနာတို့ကို နှိပ်၏၊ ဤရှမ်းနှမ်းကို နှမ်းကြပ်လည်း ခေါ်သည်၊ ပါဠိဘာသာ **တုဝရီ** ခေါ်သည်။

၁။ Turpentine ၂။ Linseed

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၄၃။ မုန်ညင်း နှစ်မျိုး ဂုဏ်

မုန်ညင်းသည် မုန်ညင်းဖြူ, မုန်ညင်းနီဟူ၍ နှစ်မျိုး ရှိ၏၊ စပ်၏၊ ဝမ်းမီးချက်၍ ကျက်လျှင်လည်း စပ်၏၊ စဉ်းငယ် ခါး၏၊ ထက်၏၊ ပူ၏၊ အဆီဩဇာ ရှိ၏၊ လေ, သလိပ်ကို နှိုင်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နတ် ဘီလူး ဖမ်းစား သော အနာကို နှိုင်၏၊ ယားနာ, နူနာ, ပိုးနာတို့ကို နှိုင်၏၊ မုန်ညင်းနီ ထက် အဖြူသည် အကျိုး ကြီး၏၊ မြတ်၏၊ မုန်ညင်းကြီးသည် အနီ, အနက်ဟူ၍ နှစ်မျိုး ရှိ၏၊ ထက်၏၊ ပူ၏၊ ရတ္တပိတ်နာကို ဖြစ်စေတတ် ၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ အဆီဩဇာ နည်း၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ယားနာ, နူနာ, ပိုးနာတို့ကို နှိုင်၏၊ မုန်ညင်းကြီး အနီထက် အနက်သည် ထက်၏။

ဆူးပန်းစေ့သည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ အေး၏၊ ကြေခဲ၏၊ အဆီဩဇာ ရှိ၏၊ ရတ္တပိတ်နာကို နှိုင်၏၊ လေ, သလိပ်ကို နှိုင်၏၊ သုက်ကို မပွားစေတတ်။

[ဆေးကျမ်းတို့၌ ပဲမျိုးတို့တွင် ပဲနောက်မျိုးနှင့် ပဲရာဇာသာ ဝမ်း ရောင် သက်သာသည်၊ ကြွင်းသော ပဲမျိုးသည်ကား ဝမ်း ရောင်တတ် သည်ချည်း ဟူ၍ ဆိုကုန်၏၊ သို့သော်လည်း ပဲမျိုး တစ်ခုစီ၏ အကျိုး အပြစ်တို့ကို ဆိုသည်ကို ကြည့်လျှင် မတ်ပဲနှင့် ပဲပိစပ်သာ လေကို နှိုင်ကြောင်းဖြင့် ပါရှိသောကြောင့် ကြွင်းသော ပဲမျိုးတို့မှာ ဝမ်းရောင် တတ်သည်၊ မတ်ပဲနှင့် ပဲပိစပ်မှာသာ ဝမ်းမရောင်တတ် ဟူ၍ ယူ သင့်သည်။]

ခွေးငယ်သည်လည်း မတ်ပဲနှင့် အကျိုး တူ၏၊ သုက်ကို ပွားစေ တတ်၏၊ မူယော, ဂျုံ, မတ်ပဲ, နှမ်းတို့သည် အသစ်သာလျှင် သင့်မြတ် ကုန်၏၊ ဟောင်းမူကား အဆီဩဇာ အရသာ မရှိ၊ ခြောက်ကပ်၏၊ အကျိုး မရှိကုန်။

စပါးမျိုး, ပဲမျိုးမူကား အသစ် ဖြစ်လျှင် သလိပ်ကို ပွားစေတတ် ၏၊ ကြေခဲ၏၊ တစ်နှစ် လွန်ပြီးသော စပါးသည် ကြေလွယ်၏၊ လူနှင့် သင့်၏၊ နှစ်နှစ်ကျော်မူ အဆီဩဇာ မရှိ၊ လေကို ပျက်စေတတ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အလွန် ကြေလွယ်၏၊ သုက်ကို နည်းစေတတ်၏၊ အချိန်အခါ မဟုတ်ရာ၌ ပေါသော ပဲမျိုး, စပါးမျိုး, ရေ မရအောင် အနာ နှိပ်စက်သော ပဲမျိုး, စပါးမျိုးတို့သည် လူနှင့် မသင့်ကုန်။

၄၄။ ဆေးကျမ်းအရ ထမင်းချက်ပုံနှင့် ထမင်းရည်၏ ဂုဏ်

ဆန်တို့ကို ချက်ပြုတ်နည်းတို့ကို ဆိုပေအံ့၊ ကောင်းမွန် စင်ကြယ်စွာ ဆေးပြီးသော ဆန်ချိန်၏ တစ်ဆယ့်လေးဆ ရေ, စက္ကဒတ္တ ဆေးကျမ်းဆရာ အလိုအားဖြင့် ကောင်းမွန် စင်ကြယ်စွာ ဆေးပြီးသော ဆန်ချိန်၏ ငါးဆ ရေထည့်၍ ဆန် ကောင်းစွာ ကျက်နပ်အောင် ချက်ပြီးလျှင် ထမင်းရည်ကို ငဲ့၊ ငဲ့၍ ရသော ထမင်းရည်သည် **မဏ္ဍ** မည်၏၊ ကျက်ပြီးသော ဆန်ကို ကောင်းမွန်စွာ နှပ်၊ ထမင်းဖြစ်၏။

ထမင်းရည်သည် အစာကို များစွာ စားနိုင်၏၊ ဆီးကို ရှင်စေတတ်၏၊ အသက်ကို ရှည်စေတတ်၏၊ သွေးကို ပွားစေတတ်၏၊ အဖျားကို နိုင်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ဤသို့ ဂုဏ် ရှစ်ပါး ရှိ၏၊ ထို ထမင်းရည်တွင် သင်္ဘောချင်းမှုန့်နှင့် သိန္ဓော ခတ်၍ သောက်လျှင် ဝမ်းမီးတောက်စေတတ်၏၊ အစာကို ကြေစေတတ်၏။

တစ်နည်း။ ။ ထမင်းရည်သည် ဝမ်းချုပ်၏၊ ကြေလွယ်၏၊ အေး၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ရသ အစရှိသော ဓာတ်ခုနစ်ပါးတို့ကို ညှိညှဉ်းစေတတ်၏၊ အဖျားကို နိုင်၏၊ သောက်လျှင် ဝလွယ်၏၊ အား ရလွယ်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ မောပန်းခြင်းကို ပယ်နိုင်၏၊ ထမင်းရည်တွင် ပိတ်ချင်းမှုန့်, သင်္ဘောချင်းခြောက်မှုန့် ခပ်သောက်လျှင် လေကို လည်စေတတ်၏၊ အစာကို ကြေစေတတ်၏၊

ပေါက်ပေါက်ရည်။ ။ ပေါက်ပေါက်ကို ပြုတ်၍ ရသော အရည်သည် ကြေလွယ်၏၊ ဝမ်းမီး တောက်၏၊ ဝမ်းချုပ်၏၊ လေ လည်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထမင်း။ ။ ထမင်းသည် ဝမ်းမီးကို တောက်စေတတ်၏၊ လူနှင့် သင့်၏၊ စားလျှင် ဝစေတတ်၏၊ အား ရစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကြေလွယ်၏၊ ဤကိုယ်ကို စည်ပင် ကြီးပွားစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဓာတ်ခုနစ်ပါး, ကလွန်ကို ပွားစေတတ်၏၊ ဆာလောင်ခြင်း, ပင်ပန်းခြင်းကို ဖျောက်တတ်၏။

လတ်လတ်လောလော ထမင်းသည် သလိပ်ကို ပွားစေတတ်၏၊ ချိုဆိမ့်၏၊ အဆီဩဇာ ရှိ၏၊ ဝစေတတ်၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ ထမင်းကြမ်းသည် (ချက်ပြီးသောနောက် ကာလ ကြာပြီးသော ထမင်းလည်းဟူ။) အဆီဩဇာ နည်း၏၊ အရသာ နည်း၏၊ လူနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အလွန် ပူလွန်းသော ထမင်းသည် အားကို ဖျက်တတ်၏။

[ဤအရာ၌ ထမင်းသာ မဟုတ်၊ ဟင်း, မုန့်, ရေတို့လည်း ပူလွန်းလျှင် အား ပျက်တတ်သည်ချည်းတည်း။]

ထမင်းခြောက်။ ။ ခြောက်သော ထမင်းသည် ကြေခဲ၏၊ ဤအရာ၌လည်း ထမင်းခြောက်သာ မဟုတ်၊ သားခြောက်, ငါးခြောက်, ဟင်းရွက်ခြောက်များလည်း ကြေခဲသည်ပင်၊ ပျော့လွန်းသော ထမင်းသည် လူတို့၏ နွမ်းနယ်ခြင်းကို ပြုတတ်၏၊ မနပ်သော ထမင်းသည် ကြေခဲ၏၊ ဝမ်းရောင်တတ်၏။

ထမင်းအေး။ ။ ထမင်းပူကို ရေအေးနှင့် အေးအောင် လတ်တလော ချင်း ဆေးသော ထမင်းသည် အေး၏၊ ကြေလွယ်၏၊ ထမင်းသိုးသည် အဆီဩဇာ မရှိ၊ ဒေါသ သုံးပါးလုံးကို ပျက်စေတတ်၏။

ဆန်မဆေး ထမင်း။ ။ ဆန်ကို မဆေးဘဲ ချက်သော ထမင်းသည် အေး၏၊ ကြေခဲ၏၊ နှုတ်ကို မမြိန်စေတတ်၊ သလိပ်ကို ပျက်စေတတ်၏။

ဆန်လှော်ထမင်း။ ။ ဆန်ကို လှော်၍ ချက်သော ထမင်းသည် ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အနံ့ကောင်း၏၊ သလိပ်ကို နိုင်၏၊ လေကြောင့် ပျက်သော ဝမ်းပျက်နာ ရှိသောသူနှင့် သင့်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရွှေထမင်း။ ။ ရွှေထမင်းသည် ပင်ပန်းခြင်းကို ဖျောက်တတ်၏၊ နူတ်ကို မြိန်စေတတ်၏၊ မြင်းသရိက်နာကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ စားလျှင် ဝလွယ်၏၊ အား ရလွယ်၏၊ နွားနို့ထမင်းသည် မျက်စိနှင့် သင့်၏၊ အားကို ဖြစ်စေတတ်၏၊ သွေး, သည်းခြေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ရသာယန ဖြစ်၍ အသက်ကို ရှည်စေတတ်၏။

ဃနာနို့ထမင်း။ ။ ထောပတ်ကို ချက်၍ ထိုထောပတ်တွင် ဆန် ထည့်၍ ထိုဆန်တွင် ထက်ဝက်ခန်းအောင် ချက်ပြီး နွားနို့ကို ထည့်၍ ထောပတ် ထမင်းချက်သကဲ့သို့ ဆန်ကို ကျက်အောင် ချက်၊ သကြားဖြူလည်း သင့်အောင် ထည့်။

[ထိုထမင်းကို ပါဠိဘာသာ ပါယာသ, ပရမန္န, ခီရိကာ ဟူ၍ ခေါ်သည်၊ မြန်မာတို့မှာ ဃနာ ခေါ်သည်၊ သုဇာတာ မြတ်စွာဘုရားကို လှူသော ဃနာ နို့ဆွမ်း ဆိုသည်ကား ဤကဲ့သို့ ချက်သော ထမင်းကို ဆိုသည်။]

နို့ဃနာသည် ကြေခဲ၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ရသာယန ဖြစ်၍ အသက်ကို ရှည်စေတတ်၏။

ဒံပေါက်ထမင်း။ ။ ဆိတ်သား အစရှိသော အသားကောင်းတို့ကို ရေ၌ စင်စွာ ဆေး၍ နုပ်နုပ် စဉ်း၊ ၎င်း အသားချိန် လေးပိုလ် ဖြစ်လျှင် ပိတ်ချင်းသီး, ပိတ်ချင်းမြစ်၊ ချင်းခြောက်, ဇီယာ, နံနံစေ့တို့ သည် တစ်မျိုးလျှင် ၂-မူးစီ အမှုန့် နယ်ပြီးလျှင် ရေခြောက်ဆယ့်လေးပိုလ်နှင့် လေးပုံ တစ်ပုံ ကြွင်းပြုတ်၊ ၎င်းပြုတ်ရ အရည်ကို စစ်၍ ယူ၊ ၎င်းအရည်တွင် လှော်ပြီး ရှိန်းခို, သိန္ဓော, ဇီယာ ထည့်၍ မွေ၊ ၎င်း အရည်ဖြင့် ထောပတ်ထမင်း ချက်သကဲ့သို့ ဆန်ကို ချက်၊ ဤ ချက်ရ ထမင်းသည် **ရသောဒန** မည်၏၊ ဒံပေါက်ထမင်းနှင့် တူ၏၊ ဤဒံပေါက်ထမင်းသည် ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေကို နိုင်၏၊ အဖျားကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၄၅။ ဆန်ပြုတ် စသည်တို့၏ ဂုဏ်

သောက်ဖွယ်ပေယျာ။ ။ ဆန်ချိန်၏ တစ်ဆယ့်လေးဆ ရေထည့်၍ ဆန်လုံး အက်၍ ကွဲအောင်ပြုတ်၊ ထိုထမင်းလုံးနှင့် တကွ သော ပြုတ်ရ အရည်သည် **ပေယျာ** မည်၏၊ (သောက်ဖွယ် ဆိုလိုသည်) ပေယျာသည် အလွန် ကြေလွယ်၏၊ ဝမ်းချုပ်၏၊ ရသ အစရှိသော ဓာတ်ခုနစ်ပါးကို တိုးပွားစေတတ်၏၊ ရေငတ်ခြင်း, အဖျား, လေနာတို့ကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ဝမ်းဠှ နာကျင်ခြင်းကို နိုင်၏။ ထိုပေယျာတွင် သဘော်ချင်းမှုန့် သိန္ဓော ခတ်၍ သောက်လျှင် လေ, ကျင်ကြီးတို့ကို အောက်သို့ လည်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ အစာ မကြေသော ရင်ဘတ်နာကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းလေ ချုပ်သည်ကို နိုင်၏။

ယာဂု။ ။ ဆန်ချိန် ခြောက်ဆ ရေ ထည့်၍ ဆန်လုံး အက်ကွဲအောင် ပြုတ်ကျိုလျှင် ယာဂု မည်၏၊ ယာဂုသည် ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏၊ ရေ ငတ်ခြင်းကို နိုင်၏၊ ဆီးကို ရှင်းစေတတ်၏၊ ပင်ပန်းခြင်း, နွမ်းနယ်ခြင်းကို ဖျောက်နိုင်၏၊ အဖျားနာ, ဝမ်းပျက်နာနှင့် သင့်၏။

ယာဂု အကျိုး ငါးပါး

ပဋ္ဌမေ ဘိက္ခဝေ အာနိသံသာ ယာဂုယာ၊ ကတမေ ပဉ္စ၊ ခုဒ္ဒံ ပတိဟနတိ၊ ပိပါသံ ပတိဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ယာဂုယာ။

ဤဠှ အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ခုဒ္ဒံ၊ ဆာခြင်းကို။ ပတိဟနတိ၊ ဖျောက်နိုင်၏၊ ပိပါသံ၊ မွတ်ခြင်းကို၊ ပတိဝိနေတိ၊ ဖျောက်နိုင်၏။ ဝါတံ၊ လေကို။ အနုလောမေတိ၊ အောက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သို့ သက်စေတတ်၏။ ဝတ္ထိ၊ ဆီးအိမ် စည်ပေါင်းကို။ သောဓေတိ၊ သုတ်သင်တတ်၏။ အာမာဝသေသံ၊ မကျက် ကြေသေးသော အစာသစ် အကြွင်းအကျန်ကို။ ပါစေတိ၊ ကျက်စေတတ် ကြေစေတတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့ သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

ပဉ္စဂုံတ္တရ ပါဠိတော်လာ ယာဂု၏ အကျိုး ငါးပါး၊ (အစာ စားလိုခြင်းကို ဆာသည်ဟု ခေါ်သည်၊ အရည် သောက်လိုခြင်းကို မွတ်သည်ဟု ခေါ်သည်။)

[ဤပဉ္စဂုံတ္တရ အဋ္ဌကထာ၌ ဝတ္ထိ သောဓေတိ ဟူသော ပါဠိတွင် ဝတ္ထိသဒ္ဒါ သိရာမည်သော အကြောကြီး ဟောဖြစ်ကြောင်းနှင့် ဖွင့်သည်ကို ကမ္မ တန်ဆာ အဘိဓာန် ခေါ်သော နိဃဏ္ဍုကျမ်းနှင့် မညီ၊ ဆေးကျမ်းတို့၌ ယာဂု အကျိုးကို ဆို သည်နှင့်လည်း မညီ၊ ယခု မျက်မြင်လက်တွေ့နှင့်လည်း မညီ ဖြစ်သောကြောင့် ဆင်ခြင်အပ်ပေသည်။]

ဝိလေပီ။ ။ ဆန်ချိန်၏ လေးဆ ရေ ထည့်၍ ထမင်းရည် မငဲ့ဘဲ ထောပတ်ထမင်း ချက်သကဲ့သို့ အရည် ကုန်အောင် ချက်သော ပျော့သော ထမင်းသည် **ဝိလေပီ** မည်၏၊ ဝိလေပီသည် ဝမ်းမီးကို တောက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ နှလုံးကို ကြည်လင်စေတတ်၏၊ ဝမ်းချုပ်၏၊ ကြေလွယ်၏၊ ပေါက်သော အမာ, မျက်စိနာ ရှိသော သူနှင့် သင့်၏၊ စားလျှင် အား ရလွယ်၏၊ ဝလွယ်၏၊ ရေတင်ခြင်း, အဖျားတို့ကို ဖျောက်နိုင်၏။

မုန့်နပ်။ ။ ဆန်မုန့်ညက်၏ ရှစ်ဆ ရေထည့်၍ လေးပုံတစ်ပုံ ကြွင်းအောင်ကျို မုန့်နပ် ဖြစ်၏၊ ဤမုန့်နပ်ကို ပါဠိဘာသာ **မဏ္ဍာ ပမဏ္ဍာ** ဟူ၍ ခေါ်၏၊ ပေယျာနှင့် အကျိုး တူ၏၊ အထူးအားဖြင့် အလွန် ကြေလွယ်၏၊ ထိုမုန့်နပ်ကို အမြဲ သောက်သောသူသည် အားခွန်ကုန်ခန်းခြင်း, သုက် ကုန်ခန်းခြင်း, နူနာတို့သည် မဖြစ်နိုင်ကုန်၏။

အဆင့်ဆင့်သာသော အစာ။ ။ ထမင်းထက် မုန့်သည် အားကို ရှစ်ဆ သာ၍ ဖြစ်စေ၏၊ မုန့်ထက် နို့ရည်သည် ရှစ်ဆ, နို့ရည်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထက် အသားမျိုးသည် ရှစ်ဆ, အသားမျိုးထက် ထောပတ်သည် ရှစ်ဆ သာ၍ အားကို ဖြစ်စေတတ်, ဝဖြိုးစေတတ်၏၊ ကိုယ်ကို လိမ်းနယ်ရာ နှမ်းဆီသည် ထောပတ်ထက် ရှစ်ဆ သာ၍ ဝဖြိုးစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊

စော–တ်ပြုတ်ယူသ။ ။ တစ်စုံတစ်ခုသော အခွံ ခွာတ်ပြီးသား ပဲမျိုး အချိန်၏ ဆယ့်ရှစ်ဆ ရေထည့်၍ ပဲအက်၍ ကွဲအောင် အချို့ ကြေအောင် ပြုတ်၍ အဖတ်ကို စစ်၍ ပျစ်သော အရည်သည် ယူသ ဖြစ်၏၊ ယကို စနှင့် လဲ၍ ပေါ့ပေါ့ ဆိုသဖြင့် ဤ ယူသကို (စော–တ်)[၁] ဟူ၍ သိုးဆောင်းတို့က ခေါ်သည်၊ တစ်နည်း အခွံ ခွာတ်ပြီး ပဲ တစ်ပိုလ်, သဘော်ချင်းခြောက်, ပိတ်ချင်း ငင်းနှစ်ခုစပ် ဒဂိုးတစ်ပြား ထက်ဝက်, ရေ တစ်ဆယ့်ခြောက်ပိုလ် ထည့်၍ အထက်နည်းချက်၊ စော–တ် ဖြစ်၏၊ စော–တ်သည် အားကို ဖြစ်စေတတ်၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လည်ချောင်းနာနှင့် သင့်၏၊ သလိပ်ကို နှိုင်၏။

ပဲနောက် စော–တ်သည် ဝမ်းမီးကို တောက်စေတတ်၏၊ အေး၏၊ ကြေလွယ်၏၊ ရေတတ်ခြင်း, ပူလောင်ခြင်းကို နှိုင်၏၊ သွေး, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ အဖျားကို ပျောက်စေတတ်၏။

ပဲရာဇာ စော–တ်သည် ဝမ်းချုပ်၏၊ ဝစေတတ်၏၊ ဆိမ့်၏၊ ဆီး အကြိမ်များစွာ သွားရသည်ကို နှိုင်၏။

ပဲပိစပ် စော–တ်သည် လေကို နှိုင်၏၊ ပန်းနာ, နာစေးသော အနာကို နှိုင်၏၊ ချောင်းဆိုးနာ, မြင်းသရိုက်နာ, ဂူနာ, လေချုပ်သော အနာတို့ကို နှိုင်၏၊ ဝမ်း အလွန် နာ၍ သွားရသော လေနာ, အလွန်နာပြီးလျှင် မသွားဘဲ အထက်သို့ ထိုးသော လေနာတို့ကို နှိုင်၏။

ပဲနောက်နှင့် ဆီးဖြူသီး ရောနှော၍ လုပ်သော စော–တ်သည် ဝမ်းကို ပျော့စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ အေး၏၊ ရေတတ်ခြင်း, ပူ

၁။ Soup Sauce Saut

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လောင်ခြင်းကို ငြိမ်းစေတတ်၏၊ မူးဝေခြင်း, ပင်ပန်းခြင်း, သေအရက် အစရှိသော ယစ်ခြင်းကို နိုင်၏။

မုန်လာဥခြောက်အရိုးကို ကျိုသော စေး-တ်သည် ပန်းနာ, ချောင်းဆိုးနာ, နှာစေးသော အနာ, ပါးသက်နာ, နှုတ်မမြိန်ခြင်း, အဖျားတို့ကို နိုင်၏၊ သလိပ်နာ, အဆီခဲနာ, လည်ချောင်းနာကို နိုင်၏။

သဘော်ပုလုံရွက်, တမာရွက်ကို လုပ်သော စော-တ်သည် သည်းခြေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှလုံးကို ကြည်လင်စေတတ်၏၊ ပိုးနာ, နှုနာ, အဖျားနာကို နိုင်၏၊ သလိပ်, အဆီခဲတို့ကို ခန်းခြောက်စေတတ်၏။

တစ်နည်းလည်း ချေးသီးနှင့် ဆီးဖြူသီးကို စပ်၍ လုပ်သော စော-တ်သည် နှလုံးကို ကြည်လင်စေတတ်၏၊ ကြေလွယ်၏၊ ဒေါသတို့ကို ငြိမ်ဝပ်စေတတ်၏၊ အသက်ကို ရှည်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ မူးဝေသော အနာ, အဆီခဲနာကို နိုင်၏၊ လေ, သည်းခြေကို နိုင်၏။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်းဌ စပါးမျိုး, ပဲမျိုးတို့၏ ဂုဏ်ကို ဆိုရာ ဆဋ္ဌပိုင်း ပြီး၏။

ဆဋ္ဌကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၇ – သတ္တမကဏ္ဍ

ရေတို့၏ ဂုဏ်ကို ပြခြင်း

၄၆။ ရေအမျိုးမျိုးတို့၏ ဂုဏ်

သောက်ရေသည် သောက်လျှင် အားရ နှစ်သက်စေတတ်၏၊ မထင်ရှားသော အရသာ ရှိ၍ သောက်လျှင် သောက်ချင်း မောပန်းခြင်း, ရေငတ်ခြင်းကို ပျောက်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လူတို့၏ အသက်ကို စောင့်ရှောက်တတ်၏၊ ရသာယနမျိုးဖြစ်၍ အသက်ကို ရှည်စေတတ်၏၊ ဝအောင် သောက်၍ ပြီးလျှင် နွမ်းနယ်၏၊ ကြေလွယ်၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ ဤကား ဆား, ယမ်း, ဆပ်ပြာ စသော အခြားဓာတ်များ မရောမနှော, ရေသက်သက်၏ အကျိုး။

စင်ကြယ်သောရေ။ ။ ထိုစင်ကြယ်သော ရေသက်သက်၌ အခိုးအငွေ့မျိုး ဖြစ်သော ဆား, ယမ်း, ဆပ်ပြာတို့ကို ငိုစေတတ် စိုစေတတ်သော (ဟိုက်ဒရောဂျင်း)[၁] ဓာတ်တစ်ပုံ, သံ အစရှိသော ဓာတ်တို့ကို ချေးတက်စေတတ်သော အခိုးအငွေ့မျိုး ဖြစ်သော (အောက်စီဂျင်)[၂] ဖြစ်သော ဓာတ်တစ်ပုံ ဤအခိုးအငွေ့ ဓာတ် နှစ်မျိုးသာ ရှိသော ရေသည် စင်ကြယ်သော ရေ ဖြစ်၏၊ ထိုစင်ကြယ်သော ရေသက်သက်သည် အလွန် ကြည်သောကြောင့် ဖန်တုံးကဲ့သို့ ပေါက်သော အရောင်

၁။ Hydrogen ၂။ Oxygen

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရှိ၏၊ မထင်ရှားသော အဆင်း, အနံ့, အရသာ ရှိ၏၊ အချဉ်, အငန်, အခြာ ဒဏ်များ အရောအစပ် မရှိသောကြောင့် ထိုရေတွင် စင်ကြယ်သော ဆပ်ပြာကို ခတ်လျှင် ဆူ၏၊ အချင့်တူ ခွက်နှင့် ဤရေ တစ်ဖက်, လေတစ်ဖက် ထည့်၍ ချိန်ခွင်နှင့် စက်လျှင် လေထက် ရှစ်ရာတစ်ဆယ့် ငါးဆ ရေက လေး၏။

[ဆေးကျမ်းတို့၌ကား ငွေဖလားတွင် ရေကိုထည့်၍ စင်ကြယ်ကောင်းမွန်စွာ ချက်ပြီးသော ဆန်ဖြူ ထမင်းကို တစ် ပဟိုရ် ခန့်လောက် ကြာအောင် စိမ်၊ ထမင်း ပွလျှင် အထက်သို့ ပေါ်လျှင် အဆင်း ပျက်လျှင် မသန့်ရှင်းသော ရေ၊ ထမင်း ပကတိ အတိုင်း မြုပ်၍ နေလျှင် သန့်ရှင်းသော ရေ ဟူ၍ ဆိုကုန်၏။]

ဤသို့ စင်ကြယ်သော ရေကို "သီတင်းကျွတ်လ၌ ရွာသော မိုးရေကို မြေသို့ မကျရအောင် စင်ကြယ်သော အဝတ်ကို ဖြန့်၍ ခံပြီးလျှင် ထိုအောက်၌ ကြွေအိုး, ဖန်အိုးများနှင့် ခံလျှင် များသောအားဖြင့် ရသည်" ဟု ဆေးကျမ်းတို့၌ ဆို၏။

ရေ ၂-မျိုးမှ ၄-မျိုး။ ။ ရေသည်...

၁။ ဒိဗ္ဗ- ကောင်းကင်၌ ဖြစ်သော ရေ,

၂။ ဘောမ- မြေကြီးသို့ ရောက်၍ မြေ၌ တည်သော ရေ

ဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတွင် ကောင်းကင်ရေသည် မိုးရေ, မိုးသီးရေ, နှင်းရေ, ဆီးခဲရေ ဟူ၍ လေးမျိုး ရှိ၏၊ မြန်မာနိုင်ငံ အစရှိသော ပူသော အရပ်ဒေသတို့တွင် ဆောင်းတွင်းအခါကျသော နှင်းကို ပါဠိဘာသာ **ထုသာရ** မြန်မာဘာသာ 'နှင်း' ခေါ်သည်၊ အေးသော တရုတ်နိုင်ငံ, သိုးဆောင်းနိုင်ငံ အစရှိသည်တို့၌ ဆောင်းတွင်း အခါဝါဂွမ်းစိုင်ကဲ့သို့ ကောင်းကင်မှ ကျသော ရေခဲကို ပါဠိဘာသာ **ဟိမ** မြန်မာဘာသာ 'ဆီးခဲ' ခေါ်သည်။

၁။ မိုးရေ။ ။ ထိုလေးမျိုးတို့တွင် မိုးရေသည် အမြတ်ဆုံးဖြစ်၏၊ ထိုမိုးရေသည်လည်း...

၁။ ဂင်္ဂါမှ တက်၍ ရွာသော မိုးရေ,

၂။ သမုဒ္ဒရာမှ တက်၍ ရွာသော မိုးရေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဟူ၍ နှစ်မျိုး ရှိကြောင်း၊ ဂင်္ဂါမှ တက်၍ ရွာသော မိုးရေသည် များသောအားဖြင့် သီတင်းကျွတ်လ၌ ရွာတတ်၏၊ အခြား လ၌ကား သမုဒ္ဒရာမှ တက်၍ ရွာတတ်၏၊ သီတင်းကျွတ်လ၌ ရွာသော မိုးရေကို ဆိုခဲ့ပြီးသည့်အတိုင်း ထမင်းနှင့် စမ်း၍ ထမင်း မဖောက်ပြန်လျှင် ဂင်္ဂါမှ ရွာသော မိုး, ဖောက်ပြန်လျှင် သမုဒ္ဒရာမှ ရွာသော မိုးဟူ၍ သိရသည်၊ သီတင်းကျွတ်လ၌ ဖြစ်မူ သမုဒ္ဒရာမှ ရွာသော မိုးပင် ဖြစ်သော်လည်း ဂင်္ဂါမှ ရွာသော မိုးနှင့် တူသည်ဟူ၍ ၎င်းဆေးကျမ်းတို့တွင် ဆို၏။

ထိုသီတင်းကျွတ်လ ရွာသော မိုးရေကိုလည်း ဆိုခဲ့ပြီးသည့် အတိုင်း ခံယူ၍ သန့်ပြန့် ကောင်းမွန်စွာ ထားလျှင် စင်ကြယ်သော မိုးရေ ဖြစ်၏၊ သီတင်းကျွတ်လမှ တစ်ပါး မိုးတွင်း ဖြစ်သော်လည်း အခြားလများတို့၌ ရွာသော မိုးရေ, ပြာသိုလ အစရှိသော မိုးမရွာသင့်သော လေးလတို့၌ ရွာသော မိုးရေတို့ကို မသောက်ကောင်း၊ ဒေါသသုံးပါးကို ဖျက်တတ်၏၊ ထိုသီတင်းကျွတ်လ၌ ရွာသော စင်ကြယ်သော မိုးရေပင် ဆား, ယမ်း, ဆပ်ပြာ အစရှိသော အခြား ဓာတ်တို့နှင့် မရော၊ ရေစင် သက်သက် ဖြစ်၍ ဆိုခဲ့ပြီးသော ရေစင်အကျိုး ရှိ၏။

၂။ မိုးသီးရေ။ ။ မိုးသီးသည် အဆီသြဇာ မရှိ၊ စင်ကြယ်၏၊ ကြေခဲ၏၊ ခိုင်ခဲ့၏၊ အလွန် အေး၏၊ သည်းခြေကို နိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ကောင်းကင်၌ အလျောက် ဘာဝ ရေခဲဖြစ်သောကြောင့် နတ်တို့၏ အမြိုက်သုဓာနှင့် တူ၏၊ (အလျောက်ဖြစ်ပုံချင်း တူသည်ကို ရည်၍ ဆိုသည်၊ အကျိုးပေးမူကား မတူ။)

၃။ နှင်းရေ။ ။ နှင်းရေသည် အေး၏၊ အဆီသြဇာ မရှိ၊ လေကို ပျက်စေတတ်၏၊ သလိပ်ကို နိုင်၏၊ ဝမ်းမီးကို နှံ့စေတတ်၏၊ ပေါင်တောင့်ခိုင်သော အနာ, လည်ချောင်းနာ, ဆီး အကြိမ်များစွာ သွားရသော အနာ, ကိုယ်ပူနာ, ရတ္တပိတ်နာ, မျက်စိနာ, အော့အန်သော အနာတို့ကို နိုင်၏၊

၄။ ဆီးခဲရေ။ ။ ဆီးခဲသည် အေး၏၊ သည်းခြေကို နိုင်၏၊ ကြေခဲ၏၊ လေကို ပျက်စေတတ်၏၊ အဆီသြဇာ မရှိ၊ အချို့ကျမ်းတို့၌

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆီးခဲသည် အေး၏၊ အဆီသြဇာ မရှိ၊ သလိပ်, သည်းခြေ, လေတို့ကို မပျက်စေတတ် ဟူ၍ ဆို၏၊ ရေကို ခဲအောင် လုပ်သည့် ကိရိယာ ကန့်ရည်တို့နှင့် လုပ်၍ ခဲသော ရေသည်လည်း ဆီးခဲနှင့် အကျိုးအပြစ် တူ၏။

ဥတု ခြောက်ပါး မိုးရေ

၁။ ဝဿာနဥတုဌ် ရွာသော မိုးရေသည် ကြေခဲ၏၊ အချိန် လေး၏၊ အစာကို ပွစေတတ်၏၊ သလိပ်ကို ပျက်စေတတ် ၏၊ လျင်မြန်စွာ ပျံ့နှံ့တတ်၏။

၂။ သရဒဥတုဌ် ရွာသော မိုးရေသည် အစာ မပွစေတတ်၊ သလိပ်ကို မပျက်စေတတ်၊ ကြေလွယ်၏၊ အချိန် ပေါ်၏၊ မင်း, မြူးမတ် စသော ချမ်းသာသော အဆီသြဇာ ရှိသော အစာကို စားလေ့ ရှိသောသူတို့နှင့် သင့်၏။

၃။ ဟေမန္တဥတုဌ် ရွာသော မိုးရေသည် အဆီသြဇာ ရှိ၏၊ ချို ၏၊ အားကို ဖြစ်စေတတ်၏၊ ကြေခဲ၏၊ အချိန် လေး၏။

၄။ သိသိရဥတုဌ် ရွာသော မိုးရေသည် လေသလိပ်ကို နှိုင်၏၊ ဟေမန္တ ဥတုဌ် ရွာသော မိုးရေအောက် အချိန် ပေါ်၏။

၅။ ဝသန္တ ဥတုဌ် ရွာသော မိုးရေသည် ချို၏၊ စဉ်းငယ် ဖန်၏၊ အဆီသြဇာ မရှိ။

၆။ ဂိမှ ဥတုဌ် ရွာသော မိုးရေသည် အစာကို မပွစေတတ်၊ သလိပ်ကို မပျက်စေတတ်။

[အချို့သော ဆေးကျမ်းတို့၌ ပြာသို အစရှိသော လေးလတို့၌ မိုး မရွာကောင်း၊ ရွာသော မိုးရေကို သောက်လျှင် ဒေါသ သုံးပါး ပျက်စေ တတ်သည်ဟု ဆို၏။]

မသောက်ကောင်းသော မိုးရေ။ ။ ဤသို့ ဥတုခြောက်ပါး တို့၌ ရွာသော မိုးရေအကျိုးကို အကျယ် ပြသော်လည်း မိုးတွင်းအခါ လေတိုက်၍ မြူမှုန်တို့သည် ကောင်းကင်သို့ တက်သဖြင့် လည်း ကောင်း, နွေအခါ တောမီး လောင်၍ ပြာတို့သည် ကောင်းကင်သို့ တက်သဖြင့် လည်းကောင်း, ပိုးကောင်ငယ်တို့၏ ဥမှားသည် လေတိုက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၍ ကောင်းကင်သို့ တက်သဖြင့် လည်းကောင်း, ပိုးကောင်တို့သည် ဖြစ်ပွား၍ ကောင်းကင်၌ သွားလာ ကျက်စားကြသဖြင့် လည်းကောင်း, ရှာသော မိုးရေသည် ထိုမြူမှုန်ပိုးကောင်တို့နှင့် ရောနှော၍ ကျသော ကြောင့် **အဂတ္တိ** မည်သော ရသေ့ သေ၍ ကောင်းကင်၌ အဂတ္တိ မည်သော ကြယ် ဖြစ်၏၊ ထိုကြယ် မထွက်မီ မိုးရေကို မသောက်ကောင်း၊ ထိုအဂတ္တိကြယ်သည်လည်း သရဒ ဥတုသို့ ရောက်မှ ထွက်သည် ဖြစ်၍ သရဒ ဥတု မရောက်မီ ရှာသော မိုးရေကို မသောက်ကောင်း ဆိုလိုသည်။

[အဂတ္တိကြယ် ဟူသည်လည်း တောင် အရပ်၌ ရှိသော မြန်မာတို့က "အာဏိတာရာ" ခေါ်သော ကြယ်ပင်တည်း။]

မြေတွင်းရေ ၃–ပါး။ ။ မြေ၌ တည်သော ဘောမ မည်သော ရေသည်–

၁။ ဓင်္ဂလ အရပ်၌ ဖြစ်သော ရေ,

၂။ အန္ဓပ အရပ်၌ ဖြစ်သော ရေ,

၃။ သာမာရဏ အရပ်၌ ဖြစ်သော ရေ

ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတို့တွင်

၁။ ဓင်္ဂလအရပ်၌ ဖြစ်သော ရေသည် အဆီဩဇာ မရှိ၊ များသောအားဖြင့် ငန်၏၊ ကြေလွယ်၏၊ သည်းခြေကို နှိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊

၂။ အန္ဓပ အရပ်၌ ဖြစ်သော ရေသည် အစာကို ပွစေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ များသောအားဖြင့် ချို၏၊ အဆီဩဇာ ရှိ၏၊ ကြေခဲ၏၊ လေး၏၊ ပျစ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ဆီး အကြိမ်များစွာ သွားရသော အနာ, ခြေသလုံး ကြီးသော အနာ, ဆင်ခွေးပြတ် အစရှိသော အနာတို့ကို ဖြစ်စေတတ်၏၊ (ဓင်္ဂလ အရပ်၌ ဖြစ်သော ရေနှင့် အကျိုးပေး အပြန်အလှန် ဖြစ်၏။)

၃။ သာမာရဏ အရပ်၌ ဖြစ်သော ရေသည် ချို၏၊ ဝမ်းမီးကို တောက်စေ၏၊ အေး၏၊ ကြေလွယ်၏၊ သောက်လျှင် အားရ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နှစ်သက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ရေငတ်ခြင်း, ပူလောင်ခြင်းကို ဖျောက်တတ်၏၊ အပြစ် မရှိ။

ပင်လယ်ရေ။ ။ ပင်လယ်ရေသည် ငန်၏၊ ခါး၏၊ အချိန်လေး၏၊ ကြေခဲ၏၊ နှလုံးကို မနှစ်သက်စေတတ်၊ ပူ၏၊ အသက်ကို တိုစေတတ်၏၊ ဒေါသသုံးပါးကို ပျက်စေတတ်၏။

[သီတင်းကျွတ်လမှ တစ်ပါး အခြားသော လတို့၌ ထိုရေကို မသောက်ကောင်း၊ သီတင်းကျွတ်လ၌သော်လည်း အခြားသော ရေကောင်းများ မရှိမှ သောက်အပ်သည်။]

မြစ်ရေများ။ ။ မြစ်ကြီးရေသည် အဆီသြဇာမရှိ၊ ကြေလွယ်၏၊ အချိန် ပေါ့၏၊ လေကို ပျက်စေတတ်၏၊ သန့်ရှင်းကြည်လင်၏၊ စဉ်းငယ် စပ်၏၊ လေ, သလိပ်ကို နိုင်၏၊ အကြောကို မလေးစေတတ်။

ရေ စီးကုန်သော ရေအချိန် ပေါ့ကုန်သော အညစ်အကြေး ကင်းကုန်သော မြစ်ရေတို့သည် လည်းကောင်း၊ ကျောက်စစ်, ကျောက်ပြုတ်, သဲ ပေါများကုန်သော ရေစီး ပျော့ကုန်သော ရေအချိန် လေးကုန်သော ဟိမဝန္တာတောင်မှ ထွက်၍ စီးကုန်သော ဂင်္ဂါ, သိန္ဓု, သရဘူ, ယမုံနာ အစရှိကုန်သော မြစ်ရေတို့သည် လည်းကောင်း၊ မလယ တောင်တန်းမှ အနောက်သမုဒ္ဒရာသို့ စီးဆင်းကုန်သော နမ္မဒါ, တမွတီ အစရှိသော မြစ်ရေတို့သည် လည်းကောင်း ကောင်းမြတ်သော မြစ်ရေ ဖြစ်ကုန်၏။

ဒက္ခိဏာပထ တောင်ရိုးတန်းမှ အရှေ့သမုဒ္ဒရာသို့ စီးဆင်းသော ဂေါဒါဝရီ အစရှိကုန်သော မြစ်ရေတို့သည် မကောင်းကုန်၊ ဦးခေါင်းနာ, နှလုံးနာ, နူနာ, ယားနာ, ခြေသလုံး ကြီးသော အနာတို့ကို ဖြစ်စေတတ်ကုန်၏၊ မြစ်ငယ်ရေသည် သွေး, လေ, အရသာတို့ သွားလမ်းကို ပိတ်၍ ငင်းအကြောကို လေးစေတတ်၏၊ ကြေခဲ၏၊ လေး၏၊ ချို၏၊ နောက်၏။

[ကျယ်သော နေရာ၌ ကုတ်လုပ် လေးတာ အနံ ရှစ်ထောင် အောက် မကျဉ်းသော ဂင်္ဂါ, ယမုံနာ, သရဿတီ, ကာဝေရီ, ဂေါဒါဝရီ အစရှိသော မြစ်တို့ကို မြစ်မ, မြစ်ကြီး ခေါ်ကြောင်း၊ ဣတ္ထိလိင် ဤပစ္စည်းနှင့် နဒီ ဟူ၍ သင့်ကြောင်း၊ ဤနဒီသဒ္ဒါ လည်း နဒါဒိဂဏ်း ဖြစ်ကြောင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆိုခဲ့ပြီးသည့် မြစ်အောက် အနံ ကျဉ်းသော ဟိမဝန္တာတောင်မှ အနောက် သမုဒ္ဒရာသို့ စီးဆင်းကုန်သော သိန္ဓု မြစ်, ဘေရာ မြစ်, သောဏ မြစ်, ဒေါမောဒရ မြစ်, ဟိမဝန္တာ တောင်ရိုးတန်း မြောက် ဗြဟ္မကုန္ဓအိုင်မှ အရှေ့သို့ ထွက်၍ အာသံ နိုင်ငံသို့ ဝင်ပြီးလျှင် အာသံမင်း နေရောင်ပွက် မြို့အနီးသို့ ကပ်၍ တောင် အရပ် ဒါကာ နယ်တွင်းသို့ ဖြတ်၍ ဂင်္ဂါ မြစ်နှင့် ပေါင်းပြီးလျှင် အရှေ့ ပင်လယ်သို့ စီးဝင်သော ဗြဟ္မပုတ္တ မြစ် အစရှိသော မြစ်တို့ကဲ့သို့သော မြစ်ကို ပုလ္လိင် နှင့် နဒသဒ္ဒါ ဟောအပ်သော မြစ်ငယ် ဟူ၍ အဘိဓာန် ကျမ်းကြီးတို့တွင် ဆိုသည်။ ဣတ္ထိလင်္ဂနှင့် နဒီသဒ္ဒါ မြစ်ကြီး မြစ်မ ဟော၊ ပုလ္လိင်နှင့် နဒသဒ္ဒါ မြစ်ငယ် မြစ်ဖို့ဟော ဆိုလိုသည်၊ ဤမြစ်တို့ကို ပြယုဂ် ထုတ်သည်ကား ယခုအခါ အိန္ဒိယ ခေါ်သော မဇ္ဈိမ ဒေသက ရေးသည့် ဆေးကျမ်းတို့တွင် ထုတ်သော ပြယုဂ် ဖြစ်သောကြောင့် မဇ္ဈိမ ဒေသတွင် ရှိသည့် မြစ်များကို ပြယုဂ် ထုတ်သည်၊ ငါတို့ အရပ်၌ မြစ်မှကား ရောဝတီ မြစ်သည် မြစ်ကြီး မြစ်မ၊ ချင်းတွင်း, ပေါင်းလောင်း, သံလွင်, မြစ်ငယ် အစရှိသော မြစ်တို့ကို မြစ်ငယ် ဟူ၍ ဆိုသင့်၏။]

မြစ်ကြီးရေသည် ချို၏၊ စဉ်းငယ် စပ်၏ ဆိုသည်ကား ဂင်္ဂါ အစရှိသော မြစ်တို့ကို ရည်၍ ဆိုသည်၊ ဧရာဝတီမြစ်ရေမူကား ချို၏၊ စဉ်းငယ် ဖန်၏၊ အကျိုးအပြစ်မှာမူကား တူသည် ဟူ၍ပင် မှတ်ရမည်၊ ဘာဝပွကာသ ဆေးကျမ်း၌ကား မြစ်ကြီးရေ, မြစ်ငယ်ရေ မခွဲ တစ်မျိုးတည်း ဆိုသည်။

[သာသနာတော် ကျမ်းဂန်တို့တွင်မူကား မြစ်ကြီးကို မဟာနဒီ မြစ်ငယ်ကို ကုန္နဒီ ဟူ၍ ပါဠိ ရှိသည်။]

၄၇။ ကုတ်လုပ် လေးတာကို ပြခြင်း

ကုတ်လုပ်လေးတာ ဟူသည်ကား လေးတောင် တာတည်း၊ ကျမ်းဂန်တို့တွင် ပိုလ်နှစ်ထောင်နီးပါးသော လေး ဟူသည်ကား ထန်းပင်၏ အပေါ်သားကို လုပ်သော လေးတည်း။ ထိုလေးကို ညှို့တင်ပြီးလျှင် ညှို့ အလယ်၌ ပိုလ် နှစ်ထောင် ရှိသော ဝန်ကို ချည်၍ လေးကိုင်းက

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကိုင်ပြီးလျှင် ကြွသည် ကာလ ပိုလ် နှစ်ထောင်ထုပ် မြေမှ လွတ်သည် ကာလ လေးကိုင်းနှင့် လေးညှို့မြား တစ်ပြန်ခန့် ကွာလျှင် ပိုလ် နှစ်ထောင် နိုင်သော လေးတည်း၊ မြား တစ်ပြန်ထက် ကျယ်လျှင် လေးပျော့သည်၊ ပိုလ် နှစ်ထောင် မနိုင်၊ မြား တစ်ပြန် ရှိအောင် မကျယ်လျှင် လေး မာသည်။

[တစ် ပိုလ် ဟူသည်လည်း လေးသပြာ ရှိသည်။ တစ်သပြာ ဟူသည်ကား ဒင်္ဂါး တစ်ပြားပင်တည်း။ ဒင်္ဂါး တစ်ပြား၏ အလေး ချိန်သည်လည်း ပဲနှစ်ဆယ် တစ်မျိုး, တစ်ဆယ့်ခြောက်ပဲ တစ်မျိုး ဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် ဝိနည်း အဋ္ဌကထာ ဆရာတို့ အလိုအားဖြင့် ပဲ နှစ်ဆယ်၊ သက္ကဋ္ဌ ကျမ်းဂန်တို့တွင်မူကား တစ်ဆယ့်ခြောက်ပဲ ဟူ၍ ချည်း တည်တည်း ရှိသည်၊ 'တစ်ပဲ ဟူသည်လည်း ငါးရွေး တစ်ပဲ၊ ခြောက်ရွေး တစ်ပဲ၊ ခုနစ်ရွေး တစ်ပဲ၊ ရှစ်ရွေး တစ်ပဲ၊ ဆယ်ရွေး တစ်ပဲ၊ တစ်ဆယ့် နှစ်ရွေး တစ်ပဲ ဟူ၍ သက္ကဋ္ဌ ကျမ်းဂန်တို့တွင် ခြောက်မျိုး ရှိသည်၊ မာဂဓ အဘိဓာန်၌ကား နှစ်ရွေး တစ်ပဲ ဟူ၍ ဆို၏၊ များစွာသော ဆေးကျမ်းဆရာတို့မူကား ငါးရွေး တစ်ပဲ၊ တစ်ဆယ့်ခြောက်ပဲလျှင် တစ် သပြာ၊ လေး သပြာလျှင် တစ် ပိုလ် ဆိုသည်၊ ယခု သုံးကြသော ကုလားခေါင်း ဒင်္ဂါးမူကား ခြောက်ရွေးပဲ တစ်ဆယ့် ခြောက်ပဲ ရှိသည်။]

ထိုလေး၏ အရှည်ကိုလည်း အဋ္ဌကထာ, ဋီကာ အချို့တို့က လေးတောင်, တစ်မိုက်. လေးသစ် ဆိုသည်၊ အဋ္ဌကထာ, ဋီကာအချို့တို့က လေးတောင် ဆိုသည်၊ လေးတောင်, တစ်မိုက်, လေးသစ် ဆိုသော ဆရာတို့က လေးတောင်, တစ်မိုက်, လေးသစ် ရှိသော လေးကို ညှို့တင်ရာ လေးကိုင်း ကွေး၍ တစ်ထွာ လျော့သောကြောင့် လေးတောင်သာ ကျန်သည်၊ ထို့ကြောင့် ကုတ်လုပ်လေးတာ ဆိုရမည် ဟူ၍ ဆိုကြသည်၊ အရှည် လေးတောင်သာ ရှိသည် ဆိုသော ဆရာတို့က လေးကို မတင်ဘဲ တာထိုးရမည်။

အနောက် ပြည်သားများကို မြန်မာတို့က ကုလား ခေါ်သည်၊ ထို အနောက် ပြည်သားတို့ ကိုင်သော လေး ဖြစ်၍ ကုလား လေးတာ ဆိုလိုသည်၊ သြဠသဒ္ဒါ- ဥဒ္ဓ၊ ကုလားပြည်က လာသော သားကောင် ဖြစ်၍ ကုလားဥဒ္ဓ, ကုလားတို့ ကာသော အထည်ကို ကုလားကာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အစရှိသည်ဖြင့် ခေါ်သကဲ့သို့ ဟူ၍ ဆိုကုန်၏၊ ထိုသို့ အယူ ကွဲကြြားသော်လည်း ...

ဥလ္လဃ်ယိတွာ အတ္တာနံ၊ ဝိသဒ္ဓဓနုနော သတံ။

ဟူ၍ မျောက်မင်းဇာတ် ပါဠိတော် ရှိသောကြောင့် လေးကို မတင်ဘဲသာ တာထိုးရမည်၊ မတင်ဘဲ တာထိုးရလျှင်လည်း ထိုလေးသည် လေးတောင်ထွာ မဟုတ်၊ လေးတောင်သာ ရှိရာ၏၊ ဤ ထန်းသား လေးသည်ကား အနောက်တိုင်းပြည်တွင် ရှေးကာလ အများ သုံးစွဲသော လေးတည်း။

[ဘုရားလောင်း ဓမ္မပါလ ကိုင်သော လေးမူကား သားချို တို့ကို လုပ်သော အဆက် များစွာ ရှိသော လေးမျိုးတည်း၊ ဇနက မင်းသား, သိဒ္ဓတ်မင်းသားတို့ တင်၍ ပစ်သော လေးမူ ကား လက်နက်ကိုင် ယောကျ်ား လူ တစ်ထောင် တင်မှ, ချမှ တင်နိုင် ချနိုင်သော လေးတည်း၊ ပဏ္ဏာ မည်သော အိမ်ရှေ့မင်း သားတော် ငါးယောက်တို့တွင် လေး အတတ်ကို ကမ်း တစ်ဖက်သို့ ရောက်သော အဖွဲ့နမင်း ကိုင်သော လေးကား လက်နက်ကိုင် လူ ငါးရာ တင်ရ ချရသော လေး ဟူ၍ ဘူရိဒတ် ဇာတ်တွင် ဆိုသည်။]

လေး သုံးမျိုး။ ။ ထို့ကြောင့် ပိုလ် နှစ်ထောင် နိုင်သော ဒဠ္ဍနေ ခေါ်သော လေး, လက်နက်ကိုင်ကို ဗလ– ဗိုလ် ခေါ်သည်၊ ထိုဗိုလ်တစ်ထောင် တင်ရ ချရသော **သဟဿထာမ** ဗိုလ် တစ်ထောင် တင် လေး, လက်မောင်း တစ်ထောင် လက်နက်ကိုင် လူငါးရာ တင်ရသော **သဟဿဗာဟု** လေး ဟူ၍ ကျမ်းဂန်တို့တွင် လေး **သုံးမျိုး** ရှိသည်။

တာ စသည်ဖွဲ့ပုံများ။ ။ သာသနာတော် ကျမ်းဂန်တို့တွင် မြင်းမိုရ်တောင်ကို တိုင်းတာရာ၌ ခုနစ်တောင်တာနှင့် တိုင်းတာရမည် ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် ရှိသည်၊ ခုနစ်တောင်တာ နှစ်ဆယ်လျှင် တစ်ဥသဘ၊ ဥသဘ ရှစ်ဆယ်လျှင် တစ်ဂါဝုတ်၊ လေးဂါဝုတ်လျှင် တစ်ယူဇနာ ဟူ၍ ဆို၏။

[တောရ ဆောက်တည်ရာ၌ လေးတောင် တာနှင့် တာ ငါးရာကို ကောသ တစ်ခု ထား၍ ဆိုသည်၊ မြားကို ပစ်ရာ မြား ရှစ် ဥသဘ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆယ် ဥသဘ သွားသည် ဆိုရာ၌လည်း လေး တောင်တာနှင့် တာ နှစ်ဆယ်လျှင် တစ် ဥသဘ ထား၍ ယူရမည်ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ တွင် ဆိုသည်၊ သက္ကဋ္ဌကျမ်းတို့တွင်လည်း လေးတောင် တာသာ ရှိသည်။ ယခု ခေတ်ထက်တိုင်လည်း အနောက် တိုင်းပြည်များမှာ လေး တောင်တာကိုသာ သုံးစွဲကြသည်၊ ထို့ကြောင့် မြင်းမိုရ်တောင်ကို တာ ထိုးသည်မှ တစ်ပါး အခြား အရာများမှာ တာဆိုလျှင် လေးတောင်တာကို သာ ယူသင့်သည်ကို မသိကြ၍ မြန်မာနိုင်ငံမှာ ယခုအခါ ခုနစ် တောင် တာကို သုံးစွဲကြလေသည်။]

သာသနာတော် ကျမ်းဂန်တို့တွင် လေးတောင်တာ ငါးရာလျှင် ကောသ တစ်ခု ဆိုသည်၊ သက္ကဋ္ဌ ကျမ်းဂန်တို့တွင် လေးတောင်တာ တစ်ထောင်လျှင် တစ်ကောသ၊ လေးတောင်တာ နှစ်ထောင်လျှင် တစ် ကောသ ဟူ၍ ကောသ အကြီး, အငယ် နှစ်မျိုး ရှိ၏။

ယူဇနာ ဖွဲ့ရာ၌လည်း သာသနာတော် ကျမ်းဆရာတို့ အလို တာ နှစ်ဆယ်လျှင် တစ် ဥသဘ၊ ဥသဘ ရှစ်ဆယ်လျှင် တစ် ဂါဝုတ်၊ လေးဂါဝုတ်လျှင် တစ်ယူဇနာ ဖြစ်၍ တစ်ယူဇနာလျှင် လေးတောင်တာ ခြောက်ထောင်လေးရာ ရှိသည်၊ သက္ကဋ္ဌကျမ်းဆရာတို့ အလိုဌ် နှစ်ကော သလျှင် တစ် ဂါဝုတ်၊ နှစ် ဂါဝုတ်လျှင် တစ် ယူဇနာ ဖြစ်၍ ကောသငယ် နှင့် ဖြစ်လျှင် တစ် ယူဇနာဌ် လေးတောင်တာလေးထောင်၊ ကောသကြီး နှင့် ဖြစ်လျှင် တစ် ယူဇနာဌ် လေး တောင်တာ ရှစ်ထောင် ရှိသည်။

[ရူပသိဒ္ဓိကာဌ်ကား လေးတောင်တာငါးရာလျှင် တစ် ကောသ၊ လေး ကောသလလျှင် တစ် ဂါဝုတ်၊ လေး ဂါဝုတ်လျှင် တစ် ယူဇနာ ဆိုသောကြောင့် တစ် ယူဇနာဌ် ကောသကြီးနှင့် ဖွဲ့သည့် ယူဇနာအတိုင်း လေးတောင်တာရှစ်ထောင် ရှိသည်၊ ပါဠလိပုတ်နှင့် ဝေဘာလီ အကြား ဂင်္ဂါမြစ်သည် တစ်ယူဇနာ ကျယ်ကြောင်းနှင့် ရတနသုတ် ပရိတ် အဋ္ဌ ကထာတွင် ဆိုသည်နှင့် မြစ်မဟူသည် ကျယ်သော နေရာတွင် လေး တောင်တာ အနံ့ ရှစ်ထောင် ရှိရမည် ဆိုသော စကားနှင့် ညီသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၄၈။ ရေအမျိုးမျိုးတို့၏ အကျိုးအပြစ်

သုသုတ ဆေးကျမ်း၌ကား အနောက်သို့ စီးသော မြစ်ရေကို ကြေလွယ်သောကြောင့် ပေါ့သောကြောင့် သောက်သင့်၏၊ အရှေ့သို့ စီးသော မြစ်ရေကို ကြေခဲသောကြောင့် လေးသောကြောင့် မသောက်ကောင်း၊ တောင်သို့ စီးသော မြစ်ရေသည် ဒေါသ သုံးပါးကို လွန်စွာ မပျက်စေတတ်၊ အများနှင့် ဆက်ဆံသော သာဓာရဏ ရေ ဖြစ်၏။

တောင်ကျရေ။ ။ ပုနာမည်သော အရပ်၏ အနောက်မြောက်၌ တည်သော သယှ မည်သော တောင်မှ ထွက်သော မြစ်ရေသည် နူနာကို ဖြစ်စေတတ်၏။

[မြန်မာနိုင်ငံသို့ ရှေးဦးစွာ ရောက်လာသော ပုန္နား (ပုဏ္ဏား) တို့ကို မည်သည့် အရပ်က ဖြစ်ကြောင်းနှင့် မေးရာ ပုနာ အရပ်က ဖြစ်ကြောင်းနှင့် ပြောဆိုသည်ကို အစွဲ ပြု၍ ယခုထက်တိုင် မြန်မာတို့က ပုန္နား (ပုဏ္ဏား) ဟု ခေါ်သည်။]

ဝိဠွ မည်သော တောင်မှ စီးသော မြစ်ရေသည် နူနာ, ကိုယ်လက် ဖျော့တော့သော ပဏ္ဍုနာတို့ကို ဖြစ်စေတတ်၏၊ မလယ တောင်မှ စီးသော မြစ်ရေသည် ပိုးနာကို ဖြစ်စေတတ်၏၊ မဟေန္ဒတောင်မှ စီးသော မြစ်ရေသည် ခြေသလုံးကြီးသော အနာ, ဖျဉ်းနာတို့ကို ဖြစ်စေတတ်၏၊ ဟိမဝန္တာတောင်မှ စီးသော မြစ်ရေတို့သည် နှလုံးနာ, ကိုယ်ရောင်နာ, ဦးခေါင်းနာ, ခြေသလုံး ကြီးသော အနာ, ဆင်ခူ လည်ပြတ်နာတို့ကို ဖြစ်စေတတ်ကုန်၏၊ ပါစိအဝန္တ္ယတောင်, အပရအဝန္တ္ယတောင်တို့မှ စီးသော မြစ်ရေသည် မြင်းသရိက်နာကို ဖြစ်စေတတ်၏၊ ပရိတ္တတောင်မှ စီးသော မြစ်ရေသည် အားကို ဖြစ်စေတတ်၏၊ အနာကို ကင်းစေတတ်၏၊ ဟူ၍ ဆို၏။

ဖက်စွတ်ရေ။ ။ ဝသန္တဥတု, ဂိမှဥတုတို့၌ လောင်သင်းရေ, ဖက်စွတ်ရေ ကျသောကြောင့် မြစ်ရေကို မသောက်ကောင်း ဟူ၍ ဆေးကျမ်းတို့တွင် ဆို၏၊ သို့သော်လည်း သရဒဥတုမှ တစ်ပါး အခြားဥတု၌ မြစ်ရေကို သောက်ကောင်းသည် ဟူ၍ မဆိုသောကြောင့်...

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[သရဒဥတုမှ တစ်ပါး အခြား ဥတုဌ် မြစ်ရေကို မသောက် သင့်ဟု ယူရန် ရှိသော်လည်း တန်ဆောင်မုန်း, နတ်တော် ဖြစ်သော နှစ်လဌ် ရေမျိုး ရှိသမျှပင် သင့်သည်ဟု ဆိုပြန်သောကြောင့် ဟေမန္တ ဥတုဌ် လည်း သောက်သင့်သည်။]

လူတို့ ပြုပြင်၍မူလည်း ဖြစ်သော အလျောက်မူလည်း ဖြစ်သော ဂူလိုဏ်ရေသည် ကြေခဲ၏၊ လေး၏၊ သွေး, လေ, ရသာ သွားလမ်းကို ပိတ်၍ အကြောကို လေးစေတတ်၏၊ ချုပ်၏။

[ဂူလိုဏ်ကို ဂူဟ ဟူ၍ လည်းကောင်း, ကန္ဒရ ဟူ၍ လည်းကောင်း, ဒရီ ဟူ၍ လည်းကောင်း, ဗိလ ဟူ၍ လည်းကောင်း ခေါ်သည်၊ ချောက် ဟူ၍လည်း အနက် ပြန်ကြသည်။]

ကျောက်တွင်းရေ။ ။ နွယ်ချုံတို့ဖြင့် ပိတ်ဖုံးသော ကျောက်တို့ဖြင့် ပြွမ်းသော တောဌ် အလိုလို ဖြစ်သော တွင်းသည် **စုဏ္ဏို** မည်၏။ ထိုရေသည် ဝမ်းမီးကို တောက်စေတတ်၏၊ ညိုသော အဆင်း ရှိ၏၊ ကြေလွယ်၏၊ ပေါ့၏၊ အဆီသြဇာ မရှိ၊ ချို၏၊ သလိပ်, သည်းခြေကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သန့်ရှင်း၏၊ ကြည်လင် ၏၊ အချို့သော စာတို့ဌ် ကျောက်အုတ်တို့ဖြင့် မစီအပ်သော တွင်းငယ် ကို စုဏ္ဏို မည်၏ဟု ဆို၏။

အင်းအိုင်ရေ။ ။ အလိုအလျောက် ဖြစ်သော မြစ်ရေနှင့် ဆက်သည်လည်း ဖြစ်သော မဆက်သည်မူလည်း ဖြစ်သော အင်း အိုင် သည် **သရ** မည်၏၊ အချို့သော ဆေးကျမ်းတို့ဌ် စီးဆင်းသော မြစ်ရေ သည် တောင်ကမ်း အစရှိသည်တို့ကို တိုက်၍ ထောင့်ကွေ့ ဝဲဆန်ဖြစ် သည်ကို သရ ခေါ်သည်ဟု ဆို၏။

[အဘိဓာန်ကျမ်းတို့ဌ် အငယ်ဆုံး အလျား အနံ လေးတောင်တာ တစ်ရာ ရှိသော လေးထောင့် ရေကန်ကို သရ ခေါ်သည်ဟု ဆို၏၊ သို့ ရာတွင် အင်းအိုင်ကိုသာ သရ ခေါ်ကြောင်းနှင့် များစွာသော ကျမ်းဂန် တို့တွင် လာရှိသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထိုအင်းအိုင်ရေသည် ချိုး၏၊ စဉ်းငယ် ဖန်၏၊ ကြေလွယ်၏၊ ပေါ့၏၊ နှုတ်ကို မြိန်စေတတ်၏၊ အဆီသြဇာ မရှိ၊ ရေငတ်ခြင်းကို ဖျောက်တတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆီးဝမ်းကို ချုပ်စေတတ်၏။

ရေ ရံခါ ရှိ၍ ရံခါ မရှိသော အင်းငယ် အိုင်ငယ်သည် **ပလ္လလ** မည်၏၊ ထိုရေသည် အစာကို ပွစေ၍ သလိပ်ကို ပျက်စေတတ်၏၊ ချိုး၏၊ ကြေခဲ၏၊ လေး၏၊ ဒေါသ သုံးပါးကို ပျက်စေတတ်၏။

ကန်ရေ။ ။ မြင့်ရာ အရပ်မှ စီးဆင်းသော ရေသည် **တဋ္ဌာက** မည်၏၊ တစ်နည်း အငယ်ဆုံး အလျား, အနံ လေးတောင်တာ ငါးရာရှိသော နှစ်ပေါင်းများစွာ ရေနေသော အိုင်သည် တဋ္ဌာကမည်၏၊ **ပေါက္ခရဏီ** လည်း ခေါ်သည် ဟူ၍ သက္ကဋ္ဌကျမ်းဂန်တို့၌ ဆိုသည်။

[သာသနာတော် ကျမ်းဂန်တို့၌ကား မြင့်ရာ အရပ်က စီး ဆင်းသော ရေကို အခြားတစ်ပါး မသွားရအောင် ဆည်ထားသည့် အောင်ပင်လယ်, နန္ဒာတို့ကဲ့သို့သော ကန်တို့ကို တဋ္ဌာက ခေါ် သည်ဟု ဆိုသော စကားသာ သင့်သည်၊ တဋ္ဌသဒ္ဒါ အမြင့်ဟော၊ အာဂသဒ္ဒါ လာခြင်းဟော၊ ဂငယ်ကို ကကြီး ပြု၍ တဋ္ဌာက ဖြစ်သည်၊ ဂငယ်အတိုင်း ပင်သော်လည်း ရှိသင့်၏၊ မြင့်ရာ အရပ်က လာသော ရေကို ဆည်ထားသော ကန် ဆိုလိုသည်၊ သို့မှ သရ သဒ္ဒါ ဟောသော အင်းအိုင်နှင့် လွဲမည်။]

ထိုရေသည် ချိုး၏၊ စဉ်းငယ် ဖန်၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ လေကို ပျက်စေတတ်၏၊ ကျင်ကြီး ကျင်ငယ်တို့ကို ချုပ်စေတတ်၏၊ သွေး, သည်းခြေ, သလိပ်တို့ကို နှိုင်၏။

ကျုံးရေ။ ။ ဆင်းရဲနှိမ် တက်ရန် လေ့ကားနှင့် တကွ ကျောက်အုတ်တို့ဖြင့် စီ၍ ပြုလုပ်သော ရေကန်ကြီးသည် လည်းကောင်း, ကျုံးသည် လည်းကောင်း **ဝါဝိ** မည်၏၊ ထိုရေသည် အကယ်၍ ငန်အံ့၊ သည်းခြေကို ပျက်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ အကယ်၍ ချိုအံ့၊ သလိပ်ကို ပျက်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏။

တွင်းရေ။ ။ လူတို့သည် နက်စွာ တူး၍ ထွက်သော များသောအားဖြင့် ဝန်းသော ပုံသဏ္ဌာန် ရှိသော ကျောက်အုတ် စသည်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တို့ဖြင့် စီအပ်သော ရေတွင်းသည် **ကူပ** မည်၏၊ ထိုရေတွင်းသည် အကယ်၍ ငန်အံ့၊ လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို လွန်စွာ ပျက်စေတတ်၏၊ ဝမ်းမီးတောက်၏၊ အကယ်၍ ချိုအံ့၊ ဒေါသ သုံးပါး လုံးကို နှိုင်၏၊ ကြေလွယ်၏၊ ပေါ်၏၊ လူတို့နှင့် သင့်၏၊ တွင်းရေ ဟူသမျှ သည် လည်းကောင်း, အုတ်တိုက်, ပညောင်ရိပ်, သား မွေးသော မိန်းမမြို့ ဤဝတ္ထု လေးခုတို့သည် ပူသော ဥတုတို့၌ အေး၏၊ အေးသော ဥတုတို့၌ ပူ၏။

ညောင်သုံးမျိုး။ ။ အရွက် ငယ်သော အခွံ ဖြူသော သစ်ပင်၊ ဘုရားတံတိုင်း စသည်တို့၌လည်း ပေါက်တတ်သော ညောင်ပင်ကို **မိလက္ခပိပ္ပလိ** ညောင်ကြတ်၊ အရွက်ကြီးသော အရွက်ဖျား ရှည်သော ရွက်ရိုး ရှည်သော ညောင်ပင်ကို အသတ္ထသဒ္ဒါ ဗောဓိသဒ္ဒါတို့သည် ဟောအပ်သော **ညောင်ဗုဒ္ဓဟေ** ဗောဓိညောင်လည်း ခေါ်သည်၊ အရွယ် မကြီးမငယ်သော ခြေထောက် မုတ်ဆိတ်အများ အကိုင်းမှ ဆင်းသက် တတ်သော ညောင်ဗောဓိရွက်နှင့် တူသော အရွက် ရှိသည်မူလည်း ဖြစ်သော ညောင်ပင်ကို **နိဂ္ရောဓ, ဝဋ, ဗဟုပဒ** သဒ္ဒါတို့သည် ဟော အပ်သော ပညောင်ပင် ခေါ်သည်။

[ဤပညောင်ပင်ကား စစ်ကိုင်းမြို့ တဲကြီးငါး ရွာ, စင်ရော်ဝန်း ကျွန်း, ဥက္ကလာပမြို့များမှာ အများအပြား ပေါက်ရောက် ရှိသည်၊ ညောင်ပိန္နဲမျိုးက ခြေထောက်သည်ကိုလည်း မယူနှင့်၊ ပူသော နေ့ ဥတု၌ အခြားသော သစ်ပင်တို့မှာ အရွက် မရှိ၊ ပညောင်မှာသာ နေ့ ရောင် မပေါက်နိုင်အောင် အရွက် ထူထပ်စွာ ရှိသောကြောင့် ပူသော ဥတု၌ ထိုအရိပ် အေးသည်။]

ရေထွက်ချောင်းရေ။ ။ မြေကို ဖောက်ခွဲ၍ ရေ ထွက်ပြီး လျှင် နိမ့်ရာ အရပ်ကို နင်း၍ စီးဆင်းသော ရေထွက်သော ချောင်း သည် **ဥဒ္ဓိဒ** မည်၏၊ ထိုရေသည် ချို၏၊ အလွန် အေး၏၊ သည်းခြေကို နှိုင်၏၊ ကြေလွယ်၏၊ ပေါ်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေကို စဉ်းငယ် ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

စိမ့်စမ်းရေ။ ။ တောင်မှ ထွက်သော စိမ့်စမ်း ရေတံခွန်သည် **နီဗျရ** မည်၏၊ ဗျရလည်း မည်၏၊ ထိုရေသည် ချို၏၊ ကြေလွယ်၏၊ ပေါ့၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ အလွန် အေး၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို ပျက်စေတတ်၏။

သဲတွင်းရေ။ ။ မြစ်၏ အနီး စသည်၌ လည်းကောင်း, ချောင်း၌ လည်းကောင်း သဲပြင်တွင် တူး၍ ယက်၍ ဖြစ်သော တွင်း သည် **ဝိကိရ** မည်၏၊ ထိုရေသည် အေး၏၊ ကြည်၏၊ ချို၏၊ စဉ်းငယ်ဖန်၏၊ ကြေလွယ်၏၊ ပေါ့၏၊ အပြစ် မရှိ၊ သည်းခြေကို နိုင်၏၊ ငန်မှု သည်းခြေကို ပျက်စေတတ်၏၊

လယ်ကွက်ရေ။ ။ လယ်ကွက်တွင်း၌ တည်သော ရေသည် လေး၏၊ ကြေခဲ၏၊ အကြောကို လေးစေတတ်၏၊ ဒေါသ သုံးပါးကို ပျက်စေတတ်၏၊

ကျောက်စက်ရေ။ ။ စန္ဒရကန် ကျောက်မှ ထွက်သော ရေသည် အညစ်အကြေး ကင်း၏၊ ကြည်လင်၏၊ အဆီဩဇာ မရှိ၊ အေး၏၊ အမှောင့် ပယောဂကို နိုင်၏၊ ချမ်းသာစေတတ်၏၊ ဖျားသော အနာ, ပူလောင်ခြင်း, အဆိပ် သင့်ခြင်းတို့ကို နိုင်၏၊ သူရိယကန္တသဒ္ဒါ, ဖလိက သဒ္ဒါ သူရကန် ကျောက်ဟော၊ သူရိယကန္တသဒ္ဒါကို စွဲ၍ သူရကန်, ဖလိကသဒ္ဒါကို စွဲ၍ ဖလ်(ဖန်) ခေါ်သည်။

[မြန်မာတို့က ထိုကျောက်ကို ကျောက်သလင်း ဟူ၍လည်း ခေါ်ကြသည်၊ နတ်ပြည်၌ ဖန်ဖြင့်ပြီးသော ဗိမာန်၊ ရှေးက ဖန်ဖြင့် ပြုလုပ်သော အထည် ဝတ္ထု ဟူ၍ စာပေ ကျမ်းဂန်တို့တွင် ဆိုသမျှကို ဤကျောက်သလင်းဖြင့် ပြုလုပ်သော ပြီးသော ဗိမာန် ဝတ္ထုတို့ချည်းမှတ်လေ။]

သူရကန်ကျောက်။ ။ နောက် ကာလမှ ထိုကျောက်သလင်းနှင့် တူအောင် သဲကို ချက်၍ လုပ်သော ဖန်မှန်တို့သည် ဖြစ်ကုန်၏၊ ထိုကျောက်သလင်းကို ဖြစ်စေ, ကျောက်သလင်းတု နောက်ပေါ် ဖန် မှန်ကို ဖြစ်စေ အသား အထူအပါး အညီအညွတ် ပြုလုပ်ကြည့်လျှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အရိပ် အကြီးအငယ် မရှိ၊ ပကတိ အတိုင်းကို မြင်ရသည်၊ **အနား** ထူ၍ အလယ် ပါးအောင် ပြုလုပ်၍ ကြည့်လျှင် ပကတိအောက် ငယ်သော အရိပ်ကို မြင်ရသည်၊ အလယ် ထူ၍ အနား ပါးအောင် ပြုလုပ်၍ ကြည့်လျှင် ပကတိထက် ကြီးသော အရိပ်ကို မြင်ရသည်၊ ထိုမှန်ကိုပင် မှန်ဘီလူး ဟူ၍ ခေါ်ကြသည်၊ ထိုမှန်ဘီလူးနှင့် နေရောင်ကို ပြလျှင် ၎င်းအရောင်က မီးဖြစ်သည်ကို စွဲ၍ မီးမှန် ဟူ၍လည်း ခေါ်ကြသည်၊ သူရိယသဒ္ဒါ နေဟော၊ ကန္တသဒ္ဒါ ချစ်ခြင်းဟော၊ နေ ကြိုက်နှစ်သော နေနှင့် သင့်သော မှန် ဆိုလိုသည်၊ နေရောင် ၎င်းကျောက်တွင်းသို့ ဝင်လျှင် မီးထွက်သည်ကို ထောက်၍ နေနှင့် သင့်ကြောင်းကို သိရသည်။

စန္ဒရကန်ကျောက်။ ။ စန္ဒရကန္တသဒ္ဒါ စန္ဒရကန် ကျောက်ဟော၊ ဤဒ္ဒါလည်း လချစ်သော ကျောက်၊ လနှင့် သင့်သော ကျောက် ဆိုလိုသည်။ ထိုကျောက်ကို ယခုအခါ မြန်မာတို့က ကျောက်စိမ်း ခေါ်သည်၊ ကြည်လင် သန့်ရှင်းသော ဤကျောက်စိမ်းကို ကျောက်သလင်းကဲ့သို့ အနားပါးပါး အလယ်ထူထူ သွေး၍ လရောင်တွင် ခံလျှင် ရေထွက်သည် ဟူ၍ စာပေ ကျမ်းဂန်တို့တွင် ဆိုသည်၊ လုပ်၍ မစမ်းဖူးသေး၊ ကျောက်စိမ်းသည် စန္ဒရကန်ကျောက် ဖြစ်ကြောင်းကိုလည်း ယခုထက်တိုင် မြန်မာလူမျိုးတို့ မသိကြသေး။

[လရောင် စန္ဒရကန် ကျောက်တွင်းသို့ ဝင်ပြီးလျှင် ထွက်သော ရေ ဖြစ်သောကြောင့် ကောင်းကင်ရေလည်း ဆိုသင့်၏၊ မြေ၌ တည်သော ရေလည်း ဆိုသင့်၏ ဟူ၍ ဒဗ္ဗဂုဏပကာသ ဆေးကျမ်း ဋီကာတွင် ဆိုသည်။]

သင့် မသင့် ရေများ။ ။ ဟေမန္တဥတု, သိသိရဥတု တို့၌ အင်းအိုင်ရေ, တစ်ဘက်ဆည်ကန် ရေတို့သည် သင့်မြတ်ကုန်၏၊ ဝသန္တဥတု, ဂိမှဥတုတို့၌ ကျောက်အုတ်တို့ဖြင့် စီအပ်သော ကူပမည်သော တွင်းရေ, ကျောက်အုတ်တို့ဖြင့် စီအပ်သော ကန်ကြီးရေ, ကျုံးရေ, တောင်မှ ထွက်သော စိမ့်စမ်းရေတို့သည် သင့်ကုန်၏၊ ဤဝသန္တ, ဂိမှဥတုတို့၌ လောင်သင်းရေ, ဖက်စွတ်ရေတို့သည် ကျတတ်သောကြောင့် မြစ်ရေကို မသောက်ကောင်း၊ ဝဿာနဥတု၌ မြေမှ အလိုလို ထွက်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရေ, ကောင်းကင်ရေ, ကျောက်အုတ်တို့ဖြင့် စီအပ်သော တွင်းရေတို့ သည် သင့်ကုန်၏၊ ကောင်းကင်ရေ, မိုးရေ မြေသို့ ရောက်လျှင် ရောက် သည့် နေ့ ယူ၍ မသောက်ကောင်း၊ သုံးရက် လွန်ပြီးနောက်၌ ကြည်လင် သောကြောင့် သောက်သင့်၏၊ သရဒဥတုဌ် မြစ်ရေသည် သင့်၏။

[အံသုဒကရေသည် လွန်စွာ သင့်၏၊ ဤအံသုဒကရေကို ဒဗ္ဗဂုဏ ပကာသ ဆေးကျမ်း၌ ဟံသောဒက ဟူ၍ ဆို၏၊ ဟံသ သဒ္ဒါ နေဟော ဖြစ်ကြောင်းနှင့် ၎င်းဋီကာတွင် ဖွင့်သည်၊ အခြားသော များစွာသော ဆေးကျမ်းတို့နှင့် မညီ၍ မယူသင့်၊ အံသု သဒ္ဒါ ရောင်ခြည်ဟော၊ ဥဒကသဒ္ဒါ ရေဟော၊ နေရောင်ခြည်, လရောင်ခြည်တို့နှင့် တွေ့ထိသော ရေ ဆိုလိုသည်။]

နေ့ကို တစ်နေ့ပတ်လုံး နေလှန်း၍ ညဥ့်၌ တစ်ညဉ့်ပတ်လုံး လရောင် ခံပြီးသော ရေသည် အံသုဒကရေ မည်၏၊ ထိုရေသည် အဆီ သြဇာ ရှိ၏၊ ဒေါသ သုံးပါးလုံးကို နှိပ်၏၊ သွေး, လေ, အရသာတို့ သွားလမ်းကို ပိတ်၍ အကြောတို့ကို လေးစေတတ်၏၊ အားကို ဖြစ်စေ တတ်၏၊ အနာ ကင်း၍ အသက် ရှည်စေတတ်၏၊ ဉာဏ်ကို ပွင့်စေတတ် ၏၊ အေး၏၊ ကြေလွယ်၏၊ ပေါ့၏၊ နတ်တို့၏ အမြိုက်သုဓာနှင့် တူ၏။

အချို့သော ဆေးကျမ်းတို့၌ သရဒဥတုတွင် အဂတ္တိကြေယ် ထွက် ပြီးနောက် ဖြစ်မှ ကြည်လင် သန့်ရှင်းသော အလုံးစုံသော ရေကိုပင် သောက်သင့်သည် ဟူ၍ ဆို၏။

လအလိုက် ရေများ

၁။ တစ်နည်း ပြာသိုလ၌ အင်းအိုင်ရေ,
၂။ တပို့တွဲလ၌ တစ်ဘက်ဆည် ကန်ရေ,
၃။ တပေါင်းလ၌ ကျောက်အုတ်တို့ဖြင့် စီသော တွင်းရေ,
၄။ တန်ခူးလ၌ တောင်၌ အလျောက်ဖြစ်သော စုဏ္ဏိမည်သော တွင်းရေ,
၅။ ကဆုန်လ၌ တောင်မှ ထွက်သော စိမ့်စမ်းရေ, တံခွန်ရေ,
၆။ နယုန်လ၌ မြေမှ အလိုလို ထွက်သော ရေ,
၇။ ဝါဆိုလ၌ ကျောက်အုတ် စသည်တို့ဖြင့် စီအပ်သော တွင်းရေ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၈။ ဝါခေါင်လ၌ ကောင်းကင်ရေ,
၉။ တော်သလင်းလ၌ ကျောက်အုတ် စသည်တို့ဖြင့် စီအပ်သော တွင်းရေ,
၁၀။ သီတင်းကျွတ်လ၌ စုဏ္ဏီ မည်သော တွင်းရေတို့သည် သင့်ကြကုန်၏။
၁၁-၁၂။ တန်ဆောင်မုန်းလ, နတ်တော်လ၌ကား ကြည်လင် သန့်ရှင်းသော ရေရှိသမျှပင် သင့်၏။

မြေသို့ ရောက်ပြီးသော အင်းအိုင် အစရှိသည်တို့၌ တည်သော ဘောမ မည်သော ရေကို နံနက်စောစော၌ ခပ်ယူရာ၏၊ အခြား အချိန်တို့၌ မခပ် မယူရာ။

အဂတ္တိကြယ်မိုး။ ။ အဂတ္တိကြယ် ဟူသည်ကား မေထုန်ရာသီ နောက်ဆုံး အံသာ ဗာဟိရဝိထိ ပြင်စွန်းမှ တောင်ဘက် သုံးဆယ့်သုံးအံသာတွင် တည်သော ကြယ်တည်း၊ ထိုကြယ်သည် ကန်ရာသီနှင့် တနင်္ဂနွေဂြိုဟ် ရောက်ခါနီး သုံးအံသာ ဖြစ်သော သိဟ်ရာသီ **အဆုံး နှစ်ဆယ့်ခုနစ်** အံသာသို့ တနင်္ဂနွေ ရောက်သော ရက်၏ ညဥ့်သန်းခေါင် အချိန်တွင် အရှေ့လောကဓာတ်က စ၍ ထွက်သည်ကို မြင်ရ၏၊ ထိုအဂတ္တိကြယ် ထွက်သော ရက်၌ မိုးကြိုး သည်းထန်စွာ ရွာတတ်သည်၊ ထိုမိုးသည် လူတို့၏ ချမ်းသာကို ပေးတတ်၏ ဟူ၍ ဒဗ္ဗဂုဏာပကာသ စသော ဆေးကျမ်းတို့တွင်...

အပတ္တေ ဘာကရေ ကညံ၊ သတိဘာဂေ တိဘိဒိနေ။
အဋ္ဌ ဒဇ္ဇာ အဂတ္တိဿ၊ ယေ ဝဿန္တိ မဟာဒယေ။
ဟူ၍ ဆို၏။

အနက်ကား။ ။ ဘာကရေ၊ တနင်္ဂနွေဂြိုဟ်သည်။ ကညံ၊ ကန်ရာသီသို့။ အပတ္တေ၊ မရောက်မီ။ သတိဘာဂေ၊ သုံးအံသာ၌။ တိဘိဒိနေ၊ သုံးရက်၌။ (သုံးရက်တို့ဖြင့်လည်းဟူ။) ဥဒယေ၊ အဂ္ဂတ္တိကြယ် ထွက်သည်ရှိသော်၊ အဂတ္တိဿ၊ အဂတ္တိရသ္ဟေအား။ အဋ္ဌ၊ ပူဇော်ဖွယ်ကို။ ဒဇ္ဇာ၊ ပေးအပ်ကုန်၏။ မဟာ၊ ကြီးစွာသော။ ယေ၊ အကြင်မိုးတို့သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဝဿန်၏၊ ရွာကုန်၏။ တေ၊ ထိုမိုးတို့သည်။ သုခံ၊ ချမ်းသာကို။ ဒေန္တိ၊ ပေးတတ်ကုန်၏။

[ထိုနေ့၌ အဂတ္တိကြယ် ထွက်၏၊ ထိုအဂတ္တိကြယ် ထွက်သော နေ့၌ အဂတ္တိရသေ့ကို ရာဇမတ္တဏ်ကျမ်း အစရှိသည်တို့တွင် လာသည့် အတိုင်း ပူဇော်လျှင် မိုးကြီး သည်းထန်စွာ ရွာတတ်သည်၊ ထိုမိုးသည် လူတို့၏ ချမ်းသာကို ပေးတတ်သည် ဟူလို။

အဂတ္တိကြယ်ကို ပူဇော်ပုံ အကျယ်ကို သိလိုလျှင် ရာဇမတ္တဏ် ကျမ်းကို ကြည့်လေ။

ထိုအဂတ္တိကြယ် ထွက်သောအခါ ရွာသည့် မိုးသည် လေ ငြိမ်သက်သောအခါ ရွာသော မိုး ဖြစ်၍ လောက တစ်ခုလုံးကို အပျံ့အနှံ့ ရွာတတ်သည်၊ ကောင်းကင်၌ မြူမှုန် စသည် ကင်းသောကြောင့် မိုးရေ သန့်ရှင်းသည်၊ ထို့ကြောင့် ထိုမိုးရွာလျှင် မြတ်စွာဘုရား ရေချိုးတော်မူတတ်ကြောင်းနှင့် သာသနာတော် ကျမ်းဂန်တို့တွင် ဆိုသည်။]

ထိုအခါမှ နောက်ကို ရွာသမျှ မိုးသည် ကောင်းကင် စင်ကြယ်သည့်အခါ ရွာသော မိုး ဖြစ်သောကြောင့် မိုးရေလည်း သန့်ရှင်း စင်ကြယ်သည်ဖြစ်၍ ဆိုခဲ့ပြီးသည့်အတိုင်း မြေသို့ မရောက်အောင် ခံယူလျှင် အခြားဓာတ်များ မရောမယှက် ရေသက်သက်ကို ရသောကြောင့် ထိုရေသည် အမြတ်ဆုံး ရေ ဖြစ်၏၊ အဂတ္တိကြယ် မထွက်မီ ရွာသော မိုးရေမူကား ကောင်းကင် မသန့်မရှင်းသောအခါ ရွာသော မိုး ဖြစ်သောကြောင့် မိုးရေသည်လည်း မသန့်မရှင်း၊ ခံယူ၍ မသောက်ကောင်း။

ဖျောက်ဆိပ်မွန်းတည့်။ ။ ဤအဂတ္တိကြယ် ထွက်သည့်ရက်ကို မြန်မာတို့က ဖျောက်ဆိပ်မွန်းတည့်ရက် ခေါ်ကြသည်၊ ဖျောက်ဆိပ် ဟူသည်လည်း ကြတ္တိကာနက္ခတ် ဟူ၍လည်း ပြောဆိုကြ၏၊ ကြတ္တိကာနက္ခတ်သည် ဗြိဿရာသီ ခုနစ် အံသာ သုံးဆယ့်ရှစ် လိတ္တာတွင် တည်သော နက္ခတ်ဖြစ်၍ ထိုအခါ ကြတ္တိကာနက္ခတ်သည် ညဦး တစ်ချက်တီးကျော်ကို ထွက်၍ နေဝင်မွန်းတည့်လည်း မကျ၊ သန်းခေါင်မွန်းတည့်လည်း မကျဖြစ်၍ ထိုစကားကို မမှတ်အပ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ဖျောက်ဆိပ် ဟူသည် အာဏာတာရာ ဖြစ်သော အဂတ္တိ ကြယ်ဟူ ယူပြီးလျှင် ထိုနေ့ ညဉ့်သန်းခေါင်၌ ဖျောက်ဆိပ် ထွက်သည်ဟု ဆိုမှ သင့်လျော်ရန် ရှိသည်။]

ရေအေးအစွမ်း။ ။ ရေအေးသည် သေအရက် ယစ်မူးခြင်း, မူးဝေ မိန်းမောခြင်းတို့ကို နှိုင်၏၊ အော့အန်ခြင်း, သည်းခြေဖျားတို့ကို နှိုင်၏၊ ပင်ပန်းခြင်း, ရေငတ်ခြင်း, ပူလောင်ခြင်းတို့ကို နှိုင်၏၊ အဆိပ်သင့်သည်တို့ကို နှိုင်၏၊ စင်ကြယ်သော ရေအေးကို ရေစင် ခေါ်သည်၊ လူတို့ မူးဝေ မိန်းမောသော် လည်းကောင်း, နှလုံး ပင်ပန်းခြင်း အားကြီးလှသောကြောင့် တက်၍ မေ့လျော့ မိန်းမောသော် လည်းကောင်း, သေအရက်မျိုး ပြင်းထန်စွာ ယစ်မူးသော် လည်းကောင်း ဤရေစင်အေးဖြင့် မျက်နှာနှင့် ကျောက်ကုန်းရိုးကို ချမ်းအေးအောင် ဆွတ်လျှင် ယစ်မူး မေ့လျော့ခြင်းသည် အလျင်အမြန် ပျောက်၏၊ ထိုကဲ့သို့ ပြုလုပ်သည်ကိုပင် ရေစင် ပက်ဖျန်းသည်ဟု ခေါ်သည်။

[ဇာလိမင်းသားနှင့် ကဏှာဇိန် မင်းသမီးကို ဇူဇကာ ပုဏ္ဏားအား ဝေဿန္တရာ မင်းကြီး လှူရာ မဒ္ဒီ မိဖုရား ပူပန်လှသောကြောင့် တက်၍ မေ့လျော့သည်ကို ဝေဿန္တရာ မင်းကြီး သောက်ရေအေးကို ကရားနှင့် ယူ၍ မျက်နှာကို ပက်ဖျန်းရာ ပျောက်ကြောင်း၊ ဝေဿန္တရာမင်းကြီးကို နန်း တင်မည်ဟု ခမည်းတော် သိဉ္စည်း မင်းကြီး, မယ်တော် ဖုဿတီ မိဖုရား, ဆွေတော် မျိုးတော် အပေါင်း, ဇာလီ မင်းသား ကဏှာဇိန် မင်းသမီးတို့ အစုံအညီ ဝက်ပါတောင်သို့ သွား၍ ယူရာ ကွေကွင်းလေသော ဆွေမျိုးချင်း တွေ့ကြ၍ ငိုမြည်တမ်းကြသဖြင့် လူ အလုံးစုံတို့သည် တက်၍ မေ့လျော့ရာ ရေစင် ဖျန်းမည့်သူ မရှိ၍ သိကြားမင်း ဆင်းလာပြီးလျှင် ရေစင် ဖျန်းမှ သတိရကြောင်းများနှင့် ဝေဿန္တရာ ဇာတ်တွင် ဆိုသော စကားသည် ဆေးကျမ်းတို့တွင် ဆိုသော ရေစင် ရေအေးအကျိုးနှင့် ညီညွတ်သည်။]

ရေအေးနှင့် သင့်သူ။ ။ ထို့ကြောင့် မူးဝေသော သူ, သည်းခြေနာ ရှိသောသူ, ပူလောင်သော သူ, အဆိပ်သင့်သော သူ, သွေးနာရှိသော သူ, သေအရက်, ယစ်မူးသော သူ, စိတ်ပျံ့လွင့်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သူ, ရေငတ်နာ ရှိသောသူ, မောပန်းသော သူ, တက်သော သူ, အော့အန်သော သူ, သွေးအန်သော သူ, သည်းခြေဖျား ရှိသော သူတို့၌ ရေအေးသည် သင့်မြတ်၏၊ ထိုသူတို့သည် ရေအေး သောက်ခြင်း, ချိုးခြင်း ကို ပြုအပ်ကုန်၏။

ရေနွေးနှင့် သင့်သူ။ ။ ဘေးထိုး ရင်ကျပ်နာ ရှိသော သူ, နှာစေးသော သူ, လေနာ ရှိသောသူ, ကုပ်ခိုင် တောင့်သောသူ, ဝမ်းရောင်သော သူ, ကြက်မျက်သင့်သော သူ, ဝမ်းသက်သော သူ, အဖျား သစ် ရှိသော သူ, ရှူဟိုက်သော အနာရှိသော သူ, ဆီ ထောပတ်များစွာ စားသော သူ, သလိပ်နာ ရှိသောသူ, ဝမ်းကိုက်သော သူ, ဂူနာ ရှိသော သူ, ချောင်းဆိုးနာ ပန်းနာ ရှိသော သူ, နှုတ်မမြိန်သော သူ, အမာပေါက်သော သူတို့သည် ရေအေးကို ကြဉ်ရှောင်အပ်ကုန်၏၊ ထိုသူတို့သည် ရေအေး သောက်ခြင်း, ချိုးခြင်းကို မပြုအပ်ကုန်၊ ရေနွေးကိုသာ သုံးဆောင်အပ်ကုန်၏။

၄၉။ ဥတု အားလျော်စွာ ရေနွေးသောက်ခြင်း အကျိုး

ရေနွေး ချက်နည်းနှင့် အကျိုးကို ဆိုပေအံ့၊ ကောင်းစွာ ချက်ကျိုအပ်သော အကြင်ရေသည် အမှုန် ကင်း၏၊ ရေစိမ်းနံ့ ပျောက်၏၊ အညစ်အကြေး ကင်း၏၊ ထက်ဝက်သာ ကြွင်း၏၊ ထိုရေသည် ရေနွေး မည်၏၊ ရေနွေးသည် သလိပ်ဖျား, လေဖျား, ချောင်းဆိုးနာ, သလိပ်နာ, ပန်းနာ, သည်းခြေနာ, လေနာ, အစာ မကြေသော အနာ, အဆီခဲနာ, အဖျား သစ်တို့ကို နှိုင်၏၊ ဆီးကို ရွှင်စေတတ်၏၊ ထိုအနာ ရှိသော သူတို့သည် ရေနွေး သောက်ခြင်း, ချိုးခြင်းကို ပြုအပ်ကုန်၏။

ရေနွေးချက်နည်း။ ။ ဥတု အားလျော်စွာ ရေနွေး ချက်ပုံကား...

၁။ ဂိမှဥတု, သရဒဥတု၌ ထက်ဝက်ကြွင်း,

၂။ ဟေမန္တဥတု, သိသိရဥတုတို့၌ လေးပုံ သုံးပုံကြွင်း,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃။ ဝသန္တဥတု၌ လေးပုံ တစ်ပုံကြွင်း,
၄။ ဝသာနဥတု၌ ရေတွင် အပြစ် များသောကြောင့် ရှစ်ပုံ တစ်ပုံကြွင်း ချက်အပ်ကုန်၏။

လေးပုံသုံးပုံကြွင်းရေသည် သည်းခြေကို နှိုင်၏၊ ထက်ဝက်ကြွင်းရေသည် လေကို နှိုင်၏၊ လေးပုံတစ်ပုံကြွင်း ရေသည် သလိပ်ကို နှိုင်၏၊ ဝမ်းချုပ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ထိုရေသည် **အာရောဂျမူ** မည်၏၊ ထိုလေးပုံတစ်ပုံကြွင်းသော အာရောဂျမူရေသည် ချောင်းဆိုးနာ, ပန်းနာ, သလိပ်နာတို့ကို ပယ်နှိုင်၏၊ အဖျားကို လျင်မြန်စွာ ပျောက်စေတတ်၏၊ ဝမ်းမီးတောက်၏၊ အစာ ကြေ၏၊ ဝမ်းချုပ်၏၊ ပေါ်၏၊ လေချုပ်သော အနာ, ကိုယ်လက်ဖျော့တော့သော အဆင်းရှိသော ပဏ္ဍုနာ, ရင်ဘတ်နာ, မြင်းသရိက်နာ, ဝူနာ, ကိုယ်ရောင်ရမ်းသော အနာ, ဖျဉ်းနာတို့ကို နှိုင်၏။

ရေနှင့် မသင့်သူ။ ။ ရေ ငတ်လျှင် လူ အလွန် ပင်ပန်း၏၊ ရေ မသောက်ရလျှင် သတ္တဝါသည် သေ၏၊ ရေသည် သတ္တဝါတို့၏ အသက်ကို စောင့်ရှောက်တတ်၏၊ သို့သော်လည်း ဖျားသောသူ, ဝမ်းပျက်သော သူ, ဝမ်းမီးနုံသော သူ, မျက်စိနာရှိသော သူ, နှုနာရှိသော သူ, ကာလနာ ဖြစ်သော သူ, ဖျဉ်းနာ ရှိသော သူ, အစာ မစားချင်သော နှုတ်မမြိန်နာ ရှိသော သူ, နှာစေးသော သူ, ပါးသက်နာ ရှိသော သူ, ကိုယ်ရောင်သော သူ, ဓာတ် ကုန်ခန်းသော သူ, အမာ ပေါက်သော သူ, ဆီးသွန်နာ ရှိသော သူတို့သည် ရေနှင့် မသင့် ဖြစ်သောကြောင့် ရေနွေး, ရေအေးနှစ်ရပ်လုံးကိုပင် အနည်းငယ်သာ သောက်ရမည်၊ ရေကိုမူကား အလျှင်း မချိုးအပ်။

ရေကျက်အေး။ ။ ဥတု အားလျော်စွာ ချက်အပ်ပြီးသော ရေနွေးကို အေးစေပြီးမှ သောက်အပ်သော အနာတို့ကား ကိုယ်ပူသော အနာ, ဝမ်းပျက်နာ, သည်းခြေနာ, သွေးနာ, မူးဝေသော အနာ, သေအရက် ယစ်ခြင်း, အဆိပ်သင့်ခြင်းတို့ကို လည်းကောင်း၊ ဆီးချုပ်သော မုတ္တကိတ်နာ, ပဏ္ဍုနာ, ရေငတ်သော အနာ, အော့အန်သော အနာ, မောပန်းသော အနာ, သေအရက်ကို သောက်အားကြီးသောကြောင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဖြစ်သော အနာ, သန္ဓိပါတ် အနာတို့ကို လည်းကောင်း ဤအနာတို့၌ ရေကျက်အေးသည် သင့်၏။

ချက်ပြီး၍ အလိုအလျောက် အေးသော ရေကျက်အေးသည် ဒေါသ သုံးပါးလုံးကို နှိုင်၏၊ အေး၏၊ အဆီသြစာ မရှိ၊ သွေးလေ အရသာ ကြောတို့ကို မလေးလံစေတတ်၊ နွမ်းနယ်ခြင်း, ရေငတ်ခြင်း, အဖျားတို့ကို နှိုင်၏၊ ကြေလွယ်၏၊ ပေါ့၏။

ရေကျက်အေး ဟူသည်လည်း နေ့၌ ချက်သော ရေကို နေ့၌သာ သောက်ကောင်းသည်၊ ည၌၌ ချက်သော ရေကို ည၌၌သာ သောက်ကောင်းသည်၊ နေ့၌ ချက်သော ရေကို ည၌, ည၌ချက်သော ရေကို နေ့၊ ဤကဲ့သို့ အေးအောင် ထား၍ သောက်လျှင် ထိုရေ၌ တဖောဖောတ် ညံ့သောကြောင့် ကြေခဲ၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ချဉ်၏၊ ဝမ်းချုပ်၏၊ ဒေါသ သုံးပါးလုံးကို ပျက်စေတတ်၏၊ ရောဂါ ခပ်သိမ်းတို့၌ပင် မသင့်၊ ရေကျက်အေးကို တစ်ဖန် ရေနွေး လုပ်၍ သောက်လျှင် မသင့်၊ အဆိပ်နှင့် အတူ ဖြစ်၏၊ ည၌၌ကား ရေနွေး သောက်ခြင်းသည် များစွာ အကျိုး ရှိ၏။

ည၌၌ သောက်ရန် ရေနွေးချက်ပုံကား ရေစိမ်းနှံ့ ပျောက်၍ ကျက်ရုံ, ထက်ဝက်ကြွင်း, လေးပုံတစ်ပုံကြွင်း, ရှစ်ပုံတစ်ပုံကြွင်းတို့တွင် တစ်မျိုးမျိုး ချက်၍ သောက်ရာ၏၊ ည၌ကို ရေနွေး ချက်၍ သောက်ခြင်းသည် သလိပ်နာ, လေနာ, အစာ မကြေသော အနာ, အဆီခဲနာတို့ကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာ, အဖျားတို့ကို နှိုင်၏၊ ရေစိမ်းကို သောက်လျှင် တစ်ပဟိုရ်ရှိမှ ကြေ၏၊ ရေကျက်အေးကို သောက်လျှင် တစ်ပဟိုရ်၏ ထက်ဝက်မျှနှင့် ကြေ၏၊ ကျက်ပြီးသော ရေနွေးကို သောက်လျှင် တစ်ပဟိုရ်၏ လေးပုံတစ်ပုံမျှနှင့် ကြေ၏။

[အချို့သော ဆေးကျမ်းတို့၌ ရေစိမ်းသည် နှစ် ပဟိုရ် ရှိမှ ကြေ၏၊ ရေကျက်အေးသည် တစ် ပဟိုရ်နှင့် ကြေ၏၊ ကျက်သော ရေနွေးသည် တစ် ပဟိုရ်၏ ထက်ဝက်မျှနှင့် ကြေ၏ဟု ဆို၏။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အဆင်း အနံ့ အရသာ မထင်ရှားသော အလွန် အေးသော ကြည်လင်သော ပေါ့သော ရေအေးသည် နှလုံးကို နှစ်သက်စေတတ်၏၊ ရေငတ်ခြင်းကို ပျောက်စေတတ်၏၊ ဂုဏ်အပေါင်းနှင့် ပြည့်စုံ၏၊ ကျိသော ပျစ်ခွဲသော ပိုးတို့ဖြင့် ပြွမ်းသော ရွံ့ညွန်, သစ်ရွက်, မှော်တို့ဖြင့် ပြည့်သော အနံ့ မကောင်းသော ရေကို မသောက်အပ်၊ မိုးဦးကျအခါ၌ ရွာသော မိုးရေကိုလည်း မသောက်ကောင်း မချိုးကောင်း၊ ထိုရေကို သောက်ချိုးမိလျှင် ရေငတ်သော အနာ, ဝမ်းရောင်နာ, မြင့်ရှည်စွာ ဖျားသော အနာ, ချောင်းဆိုးနာ, ဝမ်းမီး ပျက်သော အနာ, အကြောတို့ လေးလံခြင်း, အိုင်းအမာ အစရှိသည်တို့ ဖြစ်တတ်ကုန်၏။

၅၀။ ရေ စင်ကြယ်အောင် လုပ်နည်း

ကောင်းကင်ရေ ဖြစ်စေ, မြေ၌ တည်သော ရေ ဖြစ်စေ ရေတွင် ဆား, ယမ်း, ဆပ်ပြာ စသော အခြားဓာတ်တို့ ရောနှော၍ ရှိသည်ကို သက္ကဋဆေးကျမ်းတို့တွင် လာသော စင်ကြယ်အောင် လုပ်နည်း, သိုးဆောင်းဆေးကျမ်းတို့တွင် လာသော စင်ကြယ်အောင် လုပ်နည်းတို့ကို ဆိုပေအံ့။

သက္ကဋ ဆေးကျမ်းလာ ရေစင်ကြယ်စေနည်း

၁။ မြေသို့ ရောက်ပြီးသော ရေကို ယူ၍ စစ်ပြီးလျှင် ငြိမ်ရာ အရပ်တွင် ထား၊ ရွှဲ့ ပါသော အညစ်အကြေးတို့သည် အောက်သို့ ထိုင်၍ ရေ စင်ကြယ်၏။

၂။ မစင်ကြယ်သော ရေကို အဝတ်နှင့် စစ်၍ ယူ၊ ၎င်းရေတွင် အကြမ်း ထောင်းသည့် ခပေါင်းရေကြည်စေ့, ဂေါ်မိတ် ကျောက်, မှော်မြစ်, ပုလဲ, ကြောင်တို့ကို ထည့်၍ တစ်ညဉ့် သိပ်ပြီးလျှင် ထား၊ ရေတွင် ပါသော ဆား, ယမ်း အစရှိသော ဓာတ်တို့သည် ဤခပေါင်းရေကြည်စေ့ အစရှိသည်တို့နှင့် သင့်သည် အားလျော်စွာ အောက်သို့ ထိုင်ကြကုန်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အပေါ် ရေကြည်ကြည်ကို စစ်ယူ၍ စင်ကြယ်သော ရေ ဖြစ်၏။

၃။ မစင်ကြယ်သော ရေကို နေ့၌ တစ်နေ လှန်း၍ ညဉ့်၌ တစ်ညဉ့်လုံး လရောင်ခံ၊ စင်ကြယ်သော ရေ ဖြစ်၏။

၄။ မစင်ကြယ်သော ရေကို ဆိုခဲ့ပြီးသည့် အတိုင်း ထက်ဝက် ခန်း အစရှိသည်တို့ဖြင့် ချက်၍ ငြိမ်သက်ရာမှာ အေးအောင် ထား၊ စင်ကြယ်သော ရေ ဖြစ်၏။ (ပေါင်း ၄ ။)

သိုးဆောင်းကျမ်းလာ ရေစင်ကြယ်စေနည်း

၁။ အရိုးမီးသွေး, ကျောက်စရစ်ခဲ, သဲ အစရှိသော ဝတ္ထုတို့ကို ရေ စစ်ရန် အိုး၏ အလယ်တွင် အထပ်ထပ် ထား၍ ၎င်း အထက်က ပင်လယ်ရေမြုပ် ဖြစ်စေ, မိုင်းကိုင်စက္ကူ ဖြစ်စေ ခံ၍ ရေကို လောင်း၊ မကောင်းသော အမှိုက်တို့သည် စက္ကူ, ပင်လယ်ရေမြုပ်တို့၌ ကျန်ရစ်၏၊ ရေ၌ ပါသော ဆား, ယမ်း, ဆပ်ပြာ အစရှိသော ဓာတ်တို့သည် အရိုး မီးသွေး အစရှိသည်တို့နှင့် သင့်တင့်ရာ ပေါင်းဖက် ကျန် ရစ်ကြသဖြင့် စင်ကြယ်သော ရေ အောက်သို့ စိမ့်ပြီးလျှင် ထွက်၏။

မစင်ကြယ်သော ရေကို အိုးတွင် ထည့်၍ ပြွန်တံ တပ်ပြီးလျှင် အရက်ပြန်ကဲ့သို့ ချွေးကို ပြန်၍ ချက်ရင်း ရေ၏ ထက်ဝက် ရအောင် ယူ၊ စင်ကြယ်သော ရေကို ရ၏၊ ထိုပေါင်းနှင့် ပြန်၍ ရသော ရေသည် သီတင်းကျွတ်လ ရွာသော မိုးရေကို မြေသို့ မကျအောင် ခံယူသော ရေနှင့် တူ၏၊ ထိုမိုးရေထက်ပင်သော်လည်း စင်ကြယ်၏၊ ထိုရေတွင် အခြားဓာတ် မရှိ၊ ရေချည်း သက်သက် ဖြစ်၍ ဓာတ်ခွဲလျှင် (ဟိုက်ဒရောဂျင်) တစ်ပုံ (အောက်စီဂျင်) တစ်ပုံသာ ရ၏၊ ထိုရေတွင် ဆပ်ပြာ ဖြစ်စေ, ပြာဆား ဖြစ်စေ, အငန်မျိုး တစ်စုံတစ်ခုကို ခတ်လျှင် ဆူ၏၊ အကောင်းဆုံး အစင်ကြယ်ဆုံးသော ရေ ဖြစ်၏၊ အဆင်း, အနံ့, အရသာ မထင်ရှား၊ စင်ကြယ် ကြည်လင်၏၊ ပေါက်သော အရောင် ရှိ၏၊ ဆေး ကျမ်းဆရာတို့ ကြိုက်နှစ်သက်သော ရေ ဖြစ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅၁။ အခိုးနှစ်မျိုးတို့၏ ဖြစ်ရာအရပ်နှင့် သတ္တိဂုဏ်

မီးခိုး။ ။ အခိုးသည် မီးခိုး, ရေခိုး ဟူ၍ နှစ်မျိုး ရှိ၏၊ ထို နှစ်မျိုးတို့တွင် မီးမှ ထွက်သော အခိုးသည် အလွန် သိမ်မွေ့သော မီးသွေးမှုန့်ငယ်စု ဖြစ်၏၊ ထိုကြောင့် မီးခိုးကို အထက်က တစ်စုံတစ်ခု ဝတ္ထုနှင့် ခံလျှင် မင်စွဲ၏၊ မင်ဟူသည် အလွန် သေးငယ်သော နုသော မီးသွေးမှုန့်ပင်တည်း။

ရေခိုး။ ။ ရေခိုးသည် ရေ ပူ၍ ဆူပြီးလျှင် ထွက်သော ရေမှုန့် ငယ်စုပင်တည်း၊ ထိုရေမှုန့်ငယ်သည် လေထက် ပေါ့သောကြောင့် လေ ထဲမှ ပေါ်၍ အထက်သို့ တက်သည်၊ သစ်ရွက်, သစ်ပင်, ပင်လယ်, မြစ်, ချောင်းရေတို့ကို ဂိမှဥတုအခါ နေ ပြင်းထန်စွာ ပူ၍ ရေမှုန့်ငယ် ဖြစ်ပြီးလျှင် ကောင်းကင်သို့ တက်၍ နေရောင် မပူနိုင်သည့် လေ နည်းပါးရာ အရပ်သို့ ရောက်လျှင် အေးသောကြောင့် ထိုရေမှုန့်ငယ်စု သည် ပေါင်းစု၍ ရေလုံး ရေပေါက်ကြီး ဖြစ်ပြီးလျှင် လေထက် လေးပြန်၍ လူပြည်သို့ ကျသည်ကို မိုးရွာသည်ဟု ခေါ်သည်၊ ပူ၍ ဖြစ်သော ရေမှုန့် ဟူသော ရေခိုးသည် အေးသည့် ကာလ ရေပြန်၍ ဖြစ်မြဲဖြစ်သည်။

လေကြောင့်ပူခြင်း။ ။ ယခု လူပြည်၌ တိုက်သော လေ သည် မြေကြီးအထက်ကို အင်္ဂလိပ်တိုင် ဆယ့်နှစ်တိုင်, မြန်မာတိုင် ခြောက်တိုင် အတွင်းတွင်သာ ရှိသည်၊ ထိုရှိသော လေသည်လည်း မြေနှင့် နီးရာတွင် များသည်၊ အထက်သို့ မြင့်လေ နည်းပါးလေ ဖြစ်၍ ခြောက်တိုင် အထက်သို့ ရောက်လျှင် အလွန်းပင် လေ မရှိ ဖြစ်သည်၊ အထက်က လာသော နေရောင်သည် လေမရှိရာ အရပ်၌ ချမ်းအေးသည်၊ လေထုခရီး ခြောက်တိုင်အတွင်းသို့ ထွင်းဖောက်၍ လူပြည်သို့ ရောက် မှ ပူသည်၊ အလင်းလည်း အားကြီးသည်။

ရေ- ဖန်တုံး အပူလွန်ခြင်း။ ။ လေထုထက် ကြီးသော ရေထု၊ ရေထုထက် ထူသော ဖန်တုံး, ကျောက်သလင်းတုံးထုများသို့ ဝင်၍ ထွက်သော နေရောင်သည် တစ်ဆင့်ထက် တစ်ဆင့် သာလွန်၍ ပူသည်၊ ထိုကျောက်သလင်းတုံး, ဖန်တုံးများနှင့် နေရောင်ကို ခံလျှင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မီးထွက်သည်၊ ကြည်လင် သန့်ရှင်းသော ဖန်ပေါင်းချောင်တွင်း၌ ကြည်လင် သန့်ရှင်းသော ရေကို ထည့်၍ နေရောင် ဝင်နိုင်အောင် ဆွဲထားလျှင် ထိုရေထုကို ဖောက်ထွင်း၍ လာသော နေရောင်သည် ပူလှသောကြောင့် ရေမပူမီ ထိုနေရောင် ထိသော ဖျာ, ကြမ်း အစရှိသော ဝတ္ထုတို့မှာ မီးစွဲသည်။

ထိုကြောင့် ဖန်ပေါင်းချောင်ကို ကြည်လင်သော ရေနှင့် ရွှေငါးငွေငါးတို့ကို ထည့်ပြီးလျှင် နံနက် နေထွက်အခါက ဆွဲ၍ ထား၊ တစ်ချက်တီး အချိန်ခန့်လောက်တွင် ရေမပူမီ ထိုဖန်ပေါင်းချောင်ကို ဖောက်၍ လာသော နေရောင်ကြောင့် ဖျာ, ကြမ်းတို့ကို မီးစွဲလိမ့်မည်၊ ကြည်လင် သန့်ရှင်းသော ပေါက်သော အရောင် ရှိသော လေထုထက် ရေထု ထူသည်၊ ရေထုထက် ဖန်တုံးထု, ကျောက်သလင်းတုံးထုတို့သည် ထူသည်၊ အသား သိပ်သည်၊ လေးသည်၊ အထု ထူ၍ အသား သိပ်သော ဝတ္ထု ဖြစ်လေ နေရောင်ဝင်ထွက်လျှင် ပူလေ ဖြစ်သည်ဟု မှတ်ရမည်။

ရေခိုး ရေမှုန့်။ ။ ရေမှုန့်တို့သည် ဂိမှဥတုအခါ နေပူ၍ ကောင်းကင်သို့ တက်ပြီးလျှင် လေ နည်းပါးရာ, မရှိရာ အရပ်သို့ ရောက်လျှင် ချမ်းအေး၍ ရေဖြစ်မြဲ ဖြစ်ပြီးလျှင် ပြန်၍ ကျသည်၊ အကယ်၍ ကောင်းကင်၌ လေထု တစ်ပြင်လုံး ရှိလျှင် အပူ အေးသော အရပ် မရှိ၍ ရေခိုးတို့သည် ရေပြန်၍ ဖြစ်ပြီးလျှင် မိုးရွာနိုင်ရန် မရှိ၊ မိုးရွာသည်ကို ထောက်၍ အထက် ကောင်းကင်၌ လေ မရှိသော ချမ်းအေးသော အရပ် ရှိကြောင်းကို သိရသည်။

ပေါင်းပြန်ရေ။ ။ ထို့ကြောင့် ရေပြန်သော အိုးတွင် ရေကို ထည့်၍ ချက်ရာ အခိုး ဖြစ်၍ ပြွန်တံတွင်းသို့ ဝင်သည်ကို ထိုအခိုး ရေပြန်၍ ဖြစ်အောင် ပြွန်တံကို ရေအေး စိမ်၍ ထားရမည်၊ ထိုရေသည် အခိုးများ, လေများထက် ရှစ်ရာ့တစ်ဆယ့်ငါးဆ လေးသောကြောင့် လက်မစတုရန်း ရှိသော ခွက်ငယ်တွင် ထည့်သော ရေနှင့် လက်မစတုရန်းခန့် ရှိသော ခွက်ငယ် အချင့် ရှစ်ရာ့တစ်ဆယ့်ငါးခု ဝင်သော ခွက်ကြီးတွင် လေကို ဖြစ်စေ, အခိုးကို ဖြစ်စေ ထည့်၍ ချိန်ခွင်နှင့် စက်မှ အလေး တူ၍ ပေါင်ဝင်သည်၊ သို့ဖြစ်၍ ရေ လက်မစတုရန်းခန့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခွက်တစ်ခုကို အခိုးဖြစ်အောင် မီးနှင့် တိုက်လျှင် ထိုအခိုးသည် ပေါ့သော ကြောင့် ပွတ်၍ နေရာ ကျယ်သဖြင့် လက်မစတုရန်းခွက်ငယ် ရှစ်ရာတစ် ဆယ့်ငါးခု ဝင်သော ခွက်ကြီးတွင် ထည့်မှ ထိုအခိုးကို ထည့်လောက်သည်၊ ဆိုခဲ့ပြီးသော အကြောင်းများကို ထောက်၍ ကောင်းကင် သန့်ရှင်းသော သိတင်းကျွတ်လအခါ ရွာသော မိုးရေသည် ပေါင်းပြန်သော ရေနှင့် တူကြောင်းကို သိသာသည်။

ရေကို သိတင်းကျွတ်လအခါ မြေသို့ မကျရအောင် ခံယူသော ရေ, ပေါင်းပြန်၍ ယူသောရေ၊ ဤ ရေနှစ်မျိုးနှင့်အတူ မည်သည့်နည်းနှင့်ပင် စင်ကြယ်အောင် လုပ်သော်လည်း မစင်ကြယ်နိုင်၊ မိုးရွာသည်နှင့် ပေါင်းပြန်ခြင်းသည် သဘော တစ်မျိုးတည်းပင် ဖြစ်သည်။

[ဤသို့ ဆိုခဲ့ပြီးသော မိုး ရွာပုံကို ထောက်၍ ပင်လယ်နား နီးသော အရပ်, တောတောင် အားကြီးသော အရပ်တို့၌သာ မိုး များစွာ ရွာရန် ရှိကြောင်း, အခြား အရပ်များ၌ မိုး များစွာ ရွာရန် မရှိကြောင်းကို သိသာသည်။]

လေ၏ အလေးချိန်။ ။ အထုခရိုး ခြောက်တိုင် မြင့်သော လေ၌ အလျား တစ်လက်မ, အနံ တစ်လက်မ, ထူအရှည် ခရိုခြောက်တိုင် ရှိသော လေကို ချိန်လျှင် အင်္ဂလိပ်ပေါင် တစ်ဆယ့်ငါးပေါင် တစ်ပေါင်လျှင် မြန်မာချိန် နှစ်ဆယ့်ခုနစ်ကျပ် နှစ်မူး၊ တစ်ဆယ့်ငါးပေါင်သင့် မြန်မာချိန် လေးပိဿာ ရှစ်ကျပ် ရှိသည်။

ရေစင်အလေးချိန်ပြု။ ။ ရေတို့ကို အချိန် လေး၏, အချိန်ပေါ့၏ ဆိုရာ၌လည်း ဤစင်ကြယ်သော ရေကို လက်မစတုရန်း ခွက်ငယ်နှင့် အပြည့် ထည့်ထား၍ ထိုရေသည် ရေအမျိုးမျိုးအောက် အပေါ့ဆုံး ဖြစ်သောကြောင့် ထိုရေကို အလေး လုပ်ပြီးလျှင် အခြားရေများကို ချင့်ခွက်အတူတွင် အပြည့် ထည့်၍ ချိန်ခွင်နှင့် စက်ပြီးလျှင် အဆမည်ရွေ့ မည်မျှခန့် လေးသည်ကို မှတ်ရမည်၊ ရေကိုသာ မဟုတ်သေး၊ ဆီ, အရက်, နွားနို့, ထောပတ်, ကြံရည်မှ စ၍ အရည်မျိုး ရှိသမျှကို ဤစင်ကြယ်သော ရေကို အလေးပြုလုပ်လျှင် အချင့်တူခွက် ခြင်ထည့်၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချိန်ခွက်နှင့် စက်ပြီးလျှင် အဆ မည်ရွေ့ မည်မျှ ပေါ်သည်, လေးသည်ကို မှတ်ရမည်။

လေမရှိရာ အရပ်။ ။ လေ မရှိရာ၌ သတ္တဝါတို့ အသက် မရှူနိုင်၊ ထို့ကြောင့် သိုးဆောင်းတို့ ဘာသာ (ဗလွန်း)[၁] ခေါ်သော ဟိုက် ဒရိုဂျင် အခိုးသွတ်သော ပိုးအိတ်တပ်သော သမ္မာန်ငယ်နှင့် ကောင်းကင် သို့ ပျံရာ လင်းတ ခြေထောက်ကိုလည်း ကြိုးနှင့် ချည်၍ ယူသွားရာ မြန်မာ နှစ်တိုင်ခန့်သာ လင်းတ လိုက်နိုင်သည်၊ လူများလည်း သုံးတိုင် ခန့်သာ တက်နိုင်သည်၊ လေ မရှိသည့်တိုင်အောင် မဟုတ်သေး၊ လေ နည်းပါးရုံမျှနှင့်ပင် အသက်ရှူ ခက်၍ မောပန်းလှသောကြောင့် ပြန်၍ ဆင်းရသည်။

[နေမိမင်းကြီး, သာဓိနမင်း, ဂုတ္တိလ စောင်းသမား, ဘုရား အလောင်း လင်းတမင်း သားအဖတို့ ကောင်းကင်သို့ မြင့်စွာ တက်ကြသည်မှာ ရှေးဘုန်းကံကြောင့် ဖြစ်သည်၊ အခြားသူတို့ ဖြစ်နိုင်ရန် မရှိ ယူရမည်၊ နေ, လ, နက္ခတ်, တာရာတို့ တည်ရာ အရပ်မှာမူကား သက္ကဋ္ဌ ကျမ်းဂန်တို့က ပဝါဟ မည်သော လေပွေ၊ သာသနာတော် ကျမ်းဂန် တို့တွင် ဝေရမ္ဘ မည်သော လေပွေ ရှိ၍ ထိုလေပွေ လှည့်ပတ်သဖြင့် လှည့်လည် သွားလာကြသည်ဟု မှတ်ရမည်။]

ရေသည် အစာ စားပြီးနောက် ရေ မသောက်လျှင် အစာ မကြေ သောကြောင့် အစာ ကြေအောင် သောက်ရသော အစာကြေဆေးမျိုး ဖြစ်၏၊ အစာကြေပြီးနောက်လည်း ရေသိပ်သောအခါ (ရေငတ်သော အခါ) သောက်လျှင် အားရှိသောကြောင့် အားရှိစေတတ်သော ဆေးမျိုး လည်း ဖြစ်၏။

၅၂။ ရေအေး, ရေနွေး ချိုးခြင်း, ခေါင်းလျှော်ခြင်း ဂုဏ်

ရေချိုးခြင်းသည် စင်ကြယ်၏၊ အသက်ကို ရှည်စေတတ်၏၊ ပင်ပန်းခြင်း, ချွေး, အညစ်အကြေးတို့ကို ပယ်နိုင်၏၊ အားကို ဖြစ်စေတတ်

၁။ Ballon

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၏၊ သြဇာကို လွန်စွာ ဖြစ်စေတတ်၏၊ ရေနွေးဖြင့် ကိုယ်ကို ချိုးခြင်းသည် အားကို ဖြစ်စေတတ်၏၊ ရေနွေးဖြင့် ဦးခေါင်းကို ဆေးလျှော်ခြင်းသည် အားကို ဖြစ်စေတတ်၏၊ ဆံပင် မျက်စိနှင့် မသင့်။

[ရေနွေးဖြင့် ရေချိုးခြင်း, ခေါင်းလျှော်ခြင်းသည် ကိုယ် စင်ကြယ်ခြင်းမျှသာ ဖြစ်၏၊ ဆိုခဲ့ပြီးသော ရေချိုးခြင်း၏ အကျိုး အပြစ် မရှိပြီ။]

ဦးခေါင်း ဆေးလျှော်၍ ရေချိုးခြင်းသည် ရေငတ်ခြင်း အာစောက်, ပါးစပ်ခြောက်ခြင်းတို့ကို နှိုင်၏၊ အညစ်အကြေးကို စင်ကြယ်စေတတ်၏၊ ကိုယ်၏ ပူအိုက်ခြင်း, ဝက်ခြံ, ယားနာ, သည်းခြေကြောင့် ဖြစ်သော ဦးခေါင်းနာတို့ကို နှိုင်၏။

လေ, သလိပ်နာ ရှိသော သူသည် ရေအေး မချိုးကောင်း၊ စဉ်းငယ် နွေးသော ရေနွေးကိုသာ ချိုးရမည်၊ သွေးနာ, သည်းခြေနာ ရှိသော သူသည်လည်း ရေနွေး မချိုးကောင်း၊ ရေအေးကိုသာ ချိုးရမည်။

သစ်မယ်ဇယ်သီး, ဆီးဖြူသီးတို့ဖြင့် ချေးတွန်း၍ ရေချိုးခြင်းသည် သည်းခြေ, ကြက်မျက်သင့်သော အနာတို့ကို နှိုင်၏။

ပတဲကော, နွားမြေရင်ဥမှုန့်တို့ဖြင့် ချေးတွန်း၍ ရေချိုးခြင်းသည် သလိပ်နာ, ကြက်မျက်သင့်သော အနာတို့ကို နှိုင်၏။

နှမ်းမှုန့်, ဆီးဖြူသီးမှုန့် နှစ်ပါးတို့ဖြင့် ချေးတွန်း၍ ရေချိုးခြင်းသည် အရည်အဆင်းကို လွန်စွာ တင့်တယ်စေတတ်၏။

ဆီးဖြူသီးမှုန့်သက်သက်ဖြင့် ချေးတွန်း၍ ရေချိုးခြင်းသည် စင်ကြယ်၏၊ မျက်စိကို ကြည်လင်စေတတ်၏၊ ဆံကို ကောင်းစေတတ်၏။

နှမ်းမှုန့်သက်သက်ဖြင့် ချေးတွန်း၍ ရေချိုးခြင်းသည် အညစ်အကြေး စင်ကြယ်၏၊ မျက်စိနှင့် သင့်၏။

တနင်္ဂနွေနေ့၌ ရေမချိုးကောင်း။

ရေမချိုးသောသူ၏ ကိုယ်ငွေ့အပူသည် ကိုယ်အလုံး ပျံ့နှံ့လျက်တည်၏၊ ရေချိုးသည်ရှိသော် ထိုကိုယ်ငွေ့အပူတို့သည် ဝမ်းတွင်း၌ တစ်ခုတည်း ဖြစ်သဖြင့် ဝမ်းမီးသည် တောက်၏၊ ထက်၏၊ ရံခါလည်း အပူစု၍ အမာပေါက်တတ်၏၊ ဤ၌ ဝမ်းမီး တောက်၏ ဆိုသော်လည်း အစာကို ကြေစေသည် မဟုတ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁။ ဝမ်းမီးတောက်သော ဆေးတစ်မျိုး,
၂။ အစာ ကြေသော ဆေးတစ်မျိုး,
၃။ ဝမ်းမီးကို လည်းကောင်း အစာလည်း ကြေသော ဆေးတစ်မျိုး

ဟူ၍ ဆေး သုံးမျိုး ရှိကြောင်း၊ ထိုနောက်က ဆိုခဲ့ပြီးသော မျက်နှာ ပါးစပ်ရွဲ့သော လေနာ ရှိသောသူ, မျက်စိနာ ရှိသောသူ, ခံတွင်းနာ ရှိသောသူ, နားနာ ရှိသောသူ, ဝမ်းပျက်သော သူ, ဝမ်းရောင်သော သူ, နာစေးသော သူ, အစာ မကြေသောသူ, အစာ စားပြီးနောက် စားသော အစာ မကြေသေးသော သူတို့သည် ရေ မချိုးအပ်ကုန်၊ ကာလနာသည် အစာ မကြေသော အဓိဏ္ဏနာ လေးမျိုးတို့တွင် **ဝိသုစိက** မည်သော အနာ တစ်မျိုးပင်တည်း၊ ထို့ကြောင့်...

[အနောက်ပြည်သား ကုလား ပုဏ္ဏားတို့မှာ စားသော အစာ ကြေ၍ တစ်ဖန် အစာ စားလိုခြင်း ဖြစ်သော နံနက်, ညနေ, ထမင်းမစားမီ, စားခါနီးတွင် ရေမချိုးဘဲကို ထမင်း မစား ကောင်းဟု အမှတ်ထား၍ ရေချိုးသောကြောင့် ရေချိုး မှားသော မည်သည် မရှိ၊ အခြားလူမျိုးတို့မှာ ဤကဲ့သို့ အမှတ်မထား၊ ရေချိုးလိုသော အချိန်တွင် ချိုးသောကြောင့် ဝမ်းတွင်း၌ အစာ မကြေမီ ချိုးမိ၍ ရေချိုးမှားသဖြင့် များစွာသော သူတို့ အနာ ရောဂါ ဖြစ်ကြလေသည်။]

ရေချိုးပြီးလျှင် နူးညံ့ သိမ်မွေ့သော အဝတ်ဖြင့် ရေကုန်အောင် သုတ်ရသည်၊ ရေကို မသုတ်လျှင် အခိုးမထွက်။

အုန်းရည်။ ။ မနုမရင့် လတ်လတ်လောလော အုန်းသီးရည်သည် သုက်ကို ပွားစေတတ်၏၊ အဆီဩဇာ ရှိ၏၊ ချို၏၊ အချို့ စဉ်းငယ် ဖန်၏၊ အေး၏၊ ကြေလွယ်၏၊ ပေါ့၏၊ ရေငတ်ခြင်း, သည်းခြေနာ လေနာတို့ကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ချို၏၊ အချို့ အုန်းရည် ငန်၏၊ နှလုံးကို ကြည်လင်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ အလွန် နုသော အုန်းသီးရည်သည် များသောအားဖြင့် ဝမ်းကျတတ်၏၊ ရင့်သော အုန်းသီးရည်သည် (ဆွတ်ခူး၍ ကြာပြီးသော အုန်းသီး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရည်လည်းဟူ) ဝမ်းချုပ်၏၊ ကြေခဲ၏၊ သည်းခြေကို ပျက်စေတတ်၏၊ အုန်းထမနဲရည်သည် အလွန် အေး၏၊ ချိုး၏၊ သုက်ကို အလွန် ပွားစေတတ်၏၊ ကြေခဲ၏၊ သည်းခြေနာကို နိုင်၏။

ထန်းသီးနုရည်သည် သည်းခြေကို နိုင်၏၊ သုက်, နို့ရည်တို့ကို ပွားစေတတ်၏၊ အေး၏၊ ချိုး၏၊ ကြေခဲ၏။

ဤသို့ ဆိုခဲ့ပြီးသော စကားဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌
ရေတို့၏ ဂုဏ်ကို ဆိုရာ သတ္တမပိုင်း ပြီး၏။
သတ္တမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၈ – အဋ္ဌမကဏ္ဍ

နို့မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၅၃။ နို့အမျိုးမျိုးတို့၏ ဂုဏ်

နို့မျိုးကို ဆိုပေအံ့၊ နို့မျိုးဟူသမျှသည် အဆီဩဇာ ရှိ၏၊ ချိုဆိမ့်၏၊ လေ, သည်းခြေကို နိုင်၏၊ ပျံ့နှံ့လွယ်၏၊ သလိပ်ကို ပွားစေတတ်၏၊ လတ်တလောချင်း သုက်ကို ပွားစေနိုင်၏၊ များသောအားဖြင့် အေးဓာ၊ လူခပ်သိမ်းတို့နှင့် သင့်၏၊ အသက်နှင့် သင့်၏၊ အား, အသား, ပညာတို့ကို ပွားစေတတ်၏၊ မေထုန်ကို များစွာ မှီဝဲစေနိုင်၏၊ အရွယ်ကို တည်စေနိုင်၏၊ အရိုးကျိုးကို ဆက်တတ်၏၊ အိုခြင်း နာခြင်းကို ဖျောက်၍ အသက်ကို ရှည်စေနိုင်၏၊ ဝမ်းသက်သော သူ, အော့အန်သော သူ, ဝမ်းချုပ်သော သူတို့၏ ဩဇာကို ပွားစေတတ်၏၊ သလိပ် မရှိသော အဖျားဟောင်း၌ လည်းကောင်း၊ စိတ်ဆင်းရဲခြင်း၌ လည်းကောင်း၊ သုက် ကုန်ခန်းခြင်း, မူးဝေခြင်း, စိတ်ပျံ့လွင့်ခြင်းတို့၌ လည်းကောင်း၊ ဝမ်းကိုက်နာ, ပဏ္ဏာနာ, ကိုယ်ပူနာ, ရေငတ်ခြင်း, နှလုံးနှင့် ဆိုင်သော အနာ, ရင်ဘတ်နာ, ဘေးထိုး ရင်ကျပ်နာ, ဆီး ဝမ်း, လေ လမ်းမှား၍ အောက်မသက် အထက်သို့ ဆန်တက်သော အနာ, ဆီးအိမ်၌ ဖြစ်သော အနာ, မြင်းသရိုက်နာ, ရတ္တပိတ်နာ, ဝမ်းသွန် ဝမ်းပျက် အတိသာရနာ, မိန်းမတို့၏ အင်္ဂါတော်၌ ဖြစ်သော အနာ, မောပန်းခြင်း, နုံးခြင်း, နှမ်းနယ်ခြင်းတို့၌ လည်းကောင်း သင့်၏၊ ကိုယ်ဝန် လျှောသော အနာ၌ အမြဲ သင့်၏၊ လူငယ်, လူအို, ထိခိုက်ရှနသော သူ, အားခွန် ကုန်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခန်းသော သူ, လေ ပူဆာ၍ ထသော သူ, ပိန်သောသူ၌ အမြဲ အလွန်သင့်၏၊ မုန့်ထက် ရှစ်ဆ ကြေခဲ၏၊ နွားနို့သည် ချိုဆိမ့်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ အေး၏၊ အဆီဩဇာ ရှိ၏၊ မိန်းမတို့၏ နို့ရည်ကို ပွားစေတတ်၏၊ လေ, သည်းခြေ, သွေးတို့ကို နှိုင်၏၊ ကြေခဲ၏၊ ဒေါသဓာတ်, ကျင်ကြီး, ကျင်ငယ်, ချွေး, တံတွေး, သလိပ်တို့၏ သွားလမ်းကို စဉ်းငယ် ကြွစေ ပွစေတတ်၏၊ မှိုဝဲ သုံးဆောင်သော သူတို့၏ အိုခြင်း, နာခြင်းတို့ကို ဖျောက်၍ အသက်ကို ရှည်စေတတ်၏၊ အား, သုက်, ပညာတို့ကို ပွားစေတတ်၏၊ မေထုန်ကို များစွာ မှိုဝဲစေနိုင်၏၊ ရုတ္တပိတ်နာကို နိုင်၏၊ အကြောကို မလေးစေတတ်၊

[နွားနက်မ၏ နို့ရည်သည် လေကို နှိုင်၏၊ ကဲလွန်သော အကျိုးရှိ၏၊ နွားဝါမ၏ နို့ရည်သည် လေ, သည်းခြေကို နှိုင်၏၊ နွားဖြူမ၏ နို့ရည်သည် ကြေခဲ၏၊ သလိပ်ကို ပွားစေတတ်၏၊ နွားနီ, နွားကြောင်, နွားကျား, နွားပြောက်မတို့၏ နို့ရည်သည် လေကို နှိုင်၏၊ ဤကား ဘာဝပွကာသကျမ်း အလို။]

[ဒဗ္ဗဂုဏပကာသ ကျမ်း၌ကား နက်သော အဆင်းရှိသော အမ, ဖြူစင်သော အဆင်း ရှိသော အမတို့၏ နို့ရည်ကို လည်းကောင်း, အဆင်း တစ်မျိုးတည်း ရှိသော သားငယ် ရှိသော အမတို့၏ နို့ရည်ကို လည်းကောင်း ချီးမွမ်းအပ်၏ဟု ဆို၏။]

သားအရွယ်အလိုက် နို့ရည်။ ။ နွား, ဆိတ် အစရှိသည်တို့၏ မွေးသစ်စ သားငယ် ရှိသော နို့ရည်သည် ချိုဆိမ့်၏၊ ငန်၏၊ အဆီဩဇာ နည်း၏၊ သည်းခြေပူနာ, သွေးနာတို့ကို ဖြစ်စေတတ်၏၊ သားငယ် အလတ် ရှိသော နွား, ဆိတ် စသော အမတို့၏ နို့ရည်သည် ချိုဆိမ့်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ သားငယ် အလွန် ကြီးသော အမ၏ နို့ရည်သည် ချိုဆိမ့်၏၊ ငန်၏၊ ပူလောင်ခြင်းကို ဖြစ်စေတတ်၏၊

ပထမအကြိမ် သားဖွားဖူးသော အမတို့၏ နို့ရည်သည် အကျိုးနည်း၏၊ အဆီဩဇာ နည်း၏၊ နှစ်ကြိမ် သုံးကြိမ် စသည်ဖြင့် သားဖွားဖူးသော အရွယ်အလတ် ဖြစ်သော အမတို့၏ နို့ရည်သည် ရသာယနဖြစ်၍ အမြတ်ဆုံး ဖြစ်၏၊ အိုသော အမတို့၏ နို့ရည်သည် အားကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မဖြစ်စေနိုင်၊ အကျိုး နည်း၏၊ ကိုယ်ဝန် သုံးလထက် ရင့်သော အမတို့၏ နို့ရည်သည် ချိုဆိမ့်၏၊ ငန်၏၊ သည်းခြေနာ၊ သုက် ကုန်ခန်းသော အနာတို့ကို ဖြစ်စေတတ်၏။

[ဘာဝပွကာသ ဆေးကျမ်း ဒဗ္ဗဂုဏပကာသ ဆေးကျမ်းတို့၌ကား ဖွားစဖြစ်သော သားငယ်ရှိသော နွားမ, သားငယ် မရှိသော နွားမတို့၏ နို့ရည်သည် ဒေါသသုံးပါးကို ပျက်စေတတ်၏၊ တစ်နှစ်အရွယ် သားငယ် ရှိသော အမတို့၏ နို့ရည်သည် ဒေါသ သုံးပါးတို့ကို နှိုင်၏၊ အားရနှစ်သက်စေတတ်၏ ဟူ၍ ဆို၏။]

[ရာဇဝလ္လဘ စသော ကျမ်းတို့၌ သားငယ် အလွန် ကြီးသော အမတို့၏ နို့ရည်သည် မကောင်းဟု ဆိုသော်လည်း တစ်နှစ်ထက် ကြီးသော သားငယ်ကို ယူမှ ဘာဝပွကာသ ဆေးကျမ်းနှင့် ညီမည်၊ အချုပ်အားဖြင့် နို့ မည်သည် ချိုဆိမ့် အရသာ ရှိရမည်၊ အေးရမည်၊ ငန်လျှင်, ပူလျှင် ထိုနို့ကို မသောက်ကောင်း ဟူလို၊]

ဒေသအလိုက် နို့ရည်။ ။ ဇင်္ဂလ၊ အနူပတောင်တို့၌ ကျက်စားကုန်သော နွား, ဆိတ် အစရှိသော အမတို့၏ နို့ရည်သည် အစဉ်အတိုင်း တစ်ခုထက် တစ်ခု ကြေခဲကုန်၏၊ အဆီဩဇာ များကုန်၏၊

အစာအလိုက် နို့ရည်။ ။ ပဲ, ပြောင်း အစရှိသော လူတို့စားသော အစာကို ချပ်၍ အတန်ငယ် ကျွေးပြီးလျှင် မွေးအပ်သော နွား, ဆိတ် စသော အမတို့၏ နို့ရည်သည် ကြေခဲ၏။ အား, သလိပ် သုက်တို့ကို ပွားစေတတ်၏၊ ချမ်းသာသော အကျိုးကို ပေးတတ်၏၊ ကောက်ရိုး, မြက်, ဝါစေ့တို့ကို စား၍ ဖြစ်သော နို့ရည်သည် အကျိုးအား ဖြင့် သင့်လျော်၏၊

[ရာဇဝလ္လဘဆေးကျမ်း၌ကား၊ ကြံ မတ်ပဲ, သစ်ရွက် စားသော အမ၏ နို့ရည်သည် လည်းကောင်း၊ ချိုထောင်သော အမ၏ နို့ရည်သည် လည်းကောင်း ကျက်သည် ဖြစ်စေ, မကျက်သည် ဖြစ်စေ လူနှင့် သင့်လျော်သည်ဟု ဆို၏။]

ဝမ်းကိုက်နာ, ကိုယ်လက်ဖျော့တော့သော ပဏ္ဏာနာ, ကိုယ်ပူနာ, နှလုံး စပ်သော အနာ, ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, ဆီးဝမ်းလေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချုပ်သော အနာ, ဂူနာ, မြင်းသရိုက်နာ, သွေးသည်းခြေ ပျက်၍ အင်ပျဉ် ထသော ရတ္တပိတ်နာ, ဝမ်းသွန် ဝမ်းပျက် အတိသာရနာ, မိန်းမတို့၏ အင်္ဂါဇာတ်၌ ဖြစ်သော အနာ, ပင်ပန်းနွမ်းနယ်ခြင်း, ကိုယ်ဝန်လျှောသော အနာ, စိတ်နှလုံး ပူပန် ပျံ့လွင့်ခြင်း, ရူးသွပ်ခြင်း, အဖျားဟောင်း, ပိန်လှီခြင်း, မူးဝေခြင်းတို့၌ နွားနို့သည် သင့်မြတ်၏၊ လူငယ်, လူအို, ထိခိုက်ရှုနသော သူ, ဓာတ်ကုန်ခန်းသော သူ, လေပူ ထ၍ ဆာမွတ်တတ်သော သူ, မေထုန် များစွာ မှီဝဲလိုသော သူ, ပိန်သော သူတို့၌ လွန်စွာ သင့်၏၊ အားခွန် ကုန်၍ သလိပ် ကင်းလွတ်သော အဖျားဟောင်း၌ နတ်ဩနှင့်အတူ အကျိုးပေး၏၊ သလိပ် များသော အဖျားသစ်၌ အဆိပ်နှင့်အတူ အပြစ် ရှိ၏။

၁။ ဖျားစ ခုနစ်ရက် အဖျားသစ်,

၂။ ထို့နောက် ခုနစ်ရက် အဖျားလတ်,

၃။ ထို့နောက် အဖျားဟောင်း ဟူ၍မှတ်။

ကျဲနို့။ ။ ကျဲနို့သည် နွားနို့ထက် ဆိမ့်၏၊ နွားနို့ထက် ကြေခဲ၏၊ အဆီဩဇာ များ၏၊ သုက်ကို ပွားစေတတ်၏၊ အိပ်၍ ပျော်စေတတ်၏၊ အကြောတို့ကို လေးစေတတ်၏၊ အေး၏၊ များစွာ စားနိုင်ခြင်းကို ပြုတတ်၏၊ ဝမ်းမီးကို ဖျက်တတ်၏၊ အိပ်၍ မပျော်သော သူ, ဝမ်းမီး ထက်သော သူတို့နှင့် သင့်၏။

ဆိတ်နို့။ ။ ဆိတ်နို့သည် ချိုဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ အေး၏၊ ကြေလွယ်၏၊ နွားနို့ထက် ချုပ်၏၊ ရတ္တပိတ်နာ, ဝမ်းပျက်နာတို့ကို နှိုင်၏၊ အားခွန် ကုန်ခန်း၍ ချောင်းဆိုးသော အနာ, အဖျားဟောင်းတို့ကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာကို နှိုင်၏၊ ဆိတ်တို့သည် ကိုယ်ငယ်သောကြောင့် လည်းကောင်း, အစပ်အခါးကို စားတတ်သောကြောင့် လည်းကောင်း, ရေ အနည်းငယ် သောက်တတ်သောကြောင့် လည်းကောင်း၊ ပေါ့ပေါ့ပါးပါး ခုန်လွှား၍ အပင်ပန်းခံတတ်သောကြောင့် လည်းကောင်း ဆိတ်နို့သည် များသော အားဖြင့် ရောဂါခပ်သိမ်းကို ပယ်တတ်၏၊ (ဇင်္ဂလအရပ်၌ ဖြစ်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သမင်, ချေ, ဒရယ် အစရှိသော သားကောင်တို့၏ နို့သည်လည်း ဆိတ်နို့နှင့် အကျိုး တူ၏။)

သိုးနို့။ ။ သိုးနို့သည် ချိုဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ အဆီ ဩဇာ ရှိ၏၊ ပူ၏၊ ကျောက်တည်သော အနာကို နိုင်၏၊ ညှီလှသော ကြောင့် နှလုံးကို မနှစ်သက်စေတတ်၊ သောက်လျှင် အားရ လွယ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ နွားနို့ထက် ကြေခဲ၏၊ ချောင်းဆိုး၍ လေထရာဒ္ဓ လည်းကောင်း, လေနာ သက်သက်ဒ္ဓ လည်းကောင်း သင့်မြတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏။

မြင်းနို့။ ။ မြင်းနို့သည် အဆီ နည်း၏၊ ပူ၏၊ အားကို ဖြစ်စေတတ်၏၊ သုက် ခန်းသော အနာ, လေနာကို နိုင်၏၊ ချို၏၊ ကြေလွယ်၏၊ စဉ်းငယ် ငန်၏၊ ချဉ်၏၊ (ခွာတစ်လုံးတည်း ရှိသော မြည်း, လော, လား အစရှိသော သားတို့၏ နို့ရည်သည် မြင်းနို့နှင့် အကျိုး တူ၏။)

ကုလားအုတ်နို့။ ။ ကုလားအုတ်နို့သည် ချိုဆိမ့်၏၊ စဉ်းငယ် ငန်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ပိုးနာ, နှုနာ, သလိပ်နာ, လေချုပ်သော အနာ, ကိုယ်ရောင်နာ, ဗျဉ်းနာ, ဂူနာ, မြင်းသရိုက်နာ, အဆိပ်တို့ကို နိုင်၏၊ ပျံ့နှံ့လွယ်၏၊ အဆီဩဇာ နည်း၏၊ ပူ၏။

ဆင်နို့။ ။ ဆင်နို့သည် ချိုဆိမ့်၏၊ စဉ်းငယ် ငန်၏၊ လွန်စွာ ကြေခဲ၏၊ အေး၏၊ ဝစေတတ်၏၊ အဆီဩဇာ ရှိ၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိနှင့် သင့်၏၊ ကိုယ်၏ ခိုင်ခံ့ခြင်းကို ပြုတတ်၏။

[အချို့ ဆေးကျမ်း၌ ဆင်နို့သည် ပူ၏ဟု ဆို၏၊ ထိုစကား မသင့်၊ ဆင်သည် ကျွဲနှင့် သဘော တူသောကြောင့်တည်း။]

လူနို့။ ။ လူနို့သည် အေး၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ရင်ဘတ်နာ, ဘေးထိုး ရင်ကျပ်နာ, ထိခိုက်ရှနသော အနာကို နိုင်၏၊ မျက်စိနှင့် သင့်၏၊ နို့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျိုးနှင့် စပ်၍ မျက်စိကို ခတ်ရန် ကွင်းရန်ရှိလျှင် လူနို့သည် အမြတ်ဆုံး ဖြစ်၏။

နို့ခံအိုး။ ။ ပူသော အိုးနှင့် ခံယူသော နွားနို့သည် ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ အေး၏၊ အားကို ဖြစ်စေတတ်၏၊ နတ်ဩဇာနှင့်အတူ အကျိုးကို ပေး၏၊ အေးသော အိုးဖြင့် ခံယူသော နွားနို့ကို စွန့်ပစ်အပ်၏၊ ပူသော အိုးဖြင့် ခံယူသော နွားနို့ကို ချိုးမွမ်းအပ်၏၊ အေးသော အိုးဖြင့် ခံယူသော ကျွဲနို့ကို ချိုးမွမ်းအပ်၏။

နို့ကျက်, နို့စိမ်း။ ။ နို့၏ လေးပုံ တစ်ပုံ၊ နို့၏ ထက်ဝက်၊ နို့၏ အဆတူ ဝမ်းမီးကို လိုက်၍ ဝမ်းမီး ညှဲ့လျှင် ရေများများ ထည့်၍ ရေကုန်ပြီးလျှင် နို့သက်သက် ကျန်အောင် ချက်၊ ကျက်သော နို့ ဖြစ်၏၊ ကျက်ပြီးသော ပူပူနွေးနွေးသော သိုးနို့သည် လူနှင့် သင့်၏၊ ကျက်ပြီးသော အေးသော ဆိတ်နို့သည် လူနှင့် သင့်၏။

မကျက်သော နို့စိမ်းသည် အကြောတို့ကို လေးစေတတ်၏၊ ကြေခဲ၏၊ သလိပ်ကို ပွားစေတတ်၏၊ (နွားနို့နှင့် ကျွဲနို့မှ တစ်ပါး မကျက်သော အခြားနို့များကို မသောက်ကောင်း။) လူနို့ကိုမူကား ချက်၍ မသောက်ကောင်း၊ အစိမ်းအတိုင်းသာ သောက်ကောင်းသည်။

ကျက်သော နို့ ပူပူနွေးနွေးသည် လေ, သလိပ်ကို နိုင်၏၊ ကျက်ပြီးသော အေးသော နို့သည် အစဉ်အတိုင်း ကျက်သမျှ ကြေခဲ၏၊ အဆီဩဇာ များ၏၊ သုက်, အားတို့ကို ပွားစေတတ်၏။

[သိုးဆောင်း ဆေးကျမ်းတို့၌ကား ရေနှင့် ချက်၍ ကျက်ပြီး သော နို့၏ မလိုင်ကိုလည်း နတ်ပယ်၍ ပေးရမည် ဆို၏။

ရာဇဝလ္လဘ, ဒဗ္ဗဂုဏာပကာသ ဆေးကျမ်းတို့၌ကား လူနို့မှ တစ်ပါး မကျက်သော အစိမ်းဖြစ်သော နို့မျိုး ဟူသမျှ ကြဉ်ရှောင်ရမည်ဟု ဆို၏။

ကပ္ပဒုမ အဘိဓာန်၌ နို့မျိုး မည်သည် အဆီ ရှိ၏၊ အေး၏၊ ကြေခဲ၏၊ အမြဲမပြတ် အခါခပ်သိမ်း မသုံးဆောင်အပ်၊ တောက်သော ဝမ်းမီးကို နှံ့စေတတ်၏၊ နှံ့သော ဝမ်းမီးကို ပျက်စေတတ်သည် ဟူ၍ ဆို၏။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

"ကြီးလေစွဆ်ကြ ပြီရာဂစ ဟစ်ဒုတစ ဒုံးယြစ်ကေးစယြဒုတေးဒုံစ ဟိုးကြိုလဲးဒုတေးဒုံင ပန်းကြဲနို့ခံပါ

ဒုံးဂြဒ

ဒုံးညြ	ပို့	ဝင	ဝင	ဝင	ဝင
ဒုံးဒုံင	၁၃–ဝ၅၈	၅၁၈	၅၁၈	၅၁၈	၅၁၈
ဒုံးဝဒတ	၆ဝ၅၈	၅၁၈	၅၁၈	၅၁၈	၅၁၈
ဒုံးဒုံ	၅၁၈– ၆ဝ၅၈	၅၁၈	၅၁၈	၅၁၈	၅၁၈
ဒုံးဒုံလ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မလိုင်။ ။ မလိုင်သည် ကြွေခဲ၏၊ အေး၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ အဆီဩဇာ ရှိ၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ သွေး, သည်းခြေ, လေတို့ကို နှိုင်၏။

အရောအနှောနို့။ ။ ကြံသကာနှင့် ရောသော နို့သည် သလိပ်ကို ပျက်စေတတ်၏၊ လေကို နှိုင်၏၊ ဖြူသော သကြားနှင့် ရောသော နို့သည် သုက်ကို ပွားစေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ ကြံတင်လဲနှင့် ရောသော နို့သည် ဆီးချုပ်သော မုတ္တကိတ်နာကို နှိုင်၏၊ သလိပ်, သည်းခြေကို လွန်စွာ ပျက်စေတတ်၏၊ (မရိုးစေးနှင့် ခဲသော နို့ခဲမူကား နို့စိမ်းထက် ကြေလွယ်ခြင်း, ချုပ်ခြင်းမျှသာ ထူး၏၊ နို့စိမ်းနှင့် အကျိုး တူ၏။)

နံနက်နို့, ည၌နို့။ ။ ည၌အခါ၌ လ၏ ဂုဏ် ကဲလွန်သော ကြောင့် လည်းကောင်း, အသွားအလာ စသော ပင်ပန်းခြင်းကို မပြုသောကြောင့် လည်းကောင်း နံနက်အချိန်၌ ညစ်အပ်သော နို့သည် ည၌ဦးယဲ၌ ညစ်အပ်သော နို့ထက် များသောအားဖြင့် အေး၏၊ ကြေခဲ၏၊ နေရောင်ဖြင့် ထိခိုက်သောကြောင့် လည်းကောင်း၊ သွားလာခြင်း အစရှိသော ပင်ပန်းခြင်း, နေပူတို့ကို မှီဝဲသောကြောင့် လည်းကောင်း၊ နံနက်စောစော အချိန်၌ ညစ်သော နို့အောက် ည၌ဦးယဲ၌ ညစ်သော နို့သည် ကြေလွယ်၏၊ လေ, သလိပ်ကို နှိုင်၏။

နို့သောက်ချိန်။ ။ နံနက်အခါ နို့သောက်ခြင်းသည် သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နေ့လည်အခါ နို့သောက်ခြင်းသည် အားကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သူငယ်ကို ကြီးပွားစေတတ်၏။ ဓာတ် အားခွန် ကုန်ခန်းသော သူကို မကုန်ခန်းခြင်းကို ပြုစေတတ်၏၊ လူကြီးတို့၌ သုက်ကို ပွားစေတတ်၏၊ ည၌၌ နို့သောက်ခြင်းသည် အလွန် သင့်မြတ်၏၊ များစွာသော ဒေါသကို ငြိမ်းစေနိုင်၏၊ အမြဲမပြတ် ည၌အခါ၌ နို့ကို မှီဝဲအပ်၏။

[ရာဇဝလ္လဘ ကျမ်း၌ကား နံနက်စောစော နို့သောက်ခြင်းသည် ဝမ်းချုပ်၏၊ ကြေခဲ၏၊ ထို့ကြောင့် နေထွက်ပြီးနောက် တစ်ပဟိုရ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဖြစ်စေ, ပဟိုရ်၏ ထက်ဝက် ဖြစ်စေကို လွန်ပြီးမှ ညှစ်၍ သောက်အပ်၏၊ ထိုနို့သည် လူနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏ ဟု ဆို၏။]

ဆိတ်နို့ကို ဖြစ်စေ, နွားနို့ကို ဖြစ်စေ တပြွတ်တံနှင့် ပူအောင် ထိုး၍ သောက်ခြင်းသည် ကြေလွယ်၏၊ သုက်ကို ပွားစေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ အားကို ပွားစေတတ်၏၊ ဝမ်းပျက်နာ, ဝမ်းမီးနုံသော အနာ, အဖျားဟောင်းတို့၌ လွန်စွာ သင့်၏၊ ဆိုခဲ့ပြီးသည့် အတိုင်း ဆိတ်နို့၏ ထက်ဝက် ညီမျှ အစရှိသည်ဖြင့် ရေထည့်၍ ကြေးနီအိုးဖြင့် ရေ ကုန်အောင် ချက်ပြီးလျှင် ဝမ်းပျက် ဝမ်းသွန် အတိသာရနာရှိသော သူတို့ သောက်လျှင် အားကို ဖြစ်စေ အနာကို လျင်မြန်စွာ ပျောက်စေနိုင်၏။

နို့ရည်မျိုး ဟူသမျှသည် သေအရက်မျိုး ,အချဉ်မျိုး, ပဲမျိုး ဟင်းသီးဟင်းရွက်မျိုး, ငါးမျိုး, ဆားမျိုး, ကြက် ငှက် အစရှိသည်တို့၏ ဥမျိုး, နှမ်းဖတ် နှမ်းမှုန့်မျိုးတို့နှင့် ရှောနောက် အနီးအစပ် မစားမသောက်ကောင်း၊ ဆန့်ကျင်ဘက် ဖြစ်ကြ၏၊ မုယော, သိန္နော, ဆား, မတ်ပဲ, မိုနတိုချို, ချေသား, ခေါင်းသားတို့သည် နွားနို့နှင့် ဆန့်ကျင်ဘက် မဖြစ်။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇန သင်္ဂဟကျမ်း၌ နို့မျိုးတို့၏ ဂုဏ်ကို ဆိုရာ အဌမပိုင်း ပြီး၏။

အဌမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၉ – နဝမကဏ္ဍ

နိဂုံးတို့၏ ဂုဏ်ကို ပြခြင်း

၅၄။ ခီရသာက မည်သော နို့မျိုးတို့၏ ဂုဏ်

၁ – **ခီရသာက**။ ။ နို့မျိုးကို အစိမ်းအတိုင်း ဖြစ်စေ, စဉ်းငယ် နီအောင် ချက်၍ ဖြစ်စေ နံနက် ညစ်သည့် နို့ကို ညနေ၊ ညနေ ညစ်သည့် နို့ကို နံနက်တိုင် ရောက်အောင် ထားလျှင် **ခီရသာက** ဖြစ်၏၊ စဉ်းငယ် အခဲ ဖြစ်၍ ရေအခြား, နို့ခဲအခြား ဖြစ်၏။

၂ – **ထောပေး**။ ။ ထိုခီရသာကတွင် ရေ အနည်းအများကို ကြည့်ထိုး၍ ကောင်းအောင် ရေနွေး လိုက်ပြီးလျှင် တပြွတ်တံနှင့် ပူအောင် ထိုးသည့်ကာလ နို့၌ ရှိသော အဆီတို့သည် အစုအခဲ ဖြစ်၍ အထက်၌ တည်ကုန်၏၊ ခပ်ယူ၍ ထပ်၍ ထိုး၊ အဆီအခဲ မထွက်လျှင် ရပ်ရသည်၊ ထိုအဆီအခဲကို **ထောပေး** ခေါ်ကြသည်၊ ရှေးက **ဆီဥ** ခေါ်သည်။

၃ – **ထောပတ်**။ ။ ထောပေးကို ရေကြည် ရေအေးနှင့် စင်ကြယ်စွာ ဆေးပြီး၍ ဒယ်အိုးကင်းနှင့် ချက်လျှင် ရေနှင့် ဒိန်ခဲတို့သည် အောက်၌ ထိုင်၍ အဆီအခဲသည် အထက်၌ တည်၏၊ ထိုအဆီကို ခပ်၍ ယူ၊ **ထောပတ်** ဖြစ်၏။

၄ – **ထောပတ်ကြည်**။ ။ ၎င်းထောပတ်ကို အိုးနှင့် သည်း၍ ငြိမ်သက်ရာမှာ ထား၊ အခဲသည် အောက်၌ ထိုင်၏၊ အထက်၌ တက်သော ကြည်သော အဆီကို ခပ်၍ ယူ၊ **ထောပတ်ကြည်** ဖြစ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅ – ဒိန်ခဲ။ ။ ထောပေး ယူပြီး အရည်ကို ဒယ်အိုးကင်းနှင့် ဆူအောင် ချက်၊ အဝတ်နှင့် စစ်ယူ၊ ရသော အဆီခဲကို **ဒိန်ခဲ** ခေါ်သည်၊ အရည်ကို **မဓီရည်** ခေါ်သည်။

၆ – ရက်တက်။ ။ မီးပေါ်မှာ မချက်မီ ထောပေးကို ယူပြီး နောက် နောက်ကျသော အရည်သည် **ရက်တက်**မျိုး ဖြစ်၏၊ (ဤကား များသောအားဖြင့် ထောပတ်ထိုးနည်း ထုံးစံတည်း။)

[တစ်ရံတစ်ခါ နံနက်က ယူသော နို့ကို ညနေ၊ ညနေက ယူသော နို့ကို နံနက်၊ ထောပတ် ထိုးရမည်ကို မထိုးဘဲ တစ်နေ့နှင့် တစ်ည၌ လွန်အောင် ထားပြီး နောက်တစ်ရက်မှ ထောပတ် ထိုးသည်၊ တစ်ရံ တစ်ခါ ညစ်၍ ပြီးစ နွားနို့ကို ထောပတ် ထိုးသည်။]

နို့ရှိ ဝတ္ထု ခွဲထုတ်နည်း။ ။ သိုးဆောင်းလူမျိုးတို့မှာ နို့ဓမ်း ရက်တက်များကို မသုံး၊ ညစ်ပြီးသော နို့ကို ထောပတ် ထိုးပြီးလျှင် ထောပေး ယူပြီး အရည်ကို မီးနှင့် သုံးပုံတစ်ပုံ ခန်းအောင် ချက်၍ အဝတ်နှင့် စစ်၍ **ဒိန်ခဲ**ကို ယူပြီး ကျန်အရည်ကို အိုးနှင့် ထည့်၍ နှီးပင်များ စိုက်ပြီးလျှင် ငြိမ်သက်ရာမှာ ထားသည့်ကာလ သကြားတို့သည် နှီးပင်၌ ကပ်ကြကုန်၏၊ ၎င်းကျန်အရည်ကို ထက်ဝက် ခန်းအောင် ချက်ပြန်၍ ငြိမ်သက်ရာမှာ ထား၊ ဆား ရှိသော နို့မျိုး ဖြစ်လျှင် ဆားကျ၏၊ ဤသို့ အထက်က ရေးထားခဲ့သော ဇယားပုံတွင် ပါသည့် အတိုင်း နို့၌ ရှိသော ဝတ္ထုအမျိုးမျိုးကို ခွဲ၍ ယူသည်။

ဝိယုသစသည်။ ။ နို့စိမ်းအတိုင်း မတူးမခြစ်ရအောင် မီး**နွေးနွေး**နှင့် ရေကုန်၍ အခဲ ဖြစ်အောင်ချက်၊ ၎င်းအခဲသည် **ဝိယုသ** မည်၏၊ နွားနို့စိမ်းကို သုံးပဟိုရ်, လေးပဟိုရ် ကြာအောင် ထား၍ ဆိမ့်သော အရသာ ပျောက်သည့်နောက် ရေကုန်အောင် ချက်၊ ရသော အခဲသည် **ကီလာဋ္ဌ** မည်၏။

ထိုအရသာ ပျက်ပြီး နို့ပျက်သည် နသော အခဲနှင့် အရည် ရောနှောလျက် တည်၏၊ ထိုနို့ပျက်ကို **ခီရသာက** ခေါ်သည်၊ နို့ပျက်၏ အရည်ကို **မောရဋ္ဌ** ဟူ၍ လည်းကောင်း, **ဓေဋ္ဌ** ဟူ၍ လည်းကောင်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခေါ်လေသည်၊ နို့ခမ်းဖြင့် လည်းကောင်း, ရက်တက်ဖြင့် လည်းကောင်း ရောနှောအပ်သော နို့စိမ်းကို **တက္ကပိဏ္ဏ** ခေါ်သည်။

၅၅။ သုက်ကို ပွားစေတတ်သော ဂုဏ်

ပိယုသ, ကိလာဋ္ဌ, ခီရသာက, တက္ကပိဏ္ဏ တို့သည် သုက်ကို ပွားစေတတ်ကုန်၏၊ ဝစေတတ်ကုန်၏၊ အားကို ပွားစေတတ်ကုန်၏၊ ကြေခဲ၏၊ သလိပ်ကို ပွားစေတတ်ကုန်၏၊ လေ, သည်းခြေကို နှိုင်၏၊ နှလုံးကို နှစ်သက်စေတတ်ကုန်၏၊ ဝမ်းမီးကို တောက်ကုန်သော သူ, အိပ်၍ မပျော်ကုန်သောသူ, အမာ ပေါက်ကုန်သော သူတို့သည် ပူဇော်အပ်ကုန်၏၊ မောရဋ္ဌသည် ကြေလွယ်၏၊ သကြားဖြူနှင့် ရောလျှ သောက်လျှင် ပါးစပ် ခြောက်ခြင်း, ရေငတ်ခြင်း, ပူလောင်ခြင်း, ရတ္တပိတ်နာ, အဖျားတို့ကို နှိုင်၏၊ အားကို ပြုတတ်၏၊ နှုတ်ကို မြိန်စေတတ်၏။

[ရတနာမာလာ ကျမ်း၌ကား ညှစ်ပြီးနောက် ခုနစ်ညဉ့် ကြာ သော နို့သည် ပေယူသ မည်၏၊ ထို့ထက် ကြာသော နို့သည် မောရဋ္ဌ မည်၏၊ မကြည်လင်၊ သလိပ်နှင့် တူ၏ဟု ဆို၏။]

၁။ တရုဏဒဓိ။ ။ နို့မျိုးကို တစ်နေ့နှင့် တစ်ညဉ့်ထားလျှင် ချိုဆိမ့်သော အရသာ ပျက်သည်၊ စဉ်းငယ် အခဲ ဖြစ်သည်၊ ထိုနို့ခဲကို **မန္ဒ** ခေါ်သည်၊ **တရုဏဒဓိ** လည်း ခေါ်သည်၊ (နှသော နို့ခမ်း ဆိုလိုသည်။) ထိုမန္ဒသည် ကျင်ကြီး ကျင်ငယ်ကို ရှင်းစေတတ်၏၊ ဒေါသသုံးပါးကို ပျက်စေတတ်၏၊ အားကို ပျက်စေတတ်၏၊ ပူလောင်ခြင်းကို ပြုတတ်၏။

၂။ သာဓုဒဓိ။ ။ ဒုတိယရက်၌ ကောင်းသော အခဲ ဖြစ်၏၊ ဆိမ့်၏၊ စဉ်းငယ် ချဉ်၏၊ **သာဓုဒဓိ** ခေါ်၏၊ (နို့ခမ်းဆိမ့် ဆိုလိုသည်။) ထိုဆိမ့်သော နို့ခမ်းသည် ကြေခဲ၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ဆိမ့်၏၊ **အ**ကြောတို့ကို အလွန် လေးလံစေတတ်၏၊ သုက်, အဆီခဲ, သလိပ်တို့ကို ပွားစေတတ်၏၊ သွေး, သည်းခြေတို့ကို ကြည်လင်စေတတ်၏၊ လေကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃။ **မုချဒဝိ**။ ။ တတိယရက်၌ ဆိမ့်ချဉ်သော ရသ ဖြစ်၏၊ စဉ်းငယ် ဖန်၏၊ သန္ဒ ခေါ်၏၊ **မုချဒဝိ** မည်၏၊ (နို့ခမ်း အစစ်အမှန် ဆိုလိုသည်။) ထိုနို့ခမ်းသည် ပူ၏၊ ကြေခဲ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အဆီဩဇာ ရှိ၏၊ ဝမ်းမီး ချက်၍ ကျက်လျှင် ချဉ်၏၊ ပန်းနာ, သည်းခြေနာ, သွေးနာ, ကိုယ်ရောင်သော အနာ, အဆီခဲနာ, သလိပ်နာ တို့ကို ဖြစ်စေတတ်၏၊ အားအစွမ်း, သုက်တို့ကို ပွားစေတတ်၏၊ ဆီးချုပ်သော မုတ္တကိတ်နာ, နာစေးသော အနာ, ချမ်းဖျား, တုန်ဖျား, ဝမ်းသွန်, ဝမ်းကျ, ဝမ်းကိုက်, အစာ မစားလိုသော နှုတ်မမြိန်သော အနာ, ချောင်းဆိုးသော အနာတို့ကို နှိုင်၏။

၄။ **ဒဗ္ဗိလ**။ ။ စတုတ္ထရက်၌ ဆိမ့်သော အရသာ ပျောက်၍ ချဉ်၏၊ **ဒဗ္ဗိလ** ခေါ် ချဉ်သော နို့ခမ်း ဖြစ်၏၊ ထိုနို့ခမ်းချဉ်သည် ဝမ်းမီးကို တောက်စေတတ်၏၊ သွေး, သည်းခြေ, သလိပ်တို့ကို ပွားများစေတတ်၏၊ ပျက်စေတတ်၏။

၅။ **အစ္ဆမ္မိလဒဝိ**။ ။ ပဉ္စမရက်၌ သွားကျိန်း၍ ကြက်သီးထအောင် ချဉ်၏၊ **အစ္ဆမ္မိလဒဝိ** ခေါ်၏၊ (အလွန် ချဉ်သော နို့ခမ်း ဆိုလိုသည်။) ထိုအလွန် ချဉ်သော နို့ခမ်းသည် လည်ချောင်း, အစာအိမ်တို့ကို ပူလောင်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သွေး, သည်းခြေ, လေတို့ကို လွန်စွာ ပျက်စေတတ်၏။

၆။ **တရုဏဒဝိ**။ ။ ငါးရက်ထက် လွန်သော နို့ခမ်းသည် အရသာ ပျက်ပြန်၍ စဉ်းငယ်သာ ချဉ်၏၊ **တရုဏဒဝိ**ပင် မည်ပြန်၏၊ ဒေါသ သုံးပါးလုံးကို ပျက်စေတတ်၏၊ အားကို ပျက်စေတတ်၏၊ ဆီးဝမ်းတို့ကို ရှင်းစေတတ်၏၊ ပထမ မန္ဒမည်သော နို့ခမ်းနှင့် အကျိုး တူ၏၊ ဤခြောက်ခု မြောက်သော နို့ခမ်းနှင့် ပထမ နို့ခမ်းကို **တရုဏဒဝိ** ခေါ်သည်။ (အားပျက်ကြောင်းခြောက်ပါးတွင် ပါသည်။)

[သက္ကဋ္ဌ, မာဂဓ ကျမ်းတို့တွင် သာမန်အားဖြင့် ဒဝိ ဟူ၍ ဆိုလျှင် သုံးခု မြောက်သော ဆိမ့်, ချဉ်ရသ ရှိသော စဉ်းငယ် ဖန်သော အရသာ လည်း ရှိသော မုချ နို့ခမ်းကို ယူလေ။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆိမ့်ချဉ်ကြောင်း။ ။ ဤမုချ နို့ဓမ်း ဆိမ့်, ချဉ် ဖြစ်ကြောင်းကား နို့တွင် ပါသော ထောပတ်ကြောင့် ဆိမ့်သည်, နို့တွင် ပါသော သကြားနှင့် ရေရောလျက် သုံးရက် ကြာသောကြောင့် ချဉ်သည်။

နွားနို့ နို့ဓမ်း။ ။ နွားနို့မှ ဖြစ်သော မုချ နို့ဓမ်းသည် စင်ကြယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ လေကို နိုင်၏၊ (ကြွင်းသော အကျိုးအပြစ်များမှာ နို့မျိုးသာမန်တို့၏ မုချ နို့ဓမ်းနှင့် တူ၏၊ အထူးကိုသာ ဤတွင် ထုတ်၍ ဆိုသည်။) မုချ နို့ဓမ်းမျိုးတို့တွင် ဂုဏ်အကြီးဆုံး အမြတ်ဆုံး ဖြစ်၏။

ကျွဲနို့ နို့ဓမ်း။ ။ ကျွဲနို့မှ ဖြစ်သော မုချနို့ဓမ်းသည် ဝမ်းမီး ချက်၍ ကျက်လျှင် ဆိမ့်၏၊ အဆီဩဇာ များ၏၊ ကြေခဲ၏၊ သွေး, သလိပ်တို့ကို ပျက်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ အကြောတို့ကို လေးလံစေတတ်၏။

ဆိတ်နို့ နို့ဓမ်း။ ။ ဆိတ်နို့မှ ဖြစ်သော မုချ နို့ဓမ်းသည် ကြေလွယ်၏၊ ဓာတ်ချုပ်၏၊ ဝမ်းမီး တောက်၏၊ ဒေါသ သုံးပါးတို့ကို နိုင်၏၊ ပန်းနာ, ချောင်းဆိုးနာ, မြင်းသရိုက်နာ, ဓာတ်အားခွန် ကုန်ခန်း၍ ချောင်းဆိုးသော အနာတို့ကို နိုင်၏။

ကုလားအုတ် နို့ဓမ်း။ ။ ကုလားအုတ်နို့မှ ဖြစ်သော နို့ဓမ်းသည် ဝမ်းမီး ချက်၍ ကျက်လျှင် စပ်၏၊ စဉ်းငယ် ငန်၏၊ ကြေခဲ၏၊ ဥဏ်ပညာကို ဖြစ်စေတတ်၏၊ လေနာ, မြင်းသရိုက်နာ, နှုနာ, ပိုးနာ, ဖျဉ်းနာတို့ကို နိုင်၏။

သိုးနို့ဓမ်း။ ။ သိုးနို့မှ ဖြစ်သော နို့ဓမ်းသည် ဒေါသ သုံးပါးတို့ကို ပျက်စေတတ်၏၊ ဆိမ့်၏၊ ဝမ်းမီး ချက်ပြီးနောက်လည်း ဆိမ့်၏၊ အကြောတို့ကို လွန်စွာ လေးလံစေတတ်၏၊ မြင်းသရိုက်နာကို နိုင်၏။

မြင်းနို့ဓမ်း။ ။ မြင်းနို့မှ ဖြစ်သော နို့ဓမ်းသည် လေကို ပျက်စေတတ်၏၊ ဝမ်းမီးတောက်၏၊ မျက်စိနှင့် မသင့်, အဆီဩဇာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မရှိ၊ ပူ၏၊ စဉ်းငယ် ဖန်၏၊ သလိပ်ကို နိုင်၏၊ ကျင်ငယ်ကို နည်းစေတတ်၏။

လူနို့ဝမ်း။ ။ လူနို့မှ ဖြစ်သော နို့ဝမ်းသည် အဆီဩဇာ ရှိ၏၊ ဝမ်းမီး ချက်ပြီးနောက် ဆိမ့်၏၊ အားကို ဖြစ်စေတတ်၏၊ အားရှစ်သက်စေတတ်၏၊ ကြေခဲ၏၊ မျက်စိနှင့် သင့်၏၊ ဒေါသ သုံးပါးကို နိုင်၏၊ မြတ်သော ဂုဏ် ရှိ၏။

ဆင်နို့ဝမ်း။ ။ ဆင်နို့မှ ဖြစ်သော နို့ဝမ်းသည် ကြေလွယ်၏၊ စဉ်းငယ် ဖန်သော အရသာ ရှိ၏၊ ကျင်ကြီးကို ပွားများစေတတ်၏၊ သလိပ်ကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏။

ချက်ပြီး နို့ဝမ်း။ ။ ချက်ပြီးသော နို့မှ ဖြစ်သော မုချနို့ဝမ်းသည် နှုတ်ကို မြိန်စေတတ်၏၊ အဆီဩဇာ ရှိ၏၊ နို့စိမ်းမှ ဖြစ်သော နို့ဝမ်းထက် မြတ်သော အကျိုးရှိ၏၊ လေ, သည်းခြေကို နိုင်၏၊ ဓာတ် ခုနစ်ပါး, ဝမ်းမီး, အားတို့ကို ပွားစေတတ်၏။

မလိုင်နုတ် နို့ဝမ်း။ ။ ချက်သော နို့မှ ဖြစ်သော နို့ဝမ်း၏ မလိုင်ကို နုတ်ပယ်ပြီးသော မုချ နို့ဝမ်းသည် အေး၏၊ ကြေလွယ်၏၊ ဝမ်းမီး တောက်၏၊ ဝမ်းချုပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းကိုက်နာကို နိုင်၏။

အရည်နို့ဝမ်း။ ။ အခဲ ပျက်၍ အရည်နှင့် နှောမိအောင် မွှေနှောက်အပ်သော မုချနို့ဝမ်းသည် အဆီဩဇာ ရှိ၏၊ ဆိမ့်၏၊ လေကို နိုင်၏၊ ကြေခဲ၏၊ သလိပ်ကို ပျက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏။

အရောနှော နို့ဝမ်း။ ။ သကြားနှင့် မုချနို့ဝမ်းကို ရောနှော၍ သောက်ခြင်းသည် မြတ်၏၊ ရေငတ်ခြင်း, သွေး, သည်းခြေနာ, ပူလောင်ခြင်းတို့ကို နိုင်၏၊ တင်လဲ, ကြဲသကာတို့နှင့် ရောနှောအပ်သော မုချနို့ဝမ်းသည် ကြေခဲ၏၊ အားရ နှစ်သက်စေတတ်၏၊ လေကို နိုင်၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ညဉ့်အခါ သကြားခဲနှင့် ထောပတ်တို့ကို မစားဘဲ လည်း ကောင်း, ပဲနောက်ဟင်းကို မစားဘဲ လည်းကောင်း, ပျားငယ်ရည်ကို မစားဘဲ လည်းကောင်း, ဆီးဖြူသီးကို မစားဘဲ လည်းကောင်း, နို့ခမ်းကို မစားဘဲ လည်းကောင်း၊ ထိုဝတ္ထုများကို စားလျှင် နို့ခမ်းကိုလည်း စားရ၏ ဟူလို။]

ရတ္တပိတ်နာ, သလိပ်နာ ရှိသောသူတို့မူကား ထိုဝတ္ထုများကို စား၍သော်လည်း နို့ခမ်းကို မစားကောင်း။

ဟေမန္တဥတု, သိသိရဥတု, ဝသာန ဥတုတို့၌သာ နို့ခမ်းကို စားကောင်း၏၊ ကြွင်းသော ဥတု သုံးခုတို့၌ နို့ခမ်းကို မစားကောင်း၊ ဤဆိုခဲ့ပြီးသည့်အတိုင်း ဥတု, အစာ, အနာတို့ကို မရွေးချယ်ဘဲ အလို ရှိတိုင်း နို့ခမ်းကို စားလျှင် အဖျားနာ, ရတ္တပိတ်နာ, ဝက်သက်နာ, နှနာ, ကိုယ်လက်အဆင်း ဖျော့တော့ ပိန်ခြောက်သော ပဏ္ဏုနာ, စိတ် ပျံ့လွင့်ခြင်း, သုက် ကုန်ခန်းသော အနာတို့သည် ဖြစ်တတ်ကုန်၏။

နို့ခမ်းမလိုင်။ ။ နို့ခမ်း၏ အထက်၌ တည်သော မလိုင်သည် **သရ** မည်၏၊ သာရ ဟူ၍ လည်းကောင်း, ရသ ဟူ၍ လည်းကောင်း ဆိုလိုသည်ကို နိရုတ္တိနည်းဖြင့် သရဟု ရုပ်ပြီးသည်၊ ထိုနို့ခမ်းမလိုင်သည် ဆီမှ်၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းမီး, လေတို့ကို ပျက်စေတတ်၏၊ ချဉ်မှု ဆီးကို ရှင်စေတတ်၏၊ သလိပ်, သည်းခြေတို့ကို ပျက်စေတတ်၏။

နို့ခမ်းရည်။ ။ နို့ခမ်း၏ အရည်သည် **မတ္ထု** မည်၏၊ ထို အရည်သည် နွမ်းနယ်ခြင်းကို ဖျောက်တတ်၏၊ ကြေလွယ်၏၊ အားကို ဖြစ်စေတတ်၏၊ ထမင်းကို ဝင်စေတတ်၏၊ သွေး, လေ သွားရာ လမ်းတို့ကို သုတ်သင် ရှင်းလင်းတတ်၏၊ ချမ်းသာစေတတ်၏၊ သလိပ်နာ, ရေငတ်သော အနာ, လေနာတို့ကို နှိပ်၏၊ ဝစေတတ်၏၊ သုက်ကို မပွားစေနိုင်၊ ကျင်ကြီး, ကျင်ငယ် အစုတို့ကို လျင်မြန်စွာ ဖျက်၍ အောက်သို့ ထွက်စေတတ်၏။

[နို့ကို နို့ခမ်း ဖြစ်အောင် လုပ်ရာ၌ အိုးသစ်ကို မီးသင်း၍ နို့ကို ထည့်ပြီးလျှင် ငြိမ်သက်ရာမှာ ထားအပ်၏၊ အချို့ သူတို့မှာ နို့ရည်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချဉ်ဟောင်းကို စဉ်းငယ် ထည့်၍ ဖြစ်စေ, မန်ကျည်းမှည့်ရည်ကို အိုး၏ အတွင်းဘက်က စဉ်းငယ် ထည့်၍ ဖြစ်စေ လုပ်ကြကုန်၏။]

ဤသို့ အစရှိသော စကားတို့ဖြင့် ဥတုဘောဇနေ သင်္ဂဟကျမ်း၌ နိုဝမ်းတို့၏ ဂုဏ်ကို ဆိုရာ နဝမပိုင်း ပြီး၏။

နဝမကဏ္ဍ ပြီး၏။

———— * ————

၁၀ – ဒသမကဏ္ဍ

တက္ကတို့၏ ဂုဏ်ကို ပြခြင်း

၅၆။ တက္ကငါးမျိုးတို့၏ ဂုဏ်

တက္ကဝဂ်ကို ဆိုပေအံ့။ တက္က ငါးမျိုး ရှိ၏။ ငါးမျိုး ဟူသည်ကား

၁။ မလိုင်နှင့် တကွသော ရေမရောသော နို့ဓမ်းသည် **ဟောလ** မည်၏။

၂။ မလိုင် နုတ်ပြီးသော ရေ မရောသော နို့ဓမ်းသည် **မထိတ** မည်၏။

၃။ နို့ဓမ်းအတိုင်း၏ လေးပုံတစ်ပုံ ရေထည့်သော နို့ဓမ်းသည် **တက္က** မည်၏။

၄။ နို့ဓမ်းအတိုင်း၏ ထက်ဝက် ရေထည့်အပ်သော နို့ဓမ်းသည် **ဥဒသီတ** မည်၏။

၅။ မလိုင်ကို နုတ်၍ ကျဲအောင် ရေများစွာ ထည့်အပ်သော နို့ဓမ်းသည် **ဆစ္ဆကာ** မည်၏။

[တက္က ဟူသည်ကား နို့ဓမ်းကို ငါးမျိုး ပြုပြင်ပြီးကို ခေါ်သည်၊ ရှေးက ရက်တက် ဟူ၍ အနက် ပြန်သည်။]

၁။ မထိတသည် လေ, သည်းခြေကို နှိုင်၏၊ ချမ်းသာ စေတတ်၏။ သလိပ်ကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂။ တက္ကသည် ဆိမ့်၏၊ စဉ်းငယ် ချဉ်ဖန်၏၊ ဝမ်းမီးကို ချက်၍ ကျက်လျှင် ဆိမ့်၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ ဝမ်းကိုက်နာကို နိုင်၏၊ သည်းခြေကို မပျက်စေတတ်၊ သလိပ်ကို နိုင်၏၊ တက္ကကို မှီဝဲခြင်းကြောင့် မှားသော မည်သည် မရှိ၊ တစ်စုံတစ်ခုသော ရောဂါ မဖြစ်၊ နတ်တို့၏ ချမ်းသာခြင်းငှာ နတ်ဩဇာ ဖြစ်သကဲ့သို့ လူတို့၏ ချမ်းသာခြင်းငှာ တက္ကသည် ဖြစ်၏။

၃။ ဥဒသီတသည် သလိပ်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေတက်လျှင် စားသော အစာ အနုံ့အတိုင်း နံသော **အာမ** မည်သော အစာမကြေသော အဓိဏ္ဍနာကို လွန်စွာ နိုင်၏။

၄။ ဆစ္ဆကာသည် အေး၏၊ ကြေလွယ်၏၊ သွေး, သည်းခြေကို နိုင်၏၊ ရေတိခြင်းကို ဖျောက်နိုင်၏၊ ဆားခတ်၍ သောက်လျှင် ဝမ်းမီးကို တောက်စေတတ်၏၊ လေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏။

၅။ ယောလကို သကြားနှင့် ရောနှောလျှင် **ရသာလ** မည်သော စားဖွယ် တစ်ခုနှင့် တူ၏၊ ယောလသည် လေ, သည်းခြေကို နိုင်၏။

ထောပတ် နတ်ပြီးသော တက္ကသည် ကြေလွယ်၏၊ လူနှင့် အထူးသဖြင့် သင့်၏၊ ထောပတ် စဉ်းငယ်သာ နတ်အပ်သော တက္ကသည် ထောပတ် ကုန်အောင် နတ်သော တက္ကထက် ကြေခဲ၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ ထောပတ် မနုတ်သေးသော တက္ကသည် အလွန်ကြေခဲ၏၊ ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏။

လေနာ၌ ချဉ်သော တက္ကကို သန္ဓော, ချင်းမူန့် ခတ်၍ သောက်အပ်၏၊ သည်းခြေနာ၌ ဆိမ့်သော တက္ကကို ဖြူသော သကြားခတ်၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သောက်အပ်၏၊ သလိပ်နာ၌ ဆိမ့်သော တက္ကတွင် တြိကဋုက် သုံးပါး ခတ်၍ သောက်အပ်၏၊

ယောလတွင် ရှိန်းခို, ဇီရာ, သိန္ဓော ခတ်၍ သောက်၊ လေကို အလွန် နှိုင်၏၊ မြင်းသရိုက်နှာ, ဝမ်းပျက်, ဝမ်းသွန်နာကို အလွန် နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆီးချိုင့်၌ ထိုးကျင်သည်ကို နှိုင်၏။

ယောလတွင် ကြဲတင်လဲ ထည့်၍ သောက်လျှင် ဆီးချုပ်သော မုတ္တကိတ်နာကို နှိုင်၏၊ ယောလတွင် ကန့်ချုပ်နှီ ခတ်၍ သောက်လျှင် ကိုယ်လက်ဖျော့တော့သော ပဏ္ဍုနာကို နှိုင်၏၊

တက္ကအစိမ်းသည် အူတွင်း၌ သလိပ်ကို နှိုင်၏၊ လည်ချောင်း၌ သလိပ်ကို ပွားစေတတ်၏။

နှာစေးနာ, ချောင်းဆိုးနာ, ပန်းနာ အစရှိသည်တို့၌ ကျက်သော တက္ကကို ပေးရာ၏၊ အေးသော ကာလ၌ လည်းကောင်း, ဝမ်းမီးနှံ့သော သူ၌ လည်းကောင်း, လေနာ ရှိသောသူ၌ လည်းကောင်း, နှုတ် မမြိန်သော သူ၌ လည်းကောင်း, သွေး, လေ အရသာတို့ သွားလမ်း ပိတ်၍ အကြော လေးလံသော သူတို့၌ လည်းကောင်း တက္ကသည် နတ်ဩဇာနှင့် အတူ အကျိုးပေး၏။

အေးသော ကာလ၌ သောက်အပ်သော တက္ကသည် အော့အန်သော အနာ, ပါးသက်နာ, ချမ်းဖျား, တုန်ဖျား, ပဏ္ဍုနာ, အဆီခဲနာ, ဝမ်းကိုက်နာ, မြင်းသရိုက်နာ, ဆီးချုပ်သော မုတ္တကိတ်နာ, ဖင်ဝပတ်လည်၌ ပေါက်သော အမာ, ဆီးတစ်စက်စက် ရှိသော အနာ, ဂူနာ, ဝမ်းပျက် ဝမ်းသွန်နာ, ရင်ဘတ်နာ, ဗေလုံး, ဖျဉ်းနာ, နှုတ်မမြိန်သော အနာ, နှုနာ, ကိုယ်ရောင်သော အနာ, ရေတစ်နာ, သန်ကောင်အများ ရှိသော အနာ, ဆီး ဝမ်း မကောင်းသော အနာတို့ကို နှိုင်၏။

ပူသော ကာလ၌ လည်းကောင်း, ထိခိုက်ရှနသော သူ၌ လည်းကောင်း, မူးဝေသောသူ, စိတ်ပျံ့လွင့်သော သူ, ကိုယ်ပူနာ ရှိသော သူ, ရတ္တပိတ်နာ ရှိသော သူတို့၌ ငှင်း တက္ကကို မပေးရာ၊ (နို့ခမ်း၌ ဆိုခဲ့သမျှ အကျိုးတို့ကို တက္က ရှိသည်ဟူ၍ မှတ်အပ်၏။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅၇။ စားဖွယ်လုပ်နည်း ရသာလ အမျိုးမျိုး

ရသာလ မည်သော စားဖွယ်လုပ်နည်းကား ရေ မထည့်သော ကျွဲနို့မှ ဖြစ်သော စတုတ္ထနို့ဓမ်း ခြောက်ဆယ့်လေးပိုလ်, ဖြူသော သကြား သုံးဆယ့်နှစ်ပိုလ်, နွားနို့ တစ်ရာနှစ်ဆယ့်ရှစ်ပိုလ်တို့ကို ရောနှော မွှေနှောက်၍ မြေအိုးသစ်အဝတွင် သန့်ရှင်းစင်ကြယ်သော ပိတ်ကို စည်း၍ နှောပြီးသော ဝတ္ထုစုကို အတန်ငယ်စီ ယူ၍ ပိတ်ပေါ်တွင် တင်ပြီးလျှင် လက်နှင့် ပွတ်၍စစ်, သဘော်ဖာလာ, လေးညှင်း, ငရုတ်ကောင်းတို့ကို မီးသင်း၍ ၎င်းအမှုန့်တို့ကို မွှေးရုံမျှ ခတ်, ပရုတ်လည်း စဉ်းငယ်မျှ ခတ်။

[အစားကောင်း စားတတ်သော ဘီမသေန မည်သော မင်းသည် စီရင်အပ်သော ရသာလ မည်သော စားဖွယ်တည်း၊ ဗီဿနိုး နတ်မင်း ပင်သော်လည်း စားသော အစာတည်း၊ ဝသန္တ ဥတုမှ တစ်ပါး အခြားသော ဥတုတို့၌ အမြဲ စားသုံးအပ်၏။]

သုက်ကို လွန်စွာ ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ နွေအခါ ဖြစ်သော ဂိမှဥတု, သရဒဥတုတို့၌ နေပူဖြင့် နှိပ်စက်ကုန်သော ခြောက်ထပ်ကုန်သော သူတို့သည် လည်းကောင်း, မယားများကုန်သော သူတို့သည် လည်းကောင်း, ခရီး သွား၍ ပင်ပန်းကုန်သော သူတို့သည် လည်းကောင်း, ထိုသူတို့သည် အမြဲ သုံးဆောင်အပ်ကုန်၏၊ အားခွန်မဆုတ်မယုတ်၊ ကိုယ်ကို တိုးပွား စည်ပင်စေတတ်၏။

ရသာလမည်သော အစာသည် သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝစေတတ်၏၊ အဆီဩဇာ ရှိ၏၊ ချိုဆွမ်း၏၊ အေး၏၊ အသဲကို ကောင်းစေတတ်၏၊ ရတ္တပိတ်နာ, ရေငတ်နာ, ကိုယ်ပူနာ, နာစေးသော အနာတို့ကို နှိုင်၏။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇန သင်္ဃာဟကျမ်း၌ တက္ကမျိုးတို့၏ ဂုဏ်ကို ဆိုရာ ဒသမပိုင်း ပြီး၏။

ဒသမကဏ္ဍ ပြီး၏။

———— * ————

၁၁ – ကောဒသမ ကဏ္ဍ

နဝနီတတို့၏ ဂုဏ်ကို ပြခြင်း

၅၈။ နဝနီတမျိုးတို့၏ ဂုဏ်

နဝနီတမျိုးတို့၏ ဂုဏ်ကို ဆိုပေအံ့၊ နဝနီတကို ထောပေး ဟူ၍ လည်းကောင်း, မလိုင် ဟူ၍ လည်းကောင်း, ခေါ်ကြကုန်၏၊ (ရှေးက ဆိဉ ခေါ်သည်။)

နွားနို့ ထောပေး။ ။ နွားနို့မှ ဖြစ်သော ထောပေးသည် လူ ခပ်သိမ်းနှင့် သင့်၏၊ သုက်ကို ပွားစေတတ်၏၊ အရုပ်အဆင်း, အား, ဝမ်းမီးတို့ကို ပြုတတ်၏၊ ဝမ်းချုပ်၏၊ သွေး, သည်းခြေ, လေနာတို့ကို နိုင်၏၊ မာတ်အားခွန် ကုန်ခန်းသော အနာ, မြင်းသရိုက်နာ, ပါးစပ် မျက်လုံး ရွဲ့စောင်းသော လေနာ, ချောင်းဆိုးနာတို့ကို နိုင်၏၊ သူငယ်, သူအိုတို့နှင့် သင့်၏၊ အထူးအားဖြင့် သူငယ်၌ နတ်ဩနှင့်အတူ အကျိုးပေး၏။

ကျွဲနို့ ထောပေး။ ။ ကျွဲနို့မှ ဖြစ်သော ထောပေးသည် ကြေခဲ ၏၊ သုက်, သလိပ်, လေတို့ကို ပွားစေတတ်၏၊ ကိုယ်ပူနာ, သွေး, သည်းခြေနာတို့ကို နိုင်၏၊ (ကြွင်းသော ခြေ လေးချောင်း, ခြေ နှစ်ချောင်း တို့၏ ထောပေးကို ဆေးကျမ်းတို့တွင် မပါမရှိ။)

နို့စိမ်း ထောပေး။ ။ နွားနို့စိမ်းကို အပူအပြင်း ထိုး၍ ဖြစ်သော ထောပေးသည် အလွန် အဆီ ဩဇာ ရှိ၏၊ ဆိမ့်၏၊ အေး၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျက်စိနှင့် သင်္ဂါ၊ ရတ္တပိတ်နာကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဝမ်းချုပ်၏၊ ထိုး၍ ထွက်စသော ထောပေးသည် ဆိမ့်၏၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ စဉ်းငယ် ချဉ်ဖန် ရှိ၏၊ ဉာဏ်ပညာကို ဖြစ်စေတတ်၏၊ ထိုး၍ တစ်ရက် နှစ်ရက် ကြာသော ထောပေးသည် စဉ်းငယ် ငန်၏၊ စပ်၏၊ ချဉ်၏၊ အော့အန်သော အနာ, မြင်းသရိုက်နာ, နူနာတို့ကို ဖြစ်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကြေခဲ၏၊ အဆီခဲနာကို ဖြစ်စေတတ်၏၊

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနေ သင်္ဂဟကျမ်း၌ နဝနီတမျိုးတို့၏ ဂုဏ်ကို ဆိုရာ ကောဒသမပိုင်း ပြီး၏။

ကောဒသမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၂- ဒွါဒသမကဏ္ဍ

ထောပတ်မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၁၉။ ထောပတ်၏ ရသာယန အကျိုးဂုဏ်

ထောပတ်မျိုး ဟူသမျှသည် ရသာယနဖြစ်၍ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ရှည်စေတတ်၏၊ ဆိမ့်၏၊ မျက်စိနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အေးဓာ၏၊ အဆိပ်သင့်သော အနာ, ကျက်သရေယုတ်ခြင်း, သနခြင်း, သည်းခြေနာ, လေနာတို့ကို နိုင်၏၊ စဉ်းငယ်အကြောကို လေးစေတတ်၏၊ နှစ်သက်ခြင်း, သြဇာ, သုက်, တင့်တယ်ခြင်း, ဉာဏ်ပညာတို့ကို ပြုတတ်၏၊ အသိ, သတိတို့ကို ဖြစ်စေတတ်၏၊ ဉာဏ်ကို ပွင့်စေတတ်၏၊ အသက်နှင့် သင့်၏၊ အားကိုပြုတတ်၏၊ ကြေခဲ၏၊ ဆီး ဝမ်း လေ အထက်သို့ တက်သော အနာ, အဖျားနာ, ရူးသွပ်သော အနာ, ရင်နာ, ဆီး ဝမ်း လေ ချုပ်သော အနာ, ပေါက်သော အမာတို့ကို နိုင်၏၊ အဆီသြဇာ ရှိ၏၊ သလိပ်ကို ပွားစေတတ်၏၊ စုန်း, နတ်, ဘီလူးတို့ ဖမ်းသော အမှောင့်ပယောဂနာ, ဓာတ် အားခွန် ကုန်ခန်းသော အနာ, ဝက်သက်နာ, သွေးနာ တို့ကို နိုင်၏။

ဝမ်းမီးဥပမာ ၄-ပါး။ ။ ဤ၌ ဆိမျိုး, ထောပတ်မျိုးဟူသမျှသည် များသောအားဖြင့် ဝမ်းမီးကို တောက်စေတတ်၏၊ အသားအရေကို စိုပြည်စေတတ်၏၊ (ဥပမာကား) အသားတုံးကို ကျက်နပ်အောင် မီးနှင့် ဖုတ်ရာ ထင်းထည့်ရသည်၊ ထိုထင်း မြန်မြန်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တောက်အောင် ဆီ, ထောပတ်, ရေနံ တစ်ခုခု လောင်းပြီးလျှင် မီးနှင့် ရှို့ရာ တောက်၍ အသား ကျက်နပ်သည်၊ ဆီမလောင်းဘဲ မီးရှို့လျှင် ဆီလောင်း၍ ရှို့သည်လောက် မီးမတောက်၊ ဆီနှင့် လောင်း၍ ရှို့လျှင် မီးသာ တောက်၍ အသား ကောင်းစွာ မကျက်မနပ်။

၁။ ဆီသည် တောက်စေတတ်သည်။

၂။ ထင်းသည် ကောင်းစွာ ကျက်နပ်စေတတ်သည်။

၃။ အသားသည် ကျက်စေအပ်သော ဝတ္ထု ဖြစ်သည်။

၄။ မီးသည် တောက်လောင်တတ်သော ဝတ္ထု ဖြစ်သည်။

ဤအတူ လူတို့ စားသောက် အပ်သော ထမင်း, မုန့် အသားတို့သည်-

၁။ ကျက်အပ် လောင်အပ်သော ဝတ္ထု,

၂။ ဝမ်းမီးသည် လောင်တတ်သော ဝတ္ထု,

၃။ ဆီ, ထောပတ်တို့သည် ဝမ်းမီးကို တောက်စေတတ်သော ဝတ္ထု,

၄။ ဟင်းရွက်, သစ်မြစ်, သစ်ဥ စသော ဆေးတို့သည် ထမင်း, မုန့်, အသားတို့ကို ကျက်စေတတ်၊ ကြေစေ တတ်သော ဝတ္ထုတို့ ဖြစ်ကြကုန်၏။

ထိုကြောင့် အစာ စားရာ၌ ဆီထောပတ်မျိုး, ငရုတ်, နနွင်း, ချင်း, ဟင်းသီး, ဟင်းရွက်, ထမင်း, မုန့, အသားမျိုး မျှတ၍ အစာကြေလောက်အောင် စားရသည်၊ တစ်ခုခုကို များစွာ မစားရာ၊ အဆီဩဇာ ရှိ၏- ဆိုသမျှ အစား အသောက် ဆေးတို့သည် ချွေးကို ထွက်စေ, အသားအရေကို စိုပြည်စေတတ်သည်၊ အဆီဩဇာ မရှိ ခြောက်၏- ဆိုသော ဆေးမျိုးတို့သည် ချွေးကို မထွက်စေတတ်၊ အသားအရေကို ခြောက်သွေ့စေတတ်သည်။

[ထို့ကြောင့် အဆီဩဇာ ရှိသော အစာကို စားလေ့ ရှိသော သူတို့၏ အသားအရေသည် နုသည်၊ စိုပြည်သည်၊ တင့်တယ်သည်၊ ကျက်သရေ ရှိသည်၊ ထို့ကြောင့် ထောပတ်သည် ကျက်သရေ မရှိခြင်းကို ဖျောက်တတ်၏၊ တင့်တယ် စေတတ်၏-ဟူ၍ ဆိုသည်၊ အသားအရေ ချိန်းချွန်းစိုစို ရှိသည်ကို ကျက်သရေ ရှိသည် ခေါ်သည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လေ, သလိပ် စသော အနာရောဂါကို ပျောက်စေတတ်သော ဆေး အစားအစာတို့ကို စားလျှင် လူ ကျန်းမာသောကြောင့် စိတ်ကြည်လင်၍ သတိ, ပညာ တိုးပွားသည်၊ ထို့ကြောင့် ထောပတ်သည် သတိ, ပညာကို ဖြစ်စေတတ်သည်ဟု ဆိုသည်၊ သင့်တင့် လျောက်ပတ်သော အစားအသောက်, ဥတု, ပုဂ္ဂိုလ်, အရပ်ဒေသ အစရှိသည်တို့သည် သတ္တဝါတို့အား ပကတ္တုပနိဿယ ပစ္စည်းတပ်၍ အကျိုးပေးကြောင်းနှင့်လည်း ပဋ္ဌာန်းပါဠိတော်တွင် ဘုရားဟောတော်မူသည်၊ ထို့ကြောင့် ကုရုတိုင်း အစရှိသော သမကဋ္ဌန္ဓ အရပ်၌ ကျသောသူတို့ ဉာဏ်ပညာ ကြီးကြောင်းနှင့် သတိပဋ္ဌာန် အဋ္ဌကထာတွင် ဆိုသည်။

နွားနို့ထောပတ်။ ။ နွားနို့မှ ဖြစ်သော ထောပတ်သည် အထူးအားဖြင့် မျက်စိနှင့် သင့်၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းမီးဖြင့် ကျက်ပြီး နောက်လည်း ဆိမ့်၏၊ အေး၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ ဉာဏ်ပညာ, တင့်တယ်ခြင်း, နှစ်သက်ခြင်း, သြဇာ, သုက်တို့ကို လွန်စွာ ပွားစေတတ်၏၊ ကျက်သရေ မရှိခြင်း, သနခြင်း, အမှောင့် ပယောဂ တို့ကို နှိုင်၏၊ အရွယ်ကို မအိုအောင် တည်စေနိုင်၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ စင်ကြယ် စေတတ်၏၊ အသက်နှင့် သင့်၏၊ အလွန် မင်္ဂလာ ရှိ၏၊ ရသာယနမျိုး ဖြစ်၍ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ကို ရှည်စေနိုင်၏၊ အနံ့ ကောင်း၏၊ နူတ်ကို မြိန်စေတတ်၏၊ တင့်တယ်၏၊ ထောပတ်မျိုးတို့တွင် ဂုဏ်အကြီးဆုံး၊ အမြတ်ဆုံး ဖြစ်၏။

ဤကား နွားနို့ ထောပတ်၌ ထူးသော အကျိုးကို ပြခြင်းတည်း၊ ကြွင်းသော အကျိုးများကား နောက်က ဆိုခဲ့ပြီးသည့်အတိုင်းပင်တည်း။

[ဆေးကျမ်းအရာ၌ အလုံးစုံနှင့် ဆက်ဆံသော အကျိုးကို ဆိုပြီးလျှင် အစိတ်စိတ်သော ဝတ္ထု၏ ထူးသော အကျိုးကို ပြမြဲတည်း၊ ဤသို့ပြရာ အလုံးစုံနှင့် ဆက်ဆံသော အကျိုးတွင် ထူးသော အကျိုးကို ထည့်၍ ယူရသည်။ အကျိုးချင်း ဆန့်ကျင်ဘက် ဖြစ်ရာ၌ အလုံးစုံနှင့် ဆက်ဆံသော အကျိုးကို နုတ်၍ အသီးအသီး အစိတ်ထုတ်၍ ဆိုသော အကျိုးအတိုင်း ယူရမည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဥပမာကား။ ။ ထောပတ်ဟူသမျှသည် သလိပ်ကို ပွားစေတတ်၏ဟု အလုံးစုံနှင့် ဆက်ဆံသော ထောပတ် အကျိုးတွင် ပါသော်လည်း နွားနို့မှ ဖြစ်သော ထောပတ်သည် ဒေါသသုံးပါးလုံးကို နိုင်၏ဟု ဆိုသောကြောင့် နွားနို့မှ ဖြစ်သော ထောပတ်သည် သလိပ်ကို မပွားစေတတ်ဟူ၍ မှတ်ရမည်။

ဆိတ်နို့ထောပတ်။ ။ ဆိတ်နို့မှ ဖြစ်သော ထောပတ်သည် ဝမ်းမီးကို တောက်စေတတ်၏၊ မျက်စိနှင့် သင့်၏၊ အားကို ပွားစေတတ်၏၊ ချောင်းဆိုးနာ၊ ပန်းနာ၊ အားခွန် ကုန်ခန်းသော အနာနှင့် သင့်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏။

ကုလားအုတ်နို့ထောပတ်။ ။ ကုလားအုတ်နို့မှ ဖြစ် သော ထောပတ်သည် ဝမ်းမီးချက်ပြီးနောက် စပ်၏၊ သုက်ကုန်ခန်းသော အနာ, ပိုးနာ, အဆိပ်သင့်သော အနာတို့ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ,သလိပ်ကို နိုင်၏၊ နှနာ, ဂူနာ, ဖျဉ်းနာတို့ကိုနိုင်၏။

သိုးနို့ထောပတ်။ ။ သိုးနို့မှ ဖြစ်သော ထောပတ်သည် ကြေလွယ်၏၊ အလုံးစုံသော အနာတို့ကို နိုင်၏၊ အရိုးတို့ကို ကြီးပွားစေတတ်၏၊ ကျောက်တည်သော အနာကို နိုင်၏၊ မျက်စိနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ပူ၏၊ လေကြောင့် ဖြစ်သော အပြစ်တို့ကို နိုင်၏။

လူနို့ထောပတ်။ ။ လူနို့မှ ဖြစ်သော ထောပတ်သည် သလိပ်နာ, လေနာ, သွေး, သည်းခြေနာ, မိန်းမတို့၏ အင်္ဂါတော်၌ ဖြစ်သော အနာတို့နှင့် သင့်၏၊ လူနို့ထောပတ်သည် နတ်တို့၏ ဩဇာနှင့်အတူ အကျိုးပေး၏။

မြင်းနို့ထောပတ်။ ။ မြင်းနို့မှ ဖြစ်သော ထောပတ်သည် ဝမ်းမီးနှင့် ကိုယ်တို့၏ ကြီးပွားခြင်းကို ပြုတတ်၏၊ ကြေလွယ်၏၊ အဆိပ်ကို နိုင်၏၊ မျက်စိနာကို နိုင်၏၊ အပူကို နိုင်၏၊ အားရှုစ်သက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နို့စိမ်းထောပတ်။ ။ နွားနို့စိမ်းကို ထိုး၍ ဖြစ်သော ထောပတ်မျိုးသည် ချုပ်၏၊ အေး၏၊ မျက်စိနာကို နိုင်၏၊ သွေး, သည်းခြေ, လေနာ, အဆီခဲနာ, မူးဝေသော အနာ, စိတ်ပျံ့လွင့်သောအနာ, အပူတို့ကို နိုင်၏။

ယမန်နေ့ထောပတ်။ ။ နို့ကို တစ်နေ့နှင့် တစ်ည၌ထား ပြီး နောက်မှ ထိုး၍ယူသော ထောပတ်သည် **ဟေယင်္ဂဝိနက** မည်၏။ (ယမန်နေ့နို့မှ ဖြစ်သော ထောပတ်ဆိုလိုသည်၊ ကြီး မပါဘဲ ဟေယင်္ဂဝိန သဒ္ဒါမူကား ဆီဥဟော။) ထိုထောပတ်သည် မျက်စိနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ အထူးသဖြင့် အဖျားကို ပျောက်စေတတ်၏။

ထောပတ်သစ်။ ။ မပြတ်စားစေရာ၌ လည်းကောင်း, ဝစေရာ၌ လည်းကောင်း, အားခွန်ကုန်ခန်းခြင်း, ပင်ပန်းခြင်း၌ လည်းကောင်း, အသားဝါ၍ ပိန်ခြောက်သော ပဏ္ဏုနာ၌ လည်းကောင်း, သုက်ကုန်ခန်းသော အနာ၌ လည်းကောင်း, မျက်စိနာ၌ လည်းကောင်း ထောပတ်သစ်ကို ပေးအပ်၏။

ထောပတ်ဟောင်း။ ။ တစ်နှစ် လွန်ပြီးသော ထောပတ်သည် ထောပတ်ဟောင်း မည်၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ မူးဝေသော အနာ, နှုနာ, အဆိပ်သင့်သော အနာ, ရူးသော အနာ, ဝက်ရူးနာ, ကြက်မျက်သင့်သော အနာတို့ကို နိုင်၏၊ ဤအနာစု၌ နှစ်ကာလကြာသော ထောပတ် ဖြစ်လေ နိုင်လေဟူ၍ မှတ်ရမည်၊ ငါးနှစ်ရှိသော ထောပတ်သည် စဉ်းငယ် ဖန်သော အရသာ ရှိ၏၊ ဆယ်နှစ်ရှိသော ထောပတ်သည် **ကုမ္ဘသပ္ပိ** မည်၏။ (သုသုတဆေးကျမ်း၌ကား တစ်ရာတစ်ဆယ့်တစ်နှစ် ရှိသော ထောပတ်သည် ကုမ္ဘသပ္ပိမည်၏။) စုန်း, နတ်, ဘီလူးတို့ ဖမ်းစားသော အမှောင့် ပယောဂကို နိုင်၏။

ထို့ထက် နှစ်ကြာသော ထောပတ်သည် **မဟာဃတ** မည်၏၊ မဟာဃတကို သောက်ခြင်းသည် သလိပ်ကို နိုင်၏၊ လေကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ စင်ကြယ်စေတတ်၏၊ အထူးအားဖြင့် ကြက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျက်သင့်သော အနာကို နိုင်၏၊ အမှောင့် ပယောဂကို နိုင်၏–ဟူ၍ ဆို၏။

ထောပတ်ကြည်။ ။ သပွိမဏ္ဍ ဖြစ်သော ထောပတ်ကြည်သည် ဆိမ့်၏၊ မိန်းမတို့၏ အင်္ဂါဇာတ်, နား, မျက်စိ, ဦးခေါင်းကိုက်ခြင်းတို့ကို နိုင်၏၊ ဝမ်းချုပ်နာ, မျက်စိနာကို ခတ်ရာ၌ သုံးရာ၏၊ အသံကို ကောင်းစေတတ်၏။

ထောပတ်ကို အိုးနှင့် ထားရာ အပေါ်၌ တက်သော ဆီကြည်ကို **သပွိမဏ္ဍ** ခေါ်သည်။ သူငယ်၌ လည်းကောင်း, လူအို၌ လည်းကောင်း, သလိပ်နာ၌ လည်းကောင်း, အစာမကြေသော အနာ, ကာလနာ၌ လည်းကောင်း, ဆီး, ဝမ်းချုပ်သော အနာ၌ လည်းကောင်း, သေအရက်ကို များစွာသောက်၍ ဖြစ်သော အနာ၌ လည်းကောင်း, ဝမ်းမီးနုံသော အနာ, အဖျားနာ၌ လည်းကောင်း, အားအင်ကုန်ခန်း၍ ချောင်းဆိုးသော အနာ၌ လည်းကောင်း ထောပတ်ကို များစွာ မပေးကောင်း။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘေသဂ်ဟကျမ်း၌ ထောပတ်မျိုးတို့၏ ဂုဏ်ကိုဆိုရာ ဒွါဒသမပိုင်း ပြီး၏။

ဒွါဒသမကဏ္ဍ ပြီး၏။

——— * ———

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၃- တေရသမကဏ္ဍ

ဆီမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၀။ ဆီအမျိုးမျိုးတို့၏ ဂုဏ်

ဆီမျိုးတို့၏ အကျိုးကို ဆိုပေအုံ့–ဆီမျိုးဟူသမျှသည် ဆီမ့်၏၊ စဉ်းငယ် ဖန်၏၊ များသောအားဖြင့် ဆီးဝမ်းချုပ်၏၊ အဆီ သြဇာရှိ၏၊ ကိုယ်အလုံးကို ပျံ့နှံ့စေတတ်၏၊ ပူ၏၊ လေကို အထူးသဖြင့် နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆံပင်နှင့် သင့်၏၊ အရေနှင့် သင့်၏၊ ခေါင်းၠ ဖြစ်သော ဒက်ကို ပျောက်စေတတ်၏။ ဉာဏ်ပညာကို တိုးပွား စေတတ်၏၊ ကြေခဲ၏။

[ဆေး, အစားအသောက် တို့၏ အကျိုးကို ဆိုရာၠ အမှုအား လျော်စွာ ယူရမည်။

ဥပမာကား။ ။ ဤ ဆီအကျိုးတွင် ဆံပင်နှင့် သင့်၏၊ အရေနှင့် သင့်၏၊ လေကို အထူးသဖြင့် နှိုင်၏– ဆိုရာၠ လိမ်းနယ်၍ ဖြစ်သော အကျိုး၊ ကျင်ကြီး, ကျင်ငယ် ချုပ်၏– စသည်ဖြင့် ဆိုရာၠ စားသောက်၍ ဖြစ်သော အကျိုး ဤသို့ အမှုအား လျော်စွာ ယူအပ်ကုန်၏။]

နှမ်းဆီ။ ။ နှမ်းဆီသည် ဆီမ့်၏၊ စဉ်းငယ်ဖန်၏၊ ခါး၏၊ ကြေခဲ၏၊ ဝမ်းမီးချက်၍ ကျက်လျှင် ဆီမ့်၏၊ ပူ၏၊ လိမ်းလျှင် အေး၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကိုယ်ခိုင်ခံ့စေတတ်၏၊ အားကြိုးစေတတ်၏၊ အဆင်းကို လှစေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ပိန်သော သူကို ဝစေတတ်၏၊ ဝသော သူကို ပိန်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ ကိုယ်အလုံးကို ပျံ့နှံ့စေတတ်၏၊ အကြောကို လျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကျင်ကြီး, ကျင်ငယ်ကို ချုပ်စေတတ်၏၊ သားအိမ်ကို သုတ်သင် ရှင်းလင်းစေတတ်၏၊ ဉာဏ်ပညာကို တိုးပွားစေတတ်၏၊ မောပန်းခြင်းကို ပျောက်စေတတ်၏၊ ပေါက်သော အမာ, ဆီးများစွာ သွားသော အနာတို့ကို နှိုင်၏၊ နာ, အင်္ဂါဇာတ်, ဦးခေါင်းကိုက်ခြင်းတို့ကို နှိုင်၏၊ ယားနာ, နှူနာ, ပိုးနာတို့ကို နှိုင်၏၊ လိမ်းနယ်ခြင်း, ကိုယ်ကို လိမ်းခြင်း, ဆံပင်ကို လိမ်းခြင်း, စားသောက်ခြင်း, မုန့်, ဟင်းလျာတို့၌ ခတ်ခြင်း, နှာနှပ်ခြင်း, မျက်စဉ်းခတ်ခြင်း, နားကို ခတ်ခြင်း, ဝမ်းချုပ်သည့် ဆေးနှင့် ဖက်စပ်ခြင်း, ထိခိုက်ရှနကျိုးပဲ့သည်တို့၌ လည်းကောင်း ထိခိုက်သော ကြောင့် ဒဏ်ရာ ရရှိရာ၌ လည်းကောင်း၊ ခွေးစသော သားကောင်တို့ ကိုက်ရာ၌ လည်းကောင်း, အမှောင့် ပယောဂ၌ လည်းကောင်း နှမ်းဆီကိုသာ သုံးဆောင်အပ်ကုန်၏။

ဆီ၌ဟောင်း, သစ်မခြားနား။ ။ ထောပတ်ကို ကျက်အောင် ချက်သော်လည်းကောင်း, တစ်နှစ်ကျော်အောင် ထားသော်လည်းကောင်း ထောပတ် အေးခြင်းသည် ပျောက်၍ အကျိုးအပြစ် တစ်ပုံဖြစ်၏၊ ဆီမူကား ကျက်အောင် ချက်သည် ဖြစ်စေ၊ နှစ်ပေါင်းများစွာ ကြာအောင် ထားသည် ဖြစ်စေ၊ အကျိုးအပြစ် မပြောင်း၊ ပကတိအတိုင်း တည်၏။ ထို့ကြောင့် ထောပတ်၌ ထောပတ်ဟောင်းသည် မည်သည့် အနာမျိုးကို နှိုင်သည်၊ မည်သို့ အကျိုးရှိသည်၊ ထောပတ်သစ်သည် မည်သည့် အနာမျိုးကို နှိုင်သည်၊ မည်သို့ အကျိုးရှိသည်ဟု အဟောင်း, အသစ် နှစ်မျိုးခွဲ၍ ဆိုရသည်၊ ဆီမူကား အဟောင်း, အသစ် အထူး အခြား မရှိ၊ အကျိုးအပြစ် တူကြ၏၊ ဆီ, ထောပတ်တို့ကို ကျက်အောင် ချက်လျှင် ဆီဟောင်း, ထောပတ်ဟောင်းနှင့် အကျိုးအပြစ် စဉ်းငယ် တူ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မုန်ညင်းဆီ။ ။ မုန်ညင်းဆီသည် ဆိမ့်၏၊ တက်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ ရတ္တပိတ်နာကို ဖြစ်စေတတ်၏၊ ယားနာ, နူနာ, ပိုးနာ, သလိပ်နာ, လေနာ တို့ကို နှိုင်၏၊ အဆီခဲ, သုက်တို့ကို ကုန်ခန်းစေတတ်၏၊ မြင်းသရိုက်နာ, ပေါက်သော အမာဒ်ရှိသော ပိုးတို့ကို နှိုင်၏၊ ဦးခေါင်းနာ, နားနာတို့ကို နှိုင်၏။ ဤကား ပကတိ မုန်ညင်းဆီ အကျိုးတည်း။

[မုန်ညင်းနှီ, မုန်ညင်းနက် တို့၏ ဆီတို့သည် ပကတိ မုန်ညင်းဆီနှင့် အကျိုးအပြစ် တူ၏၊ ဆီးကို ချုပ်စေတတ်သည်သာ ကွဲ၏၊ မုန်ညင်းဖြူကိုမူကား ဆီယူ၍ သုံးလေ့ မရှိသောကြောင့် ၎င်းဆီ၏ အကျိုးအပြစ်တို့ကို ဆေးကျမ်းတို့တွင် မဆို။]

ကြက်ဆူဆီ။ ။ ကြက်ဆူရိုးဖြူဆီသည် ဆိမဲ့၏၊ စဉ်းငယ်စပ်၏၊ ခါး၏၊ ကြေခဲ၏၊ ပျစ်၏၊ တက်၏၊ စဉ်းငယ်ဖန်သော အရသာလည်း ရှိ၏၊ ဝမ်းကို သက်စေတတ်၏၊ ဂူနာ, လေဖျဉ်းနာ, ဆီးဝမ်းချုပ်သော အနာ, ချက်အောက်၌ အလုံးဖြစ်သော အနာ, ကျောက်ကုန်းမြီးညောင်းတို့၌ ထိုးကျင့်သော အောင့်သော အနာ, ခါးတောင့်ခိုင်သော အနာ, ကိုယ်ရောင်နာ, သွေးစုနာ, အနာပဆုပ်နာ, အင်ပျဉ် ထသော ဝါတရနာ, သုံးရက် လေးရက်ဖျားပြီးလျှင် ကိုယ်ရောင်သော အာမဝါတနာတို့ကို နှိုင်၏၊ ငှက်ဖျား, ချမ်းဖျား, တုန်ဖျားတို့ကို နှိုင်၏။

ကြက်ဆူရိုးနှီဆီသည် ရိုးဖြူဆီထက် ကြေခဲ၏၊ ပျစ်ချွဲ၏၊ စိမ်းရွှေနု့ရှိ၏၊ ကြက်ဆူရိုးဖြူဆီနှင့် အကျိုးတူ၏။

[ဤ၌ ရိုးဖြူ, ရိုးနှီ နှစ်မျိုးရှိရာ ထန်းလျက်ကျိုရာတွင် မဆူမဝေရအောင် လည်းကောင်း, အစေ့အဆီဖြင့် အိုး နူတ်ခမ်းတွင် သုတ်လိမ်းရသော နိပါးဆိုးရာ၌ လည်းကောင်း, အစေ့ကို ထည့်ရသော မြန်မာ ကြက်ဆူဟု ခေါ်သော ကြက်ဆူဆီကို ယူလေ၊ အရိုး၏ အစေးဖြင့် မြက်ကို ကွင်းလုပ်၍ သူငယ်တို့ မှုတ်၍ ကစားသော စည်းရိုးများမှာ ပေါက်တတ်သော သင်္ဘောကြက်ဆူဟု ခေါ်သော အပင်ကို မယူနှင့်၊ ဤမြန်မာ ကြက်ဆူရိုးသည် ဆေးကျမ်းတို့တွင်လည်း များစွာ အသုံး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရှိသည်။ အနောက် တိုင်းပြည်များမှာလည်း နှမ်းဆီနှင့် ဈေးနှုန်းအတူ ရောင်းဝယ် ကြသည်။]

ဝမ်းနုတ်ဆေး။ ။ ဝမ်းနုတ်ဆေး အမျိုးမျိုးတွင်လည်း လေနာရှိသောသူ, သူအို, သူငယ်, ကိုယ်ဝန်ဆောင် မိန်းမ, ငှက်ဖျား, ချမ်းဖျား, တုန်ဖျားရှိသော သူတို့၌ ဝမ်းနုတ်ရန်ရှိလျှင် ဤမြန်မာ ကြက်ဆူဆီဖြင့်သာ ဝမ်းနုတ်ရာ၏၊ အခြား ဝမ်းနုတ်ဆေးတို့နှင့် ဝမ်းမနုတ်ရာဟူ၍ များစွာသော မာဂဓ, သက္ကဋ္ဌဆေးကျမ်း, သိုးဆောင်းဆေးကျမ်းတို့၌ ဆိုသည်၊ ဆီချိန် တစ်ကျပ်ကကို လေးကျပ်တိုင်အောင် လူအသက်ကြီးငယ်ကို လိုက်၍ ဝမ်းသက်စေလိုသည့်အခါ တိုက်ရသည်။ အစာမကြေဟတ်သူမှာ ကြက်ဆူဆီချိန် နှစ်ကျပ်တွင် (ပေပရမဲအက်စင်) ဆယ်စက်ထည့်၍ ပေးရသည်၊ ဝမ်းမီးထက်သူမှာ နွားနို့ချိန်ကျပ် နှစ်ဆယ်, သုံးဆယ်ခန့် မီးနွေးနွေးစပ်၍ ပေးရသည်။ ဝမ်းပျက်သူ, ဝမ်းကိုက်သူမှာ (လောဒနံ) ခေါ်သည့် ဆေးရည် ဆယ်စက် စပ်၍ ပေးရသည်။

ဘီသွာဆီ။ ။ ဘီသွာဆီသည် ဝမ်းမီးကို တောက်စေတတ်၏၊ ပူ၏၊ ကြေခဲ၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေကို နှိုင်၏၊ မျက်စိနှင့် မသင့်၊ ဥတုအေးလျှင် အခဲ ဖြစ်၏၊ ဆိမ့်၏၊ ချုပ်၏၊ ကျင်ကြိုးကို ပွားများစေတတ်၏၊ အရေခြုံဖြစ်သော ပွေး, ညှင်း, တင်းတိတ် စသော အနာတို့ကို နှိုင်၏၊ လေကို နှိုင်အောင် ဝမ်းချုပ်ရာ, သောက်စေရာ, လိမ်းနယ်ရာ, နှာနှပ်ရာ, နားကို ခတ်ရာ, အစာ စားပြီးနောက် သောက်သော အနုပါနု အရည်မျိုး၌ ခတ်ရာတို့၌ သုံးဆောင်အပ်ကုန်၏။

ရှမ်းနှမ်းဆီ။ ။ ရှမ်းနှမ်းဆီသည် တက်၏၊ ပူ၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းချုပ်၏၊ သွေး, သလိပ်ကို နှိုင်၏၊ အဆိပ်ကို နှိုင်၏၊ ယားနာ, နူနာ, အူတွင်း၌ ရှိသော ပိုးနာတို့ကို နှိုင်၏၊ အဆီခဲနာကို နှိုင်၏၊ ပေါက်သော အမာ၏ ရောင်ရမ်းခြင်းကို လွန်စွာ နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆူးပန်းစေ့ဆီ။ ။ ဆူးပန်းစေ့ဆီသည် ချဉ်၏၊ ပူ၏၊ ကြေခဲ၏၊ စပ်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိနှင့် မသင့်၊ သွေး, သည်းခြေ, သလိပ်တို့ကို ပျက်စေတတ်၏။

ကလိမ်စေ့ဆီ။ ။ ကလိမ်စေ့ဆီသည် ခါး၏၊ ယားနာ, နှုနာတို့ကို နှိပ်၏၊ တက်၏၊ ပိုးနာကို နှိပ်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ (ဆေးကျမ်းတို့၌ ပိုးနာကို နှိပ်၏၊ ပိုးကို နှိပ်၏– ဆိုသမျှကို အူတွင်း၌ ရှိသော သန်ကောင်မျိုးကို နှိပ်သည်ဟူ၍ မှတ်လေ) **ကရဉ္ဇတေလ**ကို သင်းဝင်ဆီဟူ၍ အနက်ပေးသည်ကား မသင့်၊ **ခါး၏၊ တက်၏**– ဆိုသော စကားနှင့်အညီ ကရဉ္ဇ သဒ္ဒါ– သင်းဝင်, ခံ, ကလိမ် အစရှိသော အပင်ခြောက်မျိုးကို ဟောသည်။

လွန်ဆန်ဆီ။ ။ လွန်ဆန်သည် ဆိမ့်၏၊ ကြေခဲ၏၊ သလိပ်ကို ပွားစေတတ်၏၊ များစွာ မပူသောကြောင့် လေ, သည်းခြေကို နှိပ်အောင် သုံးသင့်၏၊

တမာသီးဆန်ဆီ။ ။ တမာသီးအဆန်၏ အဆီသည် သလိပ်ကို နှိပ်၏၊ အရေတွန့်ခြင်း, ဆံပင်ဖြူခြင်းကို နှိပ်၏၊ အေး၏၊ သည်းခြေကို နှိပ်၏၊ အဆီခဲနာကို နှိပ်၏၊ ဝသည်ကို ပိန်စေတတ်၏။

သစ်ဆိမ့်နှင့် ကြို့ဆီ။ ။ သစ်ဆိမ့်ဆန်ဆီသည် ဆိမ့်၏၊ အေး၏၊ ပျစ်ခွဲ၏၊ လေ, သည်းခြေကို နှိပ်၏၊ ကြို့ဆီသည် နှုနာ, ပေါက်သော အမာ, ပိုးတို့ကို နှိပ်၏၊ နံ့သာဖြူဆီသည် စပ်၏၊ ခါး၏၊ ဖန်၏၊ ပူ၏၊ နှုနာ, ပေါက်သော အမာခံတို့ကို နှိပ်၏၊ ပိုးကို နှိပ်၏၊ ဒေဝတာဆီ သည် ဤနံ့သာဖြူဆီနှင့် အကျိုးတူ၏။

မယ်ဇယ်ဆီ။ ။ မယ်ဇယ်ဆီသည် ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ လေ, သလိပ်တို့ကို နှိပ်၏၊ မြင်းသရိုက်နာကို နှိပ်၏။

အုန်းဆီ။ ။ အုန်းဆီသည် ချိုဆိမ့်၏၊ အေး၏၊ အကြောတို့ကို လေးစေတတ်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ လေ, သည်းခြေတို့ကို နှိပ်၏၊ ကျင်ကြီး, ကျင်ငယ်တို့ကို ရွှင်စေတတ်၏၊ ဝမ်းမီးကို ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သစ်ဆိမ့်ဆီ။ ။ သစ်ဆိမ့်ဆီ, သဲလွင်ဆီ, မြေပဲဆီ တို့သည်လည်း ဤအုန်းဆီနှင့်တူသော အကျိုးရှိ၏။

သရက်စေ့ဆီ။ ။ သရက်စေ့ဆီသည် ဆိမ့်၏၊ စဉ်းငယ်ခါး၏၊ အလွန် ကောင်းသော အနံ့ ရှိ၏။ လေ, သလိပ်ကို နှိုင်၏၊ ဩဇာ မရှိ၊ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏။ ဤဆိုခဲ့ပြီးသည်မှ ကြွင်း သော ဆီမျိုးတို့ကို လောကဥ် များစွာ အသုံးမပြုကြကုန်၊ ဆီထွက်ရင်း ဝတ္ထုနှင့် အကျိုးအပြစ် တူကြကုန်၏။ လူတို့ **မွေးသော** သတ္တဝါ, အနှပ အရုပ်၌ ပေါက်ဖွားသော သတ္တဝါ, ရေ၌ ပေါက်ဖွားသော သတ္တဝါ တို့၏ ဆီကြည်, ဆီခဲ, ခြင်ဆီ တို့သည် ဆိမ့်ကုန်၏၊ ပူကုန်၏၊ ကြေခဲကုန်၏၊ လေကို နှိုင်ကုန်၏။

ငါးကြီးဆီ။ ။ အထူးသဖြင့် ပင်လယ်ငါးကြီး၏ အသည်းကို ချက်၍ ရသော အဆီသည် အုန်းဆီနှင့် အကျိုးတူ၏။

ဓာတစ်လုံးဆီ။ ။ ဇင်္ဃာအရုပ်၌ ဖြစ်သော သတ္တဝါ, ဓာတစ်လုံးတည်း ရှိသော သတ္တဝါတို့၏ ဆီကြည်, ဆီခဲ, ခြင်ဆီတို့သည် ကြေလွယ်၏၊ အေး၏၊ ဆိမ့်၏၊ ဖန်၏၊ ရတ္တပိတ်နာကို နှိုင်၏။ ကောက်၍ စားတတ်သော သတ္တဝါ, ယက်၍ စားတတ်သော သတ္တဝါတို့၏ ဆီကြည်, ဆီခဲ, ခြင်ဆီတို့သည် သလိပ်ကို နှိုင်ကုန်၏၊ ထောပတ်ထက်ဆီ, ဆီထက်– ဆီကြည်, ငင်းထက် ဆီခဲ, ငင်းထက် ခြင်ဆီတို့သည် အစဉ်အတိုင်း ကြေခဲကြကုန်၏၊ လေကို နှိုင်ကုန်၏။

ဆီမျိုးသည် ထာဝရဆီ, ဇင်္ဃာဆီဟူ၍ နှစ်မျိုး ရှိ၏၊ သက်ရှိသတ္တဝါမှ ဖြစ်သောဆီသည် ဇင်္ဃာဆီ မည်၏။ သက်မဲ့ ဝတ္ထုမှ ထွက်သော ဆီသည် ထာဝရဆီ မည်၏။

ဇင်္ဃာဆီ။ ။ ဇင်္ဃာဆီသည်လည်း ဆီကြည်, ဆီခဲ, ခြင်ဆီဟူ၍ သုံးမျိုး ရှိ၏၊ သတ္တဝါတို့၏ အသည်း, အသားတို့ကို ရေဖြင့် ပြုတ်၍ ချက်၍ ထွက်သော ဆီသည် ဆီကြည် မည်၏၊ သတ္တဝါတို့၏ ကိုယ်တွင်း၌ အခဲအတိုင်း ရသော ဆီသည် ဆီခဲ မည်၏၊ အရိုးတွင်း၌ ရသော အဆီတောင့်, ဦးခေါင်း၌ တည်သော ဦးနှောက်တို့သည် ခြင်ဆီ မည်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထာဝရဆီသည်လည်း ပုဆိုးအဝတ်တို့ကို စွန်းတတ်သောဆီ, မစွန်းတတ်သော ဆီဟူ၍ နှစ်မျိုး ရှိ၏။

မစွန်းသောဆီ။ ။ ထိုနှစ်မျိုးတို့တွင် မစွန်းတတ်သော ဆီကိုမူကား ဆီယူလိုသော ဝတ္ထုကို ရေဖြင့် ပြုတ်၍ ထွက်သော ရွှေးတွင် ပါသော ဆီကို နုတ်၍ ယူသော အဆီမျိုးဖြစ်သော ပန်းအမျိုးမျိုးဆီ, မွေးသော သစ်ရွက် အမျိုးမျိုးဆီ, စမုန် အမျိုးမျိုးဆီ, ချင်း, ဇာတိပို့လ် အစရှိသော ဆေးမျိုးတို့ အဆီ– အစရှိသည်တို့တည်း။

[ထိုမစွန်းတတ်သော ဆီမျိုးကို ရှေးက မပြုမလုပ် တတ်ကြသောကြောင့် ဆေးကျမ်းတို့တွင် မပါမရှိ။]

စွန်းသောဆီ။ ။ စွန်းတတ်သော ဆီမျိုးသည်လည်း အုန်းဆီကဲ့သို့ ကြည်သော ဆီမျိုး, နှမ်းဆီကဲ့သို့ မကြည်သော ဆီမျိုး, မယ်ဇယ်ဆီကဲ့သို့ အေးလျှင် ခဲတတ်သော ဆီမျိုး, ကြက်ဆူဆီကဲ့သို့ ပျစ်ချဲသော ဆီမျိုး ဟူ၍ လေးမျိုး ရှိ၏။ အမြစ်, အသီး, အပွင့်, အရွက်, ဆေးမျိုးတို့ကို ဆွတ်ခူး နုတ်ယူထားပြီးနောက် တစ်နှစ်ကျော်လျှင် ဟောင်းသောကြောင့် သတ္တိ မရှိ။ အကျိုးမပေး ဖြစ်သည်။ ၎င်းဆေးတို့၏ မစွန်းတတ်သော ဆီကို ထုတ်ယူပြီးလျှင် နှစ်ကာလ အရှည်ထားသော်လည်း သတ္တိ မပျက်၊ အနည်းငယ်မျှလည်း ပေးသုံးရသည်။ အကျိုးပေးလည်း မြန်သည်။ ထိုအကျိုးများကို မြင်သောကြောင့် နောင်အခါ၌ ဖြစ်သော၊ ပသီ ဆေးဆရာ, သိုးဆောင်း ဆေးဆရာတို့သည် မစွန်းတတ်သော ဆီကို နုတ်ယူ သုံးစွဲကြသည် ဟူ၍လည်း မှတ်ရမည်။

၆၁။ ခြေကို ဆီလိမ်းနယ်ခြင်း အကျိုးဂုဏ်

ခြေကို ဆီလိမ်းနယ်ခြင်းသည် ပင်ပန်းခြင်းကို ပျောက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိကို ကြည်လင်စေတတ်၏၊ အိပ်၍ ပျော်စေတတ်၏၊ ခြေ၌ ဖြစ်သော အနာရောဂါတို့ကို နှိုင်၏၊ ဦးခေါင်းမှ မျက်စိကို အုပ်ဆင်း၍ ခြေမနှစ်ဖက်တိုင်အောင် သွားသော အကြောကြီး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နှစ်ခုတို့သည် ရှိကုန်၏၊ ထို့ကြောင့် မျက်စိ ကြည်လင်အောင် ခြေကို ဆီဖြင့် လိမ်းနယ်ရာ၏။

[ရဟန်းတို့၏ ပရိက္ခရာ တစ်ဆယ့်နှစ်မျိုးတွင် ခြေနယ်ဆီ ထည့်ရန် ဆီဘူးကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည်။ မြတ်စွာဘုရားမှ စ၍ ရဟန္တာ အရှင်မြတ် တို့သည်လည်း ဒေသစာရီ လှည့်လည် လိုလျှင် ခြေနယ်ရန် ဆီကို ဘူးနှင့် ထည့်ယူ သွားပြီးလျှင် စခန်း ချတိုင်းချတိုင်း ညဉ့်အခါ ခြေထောက်ကို ဆီနှင့် နယ်ပြီးမှ ရေစင်စွာ ဆေး၍ ကျိန်းတော်မူ ကြသည်။]

ကိုယ်အလုံးကို ဆီဖြင့် လိမ်းနယ်ခြင်းသည် လေနာ, သလိပ်နာ ရှိသော သူ၌ အမြတ်ဆုံးသော ဆေး ဖြစ်၏၊ ကိုယ်ကို ဆီလိမ်းနယ်ခြင်း ထက် လေနာကို နှိုင်သော ဆေးမည်သည် မရှိ၊ ကိုယ်လက် တောင့်တင်းခြင်း၊ လေးလံခြင်းတို့ကို နှိုင်၏၊ အကြောတို့ကို ပျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အရေအဆင်းကို လှပစေတတ်၏၊ ရေဖြင့် သွန်းလောင်းအပ်သော သစ်ပင်သည် တစ်နေ့တခြား တိုးပွားစည်ပင်ဘိ သကဲ့သို့ ဆီဖြင့် လိမ်းအပ်သော ကိုယ်လည်း တစ်နေ့တခြား စည်ပင်တိုးပွား၏။

ဦးခေါင်း ဆီလိမ်းခြင်း လေးပါး

၁။ ဦးခေါင်း၌ ဆီလိမ်းခြင်း **အဇ္ဈင်္ဂ**။

၂။ ဦးထိပ်၌ ဆီကို အစက်အပေါက်ချခြင်း **ပရိသေက**။

၃။ ဂွမ်းကို ဆီများစွာဆွတ်၍ ဦးထိပ်၌ အုံထားခြင်း **ပိစု**။

၄။ ဦးခေါင်းကို နူးညံ့သော သားရေဖြင့် သံပုရာခွံ ဦးထုပ်ကဲ့သို့ စွပ်၍ မတ်ပဲကော်ဖြင့် ပတ်လည်၌ ထေးပြီးလျှင် ဆီနွေးနွေးနှင့် ၎င်းဦးထုပ်အတွင်း ပြည့်အောင် လောင်း၍ ထားခြင်းဟူသော **သိရောဝတ္ထိ**–

ဟူ၍ ဦးခေါင်း၌ ဆီဖြင့် ပြုပြင်ခြင်း လေးမျိုး ရှိ၏၊ ထိုလေးမျိုးတို့တွင် ခေါင်းတုန်သော လေနာ, သားဖွားပြီးနောက် တက်သော မိန်းမ, ခေါင်းကြီး ပြင်းထန်စွာ ကိုက်သော သူ၌ သိရောဝတ္ထိကို ပြုအပ်၏။ ဆံပင်ကောင်းအောင် အဇ္ဈင်္ဂကို ပြုအပ်၏၊ အသင့်အလျော် ခေါင်းကိုက်ရာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၌ ကြွင်းနှစ်ပါးတို့ကို ပြုအပ်၏၊ ဦးခေါင်းကို ဆီဖြင့် စွတ်စိုစေခြင်းသည် ခေါင်း မကိုက်နိုင်, ဆံမဖြူ, သွားမကျိုး, ဆံမကျွတ်ကုန်၊ ဆံပင်၏ အမြစ်တို့သည် ခိုင်ကုန်၏၊ ဆံပင်တို့သည် နက်ကုန်၏၊ မျက်စိနာတို့သည် မဖြစ်နိုင်ကုန်။

၆၂။ နားကို ဆီမပြတ်ခတ်ခြင်း အကျိုးဂုဏ်

နားကို မပြတ် ဆီခတ်ခြင်းသည် နား၌ အညစ်အကြေး စင်ကြယ်ကုန်၏၊ မေးခိုင်သော လေနာ မဖြစ်နိုင်ကုန်၊ နှုတ်ခမ်းနာ မဖြစ်နိုင်ကုန်၊ နားအူခြင်း, နားပိတ်ခြင်း, နားကိုက်ခြင်း မဖြစ်နိုင်ကုန်၊ နားကို ဆီခတ်လိုလျှင် နေဝင်ပြီး နောက်မှ ခတ်အပ်ကုန်၏၊ ဆိတ်ကျင်ငယ်, ရှားစောင်း မြင်းနားရွက်ရည် အစရှိသော အရည်မျိုးကို ခတ်လိုလျှင် နံနက်စာ မစားမီ, ညစာ မစားမီ ခတ်အပ်ကုန်၏၊ ညဉ့်အခါ မခတ်အပ်ကုန်၊ ဆီကိုလည်း နေ့ကို မခတ်အပ်ကုန်။

နားပြည်ယိုလျှင် နားကိုက်လျှင် ဆိတ်ကျင်ငယ်ရည်ကို သိန္ဓော ခတ်၍ မီးနွေးနွေးပြုပြီး၍ နားကို ခတ်လျှင် ပျောက်၏၊ ချင်းစိမ်းကို ထောင်းပြီးလျှင် ညှစ်၍ ယူသော အရည်, သစ်မည်စည်မြစ်အရည်, သိန္ဓော– ဤသုံးပါးကို ဆီနှင့် ဖျော်၍ နွေးနွေးပြု၍ နားကို ခတ်လျှင် နားကိုက် ပျောက်၏၊ မရိုးရွက်ကို ထောပတ်လူး၍ မီးကင်ပြီးလျှင် အရည်ညှစ်၍ယူ၊ နားကို ခတ်၊ နားကိုက် ပျောက်၏။

အဖျားသစ်ရှိသောသူ, အစာမကြေသောသူ, အန်သောသူ, ဝမ်းသက်သောသူ, ဝမ်းချုပ်သောသူ, ဆီးချုပ်သော သူတို့သည် ဆီမလိမ်းနယ်အပ်ကုန်။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌
ဆီမျိုးတို့၏ ဂုဏ်ကို ဆိုရာ တေရသမပိုင်း ပြီး၏။
တေရသမကဏ္ဍ ပြီး၏။

——— * ———

၁၄- စုဒ္ဒသမကဏ္ဍ

ပျားရည်မျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၃- ပျားရည် အမျိုးမျိုးတို့၏ အကျိုးဂုဏ်

ပျားရည်တို့၏ အကျိုးကို ဆိုပေအံ့၊ ရာဇဝေလ္လဘကျမ်း ရာဇနိ ဃဏ္ဍုကျမ်း, ဘာဝပွကာသကျမ်း, သဿုတကျမ်းတို့တွင် ပျားရည်မျိုး တို့ကို အယူဝါဒမညီ ကွဲပြားသည်ကို ညှိနှိုင်း၍ ထုတ်နုတ်ရေးသားပေ အံ့။

ပျားရည်မျိုး ဟူသမျှသည် ချိုဏ်၊ စဉ်းငယ်ဖန်၏၊ အဆီ မရှိ၊ ကြေလွယ်၏၊ အေးဏ်၊ ဝမ်းမီးကို တောက်စေတတ်၏၊ အနည်းငယ် စားလျှင် ဝမ်းချုပ်၏၊ ဝအောင် စားလျှင် ဝမ်းပျော့ပျော့ သွား၏၊ လူကို ပိန်စေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ မျက်စိနှင့် သင့်၏၊ ပေါက် သော အမာကို သုတ်သင်တတ်၏၊ ပေါက်သော အမာကို တင်အပ်၏၊ ကိုယ်အပေါက်ငယ်တို့မှ ဝင်၍ ပျံ့နှံ့တတ်၏၊ အရွယ်ကို ပျိုစေတတ်၏၊ သွေး, လေ, အရသာတို့ သွားလမ်းကို သုတ်သင် ရှင်းလင်းတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လွန်စွာ ကြည်လင်ခြင်းကို ပြုစေတတ်၏၊ အဆင်းကို ကောင်းစေတတ်၏၊ ဉာဏ်ပညာကို မွားစေတတ်၏၊ သုက်ကို မွားစေတတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ နို့နာ, မြင်းသရိုက်နာ, ချောင်းဆိုးနာ, သွေး, သည်းခြေ, သလိပ်, မေဟနာ, မောပန်းသော အနာ, ပိုးနာ, အဆီခဲနာ, ရေတက်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အနာ, အော့နာ, ပန်းနာ, ရှူဟိုက်သော အနာ, ဝမ်းသွန်, ဝမ်းပျက်, ဝမ်းချုပ်သော အနာ, ကိုယ်ပူနာ, ထိခိုက်ရှနသော အနာ, ဓာတ်အားခွန်ကုန်ခန်းသော အနာတို့ကို နိုင်၏။ စဉ်းငယ် လေကို ပျက်စေတတ်၏၊ အရိုးကျိုးကို ဆက်တတ်၏၊ မေထုန်ကို များစွာ မှီဝဲနိုင်၏၊ အားကို ဖြစ်စေတတ်၏၊ အဆိပ်ကို နိုင်၏။

သုသုတကျမ်း၌ကား ကြေလွယ်သောကြောင့် သလိပ်ကို နိုင်၏၊ ပျစ်ခွဲသောကြောင့် လည်းကောင်း, ချိုသောကြောင့် လည်းကောင်း, စဉ်းငယ် ဖန်သောကြောင့် လည်းကောင်း လေ, သည်းခြေကို နိုင်၏ဟု ဆို၏။

ပျားကြီးရည်။ ။ ကြောင်ကျားသော အဆင်းရှိသော ပျားကောင်ကြီးမျိုးသည် **မက္ခိက** မည်၏၊ ဤကား ဘာဝပ္ပကာသကျမ်းအလို၊ သုသုတ, ရာဇဝလ္လဘ, ရာဇနိဃဏ္ဍု ကျမ်းတို့၌ကား ဤပျားကြီးမျိုးသည် **ပုတ္တိက** မည်၏ဟု ဆို၏။

[ဤပျားကြီးရည်သည် နှမ်းဆီနှင့် တူသည်ဟု ဘာဝပ္ပကာသကျမ်း၌ ဆို၏။ ရာဇဝလ္လဘ စသော ကျမ်းတို့၌ကား ဤပျားကြီးရည်သည် ထောပတ်နှင့် တူ၏ ဟုဆို၏။ ထိုသို့ ကွဲပြား သော်လည်း ပျားကြီးရည်သည် နှမ်းဆီနှင့်သာ တူသောကြောင့် ဘာဝ ပ္ပကာသကျမ်း စကားကို အမှန် ယူအပ်၏။]

ထိုပျားကြီးရည်သည် ပျားရည်မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ မျက်စိနာနှင့် သင့်၏၊ ကြေလွယ်၏၊ သုက်ကုန်ခန်းသော အနာ, မြင်းသရိုက်နာ, ထိခိုက်ရှနသော အနာ, ချောင်းဆိုးနာ, ကုတ်ဟီးနာ, ဓာတ်ကုန်ခန်းသော အနာတို့ကို နိုင်၏။

ယင်ပျားငယ်။ ။ အငယ်ဆုံးသော ယင်ပျားမျိုးသည် **ဓဒ္ဒ** မည်၏၊ ထိုပျားရည် အဆင်းကား ညို, ပြာ အဆင်း ရှိ၏၊ ပျားကြီးရည်ထက် ပျစ်၏၊ အထူးအားဖြင့် မေဟနာကို နိုင်၏၊ အေး၏၊ ကြေလွယ်၏၊ လူကို ပိန်စေတတ်၏။

ယင်ပျားလတ်။ ။ ရာဇဝလ္လဘ စသော ကျမ်းတို့၏ အလို- ယင်ပျားလတ်သည် **မက္ခိက** မည်၏၊ ယင်ပျားငယ်ထက် ကြေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

လွယ်၏၊ ဆီအဆင်းနှင့် တူသော အဆင်း ရှိ၏၊ ပျားရည်မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ ဆိုခဲ့ပြီးသော ပျားရည်နှင့် အကျိုး တူ၏။

သစ်ခေါင်းပျား။ ။ ဘာဝပွကာသ ကျမ်းအလို သစ်ခေါင်းပျားသည် **ပုတ္တိက** မည်၏၊ ထိုပျားရည်သည် အချို့, အချဉ်, အခါးအား ဖြင့် သုံးမျိုးတွင် အချို့ရည်သည် ထောပတ်နှင့် တူ၏ဟု ဆို၏၊ ရာဇဝလ္လဘ စသော ကျမ်းတို့၌ကား သစ်ခေါင်းပျားကို **ဒါလ** မည်၏ဟု ဆို၏၊ အဆင်းကိုမဆို ပျားကြီးမျိုးကို ပုတ္တိက၊ ငင်းအရည်သည် ထောပတ်နှင့် တူသည်ဟုသာ ဆိုသည်၊ ကျမ်းချင်း အမည်အခေါ် ကွဲကြသော်လည်း ထောပတ်နှင့် အဆင်းသဏ္ဌာန်, အပျစ်, အကျဲဟူသော ပျားရည်အကျိုးကား ဆေးကျမ်းတို့တွင် တညီတညီး ဆို၏။

သစ်ခေါင်းပျား အချို့ရည်သည် ဘာဝပွကာသ ကျမ်းတွင် ဆိုသည့်အတိုင်း ထောပတ်နှင့် တူ၏၊ ထိုထောပတ်နှင့် တူသော သစ်ခေါင်းပျားရည်သည် ချို၏၊ အဆီ မရှိ၊ ပူ၏၊ သွေး, သည်းခြေ, လေတို့ကို ပျက်စေတတ်၏၊ ကိုယ်ပူနာကို ဖြစ်စေတတ်၏၊ မေဟနာ, မုတ္တကိတ်နာကို နှိုင်၏၊ အိုင်းအမာကို သွေ့ခြောက်စေတတ်၏၊ သုသုတ ကျမ်း၌ကား ထိုပျားရည်၌ အဆိပ်ရောသောကြောင့် လေ, သွေး, သည်းခြေတို့ကို ပျက်စေတတ်၏၊ ပူ၏၊ ယစ်မူးစေတတ်၏– ဟူ၍ ဆို၏၊ အဆင်းသဏ္ဌာန်ကို မဆို၊ သစ်ခေါင်းပျားရည်သည် အဆီ မရှိ၊ ဝမ်းမီးကို တောက်စေတတ်၏၊ အေးအန်သော အနာ, မေဟနာကို နှိုင်၏– ဟု ဆို၏။

ပန်းရက်ရည်။ ။ ဘာဝပွကာသ ကျမ်း၌ကား ပန်းပွင့်တို့မှ ချိုသော ပန်းရက် အရည်တို့သည် ယိုစီး၍ ကျသဖြင့် သစ်ရွက်တို့၌ တင်ရှိသော ပန်းရက်ရည်သည် **ဒါလ** မည်၏ဟု ဆို၏၊ မဓု– **သဒ္ဒါ** ပျားရည်ဟူသောအနက်, ပန်းရက်ဟူသော အနက်၌ ဖြစ်သောကြောင့် ဒါလမဓု– ဟူသည်ကား ပျားတို့ ပြု၍ ဖြစ်သော အရည်ချို မဟုတ်၊ ပန်းပွင့်မှ အလိုလို ယိုစီး၍ ကျသော ပန်းရက်ရည်ပင်ဟု ဆိုလိုသည်။ ချို, ချဉ်, ဖန် ရသာ ရှိ၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သလိပ်ကို နှိုင်၏၊ အဆီ မရှိ၊ နှုတ်ကို မြိန်စေတတ်၏၊ အေးအန်သော အနာ, မေဟနာကို နှိုင်၏– ဟူ၍ ဆို၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကြွင်းသော **ဆတ္တ** မည်သော ပျား, **ဥဒ္ဒါလက** မည်သော မြေပျား, **ဘမရ** မည်သော ပျား, **အဂ္ဃ**မည်သော ပျားတို့ကိုကား ဆေးကျမ်းချင်း အကွဲအပြား မရှိ တညီတညွတ် ဆိုကြ၏။

ပန်းသင်းပျား။ ။ ပိတုန်းနှင့် တူသော ပိတုန်းအောက် ငယ်သော ပျားမျိုးသည် **ဘမရ** မည်၏၊ ထိုပျားကောင်တို့ ပြု၍ ဖြစ်သော အညစ်အကြေး ကင်းသော သန့်ရှင်း စင်ကြယ်သော ဖန်တုံး ကဲ့သို့ ဖြူသော ထောပတ်ကဲ့သို့ ပျစ်သော ပျားရည်သည် ဘမရ မည်၏၊ တရုတ်ပျား, ပန်းသင်းပျား ခေါ်ကြသည်။ ထိုပျားရည်မျိုးသည် တရုတ်ပြည်က များစွာလာသည်။ ဘုတ်ရွာနယ်တွင်လည်း ရံခါစွဲ၍ အံ့လုပ်တတ်၏၊ တောင်ငူနယ်မှာ မပြတ် ဤပျားမျိုး ရှိ၏၊ ပန်းသင်းပျားသည် ကြေခဲ၏၊ အလွန် အေး၏၊ ပျစ်ချွဲ၏၊ ဝမ်းမီးချက်ပြီး နောက်လည်း ချို၏၊ အကြောတို့ကို လေးလံစေတတ်၏၊ ဆီးကို ချုပ်စေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏၊ ဤဘမရဠ်ကား အရပ်ရပ် ဆေးကျမ်းစု သဘော တူကြ၏။

မြေပျား။ ။ ညိုဝါသော၊ အဆင်းရှိသော အလွန်သေးငယ်သော၊ ပျားကောင် ဖြစ်သော များသောအားဖြင့် တောင်ပို့ခေါင်း၏ အလယ်၌ ပျားအုံကို ပြုလုပ်တတ်သော ပျားမျိုးသည် **ဥဒ္ဒါလက** ပျားမျိုး မည်၏။ (မြေပျားဆိုလိုသည်။) ၎င်းအရည်သည် ညိုဝါ အဆင်း ရှိ၏၊ ချို၏၊ စဉ်းငယ်ဖန်၏၊ ဝမ်းမီးချက်ပြီးနောက် ချဉ်၏၊ စပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အင်္ဂါတ်ကို ထကြွစေတတ်၏၊ နှုနာကို နိုင်၏၊ အဆိပ်ကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏။

ထီးအုံပျား။ ။ ဝါကြောင် အဆင်းရှိသော များသောအားဖြင့် ဟိမဝန္တာတောင်၌ နေတတ်သော ရံခါ အခြားသော တောကြီးများ၌လည်း ကျရောက်တတ်သော ထီးနှင့် တူသော ပျားအုံရှိသော ပျားသည် **ဆတ္တ** မည်၏၊ ထိုပျားရည်သည်လည်း ဝါကြောင် အဆင်း ရှိ၏၊ ပျစ်ချွဲ၏၊ ကြေခဲ၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ ပိုးနာ, ရတ္တပိတ်နာ, ဆီးလွန်သော အနာကို နိုင်၏၊ စိတ်ပျံ့လွင့်ခြင်း, ရေငတ်ခြင်း,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မူးဝေခြင်း, အဆိပ်တို့ကို နိုင်၏၊ အခြား ပျားရည်များထက် လူကို ဝစေတတ်၏။

[ဤပျားလည်း ပန်းသင်း ပျားရည်မျိုး တစ်မျိုးပင်တည်း၊ ပျားလည်း ကျမ်းသုံးဆောင် ညီကြ၏၊ ရှေးအခါ ဧရက္ကာရ မည်သော ရသေ့ နေသော တောဌ ပေါက်သော ယိုစီးသော သစ်မည် စည်ပင်၏ အစေးကို ပျားကောင်တို့သည် စုပ်ယူ၍ ပျားအုံ လုပ်သဖြင့် ဖြူသော အဆင်း ရှိသော ပျားရည် ဖြစ်၏၊]

အလ္လပျား။ ။ ထိုပျားမျိုးသည် နောင်အခါ **မာလဝ** အရပ်သို့ ရောက်လာ၏၊ ဝါသော အဆင်း ထက်သော နှုတ်သီးရှိသော ပိတုန်းနှင့် တူသော ပျားကောင်မျိုးသည် ပြုအပ်သော ပျားရည်သည် အလ္လမည်၏၊ ထိုပျားရည်သည် မျက်စိနှင့် သင့်၏၊ ချို၏၊ စဉ်းငယ်ဖန်၏၊ ဝမ်းမီးချက် ပြီးနောက် စပ်၏၊ ခါး၏၊ သလိပ်, သည်းခြေကို အလွန် နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ကိုယ်ကို စည်ပင်တိုးပွားစေတတ်၏။

ပျားရည်ချက်ဆေး။ ။ ပျားရည်၏ ရှစ်ပုံတစ်ပုံဖြစ်စေ, ကိုးပုံတစ်ပုံ ဖြစ်စေ ရေထည့်၍ချက်၊ ပျစ်ချဲလျှင် ယူ၍ ရေ၌ တစ်စက်ချ၊ မြုပ်လျှင် ပျားရည် ကျက်၏၊ မမြုပ်လျှင် မကျက်၊ သွေးဝမ်းကျနာ၌ လည်းကောင်း, ဝမ်းပျက်နာ၌ လည်းကောင်း သီးသီးမှည့်နှင့် ပျားရည်သည် လွန်စွာ သင့်၏၊ ကြက်သွန်ဖြူကို ပျားရည်နှင့် နယ်၍စား၊ ချောင်းဆိုးနာ, ပန်းနာ, ပိုးနာတို့ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ မျက်စိကို ကြည်လင်စေတတ်၏၊ ဉာဏ်ပညာကို ပွင့်စေတတ်၏၊ စမုန်နက်မှုန့်ကို ပျားရည်နှင့် ဖျော်၍လျက်၊ အစာကြေပြီးနောက် နွားနို့ကို သောက်၊ အားခွန် ကုန်ခန်းသော အနာ, ချောင်းဆိုးနာ, ပန်းနာ, ဂူနာ, ဝမ်းတို့ကို ပျောက်စေတတ်၏၊ ကြစုသီးမှုန့်နှင့် ပျားရည်ကို ဖျော်၍ လျက်လျှင် အော့အန်ခြင်းကို နိုင်၏၊ သလိပ်ကို နိုင်၏၊ ကျက်ပြီးသော ပျားရည်သည် ချို၏၊ အဆီ သြဇာရှိ၏၊ ဝစေတတ်၏၊ အချိန်လေး၏၊ ကြေခဲ၏။

ပျားရည်သစ်။ ။ ပျားရည်အသစ်သည် လူကို ဝစေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ သလိပ်ကို များစွာ မနိုင်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပျားရည်ဟောင်း။ ။ ပျားရည်ဟောင်းသည် ဝမ်းချုပ်၏၊ အဆီ သြဇာ မရှိ၊ အဆီခဲနာကို နှိုင်၏၊ သလိပ်ကို နှိုင်၏၊ လူကို အလွန် ပိန်စေတတ်၏၊ (ပျားရည်သည် လည်းကောင်း, သကြားရည် သည် လည်းကောင်း, ကြံတင်လဲ, ကြံသကာသည် လည်းကောင်း, တစ်နှစ်ကျော်လျှင် အဟောင်းဆိုရာ၏။) ပျားရည်မည်သည် အေးသော သဘော ရှိ၏၊ သို့ဖြစ်၍ မျက်စိကို ခတ်သော်လည်း မစပ်၊ ပူသော ပန်းပွင့်, အဆိပ်မျိုး ဖြစ်သော ပန်းပွင့်တို့၏ အရည်ကို စုပ်၍ ပျားအုံ လုပ်သော်လည်း ပျား၏ အစွမ်းသတ္တိကြောင့် ပျားရည်သည် အေးမြ ဖြစ်၏၊ သို့ဖြစ်လျက် ပူသော ပျားရည်ဖြစ်မူ အဆိပ်ဟူ၍ မှတ်အပ်၏။

ပျားဖယောင်း။ ။ ဖယောင်းသည် နူးညံ့၏၊ အဆီသြဇာ ရှိ၏၊ အမှောင့် ပယောဂကို နှိုင်၏၊ ပေါက်သော အမာကို တင်သင့်၏၊ လေနာ, နူနာ, ဝက်သက်နာ, သွေးနာတို့ကို နှိုင်၏။

[ထို့ကြောင့် ဘရင်ကို ခင်ကြီးများ ကျောင်းမှာ ငါးဆီတိုင်, ရေနံဆီ များကို တရားဟောသော အခါ မထွန်းရ၊ ဖယောင်းတိုင် ကိုသာ ထွန်းရသည်။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ ပျားရည်တို့၏ ဂုဏ်ကို ဆိုရာ စုဒ္ဓသမဝိုင်း ပြီး၏။

စုဒ္ဓသမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၅- ပန္နရသမကဏ္ဍ

ကြံမျိုး, သကာမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၆၄။ ကြံအမျိုးမျိုးတို့၏ အကျိုးဂုဏ်

ကြံမြစ်။ ။ ကြံမျိုးတို့၏ အကျိုးကို ပြပေအံ့။ – ကြံသည် ရတ္တပိတ်နာကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏။ ကြေခဲ၏၊ အေး၏၊ အဆီသြဇာ ရှိ၏၊ ဝမ်းမီးချက်ပြီး နောက်လည်း ချို၏၊ ဆီးကို ရွှင်စေတတ်၏၊ ဤကား ကြံမျိုးဟူသမျှတို့၏ ကြံမြစ်၏ အကျိုးကို ဆိုသော စကားတည်း။

ကြံဖြူ။ ။ **ပုဏ္ဍရိက** မည်သော အရင်းကြီးသော ကြံဖြူမျိုးသည် လေ, သည်းခြေကို နိုင်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ အလွန် အေး၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ **ဘီရုက** မည်သော အရင်းသေးသော ကြံဖြူမျိုးသည်လည်း အကျိုးတူ၏၊ **ကောသကာရ** မည်သော ဝါးနှင့် တူသော အခေါင်းရှိသော ကြံငယ်မျိုးသည် အေး၏၊ ကြေခဲ၏၊ ရတ္တပိတ်နာ, အားခွန် ကုန်ခန်းခြင်းတို့ကို နိုင်၏။

ကြံနက်။ ။ **တန္တာရုဿ** မည်သော ကြံနက်မျိုးသည် ကြေခဲ၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ အသံကို ကောင်းစေတတ်၏။

ကြံကြီး။ ။ **ဝံသက** မည်သော အဆစ်ရှည်၍ အခေါင်းရှိသော ဝါးနှင့် တူသော ကြံကြီးမျိုးသည် အကြောကို မလေးစေတတ်၊ ကြေလွယ်၏၊ အပြစ် မရှိ၊ စဉ်းငယ် ငန်၏၊ ခိုင်မာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကြဲဆစ်စိပ်။ ။ **သတပဗ္ဗ, သတပေါရ** လည်းမည်သော အဆစ်စိပ်သော အဆစ်များသော ကြဲမျိုးသည် ကောသကာရကြဲမျိုးနှင့် အကျိုး တူ၏၊ စဉ်းငယ် ငန်၏၊ စဉ်းငယ် ပူ၏၊ အထူးအားဖြင့် လေကို နိုင်၏။

ကြဲရိုင်း။ ။ **တာပသုစ္ဆ** မည်သော တောဋ္ဌ အလျောက် ပေါက်သော ကြဲရိုင်းမျိုးသည် နူးညံ့၏၊ ချို၏၊ နှုတ်ကို မြိန်စေတတ်၏။ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏။

ဆူးရှိကြဲ။ ။ **ကဏ္ဏစ္ဆ** မည်သော ဆူးရှိသော ကြဲမျိုးသည် တာပသုစ္ဆနှင့် တူ၏၊ လေကို ပျက်စေတတ်၏။

ကြဲ ၄-မျိုး။ ။ **သုစိပတ္တ** မည်သော အရွယ်ငယ်သော ကြဲမျိုး, **ဒီဃပတ္တ** မည်သော အရွက်ရှည်သော ကြဲမျိုး, **နီလပေါရ** မည်သော အဆစ်ညိုသော ကြဲမျိုး၊ နေပါလ မည်သော နေပန်နိုင်ငံက ထွက်သော ကြဲမျိုး တို့သည် ပူ၏၊ စဉ်းငယ် ဖန်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ လေကို ပျက်စေတတ်၏။

ကြဲနီ။ ။ **မနောရတ္တ** မည်သော ကြဲနီမျိုးသည် လေကို နိုင်၏၊ ရေငတ်သော အနာကို နိုင်၏၊ အလွန် အေး၏၊ ချို၏၊ ရတ္တပိတ်နာကို အလွန် နိုင်၏။

ကြဲနု။ ။ နုသော ကြဲရည်သည် သလိပ်ကို ပျက်စေတတ်၏၊ အဆီခဲနာ, ဆီးသွန်သော အနာကို ဖြစ်စေတတ်၏။

ကြဲပျို။ ။ ကြဲပျိုသည် လေကို နိုင်၏၊ ချို၏၊ စဉ်းငယ် တက်၏၊ သည်းခြေကို နိုင်၏။

ကြဲအို။ ။ ကြဲအို ကြဲရင့်သည် ရတ္တပိတ်နာကို နိုင်၏၊ ထိခိုက်ရှနသော အနာကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ **အင်္ဂါဇာတ်**တို့ကို ထကြွစေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကြွ၏ အရင်းသည် အလွန် ချို၏၊ အလယ်သည် အသံ့်အလျော် ချို၏၊ အဖျားနှင့် အဆစ်သည် ငန်၏။

၆၅။ အမြစ်မျိုး ငါးပါးတို့၏ဂုဏ်

ကြံမြစ်, မြေဓာမြက်မြစ်, မြာမြက်မြစ်, ကိုင်းမြစ်, သမန်းမြက်မြစ် ဤမြစ်မျိုး ပဥ္စမူငါးပါးသည် သည်းခြေကြောင့် ဖြစ်သော ဆီးချုပ်နာကို နှိုင်၏၊ ဆေးကျမ်းဆရာတို့ကား ကြံနက်မြစ်ကို ကြိုက်သည်။

၆၆။ ကြံရည်တို့၏ အကျိုးအပြစ်ဂုဏ်

ကြံရည်သန့်။ ။ ကြံ၏ အခွံကို သင်၍ အဖျားအဆစ်တို့ကို ပယ်၍ သန့်ရှင်းစွာ လတ်လတ်လောလော ညှစ်၍ ယူသော အရည်, ဤကဲ့သို့ သန့်ရှင်းစွာ ပြု၍ စုပ်ယူအပ်သော အရည်တို့သည် သည်းခြေနာ, သွေးနာတို့ကို နှိုင်၏၊ အေး၏။ သလိပ်ကို ပွားစေတတ်၏။

အဆစ် အဖျား အခွံများကို မသုတ်သင်ဘဲ သကြား, ကြံသကာ ချက်ရန် အများအပြား ကြိတ်ယန္တရားဖြင့် ညှစ်ယူအပ်သော ကြံရည်သည် ချုပ်၏၊ ကြေခဲ၏၊ ပူ၏၊ မသန့်မရှင်း ဖြစ်သောကြောင့် မသောက်ကောင်း။

ကြံရည်မသန့်။ ။ အချိန်လွန်၍ ချဉ်သော, သိုးသော ကြံရည်သည် ကြေခဲ၏၊ လေကို နှိုင်၏၊ ဆီးဝမ်းတို့ကို ရွှင်စေတတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ရသ အစရှိသော ဓာတ်ခုနစ်ပါးကို ခန်းခြောက်စေတတ်၏။

ကြံရည်ကျက်။ ။ လေးပုံတစ်ပုံခန့် ခန်းအောင် ချက်၍ ကျက်ပြီးသော ကြံရည်သည် ကြေခဲ၏၊ အဆီဩဇာ ရှိ၏၊ စဉ်းငယ်တက်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဂူနာ, ဝမ်းချုပ်သော အနာကို နှိုင်၏၊ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၆၇။ ကြံရည်ကို အသုံးပြုရာ၌ အယူအဆ မတူကြပုံ

ကြံအရည်ကို အမျိုးမျိုး လုပ်ဆောင် ပြုပြင်ရာ၌ ဆေးကျမ်း ဆရာတို့ အယူ မတူကြ။

၁။ သုသုတ ဆေးကျမ်း၌ ကြံရည်ကို ချက်ရာ ရှေးဦးစွာ **ဖာဏိတ** ဖြစ်သည်၊ ထိုနောက် **ဂုဠ**၊ ထိုနောက် **မစ္ဆဏ္ဍိ**၊ ထိုနောက် **ခဇ္ဇ**၊ ထိုနောက် **သက္ကရ** ဖြစ်ကြောင်းနှင့် ဆိုသည်။

၂။ ဒဇ္ဇဂုဏာပကာသ ဆေးကျမ်း၌ကား ဖာဏိတ၊ ထိုနောက် ဂုဠ၊ ထိုနောက် ခဇ္ဇ၊ ထိုနောက် မစ္ဆဏ္ဍိ၊ ထိုနောက် သက္ကရ ဖြစ်ကြောင်းနှင့် ဆိုသည်။

၃။ ဘာဝပ္ပကာသ ဆေးကျမ်း၌ကား ဖာဏိတ၊ ထိုနောက် မစ္ဆဏ္ဍိ၊ ထိုနောက် ဂုဠ၊ ထိုနောက် ခဇ္ဇ၊ ထိုနောက် သက္ကရ ဖြစ်ကြောင်းနှင့် ဆိုသည်။

ကြံရည်အဖြစ် ၅- ပါး။ ။ ဤအယူသုံးမျိုးတွင် သုသုတ ဆရာအလိုအားဖြင့် ကြံရည်ကို သုံးပုံတစ်ပုံ ခန်းအောင် ချက်လျှင် ဖာဏိတ ဖြစ်၏၊ ထက်ဝက်ခန်းအောင် ချက်လျှင် ဂုဠ ဖြစ်၏၊ လေးပုံ တစ်ပုံ ကြွင်းအောင် ချက်လျှင် မစ္ဆဏ္ဍိ ဖြစ်၏၊ မစ္ဆဏ္ဍိသည် ရေကုန်၏၊ ကြံသကာ အခဲ ဖြစ်၏၊ ၎င်းအခဲကို သကြားကြမ်းဖြစ်အောင် ချက်လျှင် ခဇ္ဇ ဖြစ်၏၊ ၎င်းသကြားကြမ်းကို ဖြူအောင် လုပ်လျှင် သက္ကရ ဖြစ်၏။

ဒဇ္ဇဂုဏာပကာသ ဆရာကား ကြံသကာကို ခဇ္ဇ၊ သကြားကြမ်း ကို မစ္ဆဏ္ဍိ၊ သကြားဖြူကို သက္ကရ ဆိုသည်၊ သကြားကြမ်းသည် ငါးဥနှင့် တူသောကြောင့် မစ္ဆဏ္ဍိ ခေါ်သည်။

ဘာဝပ္ပကာသ ဆရာအလို ကြံရည်ကို သုံးပုံတစ်ပုံ ခန်းအောင် ချက် ဖာဏိတ ဖြစ်၏၊ ထက်ဝက် ကြွင်းအောင်ချက် မစ္ဆဏ္ဍိ ဖြစ်၏၊ မန္ဒသန္ဓ- စဉ်းငယ် ယိုစီးအောင် အရည် ရှိသောကြောင့် မစ္ဆဏ္ဍိ ဆိုသည်၊ လေးပုံတစ်ပုံကြွင်း ရေကုန်အောင် ချက် ဂုဠ- ကြံသကာ အခဲ ဖြစ်၏၊ ၎င်းအခဲကို ပြုလုပ်သော သကြားကြမ်းသည် ခဇ္ဇ မည်၏၊ (၎င်းသကြား အကြမ်းကို သကြားဖြူ ဖြစ်အောင် လုပ်လျှင် သက္ကရမည်၏- ဟူလို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သည်။) ထိုအယူ သုံးမျိုးတွင် ဒဗ္ဗဂုဏာပကာသဆရာ အယူအားဖြင့် ယခု အနောက်ပြည်များမှာ ခေါ်ဝေါ်သုံးစွဲကြလေသည်။

၆၈။ ဖာဏိတစသော သကြားအမျိုးမျိုးတို့၏ ဂုဏ်

၁- **ဖာဏိတ**။ ။ ထိုအယူအတိုင်း အကျိုးတို့ကို ဆိုပေအံ့၊ ဖာဏိတသည် ကြေခဲ၏၊ အကြောကို လေးလံစေတတ်၏၊ ဝစေတတ်၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏။

၂- **ဂုဠ**။ ။ ဂုဠသည် ကြေခဲ၏၊ စဉ်းငယ် ငန်၏၊ အဆီဩဇာ ရှိ၏၊ သုက်ကို ပွားစေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏၊ အဆီခဲ, အား, သလိပ်တို့ကို ဖြစ်စေတတ်၏၊ ပိုးကို ပွားစေတတ်၏၊ ဤကား ဂုဠအသစ်၏ အကျိုးတည်း၊ ဟောင်းသော ဂုဠသည် အထူးသဖြင့် လူနှင့် သင့်၏၊ ချိုး၏၊ အဆီဩဇာ ရှိ၏၊ လေ, သည်းခြေကို နှိုင်း၏၊ သွေးကို ကြည်လင်စေတတ်၏။

၃- **ခဏ္ဍ**။ ။ ခဏ္ဍသည် သုက်ကို လွန်စွာ ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိနှင့် သင့်၏၊ လွန်စွာ ဝစေတတ်၏၊ လေ, သည်းခြေကို နှိုင်း၏၊ စဉ်းငယ် အဆီဩဇာ ရှိ၏၊ နှလုံးကို နှစ်သက်စေတတ်၏။ နူတ်ကို မြိန်စေတတ်၏။

၄- **မစ္ဆဏ္ဍိ**။ ။ သကြားကြမ်း ဖြစ်သော မစ္ဆဏ္ဍိသည် ခဏ္ဍနှင့် အကျိုး တူ၏၊ စဉ်းငယ် အေး၏၊ အော့အန်သော အနာကို လွန်စွာ နှိုင်း၏၊ (ထိုသကြားကို ဘင်္ဂါလီတို့က **မိဆရီ** ခေါ်သည်။)

၅- **သကြားဖြူ**။ ။ သကြားဖြူသည် ချို၏၊ အေး၏၊ အဆီဩဇာ မရှိ၊ လေ, သည်းခြေ, သွေးအနာ, ပူလောင်သော အနာတို့ကို နှိုင်း၏၊ မူးဝေခြင်း, အော့အန်ခြင်း, အဖျားတို့ကို နှိုင်း၏၊ သုက်ကို ပွားစေတတ်၏၊ ထိခိုက် ရှနသော အမာတို့ကို နှိုင်း၏၊ ရေတိခြင်းကို နှိုင်း၏၊ အားခွန် ကုန်ခန်းခြင်းကို ပျောက်စေတတ်၏၊ (ဤသကြားဖြူကို ဘင်္ဂါလီတို့က **စိနီ** ခေါ်သည်၊ ပသီတို့က ဒိုပါလာ ခေါ်သည်။) အပွင့်ငယ်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သကြားဖြူသည် အေး၏၊ ကြေလွယ်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ အပွင့်ကြီးသော သကြားဖြူသည် (မှန်ရောင် သကြားဖြူသည်လည်း ဟူ၏။) ကြေလွယ်၏၊ အေး၏၊ လေ, သည်းခြေကို နှိုင်၏၊ အသံကို ကောင်းစေတတ်၏။

[သကြားဖြူ ဟူသမျှသည် အချိုပင် ဖြစ်သော်လည်း သလိပ်ကို မပွားစေတတ်၊ မပျက်စေတတ်၊ သို့ဖြစ်၍ သလိပ် ရှိသော သူကို အချို ပေးလိုလျှင် သကြားဖြူကိုသာ ပေးရသည်။ ဤကြံရည်ကို ပြုလုပ်၍ ဖြစ်သော ဝတ္ထုတို့သည် ဖာဏိတက စ၍ သက္ကရ ဟူသော သကြားဖြူ တိုင်အောင် တစ်ဆင့်ထက် တစ်ဆင့် အေးကုန်၏၊ ကြေလွယ်ကုန်၏၊ မပြတ် စားသုံးဖို့ လူနှင့် သင့်၏၊ ကြွင်းသော ဝတ္ထုများမှာ အနှားအားလျော်စွာ ဆေးနှင့်သာ ဖက်တွဲ၍ ပေးအပ်ကုန်၏။]

သစ်မည်စည်ပွင့်ကို ရေ တစ်ဆယ့်ခြောက်ဆ ထည့်ပြီးလျှင် လေးပုံတစ်ပုံ ကြွင်းကျိုး၍ အရည်ကို စပ်ပြီးနောက် ပျစ်ချွဲအောင် ချက်အပ်သော သစ်မည်စည်ပွင့် ဖာဏိတသည် ချို၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ စဉ်းငယ် ဖန်၏၊ ဆီးကို ချုပ်စေတတ်၏။

ပျားရည်ကို ချက်၍ ဖြစ်သော သကြားဖြူသည် အဆီသြဇာ မရှိ၊ ကြေခဲ၏၊ အေး၏၊ စဉ်းငယ် ဖန်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ အော့အန်သော အနှာ, ဝမ်းပျက်နှာ, ရေငတ်သော အနှာ, ကိုယ်ပူနှာ, သွေးနာတို့ကို နှိုင်၏၊ ဝက်မြေဖြူဥကို ချက်၍ ဖြစ်သော သကြားသည် စဉ်းငယ် ခါး၏၊ စဉ်းငယ် ဖန်၏၊ ချို၏၊ သလိပ်ကို နှိုင်၏၊ အသံကို ကောင်းစေတတ်၏။

[မုန်လာနီဥကို ချက်၍ ဖြစ်သော သကြား, ထန်းလျက်ကို ချက်၍ ဖြစ်သောသကြား, နို့မျိုးကို ချက်၍ ဖြစ်သော သကြားတို့သည် ရှေးက မရှိ၊ နောက်ကာလမှ ဖြစ်သော သကြားမျိုး ဖြစ်သောကြောင့် ဆေးကျမ်းတို့တွင် အထူး မဆို။ သို့သော်လည်း ဝက်မြေဥကို ချက်၍ ရသော သကြားနှင့် အကျိုးတူရန် ရှိသည်။]

———

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၆၉။ သကြားဖြူကို ဓာတ်ခွဲပုံ

သကြားဖြူကို ဓာတ်ခွဲလျှင် မီးသွေးတစ်ဆယ့်နှစ်ပုံ၊ (ဟိုက်ဒရော်ဂျင်း) တစ်ဆယ့်တစ်ပုံ၊ (အောက္ကစီဂျင်း) တစ်ဆယ့်တစ်ပုံ ရှိ၏။ သကြားဖြူ ချိန်ကျပ်ငါးဆယ်တွင် ရေချိန်ကျပ် နှစ်ဆယ် တည့်၍ ရေကျပ်တစ်ဆယ် ခန်းအောင်ချက်၊ ချ၍ ထားပြီးလျှင် အေးသည့်နောက် ရေပြန်ကျပ်တစ်ဆယ် ထပ်၍ထည့်၊ ချက်ပြီး သကြားရည် ဖြစ်၏၊ သကြား ပေးရမည် ဆိုသည့်အရာမှာ ဤသကြားရည်ကို ရေနှင့် ရောပေး၊ နို့မျိုးမှ ထွက်သော သကြားကို ဓာတ်ခွဲလျှင် မီးသွေး နှစ်ဆယ်လေးပုံ၊ (ဟိုက်ဒရောဂျင်း, အောက္ကစီဂျင်း) ဓာတ်နှစ်ပါးလည်း နှစ်ဆယ့်လေးပုံစီ ရှိကြ၏။

၇၀။ ရှုလပတ်ရည်လုပ်နည်း

သိုးဆောင်းလူမျိုးတို့ ရှုလပတ်ရည် လုပ်နည်း-

၁။ ရှောက်ချဉ်သီးအရည် တစ်ပင်,

၂။ သကြားရိုင် နှစ်ပေါင်နှင့် လေးပုံတစ်ပုံ,

၃။ ရှောက်သီးအခွံကို ထောင်းပြီးလျှင် ညှစ်၍ ယူသော အရည် နှစ်အောင်စ-

၎င်းအလုံးစုံကို အိုးနှင့် ထည့်၍ မီးပေါ်မှာချက်၊ သကြားအလုံးစုံ အရည်ဖြစ်လျှင် စစ်၍အေးအောင် ထားပြီးလျှင် ဘူးနှင့် သွတ်၊ လုံစွာပိတ်၊ နှစ်ကာလ အရှည်ခံသော ရှုလပတ်ရည် ဖြစ်၏၊ သောက်သော အခါ ရေ သင့်လျော်ရုံ ရော၍သောက်၊ အောင်စ၏ ထက်ဝက်ထက် ပို၍ မပေးရာ၊ ဤရှောက်ရည်နှင့် လုပ်သည့် နည်းအတိုင်း တလဲချဉ်သီး အရည်ဖြင့်လည်း လုပ်ရာ၏။

၇၁။ ဆေးကျမ်းမှ လာသော ရှုလပတ်ရည် လုပ်နည်း

သက္ကဋ ဆေးကျမ်းတို့တွင် လာသော ရှုလပတ်ရည် လုပ်နည်းကို ဆိုပေအံ့။- သကြားဖြူချိန် ကျပ်တစ်ဆယ်, ရေချိန်ကျပ်ခြောက်ဆယ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထည့်၍ ရေတစ်ဝက် ခန်းပြီးလျှင် ကျပ်လေးဆယ် ကျန်အောင်ချက် အေးသောကာလ သင်္ဘောဖာလာ, လေးညှင်း, ငရုတ်ကောင်းတို့ကို မီးသင်းပြီး အမှုန့်နှင့် ပရုတ်စဉ်းငယ်စပ်၍ ၎င်းအမှုန့်ကို မွေးလောက်ရုံ ခတ်။ (ပါဠိဘာသာ သက္ကရောဒက၊ ဟိန္ဒူ, ပသိလူမျိုးတို့ ဘာသာရှလပတ်ရည် ခေါ်သည်။) အေး၏၊ သုက်ကို မွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကြေလွယ်၏၊ ချိ၏၊ လေ, သည်းခြေကို နိုင်၏၊ မူးဝေခြင်း, အော့အန်ခြင်း, ရေငတ်ခြင်း, ကိုယ်ပူခြင်း, အဖျားတို့ကို လွန်စွာ နိုင်၏၊ ၎င်း ရှလပတ်ရည် ခြောက်ပုံ, ရှောက်ရည် တစ်ပုံစပ်လျှင် ရှောက်အဖျော်ရည် ဖြစ်၏။ (မသိသူတို့က ရှောက်ဖျော်ရည်ကို ရှလပတ်ရည် ခေါ်ကြသည်။) ရှောက်ဖျော်ရည်သည် ချိချဉ် ရှိ၏၊ လေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အစာ ဟူသမျှကို ကြေစေတတ်၏။

၇၂။ ဖျော်ရည်လုပ်နည်း

မန်ကျည်းဖျော်ရည်။ ။ မန်ကျည်းသီးမှည့်ကို ရေအေးနှင့် နယ်၍ သကြားဖြူနှင့် သင့်လျော်အောင်ခတ်၊ မီးသင်းပြီး ငရုတ်ကောင်း, လေးညှင်း, ဖာလာမှုန့်နှင့် ပရုတ်ကိုလည်း မွေးအောင်ခတ်၊ မန်ကျည်းဖျော်ရည် ဖြစ်၏၊ မန်ကျည်းဖျော်ရည်သည် လေကို နိုင်၏၊ သလိပ်, သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို နှံ့စေတတ်၏။

သရက်ဖျော်ရည်။ ။ သရက်သီးစိမ်းကို ရေနှင့် ပျော့အောင်ပြုတ်၍ မန်ကျည်းသီးမှည့် ဖျော်ရည်ကဲ့သို့လုပ်၊ သရက်သီးဖျော်ရည် ဖြစ်၏၊။

[ပဏ္ဏာ မည်သော အိမ်ရှေ့မင်း၏ သားတော် ငါးယောက်တို့တွင် သားတော်အလတ် ဘီမသေန မင်းသားသည် ရှေးဦးစွာ ပြုလုပ်အပ်သောနည်း။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သရက်သီးစိမ်း ဖျော်ရည်သည် အစာ မစားလို ထမင်းစား ပျက်သော သူတို့ကို အလျင်အမြန် စားစေချင်တတ်၏၊ အားကို ဖြစ်စေတတ်၏၊ အလျင်အမြန် မျက်စိ, နား, မျက်နှာ, အစရှိသော ကျန်ခြေတို့ကို ပြည့်ဖြိုး ကြည်လင်စေတတ်၏။

နံနံစေ့ဖျော်ရည်။ ။ မီးသင်းပြီး နံနံစေ့ကို ညက်အောင် ကြိတ်၍ ခေါင်းပေါင်းနှင့် ထုပ်ပြီးလျှင် မြေအိုးသစ်နှင့် ထည့်၍ ဆိုခဲ့ပြီးသော သကြားရည် ထည့်၍ တစ်ရက်စိမ်ပြီးလျှင်ထား၊ နံနံစေ့ ဖျော်ရည် ဖြစ်၏၊ နံနံစေ့ ဖျော်ရည်သည် ဆီးကို ရှင်းစေတတ်၏၊ ကိုယ်ပူနာကို နိုင်၏၊ သည်းခြေကို လွန်စွာ နိုင်၏။

[ဆေးကျမ်းတို့၌ လာသော နှုတ်မမြိန်သော အနာကို အရုစိနာ ခေါ်သည်။ ထိုအရုစိနာသည် အစားအသောက်များကို မစား မသောက်လိုသော အရုစိနာ, စကား မပြောလိုသော အရုစိနာ ဟူ၍ နှစ်မျိုး ရှိသည်၊ နှုတ်ကို မြိန်စေတတ်၏– ဆိုသော ဆေးဝါး အစားအသောက်တို့သည် ထိုအနာကို ပျောက်စေတတ်၏– ဆိုလိုသည်။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ ကြဲမျိုး, သကာမျိုးတို့၏ ဂုဏ်ကို ဆိုရာ၌ ပန္နရသမပိုင်း ပြီး၏။

ပန္နရသမကဏ္ဍ ပြီး၏။

——— * ———

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၆- သောဠသမကဏ္ဍ

သန္ဓာနမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၇၃။ အသီး အပွင့် အရွက် အမြစ်ကို စု၍ ပုန်းရည်လုပ်နည်း

သန္ဓာနတို့ကို ဆိုပေအံ့။- သန္ဓာန ဟူသည်ကား- တစ်စုံတစ်ခု သော အသီး, အရွက်, အမြစ် စသော အစာမျိုး, ဆေးမျိုးကို ပကတိ ရေ, အသီးရည် စသည်ကို သော်လည်းကောင်း၊ အသီးရည် စသည်တို့ ချည်းသက်သက်ကို သော်လည်းကောင်း၊ မြင့်ရှည်စွာ ထား၍ ကစော် ပေါက်သည်ကို ဆိုသည်။

ပုဂံပုန်းရည်။ ။ စပါးမျိုး, ပဲမျိုးတို့ကို ပြုတ်၍ ရသော အရည်ကို ချဉ်အောင်ထား၊ **ကဋ္ဌိက** ဖြစ်၏။ မြန်မာနိုင်ငံ၌ကား ပဲပိစပ် ပြုတ်ရည်ကိုသာ လုပ်ကြကုန်၏၊ ပုဂံပုန်းရည်လည်း ခေါ်ကြကုန်၏၊ ကဋ္ဌိကသည် ဝမ်းကို ပျော့စေထတ်၏၊ တက်၏၊ ပူ၏၊ ကြေလွယ်၏၊ နူတ်ကို မြိန်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ ကိုယ်ပူ၏၊ အဖျား အနာတို့ကို နိုင်၏၊ လိမ်းနယ်ခြင်း၊ စားသောက်ခြင်းတို့ဖြင့် လေ, သလိပ် တို့ကို နိုင်၏။

ဗယာကြော်။ ။ မတ်ပဲမှုန့်ကို ဆား, ချင်း, ရှိန်းခိုတို့ဖြင့် ရေနှင့် ဖျော်ပြီးလျှင် အလုံး လုပ်၍ ဆီနှင့်ကြော်၊ ဗယာကြော် ဖြစ်၏။ ဗယာကြော်သည် ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ လေကို နိုင်၏၊ နူတ်ကို မြိန်စေတတ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အထူးအားဖြင့် ပါးစပ်, မျက်လုံးရွဲ့သော လေနာကို နှိုင်၏၊ ဝမ်းချုပ်သည်ကို ပျောက်စေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ ဝမ်းမီးကောင်းသူတို့ ပူဇော်အပ်၏၊ ဗယာကြော်ကို ပါဠိဘာသာ **ဝဋ္ဋက, မောဒက** အစရှိသည်ဖြင့် ခေါ်သည်။

ဗယာကြော်ပုန်းရည်။ ။ အိုးသစ်အတွင်းမှာ မုန်ညင်းဆီသုတ်၍ ရေကြည် ရေအေးကိုထည့်၊ မုန်ညင်းဆံ, ဇီရာ, ဆား, ရှိန်းခို, ချင်း, နနွင်းအမှုန့်တို့ကိုလည်း မွှေးလောက်အောင်ထည့်၊ ဗယာကြော်ကိုလည်း ချေ၍ထည့်၊ အိုးကို ပိတ်၍ သုံးရက်ထား၊ **ဝဋ္ဋက ကဋ္ဌက** ဖြစ်၏၊ (ဗယာကြော် ပုန်းရည် ဆိုလိုသည်။) ကဋ္ဌက မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ ကြေလွယ်၏၊ လေကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လွန်စွာ အစာကို ကြေစေနိုင်၏၊ ရင်နာ, အစာမကြေသော အနာ, ဝမ်းချုပ်သော အနာတို့ကို နှိုင်၏၊ ဆီးကို ရွှင်စေတတ်၏၊ အားခွန်ကုန်ခန်းသောသူ, အားခွန်ကုန်ခန်း၍ ချောင်းဆိုးသောသူ, မူးဝေသောသူ, စိတ်ပျံ့လွင့်သောသူ, ယားနာ ရှိသောသူ, သေအရက် ယစ်သောသူ, နူနာ ရှိသောသူ, ရတ္တပိတ်နာ ရှိသော သူတို့သည် ကဋ္ဌကကို မစားမသောက်ကောင်း၊ ထိခိုက်ရှနသောသူ, မောပန်းသောသူ, အဖျားတွေ့တွေ့ ရှိသော သူတို့သည်လည်း ကဋ္ဌကကို မစားမသောက်ကောင်း။ ပဲတိနှင့် လုပ်သော ဗယာကြော်ကို ရက်တက်နှင့် ချက်၍ စားလျှင် သဘောအားဖြင့် မနိုင်သော်လည်း ပြုပြင်ချက် ပြုတ်သော အစွမ်းကြောင့် ကြေလွယ်၏၊ အေး၏၊ ဒေါသ သုံးပါးကို နိုင်၏၊ သူခပ်သိမ်းနှင့် သင့်၏၊ (ပုန်းရည်နှင့် စပ်၍သာ ဗယာကြော် အကြောင်းကို ဆိုရသည်၊ အရာမဟုတ်။)

မုယောစိမ်းပုန်းရည်။ ။ ရေစင်ကြယ်စွာ ဆေးပြီးသော မုယောအစိမ်းကို ရေနှင့် မြင့်ရှည်စွာ စိမ်၍ အရည်ချဉ်လျှင် **တုသမ္မု, တုသောဒက** ခေါ်သည်။ (မုယောစိမ်း ပုန်းရည် ဆိုလိုသည်။)

[တုသသဒ္ဒါ– ပဲမျိုး, စပါးမျိုးတို့၏ အခွံ ဟူသော ဖွဲကြမ်းဟော၊ ထဆင့်ထူးနှင့် မဟုတ်၊ တဝမ်းပူနှင့် မှတ်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မုယောစိမ်း ပုန်းရည်သည် ပူ၏၊ ထက်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ပဏ္ဏုနာ၊ ပိုးနာတို့ကို နှိုင်၏၊ သွေး၊ သည်းခြေတို့ကို ပျက်စေတတ်၏၊ ဆီးအိမ်၌ ထိုးကျင့် ကိုက်ခဲခြင်းကို နှိုင်၏။

သောဝီရပုန်းရည်။ ။ မုယောဆန် အစိမ်းကို ဖြစ်စေ, အကျက်ကို ဖြစ်စေ မြင့်ရည်စွာ စိမ်၍ ဖြစ်သော ပုန်းရည်ကို **သောဝီရ** ခေါ်သည်။ အချို့ဆရာတို့က ဂျုံဆန်ဖြင့် လုပ်ကြကုန်၏၊ သောဝီရသည် ဝမ်းကိုက်နာ, မြင်းသရိုက်နာ, သလိပ်နာတို့ကို နှိုင်၏၊ ဝမ်းကို ပျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, ကျင်ကြီး, ကျင်ငယ်တို့၏ သွားလာခြင်းတို့ ချုပ်မိအောင့်မိသောကြောင့် အထက်သို့ ဆန်တက်ခြင်း, နံဘေးကို ထိုးခြင်းဖြစ်သော ဥဒါဝတ္တနာ, ကိုယ်လက်တောင့်တင်းသော အနာ, အရိုးကိုက်သော အနာ, ဝမ်းလေချုပ်သော အနာတို့ကို နှိုင်၏။

အရနာလပုန်းရည်။ ။ ဂျုံဆန် အစိမ်းဖြင့် လည်းကောင်း, ကျက်ပြီးသော ထမင်းဖြင့် လည်းကောင်း လုပ်သော ပုန်းရည်သည် **အရနာလ** မည်၏၊ သောဝီရနှင့် အကျိုးတူ၏။

လောဏသောဝီရကပုန်းရည်။ ။ ဝိနည်းမဟာဝါ ပါဠိတော်၌ စပါးမျိုး ခုနစ်မျိုးမှ ဖြစ်သော ထမင်း, အမဲ, သားစိမ်း, ငါးစိမ်း, တြိကဋ္ဌက် သုံးပါး, မဆလာ, အမွေး, သိန္ဓော, ဆားတို့ကို ထည့်၍ လုပ်သော **လောဏသောဝီရက** မည်သော ပုန်းရည်သည် အစာကို လွန်စွာ ကြေစေနိုင်သည်၊ လူကို ဝစေတတ်သည်၊ ရဟန်းတို့မှာ နေလွဲသည့် အခါကိုသော်လည်း မကျန်းမမာ ရှိသည့် ရဟန်းမှာ ၎င်းအရည်အတိုင်း၊ ကျန်းမာရှိသည့် ရဟန်းမှာ ရေရောရှိ သောက်တော့ ဟူ၍ အခွင့် ပေးတော်မူသည်။

ခညမ္မိလပုန်းရည်။ ။ သလေးစပါး အမှုန့်ကို ဖြစ်စေ, လူး, ပြောင်း အစရှိသော မြက်မျိုး, စပါးမျိုးတို့၏ အမှုန့်ကို ဖြစ်စေ လုပ်သော ပုန်းရည်သည် **ခညမ္မိလ** မည်၏။ (စပါးပုန်းရည် ဆိုလိုသည်။) စပါးပုန်းရည်သည် ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ စပါးမျိုး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဖြစ်၍ လူကို ဝစေတတ်၏၊ နှုတ်ကို မမြိန်စေတတ်၊ လေနာရှိသော သူတို့၌ လေရပ်စေခြင်းငှာ ပေးသင့်၏။

သိဏ္ဍာကီပုန်းရည်။ ။ မုန်ညင်းစေ့နှင့် မုန်လာရွက်ရည်ကို မြင့်ရည်စွာ ထား၍ ချဉ်သော ပုန်းရည်, မုန်ညင်းရွက်ရည်ဖြင့် သလေးစပါးမှုန့်ကို စိမ်၍ ချဉ်သော ပုန်းရည်သည် **သိဏ္ဍာကီ** မည်၏၊ သိဏ္ဍာကီသည် နှုတ်ကို မြိန်စေတတ်၏၊ ကြေခဲ၏၊ သလိပ်, သည်းခြေတို့ကို ပျက်စေတတ်၏။

စုက္ကပုန်းရည်။ ။ ဥ, အမြစ်, အသီး အစရှိသည်တို့ကို ဆား, ဆီ, ရေတို့နှင့် ပြုတ်၍ ဖြစ်သော အချဉ်သည် **စုက္က** မည်၏၊ (သုတ္တလည်း မည်၏။) သုတ္တသည် ကြေလွယ်၏၊ အစာကို ကြေစေတတ်၏၊ တက်၏၊ ပူ၏၊ ပဏ္ဏုနာ, ပိုးနာကို နိုင်၏ ၊ သြဇာ မရှိ၊ ဝမ်းကို ပျော့စေတတ်၏၊ ရတ္တပိတ်နာကို ဖြစ်စေတတ်၏။

အာသုတပုန်းရည်။ ။ ဥ, အမြစ်, အသီး အစရှိသည်တို့ကို ရေနှင့် စိမ်၍ ရသော အချဉ်သည် **အာသုတ** မည်၏၊ ကြေလွယ်၏၊ အစာကို ကြေစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏။ လေကို နိုင်၏။

စရကာရည်။ ။ သေအရက်မျိုးသည် လည်းကောင်း, ချိုသော အရည်မျိုးသည် လည်းကောင်း, အချိန်လွန်၍ ချဉ်သည်ကို လည်းကောင်း စုက္က ခေါ်သည်၊ သုတ္တလည်း ခေါ်သည်၊ ၎င်းအရည်ကို ဟိန္နျူ, ပသိတို့က **စရကာရည်** ခေါ်သည်။ မြန်မာတို့က သင်္ဘောပုန်းရည်ဟု ခေါ်သည်။

သကြား, ကြံသကာ, ထန်းလျက်တို့ဖြင့် ဆီ, သစ်ဥ, သစ်မြစ်, သစ်ရွက်, သစ်သီးတို့ကို ရေနှင့် ရော၍ စိမ်ပြီးလျှင်လည်း လုပ်ကြသည်၊ သကြား၊ ကြံသကာ စသည်တို့၏ အချိုသက်သက်ကိုလည်း လုပ်ကြသည်၊ စပျစ်သီးရည်ကိုလည်း လုပ်ကြသည်၊ လုပ်ရင်း ဝတ္ထုကို စွဲ၍ သက္ကရစုက္က, ဂုဋ္ဌစုက္က, မုဒ္ဒိကာစုက္က ဟူ၍လည်း ခေါ်ကြသည်။ ပသိလူမျိုးတို့မှာ သကြားရည် သက်သက်ကို အလုပ်များသည်၊ သိုးဆောင်းလူမျိုးတို့မှာလည်း စပျစ်သီးအရည်ကို အလုပ်များသည်၊ သစ်သား

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အမျိုးမျိုးကို မီးနှင့် ရှို့ရာ ထွက်သော အရည်ကိုလည်း ကြည်လင်အောင် လုပ်ပြီးလျှင် သိုးဆောင်း လူမျိုးတို့မှာ ပုန်းရည် လုပ်ကြကုန်၏။

ပထမသိုးဆောင်းပုန်းရည်။ ။ သိုးဆောင်းလူမျိုးတို့ ပုန်းရည် လုပ်နည်းကား– အင်္ဂလိပ် လူမျိုးတို့မှာ ဗျစ်မည်သော အရက်မျိုးကို ချဉ်အောင် ထား၍ ပုန်းရည် လုပ်ကြသည်၊ ပြင်သစ် လူမျိုးတို့မှာ စပျစ်သီးနှင့် သကြားကို ရောရွက် ပုန်းရည် လုပ်ကြသည်၊ **ထိုပုန်းရည်တို့** တွင် စပျစ်သီးကို လုပ်သော ပုန်းရည်ကို ဆေးဆရာတို့နှင့် **များစွာသော** လူမျိုးတို့သည် ကြိုက်နှစ်သက် ကြကုန်၏၊ ပုန်းရည်မျိုးတို့တွင် အကောင်းဆုံး ဖြစ်၏၊ ထိုစပျစ်သီး ပုန်းရည်သည်လည်း နှစ်မျိုး ရှိ၏၊ စပျစ်သီးအနက်မျိုး– အနီမျိုးကို လုပ်သော ပုန်းရည်နီ, စပျစ်သီး အဖြူမျိုးကို လုပ်သော ပုန်းရည်ဖြူဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဖြူမျိုးသည် ကာလ အရှည်ခံသောကြောင့် ကောင်း၏၊ ဤစပျစ်သီး ပုန်းရည်တွင် ဓာတ်ခွဲလျှင် အချဲန် တစ်ပိသာတွင် ချဉ်သော ပုန်းရည် သက်သက် လေးကျပ်ခြောက်မူး ပါ၏၊ ကျန်သော ဝတ္ထုကား ရေသက်သက်သာ ဖြစ်၏၊ ထိုလေးကျပ်ခြောက်မူး ရှိသော အချဉ်ရည် သက်သက်သည် (ငရဲမီး)[1] ခေါ်သော (ယမ်းခဲရည်) ကဲ့သို့ ထက်၏။

ဒုတိယသိုးဆောင်းပုန်းရည်။ ။ ဒုတိယ ပုန်းရည် လုပ်နည်းကား– သစ်သားကို နုပ်နုပ်စဉ်း၍ ကြိုးသော အရက်ပြန် ပေါင်းအိုးတွင်းသို့ ထည့်၍ မီးနှင့် တိုက်လျှင် ပြွန်တံမှ ထွက်သော အရည်သည် ပုန်းရည်ကြမ်း ဖြစ်၏၊ ၎င်းပုန်းရည်ကို ရေ မထည့်ဘူးသည့် မဖောက်ထုံးနှင့် ရောပြီးလျှင် ထုံးစိုသည့်ကာလ နေခြောက်အောင်လှန်း၊ ၎င်းထုံးနှင့် ကန့်ရည် ရောရွက် အရက်ပြန်သည့်နည်း ပြန်၍ ရသော ပုန်းရည်သည် အများသုံးဆောင်သော ပုန်းရည်မျိုး ဖြစ်၏၊ ဤပထမ မသန့်ရှင်းသော ပုန်းရည်ဆွတ်၍ လှန်းသော ထုံးကျောက်ကို (စလဖစ်ဆိုဒါ)[2] အရည်နှင့် ရောရွက် နေလှန်းပြီးလျှင် ၎င်းဝတ္ထုကို (ကန့်ရည်) နှင့် ရောရွက် အရက်ပြန် သကဲ့သို့ ပြန်၍ ရသော ပုန်းရည်သည် အလွန် စင်ကြယ်သော ပုန်းရည်

၁။ Acid ၂။ Sklypate Sulplute of Soda

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဖြစ်၏၊ အလွန် ကြည်၏၊ ပေါက်သော အရောင် ရှိ၏၊ ထက်သော၊ ချဉ်သော အရသာ ရှိ၏၊ ထက်သော ပုန်းရည်နံ့ ရှိ၏၊ စင်ကြယ်သော ရေပြန်နှင့် အချင့်တူစက်လျှင် အချိန်ခွက် တစ်ဆယ်တွင် ဤပုန်းရည်က လေးဆယ့်လေးကျပ် လေး၏၊ ဤပုန်းရည်ချိန် တစ်ပိသာတွင် အချဉ်ရည် နှစ်ဆယ့်ရှစ်ကျပ် ပါ၏။

တတိယသိုးဆောင်းပုန်းရည်။ ။ တတိယ ပုန်းရည် လုပ်နည်းကား– မသန့်ရှင်းသော ပုန်းရည်နှင့် ဆွတ်၍ နေလှန်းပြီး ထုံးခြောက်ကို စလဖစ်ဆိုဒါ အရည်နှင့် ရောရွှဲ ခြောက်အောင် လှန်းပြီးလျှင် ၎င်းအမှုန့် အောင်စ နှစ်ဆယ်တွင် ကန့်ရည် ရှစ်အောင်စ ထည့်၍ အရက်ပြန်ကို ပြန်သကဲ့သို့ ပြန်၍ယူ၊ အလွန် ကြည်၏၊ ဒုတိယ ပုန်းရည် ထက် ထက်၏၊ ပြန်ပြီး ရေစင်နှင့် အချင့်တူ စက်လျှင် အခွက် တစ်ဆယ်တွင် ခြောက်ဆယ့်ငါးကျပ် လေး၏၊ ၎င်းပုန်းရည် အချိန် တစ်ပိသာတွင် အချဉ်ရည်သက်သက် ရှစ်ဆယ့်လေးကျပ် ပါ၏၊ ၎င်းပုန်းရည်ကို ဓာတ်ခွဲလျှင် မီးသွေး တစ်ဆယ့်ခြောက်ကျပ်, ဟိုက်ဒရော်ဂျင်း ကျပ်တစ်ဆယ်, အောက်ဆီဂျင်း လေးကျပ် ရ၏။

၇၄။ သိုးဆောင်းပုန်းရည် စိမ်ရည်တို့၏ အကျိုးဂုဏ်

ဤကဲ့သို့ ဆိုခဲ့ပြီးသော ပုန်းရည်များကို သင့်လျော်အောင် ရေရောရွှဲ သောက်လျှင် ကိုယ်ပူသည်ကို အေးစေတတ်၏၊ အကြောကို လျော့စေတတ်၏၊ အူတွင်း၌ ငန်သည်ကို ဖျောက်တတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းချုပ်၏၊ အချို့သော သူဋ္ဌ ဆီးကို ရွှင်စေတတ်၏၊ ချွေးကို ထွက်စေတတ်၏၊ အသားကွက်၍ ပူသော နေရာများမှာ ရေရောရွှဲ လိမ်းလျှင် အေးစေတတ်၏၊ ပထမ ပုန်းရည်ကိုသာ ဝမ်းတွင်းသို့ ပေးရ၏၊ အခြား ပုန်းရည်များကို ပြင်ကသာ လိမ်းရ၏၊ အဖျားကို အေးစေ နိုင်၏။

ပုန်းရည်တစ်ပုံ ရေခြောက်ပုံကို ရှစ်ပုံတိုင်အောင် စပ်ပေးလျှင် အဖျားကို ဖျောက်စေတတ်၏၊ ရေငတ်ခြင်းကို ဖျောက်စေတတ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကိုယ်ပူနာကို နိုင်၏၊ ဓာတ်ကုန်ခန်းသောသူ ကိုယ်ပူရာ၌ ရေရောသော ပုန်းရည်ကို အဝတ်နှင့် ဆွတ်၍ ရင်မှာကပ်လျှင် ပျောက်စေတတ်၏၊ ရေရော၍တိုက်လျှင် သွေးပါသော ချောင်းဆိုးနာကို နိုင်၏။ နှာခေါင်းသွေးယိုရာ၌ လည်းကောင်း, သားမွေးပြီးသော မိန်းမ သွေးမစဲအောင် ယိုရာ၌ လည်းကောင်း ရေရော၍ ပုန်းရည်ကို အဝတ်နှင့် ဆွတ်၍ အင်္ဂါဇာတ်, နှာခေါင်းတို့ကို အုပ်၊ အဝတ်ကို ဆွတ်၍ အင်္ဂါဇာတ်အတွင်း, နှာခေါင်းတွင်းကိုလည်းသွင်း။

စပျစ်သီးကို လုပ်သော ပထမ ပုန်းရည်မှာ ဒြမ်တစ်ခုကကို ဒြမ်လေးခု တိုင်အောင် ရေရော၍ပေး၊ အင်္ဂလိပ်ဘာသာ (ဘိနိဂါတ်)[၁] ခေါ်သည်။

သစ်သားကို လုပ်သော ဒုတိယ ပုန်းရည်မှာ သုံးစက်ကကို တစ်ဆယ့်ငါးစက်တိုင်အောင် ရေရော၍ပေး၊ အင်္ဂလိပ်ဘာသာ (အာစီတစ်အာစစ်)[၂] ခေါ်သည်။

တတိယ ပုန်းရည်မှာ အတွင်းကို မပေးနှင့်၊ အပြင်ကသာ သုတ်လိမ်းရမည်၊ အင်္ဂလိပ်ဘာသာ (ဂရေစီရင် အာစီတစ်အာစစ်)[၃] ခေါ်သည်။ ဒုတိယ ပုန်းရည် တစ်ပင်, ရေပြန်ခုနစ်ပင် ရော၍ အစက်သုံးဆယ်ကကို ဒြမ်နှစ်ခုတိုင်အောင်ပေး။

ချက်ပြီး ပျားရည် အောင်စလေးဆယ်, ဒုတိယ ပုန်းရည် ငါးအောင်စ, ရေပြန် ငါးအောင်စ၊ ငင်းသုံးပါးကို မီးပေါ်မှာ နှောမိအောင်တည်၊ နှောမိလျှင် ချ၍ ဘူးနှင့် သွတ်၍ထား၊ ပုန်းရည်အဖျော် ဖြစ်၏၊ ရေငတ်သောသူ, နှုတ်မမြိန်သောသူ, အပူမအေးနိုင်သော အဖျားပေါင်းများမှာ တစ်ဒြမ်ကကို တစ်အောင်စတိုင် ရေရော၍တိုက်။

သေမျိုး ဟူသမျှသည် ပူ၏၊ သုတ်လိမ်းလျှင် အေး၏၊ သည်းခြေကို ပျက်စေတတ်၏။ လေကို နိုင်၏၊ သလိပ်ကို လွန်စွာ နိုင်၏၊ အဆီဩဇာ မရှိ၊ ဆီးဝမ်းကို ရှင်းစေတတ်၏၊ လျင်မြန်စွာ ကြေလွယ်၏၊ စဉ်းငယ် ချဉ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊

၁။ Vinegar ၂။ Acetic Acid

၃။ Glycerine Acetic Acid

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ထက်၏၊ ကိုယ်၏ အပေါက်ငယ် ရှိသမျှကို ဝင်တတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ ကြည်လင်၏၊ လျင်မြန်စွာ ပျံ့နှံ့၏၊ ကိုယ်အလုံးပျံ့၍ သွေးကို ကြွစေပြီးလျှင် မူးဝေတတ်၏၊ အကြောကို လျော့စေတတ်၏၊ ခေါင်းကို ကိုက်စေတတ်၏။

၇၅။ ဗျစ်ခါးလုပ်နည်း

ဗျစ်ခါး လုပ်နည်းမှာ မယော စပါးကို ရေဆွတ်၍ တောင်းနှင့် ထည့်ပြီးလျှင် ကောက်ရိုးနှင့် အုပ်၍ထား၊ သုံးရက်အတွင်း အပင် ပေါက်၏၊ ၎င်းအပင်ပေါက်ကို ခြောက်အောင် နေပူလှန်း၊ ဒယ်အိုးကင်းနှင့် ပူအောင် လှော်ပြီးလျှင် ရေနွေးပူပူသို့ လောင်း၊ တစ်ပတိုရ်ခန့်ထား၊ အရည်ကို စစ်၍ယူ၊ ၎င်းအရည်တွင် စံပယ်ပင်တို့ ကဲ့သို့ (ဟက်)[၁] ခေါ်သည့် ပန်းပင်မျိုးတို့၏ အပွင့်ကို အတော်ခါးလောက်အောင် ခတ်၊ စည်တစ်ဝက်ခန့်လောက် ၎င်းအရည်ကို ထည့်၍ နေပူမှာ ပိတ်ပြီးလျှင် ထား၊ ဝိုင်ဖြစ်၏၊ မူယော အပင်ပေါက်ကို ပူရုံလှော်၍ လုပ်လျှင် (အေလ)[၂] ခေါ်၏၊ ညိုအောင် လှော်၍ လုပ်လျှင် ဗျစ် ခေါ်၏၊ အချို့ ကျွမ်းအောင် လှော်၍ လုပ်လျှင် ပေါ်ခုတတ် ခေါ်၏၊ ၎င်းဝိုင်ကို ဘူးတွင် ထည့်၍ ဖော့ကို ကြိုးဆိုင်းပြီးလျှင် ပိတ်၍ထား၊ ၎င်းဝိုင်သုံးမျိုး အချိန် တစ် ပိသာလျှင် အပ်လကော် လေးကျပ်ကကို ခြောက်ကျပ်တိုင်အောင် ပါ၏၊ အင်္ဂလိပ်နိုင်ငံမှာ ဤသုံးမျိုးကို အများ သောက်ကြ၏။

၇၆။ ပန်းပွင့်သည် အဖို့, အမ နှစ်မျိုး ရှိ၏

'ဟက်'ခေါ်သော ပန်းပွင့်သည် အဖို့, အမ နှစ်မျိုး ရှိ၏၊ စံပယ် ကဲ့သို့ အပွင့်၊ အရွက် ခါး၏၊ ၎င်းအပင်၏ အပွင့်ကို ဆေးပြုလုပ်၍ သုံးစွဲကြသည်၊ အင်္ဂလိပ်နိုင်ငံအတွင်း အများအပြား ပေါက်သည်။ ၎င်း

၁။ Hop ၂။ Ale

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အပွင့်၏ ဝတ်ဆံကို ဆေးဆရာတို့ များစွာ အသုံးပြုကြသည်၊ အိပ်မပျော်သောသူ, ရူးသောသူ, အားမရှိသောသူ, သေအရုက်မျိုးကို များစွာသောက်၍ ရောဂါ ဖြစ်သောသူ, အိပ်ရာ၌ သုက်ထွက်တတ်သောသူ, သုက်ပါသော ရိနှာ ရှိသောသူ, မိန်းမကို အကြိမ်များစွာ သွားလာတတ်သောသူ, မိန်းမကို အကြိမ်များစွာ သွားလာလို၍ ရူးသော သူတို့ကို ပေးလျှင် အလျင်အမြန် ပျောက်စေတတ်သည်၊ ၎င်းအပွင့်အစား စံပယ်ပွင့်ကို သုံးလျှင်လည်း အကျိုး အတူတူ ပေးလိမ့်မည် ထင်သည်၊ **မစမ်းဘူးသေး**၊ ၎င်းအပွင့်ခြောက်ကို လက်ဖက်ရည်ကဲ့သို့ လုပ်၍ သောက်လျှင် **အစာကြေသည်**၊ အားရှိသည်၊ အိပ်၍ ပျော်သည်၊ ရိနှာကို နှိုင်သည်၊ **မိန်းမကို** သွားလာလိုသော စိတ်နည်းသည်၊ (ရှေးကမူကား ဤသေမျိုးချက်၍ ရွေးကို ယူပြီးလျှင် သုံးသော မည်သည် မရှိ။)

၇၇။ တရုတ်, ချင်း, ကရင် ဆေးကျမ်းမှာ သုရာမျိုး မေရယမျိုးခွဲပုံ

တရုတ်လူမျိုးတို့မှာ ဆန်ကို ထမင်း လုပ်ပြီးလျှင် ချက်၍ ရွေးကို ယူပြီးလျှင် သုံးဆောင်ကြသည်။ အခြားဝတ္ထုကို မလုပ်ဆောင်ကြ၊ ချင်း, ကရင် လူမျိုးတို့မှာ ထမင်းကို ကစော်ဖောက်၍ ဆေးကျမ်းတို့တွင် လာသည့်အတိုင်း သုရာ ခေါ်သော ဝတ္ထုကို ခေါင်းရည် ခေါ်၍ သောက်ကြသည်။ ချက်၍ ရွေးကို မယူ။

[သာသနာတော် ကျမ်းဂန်တို့တွင် ဆေးကျမ်း၌ ဆိုသော သုရာမျိုးနှင့် မေရယမျိုးကို သဘောတူ အချုပ်အားဖြင့် ငါးမျိုး စီထားသည်။ ထားပုံမှာ–

၁။ စပါးမျိုးတို့၏ ဆန်မှုန့်ဖြင့် လုပ်သော ပိဋ္ဌသုရာ,

၂။ ၎င်းအမှုန့်ကို လုပ်သော မုန့်မျိုးတို့ဖြင့် လုပ်သော ပုဝ သုရာ,

၃။ ထမင်းဖြင့် လုပ်သော သြဒနသုရာ,

၄။ ဆေးအမျိုးမျိုးတို့ကို ပေါင်းစု၍ လုပ်သော သမ္ဘာရ သံယုတ္တသုရာ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅။ အလင်းမျိုးဧ၌ ထည့်၍ ပြုလုပ်သော ကိုယ္ဆွမ်းပကိဏ္ဏသုရာ, ဟူ၍ သုရာ ငါးမျိုး။

၁။ သစ်မည်စည်ပွင့်ဖြင့် လုပ်သော မဒ္ဓာသဝ,

၂။ သစ်မည်စည်ပွင့်မှ တစ်ပါး အခြားအပွင့်တို့ဖြင့် လုပ်သော ပုပ္ပါသဝ,

၃။ စပျစ် အစရှိသော အသီးမျိုးကို လုပ်သော ဖလာသဝ;

၄။ ကြံသကာဖြင့် လုပ်သော ဂုဠာသဝ,

၅။ ဆေးအမျိုးမျိုးတို့ကို ပေါင်းစု၍ လုပ်သော သမ္ဘာရ သံယုတ္တ–

ဟူ၍ မေရယမျိုး ငါးပါးဆိုသည်။ သုရာနှင့် မေရယ သမ္ဘာရ သံယုတ္တချင်း တူရာ၌ ဆေးအမျိုးမျိုးတို့ အဖတ်ပါ စိမ်လျှင် သုရာ, အရည်ကို ညှစ်ယူ၍ စိမ်လျှင် မေရယ ခေါ်သည်ဟု မူလဋ္ဌီကာတွင် ဆိုသည်။]

ဆေးကျမ်းတို့၏ အလိုသော် ဆန်မျိုး, ထမင်းမျိုး, မုန့်မျိုး ပါလျှင် အဖတ်ပင် ဖြစ်စေ, အရည်ပင် ဖြစ်စေ သုရာ၊ ဆန်မျိုး, ထမင်းမျိုး, မုန့်မျိုး မပါလျှင် မေရယဟူ၍ ဆိုကုန်၏၊ ထိုသုရာ မေရယမျိုးတွင် စပျစ်သီးကို လုပ်သော ဝတ္ထုသည် လူတို့နှင့် အသင့်ဆုံး၊ အကောင်းဆုံး ဖြစ်ကြောင်းနှင့် ဆေးကျမ်းတို့တွင် ဆိုသည်၊ ထိုအောက် စွန်ပလွဲသီးကို လုပ်သော ဝတ္ထု ကောင်းကြောင်းနှင့် ဆိုသည်၊ သစ်မည်စည်ပွင့်ကို လုပ်သော သုရာ မေရယတို့ကား လေ, သည်းခြေတို့ကို ပျက်စေတတ်သည်ဟု ဆိုသည်၊ သပြေသီးကို လုပ်သော သုရာ မေရယမျိုးလည်း လေကို ပျက်စေတတ်ကြောင်းနှင့် ဆိုသည်၊ အရိုင်္ဂမူကား သုရာမေရယမျိုး မဟုတ်၊ ရဟန်းတို့ သောက်အပ်ကြောင်းနှင့် ဝိနည်း မဟာဝါပါဠိတော်တွင် မြတ်စွာဘုရား ဟောတော်မူသည်၊ သီဓူဝါရဏီ မျိုးတို့ကို သာသနာတော် ကျမ်းဂန်အလို သုရာ၌ သွင်းသည်။

ဤအရက်မျိုးကို သောက်လျှင် အကုသိုလ် ဖြစ်ကြောင်း, အနာရောဂါ ဖြစ်ကြောင်းဟူ၍လည်း မြတ်စွာဘုရား အကြိမ်များစွာ ဟောတော်မူသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အေးသော သိုးဆောင်းနိုင်ငံ, တရုတ်နိုင်ငံများမှာ သောက်သည်ထက် ပူသော အရှေ့တိုင်းပြည်များမှာ သောက်လျှင် ရောဂါ အလျင် အမြန် ရောက်တတ်သည်၊ ဤသေမျိုးကို မဒွ ခေါ်သည်၊ ထိုမဒွသည် ဆိုခဲ့သည့်အတိုင်း သုရာအာသဝ- အစရှိသဖြင့် အမျိုးမျိုး ရှိသည်၊ ထိုမဒွမျိုး ပျက်၍ ချဉ်လျှင် (အဘိသာဝ ခေါ်သည့် ပုန်းရည်မျိုး ဆိုလိုသည်၊) ထိုပုန်းရည်မျိုးသည်လည်း ကဋ္ဌိက အစရှိသဖြင့် ဆိုခဲ့ပြီးသည့် အတိုင်း အမျိုးမျိုး ရှိသည်။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့နှင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ သန္ဓာနမျိုးတို့၏ ဂုဏ်ကိုဆိုရာ သောဠသမပိုင်း ပြီး၏။

သောဠသမကဏ္ဍပြီး၏။

——— * ———

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၇- သတ္တရသမကဏ္ဍ

ကျင်ငယ်မျိုးတို့၏ ဂုဏ်ကိုပြခြင်း

၇၈။ ကျင်ငယ် အမျိုးမျိုးတို့၏ အကျိုးဂုဏ်

ကျင်ငယ်မျိုးတို့ကို ဆိုပေအံ့၊- ကျင်ငယ်မျိုး ဟူသမျှသည် တက်ကုန်၏၊ ပူကုန်၏၊ စပ်, ခါး, ငန် အရသာ ရှိကုန်၏၊ ဓာတ်ကို သက်စေတတ်ကုန်၏၊ လေ, သလိပ်, ပိုးနာ, အဆီခဲ, အဆိပ်, ဂူနာ, မြင်းသရိုက်နာ, ဖျဉ်းနာ, ကိုယ်ရောင်နာ, နှူနာ, ပဏ္ဍုနာ တို့ကို နှိုင်ကုန်၏၊ ဝမ်းမီးကို တောက်စေတတ်ကုန်၏။

နွားကျင်ငယ်။ ။ နွားကျင်ငယ်သည် စပ်၏၊ ထက်၏၊ ပူ၏၊ ဖန်၏၊ လေကို မပျက်စေတတ်၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဉာဏ်ပညာကို ပွားစေတတ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, ဂူနာ, ဖျဉ်းနာ, ဝမ်းချုပ်သော အနာတို့ကို နှိုင်၏၊ ဝမ်းကို သက်စေတတ်၏၊ ကျင်ငယ်ကို ပေးရမည် ဆိုသမျှ အရာများ၌ နွားကျင်ငယ်ကိုသာ ပေးသုံးအပ်၏။

ကျွဲကျင်ငယ်။ ။ ကျွဲကျင်ငယ်သည် မြင်းသရိုက်နာ, ဖျဉ်းနာ, ရင်ဘတ်နာ, ဘေးထိုးရင်ကျပ်နာ, နှူနာ, မေဟနာ, ဝမ်းချုပ်သော အနာ, ကိုယ်ရောင်နာ, ဂူနာ, ပဏ္ဍုနာတို့ကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆိတ်ကျင်ငယ်။ ။ ဆိတ်ကျင်ငယ်သည် ချောင်းဆိုးနာ, ပန်းနာ, သုက်ကုန်ခန်းသော အနာ, ကိုယ်ရောင်နာ, ပဏ္ဏာနာတို့ကို နိုင်၏၊ စပ်၏၊ ခါး၏၊ လေကို စဉ်းငယ် ပျက်စေတတ်၏။

သိုးကျင်ငယ်။ ။ သိုးကျင်ငယ်သည် ချောင်းဆိုးနာ, သရက်ရွက်ကြီးသော အနာ, ဖျဉ်းနာ, ပန်းနာ, ကိုယ်ရောင်နာ, မြင်းသရိုက်နာ, ဝမ်းချုပ်သော အနာတို့ကို နိုင်၏၊ စပ်, ခါး, ငန် အရသာ ရှိ၏၊ ပူ၏၊ ထက်၏၊ လေကို နိုင်၏။

မြင်းကျင်ငယ်။ ။ မြင်းကျင်ငယ်သည် စပ်၏၊ ပူ၏၊ ထက်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေနာ, သလိပ်နာ, စိတ်ဖောက်ပြန်သော အနာတို့ကို နိုင်၏၊ ပိုးနာ, ပွေးနာတို့ကို နိုင်၏။

ဆင်ကျင်ငယ်။ ။ ဆင်၏ ကျင်ငယ်သည် ထက်၏၊ ခါး၏၊ ငန်၏၊ ဝမ်းကို ပျော့စေတတ်၏၊ လေကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ အငန်ကို အလိုရှိသော အရာ၌လည်းကောင်း, ညှင်းနာ၌လည်းကောင်း ဆင်ကျင်ငယ်ကို ပေးသုံးအပ်ကုန်၏။

မြည်းကျင်ငယ်။ ။ မြည်းကျင်ငယ်သည် အဆိပ်ကို နိုင်၏၊ စိတ်ဖောက်ပြန်ခြင်းကို နိုင်၏၊ ထက်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ပိုးနာ, ဝမ်းကိုက်နာကို နိုင်၏။

ကုလားအုတ်ကျင်ငယ်။ ။ ကုလားအုတ် ကျင်ငယ်သည် ကိုယ်ရောင်နာ, နူနာ, ဖျဉ်းနာ, ရူးသော အနာ, လေနာ, ပိုးနာ, မြင်းသရိုက်နာကို နိုင်၏။

လူကျင်ငယ်။ ။ လူတို့၏ ကျင်ငယ်သည် ကုလားအုတ်၏ ကျင်ငယ်နှင့် အကျိုးတူ၏၊ အထူးအားဖြင့် အဆိပ်ကို နိုင်၏။

တစ်နည်း–နွားကျင်ငယ်။ ။ ကျင်ငယ်မျိုးတို့တွင် နွားကျင်ငယ်ကိုသာ များစွာ အသုံးရှိသောကြောင့် အချို့သော ဆေးကျမ်းတို့၌ နွားကျင်ငယ်၏ အကျိုးကိုသာ ဆိုကုန်၏၊ ဘာဝပွကာသ ဆေးကျမ်းဌီကား နွားတို့၏ ကျင်ငယ်သည် ပူ၏၊ တက်၏၊ စပ်, ခါး, ငန်, ဖန် အရသာ ရှိ၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ပညာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကို ပွင့်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဘေးထိုး ရင်ကျပ်နာ, ရင်ဘတ်နာ, ဂူနာ, ဖျဉ်းနာ, ယားနာ, မျက်စိနာ, ခံတွင်းနာတို့ကို နိုင်၏၊ ညှင်းနာ, လေနာ, အစာမကြေသော အနာ, ဆီးချိုင့်၌ ကိုက်သော အနာ, နူနာတို့ကို နိုင်၏၊ ချောင်းဆိုးနာ, ပန်းနာ, ကိုယ်ရောင်နာ, သုက် ကုန်ခန်းသော အနာ, ပဏ္ဍာနာတို့ကို နိုင်၏၊ ကျင်ငယ်မျိုးတို့တွင် နွားကျင်ငယ်သည် အမြတ်ဆုံး ဖြစ်၏၊ နားကိုလည်း ခတ်ရ၏၊ (ကျင်ငယ်ဟူ၍ သာမန်ဆိုလျှင် နွားကျင်ငယ်ကို သာ ယူရ၏။)

တစ်နည်း–လူကျင်ငယ်။ ။ လူတို့၏ ကျင်ငယ်သည် အဆိပ်ကို နိုင်၏၊ ရသာယနမျိုး ဖြစ်၍ အသက်ကို ရှည်စေတတ်၏၊ သွေးနာတို့ကို နိုင်၏၊ ထက်၏၊ ငန်၏။

ထီး, မ ကျင်ငယ်။ ။ နွား, ဆိတ်, သိုး, ကျွဲတို့၏ ကျင်ငယ်ဟု ဆိုလျှင် အမ၏ ကျင်ငယ်ကို သုံးအပ်ကုန်၏၊ မြည်း, ကုလား အုတ်, ဆင်, လူ, မြင်းတို့၏ ကျင်ငယ်ဟုဆိုလျှင် အထီး ကျင်ငယ်ကို သုံးအပ်ကုန်၏။

[မြတ်စွာဘုရား၏ အလိုတော်အားဖြင့် နွားကျင်ငယ်သည် သည်းခြေနာမှ တစ်ပါး အခြားသော အနာတို့ကို နိုင်သောကြောင့် သည်းခြေနာကို လွန်စွာ နိုင်သော ကြစုသီးကို နွားကျင်ငယ်နှင့် စိမ်၍ ရဟန်းတို့အား မည်သည့်အချိန်မဆို စားသောက် တော့ဟု ခွင့်ပြုတော်မူသည်။]

ရဟန်းဟူသည် နည်းသော အမှုကိစ္စ, ပေါ့သော အသက်မွေးခြင်း ရှိရမည် ဖြစ်၍ ရောဂါအနာ ရှိလာလျှင် ဆေးသမားတို့ကို ခေါ်ရခြင်း, ဆေးသမားတို့နှင့် ဆက်ဆံရခြင်းသည် ဝန်လေး၏၊ ပေါ့သော အသက်မွေးခြင်း မဖြစ်၊ ကြစုသီးကို နွားကျင်ငယ်ရေနှင့် စိမ်၍ ပေးလျှင်လည်း အချိန်ပမာဏ အနည်းအများကိုသာ တိုင်း၍ စားရန် ရှိတော့သည်၊ အနာ အလုံးစုံကိုပင် များသောအားဖြင့် နိုင်သည်၊ ဆေးသမားတို့နှင့် မဆက်ဆံဘဲကို ရဟန်းတို့ အလျောက် ရှာဖွေပြုလုပ် သုံးဆောင်နိုင်ရန် ရှိသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အမှုကိစ္စနည်း၍ ပေါ့သော အသက်မွေးခြင်း ဖြစ်ရာသည်ကို ရည်တော်မူ၍ ရဟန်းတို့မှာ နွားကျင်ငယ်နှင့် စိမ်သော ကြစုသီးဆေး ဖြင့်သာ ရောင့်ရဲရမည်၊ အခြား ဆေးဝါးများကို ဘုန်းကံအလျောက် ရ လျှင်သာ သုံးဆောင်ရမည်၊ အမှု ဘစ်ခု ပြုလုပ် မရှာမဖွေကြနှင့်ဟု ပညတ်တော် မူ၏၊ အရှင်သာရိပုတ္တရာ, အရှင်နာဂသိန်တို့ကလည်း မဂ်ဖိုလ်ကို လိုသော ရဟန်းသည် နွားကျင်ငယ်နှင့် စိမ်သော ကြစုသီး မှ တစ်ပါး အခြားဆေးဝါးများကို အမှု တစ်ခု ပြုလုပ်ရာဖွေ၍ မသုံး ဆောင်သည်သာ သင့်မြတ်သည် ဟူ၍ ဟောတော်မူလေသည်။

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်းဠ္ဍ ကျင်ငယ်မျိုးတို့၏ ဂုဏ်ကိုဆိုရာ သတ္တရသမဝိုင်း ပြီး၏။

သတ္တရသမကက္ကာ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၈– အဋ္ဌာရသမကဏ္ဍ

အသားမျိုးတို့၏ ဂုဏ်ကိုပြခြင်း

၇၉။ အသားမျိုးမျိုးတို့၏ ဂုဏ်အကျိုး

အသားမျိုးတို့၏ အကျိုးကို ဆိုပေအံ့၊ အသား ဟူသမျှသည်လေကို နှိုင်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ကိုယ်၏ စည်ပင်တိုးပွားခြင်းကို ပြုတတ်၏၊ ကြေခဲ၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ဆိမ့်၏၊ ချို၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ဆိမ့်ချို၏။

အသားမျိုး ၂–ပါး, ၈–ပါး။ ။ အသားသည် ဇင်္ဃလအရပ်၌ ပေါက်ဖွား ကျက်စားသော တိရစ္ဆာန်တို့၏ အသားမျိုး, အနုပအရပ်၌ ပေါက်ဖွား ကျက်စားသော တိရစ္ဆာန်တို့၏ အသားမျိုး ဟူ၍ နှစ်မျိုးတို့တွင် ဇင်္ဃလအရပ်၌ ပေါက်ဖွား ကျက်စားသော တိရစ္ဆာန်မျိုးသည် လည်း–

၁။ ချေ အစရှိသော **ဇင်္ဃလ** သားမျိုး,

၂။ ယုန် အစရှိသော တွင်း၊ ကျင်း၌ နေတတ်သော **ဗိလေသယ** သားမျိုး,

၃။ ခြေသုံ့ အစရှိသော ဂူလိုဏ်၌ နေတတ်သော **ဂုဟာသယ** သားမျိုး,

၄။ သစ်ပင်ထက်၌ နေ၍ သစ်ရွက်, သစ်သီးကို စားတတ်သော **ပဏ္ဍုမိဂ** သားမျိုး,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅။ ခြေနှင့်ယက်၍ စားတတ်သော ကြက် အစရှိသော **ဝိက္ကိရ** ငှက်မျိုး,

၆။ နှုတ်သီးဖြင့်သာ ကောက်၍ ထိုးဆွ၍ စားတတ်သော ချိုး အစရှိသော **ပတုဒ** ငှက်မျိုး,

၇။ နှိပ်စက်နင်းဖဲ့၍ စားတတ်သော ကျီး, လင်းတ အစရှိသော **ပသဟ** ငှက်မျိုး,

၈။ မြို့ရွာကို မှီ၍ ပေါက်ဖွား ကျက်စားတတ်သော **ဂါမိယ** သားမျိုးဟူ၍ ရှစ်မျိုး ရှိ၏။

၁။ ဇင်္ဃသားမျိုး။ ။ ထိုဇင်္ဃ သားငှက်မျိုးသည် ချိုဆိမ့်၏၊ များသောအားဖြင့် အဆီ နည်း၏၊ ဖန်၏၊ ကြေလွယ်၏၊ အားကို ဖြစ်စေတတ်၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ ဆွဲအသော အနာ, စကား ပြောရာ နှာခေါင်းသံ ပါတတ်သော အနာ, စကား ထစ်သော အနာ, မျက်လုံး ပါးစပ် ရွဲ့သော အနာ, နားထိုင်းသော အနာ, နှုတ် မမြိန်သော အနာ, အော့အန်သော အနာ, မေဟနာ, ခံတွင်းနာ, ခြေသလုံးကြီးသော အနာ, ဆင်ခွေလည်ပြတ်နာ, လေနာတို့ကို နှိုင်၏။

၂။ အနူပသားမျိုး။ ။ အနူပအရပ်၌ ပေါက်ဖွား ကျက်စားသော တိရစ္ဆာန်မျိုးသည်လည်း-

၁။ အအုပ်အသင်းဖြင့် နေတတ်သော ဝက်အစရှိသော **ကုလစရ**သားမျိုး,

၂။ ရေပေါ်၌ ကူးသွားတတ်သော ဝမ်းဘဲ အစရှိသော **ပလဝ** မည်သော ငှက်မျိုး,

၃။ အခွံရှိသော ယောက်သွား အစရှိသော **ကောသဋ္ဌ**မျိုး,

၄။ ခြေထောက်ရှိသော လိပ် အစရှိသော **ပါဒိန**မျိုး,

၅။ ငါးကြင်း အစရှိသော ငါးမျိုး-

ဟူ၍ ငါးပါးအပြား ရှိ၏။

အနူပ တိရစ္ဆာန်တို့၏ အသားသည် ချိုဆိမ့်၏၊ ဆူ၏၊ ကြေခဲ၏၊ ဝမ်းမီးကို ပျက်စေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ ပျစ်ခွဲ၏၊ ဝစေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တတ်၏၊ ကိုယ်ကို စည်ပင်စေတတ်၏၊ အကြောတို့ကို လေးစေတတ်၏၊ လူတို့နှင့် များသောအားဖြင့် မသင့်ကုန်။

ချေ, ဒရယ်, တောဆိတ်, သမင်ပြောက်, ပကတိသမင်, ဆတ်, စိုင်, ပြောင်, နွားနောက် အစရှိသော သားကောင်တို့သည် ကြည်းကုန်း၌ ပေါက်ဖွား ကျက်စားတတ်သောကြောင့် ဇင်္ဃလသားမျိုး မည်ကုန်၏၊ ထိုဇင်္ဃလ သားမျိုးတို့၏ အသားသည် များသောအားဖြင့် လေ, သလိပ်ကို နှိုင်၏၊ စဉ်းငယ်လေကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ အားကို မွားစေတတ်၏။

ချေသား။ ။ ထိုသားမျိုးတို့တွင် ချေသားသည် အေး၏၊ ကြေလွယ်၏၊ ကျင်ကြိုး ကျင်ငယ်တို့ကို ခိုင်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချိုဆိမ့်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ အနံ့ကောင်း၏၊ သန္ဓေပါတ်နာကို နှိုင်၏၊ တောဆိတ်သည် ချိုဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ သွေး, လေ, သလိပ်, သည်းခြေတို့ကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ အဖျားကို နှိုင်၏။

[ဇောသဒ္ဒါ– တောဆိတ်ကို ဟောသည်၊ ဇေါသဒ္ဒါ– တောဆိတ်မကို ဟောသည်၊ မြန်မာတို့မှာ ရှေးက ပါဠိများကို စွဲ၍ ဤတောဆိတ်ကို ဇော် ခေါ်ကြသည်၊ ဇင်္ဃလ သားမျိုး၏ အသား မျိုးတို့တွင် အမြတ်ဆုံးဖြစ်၏။]

ဒရယ်သား။ ။ ဒရယ်သားသည် အေး၏၊ ကြေခဲ၏၊ ချိုဆိမ့်၏၊ ဝမ်းချုပ်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေ. သည်းခြေကို နှိုင်၏၊ သလိပ်ကို စဉ်းငယ် ပျက်စေတတ်၏၊ (ကတိုးဟူသော သားကောင်သည်လည်း ဤဒရယ်မျိုးပင် ဖြစ်၏၊ ထို့ကြောင့် ကတိုးခွာကို **ကုရင်္ဃာဘိ** ဟူ၍လည်း ခေါ်သည်။)

သမင်ပြောက်သား။ ။ သမင်ပြောက်သားသည် ဆိမ့်၏၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းချုပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဒေါသ သုံးပါး, သွေးတို့ကို နှိုင်၏၊ ပန်းနာ, အဖျားနာတို့ကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သားကောင်ခွဲပြချက်

ဟရိဏော တမ္မဝဏ္ဏော စ၊ ဧဏော ကဏ္ဏော ပကိတ္တိတော။
ကုရင်္ဂေါ ဉာသံတမ္မော စ၊ ဟရိဏာကတိကော မဟာ။ ။
ဣသော နိလဏ္ဍကော လောကေ၊ သရောရုဣတိ ကိတ္တိတော။
ပိသတော စန္ဒဗိန္ဒု စ၊ ဟရိဏာကိတိ အပွကော။ ။
ညကုံ ဗဟုဝိသာဏောဃ၊ သမ္ဘရော ဂဝယော မဟာ။
ရာဇိဝေါ တု မိဂေါ ဧဃျော၊ ရာဇိဟိ ပရိတောဝုတော။
ယော မိဂေါ သိင်္ဂဟီနော စ၊ သမုဏ္ဍိတိ နိဝဒ္ဓတေ။–
ဟူ၍ ဘာဝပ္ပကာသ ဆေးကျမ်းတွင် ဆို၏။
ဧဏော ကဏ္ဏော သော စ ဧဃျော၊
ဟရိဏော တမ္ဘော ဥစ္စတေ။
နံ ကဏ္ဏော နံ စ တမ္ဘော စ။
ကုရင်္ဂေါ သော ဘိဓိယတေ–
ဟူ၍ သုဿုတ ဆေးကျမ်း၌ ဆို၏။

ထို့ကြောင့်–

၁။ နီသော အဆင်းရှိသော ဇင်္ကာသားမျိုးဖြစ်သော ချေကို– **ဟရိဏ**,

၂။ နက်သော အဆင်းရှိသော ဇင်္ကာသားမျိုး ဖြစ်သော တောဆိတ်ကို– **ဧဏ**,

၃။ အနီ, အနက် မဟုတ်သော ချေထက် ကြီးသော ဇင်္ကာသားမျိုး ဖြစ်သော ဒရယ်ကို– **ကုရင်္ဂ**,

၄။ ဖြူသော ဗိန္ဒုပြောက် ရှိသော ဇင်္ကာသားမျိုးဖြစ်သော သမင်ပြောက်ကို– **ပိသတ**,

၅။ ချိုများသော ဇင်္ကာသားမျိုး ဖြစ်သော ပကတိ သမင်ကို– **ညကုံ**ဟူ၍ မှတ်ရမည်။ ဟရိဏကို သမင်၊ ပိသတကို ချေ၊ ကုရင်္ဂကို ဆတ်ဟု အနက်ပြန်သည်ကို မမှတ်နှင့်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သမင်သား။ ။ ပကတိ သမင်သားသည် ဆိမ့်၏၊ ကြေလွယ်၏၊ အားကို ဖြစ်စေတတ်၏၊ သုက်ကို မွားစေတတ်၏၊ ဒေါသသုံးပါးလုံးကို နှိုင်၏။

ပြောင်သား။ ။ ပြောင်သားသည် ဆူ၏၊ ကြေခဲ၏၊ ဝမ်းမီးကို ပျက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ (ဤကား ရာဇနိဃဏ္ဍု ကျမ်း၏ အလို။ သုသုတ ဆေးကျမ်း၌ကား ပြောင်သားသည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နှိုင်၏၊ သုက်ကို မွားစေတတ်၏ဟု ဆို၏။)

[ရုရုသဒ္ဒါ – ပြောင်ဟော၊ မဟာကဏ္ဍသာရမိဂဟု သဒ္ဒ မုတ္တာဝလီ အဘိဓေန်တွင် ဖွင့်သည်ကိုထောက်။ သုသုတ ဆေးကျမ်း၌ ကုလေစရသားမျိုးတွင် ထားသည်။]

စိုင်သား။ ။ စိုင်သားသည် ဆိမ့်၏၊ နူးညံ့၏၊ ဆူ၏၊ ဝမ်းမီးချက်ပြုံးနောက်၌လည်း ဆိမ့်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ (ဂေါကဏ္ဏသဒ္ဒါ – စိုင်ဟော။)

ဆတ်သား။ ။ ဆတ်သားသည် ဆူ၏၊ ကြေခဲ၏၊ ဆိမ့်၏၊ ဝမ်းမီးချက်ပြုံးနောက်လည်း ဆိမ့်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ (သမ္မရသဒ္ဒါ – ဆတ်ဟော။)

နွားနောက်သား။ ။ နွားနောက်သားသည် ဆူ၏၊ ဆိမ့်၏၊ ဝမ်းမီးချက်ပြုံးနောက်လည်း ဆိမ့်၏၊ ချောင်းဆိုးနာကို နှိုင်၏၊ မေထုန်ကို များစွာ မှီဝဲစေနိုင်၏၊ (ဤကား သုသုတဆေးကျမ်း အလို။)

ဘာဝပ္ပကာသ ဆေးကျမ်း၌ကား နွားနောက်သားသည် ဆူ၏၊ ဆိမ့်၏၊ အားကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏ဟု ဆို၏၊ (သုသုဆေးကျမ်း၌ နွားနောက်ကိုလည်း ကုလေစရမျိုး၌ သွင်း၏။)

တွင်းအောင်းသား။ ။ ယုန်, ဖြူ, ဖွတ်, မြွေ, ကြွက်, ပတတ်တို့သည် တွင်းကျင်း၌ နေတတ်သောကြောင့် **ဗီလေသယ** မည်၏၊ ဗီလေသယ တိရစ္ဆာန်တို့၏ အသားသည် ဆိမ့်၏၊ ဝမ်းမီးချက်ပြုံး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နောက်လည်း ဆိမ့်၏၊ ပူ၏၊ လေကို နှိုင်၏၊ ဝစေတတ်၏၊ ကျင်ကြီး ကျင်ငယ်တို့ကို ခိုင်စေတတ်၏။

ယုန်သား။ ။ ယုန်သားသည် အေး၏၊ ကြေလွယ်၏၊ အဆီ မရှိ၊ ချုပ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆိမ့်၏၊ လေ, သလိပ်ကို နှိုင်၏၊ လေနာနှင့် သင့်၏၊ အဖျား, ဝမ်းပျက်, သုက်ကုန်ခန်းသော အနာ, သွေးနာတို့ကို နှိုင်၏၊ အခါခပ်သိမ်း သင့်၏။

ဖြူသား။ ။ ဖြူသားသည် ဆိမ့်၏၊ အေး၏၊ ကြေလွယ်၏၊ သည်းခြေကို နှိုင်၏၊ အဆိပ်ကို နှိုင်၏၊ ချောင်းဆိုးနာ, ပန်းနာကို နှိုင်၏၊ ဒေါသ သုံးပါးကို နှိုင်၏။

ဖွတ်သား။ ။ ဖွတ်သားသည် ဆိမ့်၏၊ ဖန်၏၊ စပ်၏၊ လေ, သည်းခြေကို နှိုင်၏၊ ဝစေတတ်၏၊ အားကို ပွားစေတတ်၏။

ကြွက်သား။ ။ ကြွက်သားသည် ဆိမ့်၏၊ ကိုယ်အားလုံး ပျံ့နှံ့တတ်၏၊ ဓာတ်ကုန်ခန်းသော အနာကို နှိုင်၏၊ ကျင်ကြီး, ကျင်ငယ်ကို ခိုင်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာ, မြင်းသရိက်နာကို နှိုင်၏။

မြွေသား။ ။ မြွေသားသည် ဆိမ့်၏၊ မြင်းသရိက်နာ, လေနာတို့ကို နှိုင်၏၊ ပိုးတို့ကို ဖျက်ဆီးနိုင်၏၊ အဆိပ်ကို နှိုင်၏၊ မျက်စိနှင့် သင့်၏၊ ဉာဏ်ပညာ, ဝမ်းမီးတို့ကို ပွားစေတတ်၏။

စပါးကြီးသား။ ။ စပါးကြီးသားသည် မြင်းသရိက်နာနှင့် အလွန် သင့်၏။

ပတတ်သား။ ။ ပတတ်သားသည် ကြေခဲ၏၊ ဆိမ့်၏၊ မျက်စိနာနှင့် သင့်၏၊ သုက်ကို ပွားစေတတ်၏။

[ကလန္ဒက သဒ္ဒါ – ရွှဉ်နက်ဟု အနက်ပေးကြသည်ကို မမှတ်နှင့်၊ မိလိန္ဒပဉ္ဟာတွင် ဤကလန္ဒက တိရစ္ဆာန်သည် ခွေး ကို ရိုက်ရန် အမြီး ဟူသော လက်နက်ရှိသည်– ဆိုသည်ကို ထောက်။]

ဂူအောင်းသား။ ။ ခြင်္သေ့, ကျား, ကျားသစ်, သစ်ကျွတ်, ဝက်ဝံ, အောင်း, ကြောင်, မြေခွေး အစရှိသည်တို့ကား လိုဏ်ဂူနှင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နေတတ်သောကြောင့် ဂုဟာသယ မည်၏၊ ဤဂုဟာသယ သားမျိုးတို့၏ အသားသည် ပူ၏၊ ကြေခဲ၏၊ ဆူ၏၊ ဆိမ့်၏၊ လေကို နှိုင်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိနှာ, အင်္ဂါတော်နှာ ရှိသော သူတို့နှင့် အမြဲ သင့်၏၊ (ဤသားကောင်တို့၏ တစ်မျိုးစီ အကျယ်ကို ဆေးကျမ်းတို့တွင် မဆို။)

သစ်ပင်နေသား။ ။ မျောက် ရှူးပုံ, မျောက်လေပွေ, ရှဉ့်, လင်းနို့ အစရှိသည်တို့သည် သစ်ပင်၌ နေ၍ သစ်ရွက်, သစ်သီးကို စားတတ်သောကြောင့် **ပဏ္ဏမိဂ** မည်ကုန်၏၊ ဤပဏ္ဏမိဂတို့၏ အသားတို့သည် သုက်ကို ပွားစေတတ်၏၊ ဆိမ့်၏၊ ကြေခဲ၏၊ မျက်စိနှင့် သင့်၏၊ သုက်ကုန်ခန်းသော သူနှင့် သင့်၏၊ ချောင်းဆိုနှာ, ပန်းနှာ, မြင်းသရိုက်နှာကို နှိုင်၏၊ ကျင်ကြီး, ကျင်ငယ်တို့ကို ရှင်စေတတ်၏။

လင်းနို့သား။ ။ လင်းနို့သားသည် အေး၏၊ ကြေခဲ၏၊ အဆီမရှိ၊ ကျင်ကြီး, ကျင်ငယ်တို့ကို နှိုင်စေတတ်၏။

ရှဉ့်သား။ ။ ရှဉ့်သားသည် လေ, သည်းခြေကို စဉ်းငယ် ပွားစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ အိပ်စေတတ်၏၊ ပါးသက်နှာ, မြင်းသရိုက်နှာကို နှိုင်၏။

ယက်စားသား။ ။ ဘီလုံး, ငုံး, ရစ်, ခါ, ကြက်, ဒေါင်း အစရှိသော ငှက်တို့သည် ယက်၍ စားတတ်သောကြောင့် **ဝိကွိရ** မျိုး မည်ကုန်၏၊ ဝိကွိရ မျိုးတို့သည် ချိုဆိမ့်ကုန်၏၊ အေးကုန်၏၊ ကြေလွယ်ကုန်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်ကုန်၏၊ အားကို ဖြစ်စေတတ်၊ သုက်ကို ပွားစေတတ်ကုန်၏၊ ဒေါသသုံးပါးလုံးကို နှိုင်ကုန်၏၊ လူနှင့် အခါခပ်သိမ်း သင့်ကုန်၏။

ကြက်သား။ ။ ကြက်သားသည် ကြေခဲ၏၊ ဆူ၏၊ ပူ၏၊ ဝစေတတ်၏၊ လေကို နှိုင်၏၊ ချိုဆိမ့်၏၊ မျက်စိနှင့် သင့်၏၊ သုက်, သလိပ်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏။

တောကြက်သား။ ။ တောကြက်သားသည် ကြေခဲ၏၊ ဆူ၏၊ ဝစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အားခွန်ကုန်ခန်းသော အနာ, အော့အန်သော အနာ, ချမ်းဖျား, တုန်ဖျား တို့ကို နှိုင်၏၊ (အချို့ ဆေးကျမ်းတို့၌ အိမ်ကြက်သားသည် ချမ်းဖျား, တုန်ဖျားတို့ကို နှိုင်သည်ဟု ဆို၏။)

ရစ်သား။ ။ ရစ်သားသည် စဉ်းငယ် ကြေခဲ၏၊ ပူ၏၊ ချိုဆိမ့်၏၊ သုက်ကို ပွားစေတတ်၏၊ ချုပ်၏၊ ဒေါသ သုံးပါးကို နှိုင်၏၊ အရေအဆင်းကို ကြည်လင်စေတတ်၏။

ခါသား။ ။ ခါသားသည် ရစ်သားနှင့် တူသော အကျိုးရှိ၏၊ အထူးအားဖြင့် မောဟိုက်သော အနာ, ပန်းနာ, လေနာ, ရတ္တပိတ်နာတို့ကို နှိုင်၏၊ အေး၏၊ ကြေလွယ်၏၊ သလိပ်ထသော သူနှင့် သင့်၏၊ လေ, သည်းခြေကို နှိုင်၏၊ အသိပညာ, ဝမ်းမီး, အား, သုက်တို့ကို တိုးပွားစေတတ်၏။

[ရစ်ကို- ကဏ္ဍာတိတ္တိရိ၊ ခါကို- ဂေါရတိတ္တိရိခေါ်သည် ဟူ၍ လည်းမှတ်၊ ထို့ကြောင့် သုသုတ ဆေးကျမ်းတို့၌ "တိတ္တိရိ ကဏ္ဍ ဝဏ္ဏော သိယာ၊ စိတ္တော အညော ဂေါရတိတ္တိရိ" ဟူ၍ ဆို၏။]

ဘီလုံးသား။ ။ ဘီလုံးငှက်သည် ဆိမ့်၏၊ ဖန်၏၊ ချို၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချုပ်၏၊ ဝမ်းမီး ချက်ပြုံးနောက် စပ်၏၊ စဉ်းငယ် ကြေခဲ၏၊ ပူ၏၊ သုက်, ဉာဏ်ပညာ, ဝမ်းမီးတို့ကို ပွားစေတတ်၏၊ အဆိပ်ကို နှိုင်၏၊ သန့်ပါတ်နာ၌ ပူဇော်အပ်၏၊ ထိုဘီလုံးသည် လေးမျိုး ရှိသည်။

၁။ မြေကြီးအဆင်းကဲ့သို့ အဆင်းရှိသော **ပံသုလ** မည်သော ဘီလုံး,

၂။ အရဏ်အဆင်းနှင့် တူသော ဖြူနီ အဆင်းရှိသော **ဂေါရ** မည်သော ဘီလုံး,

၃။ ဖြူသော အဆင်းရှိသော **ပုဏ္ဏရိက** မည်သော ဘီလုံး,

၄။ ကြောင်သော အဆင်းရှိသော **ဒဇ္ဇရ** မည်သော ဘီလုံး-

ဟူ၍ လေးမျိုး ရှိ၏၊ ထိုလေးမျိုးတို့တွင် ပံသုလ မည်သော ဘီလုံးသည် သလိပ်ကို ပွားစေတတ်၏၊ လေကို နှိုင်၏၊ ဂေါရမည်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘီလုံးသည် ကြေလွယ်၏၊ အဆီ မရှိ၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဒေါသသုံးပါးလုံးကို နှိုင်၏၊ ပုဏ္ဏရိက မည်သော ဘီလုံးသည် သည်းခြေ ပျက်စေတတ်၏၊ စဉ်းငယ် ကြေလွယ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဒဇ္ဇ ရ မည်သော ဘီလုံးသည် ရတ္တပိတ်နာကို နှိုင်၏၊ နှလုံးနာကို နှိုင်၏၊ အေး၏။

ငုံးသား။ ။ ငုံးကြီးသည် ဝမ်းမီးကို တောက်စေတတ်၏၊ အေး၏၊ အဖျားကို နှိုင်၏၊ ဒေါသ သုံးပါးကို နှိုင်၏၊ နှုတ်ကို လွန်စွာ မြိန်စေတတ်၏၊ အား, သုက်တို့ကို ပွားစေတတ်၏၊ ငုံးငယ်သည် ငုံးကြီး အောက်အကျိုး နည်း၏။

ဒေါင်းသား။ ။ ဒေါင်းသားသည် နား, မျက်စိနှင့် သင့်၏၊ ဉာဏ်ပညာ, ဝမ်းမီး, အဆင်း, အသံ, အသက်, အားခွန်တို့ကို တိုးပွားစေ တတ်၏၊ ကြေခဲ၏၊ ပူ၏၊ လေကို နှိုင်၏၊ အသား, သုက်တို့ကို ပွားစေ တတ်၏၊ ဒေါင်းတို့မည်သည် မြွေ အစရှိသော၊ အဆိပ်ရှိသော တိရစ္ဆာန် ကို စားတတ်သောကြောင့် လည်းကောင်း, ပူသောကြောင့် လည်း ကောင်း, ဟေမန္တဥတု, သိသိရဥတု, ဝသန္တဥတု၌သာ စားအပ်ကုန်၏၊ ကြင်းသော ဥတုသုံးပါးတို့၌ မစားအပ်။ (ဤကား ရာဇနိဃဏ္ဍုကျမ်းလာ)

[ဘာဝပ္ပကာသ ကျမ်း၌ကား ဒေါင်းသားသည် ချိုဆိမ့်၏၊ ဝမ်းမီး ချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ လေကို နှိုင်၏– ဟူ၍ ဆို၏၊ သုသုတ ဆေးကျမ်း၌ကား ဒေါင်းသားသည် အသံ, အသိပညာ, ဝမ်းမီးနာ, နား, မျက်စိတို့ ကောင်းခြင်းကို ပြုတတ် ၏၊ ဆူ၏၊ ပူ၏၊ လေကို နှိုင် ၏၊ သုက်ကို ပွားစေတတ်၏၊ ချွေးကို ထွက်စေတတ်၏၊ အားကို ဖြစ်စေ တတ်၏– ဟူ၍ ဆို၏။]

ထိုဒေါင်းသားကို ကြက်ဆူဆီနှင့် ချက်၍ မစားကောင်း။

ထိုးဆွစားသား။ ။ ချိုး, ခို, ငူ, ကျေး, သပိတ်လွယ်, စာ ကလေး အစရှိသော ငှက်တို့သည် နှုတ်သီးဖြင့် ထိုးဆွ စားတတ်သော ကြောင့် ပတုဒငှက်မျိုး မည်ကုန်၏၊ ပတုဒ ငှက်မျိုးတို့၏ အသားသည် ချိုဆိမ့်၏၊ အေး၏၊ ငန်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ ကြေလွယ်၏၊ ကျင်ကြိုးချုပ်၏၊ စဉ်းငယ် လေကို ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချိုးသား။ ။ ချိုးဂရသည် အဆီ မရှိ၊ ပူ၏၊ ရတ္တပိတ်နာ, သလိပ်နာကို နှိုင်၏၊ ချွေးကို ထွက်စေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ စဉ်းငယ် လေကို ပျက်စေတတ်၏၊ ချိုးလည်ပြောက်သည်လေ, သလိပ်ကို နှိုင်၏၊ ဝမ်းကိုက်နာကို နှိုင်၏၊ ချိုးလင်းပြာသည်အေး၏၊ ရတ္တပိတ်နာကို နှိုင်၏၊ (ဒဗ္ဗဂုဏာပကာသ ဆေးကျမ်း၌ကား ချိုးလည်ပြောက်သည် ဆိမ့်၏၊ ချို၏၊ အေး၏၊ ဖန်၏၊ လေ, သည်းခြေကို နှိုင်၏ ဟူ၍ ဆို၏။) ချိုးလည်ပြောက်သည် သုက်, အားခွန်ကို ပွားစေတတ်၏၊ ချိုဆိမ့်၏၊ သလိပ်, သည်းခြေ, သွေးတို့ကို နှိုင်၏ဟူ၍ ရာဇနိဃဏ္ဍု ကျမ်း၌ဆို၏၊ ထိုချိုးသားကို မုန်ညင်းဆီနှင့် ချက်၍ မစားကောင်း။

ခိုသား။ ။ ခိုသားသည် ကြေခဲ၏၊ ဆူ၏၊ အေး၏၊ ရတ္တပိတ်နာ, လေနာတို့ကို နှိုင်၏၊ ဝမ်းချုပ်၏၊ သုက်ကို ပွားစေတတ်၏၊ စဉ်းငယ်ဖန်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ (ဤကား ခိုကြီးသားကို ဆိုသည်။) ခိုငယ်သားသည် ဆိမ့်, ဖန်, ငန်သောရသ ရှိ၏၊ ကျင်ကြီး, ကျင်ငယ်ကို ပွားများစေတတ်၏၊ ဒေါသ သုံးပါးကို ပျက်စေတတ်၏၊ ကြေခဲ၏၊ ခိုငယ်ကို **ကာဏကပေါတ** ခေါ်သည်။ မျက်စိ တစ်ဖက်ကန်း ဆိုလိုသည်။

ငူသား။ ။ ငူသားသည် ချိုဆိမ့်၏၊ ဖန်၏၊ ကြေလွယ်၏၊ ရတ္တပိတ်နာကို နှိုင်၏။ ရေငတ်ခြင်းကို နှိုင်၏၊ လေကို နှိုင်၏၊ ကျင်ကြီးကို နည်းစေတတ်၏။

စာသား။ ။ တောစာသားသည် ဆိမ့်၏၊ ဆူ၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ အိမ်စာသားသည် သုက်ကို အလွန် ပွားစေတတ်၏။

သပိတ်လွယ်ငှက်သား။ ။ သပိတ်လွယ် ငှက်သားသည် သလိပ်, သည်းခြေကို နှိုင်၏၊ ကြေလွယ်၏၊ အဆီ မရှိ၊ ဆီး, ဝမ်းချုပ်သည်ကို နှိုင်၏။

[ထိုသပိတ်လွယ် ငှက်တို့ အိပ်သည့် အောက်တွင် ရွှေအိုးရှိတတ်သည်။ ထိုငှက်ကို ဖမ်း၍ အိမ်နှင့် လှောင်ထားလျှင် ငင်းငှက်ဦး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

စွန်း ပေါက်သည်ကာလ ကြည့်၍ မမြင်ရိုလိမ့်မည်။ ထိုအခါ လျောင်ထား သည့် အိမ်တွင်းမှာ လက်နှင့် စမ်း၍ ဖမ်းပြီး လျှင် ဦးစွန်းကို နုတ်ယူ ဆောင်ထားလျှင် ရှိန်းပြီးသည် ဟူ၍- အဋ္ဌကထာဂရုကျမ်းတွင် ဆိုသည်။]

ကျေးသား။ ။ ကျေးသားသည် သုက်ကို လွန်စွာ ပွားစေ တတ်၏၊ ကြေခဲ၏၊ အေး၏၊ ချောင်းဆိုးနာ, ပန်းနာ, သုက်ကုန်ခန်းသော အနာတို့ကို နှိုင်၏၊ ဝမ်းချုပ်၏။

သတ်ဖြတ်စားသား။ ။ ကျီး, လင်းတ, ခပ်ပုပ်, စေ့ကွက် (ဇီးကွက်), စွန်, လင်းယုန်, သိန်း, စွန်ခေါင်းဖြူ, ဘုမ္မတီး အစရှိသော ငှက်တို့သည် သတ်ဖြတ်နင်းဖဲ့၍ စားတတ်သောကြောင့် **ပသဟ** ငှက် မျိုး မည်ကုန်၏၊ ပသဟ ငှက်တို့၏ အသားသည် ပူ၏၊ သုက်ကို ကုန် ခန်း စေတတ်၏၊ အသွေးအသားကို ခြောက်စေတတ်၏၊ ရူးသွပ် စေတတ်၏၊ (ထိုငှက်တို့၏ အသားကို ဆေးကျမ်းတို့၌ အကျယ်မဆို။)

ရွာကောင်သား။ ။ သိုး, ဆိတ်, နွား, မြင်း, ဒွန္ဒာ အစရှိ သော သားတို့သည် မြို့ရွာ၌ ကျက်စားတတ်သောကြောင့် **ဂါမိယ** သားမည်ကုန်၏၊ ဂါမိယသားတို့၏ အသားတို့သည် လေကို နှိုင်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချိုဆိမ့်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ ဝစေတတ်၏၊ အားကို ပွားစေတတ်၏။

ဆိတ်သား။ ။ ဆိတ်သားသည် ကြွေလွယ်၏၊ ဆူ၏၊ ချိုဆိမ့်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏၊ မပူမအေး၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ နှာစေးနာကို နှိုင်၏၊ အားကို လွန်စွာ ပွားစေတတ် ၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဆိတ်မြို့မ၏ အသားသည် နှာစေးနာကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ချောင်းခြောက်နာကို နှိုင်၏၊ သုက်ကုန်ခန်းသော အနာကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အသိုးမဖြစ်သေးသော ဆိတ်ပျိုသား သည် အလွန် ကြွေလွယ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အဖျားကို နှိုင်၏၊ အားကို ပွားစေတတ်၏၊ မြတ်သော အသားဖြစ်၍ ချမ်းသာကို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပေးတတ်၏၊ ငွေး (ငှေး) ထုတ်ပြီးသော ဆိတ်သားသည် ကြေခဲ၏၊ သလိပ်ကို ပျက်စေတတ်၏၊ သွေး, လေ, အရသာတို့ သွားလမ်းကို စင်ကြယ်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ဆိတ်အို, ဆိတ်နာသားသည် အဆီ မရှိ၊ လေကို ပျက်စေတတ်၏၊ ဆိတ်ခေါင်းသည် ဒူးအထက်၌ ဖြစ်သော အနာကို နိုင်၏၊ မြို့ရွာ၌ ပေါက်ဖွား ကျက်စားတတ်သော သားကောင်မျိုးတို့၏ အသားတို့တွင် ဆိတ်သားသည် အမြတ်ဆုံး လူနှင့် အသင့်ဆုံး ဖြစ်၏။ (ထို့ကြောင့် မဟော်ဇာတ်၌ ဆိတ်သားကို မင်း, မှူးမတ်တို့ စားထိုက်သော အသားဟူ၍ ဆို၏။)

သိုးသား။ ။ သိုးသားသည် ကြေခဲ၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ဝစေတတ်၏၊ ငွေး (ငှေး) ထုတ်ပြီးသော သိုးသားသည် စဉ်းငယ် ကြေလွယ်၏၊ ဒွန္တာသားသည် သိုးသားနှင့် အကျိုး တူ၏၊ လေကို နိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ မောပန်းခြင်းကို ပျောက်စေတတ်၏။

[ဝစ္ဆမင်္ဂနှင့် အမြီးကြားတွင် အထုပ်ကဲ့သို့ အဆီခဲ ရှိသော သိုးမျိုးကို ဟိန္နူ, ပသီးတို့က ဒွန္တာ ခေါ်သည်။]

နွားသား။ ။ နွားသားသည် ဆူ၏၊ ကြေခဲ၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ လေကို နိုင်၏၊ ဝစေတတ်၏၊ နှာစေးနာကို နိုင်၏၊ (သုသုတ ဆေးကျမ်း၌ကား နွားသားသည် စင်ကြယ်၏၊ လေကို နိုင်၏၊ ချောင်းဆိုးနာ, ပန်းနာ, နှာစေးနာ, ချမ်းဖျား, တုန်ဖျားတို့ကို နိုင်၏၊ ဝမ်းမီး ထက်သော သူနှင့် သင့်၏ဟု ဆို၏။)

မြင်းသား။ ။ မြင်းသားသည် စဉ်းငယ် ငန်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ လေကို နိုင်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆိမ့်၏၊ ကြေလွယ်၏၊ မျက်စိနှင့် သင့်၏၊ (ခွာတစ်လုံးတည်း ရှိသမျှသော မြည်း, လားသားတို့၏ အသားသည်လည်း ဤ မြင်းသားနှင့် အကျိုး တူ၏။) အကြင်သား

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ငှက်တို့သည် ရွာတွင်း မြို့တွင်း၌ ကျက်စားကုန်၏၊ ထိုသားငှက်တို့၏ အသားသည် အကြောကို လေးစေတတ်၏၊ အကြင် သားငှက်တို့သည် မြို့ရွာနှင့် ဝေးသော အရပ်၌ ကျက်စားကုန်၏၊ ထိုသားငှက်တို့၏ အသားသည် အကြောကို မလေးစေတတ်ကုန်။

သင်းဖွဲ့သား။ ။ အနုပတိရဏ္ဍာန် ငါးမျိုးတို့တွင် ဆင်, ကြံ့, ကျဲ, ဝက်, စာမရီ အစရှိသော သားတို့သည် အစုအသင်းနှင့် နေတတ်သောကြောင့် **ကုလေစရ** သားမျိုး မည်ကုန်၏၊ ကုလေစရ သားမျိုးသည်လေ, သည်းခြေကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆိမ့်ချို၏၊ အေး၏၊ ဆူ၏၊ ဆီးကို များစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏။

ဆင်သား။ ။ ဆင်သားသည် အဆီ မရှိ၊ ဆိမ့်၏၊ စဉ်းငယ်ချဉ်ငန် ရှိ၏၊ လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ လူကို ပိန်စေတတ်၏။

ကြံ့သား။ ။ ကြံ့သားသည် ဖန်၏၊ လေ, သလိပ်ကို နှိုင်၏၊ (သေသော အဖကို ရည်၍ လှူဒါန်း ပေးကမ်း သင့်၏။) ကျင်ငယ်ချုပ်၏၊ အဆီ မရှိ၊ စင်ကြယ်၏၊ အသက်ကို ရှည်စေတတ်၏။

ကျဲသား။ ။ ကျဲသားသည် ဆိမ့်၏၊ ဆူ၏၊ ပူ၏၊ လေကို နှိုင်၏၊ အိပ်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ကြေခဲ၏၊ ကိုယ်ကို ခိုင်စေတတ်၏၊ သွေး, သည်းခြေကို နှိုင်၏၊ ဆီးဝမ်းကို ရှင်းစေတတ်၏။

ဝက်သား။ ။ ဝက်သားသည် ကြေခဲ၏၊ ဆူ၏၊ ဆိမ့်၏၊ အေး၏၊ အားရနှစ်သက်စေတတ်၏၊ ချွေးကို ထွက်စေတတ်၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ပင်ပန်းခြင်း, လေနာတို့ကို နှိုင်၏၊ အားကို ပွားစေတတ်၏။

စာမရီသား။ ။ စာမရီသားသည် ဆိမ့်၏၊ ဆူ၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ဆိမ့်၏၊ လေ, သည်းခြေကို နှိုင်၏။ (အမွေးရှိသော ခွေးမျိုး တစ်မျိုးပင်တည်း။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ထိုသားကောင်၏ အမြီးဆံသည် ရှည်သည်ဖြစ်၍ အိန္ဒိယနိုင်ငံ တိဘက်နိုင်ငံများမှာ ယင်ယပ် လုပ်ကြသည်။ မြန်မာနိုင်ငံမှာကဲ့သို့ မြင်းမြီးကို ယင်ယပ် မလုပ်ကြ၊ တိဘက်နိုင်ငံမှာ ဝန်တင်ရန်, နို့စားရန် အသားကို စားရန် အခြား အကောင်ကို မသုံး၊ ဤသားကောင်တို့သည် အများအပြား ရှိ၏၊ စားသောက်သုံးဆောင်ကြကုန်၏၊ ထိုအမြီးယပ်သည်လည်း သာသနာတော် ကျမ်းဂန်တို့၏ အလို မင်းမြောက်တန်ဆာငါးပါးတွင် ပါ၏။]

ရေကူးသား။ ။ ဟသ်ာ, ဝမ်းဘဲ, တင်ကျီး, ဗျိုင်းဖြူ, ဗျိုင်းအောက်၊ စက္ကဝါက်, ကြိုးကြာ အစရှိသော ငှက်တို့သည် ရေပေါ်၌ပေါ်၍ ကူးသွားတတ်သောကြောင့် **ပလဝ** ငှက်မျိုး မည်ကုန်၏၊ ပလဝ ငှက်မျိုး၏ အသားတို့သည် ချိုဆိမ့်ကုန်၏၊ အေးကုန်၏၊ ကြေခဲကုန်၏၊ သည်းခြေကို နိုင်ကုန်၏၊ လေ, သလိပ်တို့ကို ပျက်စေတတ်ကုန်၏၊ အား, သုက်တို့ကို ပွားစေတတ်ကုန်၏၊ ပုံ့နှံ့တတ်ကုန်၏။

ဟသ်ာသား။ ။ ဟသ်ာသားသည် ချိုဆိမ့်၏၊ အေး၏၊ ဆူ၏၊ လေကို နိုင်၏၊ သုက်ကို ပွားစေတတ်၊ အင်္ဂါတော်ကြောကို ထစေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ အသား, အားကို ပွားများစေတတ်၏၊ ဟသ်ာဥသည် အားကို လွန်စွာ ပွားစေတတ်၏၊ ဝစေတတ်၏၊ ကြေလွယ်၏၊ လေကို နိုင်၏၊ အနာ အလုံးစုံကို နိုင်၏။

ဝမ်းဘဲသား။ ။ ဝမ်းဘဲသားသည် လေနာ, ရတ္တပိတ်နာကို နိုင်၏၊ အေး၏၊ ဝမ်းကို ပျော့စေတတ်၏၊ သုက်ကို ပွားစေတတ်၏။

တင်ကျီးသား။ ။ တင်ကျီးသားသည် ကြေခဲ၏၊ အေး၏၊ ဆူ၏၊ သုက်ကို ပွားစေတတ်၏၊ လေကို နိုင်၏။

ဗျိုင်းသား။ ။ ဗျိုင်းဖြူသားသည် တင်ကျီးသားနှင့် အကျိုးတူ၏၊ ဗျိုင်းအောက်သားသည် အေး၏၊ ဆူ၏၊ လေကို နိုင်၏၊ ရတ္တပိတ်နာကို နိုင်၏၊ ကျင်ကြီး, ကျင်ငယ်ကို ရွှင်စေတတ်၏။

စက္ကဝါက်သား။ ။ စက္ကဝါက်သားသည် ကြေလွယ်၏၊ ဆူ၏၊ အားကို ဖြစ်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[မြန်မာတို့က ဟံသ– ဟူသော ပါဠိကို စွဲ၍ ဟသ်၊ စက္ကဝါ က– ဟူသော ပါဠိကို စွဲ၍ စက္ကဝါက် ခေါ်ကြသည်။ ငှက်ကောင်ကိုယ်ကို ညွှန်ပြပါဆိုလျှင် မြစ်၌ အဖို, အမ နှစ်ကောင် နေတတ်သော နိသော အဆင်းရှိသော ငှက်ကို ဟသ်ဟူ၍ ညွှန်ပြသည်၊ စက္ကဝါက်ကိုမူကား မညွှန်ပြနိုင်။ ဒွန္ဒစာရီ အစရှိသော စက္ကဝါက် ငှက်၏ ပရိယာယ်ကို ထောက်၍ လည်းကောင်း, စက္ကဝါက်ငှက်သည် မှော်, ရေညို အစရှိသည်တို့ကိုသာ စားသောက်၏၊ ငါး, ခရု အစရှိသော သူ၏ အသက်ကို မစား ငှက်တို့တွင် သူတော်ကောင်းငှက် ဖြစ်ကြောင်း, ရေငှက်မျိုး ဖြစ်ကြောင်းများနှင့် စက္ကဝါက် ဇာတ်တွင် ဆိုသည်ကို ထောက်၍ လည်းကောင်း၊ ဟသ်မူကား အအုပ်အသင်းနှင့် အများ နေတတ်သော ရေငှက်မျိုး ဖြစ်ကြောင်း၊ ခြေ, နှုတ်သီး နိသော ကိုယ် ဖြူသော ဟသ်မျိုးကို ဓတရဋ္ဌ ဟသ်မင်းမျိုး ဖြစ်ကြောင်း၊ မဟာဟံသဇာတ်တွင် ဟသ်တို့သည် "ကေကာ" ဟူ၍ မြည်တတ်ကြောင်းများဖြင့် အဘိဓာန်ကျမ်း, မဟာဟံသဇာတ်တို့၌ ဆိုသောကြောင့် လည်းကောင်း၊ ဟသ်ဟူသည်ငန်းကို ခေါ်သည်၊ စက္ကဝါက်ဟူသည် ယခု မြန်မာတို့က ဟသ် ခေါ်သော အဖို, အမ နှစ်ကောင် နေတတ်သည့် ငှက်ကို စက္ကဝါက်ငှက် ဟူ၍ မှတ်ရမည်။ သက္ကဋ္ဌ, မာဂဓ အဘိဓာန်ကျမ်းတို့၌ ဥဒေါင်းကို "ကေကာ" မြည်တတ်သည် ဟူ၍ ဆိုသည်ကား မဟာဟံသဇာတ်နှင့် မညီ၊ ကဒမ္ဗ– သဒ္ဒါ ကလဟံသ– အစရှိသော သဒ္ဒါတို့သည် ဝမ်းဘဲဟော၊ မာဂဓ အဘိဓာန်တွင် ကကြီးဂှာ အချနှင့် ကာလဟံသ– ဟူ၍ ရှိသည်ကား ခေါင်းစဉ်အတိုင်း ရေးသော သက္ကဋ္ဌ အဘိဓာန်ကျမ်းတို့နှင့် မညီ။ အဗျတ္တမဓုရေကာလော ဟူ၍ အဘိဓာန်ကျမ်းတို့တွင် ဆိုသောကြောင့် ပုဒ်, ဗျည်း မထင်ရှားဘဲ သာယာစွာ မြည်တတ်သော ဟသ်မျိုး ဆိုလိုသည်။]

ငှက်ဥ။ ။ ဟသ်ဥမှ တစ်ပါး အခြားငှက်တို့၏ ဥသည် ဆိမ့်၏၊ ကြေခဲ၏၊ စဉ်းငယ် အဆီ ရှိ၏၊ ဝစေတတ်၏၊ လေကို နှိုင်၏၊ သုက်ကို လွန်စွာ ပွားစေတတ်၏။

ခရုစသည့်အခွံရှိသား။ ။ ခရုသင်း အကြီး, အငယ်, ခရ, ယောက်သွား အစရှိသော အခွံရှိသော ရေတိရစ္ဆာန်တို့သည် **ကောသဋ္ဌ**

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျိုး မည်ကုန်၏၊ ကောသဋ္ဌမျိုးတို့၏ အသားသည် ချိုဆိမ့်၏၊ ဆူ၏၊ အေး၏၊ လေ, သည်းခြေကို နှိုင်၏၊ ဝစေတတ်၏၊ အား, သုက်တို့ကို ပွားစေတတ်၏၊ ကျင်ကြီးကို များစေတတ်၏။

ခြေရှိရေနေသား။ ။ လိပ်, ပုစွန်လုံး, မိကျောင်း, ဖွတ် မိကျောင်း မကန်း အစရှိသော ခြေရှိသော ရေ၌ ကျက်စားသော တိရစ္ဆာန်မျိုးတို့သည် **ပါဒိန**မျိုး မည်ကုန်၏၊ ပါဒိန တိရစ္ဆာန်မျိုးတို့၏ အသားသည် ကောသဋ္ဌ တိရစ္ဆာန်မျိုးနှင့် အကျိုး တူကုန်၏။

လိပ်သား။ ။ လိပ်သားသည် အားကို ဖြစ်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ မေထုန်ကို များစွာ မှီဝဲစေနိုင်၏၊ ရာဇနိယဏ္ဍာ ကျမ်း၌ကား လိပ်သားသည် လေကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ မျက်စိနှင့် သင့်၏၊ အားကို ပွားစေတတ်၏၊ ဉာဏ်ပညာ, သတိတို့ကို ဖြစ်စေတတ်၏၊ လူနှင့် သင့်၏၊ ကိုယ်ရောင်နှာကို နှိုင်၏၊ အခွံသည် သည်းခြေကို နှိုင်၏၊ သည်းခြေ, သလိပ်ကို နှိုင်၏၊ ဥသည် ဆိမ့်၏၊ မေထုန်ကို များစွာ မှီဝဲစေနိုင်၏– ဟူ၍ ဆို၏။

ပုစွန်လုံး။ ။ ပုစွန်လုံးသည် လေ, သည်းခြေကို နှိုင်၏၊ ဓာတ်ခုနစ်ပါးတို့ကို ပွားများစေတတ်၏၊ ကျင်ကြီး, ကျင်ငယ်တို့ကို ရှင်းစေတတ်၏၊ ပုစွန်လုံးနက်သည် အားကို ဖြစ်စေတတ်၏၊ လေကို နှိုင်၏၊ ပုစွန်လုံး အဖြူသည် ဓာတ်ခုနစ်ပါးကို ပွားစေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ ကျင်ကြီး, ကျင်ငယ်ကို ရှင်းစေတတ်၏။

ငါးမျိုး။ ။ ငါးကြင်း, ငါးသိုင်း, အစရှိသော ရေ၌ ကျက်စားသော တိရစ္ဆာန်မျိုးတို့သည် မစ္ဆ မည်ကုန်၏၊ (ငါးမျိုးဟူလို။) ငါးမျိုးဟူသမျှသည် ပူ၏၊ ဆူ၏၊ ချိုဆိမ့်၏၊ ကြေခဲ၏၊ သလိပ်, သည်းခြေကို ပွားများစေတတ်၏၊ လေကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သုက်, အား, အသားတို့ကို ပွားများစေတတ်၏၊ သေသောက်သောသူ, မေထုန်ကို များစွာ မှီဝဲလိုသောသူ, ဝမ်းမီးထက်သော သူတို့ ပူဇော်အပ်၏၊ ငါးသည် မြစ်, ချောင်း အစရှိသည်တို့၌ ပေါက်ဖွားသော ငါးကြင်း, ငါးသိုင်း အစရှိသော ငါးမျိုး, သမုဒ္ဒရာ ပင်လယ်၌ ပေါက်ဖွားသော **တိမိင်္ဂိလ** အစရှိသော ငါးမျိုးဟူ၍ နှစ်မျိုး ရှိ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ယခုအခါ ငါးဆီမီးတိုင် လုပ်သော ပင်လယ် ငါးကြီးမျိုးကို သိုးဆောင်း လူမျိုးတို့က ဝေလ ဟု ခေါ်သည်။ အသားကို အခြောက်လှန်း၍ စားသော ပင်လယ်ငါးကြီးမျိုးကို မွန်ဘာသာ ဖြင့် ကကူရံ ခေါ်သည်။ မွန်တို့မှာ ငါးကို က- ခေါ်သည်။ ကူရံ မည်သော ငါးဆိုလိုသည်။]

မြစ်ငါး။ ။ မြစ်ငါးသည် ကြေခဲ၏၊ ဝစေတတ်၏၊ လေကို နှိုင်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဆူ၏၊ ပူ၏၊ ကျင်ကြီးကို နည်းစေတတ်၏၊ အုတ်, ကျောက်တို့ဖြင့် စီခင်း၍ လုပ်အပ်သော တွင်းကြီးငါးသည် ဆီးကို ရှင်စေတတ်၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ နူနာကို ဖြစ်စေတတ်၏၊

အင်းငါး။ ။ အင်း, အိုင်ငါးသည် ချိုဆိမ့်၏၊ ဆူ၏၊ အားကို ဖြစ်တတ်၏၊ လေကို နှိုင်၏။

တွင်းငါး။ ။ **စုဏ္ဏီ**မည်သော တောဋ္ဌ အလျောက် ဖြစ်သော တွင်းငယ်ငါးသည် ချိုဆိမ့်၏၊ ကြေလွယ်၏၊ ဆူ၏၊ အေး၏၊ သည်းခြေကို ပျက်စေတတ်၏၊

ကန်ငါး။ ။ တစ်ဖက်ဆည်ကန် ငါးသည် ကြေခဲ၏၊ အေး၏၊ သုက်, အား, ကျင်ငယ်တို့ကို ပွားစေတတ်၏၊ စိမ့်, စမ်း, ရေတံခွန်ငါးသည် အား, အသက်, အသိပညာ, မျက်စိကြည်ခြင်းတို့ကို ပြုတတ်၏၊ ငါးတို့တွင် အမြတ်ဆုံး ဖြစ်၏။

ပင်လယ်ငါး။ ။ ပင်လယ်ငါးသည် ဆူ၏၊ ကြေခဲ၏၊ ချိုဆိမ့်၏၊ ပူ၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏၊ လေကို နှိုင်၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ ကျင်ကြီးကို ပွားစေတတ်၏၊ (မြစ်ငါးနှင့် ပင်လယ်ငါးတို့ကား အကျိုးအပြစ် တူကြ၏။)

ထူးသောငါး။ ။ တွင်းငယ်ငါးထက် တွင်းကြီးငါး- တွင်းကြီးငါးထက် ကျုံး, ကန်ကြီးတို့၌ ဖြစ်သော ငါးတို့သည် အကျိုးကဲလွန်ကုန်၏၊ မြစ်ငါးတွင် အလယ်ပိုင်း ကြေခဲ၏၊ အမြီးပိုင်း, ခေါင်းပိုင်း ကြေလွယ်၏၊ အိုင်ငါး, တစ်ဖက်ဆည်ကန် ငါးတို့သည် ခေါင်းပိုင်း ကြေလွယ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဟေမန္တဥတုခ် ကျောက်, အုတ် စသည်တို့ဖြင့် စီအပ်သော တွင်းကြီးငါး, သိသိရဥတုခ် အိုင်ငါး, ဝသန္တဥတုခ် မြစ်ငါး, ဂိမှာန ဥတုခ် စုတ္တိမည်သော တွင်းငယ်ငါး ဝသာနဥတုခ် တစ်ဖက်ဆည်ကန်ငါး, သရဒ ဥတုခ် စိမ့်, စမ်း ရေတံခွန် ငါးတို့သည် သင့်မြတ်ကုန်၏၊ ဝသာနဥတုခ် မြစ်ငါးကို မစားကောင်း။

ငါးကြင်း။ ။ နီသော ဝမ်းဗိုက်, ခံတွင်း, မျက်လုံး, ရေယက်ရှိသော ညိုသော နက်သော အမြီးရှိသော ငါးသည် **ရောဟိတ** မည်၏၊ (ငါးကြင်း ဆိုလိုသည်။) ငါးကြင်းသည် ငါးတကာတို့တွင် အမြတ်ဆုံးဖြစ်၏၊ ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ လေကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏၊ ခံတွင်း, မျက်လုံးရဲ့သော လေနာကို နှိုင်၏၊ ငါးကြင်းခေါင်းသည် ဒူးအထက်ခ် ဖြစ်သော အနာကို နှိုင်၏၊ ဤကား ဘာဝပ္ပကာသကျမ်းအလို။

ငါးကြင်းတစ်မျိုး။ ။ ရာဇနိဃဏ္ဍု ကျမ်းခ်ကား ကျောရိုးညိုသော ဝမ်းဖြူသော ခံတွင်းလုံးလျောင်းသော သဏ္ဌာန်ရှိသော ငါးသည် **ရောဟိတ** မည်၏၊ (ငါးကြင်း ဆိုလိုသည်၊) ထိုငါးကြင်းသားသည် စဉ်းငယ် ပူ၏၊ အားကို ဖြစ်စေတတ်၏၊ ဆူ၏၊ လေကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏– ဟု ဆို၏၊ ဤငါးကြင်း နှစ်မျိုးလုံးကိုပင် လောကခ် သုံးဆောင် စားသောက်ကြကုန်၏။

ငါးမြင်း။ ။ ငါးမြင်းသည် ဆိမ့်၏၊ ကြေခဲ၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ဆိမ့်၏၊ အား, သလိပ်တို့ကို ပွားများစေတတ်၏၊ အာမဝိတနာကို ဖြစ်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လေ, သည်းခြေတို့ကို နှိုင်၏၊ **သိလိန္ဓ**သဒ္ဒါ– ငါးမြင်းဟော။

ငါးပတ်။ ။ ငါးပတ်သည် ချိုဆိမ့်၏၊ ဖန်၏။ ဆူ၏၊ အား, သုက်, သလိပ်တို့ကို ပွားများစေတတ်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ ဤကား ရာဇဝလ္လဘကျမ်းအလို။ ဘာဝပ္ပကာသ ကျမ်းခ်ကား ငါးပတ်သည် အား, သလိပ်တို့ကို ပွားများစေတတ်၏၊ အိပ်စေတတ်၏၊ အသားကို စားစေတတ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သွေး, သည်းခြေကို ပျက်စေတတ်၏၊ နှုနာကို ဖြစ်စေတတ်၏– ဟု ဆို၏၊ **ပါဠိန**သဒ္ဒါ, **သဟဿ**သဒ္ဒါ စသည်တို့ကား ငါးပတ်ဟော။

ငါးစင်ရိုင်း။ ။ ငါးစင်ရိုင်းသည် အဆီ မရှိ၊ ကြေလွယ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ **တိကဏ္ဍ**သဒ္ဒါ– ငါးစင်ရိုင်းဟော။

ငါးခုံးမ။ ။ ငါးခုံးမသည် ခါး၏၊ ဆိမ့်၏၊ စပ်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ဆူ၏၊ ကြေလွယ်၏၊ ခံတွင်းနာ, လည်ချောင်းနာတို့ကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ **ပေါဠ**သဒ္ဒါ– ငါးခုံးမဟော။

ငါးရူ။ ။ ငါးရူသည် ဆိမ့်၏၊ ဆူ၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ သုက်ကို ပွားစေတတ်၏၊ ဤကား ရာဇဝလ္လဘ ကျမ်းအလို။ ဘာဝပွကာသ ကျမ်း၌ကား ငါးရူသည် လေကို နိုင်၏၊ ကြေလွယ်၏၊ အား, သုက်, သလိပ်တို့ကို ပွားစေတတ်၏ – ဟု ဆို၏။

ငါးကြဲ (ကျည်း?)။ ။ ငါးကြဲ (ကျည်း?)သည် ဆိမ့်၏၊ ဆူ၏၊ ဝစေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ဤကား ဒဗ္ဗဂုဏာဒပွန ကျမ်းအလို။ ဘာဝပွကာသ ကျမ်း၌ကား ငါးကြဲ (ကျည်း?)သည် ဖန်၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဆူ၏၊ လေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏ဟု– ဆို၏။

ငါးမြွေ။ ။ ငါးမြွေသည် အဆီ မရှိ၊ ကြေလွယ်၏၊ အကြောကို မလေးစေတတ်၊ လေကို ပျက်စေတတ်၏၊ သလိပ်ကို နိုင်၏။

[နလမီန–သဒ္ဒါ, နဠဝိန–သဒ္ဒါ, စိလိစိမ–သဒ္ဒါ အစရှိသည် တို့ကား– ငါးမြွေဟော၊ ရှေးက ငါးဖောင်ရိုး အနက်ပြန်သည်ကို မမှတ်နှင့်၊ ဇလသုစိ, ဇလဗျဓ အစရှိသော သဒ္ဒါတို့သာ ငါးဖောင် ရိုး ဟောဖြစ်သည်၊ အဘိဓာန်တို့ကို ကြည့်လေ။]

ပုစွန်ဆိတ်။ ။ ပုစွန်ဆိတ်သည် ချိုဆိမ့်၏၊ ကြေခဲ၏၊ လေကို နိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကျတ္ထိလိင်နှင့် **စိကိဋ္ဌိ** သဒ္ဒါ– ပုစွန်ဆိတ်ဟော။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပုစွန်ထုပ်။ ။ ပုစွန်ထုပ်သည် ကြေခဲ၏၊ ဝမ်းချုပ်၏၊ ဆိမ့်၏၊ အားကို ပွားစေတတ်၏၊ အဆီခဲနာ, သည်းခြေနာ, သွေးနာတို့ကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ပုလွိင်နှင့် **စိကိဏ္ဍော** သဒ္ဒါ–, **မဟာသကလော** သဒ္ဒါ – ပုစွန်ထုပ်ဟော။

ငါးအုံတုံ။ ။ ငါးအုံတုံသည် ဆိမ့်၏၊ ကြေခဲ၏၊ သုက်, သလိပ်တို့ကို ပွားများစေတတ်၏၊ ဝမ်းချုပ်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ **ဟာကုဋ္ဌ** သဒ္ဒါ– ငါးအုံတုံဟော။

ငါးသလောက်။ ။ ငါးသလောက်သည် ချိုဆိမ့်၏၊ ဆူ၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို ပျက်စေတတ်၏၊ ဤကား ဒဗ္ဗဂုဏာဒပွနကျမ်းအလို။ ဘာဝပ္ပကာသ ကျမ်းဠ်ကား– ငါးသလောက်သည် ချိုဆိမ့်၏၊ ဆူ၏၊ နှူတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို ပွားစေတတ်၏၊ သည်းခြေကို နှိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ စဉ်းငယ် ကြေလွယ်၏၊ သုက်ကို ပွားစေတတ်၏၊ လေကို နှိုင်၏– ဟု ဆို၏၊ **ဣလိသ** သဒ္ဒါ– ငါးသလောက်ဟော။

ငါးရံ့ခိုင်း။ ။ ငါးရံ့ခိုင်းသည် (ငါးရံ့မြီးကွက်လည်း– ဟူ၏၊) ချိုဆိမ့်၏၊ ဖန်၏၊ ဝမ်းမီးကို ချုပ်စေတတ်၏၊ **သက္ကုလ** သဒ္ဒါ– ငါးရံ့ခိုင်းဟော။

ငါးရံ့။ ။ ငါးရံ့သည် ချိုဆိမ့်၏၊ ခါး၏၊ ဖန်၏၊ လေ, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ နှူတ်ကို မြိန်စေတတ်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သုက်ကို ပွားများစေတတ်၏၊ **ဂရဟီ** သဒ္ဒါ– ငါးရံ့ဟော။

ငါးနုသန်း။ ။ ငါးနုသန်းသည် ချိုဆိမ့်၏၊ ခါး၏၊ အေး၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေနှင့် သင့်၏။

ငါးပြေမ။ ။ ငါးပြေမသည် ချိုဆိမ့်၏၊ ဆူ၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏၊ **ကဝိကာ** သဒ္ဒါ, **ကဝိယီ** သဒ္ဒါ– ငါးပြေမဟော။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ငါးလင်ပန်း။ ။ ငါးလင်ပန်းသည် ဆူ၏၊ ခံတွင်းနာ, လည်ချောင်းနာကို နိုင်၏၊ **သေဋ္ဌာ** သဒ္ဒါ–, **ပေါဠိ** သဒ္ဒါ– ငါးလင်ပန်းဟော။

ငါးသိုင်း။ ။ ငါးသိုင်းသည် ငါးကြင်းပုံနှင့် ပုံသဏ္ဌာန် တူ၏၊ များသောအားဖြင့် မြစ်ရေ အောက်မြေ၌ ကျက်စား၏၊ ကြေခဲ၏၊ ချိုဆိမ့်၏၊ ဝမ်းကို ရွှင်စေတတ်၏၊ ဒေါသ သုံးပါးကို ပျက်စေတတ်၏၊ ငါးသိုင်းကို **သကုလီ** ခေါ်သည်။ **ဝနရောဟိတ**လည်း ခေါ်သည်၊ တောငါးကြင်း ဆိုလိုသည်။

ငါးဖယ်။ ။ ငါးဖယ်သည် ချိုဆိမ့်၏၊ ကြေခဲ၏၊ ဆူ၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ **စိတ္တဖလ** သဒ္ဒါ– ငါးဖယ်ဟော။

ငါးပျက်။ ။ ငါးပျက်သည် ဖန်၏၊ ဝမ်းချုပ်၏၊ အဆီ မရှိ၊ ကြေလွယ်၏၊ လေကို ပျက်စေတတ်၏၊ ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာကို နိုင်၏၊ စဉ်းငယ် အစာမကြေသော အာမနာကို နိုင်၏၊ **ခလိ** သဒ္ဒါ– ငါးပျက်ဟော။

ငါးရံ့ပါးငယ်။ ။ ငါးရံ့ပါးငယ်သည် အကြောကို မလေးစေတတ်၊ နှုတ်ကို မြိန်စေတတ်၏၊ လေနာနှင့် သင့်၏။

ငါးထန်းရွက်။ ။ ငါးထန်းရွက်သည် ကြေခဲ၏၊ ဆူ၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အထူးသဖြင့် သုက်ကို ပွားစေတတ်၏။

အကြေးရှိငါး။ ။ တစ်နည်းကား– ငါးသည် အကြေးရှိသော ငါး, အကြေး မရှိသော ငါးဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် အကြေးရှိသော ငါးသည် လူနှင့် သင့်၏၊ ကိုယ်၏ ခိုင်ခဲ့ခြင်းကို ပြုတတ်၏၊ အား, သုက်တို့ကို ပွားစေတတ်၏၊ အကြေး မရှိသော ငါးကို ကဲ့ရဲ့အပ်၏။

ရေချို, ရေနဲ့ငါး။ ။ တစ်နည်း– ရေချိုငါး, ရေနှင်းဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပင်လယ်နှင့် ပင်လယ်ရေနှင့် ရောက်ရာ အရပ်၌ ဖြစ်သော ငါးတို့သည် ရေငန်ငါး မည်ကုန်၏၊ ထို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရေငန်ငါးတို့သည် ကြေခဲကုန်၏၊ ပူကုန်၏၊ ဝမ်းကို ချုပ်စေတတ်ကုန်၏၊ ရေချိုငါးဌ ဤအပြစ် မရှိကုန်။

ငါးဥ။ ။ ငါးဥသည် သုက်ကို လွန်စွာ ပွားစေတတ်၏၊ ဆူ၏၊ ကိုယ်ကို စည်ပင်စေတတ်၏၊ ကြေခဲ၏၊ အဆီ, သလိပ်, အားတို့ကို ဖြစ်ပွားစေတတ်၏၊ မေဟနာကို နှိုင်၏၊ ဝမ်းနာ စေတတ်၏။

ငါးမီးဖုတ်။ ။ ငါးကို ဆီ, ဆား, နနွင်းတို့ဖြင့် နယ်၍ ကောက်ရိုးနှင့် ရစ်ပြီးလျှင် ခွဲ့မံ၍ မီးနှင့် ဖုတ်သော ငါးသည် ဒဠ္ဌမစ္ဆ မည်၏၊ ထိုဒဠ္ဌမစ္ဆသည် ကြေခဲ၏၊ သုက်ကို လွန်စွာ ပွားစေတတ်၏၊ ဝစေတတ်၏၊ အသက်ကို ရှည်စေတတ်၏၊ သုက် ကုန်ခန်းသောသူ, အင်္ဂါတ် ညှိုးနွမ်းသောသူ, မယား များသောသူ, အရိုး ကျိုးသောသူ, ထိခိုက် ရှနသော သူတို့သည် အမြဲမှီဝဲ သုံးဆောင်အပ်ကုန်၏။

ငါးကြော်။ ။ ဆီနှင့် ကြော်အပ်သော ငါးသည် ထိုဒဠ္ဌမစ္ဆ အောက် စဉ်းငယ် ယုတ်သော အကျိုး ရှိ၏။

ငါးကြီး။ ။ ကြီးသော ငါးသည် ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ ကျင်ကြီး, ကျင်ငယ်တို့ကို ခိုင်စေတတ်၏။

ငါးငယ်။ ။ ငယ်သော ငါးသည် ကြေလွယ်၏၊ ဆိမ့်၏၊ နူတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ လူနှင့် သင့်၏၊ ဝမ်းကိုက်နာ, ဝမ်းပျက်နာကို နှိုင်၏၊ အလွန်ငယ်သော ငါးသည် ကြေလွယ်၏၊ သုက်ကို နည်းစေတတ်၏၊ နူတ်ကို မြိန်စေတတ်၏၊ ချောင်းဆိုးနာ, လေနာကို နှိုင်၏။

ငါးခြောက်။ ။ ငါးခြောက်သည် ကြေခဲ၏၊ ချုပ်၏၊ အားကို မဖြစ်စေတတ်။

ငါးဆားနယ်။ ။ ဆားနယ် ငါးသည် (ငါးပိလည်းဟူ၏။) သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ပုံ့နံ့လွယ်၏။

လောလောသေသားငါး။ ။ လတ်လတ်လောလော သေသော အရွယ် မကြီး မငယ်သော သားငါးတို့၏ အသားသည် ဝစေတတ်၏၊ လူနှင့် သင့်၏၊ နတ်သုဓာနှင့် တူ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အို,နာသေသားငါး။ ။ အိုသေ, နာသေ သားငါးတို့၏ အသားသည် အားကို မဖြစ်စေတတ်၊ ကြေခဲ၏၊ ဝမ်းသွန်, ဝမ်းပျက်နာကို ဖြစ်စေတတ်၏။

သားငှက်။ ။ အရွယ်ကြီးသော သားငှက်တို့၏ အသားသည် ဒေါသ သုံးပါးကို ပျက်စေတတ်၏၊ အရွယ်ငယ်သော သားငှက်တို့၏ အသားသည် ကြေလွယ်၏၊ အားကို ဖြစ်စေတတ်၏။

အသားခြောက်။ ။ မြွေကိုက်သား, အိုသေ, နာသေ, အသားခြောက်သည် ဒေါသ သုံးပါးကို ပျက်စေတတ်၏၊ ဘေးထိုး ရင်ကျပ်နာ, ရင်ဘတ်နာတို့ကို ဖြစ်စေတတ်၏။

အဆိပ်သတ်သား။ ။ အဆိပ်ဆေးတို့ဖြင့် သတ်အပ်သော သားငှက်တို့၏ အသားသည် ဒေါသ သုံးပါးကို ပျက်စေတတ်၏၊ ရောဂါအနာကို ဖြစ်စေတတ်၏၊ ကြေခဲ၏၊ လူကို ပိန်စေတတ်၏၊ လေကို ပျက်စေတတ်၏။

ဖို,မသား။ ။ ငှက်မျိုးတို့၌ အဖိုသားသည် မြတ်၏၊ ခြေလေးချောင်းတို့တွင် အမသားသည် မြတ်၏၊ အဖိုတို့၌ နောက်ပိုင်း ကြေလွယ်၏၊ အမတို့၌ ရှေ့ပိုင်း ကြေလွယ်၏။

အပိုင်းအလိုက်အသား။ ။ တိရစ္ဆာန် ရိုသမျှတို့၏ အလယ်ပိုင်းသည် များသောအားဖြင့် ကြေခဲ၏၊ ငှက်တို့၏ ဥသည် လည်းကောင်း, လည်ပင်းသည် လည်းကောင်း ကြေခဲ၏၊ ရင်သား, ကုတ်သား, ရင်နှင့် ချက်အကြားသား, ချက်အောက် ဆီးချိုင့်အတွင်းသား, ခြေသား, လက်သား, ခါးသား, ကျောကုန်းသား, အရည်, အသည်း, အူတို့သည် အစဉ်အတိုင်း ကြေခဲကုန်၏။

အစာအလိုက်ငှက်သား။ ။ စပါးမျိုးကို စားတတ်သော ငှက်တို့၏ အသားသည် ကြေလွယ်၏၊ လေကို ပျက်စေတတ်၏၊ ငါးကို စားကုန်သော ငှက်တို့၏ အသားသည် ကြေခဲ၏၊ လေကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ အသားကို စားကုန်သော ငှက်တို့၏ အသားသည် အဆီ မရှိ၊ ကြေလွယ်၏၊ သလိပ်ကို ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တိရစ္ဆာန်ကြီး,ငယ်သား။ ။ ကြီးသော တိရစ္ဆာန်မျိုးတို့တွင် လှိသော ပုသော အကောင်၏ အသားသည် ကောင်း၏၊ ငယ်သော တိရစ္ဆာန်မျိုးတို့တွင် ထွားကျိုင်းသော အကောင်၏ အသားသည် ကောင်း၏ ဟူ၍ မှတ်အပ်၏။

[အသားကို ပြုတ်၍ ရသော အရည်ကို ပဲများကို ပြုတ်၍ ရသော အရည်ကဲ့သို့ ယူသ ဟူ၍ ခေါ်၏၊ သိုးဆောင်းတို့ ဘာသာလည်း "စော-တ်" ခေါ်၏။]

အသားစော-တ်အမျိုးမျိုး။ ။ အသားစော-တ်သည် နှုတ်ကို မြိန်စေတတ်၏၊ ပင်ပန်းခြင်း, ပန်းနာ, ဓာတ်ကုန်ခန်းခြင်းတို့ကို နှိပ်၏၊ ဝစေတတ်၏၊ လေ, သည်းခြေကို နှိပ်၏၊ မျက်စိနှင့် သင့်၏၊ အသက်ရှည်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ သတိ, ပညာ, အသံတို့ကို ပွားစေတတ်၏၊ အရိုးကျိုးသောသူ, ဝမ်းချုပ်သောသူ, ပိန်သောသူ, အမာပေါက်သော သူတို့နှင့် သင့်၏၊ ထောပတ်ဖြင့် ချက်အပ်သော အသားစော-တ်သည် ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ သည်းခြေကို နှိပ်၏၊ ကြေလွယ်၏၊ ဓာတ်ခုနစ်ပါးကို တိုးပွားစေတတ်၏၊ ခံတွင်း, အာခေါင် ခြောက်သော သူတို့နှင့် သင့်၏၊ ဆီဖြင့် ချက်အပ်သော အသားစော-တ်သည် ပူ၏၊ စပ်၏၊ ကြေခဲ၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ မျက်စိကို သီစေတတ်၏၊ ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏။

မစားကောင်းသောအသား။ ။ ခြေသည်း ငါးခု, လက်သည်း ငါးခု ရှိသော သားကောင်တို့တွင် **သမုတိ** ဟုခေါ်သော သက္ကဋ မမှသတ် ကျမ်းတို့၌ ဆိုသော သားကောင် ငါးမျိုးတို့ပြင် အခြား သားကောင်များကို မစားကောင်းဟူ၌ လောက အစဉ်အဆက် အမှတ်ထုံးစံ ရှိသည်၊ ထို့ကြောင့် ဘဋ္ဌ မည်သော ရာမဇာတ်၌-

ပဋ္ဌ ပဋ္ဌ နခါ ဘက္ခာ၊ ယေဝုတ္တာ ကတဇေ ဒွိဇေ။
ကောသလ္လာဇေသာဒီနံ၊ တေသံ၊ နေကောပျဟံ ကပိ။ ။

ခြေသည်း ငါးခု, လက်သည်း ငါးခုရှိသော သားကောင် ငါးမျိုးတို့ဟူသည်ကား-

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘက္ခာနိယပဋ္ဌနခါ ယထာ- သသကော, သလ္လကီ, ဂေါဓာ, ခဂ္ဂိ,ကုမ္ဘော စ ပဋ္ဌမော။

ဤကား သမုတိကျမ်းက လာသော စကားတည်း။

ဘက္ခာနိယပဋ္ဌနခါ၊ စားကောင်းသော ခြေသည်း ငါးခု, လက်သည်း ငါးခု ရှိသော သတ္တဝါတို့ မည်သည်ကား။ ယထာ၊ အဘယ်သည်တို့နည်းဟူမူ။ သသကော၊ ယုန်။ သလ္လကီ၊ ဖြူ။ ဂေါဓာ၊ ဖွတ်။ ခဂ္ဂိ၊ ကြံ့။ ပဋ္ဌမော၊ ငါးခုမြောက်သော။ ကုမ္ဘော၊ လိပ်။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

ခြေသည်း, လက်သည်း ငါးခုစီ ရှိသော ဤသားကောင် ငါးမျိုးတို့မှ တစ်ပါး အခြား သားကောင်များကို မစားကောင်း- ဟူလို။

[ဤသမုတိကျမ်း, ဘဋ္ဌကျမ်းတို့ကို ရည်၍ မဟာသုတသောမဓင်းက ပေါရိဏာဒကို- သင်သည် ခြေသည်း, လက်သည်း ရှိသော စားကောင်းသော သားကောင် ငါးမျိုးတို့ပြင် မစားကောင်းသော လူသားကို သင် စားသောကြောင့် သင်သည် တရား ပျက်သောသူ ဖြစ်သည် ဆိုလိုသောကြောင့်။-]

ပဋ္ဌ ပဋ္ဌ နခါ ဘက္ခာ၊ ခတ္တိယေန ပဇာနတာ။
အဘက္ခံ ရာဇ ဘက္ခေသိ၊ တသ္မာ အဓမ္မိကော တုဝန္တိ။ ။

အနက်ကား။ ။ ပဋ္ဌ ပဋ္ဌ နခါ၊ ခြေသည်း လက်သည်း ငါးခုစီ ရှိကုန်သော။ ပဋ္ဌ၊ ငါးခု ရှိသော သားကောင်တို့ကိုသာ။ ပဇာနတာ၊ မင်းကျင့်တရားကို သိသော။ ခတ္တိယေန၊ မင်းသည်။ ဘက္ခာ၊ စားအပ်ကုန်၏။ ရာဇ၊ ပေါရိဏာဒမင်း။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ သင်သည်။ အဘက္ခံ၊ မစားကောင်းသော လူသားကို။ ဘက္ခေသိ၊ စားဘိ၏။ တသ္မာ၊ ထို့ကြောင့်။ တုဝံ၊ သင်သည်။ အဓမ္မိကော၊ တရားမစောင့်သော သူသည်။ အသိ၊ ဖြစ်၏။

ဤသို့ အပြစ်တင်သည်၊ ၎င်းဇာတ်အဋ္ဌကထာတွင်လည်း-

တဿ အတ္ထော၊ သမ္မပေါရိဏာဒ ခတ္တိယေန နာမ ခတ္တိယ ဓမ္မံ ဇာနန္တေန ပဋ္ဌ ပဋ္ဌာတိ ဟတ္ထိ အာဒယော ဒသေဝ သတ္တာနံ မံသဝသေန ဘက္ခာ နာ ခါဒိတဗ္ဗယုတ္တကာ၊ နခါတွေဝ ဝါ ပါဠြော။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အပရော နယော ခတ္တိယေန ခတ္တိယမ္ပံ ဇာနန္တေန ပဋိနဧသု သတ္တေသု သသကော သလ္လကော ဂေါဓာ ခဂ္ဂိကုမ္ဘောတိ၊ ဣမေ ပဋေဝ သတ္တာ ဘက္ခိတဗ္ဗယုတ္တကာ၊ နာ အညေ။ တံ္ပ ပန အဘက္ခံ ပုရသမံသံ ဘက္ခေသိ၊ တေန အဓမ္မိ ကောတိ။ ဟူ၍ ဖွင့်၏။

[ဤအဋ္ဌကထာ ဖွင့်သော နှစ်နည်းတွင် နောက်နည်းသည် ဘဋ္ဌကျမ်း, သမုတိကျမ်းတို့နှင့် ညီသည်၊ ပထမနည်းမူကား၊ ရဟန်းတို့ကို ဆင်, ခြင်္သေ့, ကျား အစရှိသော အသား ဆယ်ပါး တို့ကို မစားကောင်း ဟု ပညတ်တော်မူသည်နှင့် ညီသည်၊ သို့ သော်လည်း ဝိနည်းအရာကို ဘုရားမှ တစ်ပါး အခြား သူတို့ မသိနိုင်ဟု ဟောတော်မူသောကြောင့် သုတသောမမင်း သိနိုင်ရန် မရှိ။ ကြံ့ဖောခဂ္ဂိ – ဟူသော ပါဠိမှာလည်း သာဝိ ကစိ အစရှိသည်ဖြင့် အရေး လွဲလျက် အထူးထူး အထွေထွေ ရှိသည်။ အနက်ကိုလည်း သင်းခွေချပ်ဟု ရမ်းဆ၍ ပေးကြသည်ကား ဤသမုတိကျမ်း, ဘဋ္ဌကျမ်းများကို မတွေ့ဘူးသောကြောင့် လွဲလေသည် ဟူ၍ မှတ်ရမည်။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ အသားမျိုးတို့၏ ဂုဏ်ကိုဆိုရာ အဋ္ဌာရသမပိုင်း ပြီး၏။

အဋ္ဌာရသမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၉– ကေ့နဝိသတိမကဏ္ဍ

အသီးမျိုးတို့၏ ဂုဏ်ကို ပြခြင်း

၈၀။ အသီးအမျိုးမျိုးတို့၏ အကျိုးဂုဏ်

သရက်သီးစိမ်း။ ။ အသီးအမျိုးမျိုးတို့၏ အကျိုးကို ဆိုပေအံ့။– သရက်သီးကင်းသည် ချဉ်, ဖန် ရသရှိ၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို ပျက်စေတတ်၏၊ သရက်သီးနုသည် အလွန်ချဉ်၏၊ အဆီ မရှိ၊ သွေး, ဒေါသ သုံးပါးတို့ကို ပျက်စေတတ်၏၊ အစေ့ယှက်ပြီးသော သရက်သီးသည် သည်းခြေကို ပျက်စေတတ်၏၊ သရက်သီးစိမ်းခြောက်သည် ဖန်, ချဉ် ရသ ရှိ၏၊ လေ, သလိပ်ကို နှိုင်၏၊ ကျင်ကြီးအစုကို ဖျက်၍ ဝမ်းကို ရှင်စေတတ်၏။

သရက်သီးမှည့်။ ။ သရက်သီးပင်မှည့်သည် ကြေခဲ၏၊ ချို, ချဉ် ရသ ရှိ၏၊ လေကို လွန်စွာနှိုင်၏၊ စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏၊ သရက်သီးပင်မှည့်ကို ဆွတ်ခူး၍ ထားပြီးနောက် အချဉ်ပျောက်၍ အချိုသက်သက် ရှိသော သရက်သီးမှည့်သည် ချို၏၊ အဆီသြဇာ ရှိ၏၊ သုက်ကို ပွားစေတတ်၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ ချမ်းသာ စေတတ်၏၊ လေကို နှိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အရုပ်အဆင်းကို ကောင်းစေတတ်၏၊ အေး၏၊ သည်းခြေကို မပျက်စေတတ်၊ စဉ်းငယ် ဖန်သော ရသရှိသော သရက်သီးမှည့် ဖြစ်မူကား ဝမ်းမီးကို တောက်စေတတ်၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အရင့်ကို ဆွတ်ခူး၍ အုပ်သော သရက်သီးမှည့်သည် အချို ပေါ့ ၏၊ သည်းခြေကို နှိုင်၏၊ အုပ်၍ လွန်စွာ မှည့်ပြီးသော သရက်သီးသည် နှုတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ သုက်ကို ပွားစေတတ် ၏၊ ကြေလွယ်၏၊ အေး၏၊ လေ, သည်းခြေကို နှိုင်၏၊ ပျံ့နှံ့လွယ်၏။

သရက်သီးမှည့်ရည်။ ။ သရက်သီးမှည့်ကို နယ်ပြီးလျှင် အဖတ်နှင့် တကွသော အရည်သည် အားကို ဖြစ်စေတတ်၏၊ ကြေခဲ၏၊ လေကို နှိုင်၏၊ ပျံ့နှံ့လွယ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ စားလျှင် အားရလွယ်, ဝလွယ် စေတတ်၏၊ လွန်စွာ လူကို ဝစေတတ်၏၊ သလိပ် ကို ပွားစေတတ်၏။

သရက်သီးမှည့်ကို နယ်ပြီးလျှင် အဖတ်မပါရအောင် စစ်၍ ယူ အပ်သော အရည်သည် နှုတ်ကို လွန်စွာ မြိန်စေတတ်၏၊ အား, သုက် တို့ကို ပွားစေတတ်၏၊ ပေါ့၏၊ ကြေလွယ်၏၊ အေး၏၊ ခံတွင်း၌ ပျံ့နှံ့လွယ် ၏၊ လေ, သည်းခြေကို နှိုင်၏။

သရက်ခဲ။ ။ ထိုသရက်သီးမှည့်ကို ထန်းလျက်ခဲကဲ့သို့ ဖြစ် အောင် ချက်သော အခဲသည် ချို၏၊ ကြေခဲ၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ အေး၏၊ လေကို နှိုင်၏။

သရက်ပျဉ်။ ။ ထိုသရက်သီးမှည့်ကို နေပူလှန်း၍ ခြောက် သော သရက်ပျဉ်သည် ရေငတ်ခြင်း, အော့အန်ခြင်း, လေ, သည်းခြေ တို့ကို နှိုင်၏၊ ပျံ့နှံ့လွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ နေရောင်တို့ဖြင့် ကျက်သောကြောင့် ကြေလွယ်၏။

သရက်နှင့်နွားနို့။ ။ ထိုသရက်သီးမှည့်ရည်နှင့် နွားနို့ ရော၍ သောက်လျှင် ချိုဆိမ့်၏၊ အေး၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နှိုင်၏၊ နှုတ်ကို မြိန်ေတတ်၏၊ အား, အသား, သုက်ကို ပွားစေတတ်၏၊ ကျင်ကြီး အစုကို ဖျက်၍ ဝမ်းကို ရှင်စေတတ်၏၊ အရပ်, အဆင်းကို ကောင်းစေတတ်၏။

သရက်နှင့်ပျားရည်။ ။ ပျားရည်နှင့် နယ်၍ **စားအပ်**သော သရက်သီးမှည့်သည် အားခွန်ကုန်ခန်းသော **အနာ, ဘေနာ, လေနာ,** သလိပ်နာတို့ကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သရက်နှင့်ထောပတ်။ ။ ထောပတ်နှင့် ရောစ္ပ စားအပ်သော သရက်သီးမှည့်သည် ဝမ်းမီး, အားတို့ကို ပွားစေတတ်၏၊ အဆင်းကိုလည်း ကောင်းစေတတ်၏။

သရက်စေ့။ ။ သရက်စေ့သည် ရေတ်ခြင်း, အော့အန်ခြင်း, မူးဝေခြင်း, ဝမ်းသွန်, ဝမ်းပျက်နာတို့ကို နှိုင်၏၊ သရက်သီးကြောင့် ဖြစ်သော ရောဂါကို နှိုင်၏။

သရက်သီးအစိမ်းဖျော်ရည်။ ။ သရက်သီးစိမ်းကို ပျော့အောင် ပြုတ်၍ အသားနှစ်ကို နယ်၍ ယူပြီးလျှင် သကြားဖြူ ရေအေးနှင့် ဖျော်ရည်လုပ်၊ မီးသင်းပြီး ငရုတ်ကောင်းမှုန့်နှင့် ပရုတ်လည်းစဉ်းငယ်ခတ်၊ သရက်သီးစိမ်း အဖျော်ဖြစ်၏၊ ဘိမသေနမင်းသည် စီရင်အပ်သော ဤမြတ်သော သရက်သီးစိမ်း အဖျော်ရည်သည် ရုတ်တရုတ် နူတ်ကို မြိန်စေတတ်၏၊ လျင်မြန်စွာ ကျွန်ုပ်တို့ကို ပြည့်ဖြိုးစေတတ်၏။

မချိုသောသရက်သီး။ ။ မချိုသော သရက်သီးကို လွန်စွာ စားလျှင် ဝမ်းမီးနုံခြင်း, ချမ်းဖျား, တုန်ဖျား, သွေးပျက်သော ရောဂါ, ဘင်ပေါက်ကျဉ်းခြင်း, အဖျားနာ, မျက်စိနာတို့သည် ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် မချိုသော သရက်သီးကို များစွာ စားမိလျှင် ချင်းစိမ်းပြုတ်ရည်ကို သောက်၊ (သောဝစ္စလ) ဆားကိုသော်လည်း ဓိရာနှင့် စပ်၍သောက်။

သဘော်ဝေးသီး။ ။ သဘော်ဝေးသီးစိမ်းသည် ချဉ်၏၊ လေကို နှိုင်၏၊ ကြေခဲ၏၊ ပူ၏၊ နူတ်ကို မြိန်စေတတ်၏၊ ပျံ့နှံ့လွယ်၏၊ သဘော်ဝေးသီးမှည့်သည် ချို၏၊ ဖန်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ အေး၏၊ အားရှစ်သက်စေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ အဆီသြဇာ ရှိ၏၊ သုက်, အသား, အားတို့ကို ပွားစေတတ်၏၊ ကြေခဲ၏၊ လေ, သည်းခြေ, ထိခိုက်ရှနခြင်း, ကိုယ်ပူလောင်သော အနာ, ကုန်ခန်းခြင်း, သွေးတို့ကို နှိုင်၏။

သီဟိုဠ်သရက်သီး။ ။ သီဟိုဠ်သရက်သီးမှည့်သည် ချို၏၊ ဖန်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ အေး၏၊ ကြေခဲ၏၊ အဆီ မရှိ၊ ချုပ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၏၊ ဝမ်းရောင်ခြင်း, လေနာတို့ကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏။

ကြို့သီး။ ။ ကြို့သီးစိမ်းသည် ချဉ်၏၊ ကြေခဲ၏၊ ချုပ်၏၊ လေနာကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ကြို့သီးမှည့်သည် ချို, ချဉ် ရသာရှိ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကြေလွယ်၏၊ ပူ၏၊ လေ, သလိပ်တို့ကို နှိုင်၏၊ ၎င်းအခြစ်သည် နှုနာ, ကိုယ်ရောင်နာ, ရတ္တပိတ်နာ, ပေါက်သော အမာ, သလိပ်တို့ကို နှိုင်၏။

[အမွ သဒ္ဒါ– သရက်ဟော၊ မက္ကဋမွ သဒ္ဒါ– သဘော်ဝေးဟော၊ အမွဋ္ဌက လည်း– သဘော်ဝေးဟော၊ ရာဇမွ သဒ္ဒါ– သီဟိုဠ် သရက်ဟော၊ ကောသမ္ဗ သဒ္ဒါ–, ခုဒ္ဒမွ သဒ္ဒါ– ကြို့ဟော ဟူ၍ မှတ်အပ်၏၊ အမွ–ကစ၍ မ–နှင့် တတိယ ဗ–အက္ခရာ ဆင့်လျက်ချည်း ရှိရမည်၊ သရက်မျိုးချည်း ဆိုလိုသည်။ ကြို့ပင်ဟော်၌သာ ကောသမ္ဗဟု မ–နှင့် စတုတ္ထ ဘ–အက္ခရာ ဆင့်လျက် ရှိသင့်သည်။ မရမ်းလည်း သရက်မျိုးပင် ဖြစ်သည်။ သဘော်ဝေးသီး၊ ကြို့သီးတို့နှင့် အကျိုး တူရန် ရှိသည်။ မြန်မာဝေးမှာ တောသစ်ပင် ဖြစ်၍ ဆေးကျမ်းတို့တွင် အထူးမဆို။]

ပိန္နဲသီးစိမ်း။ ။ ပိန္နဲသီးစိမ်းသည် ချို၏၊ ဖန်၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ လေကို ပျက်စေတတ်၏၊ ပူလောင်ခြင်းကို ပြုတတ်၏၊ အား, သလိပ်, အဆီခဲတို့ကို ပွားစေတတ်၏၊ ပိန္နဲသီးမှည့်သည် အေး၏၊ ချို၏၊ အဆီဩဇာ ရှိ၏၊ လေ, သည်းခြေကို နှိုင်၏၊ အားရ နှစ်သက်စေတတ်၏၊ အား, အသား, သုက်, သလိပ်တို့ကို ပွားစေတတ်၏၊ ရတ္တပိတ်နာ, ထိခိုက်ရှနခြင်း, ပေါက်သော အမာတို့ကို နှိုင်၏။

ပိန္နဲစေ့။ ။ ပိန္နဲစေ့သည် ဆိမ့်၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏။ ဆီးရွှင်၏၊ သုက်ကို ပွားစေတတ်၏၊ အညေဆရာတို့ကား ပိန္နဲစေ့သည် သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ ဝမ်းမီးညှဲ့သောသူ, ဂူနာ ရှိသောသူတို့သည် ပိန္နဲသီးကို ကြဉ်ရှောင်အပ်ကုန်၏ ဟူ၍ဆို၏၊ ဤကား ဘာဝပ္ပကာသ ကျမ်းဆရာအလို။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပိန္နဲသီးနု။ ။ ရာဇနိဃဏ္ဍု ကျမ်းဌ်ကား ပိန္နဲသီး အနုသည် အရသာ မရှိ၊ ပိန္နဲသီးစိမ်းသည် နှလုံးကို နှစ်သက်စေတတ်၏။

ပိန္နဲသီးမှည့်။ ။ ပိန္နဲသီးမှည့်သည် ချိုး၏၊ ချဲ့၏၊ ကြေခဲ၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အား, သုက်တို့ကို ပွားစေတတ်၏၊ ပင်ပန်းခြင်း, ပူလောင်ခြင်း, ပိန်ခြောက်ခြင်းတို့ကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ အလွန်ကြေခဲ၏၊ ပိန္နဲစေ့သည် ဆိမ့်၏၊ စဉ်းငယ် ဖန်၏၊ လေကို ပျက်စေတတ်၏၊ ကြေခဲ၏၊ နှုတ်ကို မြိန်ရေ တတ်၏၊ ပိန္နဲသီးကြောင့် ဖြစ်သော ရောဂါကို နိုင်၏–ဟူ၍ ဆို၏။

ပိန္နဲနှင့်ထောပတ်။ ။ ပိန္နဲသီးမှည့်ကို ထောပတ်နှင့် စား လျှင် အဆီသြဇာ ရှိ၏၊ နှလုံးကို နှစ်သက်စေတတ်၏။ အားကို ဖြစ်စေ တတ်၏၊ အော့အန်ခြင်းကို နိုင်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ မျက်စိနှင့် မသင့်။ ပိန္နဲသီးကို စား၍ အစာမကြေ လျှင် ငှက်ပျောသီးကိုစားမူ ကြေ၏။

[မြိတ်၊ ထားဝယ်မြို့တို့တွင် ရှိသော စုံကမာတ် (စုံပတတ်?) ခေါ် သော အသီးသည် ပိန္နဲသီးနှင့် အကျိုးတူ၏၊ အပင်မူကား စကားစိမ်း ပင်နှင့် တူ၏၊]

တောင်ပိန္နဲသီး။ ။ တောင်ပိန္နဲသီးသည် ချို, ချဉ်ရသ ရှိ၏၊ ပူ၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ ဒေါသသုံးပါး, သွေးတို့ကို ပျက်စေတတ် ၏၊ သုက်, ဝမ်းမီးတို့ကို ပျက်စေတတ်၏၊ မျက်စိနှင့် မသင့်၊ တောင် ပိန္နဲသီးမှည့်သည် ချို, ချဉ်ရသ ရှိ၏၊ လေ, သည်းခြေကို နိုင်၏၊ သလိပ်, ဝမ်းမီးတို့ကို ပွားစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ ရာဇနိဃဏ္ဍု ကျမ်းဌ်ကား တောင်ပိန္နဲသီးသည် ခါး, ဖန် ရသ ရှိ၏၊ ပူ၏၊ ကြေလွယ်၏၊ လည်ချောင်းနာကို နိုင်၏၊ ကျင်ကြီးကို ချုပ်စေတတ် ၏– ဟူ၍ ဆို၏။

[ဤတောင်ပိန္နဲကို မွန်တို့က တောင်ဘိန်းပင်ဟု ခေါ်သည်၊ ထိုသစ်ပင်ကို လှေလောင်း များစွာ လုပ်ကြသည်။ ကျွန်းသားထက် အသားပွသည်၊ ပေါ့သည်။ ကျွန်းသားလောက် နှစ်ကာလအရှည် မခိုင်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ငှက်ပျောသီးစိမ်း။ ။ ငှက်ပျောသီးစိမ်းသည် ဖန်၏၊ ချို၏၊ အေး၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ အဆီ ရှိ၏၊ သလိပ်, သည်းခြေ, သွေး, လေတို့ကို နှိုင်၏၊ ရေတက်ခြင်း, ပူလောင်ခြင်း, ထိခိုက်ရှနခြင်း, ဓာတ်ကုန်ခန်းခြင်းတို့ကို နှိုင်၏။

ငှက်ပျောသီးမှည့်။ ။ ငှက်ပျောသီးမှည့်သည် ချို၏၊ အေး၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ နှုတ်ကို မြိန်စေတတ်၏၊ သုက်, အသားတို့ကို ပွားစေတတ်၏၊ လူကို ဝစေတတ်၏၊ ဆာမွတ်ခြင်း, ရေတက်ခြင်းကို ဖျောက်နိုင်၏၊ မျက်စိနာ, မေဟနာကို နှိုင်၏၊ ဤကား ဘာဝပ္ပကာသ ကျမ်းအလို။

ရာဇနိဃဏ္ဍု ကျမ်း၌ကား ငှက်ပျောသီးမှည့်သည် ဖန်, ချို ရသ ရှိ၏၊ အေး၏၊ ကြေခဲ၏၊ အားကို ဖြစ်စေတတ်၏၊ သွေး, သည်းခြေကို နှိုင်၏၊ လောလောခြင်း သုက်ကို ပွားစေတတ်၏။ အားရ နှစ်သက်စေတတ်၏၊ နွမ်းနယ်ခြင်း, ရေတက်ခြင်းကို နှိုင်၏၊ ဝမ်းမီးနှံ့သော သူနှင့် မသင့်, ဝမ်းမီး ထက်သော သူ၏ ချမ်းသာကို ပေးတတ်၏၊ သလိပ်နာကို ဖြစ်စေတတ်၏။

ဒဗ္ဗဂုဏပကာသ ကျမ်း၌ကား ငှက်ပျောသီးမှည့်သည် ချို၏၊ ဖန်၏၊ ကြေခဲ၏၊ မအေးလွန်း၊ နှုတ်ကို မြိန်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ သုက်, သလိပ်တို့ကို ပွားစေတတ်၏– ဟူ၍ ဆို၏။

ငှက်ပျောနှံ့သာပု။ ။ ငှက်ပျောနှံ့သာပု အမှည့်သည် ချို၏၊ အေး၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ ကြေခဲ၏၊ ရတ္တပိတ်နာကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ချမ်းသာစေတတ်၏၊ ရေတက်ခြင်း, အော့အန်ခြင်းကို နှိုင်၏၊ လေ, သည်းခြေကို နှိုင်၏။

ငှက်ပျောမျိုးစုံ။ ။ ငှက်ပျော ဟူသည် ဖီးကြမ်း, နှံ့သာပု, ဆင်အံ, မရမဲ, ရခိုင်, ချက်ကြီး, ရှားတုံး, သီးမွဲ, သီးမွေး, သူငယ်စာ, မယ်တော် လက်သည်း, ရွှေနီ, စာဥ အစရှိသဖြင့် ယိုးဒယားပြည်, ရခိုင် ပြည်နယ်များတွင် အမျိုးအမည် ငါးဆယ် ကျော်သည်၊ ထိုသို့ပင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အမျိုးအမည် များသော်လည်း အကျိုးအပြစ် များစွာ မထူးခြားကြ၊ အကျဉ်းချုပ်အားဖြင့် ဘေသဇ္ဇမဇ္ဈသာ စသော ဆေးကျမ်းတို့တွင် အဖို့, အမ နုပုန်း ဟူ၍ သုံးမျိုး ထား၏၊ ထိုသုံးမျိုးတို့၏ လက္ခဏာကား-

၁။ အပင်ပု၍ အရွက်ကြီးသော အခိုင်တွင် အဖီးနည်းသော **ကဒလီ** မည်သော ငှက်ပျော အမမျိုး,

၂။ တင့်တယ်လှပ နူးညံ့သိမ်မွေ့သော အပင် ရှိသော အခိုင်တွင် အဖီးများသော သားတက်များသော **ကဒလ** မည်သော ငှက်ပျော အဖိုမျိုး,

၃။ ပိန်သော နည်းသော အသီး ရှိသော အပွင့်ငယ်သော သားတက် မရှိသော ပင်မအလုံးငယ်သော **ကဒလံ** မည်သော ငှက်ပျော နုပုန်းမျိုး-

ဟူ၍ သုံးမျိုး ရှိ၏။

ထိုသုံးမျိုးတို့တွင်-

၁။ အိုခြင်း, နာခြင်း, ပျောက်၍ အသက်ရှည်ခြင်း ရသာယန အကျိုးငှာ ကဒလီ မည်သော ငှက်ပျော အမမျိုးကို,

၂။ သုက်ကို ပွားစေခြင်း, လူကို ဝစေခြင်းငှာ-ကဒလ မည်သော ငှက်ပျော အဖိုမျိုးကို,

၃။ အနာရောဂါ ပျောက်စေခြင်းငှာ ကဒလံ မည်သော ငှက်ပျော နုပုန်းမျိုးကို သုံးဆောင်အပ်ကုန်၏။

ငှက်ပျောပင်မှည့်။ ။ ထိုငှက်ပျောတို့ကိုလည်း ရေဖြင့် ပြည့်စုံသော လယ်မြေ၌ ဝါဆိုလကို စိုက်အပ်ကုန်၏၊ မတန်မဟုတ်သော အချိန်ကာလ၌ သီးသော ငှက်ပျောသီးကို ထက်သော ဓားဖြင့် အပင်ထက် မှည့်သမျှကို နေ့တိုင်းနေ့တိုင်း ဖြတ်ယူ သုံးဆောင်ရာ၏၊ ဝသော ကောင်းစွာ မှည့်သော ငှက်ပျောသီးကိုသာ ပေးရမည်။ ပိန်သော ကောင်းစွာ မမှည့်သော ငှက်ပျောသီးကို မပေးအပ်၊ ကောင်းစွာ မှည့်သော ငှက်ပျောသီးသည် ချို၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ လေနာ၌ လည်းကောင်း, သည်းခြေနာ၌ လည်းကောင်း သင့်၏၊ ဝမ်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ချုပ်၏၊ မှည့်စ ငှက်ပျောသီးကို ရည်၍ ဝမ်းချုပ်၏ ဆိုသည်၊ အမှည့် လွန်သော ငှက်ပျောသီးဖြစ်လျှင် ဝမ်းရွှင်သည်။

[ပိတ်ချင်းသီး, ချင်းခြောက်, ငရုတ်ကောင်း, သကြားဖြူ, ပျားရည်, ထောပတ် ၎င်းဆေးစု ဆတက်စီ၊ အားလုံး အလေး ငှက်ပျောသီးမှည့်၊ ၎င်းဆေး အားလုံးကို မြေအိုးသစ်၌ ထည့်ပြီးလျှင် အနှစ်ပိတ်၍ မုယောစုန်၌ ထား၊ တစ်ဆယ့်ငါးရက် လွန်လျှင် ဖော်၍စား၊ အနှစ် တစ်ရာ အသက် ရှည်၏။]

ဤသို့ အစရှိသဖြင့် ငှက်ပျောသီးအမှည့်, အစိမ်း, ငှက်ပျောပြာ, ငှက်ပျောဖတ်၏ အရည် အစရှိသော ငှက်ပျောပင်နှင့် စပ်ဆိုင်သမျှသော အကျိုးအသုံးတို့ကို ဘေသဇ္ဇမဋ္ဌသာ ဆေးကျမ်း ကဒလိပဗ္ဗပိုင်း၌ အများ အပြား ဆို၏။

ငှက်ပျောပညာ။ ။ ငှက်ပျော ပညာသည် သလိပ်နာ, ပိုးနာ ကို နိုင်၏၊ ဖျားအေး, ဖျားနာတို့ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ ဝမ်းချုပ်၏။

ငှက်ပျောမြစ်။ ။ ငှက်ပျောမြစ်, ငှက်ပျောခေါင်းသည် လေ, သည်းခြေကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ကြေခဲ၏။

ငှက်ပျောကြေဆေး။ ။ ငှက်ပျောသီးကို စားပြီးနောက် ရေအေးကို မသောက်ကောင်း၊ ဝမ်းကိုက်နာ, အစာမကြေသော အနာဖြစ်တတ်သည်၊ ငှက်ပျောသီးကို စား၍ မကြေလျှင် ထောပတ်ကို သောက်၊ ဆားကို သော်လည်းမျိုး၊ ထောပတ်တွင် ဆားခတ်၍သော်လည်း သောက်၊ ကြေ၏။

အုန်းသီး။ ။ အုန်းသီးသည် အေး၏၊ ကြေခဲ၏၊ ဆီးကို ရွှင်စေတတ်၏၊ ဝမ်းချုပ်၏၊ ဝစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေနာ, ရတ္တပိတ်နာ, ကိုယ်ပူနာတို့ကို နိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏။

အုန်းသီးနု။ ။ အုန်းသီးနုသည် သည်းခြေဖျား, ဆီး၌ ဖြစ်သော အပြစ်ဒေါသ, ရေငတ်ခြင်း, အော့အန်ခြင်း, ကိုယ်ပူခြင်းတို့ကို လျင်မြန်စွာ ဖျောက်နိုင်၏၊ သွေး, သည်းခြေတို့ကြောင့် ဖြစ်သော အနာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကို နိုင်၏၊ ရတ္တပိတ်နာကို နိုင်၏လည်း ဟူ၏၊ အုန်းသီးရင့်ကဲ့သို့ ကြေခဲသည် မဟုတ်။

အုန်းသီးခြောက်။ ။ အုန်းသီးမှည့်၊ အုန်းသီးခြောက်သည် ကြေခဲ၏၊ သည်းခြေကို ပျက်စေတတ်၏၊ ပူ၏၊ ဝမ်းချုပ်၏။

အုန်းဦးနှောက်။ ။ အုန်းပင်, ထန်းပင်, စွန်ပလွံပင်, ကွမ်းသီးပင်တို့ကို ခုတ်၍ အလက်စုကို ပယ်ပြီးလျှင် အပင်ဖျားဦးရှိသော နုသော ဝတ္ထုသည် ချိုး၏၊ ဖန်၏၊ အဆီဩဇာ ရှိ၏၊ လူကို ဝစေတတ်၏၊ ကြေခဲ၏၊ ဤဝတ္ထုကို ကြက်သား, ဝက်သားများနှင့်လည်း ချက်၍ စားကြသည်။

ထန်းသီးနု။ ။ ထန်းသီးနု အဆံသည် ချို၏၊ ကြေလွယ်၏၊ အဆီဩဇာ ရှိ၏၊ အားရန္ဓစ်သက်စေတတ်၏၊ စဉ်းငယ် ယစ်မူးစေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏။

ထန်းသီးမှည့်။ ။ ထန်းသီးမှည့် အသားသည် ချို၏၊ အေး၏၊ ကြေခဲ၏၊ အဆီဩဇာ ရှိ၏၊ ဝမ်းချုပ်၏၊ လေ, သည်းခြေ, သွေး, ထိခိုက်ရှနခြင်း, ကိုယ်ပူနာ, ဓာတ်ကုန်ခန်းသော အနာတို့ကို နိုင်၏၊ အကြောကို လေးစေတတ်၏၊ ဆီးကို များစေတတ်၏၊ ပိုးနာ, နူနာ, ရတ္တပိတ်နာတို့ကို နိုင်၏၊ သုက်ကို ပွားစေတတ်၏၊ လူကို ဝစေတတ်၏၊ ထန်းသီးမှည့် ဆံချည်ထွေးသည် ချို၏၊ ဆီးကို များစေတတ်၏၊ အေးစေတတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ ဝမ်းချုပ်၏၊ လေကို ပျက်စေတတ်၏–ဟူ၍ ဆို၏။

သီးသီး။ ။ ရာဇနိဃဏ္ဍု ကျမ်းဌ်ကား သီးသီးမှည့်သည် ချို, ချဉ်ရသ ရှိ၏၊ ကြေခဲ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ပန်းနာ, အော့အန်သော အနာ, ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ဖျောက်နိုင်၏၊ မောဟိုက်ခြင်းကို နိုင်၏၊ နူတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ အခါခပ်သိမ်းမှိုဝဲအပ်၏ဟု ဆို၏။

ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းဌ်ကား– သီးသီးစိမ်းသည် ဝမ်းချုပ်၏။ လေကို ပျက်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ မေဟနာ, ကြွက်တို့၏ အဆိပ်, နူတ် မမြိန်သော အနာတို့ဌ် ပူဇော်ထိုက်၏၊ သီးသီး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မှည့်သည် ဒေါသ သုံးပါးလုံးကို နှိမ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ပါးသက်နာကို နှိမ်၏ဟု ဆို၏၊ ဟင်းလျာ ပြုလုပ်၍ ချက်၍ ကျက်သော သီးသီးသည် ဒေါသ သုံးပါးလုံးကို နှိမ်၏၊ အဆိပ်ကို နှိမ်၏။ ကြေခဲ၏၊ ဝမ်းချုပ်၏ဟု ဒဗ္ဗဂုဏ်းပကာသ ကျမ်းတွင် ဆို၏။

[ကိုက်လျှင် သေတတ်သော ကြွက်မျိုးကို ရှေးက မန်းကြွက် ခေါ်သည်။ ပဲခူးမြို့, ထားဝယ်မြို့များမှာ ပေါများသည်။]

တည်သီး။ ။ တရုတ် တည်သီးစိမ်းသည် ဖန်၏၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ လေကို ပျက်စေတတ်၏၊ ၎င်းတည်သီးမှည့်သည် ချို၏၊ ကြေခဲ၏၊ မေဟနာ, သွေး, သည်းခြေ, သလိပ်တို့ကို နှိမ်၏၊ ဤကား ဘာဝပ္ပကာသကျမ်း အလို။

ရာဇနိဃဏ္ဍု ကျမ်း၌ကား ၎င်းတည်သီးမှည့်သည် ချို၏၊ အဆီရှိ၏၊ ကြေခဲ၏၊ သွေး, သလိပ်တို့ကို ပျက်စေတတ်၏၊ မေဟနာကို ဖြစ်စေတတ်၏၊ ခံတွင်းကို သန့်စေတတ်၏၊ ပေါက်သော အမာ, လေနာတို့ကို နှိမ်၏၊ ထိုတည်သီးမှည့် အနှစ်သည် ရောဂါ ဟောင်းကို နှိမ်၏ဟု ဆို၏၊ ဤကျမ်းနှစ်စောင် တရုတ်တည်သီးမှည့်ကို ဆိုရာ–ရာဇနိဃဏ္ဍု ကျမ်းက မေဟနာကို ဖြစ်စေတတ်သည်ဟု ဆို၏၊ ဘာဝပ္ပကာသကျမ်းက ပျောက်စေတတ်သည်ဟု ဆိုသည်ဖြစ်၍ ဆန့်ကျင်ဘက် ဖြစ်၏၊ သို့သော်လည်း–

[ဆေးဝါး, အစားအသောက်တို့ အရာ၌ အကြင်ဆေးဝါး အစားအသောက်ကို ပကတိ လူမာ ကာလ မြင့်ရှည်စွာ စားသောကြောင့် အကြင် တစ်စုံတစ်ခုသော အနာသည် ဖြစ်၏၊ ထိုဆေးဝါး အစားအသောက်သည် ထိုအနာကို နှိမ်သည် ဟူ၍ မှတ်ရမည်၊ ထို့ကြောင့် တရုတ် တည်သီးမှည့်ကို ပကတိ ကျန်းမာသော သူ ကာလ မြင့်ရှည်စွာ စားလျှင် မေဟနာ ဖြစ်သည်၊ မေဟနာ ဖြစ်သူ စားလျှင် ဖြစ်သော မေဟနာ ပျောက်သည်ဟု မှတ်ရမည်၊ ထို့ကြောင့် ထိုကျမ်းဆရာ နှစ်ယောက်တို့ စကား ဆန့်ကျင်ဘက် မဖြစ်။]

ဤအရာ၌လည်း ဒေါသ အညစ်အကြေးတို့ကိုနှိမ်သော **ဒေါသဃာတက** ဆေး, အနာရောဂါတို့ကို နှိမ်သော **ရောဂဃာတက** ဆေး–

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဟူ၍ နှစ်မျိုး ရှိသည်တွင် ရောဂဃာတကဆေးကိုသာ ဤကဲ့သို့ ဖြစ်သည်ဟု ယူရမည်၊ ထို့ကြောင့် သလိပ်, သည်းခြေ, လေ ဒေါသ သုံးပါးတို့ကို ဖြစ်စေတတ်သော ပျက်စေတတ်သော ပွားများစေတတ်သော အစားအသောက်တို့ကို ထိုဒေါသ သုံးပါး ဖြစ်ပွား ပျက်စီးသော သူကို မပေးကောင်းဟူ၍ မှတ်ရမည်။

မြန်မာတည်သီးသည်လည်း တရုတ်တည်သီးနှင့် အစိမ်း, အမှည့်တို့သည် အကျိုး တူကြ၏၊ ဝမ်းချုပ်ခြင်း, အေးခြင်းမျှသာ ထူးသည်ဟု ရာဇနိဃဏ္ဍု ကျမ်းတွင် ဆိုသည်။

ဘာဝပ္ပကာသ ကျမ်း၌ကား အမှည့် အစိမ်း အထူးမဆို၊ မြန်မာတည်သီးသည် အေး၏၊ ခါး၏၊ လေကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ ယစ်မူးစေတတ်၏၊ ခြေ၌ ဖြစ်သော အနာကို နှိုင်၏၊ ဝမ်းချုပ်၏၊ သလိပ်, သည်းခြေ, သွေးတို့ကို နှိုင်၏ဟု ဆို၏။

[တရုတ် တည်ကို တိန္ဒုက– တည်ကြီးမျိုး, မြန်မာ တည်ကို မက္ကဋ္ဌ တိန္ဒုက– မျောက်တည်မျိုးဟူ၍လည်းမှတ်။]

သပြေသီး။ ။ သပြေကြီးသီး အမှည့်သည် ချို၏၊ ကြေခဲ၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ ငှင်းအငယ်သီး အမှည့်သည် လည်းကောင်း, ရေသပြေသီးမှည့်သည် လည်းကောင်း အဆီ မရှိ၊ ဝမ်းချုပ်၏၊ သွေး, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ ကိုယ်ပူနာကို နှိုင်၏။

ဒဗ္ဗဂုဏာပကာသ ကျမ်း၌ကား သပြေသီးမျိုးကို မခွဲဘဲ သပြေသီးဟူသမျှသည် ကြေခဲ၏၊ ဝမ်းချုပ်၏၊ ချို, ဖန် ရသရှိ၏၊ အေး၏၊ အဆီ မရှိ၊ ဝမ်းမီး, လေတို့ကို ပျက်စေတတ်၏၊ သလိပ်, သည်းခြေတို့ကို နှိုင်၏– ဟု ဆို၏။

သပြေ ၄–မျိုး။ ။ ငှင်းဋ္ဌီကာ၌လည်း–

မဟာဖလာ– ရာဇဇမ္ဗူ, ကာကဇမ္ဗူ, ဝနဇမ္ဗူ, အပ္ပဖလာ ဘူမိဇမ္ဗူတိ စတုဗ္ဗိဓာ ဇေ တုလျဂုဏာတ္ထာ။

ဟူ၍–

၁။ အသီးကြီးသော ရာဇ ဇမ္ဗူ,

၂။ ထိုအောက် အသီးငယ်သော ကာကဇမ္ဗူ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၃။ ထိုအောက် အသီးငယ်သော ဝနဇမ္မူ,
၄။ ထိုအောက်ပင် အသီးငယ်သော ဘူမိဇမ္မူ–
ဟူသော သပြေသီး လေးမျိုးတို့သည် အကျိုးတူကုန်၏ဟု ဆို၏။

တလည်းသီး။ ။ သဘော်တလည်းချိုသီးသည် ချို၏၊ စဉ်းငယ် ဖန်၏၊ ကြေလွယ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ ရေငတ်ခြင်း, ကိုယ်ပူခြင်း, အဖျားတို့ကို နှိုင်၏၊ နှလုံးနာ, လည်ချောင်းနာတို့ကို နှိုင်၏၊ ခံတွင်း၌ မကောင်းသော အနံ့ကို ဖျောက်တတ်၏၊ အားရှစ်သက်စေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ အဆီဩဇာ ရှိ၏၊ ဉာဏ်ပညာ, အားခွန်တို့ကို တိုးပွားစေတတ်၏။

တလည်း အဖြူးသီးသည် ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကြေလွယ်၏၊ လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏။

တလည်းချဉ်သီးသည် လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏။

ဤတလည်းသီး အကျိုးကို ဆိုရာ၌ တလည်း အဖြူးသီး, တလည်း အချဉ်သီးတို့သည် သည်းခြေကို ပျက်စေတတ်၏ဟု ဆိုသော စကားနှင့် အရသာတို့ကို ပြရာ ချဉ်သော အရသာမျိုးတို့တွင် တလည်းသီးနှင့် ဆီးဖြူသီးမှ တစ်ပါးသာ သည်းခြေကို ပျက်စေတတ်၏၊ ဆီးဖြူသီးနှင့် တလည်းသီးမူကား သည်းခြေကို မပျက်စေတတ်ဟု ဆိုသော စကားနှင့် မညီကြ၊ ရာဇဝလ္လဘကျမ်း, သုသုတကျမ်း, ဒဗ္ဗဂုဏာပကာသကျမ်းတို့၌ တလည်းချိုသီးသည် ဒေါသ သုံးပါးကို နှိုင်၏၊ တလည်းချဉ်သီးသည် လေ, သလိပ်ကို နှိုင်၏၊ သည်းခြေနှင့်လည်း ဆန့်ကျင်ဘက် မဖြစ်ဟု ဆိုသော စကားသည် သင့်မြတ်၏၊ တလည်းအဖြူးသီးကို အထူးမဆို။

[ဤ တလည်းသီးကို ဆိုရာ၌ သဘော်တလည်း၊ ရှမ်းတလည်းတို့သာ ကောင်းမွန်သည်၊ မြန်မာတလည်းမူကား တလည်းရိုင်းမျိုးဖြစ်၍ မပေး မသုံးသင့်။ မြန်မာဂွေး (ဇဝး) နှင့် သဘော်ဂွေး (ဇဝး) ကဲ့သို့ မှတ်ရမည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆီးသီးကြီး။ ။ မှည့်လျှင် ချိုသော အသီးလုံးကြီးသော ဆီးသီးကြီးမျိုးသည် **သောဝိရ** မည်၏၊ ထိုဆီးသီးကြီးမျိုးသည် ချိုး၏၊ အေးး၏၊ ကျင်ကြီးအစုကို ဖျက်၍ အောက်သို့ ထုတ်တတ်၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ ဝစေတတ်၏၊ သွေး၊ သည်းခြေကို နှိုင်၏၊ ကိုယ်ပူနာ၊ ဓာတ်အားခွန် ကုန်ခန်းသော အနာ၊ ရေငတ်ခြင်းတို့ကို ဖျောက်နိုင်၏၊ မျက်စိနှင့် သင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏။

ဆီးသီးချို။ ။ မှည့်လျှင် ချိုသော အလုံး ငယ်သော **ဆီးသီး**မျိုးသည် **ကောလ** မည်၏၊ ထိုဆီးချိုသီးငယ်မျိုးသည် နှုတ်ကို မြိန်စေတတ်၏၊ ပူ၏၊ ဝမ်းချုပ်၏၊ ကြေခဲ၏၊ အဆီသြဇာ ရှိ၏၊ ဒေါသ သုံးပါးလုံးကို ပျက်စေတတ်၏။

ဆီးသီးချဉ်။ ။ အသီးလုံးငယ်သော ချဉ်သော ဆီးသီးမျိုးသည် **ကက္ကန္ဓ** မည်၏၊ ထိုဆီးချဉ်မျိုးသည် ဖန်၏၊ စဉ်းငယ် ချို၏၊ အချဉ်များ၏၊ စဉ်းငယ်လည်း ခါး၏၊ အဆီသြဇာ ရှိ၏၊ ကြေခဲ၏၊ လေ၊ သည်းခြေကို နှိုင်၏၊ ထိုဆီးသုံးမျိုးလုံး အမှည့်ခြောက်ဖြစ်လျှင် ဝမ်းကို ပျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏၊ ရေငတ်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်းတို့ကို နှိုင်၏၊ သွေးကို နှိုင်၏။

ဆီးသီးခြောက်။ ။ ဒဗ္ဗဂုဏာပကာသ စသော ကျမ်းတို့၌ကား ဆီးသီးမှည့်ခြောက်သည် လေ၊ သလိပ်ကို နှိုင်၏၊ သည်းခြေနှင့်လည်း ဆန့်ကျင်ဘက် မဖြစ်၊ ဆီးသီးခြောက် အနှစ်မှုန့်သည် ဝမ်းကို ပျော့စေတတ်၏၊ ရေငတ်ခြင်းကို ပျောက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏ဟု ဆို၏၊ ထို့ကြောင့် အချို၊ အချဉ် ဆီးသီးဟူသမျှတို့၏ အခြောက်၌ အပြစ်မရှိ။

ဆီးသီးစိမ်း။ ။ ဆီးသီးစိမ်းသည် လေ၊ သလိပ်ကို နှိုင်၏၊ ဆီးသီးမှည့်သည် လေ၊ သည်းခြေကို နှိုင်၏၊ အဆီ ရှိ၏၊ စဉ်းငယ် ချို၏၊ ပျံ့နှံ့ လွယ်၏ဟု ဆီးသီးမျိုး ရှိသမျှတို့၏ အကျိုး သာမန်ကို ဒဗ္ဗဂုဏာပကာသ ကျမ်း၌ ဆို၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆီးသီးဆံ။ ။ ဆီးသီးဆံသည် ရေငတ်ခြင်း, အော့အန်ခြင်း, သည်းခြေနာတို့ကို နိုင်၏။

ခံသီး။ ။ ခံသီးအကြီး, အငယ်နှစ်မျိုး အစိမ်းသည် ချဉ်၏၊ ကြေခဲ၏၊ ရေငတ်ခြင်းကို ဖျောက်တတ်၏၊ ပူ၏၊ နှုတ်ကို မြိန်စေတတ်၏၊ ရတ္တပိတ်နာ, သလိပ်နာကို ဖြစ်စေတတ်၏၊ ၎င်းခံသီးနှစ်မျိုး အမှည့်သည် ချို၏။ နှုတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ကြေလွယ်၏၊ (သဘော်ခံကို ခံကြီး, မြန်မာခံကို ခံငယ်ဟူ၍ မှတ်ရမည်။) ဒဗ္ဗဂုဏ်ပကာသ ကျမ်း၌ကား ခံသီးသည် သည်းခြေကို ပျက်စေတတ်ဟု ဆို၏။

သစ်မည်စည်သီး။ ။ သစ်မည်စည်သည် အရိုင်း, အယဉ် နှစ်မျိုး ရှိ၏၊ အရိုင်းကား အသီးငယ်သည်၊ အယဉ်မူကား အသီးကြီးသည်၊ မြန်မာနိုင်ငံတွင် ရှိသော သစ်မည်စည်ကား အရိုင်းသာတည်း၊ အကျိုးအပြစ်မူကား တူကြ၏၊ သစ်မည်စည်ပွင့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ သုက်, အား, အသားတို့ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ သစ်မည်စည်သီး မှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ နှလုံးကို မနှစ်သက်စေတတ်၊ ရေငတ်ခြင်း, သွေး, ကိုယ်ပူ, ပန်းနာ, ထိခိုက်ရှနခြင်း, ဓာတ်အားခွန် ကုန်ခန်းခြင်းတို့ကို နိုင်၏။

စပျစ်သီး။ ။ စပျစ်သီးစိမ်းသည် ချဉ်၏၊ ကြေခဲ၏၊ လေ, သည်းခြေ, သွေးတို့ကို ပျက်စေတတ်၏၊ စပျစ်သီး မှည့်သည် အေး၏၊ ချို၏၊ ကြေခဲ၏၊ အဆီဩဇာ ရှိ၏၊ အနုလောမ နှစ်မျိုး ဖြစ်၍ ဝမ်းကို ရှင်းစေတတ်၏၊ ပျံ့နှံ့လွယ်၏၊ ဝစေတတ်၏၊ မျက်စိနှင့် သင့်၏၊ အူတွင်း၌ ရှိသော လေကို မပျက်စေတတ်၊ သုက်ကို ပွားစေတတ်၏၊ သလိပ်ကို ပွားစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ကိုယ်ကိုစည်ပင် တိုးပွားစေတတ်၏၊ ရေငတ်ခြင်း, အဖျား, ပန်းနာ, လေနာ, ဝါတရက်နာ, သုက်ကုန်ခန်းသော အနာ, မူးဝေသော အနာ, ရတ္တပိတ်နာ, သတိမေ့လျော့သော အနာ, ကိုယ်ပူနာ, ဓာတ်ကုန်ခန်းသော အနာ, သေအရက်သောက်ကြူး၍ ဖြစ်သော အနာတို့ကို နိုင်၏၊ (ဤကား စပျစ်သီးမှည့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျိုး ရှိသမျှ၏ အကျိုးတည်း။) စပျစ်သီးကြီးမှည့်သည် ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏။

[၎င်းအသီးတွင် အစေ့ ရှိ၏၊ ဟိန္နူတို့က "မုက္ကာ" ခေါ်၏၊ ပါဠိဘာသာ "ဂေါတ္ထနီ" ခေါ်၏၊ နွားနို့သီးနှင့် တူသည်ဟူလို။]

စပျစ်သီး အငယ်မျိုးသည် အကြီးမျိုးနှင့် အကျိုးတူ၏၊ ၎င်းအငယ်မျိုး၌ အစေ့ မရှိ၊ ရံခါအချို့အသီး၌ အစေ့ စဉ်းငယ် ရှိ၏၊ ဟိန္နူတို့က **ကိဆိမိဆ** ခေါ်၏၊ တောင်၌ ပေါက်သော စပျစ်သီးမျိုးသည် စဉ်းငယ်ချဉ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ သည်းခြေချဉ်သော အနာကို ဖြစ်စေတတ်၏၊ ဟိန္နူတို့က **ဗာဟရီ** ခေါ်သည်၊ ခံသီးနှင့် တူသော စပျစ်သီးမျိုးသည်လည်း ဤတောင်၌ ပေါက်သော စပျစ်သီးမျိုးနှင့် အကျိုးတူ၏၊ ပါဠိဘာသာ– **ကရမဒ္ဒိကာ**, ဟိန္နူဘာသာ **ရော်ဒီ** ခေါ်သည်၊ အဓိပ္ပာယ် အချုပ်ကား ချိုသော စပျစ်သီးသည် အကျိုး ရှိ၏၊ ချဉ်မှ အကျိုး မရှိဟု မှတ်ရမည်။

စွန်ပလွံသီး။ ။ စွန်ပလွံသီးသည်–

၁။ အိန္ဒိယနိုင်ငံများမှာ ပေါက်သော **ဘူမိခဒ္ဒူရီ** မည်သော စွန်ပလွံမျိုး,

၂။ အိန္ဒိယ အနောက်ပိုင်း စူရတ်နိုင်ငံ, အီရန်နိုင်ငံများမှာ ပေါက်သော **ပိဏ္ဍာခဒ္ဒူရီ** မည်သော စွန်ပလွံမျိုး,

၃။ တူရကီနိုင်ငံမှ ထွက်သော နွားနို့သီးနှင့် တူသော အလုံးရှိသော **ဆောဟာရာ** မည်သော စွန်ပလွံမျိုး,

ဟူ၍ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးလုံးပင် ချို၏၊ အေး၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ အဆီ ရှိ၏၊ နှုတ်ကို မြိန်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ အားရနှစ်သက်စေတတ်၏၊ ကိုယ်ကို စည်ပင် တိုးပွားစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ အူတွင်း၌ ရှိသော လေကို နိုင်၏၊ ထိခိုက်ရှုနခြင်း, ဓာတ်ကုန်ခန်းခြင်းတို့ကို နိုင်၏၊ ရတ္တပိတ်နာကို နိုင်၏၊ လေ, သလိပ်နာတို့ကို နိုင်၏၊ အော့အန်ခြင်း, အဖျား, ဝမ်းကျနာတို့ကို နိုင်၏၊ လေပူထ၍ ဆာလောင်ခြင်း, ရေငတ်ခြင်း, ချောင်းဆိုးနာ, ပန်းနာတို့ကို နိုင်၏၊ သေအရက်ယစ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခြင်း, မူးဝေခြင်း, လေ, သည်းခြေတို့ကြောင့် ဖြစ်သော အနာ, သေအရက်တို့ကြောင့် ဖြစ်သော အနာတို့ကို နိုင်၏၊ အသီးလုံးကြီးသော စွန်ပလွံမျိုးအောက် အသီးလုံးငယ်သော စွန်ပလွံမျိုးသည် အကျိုး နည်း၏၊ စွန်ပလွံရည်သည် သည်းခြေကို ပျက်စေတတ်၏၊ လေ, သလိပ်တို့ကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အား, သုက်ကို ပွားစေတတ်၏၊ ကစော်ပေါက်လျှင် မူးယစ်စေတတ်၏၊ အိန္ဒိယ, အနောက်အရပ်တို့က လာသော ပဏ္ဏာခဒ္ဓူရီမျိုး ဖြစ်သော **သုမေလာနီ** ခေါ်သော စွန်ပလွံသီးမျိုးသည် မောပန်းခြင်း, ကိုယ်ပူနာ, စိတ်ပျံ့လွင့်ခြင်း, မူးဝေခြင်း, ရတ္တပိတ်နာတို့ကို နိုင်၏။

ဗာဒံသီး။ ။ ဗာဒံသီးသည် ပူ၏၊ ကြေခဲ၏၊ **အဆီသြဇာ** ရှိ၏၊ **ချိုး၏**၊ လေကို နိုင်၏၊ သုက်ကို ပွားစေတတ်၏၊ ဗာဒံစေ့ဆံသည် ဆိမ့်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ **အဆီ** ရှိ၏၊ ပူ၏၊ သလိပ်ကို ပွားစေတတ်၏၊ ရတ္တပိတ်နာကို လွန်စွာ နိုင်၏။

[ဝါတာဒပါတဝေရီ, နေတ္တောပမဖလ, ဝါတမ္မ–သဒ္ဒါတို့ ကား ဗာဒံပင်ဟော၊ ထိုဗာဒံသည် အချို, အခါး နှစ်မျိုး ရှိသည်၊ ဤ၌ အချို၏ အကျိုးကို ဆိုသည်၊ ယခု မြန်မာနိုင်ငံတွင် စိုက်ပျိုးကြသော ဗာဒံပင်ဟု ခေါ်သော အပင်ကား ဗာဒံပင် မဟုတ်။]

လွန်သီး။ ။ လွန်သီးသည် ချို၏၊ ကြေခဲ၏၊ အဆီ ရှိ၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ လေ, သည်းခြေတို့ကို နိုင်၏၊ ကိုယ်ပူနာ, အဖျားနာ, ရေငတ်နာတို့ကို နိုင်၏၊ လွန်ဆံသည် ဆိမ့်၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အဆီ ရှိ၏၊ အလွန် ကြေခဲ၏၊ ဝမ်းချုပ်၏၊ သလိပ်ကို ပျက်စေတတ်၏။

လင်းလွန်းသီး။ ။ လင်းလွန်းသီးသည် ဖန်, ချိုရသ ရှိ၏၊ စဉ်းငယ် ချဉ်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ အဆီ ရှိ၏။ ရေငတ်ခြင်း, မူးဝေခြင်း, သေအရက် ယစ်မျိုးတို့ကို နိုင်၏၊ ဓာတ်ကုန်ခန်းခြင်း, ဒေါသ သုံးပါး, သွေးတို့ကို နိုင်၏၊ ဤကား ဘာဝပ္ပကာသ ကျမ်းအလို။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဒဗ္ဗဂုဏာပကာသကျမ်းဋ္ဌကား, လင်းလွန်းသီးသည် ချဉ်, ဖန်, ချိုရသ ရှိ၏၊ အေး၏။ ကြေခဲ၏၊ ဝမ်းချုပ်၏၊ လေကို လွန်စွာ မပျက် စေတတ်၏ ဟူ၍ ဆို၏။

နရွဲသီး။ ။ နရွဲသီးသည် အကြီးအငယ် နှစ်မျိုး ရှိ၏၊ နရွဲသီး အကြီးသည် **ပါစီနာမလက, ပါနီယာမလက** မည်၏၊ ထိုနရွဲသီးသည် ဒေါသသုံးပါးကို နိုင်၏၊ အဖျားကို နိုင်၏၊ ချို၏၊ စဉ်းငယ် ချဉ်၏၊ ချုပ်၏။ အဆိပ်ကို နိုင်၏၊ နရွဲသီးငယ်သည် **ဝိကတိတ** မည်၏၊ ထို နရွဲသီးငယ်သည် ချို၏၊ နရွဲသီး အကြီးနှင့် အကျိုး တူ၏။

ဆီးဖြူသီး။ ။ သဘော်ဆီးဖြူသီးသည် နှလုံးကို နှစ်သက် စေတတ်၏၊ ဖန်, ချဉ်, ချိုရသ ရှိ၏၊ ကြေခဲ၏၊ သလိပ်, သည်းခြေတို့ကို နိုင်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အဆိ မရှိ၊ ကျောက်တည်သော အနာ, မြင်းသရိက်နာတို့ကို နိုင်၏၊ လဝနီ ဖလ, နဝနီဖလ ဟူ၍ ပါဠိနှစ်မျိုး ရှိသည်၊ အချို့က သတွတ်သီးဟူ၍ အနက် ပေးကြ၏။

ခရမ်းပိမ့်သီး။ ။ ခရမ်းပိမ့်သီးသည် မွေးသော အနံ့ ရှိ၏၊ ချို, ချဉ်ရသ ရှိ၏၊ လေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချဉ်သော ခရမ်းပိမ့်သီးဖြစ်မူ အလွန် ပူ၏၊ ကြေခဲ၏၊ လေကို နိုင်၏၊ ခံတွင်းဋ္ဌ ပျံ့နှံ့လွယ်၏၊ ဤကား ဘာဝပ္ပကာသ ကျမ်းအလို။

ဒဗ္ဗဂုဏာပကာသ ကျမ်းဋ္ဌကား ခရမ်းပိမ့်သီးသည် ကောင်းသော အနံ့ ရှိ၏၊ စဉ်းငယ် ချဉ်, ချိုရသ ရှိ၏၊ ကြေခဲ၏၊ ဝမ်း ချုပ်၏၊ သုက်ကို ပွားစေတတ်၏၊ လေကို နိုင်၏။ ချဉ်သော အသီး ဖြစ်မူကား သွေး, သည်းခြေကို ပျက်စေတတ်၏၊ မှည့်သော ချိုသော အသီး ဖြစ်မူ လေ, သည်းခြေကို နိုင်၏ဟု ဆို၏။

ရာဇနိဃဏ္ဍု ကျမ်းဋ္ဌကား ခရမ်းပိမ့်သီးသည် ချို, ချဉ် ရသရှိ၏၊ ကြေခဲ၏၊ ပူ၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေတက်လျှင် စားသော အစာအတိုင်း အနံ့နံသော အာမက မည်သော အဇီဏ္ဏနာ, လေနာ, ပိုးနာ, ရင်ဘတ်နာ, ဘေးထိုးရင်ကျပ်နာ, မောပန်းခြင်းတို့ကို ဖျောက် နိုင်၏၊ အားကို ဖြစ်စေတတ်၏- ဟုဆို၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရာဇဝင်္လဘက္ခမ်း၌ ခရမ်းပိမ့်သီးတွင် ချို, ချဉ်အရသာ ရှိသော အရည်၏ တည်ရာ အသားမျှင်စုကို ဝတ်ဆံ ခေါ်သည်၊ ထိုဝတ်ဆံသည် အလွန် ချဉ်၏၊ စဉ်းငယ် ချို၏၊ သုက်ကို ပွားစေတတ်၏၊ လေကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏– ဟုဆို၏။

[ခရမ်းပိမ့်သီး ဟူသည်ကား လိမ္မော်သီး အငယ်မျိုးပင်တည်း၊ တောင်ဘက် လယ်တွင်း ကိုးခရိုင်, မြေလတ်, ရှမ်းပြည်များမှာ ပေါများသည်၊ ဣရာဝတီ မြစ်ရိုးတစ်လျှောက် ဝဲယာ၌ ပေါက်ရောက်တတ်သောကြောင့် ဣရာဝတ ခေါ်သည်၊ ထိုဣရာဝတီ ဟူသော မြစ်သည်လည်း အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ပန်ဂျပ်နိုင်ငံ အတွင်း၌ ရှိသော သတဒ္ဒြ, ဝိပဿ, ဣရာဝတီ စန္ဒဘာဂါ ဝိဒတ္ထာဟူသော မြစ် ငါးစင်းတို့တွင် ပါဝင်သော မြစ်တည်း။]

နာရဂ်ဟူသော ခရမ်းပိမ့်ဟော ပါဠိကို စွဲ၍ ဗင်္ဂါလီတို့က **နာရဂီ** ခေါ်သည်။

လိမ္မော်သီး။ ။ လိမ္မော်သီးသည် မွေးသော အနံ့ ရှိ၏၊ ချို၏၊ စဉ်းငယ် ချဉ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အော့အန်ခြင်း, ကြို့ထိုးခြင်းကို နှိုင်၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏။

[နပုလ္လိင်နှင့် လိမ္မာကံသဒ္ဒါ လိမ္မော်သီးဟော၊ ပုလ္လိင်နှင့် လိမ္မာကောသဒ္ဒါ သဲပရာသီးဟောဟုမှတ်၊ လိမ္မော်သီးကို ဗင်္ဂါ လိတို့က ပါဠိနိမ္မူ ခေါ်သည်။]

ရှောက်ပန်းသီး။ ။ ရှောက်သခွားသည် (ရှောက်ပန်းသီးလည်း ဟူ၏။) နှလုံးကို နှစ်သက်စေတတ်၏၊ ချဉ်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ရေငတ်ခြင်းကို ဖျောက်တတ်၏၊ လည်ချောင်းကို သုတ်သင်ရှင်းလင်းတတ်၏၊ ဝမ်းရောင်သော အနာ, ဂူနာ, နှလုံးနှင့် ဆိုင်သော အနာတို့ကို နှိုင်၏၊ ဘေနာ, ဆီး, ဝမ်း, လေလမ်းများ၌ အောက်သို့ မသက် အထက်သို့ ဆန်တက်သော ဥဒ္ဒါဝတ္တနာ, ဝမ်းချုပ်သော အနာ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မောဟိုက်သော အနာ, ရင်ဘတ်နာ, ဘေးထိုး ရင်ကျပ်နာ, အော့အန်သော အနာတို့ကို နိုင်၏။

ထိုရှောက်သခွားသီး၏ ပြင်ဆုံးဖြစ်သော ခါးသော အခွံသည် ကြေခဲ၏၊ ပိုးနာ, သလိပ်နာကို နိုင်၏၊ ထိုရှောက်သခွားသီး၏ ပြင်ဆုံး အခွံအတွင်းဘက် ဖြူသော အသားသည် ချိုး၏၊ အေး၏၊ ကြေခဲ၏၊ လေ, သည်းခြေတို့ကို ပျက်စေတတ်၏။

ထိုရှောက်သခွားသီး၏ ချဉ်သော အရည်၏ တည်ရာဝတ်ဆံသည် ကြေလွယ်၏၊ ချုပ်၏၊ ဂူနာ, မြင်းသရိုက်နာကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, အော့အန်သော အနာ, နှုတ် မမြိန်ခြင်းတို့ကို ဖျောက်တတ်၏၊ သလိပ်ကို နိုင်၏၊ ဉာဏ်ပညာကို တိုးပွားစေတတ်၏၊ ရှောက်သခွား အချိုသီးသည် သလိပ်ကို ပျက်စေတတ်၏၊ ချိုး၏၊ အေး၏၊ သုက်ကို ပွားစေတတ်၏၊ အဆီရှိ၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နိုင်၏၊ ခံတွင်းကို ကြည်လင်စေတတ်၏၊ ရတ္တပိတ်နာ, အားခွန် ကုန်ခန်းသော အနာ, ချောင်းဆိုးနာ, ပန်းနာ, မောဟိုက်ခြင်း, စိတ်ပျံ့လွင့်ခြင်းတို့ကို နိုင်၏။

ရှောက်ချိုသီး။ ။ ရှောက်ချိုသီးသည် ချိုး၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နိုင်၏၊ အဆီပ်ကို နိုင်၏၊ သလိပ်ကို ကြွစေ, ပျက်စေတတ်၏၊ သုက်ကုန်ခန်းသော အနာ, နှုတ် မမြိန်သော အနာ, ရေငတ်ခြင်း, အော့အန်ခြင်းတို့ကို နိုင်၏၊ အားကို ဖြစ်စေတတ်၏၊ ဝစေတတ်၏။

ရှောက်ချဉ်သီး။ ။ ရှောက်ချဉ်သီးသည် ချဉ်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ လေကို နိုင်၏၊ အချို့သော ကျမ်းတို့၌ ရှောက်သီးသည် ချဉ်၏၊ ထက်၏၊ ပိုးသပေါင်းကို ဖျက်ဆီးတတ်၏၊ ဒေါသ သုံးပါးတို့ကြောင့် ဖြစ်သော ရင်ဘတ်နာ, ဘေးထိုးရင်ကျပ်နာကို နိုင်၏၊ ဝမ်းချုပ်ခြင်းကို ဖြစ်စေတတ်၏၊ ဒေါသသုံးပါးလုံးကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏။ ကာလနာ, ဝမ်းညှဉ်သော သူ, ဝမ်းချုပ်သော သူတို့၌ ပေးသင့်၏– ဟု ဆို၏၊ အချဉ်မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ (နိမ္ဗူ–သဒ္ဒါ, နိမ္ဗူက–သဒ္ဒါတို့သည် ရှောက်ချဉ်သီးဟော။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သံပရာသီး။ ။ သံပရာ အကြီး, အငယ် နှစ်မျိုးသည် ချဉ်၏၊ ပူ၏၊ ကြေခဲ၏၊ လေ, သလိပ်တို့ကို နိုင်၏၊ ဝမ်းချုပ်သည်ကို ပျောက်စေတတ်၏၊ ဘေးထိုး ရင်ကျပ်နာ, ရင်ဘတ်နာ, ချောင်းဆိုးနာ, သလိပ်နာတို့ကို နိုင်၏၊ အစာမကြေသောကြောင့် အောက်သို့ မထွက် အထက်သို့မအန် အစာပွကယ်ပြီးလျှင် အလွန် ပင်ပန်းသောအနာ, အာမနာ, အော့အန်သော အနာ, ရေငတ်ခြင်းတို့ကို ပျောက်စေတတ်၏၊ ခံတွင်း၌ အရသာ ပျက်ခြင်းကို နိုင်၏၊ ဝမ်းမီးနုံခြင်း, ပိုးတို့ကို နိုင်၏။

သံပရာသီး အငယ်မျိုးသည် ရေငတ်ခြင်း, အော့အန်ခြင်းကို အထူးသဖြင့် နိုင်၏။

[သံပရာသီး အကြီးမျိုးကို သံပရိလည်း ခေါ်ကြသည်၊ ဗမ္မီရ-သဒ္ဒါ၊ ဒန္တသဒ္ဒ–သဒ္ဒါ အစရှိသည်တို့ကား သံပရာသီးဟော။ ဤပါဠိများကို စွဲ၍ပင် မြန်မာတို့က သံပရာ ခေါ်သည်၊ ဗင်္ဂါလီတို့က "ကာကစိနိမ္ဗူ" ခေါ်သည်။]

ကမလာသီး။ ။ ကမလာသီး (ကမ္မလာ?) သီးသည် ချို၏၊ အဆိသြဇာ ရှိ၏၊ အဆင်း, အသံတို့ကို ကောင်းစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ဝစေတတ်၏၊ သုက်ကုန်ခန်းခြင်းကို နိုင်၏။

မက်လင်သီး။ ။ မက်လင်သီးသည် အလွန် ချဉ်၏၊ ဝမ်းလေ ချုပ်သော အနာ, သလိပ်နာ, လေနာတို့ကို နိုင်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကျင်ကြီး, ကျင်ငယ်အစုကို ဖျက်၍ အောက်သို့ ထုတ်တတ်၏၊ နှလုံးနှင့် ဆိုင်သော အနာ, ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, ဂူနာတို့ကို နိုင်၏၊ အဆိ မရှိ၊ သည်းခြေကို ပျက်စေတတ်၏၊ ကျင်ကြီးကျင်ငယ်တို့၌ အပြစ်ဒေါသကို နိုင်၏၊ ဘေနာ, ဥဒ္ဓါဝတ္တနာတို့ကို နိုင်၏၊ မောဟိုက်ခြင်း, ချောင်းဆိုးနာ, ပန်းနာ, အစာမကြေသော အနာ, အော့အန်ခြင်းတို့ကို နိုင်၏၊ ဆိတ်သားကို အရည် ဖြစ်စေနိုင်၏၊ (အမ္မိလဝေတေ–သဒ္ဒါ, စုက္ကသဒ္ဒါ အစရှိသည်တို့ကား မက်လင်သီးဟော။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တောင်တလည်းသီး။ ။ တောင်တလည်းသီး အစိမ်းသည် ချဉ်၏၊ ပူ၏၊ လေကို နှိုင်၏၊ သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ၎င်းအသီးမှည့်သည် ချုပ်၏၊ ကြေခဲ၏၊ စပ်၏၊ ဖန်၏၊ ပူ၏၊ ချဉ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အဆီ မရှိ၊ ဝမ်းမီးကို တောက်စေတတ်၏။ လေ, သလိပ်ကို ပျက်စေတတ်၏။ ရေငတ်ခြင်း, မြင်းသရိုက်နာ, ဝမ်းကိုက်နာ, ဂူနာ, ရင်ဘတ်နာ, ဘေးထိုး ရင်ကျပ်နာ, နှလုံးနှင့် ဆိုင်သော အနာ, ပိုးနာတို့ကို နှိုင်၏။

မန်ကျည်းသီး။ ။ မန်ကျည်းသီးနုသည် လေ, သလိပ်, အဆီခဲတို့ကို နှိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ မန်ကျည်းသီး အစိမ်းရင့်သည် ကြေခဲ၏၊ သွေး, သည်းခြေ, သလိပ်တို့ကို ပျက်စေတတ်၏၊ လေကို နှိုင်၏၊ ဝမ်းချုပ်၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ မန်ကျည်းသီးမှည့်သည် လေ, သလိပ်ကို နှိုင်၏၊ သည်းခြေကို စဉ်းငယ် ပျက်စေတတ်၏၊ ဝမ်းသက်စေတတ်၏။

[မန်ကျည်းသီး၏ အကျိုးကို ဆေးကျမ်းတို့တွင် မဆို၊ သို့သော်လည်း ရှောက်ချိုသီးနှင့် အကျိုး တူရန် ရှိ၏။ သို့မဟုတ်လျှင် မန်ကျည်းမှည့် ဖျော်ရည်နှင့် အကျိုး တူရန် ရှိ၏။]

စောင်းလျားသီး။ ။ စောင်းလျားသီး အစိမ်းသည် ချဉ်၏၊ ပူ၏၊ ထက်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချဉ်၏၊ စပ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ လေကို နှိုင်၏၊ စောင်းလျားသီး အမှည့်သည် ချို, ချဉ်ရသ ရှိ၏၊ အား, ကိုယ်၏ စည်ပင်တိုးပွားခြင်း, နှုတ်မြိန်ခြင်းတို့ကို ပေးတတ်၏၊ အေး၏၊ ချုပ်၏၊ လေ, သလိပ်ကို နှိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ စဉ်းငယ် ဖန်၏၊ (စောင်းလျားသီး အချို့ကို ဆေးကျမ်းတို့တွင် အထူးမဆို၊ ရှောက်ချိုသီးနှင့် အကျိုးတူရန် ရှိ၏။)

သဘော်သီး။ ။ သဘော်သီးမှည့်သည် လေ, သည်းခြေကို နှိုင်၏၊ ချို၏၊ ဝမ်းကို ရွှင်စေတတ်၏။

[အနုပါကိဖလ သဒ္ဒါ- သဘော်သီးဟော၊ ဗင်္ဂါလီတို့က "အနုပါယာ ဟူ၍ လည်းကောင်း, ပင်ပိယာ ဟူ၍ လည်းကောင်း" ခေါ်ကြသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သပွတ်သီး။ ။ သပွတ်သီးသည် ချိုဓာ၊ စဉ်းငယ် ခါးဓာ၊ ဝမ်းချုပ်ဓာ၊ ကြေခဲဓာ၊ အေးဓာ၊ ဆံပင်ကို ကောင်းစေတတ်ဓာ၊ ဉာဏ်ပညာကို ဖြစ်စေတတ်ဓာ၊ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ကို ရှည်စေတတ်ဓာ။

[သေပဏ္ဍိ သဒ္ဒါ, ဂမ္ဘာရီ သဒ္ဒါ– စသည်တို့ကား သပွတ်ဟော၊ ရှေးက ရမနေဟု အနက်ပြန်သည်ကို မမှတ်နှင့်။]

ချရားသီး။ ။ ချရားသီးသည် ချိုဓာ၊ ဖန်ဓာ၊ အဆီ ရှိဓာ၊ ခံတွင်းကို ရှင်းစေတတ်ဓာ၊ ဝမ်းချုပ်ဓာ၊ သွားတို့ကို ခိုင်စေတတ်ဓာ၊ ချရားစေ့သည် မြွေဆိပ်ကို နှိုင်ဓာ။

သတ္တတ်သီး။ ။ သတ္တတ်သီးစိမ်းသည် ချဉ်, ဖန် ရသရှိဓာ၊ ကြေလွယ်ဓာ၊ သည်းခြေကို ပျက်စေတတ်ဓာ၊ လေကို နှိုင်ဓာ၊ သတ္တတ်သီးမှည့်သည် ချိုဓာ၊ အေးဓာ၊ ဝမ်းချုပ်ဓာ၊ ဝစေတတ်ဓာ၊ နှလုံးကို နှစ်သက်စေတတ်ဓာ၊ သွေး, သည်းခြေ, လေတို့ကို နှိုင်ဓာ၊ ကိုယ်ပူနာ, အဖျားနာ, အားခွန်ကုန်ခန်းခြင်းတို့ကို ပျောက်စေတတ်ဓာ။

[ပရူသ သဒ္ဒါ, ပရူသက သဒ္ဒါ သတ္တတ်ပင်ဟော။ ထိုအသီး၏ အစေ့ငယ်သောကြောင့် အပွင့်၊ အပင်၏ အခွံညိုသောကြောင့် နီလာတစေခေါ်သည်၊ မာဂဓပါဠိများ၌ ဖဉီးထုပ်နှင့် ဖရူသက ဟူ၍လည်း ရှိသည်၊ ဗဂ်ါလီတို့က ပရုယ့ဖလ ခေါ်သည်၊ ဟိန္နူတို့က ဖရဆာ ဟူ၍ လည်းကောင်း, ဖလုဟော ဟူ၍ လည်းကောင်း ခေါ်သည်၊ ရှေးက ဖက်သက်ဟု အနက်ပေးသည်၊ မောင်းထောင် ဆရာက မရမ်းပင်ဟု အနက်ပေးသည်ကို မမှတ်နှင့်၊ သဘော်သဖန်းလည်း သတ္တတ်မျိုး ဖြစ်၍ အကျိုးတူဓာ။]

သြဇာသီး။ ။ သြဇာသီးသည် ချိုဓာ၊ အေးဓာ၊ အားရှစ်သက်စေတတ်ဓာ၊ အား, အသားတို့ကို ပွားစေတတ်ဓာ၊ နှလုံးကို နှစ်သက်စေတတ်ဓာ၊ သွေးကို ခိုင်စေတတ်ဓာ၊ သွေးထွက်သည်ကို ရပ်စေ, တိတ်စေတတ်ဓာ–ဟု ဆိုလိုသည်၊ ရတ္တပိတ်နာ, လေနာကို နှိုင်ဓာ၊ ကိုယ်ပူကို နှိုင်ဓာ၊ အာတိပွသဒ္ဒါ– သြဇာသီးဟော၊ သက္ကဋ္ဌဋ္ဌ တဝမ်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပူတွင် ဣသရ ပစောက်အပင့်နှင့် ရှိသည်၊ ဗဂ်ါလီတို့က **အတာ** ခေါ်သည်။

အချဉ်သီး၄-၅။ ။ မက်လင်သီး, တောင်တလည်းသီး, သံပရာသီး, ရှောက်သီး, ဤအသီး လေးမျိုးတို့သည် **စတုရမ္မိလ** မည်၏၊ ရှောက်သစ္စား, အချဉ်သီးကို ထည့်လျှင် ပဉ္စမ္မိလ မည်၏၊ အချဉ် လေးမျိုး၊ အချဉ်ငါးမျိုး ဆိုလိုသည်။ (ရကွမ္မိလ-သဒ္ဒါ) အမ္မိလရကွ-သဒ္ဒါ၊ စုက္က-သဒ္ဒါတို့ကား တောင်တလည်းသီးဟော။) အရွက်, အပွင့်, အသီးအလုံးစုံ ချဉ်သည်။

ဆီးချိုသီးကြီး။ ။ အိန္ဒိယနိုင်ငံတွင် ရှိသော အသီးလုံး လက်သီးခန့်လောက် ကြီးသော ဆီးချိုသီးမျိုးသည် နပုလ္လိင်နှင့် **သေ** မည်၏၊ **သိဝိတိကာဖလ**လည်း မည်၏၊ ဟိန္ဒူတို့ကလည်း **ဆေ** ဟူ၍ ပင် ခေါ်၏၊ ထိုဆီးချိုသီးကြီးသည် ချို၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ အေး၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နှိုင်၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သလိပ်ကို ပျက်စေတတ်၏။

ပိုးစာသီး။ ။ ပိုးစာသီးစိမ်းသည် ချဉ်၏၊ ပူ၏၊ ကြေခဲ၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ ရတ္တပိတ်နာကို ဖြစ်စေတတ်၏၊ ပိုးစာသီးမှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နှိုင်၏။

[တုတ-သဒ္ဒါ၊ တူလ-သဒ္ဒါ၊ ဗြဟ္မဒါရ- အစရှိသော သဒ္ဒါ တို့ကား ပိုးစာပင်ဟော၊ ဟိန္ဒူ ,ဗဂ်ါလီတို့ကလည်း တုတ ဟူ၍ ပင် ခေါ်သည်။]

နာနတ်သီး။ ။ နာနတ်သီးမှည့်သည် ချို၏၊ စဉ်းငယ် ချဉ်၏၊ ပိုးကို နှိုင်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ ဗဟုနေတ္တဖလသဒ္ဒါ- နာနတ်သီးဟော၊ ဗဂ်ါလီတို့က **အာနာရသ** ခေါ်သည်။

သနပ်သီး။ ။ သနပ်သီးစိမ်းသည် အဆီ မရှိ၊ သွေး, သည်းခြေ, သလိပ်တို့ကို နှိုင်၏၊ ဝမ်းချုပ်၏၊ သနပ်သီးမှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ အားရှိ၏၊ သလိပ်ကို ပျက်စေတတ်၏၊ သနပ်မြစ်သည် အဆိပ်ထိ၍ အရေဖောင်းပွခြင်း, ပေါက်သော အမာ, ဝက်သက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နာ, နူနာ, ကျောက်နာတို့ကို နိုင်၏၊ ချိုး၏၊ ဖန်၏၊ ခါး၏၊ ဆံပင်ကို ကောင်းစေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏။

ခပေါင်းရေကြည်သီး။ ။ ခပေါင်းရေကြည်သီးမှည့်သည် ချို၏၊ ငန်၏၊ အေး၏၊ ကြေခဲ၏၊ လေ, သလိပ်ကို နိုင်၏၊ မျက်စိနှင့် သင့်၏၊ ရေကို ကြည်စေတတ်၏။

သဖန်းသီး။ ။ သဖန်းသီးစိမ်းသည် ဖန်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝစေတတ်၏၊ သွေးကို ပျက်စေတတ်၏၊ သဖန်းသီးမှည့်သည် ချို၏၊ ဖန်၏၊ အေး၏၊ ပိုးကို ဖြစ်စေတတ်၏၊ ရတ္တပိတ်နာ, မူးဝေသောအနာ, ကိုယ်ပူနာတို့ကို နိုင်၏၊ ရေတစ်ခြင်းကို ပျောက်စေတတ်၏၊ အလွန် မှည့်သော သဖန်းသီးသည် ချို၏၊ အလွန် အေး၏၊ သွေး, သည်းခြေတို့ကို နိုင်၏၊ သုက်ကုန်ခန်းသော အနာကို နိုင်၏၊ ဆီး, ဝမ်းကို ရွှင်စေတတ်၏၊ ပဒုမာကြာဆံသည် ချို ဆိမ့်၏၊ အေး၏၊ စဉ်းငယ် ခါး၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ အဆီ မရှိ၊ ဝမ်းချုပ်၏၊ ကိုယ်ဝန်ကို မပျက်မလျှောရအောင် လွန်စွာ တည်စေနိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏။ သွေး, သည်းခြေကို နိုင်၏၊ ကိုယ်ပူနာကို နိုင်၏။

ကတ္တုဆူးသီး။ ။ ကတ္တုဆူးသီးဆံသည် ဆိမ့်၏၊ အေး၏၊ စဉ်းငယ် ဖန်၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းချုပ်၏၊ လေ, သလိပ်တို့ကို ပျက်စေတတ်၏၊ သွေး, သည်းခြေတို့ကို နိုင်၏၊ ကိုယ်ပူနာကို နိုင်၏။

ကြစုသီး။ ။ ကြစုသီးသည် ခုနစ်မျိုး ရှိ၏၊ ခုနစ်မျိုးဟူသော် ကား–

၁။ ရွှေကဲ့သို့ ဝါသော အဆင်းရှိသော **ဇီဝန္တီ** မည်သော ကြစုသီး,
၂။ အဆင်းကြောင်သော၊ လုံးလျောင်းသော သဏ္ဌာန်တူသော **ရောဟိဏီ** မည်သော ကြစုသီး,
၃။ ဘူးသီးနှင့် သဏ္ဌာန်တူသော **ဝိဇယာ** မည်သော ကြစုသီး,
၄။ အသား ပါး၍ အစေ့ကြီးသော **ပူတနာ** မည်သော ကြစုသီး,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၅။ အစေ့ငယ်၍ အသားထူသော **အမတာ** မည်သော ကြစုသီး,

၆။ ငါးမြှောင့်ရှိသော **အဘယာ** မည်သော ကြစုသီး,

၇။ သုံးမြှောင့်ရှိသော **စေတကီ** မည်သော ကြစုသီး၊ **ကာလီကာ** လည်း မည်သည်။

ဤသို့ ခုနစ်မျိုး ရှိ၏၊ (ရှေးက ကြစုသီး ခေါ်သည်၊ နောက်အခါ ဖန်ခါးသီးလည်း ခေါ်သည်။)

၁။ အနာခပ်သိမ်းတို့၌ ဝိဇယာ မည်သော ကြစုသီးကို,

၂။ ပေါက်သောအမာ, ထိခိုက်ရှုနှောင်းတို့၌ ရောဟိဏီ မည်သော ကြစုသီးကို,

၃။ လိမ်းကျံခြင်းတို့၌ ပူတနာ မည်သော ကြစုသီးကို,

၄။ ဝမ်းနုတ်ခြင်း၌ အမတာ မည်သော ကြစုသီးကို,

၅။ မျက်စိနာ၌ အဘယာ မည်သော ကြစုသီးကို,

၆။ ဆီနှင့် ချက်ခြင်း စသည်တို့ဖြင့် အလုံးစုံသော ရောဂါတို့ကို နိုင်စေရာ၌ ဇီဝန္တီ မည်သော ကြစုသီးကို,

၇။ အနံ့ကို ယူရာ၌ လည်းကောင်း, အမှုန့် ပြုရာ၌ လည်းကောင်း စေတကီ မည်သော ကြစုသီးကို ပေးသုံးအပ်ကုန်၏။

စေတကီကြစုသီး။ ။ စေတကီ မည်သော ကြစုသီးသည် အဖြူ, အနက်ဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် အသီး၊ အရည် လက်ခြောက်သစ် ရှိသော ကြစုသီးသည် အဖြူ, အရည် လက်တစ်သစ် ရှိသော ကြစုသီးသည် အနက် ဖြစ်၏၊ အချို့သော သတ္တဝါ၌ ရှုကြည့်ရုံမျှဖြင့် အချို့သော သတ္တဝါ၌ စားသဖြင့် အချို့သော သတ္တဝါ၌ အနံ့ကို နမ်းသဖြင့် အချို့သော သတ္တဝါ၌ ကိုင်သဖြင့် ကြစုသီးသည် ဝမ်းကို သက်စေတတ်၏။

စေတကီ မည်သော ကြစုပင်ရိပ် အကြင်သတ္တဝါသည် ခိုဝင်မိ၏၊ ထိုသတ္တဝါသည် ရတ်တရက် ဝမ်းသက်၏၊ အကြင်သတ္တဝါသည် စေတကီ မည်သော ကြစုသီးကို လက်၌ ကိုင်၏၊ ထိုသတ္တဝါသည်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပြင်းထန်စွာ ဝမ်းသက်၏၊ မင်း အစရှိသော ချမ်းသာသော သူတို့အား ၎င်းစေတကို မည်သော ကြစုသီးသည် ချမ်းသာစွာ ဝမ်းသက်စေတတ်၏၊ ထိုကြစုသီး ခုနစ်မျိုးတို့တွင် ဝိဇယာ မည်သော ကြစုသီးသည် ရလွယ်၏၊ ရောဂါ ခပ်သိမ်းနှင့် သင့်၏။

[ဝိဠမည်သော တောင်၌ ဝိဇယာ မည်သော ကြစုသီးသည် ဖြစ်၏၊ ဟိမဝန္တာတောင်၌ စေတကို မည်သော ကြစုသီးသည် ဖြစ်၏၊ သိန္ဓု မည်သော နိုင်ငံ၌ ပူတနာ မည်သော ကြစုသီးသည် ဖြစ်၏၊ ပတိဋ္ဌာနက မည်သော အရပ်၌ ရောဟိဏီ မည်သော ကြစုသီးနှင့် ဝိဇယာ မည်သော ကြစုသီးတို့သည် ဖြစ်ကုန်၏၊ စမ္ပာနဂိုရ်ပြည်၌ အမတာ မည်သော ကြစုသီး, အဘယာ မည်သော ကြစုသီးတို့သည် ဖြစ်ကုန်၏၊ ယခုအခါ စူရပ်ခေါ်သော သုရဋ္ဌနိုင်ငံ၌ ဇီဝန္တီ မည်သော ကြစုသီးသည် ဖြစ်၏။]

ကြစုသီး အရသာ ၅-ပါး။ ။ ကြစုသီးဟူသမျှသည် ချဉ်, ဖန်, ခါး, ဆိမ့်, စပ်သော အရသာဟူ၍ ငါးပါး ရှိကုန်၏၊ ထိုငါးပါးတို့တွင် အဖန်သည် အားကြီး၏၊ အဆိ မရှိ၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဉာဏ်ပညာကို ဖြစ်စေတတ်၏၊ ဝမ်းမီး ချက်ပြီးနောက်လည်း ချို၏၊ ရသာယန အသီးမျိုးဖြစ်၍ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ရှည်စေတတ်၏၊ ကြေလွယ်၏၊ မျက်စိနှင့် သင့်၏၊ အသက်နှင့် သင့်၏၊ ဝစေတတ်၏၊ ဆီး, ဝမ်း, လေတို့ကို သက်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာ, မေဟနာ, မြင်းသရိက်နာ, နူနာ, ကိုယ်ရောင်နာ, ဖျဉ်းနာ, ပိုးနာ, အသံပျက်နာ, ဝမ်းကိုက်နာ, ဆီး, ဝမ်းချုပ်သော အနာ, ချမ်းဖျား, တုန်ဖျား, ဝမ်းရောင်နာ, ပေါက်သောအမာ, ထိခိုက်ရှုနခြင်း, အော့အန်ခြင်း, မောဟိုက်ခြင်း, ယားနာ, နှလုံးနှင့် ဆိုင်သော အနာ, ဘေးထိုး ရင်ကျပ်နာ, ရင်ဘတ်နာ, သုက် ကုန်ခန်းသော အနာ, လေချုပ်သော အနာ, ဘေနာ, အသည်းကြီးသော အနာ, ဆီး၌ ကျောက်တည်သော အနာ, မုတ္တကျိတ်နာ, မုတ္တကတ်နာတို့ကို နိုင်၏။

ဆိမ့်, ခါး, ဖန် ရသရှိသောကြောင့် သလိပ်, သည်းခြေကို နိုင်၏။

စပ်, ခါး, ဖန်, ချဉ်ရသ ရှိသောကြောင့် လေကို နိုင်၏။

စပ်, ချဉ် ရသရှိသောကြောင့် သည်းခြေကို ပျက်စေတတ်၏၊ လေကို နိုင်၏၊ အစွမ်းသတ္တိအားဖြင့် ဒေါသ သုံးပါးကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကြစုသီး အဆံ၌ ဆိမ့်၏၊ အကြောဉ် ချဉ်၏၊ အညှာဉ် ခါး၏၊ အခွံ၌ စပ်၏၊ အစေ့၌ ဖန်၏၊ အသစ်ဖြစ်မူ အသီးမာ၏၊ လေး၏၊ အဆီ ရှိ၏၊ အသား သိပ်၏၊ ရေ၌ ချလျှင် နစ်၏။

ကြစုသီး အတိုင်းကို စားလျှင် ဝမ်းမီးကို တောက်စေတတ်၏၊ သွေး၍ သောက်လျှင် ဝမ်းသက်၏၊ ပြုတ်၍ စားလျှင် ဝမ်းချုပ်၏၊ လှော်၍ ကင်၍ စားလျှင် ဒေါသသုံးပါးကို နှိုင်၏၊ ကြစုသီးသည် ဉာဏ်ပညာ, အားခွန်, ကွန္ဒြေတို့ကို ပွင့်စေတတ်၏၊ သလိပ်, သည်းခြေ, လေ, ဒေါသ သုံးပါးတို့ကို ထုတ်ပေးတတ်၏၊ ကျင်ကြီး, ကျင်ငယ်, အညစ်အကြေးတို့ကို သက်စေတတ်၏။

ကြစုသီးနှင့်ဖက်စပ်ရန်။ ။ ထမင်းစားပြီးနောက် စားလျှင် အစားအသောက်တို့ကြောင့် ဖြစ်သော အပြစ်, လေ, သည်းခြေ, သလိပ် တို့ကြောင့် ဖြစ်သော အပြစ်တို့ကို နှိုင်၏၊ သိန္ဓောနှင့် စားလျှင် သလိပ်ကို နှိုင်၏၊ သကြားနှင့် စားလျှင် သည်းခြေကို နှိုင်၏၊ ထောပတ်နှင့် စားလျှင် လေကို နှိုင်၏၊ ကြဲသကာနှင့် စားလျှင် အနာအလုံးစုံကို နှိုင်၏၊ မောပန်းသောသူ, အားမရှိသောသူ, ပိန်သောသူ, သည်းခြေ အားကြီးသောသူ, ထမင်း မစားဘဲ နေရသောသူ, ကိုယ်ဝန်ရှိသော မိန်းမ, သွေးထုတ်သော သူတို့သည် ကြစုသီးကို မစားအပ်ကုန်၊ ဤကား ဘာဝပွကာသ ဆေးကျမ်းအလို။

ကြစုသီး၏ အခွံသည် စပ်၏၊ အသားသည် ချဉ်, ဖန် အရသာရှိ၏၊ အစေ့သည် ခါး၏၊ အဆံသည် ဆိမ့်၏၊ ကြစုသီးဆံသည် ဆိမ့်၏၊ ကြေခဲ၏၊ မျက်စိနှင့် သင့်၏၊ လေ, သည်းခြေကို နှိုင်၏– ဟု ရာဇဝေလ္လဘ ကျမ်း၌ ဆို၏။

ရာဇနိဃဏ္ဍု ကျမ်း၌ကား ရေငတ်ခြင်း၌ လည်းကောင်း, မေးခိုင်သော အနာ, ကုပ်ကြောတောင့်သော အနာ, သုက်ကုန်ခန်းသော အနာ, အားခွန်ကုန်ခန်းသောသူ, အဖျားသစ် ရှိသောသူ, ကိုယ်ဝန်ရှိသော မိန်းမတို့၌ ကြစုသီးကို မပေးကောင်းဟု ဆို၏။

ဒဗ္ဗဂုဏာပကာသ ကျမ်း၌ကား များသောအားဖြင့် ကြစုသီးသည် အမိကဲ့သို့ လူတို့၏ အစီးအပွားကို ပြုတတ်၏၊ အမိသော်မှလည်း သား

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

တို့ကို ရံခါ အမျက်ထွက်တတ်သေး၏၊ ဝမ်းသို့ ရောက်သော ကြစုသီးမူကား လူတို့၏ အပြစ်ကို တစ်ရံတစ်ဆစ်မျှ မပြုတတ်ဟု ဆို၏၊ ပရမိသွာ နတ်မင်း ဗိမာန်၌ ပေါက်ရောက်တတ်သောကြောင့် လည်းကောင်း, ကြစုသီးကို **ဟရီတကီ** ခေါ်သည်ဟု ရာဇဝလ္လဘ စသော ကျမ်းတို့၌ ဆို၏။

[မကွေးမြို့က ထွက်သော ဖန်ခါးသီးသည် ပူတနာ မည်သော ကြစုသီး ဖြစ်၏၊ တောဖန်ခါးသီးသည်လည်း ပူတနာ မည်သော ကြစုသီးမျိုးပင်တည်း၊ သိန္ဓော အစရှိသည်တို့နှင့် တွဲဖက်၍ ဥတု ခြောက်ပါး၌ ဥတုအားလျော်စွာ ကြစုသီး ပေးနည်းကို လည်းကောင်း, ဥတု ခြောက်ပါးတို့ကို လည်းကောင်း ဆိုင်ရာ၌ ဆိုခဲ့လေပြီ။]

ဆီးဖြူသီး။ ။ ဆီးဖြူသီးသည် ကြစုသီးနှင့် အကျိုးတူ၏၊ ရတ္တပိတ်နာ, မေဟနာကို နှိုင်၏၊ သုက်ကို လွန်စွာ ပွားစေတတ်၏၊ ရသာယနမျိုး ဖြစ်၏၊ ချဉ်သောကြောင့် လေကို နှိုင်၏၊ ချိုသော၊ အေးသောကြောင့် သည်းခြေကို နှိုင်၏၊ အဆိ မရှိ၊ ဖန်သောကြောင့် သလိပ်ကို နှိုင်၏၊ ထို့ကြောင့် ဆီးဖြူသီးသည် ဒေါသသုံးပါးကို နှိုင်၏၊ အသီးမျိုးတို့တွင် လူနှင့် အသင့်ဆုံး ဖြစ်၏၊ ထမင်းစားခြင်း၏ အစ, အလယ်, အဆုံး သုံးပါးတို့၌ စားသင့်၏၊ မပြတ်လည်း စားသင့်၏၊ (ဆီးဖြူသီး စေ့ဆံသည် သစ်ဆိမ့်ဆံနှင့် အကျိုးတူ၏။)

[များသောအားဖြင့် အကြင်ကြောင့် အသီး၏ အစွမ်းသတ္တိသည် အကြင်သို့ သဘော ရှိ၏၊ ထိုထို အသီးတို့၏ အစေ့ဆံသည်လည်း ထိုထို အသီးနှင့် သဘောတူသော အစွမ်းရှိ၏ဟု မှတ်အပ်၏။]

တြိဖလ။ ။ ဆိုခဲ့ပြီးသော ကြစု, သစ်ဆိမ့်, ဆီးဖြူ ဤ အသီးသုံးမျိုးတို့သည် တြိဖလ မည်၏၊ ထိုသုံးမျိုး စပ်အပ်သော တြိဖလသည် သလိပ်, သည်းခြေကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ မျက်စိနှင့် သင့်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ မေဟနာ, နှနာ, ချမ်းဖျား, တုန်ဖျားတို့ကို နှိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မာလကာသီး။ ။ မာလကာသီးမှည့်သည် ချို၏၊ စဉ်းငယ်ငန်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ **ဝိရူဿဒ္ဒါ**- မာလကာပင်ဟော။) ဗင်္ဂါလီတို့က **ပေရာလာ** ခေါ်သည်။

သစ်ကြားသီး။ ။ သစ်ကြားသီးသည် လည်းကောင်း၊ သစ်ကြားဆံသည် လည်းကောင်း၊ ဗာဒံသီး, ဗာဒံဆံနှင့် အကျိုး တူ၏၊ အထူးအားဖြင့် သလိပ်, သည်းခြေကို ပျက်စေတတ်၏၊ ကပ္ပရာလသဒ္ဒါ၊ **ကန္ဒရာလ**သဒ္ဒါ၊ အက္ကောဋ္ဌသဒ္ဒါ အစရှိသည်တို့ကား သစ်ကြားပင်ဟော၊ မြန်မာနိုင်ငံမှာ သစ်ကြားသီး, ဗာဒံသီးတို့သည် မရှောက်ဘူးသေး၊ အဆံကို စားရအောင် အစေ့သာ လာရောက်လေသည်။

သစ်ဆိမ့်သီး။ ။ သစ်ဆိမ့်သီးမှည့်သည် ဖန်၏၊ ဝမ်းမီးချက်ပြီးနောက် ချို၏၊ ပူ၏၊ လိမ်းကျံလျှင် အေး၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ဝမ်းကို ရွှင်စေတတ်၏၊ ချောင်းဆိုးနာ, ပိုးနာ, အသံပျက်နာကို နိုင်၏၊ အဆီ မရှိ၊ မျက်စိနှင့် သင့်၏၊ ဆံပင်ကို ကောင်းစေတတ်၏၊ သစ်ဆိမ့်ဆံသည် ရေငတ်ခြင်း, အော့အန်ခြင်းကို နိုင်၏၊ ကြေလွယ်၏၊ ဖန်၏၊ မူးယစ်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏။

ကနရိသီး။ ။ ကနရိသီးသည် ချို၏၊ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏၊ အေး၏။ ဆီး, ဝမ်းတို့ကို နိုင်စေတတ်၏၊ အဆိပ်ကို နိုင်၏၊ ကိုယ်ရောင်နာ, သလိပ်နာကို နိုင်၏၊ ကနရိဆံသည် ကြေခဲ၏၊ အဆီ ရှိ၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ဝမ်းကို သက်စေတတ်၏။

နှပ်ချို။ ။ နှပ်ချိုကြီးကို နှပ်ချို, နှပ်ချို့ငယ်ကို ကနရိဟု မြန်မာတို့က ခေါ်ကြ၏၊ ကနရိဆံကို **ဇရပါလ** ဟူ၍လည်းကောင်း, **ကာနက** ဟူ၍လည်းကောင်း ပါဠိဘာသာ ရှိသည်တွင် ကာနက-သဒ္ဒါသို့ လိုက်၍ ကနရိ ခေါ်သည်။

အင်္ကော်လသီး။ ။ အင်္ကော်လသီးမှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ အား, အသား, သလိပ်တို့ကို ပွားစေတတ်၏၊ ဝမ်းကျဲစေတတ်၏။ လေနာ, သည်းခြေနာ, ကိုယ်ပူနာ, ဓာတ်ကုန်ခန်းသောအနာ, သွေးနာတို့ကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[ဤအကောလိပင်ကား ရှေးအခါ မြန်မာနိုင်ငံတွင် မရှိ၊ အမရပူရ မြို့တည် မင်းတရားကြီး လက်ထက် အနောက်တိုင်း ပြည်က မျိုးစေ့ယူ၍ အမရပူရ နန်းမြို့ အတွင်း ဆင်မင်းနန်း အနီးတွင် စိုက်ထားသည်၊ အင်းဝမြို့ နန်းမြို့ အတွင်း ပန်းခုံတွင် စိုက်ထားသည်၊ ယခုအခါ အမရပူရ နန်းမြို့တွင်းမှာ ၎င်းအပင် ပွားများလျက် ရှိသည်၊ အပွင့် ဖြူသည်၊ အချို့သင်းနံ့ မွှေးသည်၊ ပျားပိတုန်းတို့ အလွန် ကြိုက်သည်၊ ကနခိုသီးနှင့် တူသော အသီး ရှိသည်၊ ဝေဿန္တရာ မင်းကြီး နေသည့် ဝင်္ကပါတောအနီး မုစလိန္ဒာအိုင်နားတွင် အကော်လိပင် အများရှိကြောင်းနှင့် ဝေဿန္တရာဇာတ်တွင် ပါသည်။]

ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနေသင်္ဃာကျမ်း၌ စားကောင်းသော အသီးမျိုးတို့၏ ဂုဏ်ကိုဆိုရာ ဇကူနဝိသတိမဝိုင်း ပြီး၏။

ဇကူနဝိသတိမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၂၀– ဝိသတိမကဏ္ဍ

သာကမျိုးတို့၏ ဂုဏ်ကိုပြခြင်း

၈၁။ ချက်၍ စားကောင်းသော အသီးစသည်တို့၏ အကျိုးဂုဏ်

ချက်၍ စားသောက်ကောင်းသော အသီး, အရွက် အစရှိသော သာကမျိုးတို့ကို ဆိုပေအံ့– သာကမျိုးသည် အရွက်, အပွင့်, အသီး, အရိုး, အညှောင့်, ဥ, မြိ ဟူ၍ ခုနစ်မျိုး ရှိကုန်၏၊ ထိုခုနစ်မျိုးတို့သည် အစဉ်အတိုင်း တစ်ခုထက် တစ်ခုကြေခဲကုန်၏၊ သာကမျိုးဟူသမျှသည် များသောအားဖြင့် ဆီးချုပ်ကုန်၏၊ ကြေခဲကုန်၏၊ အဆီ မရှိကုန်၊ လေ, ကျင်ကြီးတို့ကို ရွှင်စေတတ်ကုန်၏၊ သွေး, သုက်, အရုပ်အဆင်း, မျက်စိတို့ကို ဖျက်ဆီးတတ်ကုန်၏၊ ဉာဏ်ပညာကို ဖျက်ဆီးတတ်ကုန်၏၊ ဆံဖြူစေတတ်, သွားကျိုးစေတတ်ကုန်၏၊ သတိ, ဂတိတို့ကို ဖျက်ဆီးတတ်ကုန်၏၊ ခပ်သိမ်းသော ရောဂါတို့၏ ဖြစ်ကြောင်းဖြစ်၍ ကိုယ်ကို ဖျက်ဆီးတတ်ကုန်၏၊ အချဉ်မျိုးတို့သည်လည်း များသောအားဖြင့် သာကမျိုးကဲ့သို့ အပြစ်ရှိကုန်၏၊ ထို့ကြောင့် ပညာရှိသော သူသည် သာကမျိုး, အချဉ်မျိုးတို့ကို ရှောင်နိုင်သမျှ ရှောင်အပ်ကုန်၏။

မြူရွက်။ ။ အရွက်မျိုးတို့တွင် အနီ, အဖြူ ဖြစ်သော မြူရွက်နှစ်မျိုးသည် များသောအားဖြင့် အိန္ဒိယနိုင်ငံ မုယောခင်းဦး ပေါက်တတ်၏၊ ထို့ကြောင့် ထိုအရွက်နှစ်မျိုးကို **ယဝသာက** ခေါ်၏၊ ကိုင်း, ကျွန်းဦး ပေါက်တတ်သောကြောင့်လည်း ဝတ္ထုက ခေါ်၏။ ဟင်းရွက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျိုးတို့တွင် အမြတ်ဆုံးဖြစ်၍ **သာကရာဇာလည်း** ခေါ်၏၊ ထိုမြူရွက်နှစ်မျိုးသည် ချို၏၊ ငန်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ ကြေလွယ်၏။ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ **အား**, သုက်တို့ကို ပွားများစေတတ်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ဗေနာ, ရတ္တာပိတ်နာ, မြင်းသရိုက်နာ, ပိုးနာတို့ကို နိုင်၏။

ကင်ပိမ့်ကြီးရွက်။ ။ ကင်ပိမ့်ကြီးရွက်သည် အေးဓာ၊ အဆီရှိ၏၊ ကျိချွဲ၏၊ သလိပ်ကို ပျက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ **အား**, သုက်တို့ကို ပွားစေတတ်၏၊ နွှတ်ကို မြိန်စေတတ်၏၊ **အားရှန်**သက်ခြင်းကို ပြုတတ်၏၊ ဝစေတတ်၏၊ လည်ချောင်းနာနှင့် မသင့်၊ အိပ်စေတတ်၏၊ ရတ္တာပိတ်နာကို နိုင်၏။

[ဂေါတမီသဒ္ဒါ, ဥပေါဒိကာသဒ္ဒါ, ကင်ပိမ့်ကြီးပင်ဟော၊ ဗင်္ဂါလီတို့က ပုံအီ ခေါ်သည်၊ မာဂဓ အဘိဓာန် ဋီကာတွင် ဥရှိသော ကန်စွန်းပင်ဟု ဆိုသော စကားသည် ဆေးကျမ်းတို့နှင့် မညီ။]

ဟင်းဂလုံးရွက်။ ။ ဟင်းဂလုံး အဖြူရွက်သည် ချို၏၊ အေးဓာ၏၊ ကြေခဲ၏၊ ချုပ်၏၊ သည်းခြေတို့ကို နိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ရတ္တာပိတ်နာကို နိုင်၏၊ မညီညွတ်သော ဝမ်းမီးကို ညီညွတ်စေတတ်၏၊ ဟင်းဂလုံး အနီရွက်သည် ကြေခဲ၏၊ ချို၏၊ စဉ်းငယ် ဖန်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ အပြစ်ဒေါသများစွာ မရှိဟု ဆို၏။

[ဆူး မရှိသော ဟင်းနုနယ်ကို ဟင်းဂလုံး ခေါ်သည်၊ ရှေးက ဟင်းပြုံး ခေါ်သည်၊ မာရိသသဒ္ဒါ, ဝပွက အစရှိသော သဒ္ဒါတို့၌ကား ဟင်းဂလုံးဟော။]

ဟင်းနုနယ်ရွက်။ ။ ဆူးရှိသော ဟင်းနုနယ်သည် ကြေလွယ်၏၊ အေးဓာ၏၊ အဆီ မရှိ၊ ငန်, ချို ရသရှိ၏၊ သလိပ်, သည်းခြေ, သွေးတို့ကို နိုင်၏၊ ကျင်ကြီး, ကျင်ငယ်တို့ကို ရှင်းစေတတ်၏၊ နွှတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အဆိပ်ကို နိုင်၏၊ (တဏ္ဍုလီယ, တဏ္ဍုလေယျက, ကဏ္ဍေရ အစရှိသော သဒ္ဒါတို့သည် ဟင်းနု

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နယ် ဆူးပေါက်ဟော၊ ဟင်းဂလုံးအငယ် ဖြစ်၍ အပွမာရိသလည်း ခေါ်သည်။)

ဒေါက်ခွရွက်။ ။ ဒေါက်ခွရွက်သည် အေး၏၊ ကြေခဲ၏၊ လေ, သလိပ်တို့ကို ပျက်စေတတ်၏၊ ဝမ်းကို ရွှင်စေတတ်၏၊ ဆီး, လေတို့ကို ချုပ်စေတတ်၏၊ သေအရက်ယစ်မူးခြင်း, ပန်းနာ, ရတ္တပိတ်နာတို့ကို နိုင်၏၊ မြူရွက်နှင့် ပုံသဏ္ဌာန်တူသော အရွက်သည် **ပလက္ကာ** မည်၏၊ **ဆူရိကာ**လည်း မည်၏၊ (ဒေါက်ခွရွက်ဟူလို။)

ကန်စွန်းရွက်။ ။ ကန်စွန်းရွက်သည် ချိုး၏၊ နို့ရည်, သုက်တို့ကို ပွားများစေတတ်၏၊ (ကလမ်္ဘီ–သဒ္ဒါ, သတပတ္တီ– သဒ္ဒါတို့ကား ကန်စွန်းဟော။)

မြိန်နားတိုရွက်။ ။ မြိန်နားတိုချဉ်သည် ချဉ်၏၊ ပူ၏၊ **အဆီ** မရှိ၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းသွန်, ဝမ်းပျက်နာ, ဝမ်းကိုက်နာ, မြင်းသရိက်နာ, နူနာတို့ကို နိုင်၏၊ (စင်္ကေရိ– အစရှိသော သဒ္ဒါတို့ကား မြိန်နားတိုချဉ်ဟော။)

မြိန်နားတိုချိုသည် အေး၏၊ ချိုး၏၊ ကြေလွယ်၏၊ ဖန်၏၊ အဆီ မရှိ၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ ဒေါသသုံးပါးကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ မူးဝေခြင်း, စိတ်ပျံ့လွင့်ခြင်းတို့ကို နိုင်၏၊ ပန်းနာ, အဖျားနာ, မေဟနာ, နူနာတို့ကို နိုင်၏၊ (သွတ္ထိကသဒ္ဒါ, ဘုနိသဏ္ဌာက အစရှိသော သဒ္ဒါတို့ကား မြိန်နားတိုချို ဟော။) များသောအားဖြင့် မြိန်နားတိုချိုကား ရေနားဥ္စ ပေါက်သည်။ မြိန်နားတိုချဉ်ကား ရေနားဥ္စ လည်းကောင်း, ကုန်းဥ္စ လည်းကောင်း ပေါက်တတ်သည်။

ချဉ်ပေါင်ရွက်။ ။ ကုလားချဉ်ပေါင်ငယ်သည် ချဉ်, ငန်ရသ ရှိ၏၊ ကြေခဲ၏၊ အဆီ မရှိ၊ လေ, သလိပ်ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နံ့သော ဝမ်းမီးကို ထက်စေတတ်၏၊ အဆိပ်ကို နိုင်၏၊ မြင်းသရိက်နာကို နိုင်၏၊ (လောဏာသဒ္ဒါ, လောဏီသဒ္ဒါ, လောဏိကာ–သဒ္ဒါတို့ကား ကုလားချဉ်ပေါင်ငယ်ဟော။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကုလားချဉ်ပေါင် အကြီးသည် ချဉ်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ ပူ၏၊ သလိပ်, သည်းခြေကို နိုင်၏၊ လေကို ပျက်စေတတ်၏၊ ခံတွင်းနာ, ပေါက်သော အမာ, ဂူနာ, ချောင်းဆိုးနာ, ပန်းနာ, မေဟနာတို့ကို နိုင်၏၊ ကိုယ်ရောင်နာ, မျက်စိနာနှင့်လည်း သင့်၏၊ (ဃောဋ္ဌကာသဒ္ဒါ, မဟာလောဏီသဒ္ဒါတို့ကား ကုလား ချဉ်ပေါင်ကြီးဟော။)

မုန်လာရွက်။ ။ မုန်လာရွက်သည် ပူ၏၊ ကြေလွယ်၏၊ အဆီမရှိ၊ အစာကို ကြေစေတတ်၏၊ ဆီဖြင့်ချက်မူ ဒေါသသုံးပါးကို နိုင်၏၊ အစိမ်းဖြစ်မူ သလိပ်, သည်းခြေကို ပျက်စေတတ်၏။

ပင့်ကူထိပ်ပိတ်ရွက်။ ။ ပင့်ကူထိပ်ပိတ်ရွက်သည် ချို၏၊ ကြေခဲ၏၊ အဆီ မရှိ၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းကို ရွှင်စေတတ်၏၊ စပ်၏၊ သုက်ကုန်ခန်းသော အနာ, ကိုယ်ရောင်နာ, မေဟနာ, အဖျားနာတို့ကို နိုင်၏၊ (ဒေါဏပုပ္ပိသဒ္ဒါ– ပင့်ကူထိပ်ပိတ်ပင်ဟော။) ဖြူသော အပွင့်ရှိသော ဟင်းနုနယ်, ချဉ်ပေါင်တို့ကဲ့သို့သော အပင်မျိုးတည်း၊ ၎င်းအပွင့်, အရွက်တို့ဖြင့် အသားဝါ၍ ပိန်ခြောက်သော ပဏ္ဏာနာ, သုက်ကုန်ခန်းသော အနာတို့၌ မျက်စဉ်းခတ်ရမည်ဟု ဆေးကျမ်းတို့တွင် ဆို၏။

[ဒေါဏပုပ္ပိကို ဒေါနပန်းဟု အနက် ပြန်သည်ကား– အရွက်၏ အရသာနှင့် မညီ၊ ဒေါနကား ခါးသည်၊ ဒမနသဒ္ဒါသာ ဒေါနဟော ဖြစ်သည်၊ အရာအားဖြင့်လည်း ဒေါနကို ဟင်းချက်၍ စားရသော အရွက်မျိုး မဟုတ်၊ ဒေါဏပုပ္ပိသဒ္ဒါ– ဟောအပ်သော အရွက်ကား ဟင်းချက်၍ စားကောင်းသော အရွက်မျိုးတည်း။]

စမုန်ဖွဲရွက်။ ။ စမုန်ဖွဲသည် ဝမ်းမီးကို တောက်စေ တတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ပူ၏၊ စပ်၏၊ ခါး၏၊ ကြေလွယ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ဘေးထိုး ရင်ကျပ်နာ, ရင်ဘတ်နာကို နိုင်၏။

စမြိတ်ရွက်။ ။ စမြိတ်ရွက်သည် ချို၏၊ ကြေခဲ၏၊ လေ, သည်းခြေကို နိုင်၏၊ မူးယစ်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဒန့်ကျွဲရွက်။ ။ ဒန့်ကျွဲရွက်သည် ချဉ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ယားနာ, ပိုးနာ, ပွေးနာ, ချောင်းဆိုးနာ, ပန်းနာ, နှူနာတို့ကို နှိုင်၏၊ ကြေလွယ်၏၊ (စက္ကမဒ္ဒသဒ္ဒါ, ဇဋ္ဌဂဇ အစရှိသော သဒ္ဒါတို့အား ဒန့်ကျွဲဟော။)

ကစော့ရွက်။ ။ ကစော့ရွက်သည် ချိုး၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ချုပ်၏၊ သုက်ကို ပွားစေတတ်၏၊ အဆိပ်ကို နှိုင်၏၊ ဒေါသ သုံးပါးကို နှိုင်၏၊ အစာကို ကြေစေတတ်၏၊ သွေးကို နှိုင်၏၊ လည်ချောင်းကို ရှင်းလင်းစေတတ်၏၊ ချောင်းဆိုးနာကို အထူးသဖြင့် နှိုင်၏၊ (ကာသမဒ္ဒသဒ္ဒါ– ကစော့ဟော။)

စူလာနဖာရွက်။ ။ စူလာနဖာရွက်သည် ခါး၏၊ ကြေလွယ်၏၊ အေး၏၊ ဝမ်းချုပ်၏၊ ကိုယ်ပူနာ, သည်းခြေဖျားနာ, ရေတက်ခြင်းတို့ကို နှိုင်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ စိတ်ပျံ့လွင့်ခြင်းကို နှိုင်၏၊ (ပပ္ပဋ္ဌသဒ္ဒါ– စူလာနဖာဟော။)

နွားလျှာကြီးရွက်။ ။ နွားလျှာကြီးရွက်သည် ကြေလွယ်၏၊ သွေးကို နှိုင်၏၊ နှူနာ, မေဟနာ, မုတ္တကိတ်နာ, အဖျားနာတို့ကို နှိုင်၏။

သဘော်ပုံလုံရွက်။ ။ သဘော်ပုံလုံရွက်သည် ခါး၏၊ ပူ၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ အဆီ ရှိ၏၊ သုက်ကို ပွားစေတတ်၏၊ သည်းခြေကို နှိုင်၏၊ အဖျား, ချောင်းဆိုး, ပိုးတို့ကို နှိုင်၏၊ (ပဠောလသဒ္ဒါ– သဘော်ပုံလုံဟော။)

ဆင်သမန္နယ်ရွက်။ ။ ဆင်သမန္နယ်ရွက်သည် ခါး၏၊ စပ်၏၊ ဖန်၏၊ ပူ၏၊ ဝမ်းချုပ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အဖျားမျိုး အလုံးစုံကို နှိုင်၏၊ ဝမ်းမီးချက်ပြီးနောက် ချို၏၊ အားကို ဖြစ်စေတတ်၏၊ ဒေါသ သုံးပါးလုံးကို နှိုင်၏၊ ရေတက်ခြင်း, ကိုယ်ပူခြင်းတို့ကို နှိုင်၏၊ မေဟနာ, ဝါတရက်နာ, သုက်ကုန်ခန်းသော အနာ, ပဏ္ဍုနာ, နှူနာတို့ကို နှိုင်၏၊ အဖျားမျိုး ရှိသမျှကို နှိုင်၏၊ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ကို ရှည်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ကုလားပဲရွက်။ ။ ကုလားပဲရွက်သည် ချဉ်၏၊ ကြေခဲ၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ဝမ်းချုပ်၏၊ သည်းခြေကို နှိုင်၏။ သွားဖုံးရောင်သည်ကို နှိုင်၏။

မုန်ညင်းရွက်။ ။ မုန်ညင်းရွက်သည် စပ်၏၊ ကြေခဲ၏၊ အဆီမရှိ၊ ကျင်ကြီး, ကျင်ငယ်တို့ကို ပွားစေတတ်၏၊ ချိုး၏၊ စဉ်းငယ် ငန်၏၊ ထက်၏၊ ဟင်းရွက်မျိုးတို့တွင် ကဲ့ရဲ့အပ်၏။

အောင်မဲရွက်။ ။ အောင်မဲရွက်သည် အဆိပ်ကို နှိုင်၏၊ ချိုး၏၊ (အပရာဇိတသဒ္ဒါ– အောင်မဲဟော) ထိုအောင်မဲကား အဖြူ, အညို နှစ်မျိုး ရှိ၏၊ အဖြူသည် အဆိပ်ကို သာ၍ နှိုင်၏။

ကန့်ကလာရွက်။ ။ ကန့်ကလာရွက်သည် ခါး၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဒေါသ သုံးပါးကို ငြိမ်ဝပ်စေတတ်၏၊ လေနာနှင့် သင့်၏၊ (ဂိမှသုန္ဒရသဒ္ဒါ– ကန့်ကလာဟော။)

ရှမ်းဆေးခါးရွက်။ ။ ရှမ်းဆေးခါးရွက်သည် ခါး၏၊ အဆီမရှိ၊ လေကို ပျက်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ အဖျားကို နှိုင်၏၊ (ဘူနိမ္ဓ, ကိရာဋ္ဌ, တိတ္ထ– အစရှိသော သဒ္ဒါတို့သည် ရှမ်းဆေးခါးဟော။)

ကျီးအာရွက်။ ။ ကျီးအာရွက်သည် သလိပ်, သည်းခြေကို နှိုင်၏၊ နှလုံးပျို့ခြင်း, အော့အန်ခြင်းတို့ကို နှိုင်၏၊ ပေါက်သောအမာ, ဒုနာတို့ကို နှိုင်၏။

ကရဝေးရွက်။ ။ ကရဝေးရွက်သည် လေ, သလိပ်ကို နှိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ မြင်းသရိုက်နာ, ရင်ပြည့်ခြင်း, ပျို့အန်ခြင်းတို့ကို နှိုင်၏။

ပင်စိမ်းရွက်။ ။ ပင်စိမ်းရွက်သည် သည်းခြေကို ပျက်စေတတ်၏၊ လေနာ, ပိုးနာကို နှိုင်၏၊ ကိုယ်၏ အနံ့မကောင်းခြင်းကို ပျက်စေတတ်၏၊ (တုလသီသဒ္ဒါ– ပင်စိမ်းပင်ဟော။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မြင်းခွာရွက်။ ။ မြင်းခွာရွက်အယဉ်သည် အေး၏၊ ချို၏၊ ကြေလွယ်၏၊ (မြင်းခွာအရိုင်းကား အရွက်မှာ အမွေး ရှိ၏၊ အယဉ်မှာ အမွေး မရှိ။)

ကြောင်ပန်းရွက်။ ။ ကြောင်ပန်းရွက်သည် အဆိပ်ကို နိုင်၏၊ ပေါက်သော အမာ, နူနာ, အားခွန်ကုန်ခန်းသော အနာတို့ကို နိုင်၏၊ ကြေလွယ်၏၊ ပိုးနာ, လေ, သလိပ်နာတို့ကို နိုင်၏။

ပရန္ဒဝါရွက်။ ။ ပရန္ဒဝါရွက်သည် ပူ၏၊ ဝမ်းကို ရှင်စေတတ်၏၊ သလိပ်နာ, လေနာ, အစာမကြေသော အနာ, မြင်းသရိုက်နာ, ကိုယ်ရောင်နာ, ဖျဉ်းနာ, ပေါက်သော အမာတို့ကို နိုင်၏၊ အိုခြင်း, နာခြင်းကို ဖျောက်၍ အသက်ကို ရှည်စေတတ်၏၊ (ထိုပရန္ဒဝါသည် လည်း အဖြူ, အနီ နှစ်မျိုး ရှိ၏။)

ဗြုံးမွေးရွက်။ ။ ဗြုံးမွေးရွက်သည် ဝမ်းကို ရှင်စေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ ဉာဏ်ပညာကို ဖြစ်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏။

ကြိတ်မှန်ရွက်။ ။ ကြိတ်မှန်ရွက်သည် ပူ၏၊ ပဏ္ဏုနာ, သလိပ်နာကို နိုင်၏၊ ဆဲပင်ကို ကောင်းစေတတ်၏၊ မျက်စိနှင့် သင့်၏၊ (ထိုကြိတ်မှန်ရွက်သည်လည်း အပွင့်ဖြူ, အပွင့်ဝါ နှစ်မျိုး ရှိ၏။)

ပဲနံ့သာရွက်။ ။ ပဲနံ့သာရွက်သည် ချို၏၊ နှုတ်ကို မြိန်စေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ (မေထိသဒ္ဒါ– ပဲနံ့သာအဟော။)

ပီလောရွက်။ ။ ပီလောခါးရွက်သည် ရေကြောင့် ဖြစ်သော အပြစ်ကို ပျောက်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ အဖျားကို နိုင်၏၊ ခါး၏၊ (သုက္ခပတ္တသဒ္ဒါ– ပီလောခါးဟော။) ဤကား ဒဗ္ဗဂုဏ ဒပ္ပနကျမ်း အလို။ ရာဇဝလ္လဘကျမ်း၌ကား ပီလောသည် အချို, အခါး နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပီလောအခါးရွက်သည် ရတ္တပိတ်နာကို နိုင်၏၊ ပိုးနာ, နူနာတို့ကို နိုင်၏၊ ပီလော အချိုရွက်သည် ကျိုချွဲ၏၊ အေး၏၊ ဝမ်းချုပ်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ (နာရီစ–သဒ္ဒါ ပီလောအချို, အခါး နှစ်မျိုးကို ဟောသည်။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရေကနဖော့ရွက်။ ။ ရေကနဖော့ရွက်သည် ခါး၏၊ ခံတွင်း၌ ပျဉ်နှံ့လွယ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ နူနာကို နိုင်၏၊ (ဟိလမော စီသဒ္ဒါ– ရေကနဖော့ဟော။) ဤကား ဒဗ္ဗဂုဏဒပွနကျမ်း အလို။ ဘာဝပွကာသ ကျမ်း၌ကား ရေကနဖော့သည် သလိပ်, သည်းခြေကို နိုင်၏၊ ကိုယ်ရောင်နာ, နူနာကို နိုင်၏ဟု ဆို၏။

ဟင်းဂလာရွက်။ ။ ဟင်းဂလာရွက်သည် ဆီး, ဝမ်း, ချုပ်သည်ကို နိုင်၏၊ လေ, သလိပ်ကို နိုင်၏၊ (သူရိယာဝတ္တ သဒ္ဒါ– ဟင်းဂလာဟော။)

ဆူးလေရွက်။ ။ ဆူးလေရွက်သည် ခါး၏၊ သုက်ကို ပွားစေဟတ်၏၊ သွေး, လေ, အရသာတို့၏ သွားလမ်းကို သုတ်သင် ရှင်းလင်းတတ်၏။

ရေကညို့ရွက်။ ။ ရေကညို့ရွက်သည် အေး၏၊ ကြေလွယ်၏၊ ဝမ်းချုပ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ သွေး, သည်းခြေကို နိုင်၏၊ (ကဉ္စုသဒ္ဒါ– ရေကညို့ဟော။)

ရေသကျည်းရွက်။ ။ ရေသကျည်းရွက်သည် အေး၏၊ မျက်စိနှင့် သင့်၏၊ အဆိပ်ကို နိုင်၏၊ ကိုယ်ရောင်နာကို နိုင်၏။

တမာရွက်။ ။ တမာရွက်သည် ခါး၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ မျက်စိနှင့် သင့်၏၊ ပိုးကို နိုင်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ လေကို ပျက်စေတတ်၏၊ နူနာကို နိုင်၏။

ဆူးပန်းရွက်။ ။ ဆူးပန်းရွက်သည် ချိုး၏၊ ပူ၏၊ အဆိ မရှိ၊ ကြေလွယ်၏၊ သလိပ်ကို နိုင်၏။

သရက်ရွက်။ ။ သရက်ရွက်သည် နှုတ်ကို မြိန်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏။

ပဲလွမ်းရွက်။ ။ ပဲလွမ်းရွက်သည် မုတ္တကိတ်နာကို နိုင်၏၊ ဝမ်းချုပ်၏၊ သလိပ်, အဆိခဲတို့ကို နိုင်၏။

မန်ကျည်းရွက်။ ။ မန်ကျည်းရွက်သည် နှုတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်, ပိုး, အဆိပ်တို့ကို နိုင်၏၊ ယားနာကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဘူးရွက်။ ။ ဘူးရွက်သည် လေ, သလိပ်ကို နိုင်၏၊ ဝမ်းချုပ်၏၊ ပိုးနာ, အဆိပ်တို့ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏။

ကျည်းရွက်။ ။ ကျည်းရွက်သည် နှုတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ပိုး, သည်းခြေ, သလိပ်ကို နိုင်၏။

သဖန်း, ပိတ်တကျည်ရွက်။ ။ သနပ်ရွက်, သဖန်းရွက်, ပိတ်တကျည်ရွက်တို့သည် ဖန်ကုန်၏၊ ကြေခဲကုန်၏၊ ချုပ်ကုန်၏၊ လေကို ပျက်စေတတ်ကုန်၏၊ သုက်ကို ခန်းခြောက်စေတတ်ကုန်၏။

သနပ်ရွက်။ ။ သနပ်ရွက်သည် ရတ္တပိတ်နာကို နိုင်၏၊ ဝမ်းချုပ်၏၊ ဝမ်းဠ် သန်ကောင်ကို ပွားများစေတတ်၏။

ကြက်ဟင်းခါးရွက်။ ။ ကြက်ဟင်းခါးရွက်သည် အော့အန်ခြင်း, ချောင်းဆိုးခြင်း, လေ, သလိပ်, အဆိပ်တို့ကို နိုင်၏။

ပဒုမာရွက်။ ။ ပဒုမာကြာရွက်နုသည် ဖန်၏၊ အေးဓာတ်၏၊ ကိုယ်ပူနာ, ရေငတ်ခြင်းကို နိုင်၏၊ မုတ္တကိတ်နာ, မြင်းသရိက်နာ, ရတ္တပိတ်နာတို့ကို နိုင်၏။

ကြက်ဆူရွက်။ ။ ကြက်ဆူရွက်သည် လေ, သလိပ်, ပိုးနာတို့ကို နိုင်၏၊ မုတ္တကိတ်နာကို နိုင်၏၊ သွေး, သည်းခြေကို ပျက်စေတတ်၏၊ ဂူနာ, ဆီးအိမ်ဠ် ထိုးကျင့် ကိုက်ခဲသော အနာတို့ကို လွန်စွာ နိုင်၏၊ ဒုဒ္ဒကြီးသော အနာကို နိုင်၏။

ဝါရွက်။ ။ ဝါရွက်သည် လေကို နိုင်၏၊ သွေးကို ပျက်စေတတ်၏၊ ဆီးကို ပွားစေတတ်၏။

ဤတွင် ရွှေကား ဟင်းရွက်တို့၏ အကျိုးကို ဆိုသော ပတ္တဝဂ်ပြီး၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၈၂။ အပွင့်အဖူး အမျိုးမျိုးတို့၏ အကျိုးဂုဏ်

ပေါက်ပန်းပွင့်။ ။ ပေါက်ပန်းပွင့်သည် အေး၏၊ ဝမ်းမီး ချက်ပြီးနောက် စပ်၏၊ ကြက်မျက်သင့်သော အနာ, နာစေးနာတို့ကို နိုင်၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ (အဃတ္တိသဒ္ဒါ– ပေါက်ပန်း ဟော။)

ငှက်ပျောဖူး။ ။ ငှက်ပျောဖူးသည် ချို၏၊ ဖန်၏၊ ကြေခဲ၏၊ အဆီ မရှိ၊ အေး၏၊ လေ, သည်းခြေကို နိုင်၏၊ ရတ္တပိတ်နာ, အားခွန် ကုန်ခန်းသော အနာတို့ကို နိုင်၏။

ဒန့်သလွန်ပွင့်။ ။ ဒန့်သလွန် အဖြူပွင့်သည် စပ်၏၊ ပူ၏၊ ထက်၏၊ အကြောကို ရောင်ရမ်းစေတတ်၏၊ ပိုးနာ, ပေါက်သော အမာ, ဘေနာ, ဂူနာတို့ကို နိုင်၏၊ လေ, သလိပ်ကို နိုင်၏၊ ဒန့်သလွန် အနီပွင့် သည် မျက်စိနှင့် သင့်၏၊ သွေး, သည်းခြေကို ကြည်လင်စေတတ်၏၊ (အပွင့်နီသော ဒန့်သလွန်မျိုးကား မြန်မာနိုင်ငံတွင် မရှိသေး၊ သေဘဉ္ဇန သဒ္ဒါ, သိဂ္ဂါ သဒ္ဒါ– ဒန့်သလွန် အဖြူဟော၊ မဓုသိဂ္ဂါ သဒ္ဒါ– ဒန့်သလွန် အနီဟော။)

လက်ပံပွင့်။ ။ လက်ပံပွင့်သည် ချို၏၊ ဖန်၏၊ အေး၏၊ ကြေခဲ၏၊ သွေး, သည်းခြေ, သလိပ်တို့ကို နိုင်၏၊ လေကို ပျက်စေတတ် ၏၊ မိန်းမတို့၏ အင်္ဂါတာမှာ ဆန်ဆေးရည်၊ ကစော်ရည်ကဲ့သို့ များစွာ သွားသော အလွန်ကုနိုင်ခက်သော ပဒြမည်သော အနာကို ထောပတ်, သိန္နောတို့ဖြင့် ချက်အပ်သော လက်ပံပွင့်သည် စေကန်နိုင်၏။

သရက်ပွင့်။ ။ သရက်ပွင့်သည် နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏။

သခွတ်ပွင့်။ ။ သခွတ်သည် အပွင့်ဖြူ, အပွင့်နီ နှစ်မျိုး ရှိ၏၊ ထိုအပွင့် နှစ်မျိုးလုံးပင် ချို, ဖန်, ခါး ရသရှိ၏၊ အေး၏၊ အစာကို ပွစေတတ်၏၊ သွေး, သလိပ်ကို နိုင်၏။

ကင်ပွန်းပွင့်။ ။ ကင်ပွန်းပွင့်သည် ချို၏၊ အေး၏၊ ကြေလွယ် ၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ ဝသန္တဥတု၌ ပွင့်တတ်သောကြောင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မာဓဝိ ဟူ၍လည်းကောင်း၊ **ဝဿန္တိ** ဟူ၍လည်းကောင်း ခေါ်၏။ (မဓုသဒ္ဒါ- ဝဿန္တဉတုဟော။)

မန်ကျည်းပွင့်။ ။ မန်ကျည်းပွင့်သည် သလိပ်ကို နှိုင်၏၊ လေကို ပျက်စေတတ်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏။

ဝိန္ဒုပွင့်။ ။ ဝိန္ဒုပွင့်သည် ဝမ်းချုပ်၏၊ သလိပ်, သည်းခြေ, အဆိပ်တို့ကို နှိုင်၏။

ပေါက်ပွင့်။ ။ ပေါက်ပွင့်သည် ချိုး၏၊ ဝမ်းမီးချက်ပြုံးနောက် စပ်, ခါး, ဖန် ရသရှိ၏၊ လေကို ပျက်စေတတ်၏၊ အေး၏၊ ချုပ်၏၊ သလိပ်, သည်းခြေ, သွေးတို့ကို နှိုင်၏၊ ဆီးချုပ်နာကို နှိုင်၏၊ ရေငတ်ခြင်း, ကိုယ်ပူလောင်ခြင်းကို ငြိမ်းစေတတ်၏၊ ဝါတရက်နာ, နူနာကို လွန်စွာ နှိုင်၏။

ဤတွင် ရွေ့ကား အပွင့်တို့၏ အကျိုးကိုဆိုသော ပုပ္ပဝဂ်ပြီး၏။

၈၃။ အသီးအနှံအရင့် အမျိုးမျိုးတို့၏ အကျိုးဂုဏ်

ကျောက်ဖရုံသီး။ ။ ကျောက်ဖရုံသီး အနှံသည် အေး၏၊ သည်းခြေကို နှိုင်၏၊ ကျောက်ဖရုံသီး အလတ်သည် သလိပ်ကို ပျက်စေတတ်၏၊ ကျောက်ဖရုံသီး အရင့်အမှည့်သည် မအေးလွန်း၊ ချို၏၊ စဉ်းငယ်ဖန်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ ဒေါသသုံးပါးလုံးကို နှိုင်၏၊ ရူးသော အနာကို နှိုင်၏။

ရွှေဖရုံသီး။ ။ ရွှေဖရုံသီး အစိမ်းသည် အေး၏၊ ကြေခဲ၏၊ ဝမ်းချုပ်၏၊ ရတ္တပိတ်နာကို နှိုင်၏၊ ရွှေဖရုံသီးမှည့်သည် စဉ်းငယ် ငန်သော အရသာ ရှိ၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သလိပ်ကို နှိုင်၏၊ ဤကား ဘာဝပွကာသကျမ်းအလို။ သုဿုတ ကျမ်းဌီကား ရွှေဖရုံသီးမှည့်သည် ချို၏၊ စဉ်းငယ် ငန်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သလိပ်ကို ပျက်စေတတ်၏၊ သည်းခြေကို စဉ်းငယ်သာ ပျက်စေတတ်၏ဟူ၍ ဆို၏၊ (ပုလွိင်နှင့် ကုမ္ဘဏ္ဍ သဒ္ဒါ– ကျောက်ဖရုံဟော။ ဣတ္ထိလိင်နှင့် ကုမ္ဘဏ္ဍီ သဒ္ဒါ–, ကဏ္ဍာရု သဒ္ဒါ– ရွှေဖရုံဟော။)

သခွားငပြုတ်သီး။ ။ သခွားငပြုတ်သီးစိမ်းနုသည် ချို၏၊ အေး၏၊ ကိုယ်ပူနာ, မောပန်းခြင်း, ရေငတ်ခြင်းတို့ကို နှိပ်၏၊ သည်းခြေကို နှိပ်၏၊ ရတ္တပိတ်နာကို လွန်စွာနှိပ်၏၊ သခွားငပြုတ်သီး အမှည့်သည် ချဉ်၏၊ ပူ၏၊ သည်းခြေကို ပျက်စေတတ်၏၊ လေ, သလိပ်ကို နှိပ်၏၊ သခွားငပြုတ်စေ့သည် အဆီ မရှိ၊ အေး၏၊ ဆီးကို များစေတတ်၏၊ သွေး, သည်းခြေကို နှိပ်၏၊ မုတ္တကိတ်နာကို နှိပ်၏၊ (နပုလ္လိင် တပုသ သဒ္ဒါ, ကဏ္ဍကီဖလ သဒ္ဒါ အစရှိသည်တို့ကား သခွားငပြုတ်ဟော။)

သခွားအူခါးသီး။ ။ အူခါးသော သခွားမျိုး အစိမ်းသည် အသား ချို၏၊ အေး၏၊ အူခါး၏၊ ရတ္တပိတ်နာကို နှိပ်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ၎င်းသခွား အမှည့်သည် အူ, အသားနှစ်ပါးလုံး ချို၏၊ မုတ္တကိတ်နာကို နှိပ်၏၊ (ကက္ကဋ္ဌီ သဒ္ဒါ, ဝါလုကီ သဒ္ဒါ အစရှိသည်တို့ကား အူခါးသော သခွားဟော။)

သခွားဆင်စွယ်သီး။ ။ ဆင်စွယ်ကဲ့သို့ အလုံးရှည်သော သခွားအစိမ်းသည် အေး၏၊ ကြေခဲ၏၊ အဆီ မရှိ၊ ချို၏၊ ဝမ်းချုပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သည်းခြေကို နှိပ်၏၊ ၎င်းသခွား အမှည့်သည် ရေငတ်ခြင်း, ဝမ်းမီးတောက်ခြင်းတို့ကို ဖြစ်စေတတ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ (အစ္ဆဘရု သဒ္ဒါ, ဟတ္ထိဒန္တဖလ သဒ္ဒါ အစရှိသည်တို့ကား သခွားရှည်ဟော။)

သခွားအပုသီး။ ။ သခွားအပုသီးမျိုးသည် ချို၏၊ အေး၏၊ ကြေခဲ၏၊ နှုတ်ကို မြိန်စေတတ်၏၊ စိတ်ပျံ့လွင့်ခြင်း, ကိုယ်ပူနာ, အော့အန်ခြင်းတို့ကို နှိပ်၏၊ သည်းခြေကို နှိပ်၏၊ ဆီးကို များစေတတ်၏၊ (ဣတ္ထိလိင် တပုသီ သဒ္ဒါ, ပီတပုပ္ဖါ သဒ္ဒါ, မဟိန္ဒဝါရဏီ သဒ္ဒါ အစရှိသည်တို့ကား သခွားအပုသီးဟော။) တစ်ဆစ် သခွားအကြီးမျိုး ဆိုလိုသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သခွားတစ်ဆစ်သီး။ ။ တစ်ဆစ်သီး သခွားသည် အကြီး, အငယ် နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် အပွင့်ဝါသော အသီးကြီးသော ဘစ်ဆစ် သခွားသည် အကြီးမျိုး ဖြစ်၏၊ နွားမျက်လုံးလောက် ရှိသော ကြောင့် **၈၀ကို** ခေါ်၏၊ အပွင့်ဖြူသော အသီးငယ်သော တစ်ဆစ်သခွား သည် အငယ်မျိုး ဖြစ်၏၊ သမင်, ဒရယ်တို့ မျက်လုံးလောက် ရှိသော ကြောင့် **မိဂကို** ခေါ်၏။ (ကုန္ဒဝါရွက်–သဒ္ဒါကား ဤနှစ်မျိုးကို ဟော သည်။) ထိုသခွား နှစ်မျိုးလုံး အစိမ်းသည် ခါး၏၊ စပ်၏၊ အေး၏၊ ဂူ နာ, သည်းခြေနာ, ဖျဉ်းနာ, သလိပ်နာ, ပိုးနာ, နူနာ, အဖျားနာတို့ကို နိုင်၏၊ ဝမ်းကို သက်စေတတ်၏၊ ကြေလွယ်၏၊ ဗေနာကို နိုင်၏၊ ချောင်း ဆိုးနာ, ပန်းနာကို နိုင်၏၊ ၎င်းအမှည့်သည် ချို၏၊ ပူ၏၊ သုက်ကုန်ခန်း သော အနာကို နိုင်၏၊ မေဟနာ, သားမဖွားနိုင်ခြင်းတို့ကို နိုင်၏၊ အဆိပ်ကို နိုင်၏၊ အဆစ်၌ ပေါက်သော အမာကို နိုင်၏၊ ပူ၏။

သဘော်ပုံလုံသီး။ ။ သဘော်ပုံလုံချိုသီးသည် ကြေလွယ်၏၊ ချို၏၊ အဆီ ရှိ၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ အစာကို ကြေစေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ သုက်ကို ပွားစေတတ် ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ချောင်းဆိုးနာ, သွေးနာ,, ပိုးနာတို့ကို နိုင်၏၊ အဖျားကို နိုင်၏၊ ၎င်းအမြစ်သည် ဝမ်းကို ချမ်းသာစွာ ကျစေ တတ်၏၊ အရိုးသည် သလိပ်ကို နိုင်၏၊ အရွက်သည် သည်းခြေကို နိုင် ၏၊ အသီးသည် ဒေါသ သုံးပါးလုံးကို နိုင်၏၊ တောဋ္ဌ ပေါက်သော ပုံလုံခါးသည်လည်း အကျိုး တူ၏၊ (ပဇ္ဇောလ သဒ္ဒါ– သဘော်ပုံလုံဟော၊ ဟိတ္တပဇ္ဇောလ သဒ္ဒါ– မြန်မာနိုင်ငံတွင် ရှိသော တောဋ္ဌ ပေါက်သော ပုံလုံခါးဟော။)

[ထိုပုံလုံခါးတွင် ချိုသော ပုံလုံမျိုးလည်း ရှိ၏၊ သို့ရာတွင် အိန္ဒိယ နိုင်ငံက လာသော သဘော်ပုံလုံ ချိုရွက်တွင် အမွေး စုတ်စုတ် ရှိသည် ဖြစ်၍ အရွက်ကြမ်းသည်၊ သက္ကသစ္ဆဝလည်း ခေါ်သည်၊ မြန်မာနိုင်ငံတွင် ရှိသည့် ပုံလုံကား အရွက်တွင် အမွေး မရှိ၊ အရောင် ပြောင်ချောသည်၊ အရွက် ခါးသည်၊ အသီးတွင် အစေ့အကြောင်း ရှိသောကြောင့် ရာဇိဖလ လည်း ခေါ်သည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပဲလင်းမြွေသီး။ ။ ပဲလင်းမြွေသီးသည် ချိုဓာ၊ နူတ်ကို မြိန်စေတတ်၏၊ လေ, သည်းခြေကို နှိုင်၏၊ အားကို ဖြစ်စေတတ်၏၊ သုက်ကုန်ခန်းသော သူနှင့် အလွန် သင့်၏၊ သဘော်ပုံလုံချိုနှင့် အကျိုးတူရာတွင် စဉ်းငယ် ယုတ်၏၊ (စိစိဏ္ဍ သဒ္ဒါ, သေတရာဇိ သဒ္ဒါ, သုဒီဃ သဒ္ဒါတို့ကား ပဲလင်းမြွေသီးဟော။)

ကြက်ဟင်းခါးသီး။ ။ (ပုလ္လိင်နှင့် ကာရဝေလ္လ သဒ္ဒါ– အသီး ကြီးသော ကြက်ဟင်းခါးပင် ဟော၊ ဣတ္ထိလိင်နှင့် ကာရဝေလ္လိ သဒ္ဒါ– အသီး ငယ်သော ကြက်ဟင်းခါးပင်ဟော၊ ပုလ္လိင်နှင့် သစ်ပင် ဟော ပုဒ် ရှိသမျှကို နပုလ္လိင်နှင့် ဆိုလျှင် ၎င်းအပင်၏ အသီးကို ဟောသည် ဟူ၍ မှတ်။) ထိုကြက်ဟင်းခါးသီး နှစ်မျိုးလုံးပင် ခါး၏၊ ကြေလွယ်၏၊ ခါးသော်လည်း လေကို မပျက်စေတတ်၊ အေး၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ အဖျားနာ, ပဇ္ဈုနာ, မေဟနာ, ပိုးနာတို့ကို နှိုင်၏၊ ကြက်ဟင်း ခါးသီး အငယ်သည် အကြီးထက် ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေ တတ်၏။

သပွတ်ခါးသီး။ ။ သပွတ်ခါးသီးသည် အဆီ ရှိ၏၊ ရတ္တ ပိတ်နာ,လေနာတို့ကို နှိုင်၏၊ (မဟာကောသာတကီ သဒ္ဒါ– သပွတ်ခါး ဟော။) သပွတ်အချိုသီးသည် အေး၏၊ ချိုဓာ၏၊ လေ, သလိပ်ကို ပျက်စေ တတ်၏၊ သည်းခြေကို နှိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချောင်း ဆိုးနာ, ပန်းနာ, အဖျားနာ, ပိုးနာတို့ကို နှိုင်၏၊ (ရတဇကောသာတကီ သဒ္ဒါ– သပွတ်ချိုဟော၊ ဤသပွတ်နှစ်မျိုးလုံးသည် နွယ်ပင်မျိုးတည်း။)

ဘူးသီး။ ။ ဘူးသီးအရှည်, အပု နှစ်မျိုးလုံးသည် ချိုဓာ၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ ကြေခဲ၏၊ နူတ်ကို မြိန်စေတတ်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ သုက်ကို ပွားစေတတ်၏၊ ရသ အစရှိသော ဓာတ်တို့ကို ပွားစေတတ်၏။

ဘူးခါးသီး။ ။ ဘူးခါးသီးသည် ခါး၏၊ အေး၏၊ ဝမ်းမီးချက် ပြီးနောက် စပ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ သည်းခြေကို နှိုင်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အဆိပ်ကို နိုင်၏၊ ချောင်းဆိုးနာကို နိုင်၏၊ လေ, သည်းခြေ, အဖျားတို့ကို နိုင်၏၊ ဤကား ဘာဝပွကာသကျမ်း အလို။ ဘူးခါးသီးသည် စပ်၏၊ ထက်၏၊ အန်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာ, ရောင်ရမ်းသော အနာ, ပေါက်သော အမာ, လေတို့ နိုင်၏၊ ရေညိုက ဖြစ်သော တိရစ္ဆာန်၏ အဆိပ်ကို နိုင်၏၊ ဝမ်းသက်စေတတ်၏– ဟု ရာဇနိဃဏ္ဍု ကျမ်း၌ ဆို၏၊ ၎င်းအသီးကို စားလျှင် ဝမ်းလည်း သက်သည်၊ အန်လည်း အန်သည် ဖြစ်၍ သံသောဓနေ ဆေးမျိုး ဖြစ်၏။

ကျီးအာသီး။ ။ ကျီးအာသီးသည် အေး၏၊ ချို၏၊ ကြေခဲ၏၊ သွေး, သည်းခြေကို နိုင်၏၊ ဝမ်းချုပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းရောင်စေတတ်၏၊ လူကို ပိန်စေတတ်၏။

ဒန့်သလွန်သီး။ ။ ဒန့်သလွန်သီးသည် ဆိမ့်၏၊ ဖန်၏၊ လွန်စွာ ဝမ်းမီးကို တောက်စေတတ်၏၊ ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, နှုနာ, ဓာတ်ကုန်ခန်းသော အနာ, ပန်းနာ, ဂူနာတို့ကို နိုင်၏။

ခရမ်းသီး။ ။ ခရမ်းသီးသည် ချို၏၊ စပ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သည်းခြေကို နိုင်၏၊ ကြေခဲ၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေနာတို့၌ ကဲ့ရဲ့အပ်ကုန်၏။ ဤကား ရာဇနိဃဏ္ဍု ကျမ်းအလို။

ရာဇဝလ္လဘ ကျမ်း၌ကား ခရမ်းသီးသည် လေကို နိုင်၏၊ သုက်ကို ပွားစေတတ်၏၊ သွေးကို ပွားစေတတ်၏၊ ရင်ပြည့်ခြင်း, ပျို့ခြင်း၊ ချောင်းဆိုးနာ၊ နှုတ်မမြိန်သော အနာတို့ကို နိုင်၏၊ ဤသို့ ခရမ်းသီး၌ ဂုဏ်ခုနစ်ပါး ရှိ၏ဟု ဆို၏၊ ခရမ်းသီး အနုသည် လေ, သလိပ်ကို နိုင်၏၊ အမှည့်သည် စဉ်းငယ် ငန်၏၊ သည်းခြေကို ပျက်စေတတ်၏၊ အသီးအလတ်သည် ဒေါသ သုံးပါးကို နိုင်၏၊ သွေး, သည်းခြေကို ကြည်လင်စေတတ်၏၊ မီးဖြင့် ဖုတ်အပ်သော ခရမ်းသီးသည် စဉ်းငယ် သည်းခြေကို ပျက်စေတတ်၏၊ သလိပ်, အဆီခဲ, လေတို့ကို နိုင်၏၊ ခံတွင်း၌ ပုံ့နှံ့လွယ်၏၊ ကြေလွယ်၏ဟု ဆို၏။

ဘာဝပွကာသကျမ်း၌ကား ခရမ်းသီးသည် ချို၏၊ ထက်၏၊ ပူ၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ သည်းခြေကို မပျက်စေတတ်၊ လေ,

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သလိပ်ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ကြေလွယ်၏၊ သုက်ကို ပွားစေတတ်၏၊ အဖျားကို နိုင်၏၊ ခရမ်းသီးနုသည် သလိပ်, သည်းခြေကို နိုင်၏၊ အရင့်, အမှည့်သည် ကြေလွယ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဖုတ်သော ခရမ်းသီးသည် ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သလိပ်, အဆီခဲ, လေတို့ကို နိုင်၏၊ အစာမကြေသော အာမနာကို နိုင်၏၊ ဆီ, ဆားတို့ဖြင့် ချက်အပ်ကုန်သော ခရမ်းသီးသည် ကြေခဲ၏၊ ခရမ်းလသာသီးသည် မြင်းသရိုက်နာနှင့် အထူးသဖြင့် သင့်၏၊ အခြား ခရမ်းသီးများအောက် ယုတ်သော အကျိုးရှိ၏–ဟု ဆို၏။

[ဤခရမ်းသီးကို ဆိုရာ၌ ကျမ်းဆရာချင်း အယူ မတူကြ၊ သို့သော်လည်း အစပ်, အခါး မရှိ၊ အချိုသက်သက် အရသာ ရှိသော ခရမ်းသီး ဖြစ်လျှင် လေကို မပျက်စေတတ်၊ အခါး, အစပ် အရသာ ပေါ်သော ခရမ်းသီး ဖြစ်လျှင် လေကို ပျက်စေတတ်သည်ဟု ယူရန် ရှိ၏။]

ခဝဲသီး။ ။ ခဝဲသီးသည် ချို, ခါး ရသရှိ၏၊ ဖျားခြင်း ကိုယ်ရောင်သော အာမဝါတနှာ, ဝမ်းမီးနှံ့ခြင်းတို့ကို ပြုတတ်၏၊ (နပုလ္လိင်နှင့် ဖိဂ်ါက သဒ္ဒါ– ခဝဲသီးဟော။)

မြေပုံခရမ်း–ခရမ်းကစော့။ ။ မြေပုံခရမ်း, ခရမ်းကစော့တို့၏ အသီးသည် ခါး၏၊ စပ်၏၊ ဝမ်းမီးချက်ပြီးနောက်လည်း စပ်၏၊ သုက်ကို ပွားစေတတ်၏၊ ဆီး, ဝမ်းကို ရွှင်စေတတ်၏၊ ကြေလွယ်၏၊ လေ, သလိပ်ကို နိုင်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ယားနာ, ချောင်းဆိုးနာ, အဆီခဲနာ, ပိုးနာတို့ကို နိုင်၏၊ ၎င်းခရမ်း နှစ်မျိုးတို့၏ အပွင့်ဖြူမျိုးသည် ဆိုခဲ့ပြီးသော အကျိုးအတိုင်း ရှိ၏၊ အထူးအားဖြင့် ကိုယ်ဝန်ကို ရစေတတ်၏။

မျောက်လုပ်သီး။ ။ မျောက်လုပ်သီးသည် ကြေခဲ၏၊ ဒေါသသုံးပါး, သုက်တို့ကို ပျက်စေတတ်၏၊ နပုလ္လိင်နှင့် လိကုစသဒ္ဒါ– မျောက်လုပ်သီးဟော။

ကြောင်လျှာသီး။ ။ ကြောင်လျှာသီးနုသည် ချို, ဖန်, ခါး ရသရှိ၏၊ အဆီ မရှိ၊ နှလုံးကို နှစ်သက်စေတတ်၏၊ နွေတ်ကို မြိန်စေတတ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှုနာ, မြင်းသရိုက်နာ, ပိုးနာတို့ကို နိုင်၏၊ လေကို ပျက်စေတတ်၏။

ဝါစေ့။ ။ ဝါစေ့သည် နို့ရည်ကို ပွားစေတတ်၏၊ ကြေခဲ၏၊ သုက်, သလိပ်တို့ကို ပွားများစေတတ်၏။

ကြိမ်သီး။ ။ ကြိမ်သီးသည် ချဉ်၏၊ လေ, သည်းခြေကို နိုင်၏။

ပေါက်သီး။ ။ ပေါက်သီးနုသည် ပူ၏၊ ကြေလွယ်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ အဆီ မရှိ၊ သလိပ်, လေ, ပိုးတို့ကို နိုင်၏၊ မေဟနာ, မြင်းသရိုက်နာ, နှုနာ, ဂူနာ, ဖျဉ်းနာတို့ကို နိုင်၏၊ မုတ္တကိတ်နာကို နိုင်၏။

ဤတွင် ရွှေ့ကား အသီးတို့၏ အကျိုးကို ဆိုသော ဖလဝဂ် ပြီး၏။

၈၄။ အရိုးအမျိုးမျိုးတို့၏ အကျိုးဂုဏ်

မုန်ညင်းရိုး။ ။ မုန်ညင်းရွက်ရိုးသည် ထက်၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ပေါက်သော အမာကို နိုင်၏၊ နှုနာ, ယားနာ, ပွေးနာတို့ကို နိုင်၏၊ အော့အန်ခြင်းကို ပျောက်စေတတ်၏၊ အရိုးတို့တွင် အကောင်းဆုံး ဖြစ်၏၊ မုန်ညင်း၏ အရွက်တွင် အပြစ်များစွာ ရှိသည်၊ အရိုးတွင် အကျိုးများစွာ ရှိသည်။

ဘူးရိုး။ ။ ဘူးရိုးသည် ချို၏၊ ကြေခဲ၏၊ ဆီးဝမ်းတို့ကို ရှင်းစေတတ်၏။

ကျောက်ဖရုံရိုး။ ။ ကျောက်ဖရုံရိုးသည် ကြေခဲ၏၊ ချို၏၊ စဉ်းငယ် ငန်၏၊ နှူတ်ကို မြိန်စေတတ်၏၊ လေ, သလိပ်တို့ကို နိုင်၏၊ ဆီးချုပ်သော အနာ, ဆီးကျောက်တည်သော အနာတို့ကို နိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

စရိုအရိုး။ ။ စရိုအရိုးသည် ကြွေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ပိုး, သလိပ်, လေတို့ကို နှိပ်၏။

ဤတွင် ရွှေ့ကား အရိုးတို့၏ အကျိုးကို ဆိုသော နာလဝဂ် ပြီး၏။

၈၅။ အညောက်အမျိုးမျိုးတို့၏ အကျိုးဂုဏ်

ကြိမ်ညောက်။ ။ ကြိမ်ညောက်သည် ခါး၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ၎င်းကြိမ်ညောက်ကို ကြိမ်ဖူးခေါ်ကြသည်။

ဝါးညောက်။ ။ ဝါးညောက်သည် ချိုး၏၊ ဖန်၏၊ ပူ၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ ဤကား သုသုတ ကျမ်းအလို။ ဘာဝပ္ပကာသ ကျမ်း၌ကား– ဝါးညောက်သည် ချိုး၏၊ ဖန်၏၊ ဝမ်းမီးချက်ပြီးနောက် စပ်၏၊ အဆီ မရှိ၊ ကြေခဲ၏၊ ပူ၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ ဒေါသ သုံးပါးကို ပျက်စေတတ်၏ဟု ဆို၏၊ ဒဗ္ဗဂုဏာကျမ်း၌ကား ချို၏၊ ဖန်၏၊ ပူ၏၊ သလိပ်ကို နှိပ်၏ဟု ဆို၏။

ရွှဋ်မတက်ညောက်။ ။ ရွှဋ်မတက်ညောက်သည် ခါး၏၊ အေး၏၊ သလိပ်, သည်းခြေကို နှိပ်၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းကိုက်နာ, မြင်းသရိက်နာတို့ကို နှိပ်၏၊ အသက်ကို ရှည်စေတတ်၏။

ဤတွင် ရွှေ့ကား အညောက်တို့၏ အကျိုးကိုဆိုသော ကလီရဝဂ် ပြီး၏။

၈၆။ ဥတို့၏ အကျိုးအပြစ်

ဖျံဥ။ ။ ဖျံဥသည် ဆိမ့်၏၊ ဖန်၏၊ စပ်၏၊ ကြွေလွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချုပ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ အဆီ မရှိ၊ နှုတ်ကို မြိန်စေတတ်၏၊ စဉ်းငယ်လျှာကို ယားယံစေတတ်၏၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဗေနာ, ဂူနာတို့ကို နိုင်၏၊ မြင်းသရိုက်နာကို အထူးသဖြင့် နိုင်၏၊ ပွေးနာ, နူနာ, ရတ္တပိတ်နာတို့နှင့် မသင့်၊ သစ္စာမျိုးတို့တွင် အမြတ်ဆုံးဖြစ်၏။

[ဝပင်သည် အရိုင်းအယဉ် နှစ်မျိုး ရှိ၏၊ အရိုင်းမျိုးသည် အပွင့်ဖူးကြီး ထွက်၍ ပွင့်တတ်၏၊ ဥဖြူ၏၊ ဥတွင် အတက် မရှိ၊ အယဉ်မျိုး၌ အပွင့်ဖူးထွက်၍ အပွင့်, ဥမဖြူ၊ ဥတွင် အတက်အပွား များစွာ ရှိ၏၊ ထိုဝယဉ်ကိုပင် ဖျံပင်ဟု ခေါ်ကြ၏၊ သုရဏ သဒ္ဒါ– ဝပင်ဟော။]

မုန်လာဥ။ ။ မုန်လာဥသည် အကြီး, အငယ် နှစ်မျိုး ရှိ၏၊ အငယ်မျိုးသည် သဲဆန်သော ကျွန်းမြေ၌ ဖြစ်၏၊ **လဟုမူလက** ခေါ်၏၊ **တနတ္တမူလက**လည်း ခေါ်၏၊ **မူလကပေါတိကာ**လည်း ခေါ်သည်။ အကြီးမျိုးသည် ဆင်စွယ်ခန့်လောက် ရှိ၏၊ နေပံနိုင်ငံ၌ များစွာ လုပ်ဆောင်သောကြောင့် နေပါလမူလက လည်းခေါ်၏၊ ထိုနှစ်မျိုးတို့တွင်, မုန်လာဥ အငယ်မျိုးသည် စပ်၏၊ ပူ၏၊ ကြေလွယ်၏၊ အစာကို ကြေစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဒေါသသုံးပါးလုံးကို နိုင်၏၊ အသံကို ကောင်းစေတတ်၏၊ အဖျားနာ, ပန်းနာ, နှာခေါင်းနာ, လည်ချောင်းနာ, မျက်စိနာတို့ကို နိုင်၏၊ အကြီးမျိုးသည် အဆီ မရှိ၊ ပူ၏၊ ကြေခဲ၏၊ ဒေါသသုံးပါးလုံးကို ပျက်စေတတ်၏၊ ထိုမုန်လာအကြီး ဥကိုသော်လည်း ဆီဖြင့် ကောင်းစွာ ချက်လျှင် ဒေါသသုံးပါးလုံးကို နိုင်၏။

အုတ်မုန်းဥ။ ။ အုတ်မုန်းဥသည် ချိုး၏၊ အေး၏၊ ဝစေတတ်၏၊ သုက်ကို ပွားစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆီးကို အလွန်များစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ (ဝိဒါရီ သဒ္ဒါ– အုတ်မုန်းပင်ဟော။)

ရွှဲမတက်မြစ်။ ။ ရွှဲမတက်မြစ်နုသည် ချို၏၊ ခါး၏၊ အား, သုက်တို့ကို ပွားစေတတ်၏၊ ဝမ်းမီး, ပညာတို့ကို ပွားစေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ အသက်ကို ရှည်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မျောက်ဥ။ ။ နပုလ္လိင်နှင့် အရုက သဒ္ဒါ, အာလုက သဒ္ဒါ တို့ကား မျောက်ဥကို ဟောသည်။

၁။ ပိဏ္ဍာလုက သဒ္ဒါ– တရုတ်တို့က ယမ်းရင်, မြန်မာတို့က ပလောပီနံခေါ်သည်၊ မျောက်ဥကို ဟောသည်။

၂။ မာသော မျောက်ဥမျိုးကို **ကဏာလုက** ခေါ်သည်၊ မြန်မာတို့က သင်းတောက်ဥ ခေါ်သည်။

၃။ ဖြူသော မျောက်ဥမျိုးကို **သခီလုက** ခေါ်သည်။

၄။ ဆင်စွယ်ကဲ့သို့ ရှည်သော ကြီးသော မျောက်ဥမျိုးကို **ဟတ္ထာလုက** ခေါ်သည်။

၅။ ဝက္ကာဥကို **သတ္ထာလုက** ခေါ်သည်။

၆။ မျောက်နီဥကို **ရတ္ထာလုက** ခေါ်သည်။

ဤသို့ မျောက်ဥမျိုး ခြောက်မျိုး ရှိသည်။ ထိုမျောက်ဥဟူသမျှသည် ဆိမ့်၏၊ အေးဓာ၏၊ ကြေခဲ၏၊ လေချုပ်၏၊ ကျင်ကြိုး, ကျင်ငယ်တို့ကို ခိုင်စေတတ်၏၊ အဆီ မရှိ၊ အား, သုက်တို့ကို ပွားစေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ စဉ်းငယ် ဝမ်းမီးကို တောက်စေတတ်၏။

ပိန်းဥ။ ။ ပိန်းဥသည် ကြေခဲ၏၊ ဆိမ့်၏၊ စပ်၏၊ ဝမ်းကို ရှင်စေတတ်၏၊ ကျိုချဲ၏၊ ဗျားရှ် ကိုယ်ရောင်သော အာမဝါတနာကို ဖြစ်စေတတ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ (ကစ္စီ သဒ္ဒါ, ကစ္စီ သဒ္ဒါ– ပိန်းဥဟော။) ပိန်းမဟော်ရာဥသည် ဆိမ့်၏၊ အေးဓာ၏၊ ကြေခဲ၏၊ စပ်၏၊ ကိုယ်ရောင်နာကို နိုင်၏။ (နပုလ္လိင်နှင့် မာနကသဒ္ဒါ– ပိန်းမဟော်ရာဥ ဟော၊ ပုလ္လိင် ဖြစ်မူ ၎င်းအပင် ဟော၊ ထလပဒုမ သဒ္ဒါလည်း ၎င်းအပင်ဟော။)

ပေါက်နွယ်ဥ။ ။ ပေါက်နွယ်ဥသည် ဗျဥနှင့် အကျိုးတူ၏၊ အထူးအားဖြင့် ချမ်းဗျား, တုန်ဗျား, ဗေနာ, ပဏ္ဏနာတို့ကို နိုင်၏။

[ဝက်မြေဥသည် မဟာကသေရု မည်သော အကြီးမျိုး, ရာဇကသေရု မည်သော အငယ်မျိုးဟူ၍ နှစ်မျိုး ရှိ၏၊ ရေကြက်သွန် ခေါ်သည်၊ ဥလည်း ဝက်မြေ ဥမျိုးပင်၊ အကြီးမျိုးကား တရုတ်ပြည်က လာသည်။]

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဝက်မြေဥ။ ။ ထိုဝက်မြေဥ နှစ်မျိုးတို့သည် ချို၏၊ ဖန်၏၊ ကြေခဲ၏၊ အေး၏၊ ချုပ်၏၊ လေ, သလိပ်တို့ကို ပျက်စေတတ်၏၊ နို့ရည်, သုက်တို့ကို ပွားများစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သွေး, သည်းခြေကို နှိုင်၏၊ ကိုယ်ပူနာကို နှိုင်၏၊ မျက်စိနာကို နှိုင်၏။

ကြာဥ–ကြာစွယ်။ ။ ကြာဥ, ကြာစွယ်, မောင်မခေါ်ဥတို့သည် **သာလူက, မူလာလ** အစရှိသည် မည်ကုန်၏၊ ထိုဥ, အစွယ်တို့သည် အေးကုန်၏၊ ကြေခဲကုန်၏၊ လေ, သလိပ်တို့ကို ပျက်စေတတ်ကုန်၏၊ ချိုဆိမ့်၏၊ နို့ရည်, သုက်တို့ကို ပွားများစေတတ်၏၊ ကိုယ်ဝန်ကို မလျှောစေနိုင်။

နုသောဥ, အချိန်ဥတု မဟုတ်ရာ၌ ဖြစ်သောဥ, အလွန်ရင့်သောပိုးအနာ ရှိသောဥ, အမြစ်တို့ကို မစားကောင်း၊ မုန်လာဥ, မုန်လာရွက်တို့မှတစ်ပါး ခြောက်သော သာကမျိုးကို မစားကောင်း၊ မုန်လာဥ, မုန်လာရွက်၌ကား ခြောက်မှ လူနှင့်သာ၍ သင့်သည်၊ ဆီနှင့် မချက်သော သာကမျိုးတို့ကို မစားကောင်း။

မြေ–အင်–မှိုဥ။ ။ မြေဥ, အင်ဥ, မှိုဥ, မှိုမျိုးတို့ကို **သံသေဒဇ** ဟူ၍ လည်းကောင်း, **ဘူမိဆန္နေ** ဟူ၍ လည်းကောင်း, **သီလိန္ဓက** ဟူ၍လည်းကောင်း ခေါ်ကုန်၏၊ ထိုမှိုမျိုးတို့သည် ကျိုချဲ့ကုန်၏၊ အေးကုန်၏၊ ကြေခဲကုန်၏၊ ချိုဆိမ့်ကုန်၏၊ အော့အန်ခြင်း, ဝမ်းသွန်, ဝမ်းပျက်, အဖျား, သလိပ်နာတို့ကို ဖြစ်စေတတ်ကုန်၏၊ ထိုဝတ္ထုမျိုးတို့တွင် စင်ကြယ်သောတွင်း, တောင်ပို့, သစ်, ဝါး, တုံးတို့၌ ဖြစ်သော ဝတ္ထုမျိုးတို့သည် အပြစ် နည်းကုန်၏၊ ထိုမှ တစ်ပါးသော အရပ်၌ ဖြစ်သော ဝတ္ထုမျိုးတို့သည် အပြစ် များကုန်၏။

ဤတွင် ရွေ့ကား သာကမျိုးတို့ကို ဆိုသော
သာကဝဂ်ပြီး၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၈၇။ အပွင့်-ရေညို-ရေမှော် သုံးမျိုးတို့၏ အကျိုးအပြစ်

ကြာပန်း။ ။ ပဒုမာ ကြာဖြူသည် **ပုဏ္ဍရိက** မည်၏၊ အနီသည် **ကောကနဒ** မည်၏၊ အညိုသည် **ဣန္ဒီဝရ** မည်၏၊ ထိုကြာပန်းသုံးမျိုးသည် အေး၏၊ ချို၏၊ ဖန်၏၊ သလိပ်, သည်းခြေကို နှိုင်၏၊ ရေငတ်ခြင်း, ကိုယ်ပူနာ, သွေးနာ, အမာတို့၏ ရောင်ရမ်းခြင်း, အဆိပ်, ဝက်သက်နာတို့ကို နှိုင်၏၊ ပဒုမာကြာမှ တစ်ပါး ကြာနီ, ကြာဖြူ, ကြာညိုတို့သည် ပဒုမာကြာအောက် ယုတ်ကုန်၏၊ ယုတ်သော အကျိုးရှိကုန်၏၊ ကြာဖြူသည် **ကုမုဒ** မည်၏၊ ထိုကြာဖြူပွင့်သည် ကျိုချွဲ၏၊ အဆီ ရှိ၏၊ ချို၏၊ နှလုံးကို အေးစေတတ်၏။

ရေမှော်။ ။ ရေမှော်သည် ခါး၏၊ စပ်၏၊ အေး၏၊ ချို၏၊ ကြေလွယ်၏၊ ခံတွင်း၌ ပျံ့နှံ့လွယ်၏၊ အဆီ မရှိ၊ ဒေါသသုံးပါးလုံးကို နှိုင်၏၊ သွေးကို ပွားများစေတတ်၏၊ ဖျားသော အနာ, သုက်ကုန်ခန်းသော အနာတို့ကို နှိုင်၏။

[ဝါရီပဏ္ဏိ သဒ္ဒါ, ဥဇ္ဇိကာ သဒ္ဒါတို့ကား မှော်ကြီးဟော။ သိုးဆောင်းတို့မှာ အိုက်လန် ခေါ်သည့် ကျွန်းကထွက်သည့် မှော်ကို အခြောက်လှန်းပြီးလျှင် လက်ဖက်ရည်ကဲ့သို့ ပြုလုပ်၍ လူနာတို့ကို ပေးကြကုန်၏။]

ရေညို။ ။ ရေညိုသည် ဖန်, ခါး, ချို, ရသ ရှိ၏၊ အေး၏၊ ကြေလွယ်၏၊ အဆီ မရှိ၊ ကိုယ်ပူနာ, ရေငတ်နာကို နှိုင်၏၊ သွေး, သည်းခြေ, အဖျားတို့ကို လွန်စွာ နှိုင်၏၊ (သိုးဆောင်းတို့မှာ သီဟိုဠ်ကျွန်းက ထွက်သည့် ရေညိုကို သုံးသည်။)

ခတ္တာပွင့်။ ။ ခတ္တာပွင့်သည် စပ်, ခါး, ဖန်ရသရှိ၏၊ မပူလွန်း၊ လေ, သလိပ်ကို နှိုင်၏၊ မုတ္တကိတ်နာ, ဆီး၌ ကျောက်တည်သော အနာ, ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, ချောင်းဆိုးနာ, ပန်းနာ, အဆိပ်တို့ကို နှိုင်၏၊ (ပဒုမာစာရိတ်- အစရှိသော သဒ္ဒါတို့ကား ခတ္တာဟော။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၈၈။ နှင်းဆီပင်မျိုးတို့၏ အကျိုးဂုဏ်

နှင်းဆီပင်မျိုးသည် ဆေးတွင် သုံးသောအမျိုး သုံးမျိုး ရှိ၏။

၁။ တရုတ်နိုင်ငံ, သိုးဆောင်းနိုင်ငံတို့၌ ဖြစ်သော မွေးသော နိသော အပွင့်ရှိသော နှင်းဆီမျိုး။ ထိုနှင်းဆီမျိုး အပွင့်ဖတ်၏ အရသာကား ဖန်၏၊ စဉ်းငယ် ချဉ်၏။

၂။ အင်္ဂလိပ်နိုင်ငံ၌ ပေါက်ရောက်သော အသီးလုံး ကြက်ဥနှင့် တူသော အသီးအရွက် လက်မ တစ်ဆစ်ခန့် တစ်ဆစ်ခွဲခန့် ရှည်သော နှင်းဆီပွင့် အနံ့ မွေးသော မှည့်လျှင် နီသော ချို, ချဉ်, ဖန် ရသရှိသော အသီး ရှိသော နှင်းဆီပင်မျိုးကို မြန်မာတို့က ဇမ္ဗုသပြေ ခေါ်သည်၊ ၎င်းအပင်၏ အသီးမှည့်ကို သုံးသည်။

၃။ များသောအားဖြင့် တူရကီနိုင်ငံ, အိန္ဒိယနိုင်ငံများတွင် ပေါက်ရောက်သော အပင်ရိုးတွင် ဆူးအများ ရှိသော မွေးသော ဖြူ, နီ အဆင်းရှိသော အပွင့်ရှိသော နှင်းဆီပင်မျိုး၊ ၎င်းအပွင့်ဖတ်၏ အရသာသည် စဉ်းငယ် ချို, ဖန်ရှိသည်၊ ခါးသည်၊ မြန်မာတို့က သဘော်ာ နှင်းဆီ ခေါ်သည်။

ဤနှင်းဆီ သုံးမျိုးတို့တွင် နှင်းဆီနှစ်မျိုးမှာ အပွင့်ဖတ်ကို သုံးသည်၊ တစ်မျိုးမှာ အသီးမှည့်ကို သုံးသည်၊ ကိုယ်ပူနာ, အဖျားပူတို့ကို နိုင်သည်၊ စဉ်းငယ် ဝမ်းချုပ်သည်၊ တတိယ နှင်းဆီပွင့်မျိုးတို့၏ အပွင့်ဖတ်ကို အရက်ပြန်ကဲ့သို့ ရေနှင့် ပြုတ်၍ ချွေးကို ယူပြီးလျှင် နှင်းရည် ခေါ်၍ သုံးသည်၊ ၎င်းချွေးတွင် ရောရ၍ ပါသော မစွန်းတတ်သော ဆီကြည်မျိုးကို ယူ၍ နှင်းဆီ ခေါ်ပြီးလျှင် သုံးသည်။

ဘာဝပ္ပကာသ ကျမ်း၌ကား တတိယ နှင်းဆီပွင့်သည် အေး၏၊ ကြေလွယ်၏၊ ခါး၏၊ စဉ်းငယ် ဆိမ့်၏၊ ဖန်၏၊ သုက်ကို ပွားစေတတ်၏၊ ဝမ်းချုပ်၏၊ အစာကို ကြေစေတတ်၏၊ သွေး, ဒေါသသုံးပါးတို့ကို နိုင်၏၊ ပေါက်သော အမာကို ပျောက်စေတတ်၏–ဟု ဆို၏။

ဤကဲ့သို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ဥတုဘောဇနသင်္ဃာ ကျမ်း၌ သာကမျိုးတို့၏ ဂုဏ်ကိုဆိုရာ ဝိသတိမပိုင်း ပြီး၏။

ဝိသတိမကဏ္ဍ ပြီး၏။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နိဂုံး

၁။ အမရာဒီဘိမာပဿ၊ ဆဒ္ဒန္တဿ စ သာမိနော။
ဝိသာသိကော အနုစရော၊ ကုဝေရဿေဝ ဌာနိကော။ ။
၂။ ဝိရောပိ မဟာမန္တိနော၊ တဿေဝ မဟာလေခကော။
အဟောသိ ပေါရာဏပုရေ ဒေဝတာ ပုရနာမကေ။ ။
၃။ တဿ ဆဒ္ဒန္တသာမိနော၊ နတ္တာ ဝိစိတြဉာဏိကော။
ဆဒ္ဒန္တဿ စ သာမိကော၊ ဒုတိယော ဒေဝပုရိယာ။
၄။ တံ မဟာလေခကသုတံ၊ ပေါသိတွာန ကုမာရကံ။
သတ္တိတ္တယာဒိလဉ္ဆေန။ သေနာနိဋ္ဌာန နုဂ္ဂဟော။ ။
၅။ သဟယော သဗ္ဗကမ္မိကော၊ အဂ္ဂသေနာပတိသု သော။
ကုလဒေသေန ဝိဿုတော၊ ကုလပုဗေဏိအာဂတော။ ။
၆။ ပုတ္တော တဿေဝ ရာဇိနော၊ ရာဇဝံသ ဓဇူပမော။
ရတနာပုဏ္ဏံ ပဌမံ၊ မာပေတိ ဒိဗ္ဗံဝ ပုရံ။ ။
၇။ ဒွိန္နံ ဆဒ္ဒန္တာနံ ပတိ၊ သေနာနိ ပုတ္တံ ဒဟရံ။
ပေါသိတွာ ယောနကရဋ္ဌံ၊ ဘောဇေတွာ မံ ကုလာ
ဂတံ။ ။
၈။ ဇကူနတိံသေ ဇာတိယာ၊ ဥစ္စိနိတွာန နုဂ္ဂဟော။
အန္တေဝေနာနိ ဌာနေန၊ တတိယော သော အနုစ
ရော။ ။
၉။ ရတနာပုဏ္ဏိကော ရာဇာ၊ ပိဋကတ္တယကောဝိဒံ၊
အမစ္စဂဏသာမဂ္ဂံ၊ အဘိဇစ္စံ သုမဒ္ဒဝံ။
ပုတ္တေသု ဥစ္စိနိတွာန၊ ရဇ္ဇံ ဒတွာ ဒိဝင်္ဂတော။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၀။ တသ္မိ ဇယမာသန္တေဝ၊ တံ အန္တော စမုသာမိကံ။
အဂ္ဂသေနာပ ဘူတေန၊ ဌာနေနာ နဂ္ဂဟောဘုပေါ။ ။
၁၁။ တတော အပရကာလေ တု၊ ရာဇဘစ္စာ ဝိမုတ္တကော။
ဝေယျာဝစ္စ မကတ္ဝာ သော၊ နာနာဂန္တွေဟိ မောဒတိ။
၁၂။ ဓမ္မတ္ထကာမမောက္ခာနံ၊ အာရောဂျံ မူလမုတ္တမံ။
ရောဂါ တဿ ပဟတ္တာရော၊ သေယျသော ဇိဝိတဿ စ။ ။
၁၃။ အာယုဗ္ဗေဒေါ တဿ မူလံ၊ တသ္မာဟံ လောကဟိတကော။
နာနာယုဗ္ဗေဒါ ဥဒ္ဓိယ၊ အယံ အာယုဗ္ဗေဒေါ ကတော။ ။
၁၄။ သာကေ ဒွိ အဒ္ဒသူရိယေ၊ ဇေဋ္ဌကဇ္ဇုပကွိယေ။
အဠမိ အမရေဗ္ဗရဟေ၊ အနာကုလေန သမ္မုဇ္ဇော။ ။
၁၅။ ယေနန္တတန္တရတနာ၊ ကရမန္တနေန မေတ္တာ။
စလောလ္လသိတ ဉာဏဝရေန၊ လဒ္ဓါ သာရာတိ မတာ သုခိတာ။
သုခယန္တု စညေန တေ မေ၊ ဇယန္တု ဂါရဝေါ ဂုဏောဟိ။
၁၆။ သတ္ထသဋ္ဌိတပုညေန၊ နိဗ္ဗာနသာခံ ဟိတံ။
သာဓေန္တော လောကနာထဿ၊ သဒ္ဓမ္မော တိဋ္ဌတု စိရန္တိ။ ။

၁။ **အနက်ကား**း။ ။ အမရာဒိဘိမာပဿ၊ အမရပူရမြို့ကို လက်မွန်အစ ပထမတည်ထောင် ဖန်ဆင်းသော။ ဆဒ္ဒန္တဿ စသာမိနော၊ ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီး၏။ ဝိသာသိကော၊ ချစ်ကျွမ်းဝင်သော။ အနုစရော၊ ရဲဘော် ဖြစ်သော။ ကုဝေရဿ၊ ကုဝေရနတ်မင်းကြီး၏။ ဌာနိကော ဣဝ၊ အရာနှင့်တူသော အရာရှိသော အမတ်ကြီးသည် လည်းကောင်း။ ဝါ၊ ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူးသည် လည်းကောင်း။

၂။ တသ္မေဝ မဟာမန္တိနော၊ ထိုအမတ်ကြီး၏။ ဝရောပိ၊ သားမက်လည်း ဖြစ်သော။ မဟာလေခကော၊ **စာရေးတော်ကြီး**သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ပေါရာဏပုရေ၊ ရှေးမြို့ဖြစ်သော။ ဒေဝတာ ပုရနာမကေ၊ အမရပူရ မည်သော မြို့၌။ အဟောသိ၊ ဖြစ်လေပြီ။

၃-၄။ တဿ ဆဒ္ဒန္တသာမိနော၊ ထိုအမရပူရ ပထမမြို့တည် ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီး၏။ နတ္ထာ၊ မြေးဖြစ်သော။ ဝိစိတြ ဉာဏိကော၊ ဆန်းကြယ်သော ဉာဏ်ရှိသော။ ဆဒ္ဒန္တသ စ၊ ဆဒ္ဒန်ဆင် မင်း၏လည်း။ သာမိကော၊ အရှင်ဖြစ်တော်မူသော။ ဒေဝပုရိယာ၊ အမရ ပူရမြို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက် တည်ထောင် ဖန်ဆင်းတော် မူသော မင်းတရားကြီးသည်။ ကုမာရကံ၊ သူငယ်ဖြစ်သော၊ တံ မဟာ လေခကသုတံ၊ ထိုစာရေးတော်ကြီးသားကို။ ပေါသိတွာန၊ မွေးကျွေး တော်မူ၍။ သတ္တိတ္တိ ယာဒိလဉ္ဆေန၊ သတိုး အစရှိသော ဘွဲ့ဖြင့်။ ဝါ၊ **သတိုးမင်းလှကျော်ထင်** ဟူသော ဘွဲ့ဖြင့်။ သေနာနိဒ္ဒာနနုဂ္ဂဟော၊ စစ်သူကြီးအရာဖြင့် ချီးမြှောက်တော်မူလေပြီ။

၅။ ယော၊ အကြင်စစ်သူကြီးသည်။ သဟာယော၊ အမရပူရ ဒုတိယမြို့တည် မင်းတရားကြီး၏ ဦးရီးတော်လည်း ဖြစ်၏၊ သဗ္ဗကမ္မိ ကော။ တိုင်းရေးပြည်မှု အလုံးစုံကို ရွက်ဆောင်သော သူလည်း ဖြစ်၏။ ကုလပွဝေဏိအာဂတော၊ ရွှေနန်းစဉ်ဆက် မှူးမတ်မျိုးမှ ဆင်းသက် သော။ သော၊ ထိုစစ်သူကြီးသည်။ အဂ္ဂသေနာပတိသု၊ စစ်သူကြီး လေး ယောက်တို့တွင်။ ကုလဒေသေန၊ အမျိုး၏ အရပ်အားဖြင့်။ ဝိဿုတော၊ ကျော်စော ထင်ရှား၏။ ကုလဒေသေန ဝိဿုတော၊ **ယင်းတော်ဝန်ကြီး** ဟု ကျော်စော၏။

၆။ တသ္မေဝ ရာဇိနော၊ ထိုအမရပူရ ဒုတိယ မြို့တည် မင်းတရားကြီး၏သာလျှင်။ ပုတ္တော၊ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်သော။ ရာဇဝံသ ဓဇူပမော၊ မင်းမျိုးတို့၏ တံခွန် မှန်ကင်း သဖွယ် ဖြစ်တော်မူသော မင်းတရားကြီးသည်။ ဒိဗ္ဗံ၊ နတ်၌ ဖြစ်သော။ ပုရံဝ၊ အယုဇ္ဈပူရမြို့ကဲ့သို့။ ရတနာပုဏ္ဏ၊ ရတနာပုံ အမည်ရှိသော မြို့ကို။ ပဌမံ၊ လက်မွန်အစ ရှေးဦးစွာ။ မာပေတိ၊ တည်ထောင် ဖန်ဆင်းတော် မူလေပြီ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၇-၈။ ဒွိန္နံ ဆဒ္ဒန္တာနံပတိ၊ နှစ်စီးကုန်သော ဆဒ္ဒန်ဆင်မင်းသခင် ဖြစ်တော်မူသော ရတနာပုံ ပထမမြို့တည် မင်းတရားကြီးသည်။ ဒဟရဲ့၊ သူငယ်ဖြစ်သော။ သေနနိုပုတ္တဲ့၊ ယင်းတော်ဝန်ကြီး၏ သားဖြစ်သော။ ကုလာဂတဲ့၊ ရွှေနန်းစဉ်ဆက် မှူးမတ်မျိုးမှ ဆင်းသက်သော။ မံ၊ ငါ့ကို။ ပေါသိတွာ၊ မွေးကျွေးတော်မူ၍။ ယောနကရဋ္ဌံ၊ ယောနကတိုင်းကို။ ဘောဇေတွာ၊ အစားပေးတော်မူ၍။ ဇာတိယာ၊ ဖွားသည်မှ။ ဇကူနာတိ သေ၊ နှစ်ဆယ့်ကိုးနှစ်ရွယ်၌။ ဥစ္စိနိတွာန၊ ရွေးချယ် စိစစ်တော်မူ၍။ အန္တော သေနာနိဋ္ဌာနေန၊ အတွင်းသေနာပတိအရာဖြင့်။ အနုဂ္ဂဟော၊ ချီးမြှောက်တော်မူ၏။ သော၊ **ထိုအတွင်းသေနာပတိ အမတ်ကြီး**သည်။ တတိယော၊ ဘေး, ဘိုး, ဘယို့ တိုင်အောင် သုံးဆက်မြောက်သော။ အနုစရော၊ ရဲဘော်တည်း။

၉။ ရတနာပုဏ္ဏိကော၊ ရတနာပုံ ရွှေမြို့တော်ကြီးတည်ရာ ဖြစ်တော်မူသော။ ရာဇာ၊ မင်းတရားကြီးသည်။ ပုတ္တေသု၊ သားတော်တို့တွင်။ ပိဋ္ဌကတ္တယကောဝိဒံ၊ ပိဋကတ်သုံးပုံ၌ လိမ္မာသော။ အဘိဇစ္စံ၊ သားတော် အပေါင်းတို့တွင် မြင့်မြတ်သော အမျိုးရှိသော မင်းမျိုး အစစ်ဖြစ်သော။ သုမဒွဝံ၊ နူးညံ့သိမ်မွေ့သော စိတ်နှလုံးနှင့် ပြည့်စုံသော။ အမစ္စဂဏသာမဂ္ဂံ၊ မှူးမတ်အပေါင်းတို့သည် မင်း ဖြစ်ထိုက်ပေသည်ဟု စိတ်နှလုံးညီညွတ်သော။ ပုတ္တဲ့၊ သားတော် သီပေါမြို့စား မင်းသားကို။ ဥစ္စိနိတွာန၊ ရွေးချယ်စိစစ်တော်မူ၍။ ရဇ္ဇံ၊ နိုင်ငံကို။ ဒတွာ၊ ပေးတော်မူ၍။ ဝါ၊ လွှဲအပ်တော်မူ၍။ ဒိဝင်္ဂတော၊ နတ်ပြည်စံတော်မူ၏။

၁၀။ တသ္မိံ ဇယမာသန္တေ၀၊ ထိုသားတော် သီပေါမင်းသားသည် ရန်အပေါင်းကို အောင်မြင်၍ မင်းအဖြစ်သို့ ရောက်သော ပထမလ၏ အဆုံး ဒုတိယလဋ္ဌလျှင်။ ဘုပေါ၊ ရေမြေသေဋ္ဌနင်း သားတော်မင်းတရားသည်။ တံ အန္တော စမုသာမိကံ၊ ထိုအတွင်း သေနာပတိ အမတ်ကြီးကို။ အဂ္ဂသေနာပဘူတေန၊ နိုင်ငံအလုံး လွှဲအပ်သော **အဂ္ဂမဟာသေနာပတိ** ဖြစ်သော။ ဌာနေန၊ အရာဖြင့်။ အနုဂ္ဂဟော၊ ချီးမြှောက်တော်မူ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

၁၁။ တတော အပရကာလေတု၊ ထိုအဂ္ဂသေနာပတိဝန်ကြီး ဖြစ်ပြီးသည့် နောက်ကာလ၌၊ သော၊ ထိုမကွေးမြို့စား **ပန့်ရှင်တော်မင်းကြီး**သည်။ ရာဘောစ္စာ၊ မင်းခစား အဖြစ်မှ။ ဝိမုတ္တကော၊ လွတ်၏။ ဝေယျာဝစ္စံ၊ တိုင်းရေးပြည်မှု အကြီး အငယ်ကို။ အကတွာ၊ မပြုမူ၍။ နာနာဂန္ဆေဟိ၊ အထူးထူးသော ကျမ်းဂန်တို့ဖြင့်။ မောဒတိ၊ မွေ့လျော်နှစ်သက်၏။

၁၂-၁၃။ အာရောဂျံ၊ အနာရောဂါ ကင်းခြင်းသည်။ ဓမ္မတ္ထကာမ မောက္ခာနံ၊ ကိုယ်ကျင့်တရား, အကျိုးစီးပွား, ကာမဂုဏ်ချမ်းသာ, မဂ်ဖိုလ်နိဗ္ဗာန်ဟူသော စတုဝဂ္ဂတရား လေးပါးတို့၏။ ဥတ္တမံ၊ မြတ်သော။ မူလံ၊ အမြစ်ရင်းတည်း။ တဿ၊ ထို စတုဝဂ္ဂတရား လေးပါးကို လည်းကောင်း။ သေယျသော၊ မြတ်သော။ ဇီဝိတဿ စ၊ အသက်ကို လည်းကောင်း။ အပဟတ္တာရော၊ ပယ်ဖြတ်တတ်သည်တို့ကား။ ရောဂါ၊ ကိုးဆယ့်ရှစ်ပါးသော အနာရောဂါတို့တည်း။ တဿ၊ ထိုအနာရောဂါ ကင်းခြင်း၏။ မူလံ၊ အမြစ်ရင်းကား။ ယသ္မာ၊ အကြောင်ကြောင့်။ အာယုဗ္ဗေဒေါ၊ ဆေးကျမ်းတည်း။ တသ္မာ၊ ထို့ကြောင့်။ နာနာယုဗ္ဗေဒါ၊ အထူးထူးသော ဆေးကျမ်း အပေါင်းမှ။ ဥဒ္ဓိယ၊ ထုတ်ဆောင်၍။ လောကဟိတကော၊ လောက၏ အကျိုးစီးပွားဖြစ်သော။ အယံ အာယုဗ္ဗေဒေါ၊ **ဤဥတုဘောဇနသင်္ဂဟ** မည်သော ကျမ်းကို။ အဟံ၊ ငါသည်။ ကတော၊ ပြုစုစီရင်အပ်၏။

၁၄။ ဒွိ အဒ္ဒသူရိယေ၊ မြန်မာသက္ကရာဇ် ၁၂၄၂- ခု ဖြစ်သော။ သာကေ၊ သာကရာဇ် (သက္ကရာဇ်) ၌။ ဇေဋ္ဌကဇုဏှပက္ခိယေ၊ နယုန်လဆန်း ပက္ခ၌။ အဒ္ဓမိ၊ ရှစ်ရက်မြောက်သော။ အမရေဠုရဟေ၊ ကြာသပတေးနေ့၌။ အနာကုလေန၊ မနှောင့်မယှက်။ အယံ အာယုဗ္ဗေဒေါ၊ ဤဥတုဘောဇနသင်္ဂဟ အမည်ရှိသော ကျမ်းသည်။ သမ္မုဇ္ဇော၊ ပြီးပြည့်စုံ၏။

၁၅။ မေ၊ ငါ၏။ ဂါရဝေါ၊ အလေးပြုအပ်ကုန်သော။ ယေဂါရဝေါ၊ အကြင်ဆရာတော်တို့သည်။ စလောလ္လသိတဉာဏာဝရေန-အစလဉလ္လသိတ-ဉာဏာဝရေန၊ အလွန်မြတ်သော မန္ဒရမည်သော တောင်နှင့် တူ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သော မြတ်သော ဉာဏ်တည်းဟူသော။ အနန္တတန္တ ရတနာကရမန္တနေန၊ အဆုံး မရှိသော ကျမ်းဂန်တည်းဟူသော နို့ဓမ်း သမုဒ္ဒရာကို မွေနှောက်နိုင်သော မွေတံဖြင့်။ မေတ္တာ၊ မွေအပ်ကုန်သည် ဖြစ်၍။ သုခိတာ၊ ချမ်းသာစွာ။ လဒ္ဓါ၊ ရအပ်ကုန်သော။ သာရာတိ၊ အနှစ်သာရ ရှိသော သူတို့ဟူ၍။ မတာ၊ သမုတ်အပ်ကုန်၏။ တေဂါရဝေါ၊ ထိုဆရာတို့သည် သုခယန္တု၊ ချမ်းသာ စေကုန်သတည်း။ အညေန စ၊ တစ်ပါးသော ရန်အပေါင်းကိုလည်း။ ဂုဏ်ဟိ၊ ဂုဏ်တို့ဖြင့်။ ဇယန္တု၊ အောင်စေကုန်သတည်း။

၁၆။ သတ္ထသဒ္ဓိတပုညေန၊ ကျမ်းကို ဆည်းပူးပေါင်းစု စီရင်သော ကုသိုလ်ဖြင့်။ နိဗ္ဗာနသာဓကံ၊ နိဗ္ဗာန်ဟူသော အကျိုးသည် ပြီးစေသတည်း။ လောကနာထဿ၊ လောကသုံးပါး၏ နတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဒ္ဓမ္မော၊ သူတော်တရားဖြစ်သော ပိဋကတ်သုံးပုံသည်။ ဟိတံ၊ လောက အစီးအပွားကို။ သာဓေန္တော၊ ပြီးစေလျက်။ စိရံ၊ မြင့်ရှည်စွာ ကာလပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။ ဣတိ-ဣဒံ ပရိသမာပနံ၊ ဤသို့ သိမ်းရုံး နို့ဝုံးခါးပတ် အဆုံးသတ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤတွင် နိဂုံးနှင့်တကွ
ဥတုဘောဇနသင်္ဃာကျမ်း ပြီးပြီ။

———— * ————

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အကဒ္ဓရောစဉ် အညွှန်း

[အ]

အကြေးရိုင်ငါး ၂၁၃
အကြောလမ်းပိတ်ဆို့စေသော အဘိသန္ဓိဆေး ၆၆
အခါးရသ ၅၄
အခိုးရှူခြင်း ၄၁
အခိုးတို့၏ သတ္တိဂုဏ် ၁၁၈
အချဉ်ရသ ၅၃
အချဉ်သီး ၄-မျိုး ၅-မျိုး ၂၄၁
အချိန်ပမာဏ ဆန့်ကျင်ဘက် ၆၉
အဂတ္ထိကြြယ်မိုး ၁၁၀
အဏ္ဏဗျား ၁၆၇
အငန်ရသ ၅၃
အစာအလိုက်ဒုက်သား ၂၅၅
အစာကြေစေသော အာရုံ ၄၃
အစာကြေပါစနဆေး ၆၃
အစာစားရာ၌ ဒေသ-ကာလ ဆင်ခြင်ရန် ၃၅
အစာစားသင့် မသင့် ၃၆
အစာထည့်ခွက် ၃၆
အစပ်ရသ ၅၄
အဆင့်ဆင့် သာသောအစာ ၉၀
အဆင်းလှပခြင်းအကြောင်း ၄၄
အဆိပ်သတ်သား ၂၅၅
အသွေးက်တို့၏ အကျိုး ၂၆၆
အဒ္ဒေါတ္တရိဒသာကျမ်းလာ လူသက် ၂၃
အနုဆေး- ဂေါရာဥ်း ၃၅
အနုပအရပ် ၁၈
အနုပအသားမျိုး ၁၉၄
အပူခံခြင်း ၄၅
အပိန်-အဝ-အလိုက် ဥပဒ်ဖြစ်တတ်ပုံ ၂၄
အပိုင်းအလိုက်အသား ၂၅၅
အပွင့်အဖူးတို့၏ဂုဏ် ၂၅၈
အဖန်ရသ ၅၁
အဖျားသစ်-လတ်-ဟောင်း ၁၂၈
အမြစ်မျိုး ၅-ပါး ၁၇၁
အယနနှစ် ၄
အယနသွား ၆
အရနာလပုန်းရည် ၁၈၀
အသုတပုန်းရည် ၁၈၁
အရောအနှောနို့ ၁၃၂
အရောအနှော နို့ခမ်း ၁၃၉
အရည်နို့ခမ်း ၁၃၉
အရပ် ၃-ပါးနှင့်အနာ ၁၆
အရိုးမျိုးတို့၏ အကျိုး ၂၆၅
အရွယ်ကိုယ်ပုံသဏ္ဌာန်ပြခြင်း ၂၀
အရွယ်ချင့်၍ ဆေးပေးရပုံ ၂၀
အရွယ် ၃-ပါး ဆေးကျမ်းထွက် ၂၀
အရွယ် ၁၀-ပါး ၂၀
အသားမျိုးတို့၏ ဂုဏ် ၁၉၃
အသားမျိုး ၂-ပါး, ၈-ပါး ၁၉၃
အသားခြောက် ၂၅၅
အသားစော-တ် အမျိုးမျိုး ၂၁၆
အသီးမျိုးတို့၏ဂုဏ် ၂၁၉
အသီးနု, ရင့်တို့၏အကျိုး ၂၂၉
အသီးနှင့်အစေ့ အစွမ်းတူပုံ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အသက်တမ်းများ ၂၂
အသက်တစ်ရာရှည်ဆေး ၂၂၆
အသက်တိုကြောင်း အပြန်သိ ၅၁
အသက်ရှည်ရာ အနာကင်းကြောင်း အကျင့် ၄၇
အသက်ရှည် အနာကင်း-အင်္ဂါ ၅-ပါး ၅၀
အသက်ရှည်ရာအကျင့် ၂၁
အင်ဥ ၂၆၉
အင်္ကော်လိပင် အကြောင်းအရာ
အင်္ကော်လိသီး ၂၄၇
အင်းအိုင်ကို သရခေါ်ပုံ ၁၀၄
အင်းအိုင်ရေ ၁၀၄
အင်းငါး ၂၀၉
အံသာနှင့် မြန်မာတိုင် ၁၄
အံသုဒကရေ ၁၀၉
အန်စေသော ဝမနဆေး ၆၄
အန္နာသီ-ထမင်းစားသူငယ် ၂၀
အိပ်ခြင်း ၄၃
အိပ်ပျော်ဆေးနှင့် အသက်ရှည်ရာ ၄၇
အုန်းဥနှောက် ၂၂၇
အုန်းဆီ ၁၅၈
အုန်းရည်အကျိုး ၁၂၃
အုန်းသီး ၂၂၆
အုန်းသီးခြောက် ၂၂၇
အုန်းသီးနု ၂၂၆
အုပ်မုန်းဥ ၂၆၇
အောက်မည်းရွက် ၂၀၄
အိုသေ-နာသေ သား,ငါး ၂၀၅

[အာ]

အာစေးစေသော ထမ္ဘနဆေး ၆၇
အာဏာဘာရာခေါ် အဂတ္တိကြယ် ၉၇
အာယုဝဓုန-ရသာယနဆေး ၆၅
အာသုတပုန်းရည် ၁၈၀
အားကစား ရှောင်ကြဉ်ချိန် ၃၀
အားကစား ပြုလုပ်ချိန် ၃၀

[ဣ]

ဣရာဝတခေါ် ဧရာဝတီ ၂၃၆

[ဥ]

ဥတု ၆-ပါး ၃
ဥတု ၆-ပါး၌ ရှောင်ရန်အကျဉ်း ၈
ဥတု ၆-ပါး၌ ရှောင်ရန်အကျယ် ၉
ဥတု ၆-ပါးမိုးရေ ၉၆
ဥတု ၄-ပါးသာရှိသောအရပ် ၁၄
ဥတု, အရပ်ဒေသကိုပြခြင်း ၃
ဥတုအလိုက် ဝတ်ရုံခြင်း ၃၃
ဥတု ရတုခေါ်ပုံ ၇
ဥတု ရတုယူပုံ ၇
ဥတုအလိုက် လိမ်းခြင်း ၃၃
ဥတုသန္ဓိ ဥတုစပ် ၁၃
ဥတု၏ အကျိုးအပြစ် ၂၆၆
ဥတ္တရာယဉ် ၆
ဥဏှကဋိဗန္ဓအရပ် ၁၆

[ဦ]

ဦးခေါင်းဆီလိမ်းခြင်း ၄-ပါး ၁၆၀

[ဧ]

ဧကိခေါ် တောဆိတ်သား ၁၉၅

[ဩ]

ဩဇာသီး ၂၄၀

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

[က]

ကစော့ရွက် ၂၅၃
ကနုခိုသီး ၂၄၇
ကမလာ(ကမ္မလာ?)သီး ၂၃၈
ကလိမ်စေ့ဆီ ၁၅၈
ကရဝေးရွက် ၂၅၄
ကုလားပဲ ၈၂
ကုလားပဲရွက် ၂၅၄
ကုလားအုတ်နို့ ၁၂၉
ကုဇည်စပါးမျိုး ၇၅
ကုလားအုတ်ထောပတ် ၁၅၁
ကုလားအုတ်ကျင်ငယ် ၁၉၀
ကင်ပိမ့်ရွက် ၂၅၀
ကင်ပွန်းပွင့် ၂၅၈
ကတ္တုဆူးသီး ၂၄၂
ကန်ငါး ၂၀၉
ကန်စွန်းရွက် ၂၅၁
ကန်ရေ ၁၀၅
ကန့်ကလာရွက် ၂၅၄
ကိစ္စ ၂-ပါး အကျိုးအပြစ် ၁၉
ကိန္နရာသင်ငါးရာ ၂၃
ကုတ်လုပ်လေးတာအကြောင်း ၉၉
ကောက်ကြီးစသော ဓညစပါး ၇၂
ကောက်လတ်မျိုး ၇၄
ကောက်လျင်မျိုး ၇၅
ကိုယ်ပျောက်ရှိန်းပြီးခြင်း ၂၀၃
ကျီးအာသီး ၂၆၃
ကျီးအာရွက် ၂၅၄
ကျေးသား ၂၀၃
ကျက်ပြီးဝိပါကရသ ၅၆
ကျက်ပြီး အကျိုးအပြစ် ၅၇
ကျင်ငယ်မျိုးတို့၏ ဂုဏ်ကို ပြခြင်း ၁၈၉
ကျင်ငယ်အမျိုးမျိုး ၁၈၉
ကျည်းရွက် ၂၅၇
ကျောက်စက်ရေ ၁၀၇
ကျောက်တွင်းရေ ၁၀၄
ကျောက်ဖရုံရိုး ၂၆၅
ကျောက်ဖရုံသီး ၂၆၅
ကျောက်သလင်းကို ဖန်ခေါ်ပုံ ၁၀၇
ကျုံးရေ ၁၀၅
ကြစုသီးနှင့် ဖန်ခါးသီး ၂၄၃
ကြစုသီး အရသာ ၅-ပါး ၂၄၄
ကြစုသီးနှင့် ဖက်စပ်ရန် ၂၄၅
ကြစုသီးမျိုးတို့ ဖြစ်ရာဒေသ ၂၄၄
ကြစုသီး ၇-မျိုး ၂၄၂
ကြာဥကြာစွယ် ၂၆၉
ကြာဆံမုန့်တီလုပ်ပဲမျိုး ၈၁
ကြာပန်း ၂၇၀
ကြေခဲခြင်း ၃-ပါး ၃၉
ကြံ ၄-ပါး ၁၇၀
ကြံမျိုးသကာမျိုးတို့၏ဂုဏ် ၁၆၉
ကြံကြီး ၁၆၉
ကြံအို ၁၇၀
ကြံဆစ်စိပ် ၁၇၀
ကြံနီ ၁၇၀
ကြံနု ၁၇၀
ကြံနက် ၁၆၉
ကြံပျို ၁၇၀
ကြံဖြူ ၁၆၉
ကြံမြစ် ၁၆၉
ကြံရည်၌ အယူအဆ မတူပုံ ၁၇၁

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အကွာရာစဉ် အညွှန်း ၂၈၁

ကြံရည်ကျက် ၁၇၁
ကြံရည်တို့၏ အကျိုးအပြစ် ၁၇၁
ကြံရည်သန့်မသန့် ၁၇၁
ကြံရည် အပြစ် ၅-ပါး ၁၇၂
ကြံရိုင်း ၁၇၀
ကြံသား ၂၀၅
ကြက်ဆူဆီ ၁၅၆
ကြက်ဆူရွက် ၂၀၇
ကြက်သား ၁၉၉
ကြက်ဟင်းခါးရွက် ၂၀၇
ကြက်ဟင်းခါးသီး ၂၆၂
ကြဉ်ရှောင်ဖွယ်များ ၄၆
ကြိတ်မှန့်ရွက် ၂၀၀
ကြိမ်ညောက် ၂၆၆
ကြိမ်သီး ၂၆၅
ကြောင်ပန်းရွက် ၂၀၀
ကြောင်လျှာသီး ၂၆၄
ကြို့ဆီ ၁၅၈
ကြို့သီး ၂၂
ကျဲကျင်ငယ် ၁၈၉
ကျဲသား ၂၀၅
ကျဲနို့ ၁၂၈
ကျဲနို့ထောပေး ၁၄၆
ကျဲနို့ခမ်း ၁၃၈
ကြွက်မန်းကိုက်လျှင် သေသည် ၂၂၈
ကြွက်သား ၁၉၈

[ခ]

ခပေါင်းရေကြည်သီး ၂၄၂
ခရုစသည်အခွံရှိသား ၂၀၇
ခရမ်းကစော်သီး ၂၆၄
ခရမ်းပိမ့်သီး ၂၄၅
ခရမ်းသီး ၂၆၃
ခဝဲသီး ၂၆၄
ခါသား ၂၁၀
ခီရသာက မည်သော နို့မျိုး ၁၃၄
ခုတင်, မွေ့ရာစသည်အကျိုး ၄၂
ခေါမအဝတ် ၈၄
ခံသီး ၂၄၂
ခဏ္ဍခေါ်တင်လဲ ၁၇၃
ခတ်ဆေးကို ပျက်ပြယ်ဆေး ၆၆
ခတ္တာပွင့် ၂၇၀
ခီဠာဒသက ၂၀
ခေါင်းလျှော်ခြင်းအကျိုး ၁၂၁
ခေါင်းလျှော်ရည် ၃၂
ခိုသား ၂၀၂
ချရားသီး ၂၄၀
ချေသား ၁၉၅
ချေးတွန်းခြင်း ၃၂
ချေးတွန်းမှုန့် ၃၂
ချက်၍စားကောင်းသော-
အသီး စသည်ဂုဏ် ၂၄၉
ချက်ပြီးနို့ခမ်း ၁၃၉
ချဉ်ပေါင်ရွက် ၂၂၁
ချစ်ကြိုက်စေသော
ဝသီကရဏဆေး ၆၆
ချို-ချဉ်-ရသာ သုံးဆောင်နည်း ၃၇
ချို-ဆိမ့်ရသ ၁၂
ချိုးသား ၂၀၂
ဂွာတစ်လုံးဆီ ၁၅၉
ခွံနက်ကောက်လတ်ခေါ်-
ကောက်လျှင်ကြီး ၇၅
ခွေးထွက်စေသော ပမာထိဆေး ၆၆

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ခြေရှိ ရေနေသား ၂၀၈
[ဂ]
ဂူအောင်းသား ၁၉၈
ဂိမှဥတုဒ်ဖြစ်ပျက်ပုံ ၁၂
ဂုဏ် ၁၈–ပါး၌ အကျိုးအပြစ် ၅၇
ဂျုံစပါး ၃–မျိုး ၇၆
ဂျုံစသော ကုည်စပါးမျိုး ၇၅
ဂြိုဟ်အလိုက်ရတနာ ၃၄
ဂြိုဟ်ပြောင်းလမတူ ၆
[ဃ]
ဃနာန္ဒိထမင်း ၁၅၂
[င]
ငါးဥ ၂၁၄
ငါးအုံတုံ ၂၁၂
ငါးကြီး ၂၁၄
ငါးကြီးဆီ ၁၅၉
ငါးကြဲ (ကျည်း?) ၂၁၁
ငါးကြော် ၂၁၄
ငါးကြင်း ၂၁၀
ငါးခုံးမ ၂၁၁
ငါးခူ ၂၁၁
ငါးခြောက် ၂၁၄
ငါးငယ် ၂၁၄
ငါးစင်ရိုင်း ၂၁၁
ငါးဆားနယ် ၂၁၄
ငါးထန်းရွက် ၂၁၃
ငါးနုသန်း ၂၁၂
ငါးပတ် ၂၁၀
ငါးပျက် ၂၁၃
ငါးပြေမ ၂၁၂
ငါးဖယ် ၂၁၃
ငါးမီးဖုတ် ၂၁၄
ငါးမျိုး ၂၀၈
ငါးမြင်း ၂၁၀
ငါးမြွေ ၂၁၁
ငါးရံ့ ၂၁၂
ငါးရံ့ခိုင်း ၂၁၂
ငါးရံ့ပါးငယ် ၂၁၃
ငါးရှဉ်းဆယ်ဇာတ်လာ–
လေးအမျိုးမျိုး ၁၀၁
ငါးလင်ပန်း ၂၁၃
ငါးသလောက် ၂၁၂
ငါးသိုင်း ၂၁၃
ငန်းကို ဟသ်ာ ခေါ်ကြောင်း ၂၀၆
ငပ်ခြင်း, ပျက်ခြင်း, ငြိမ်းခြင်း ၁၅
ငူသား ၂၀၂
ငုံးသား ၂၀၁
ငှက်ဥ ၂၀၇
ငှက်ပျောကြေဆေး ၂၂၆
ငှက်ပျောနုံသာပု ၂၂၄
ငှက်ပျောပညာ ၂၂၆
ငှက်ပျောဖူး ၂၅၈
ငှက်ပျောမျိုးစုံ ၂၂၄
ငှက်ပျောမြစ် ၂၂၆
ငှက်ပျော (ဖို, မ, ပုနှံ:)
၃–မျိုး ၂၂၄–၂၂၅
ငှက်ပျောပင်မှည့် ၂၂၅
ငှက်ပျောသီးမှည့် ၂၂၄
ငှက်ပျောသီးစိမ်း ၂၂၄
[စ]
စပါးကြီးသား ၁၉၈
စပါးမျိုးတို့၏ အကျိုးအပြစ် ၇၂

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

စပါးမျိုး ၇-ပါး ၇၉
စပါးမျိုး ၃-မျိုး ၇၂
စပျစ်သီး ၂၈၂
စမုန်ဖွဲရွက် ၂၁၂
စမြိတ်ရွက် ၂၁၂
စရကာရည် ၁၈၁
စရိုအရိုး ၂၆၆
စာမရီသား ၂၀၅
စာသား ၂၀၂
စားဖွယ်လုပ်နည်း
ရသာလအမျိုးမျိုး ၁၄၅
စူလာနဖာရွက် ၂၂၃
စေတကီကြစုသီး ၂၄၃
စက္ကဝါက်မှာ ဖိုမတွဲနေကြောင်း ၂၀၆
စက္ကဝါက်သား ၂၀၆
စကြ်သွားခြင်းအကျိုး ၅-ပါး ၄၁
စင်ကြယ်သောရေ ၉၃
စန္ဒရကန်ကျောက် ၁၀၈
စိမ်ရည်ပုန်းရည်တို့၏အကျိုး ၁၈၃
စိမ့်စမ်းရေ ၁၀၇
စုက္ကပုန်းရည် ၁၈၁
စုံကဓာတ် (စုံပတတ်)သီး ၂၂၃
ဇံစာင်းလျားသီး ၂၃၉
စိုင်သား ၁၉၇
စော-တ်နှင့် ယူသ ၂၁၆
စော-တ်ပြုတ်ခေါ် ယူသ ၉၁
စွန်ပလွံသီး ၂၃၃
စွန်းသောဆီ, မစွန်းသောဆီ ၁၆၀

[ဆ]

ဆာခြင်း, မွတ်ခြင်းအထူး ၉၀
ဆား၌ အချဉ်ဓာတ်ရှိပုံ ၇၀
ဆီခတ်ခြင်း ၃၁
ဆီနယ်ခြင်း ၃၁
ဆီမျိုးတို့၏ဂုဏ် ၁၅၄
ဆီလိမ်းခြင်း ၃၁
ဆီလိမ်းနယ်ခြင်းအကျိုး ၁၆၀
ဆီဟောင်း, ဆီသစ် ၁၅၅
ဆီးခဲရေ ၉၅
ဆီးချိုသီးကြီး ၂၄၁
ဆီးဖြူသီး ၂၄၆
ဆီးသီးဆံ ၂၃၂
ဆီးသီးကြီး ၂၃၁
ဆီးသီးချဉ် ၂၃၁
ဆီးသီးချို ၂၃၁
ဆီးသီးခြောက် ၂၃၁
ဆီးသီးစိမ်း ၂၃၁
ဆည်ကန်ခေါ် တဠာက ၁၀၅
ဆည်းဆာအခါ ၄၇
ဆူးပန်းဇေ့ဆီ ၁၅၈
ဆူးပန်းရွက် ၂၂၆
ဆူးလေရွက် ၂၂၆
ဆူးရိုက်ြ ၁၇၀
ဆေးရုလပတ်ရည် ၁၇၅
ဆင်သမန္တယ်ရွက် ၂၂၃
ဆင်ကို သဋ္ဌိဟာယန ခေါ်ပုံ ၂၃
ဆင်ကျင်ငယ် ၁၉၀
ဆင်နို့ ၁၂၉
ဆင်နို့ခမ်း ၁၃၉
ဆင်သား ၂၀၅
ဆတ်သား ၁၉၇
ဆပ်စပါး ၇၇
ဆံဖြီးခြင်းအကျိုး ၃၀

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ဆန်မဆေး ထမင်း ၈၇
ဆန်ပြုတ်စသည်တို့၏ဂုဏ် ၈၉
ဆန့်ကျင်ဘက် အစာကိုပြခြင်း ၆၈
ဆန့်ကျင်ဘက် အစာဖြေ ၇၁
ဆိတ်ကျင်ငယ် ၁၉၀
ဆိတ်နို့ ၁၂၈
ဆိတ်နို့ထောပတ် ၁၅၁
ဆိတ်နို့, နို့ခမ်း ၁၃၈
ဆိတ်သား ၂၀၃

[ဇ]

ဇင်္ဂမဆီ ၁၅၉
ဇင်္ဂလအရပ် ၁၈

[ည]

ညောင် ၃-မျိုး ၁၀၆

[တ]

တမာသီးဆံဆီ ၁၅၈
တမာရွက် ၁၅၆
တလည်းသီး ၂၃၉
တာ-အဆုံးအဖြတ် ၁၀၁
တိဏရာဇာ-မြက်မင်းမျိုး ၂၇
တြိဖလ ၂၄၆
တိရစ္ဆာန်ကြီးငယ်သား ၂၁၆
တူလာမေဟနာ
တောကြက်သား ၁၉၉
တက္ကတို့၏ ဂုဏ်ကိုပြခြင်း ၁၄၂
တင်ကျီးသား ၂၀၆
တည်သီး ၂၂၈
တောင်ကျရေ ၁၀၃
တောင်တလည်းသီး ၁၃၉
တောင်ပိန္နဲသီး ၂၂၃
တောင်ဝှေးဆောင်ခြင်း ၄၅
တွင်းအောင်းသား ၁၉၇
တွင်းငါး ၂၀၉
တွင်းရေ ၁၀၅

[ထ]

ထမင်းအေး ၈၇
ထမင်းချက်ပုံ ၈၇
ထမင်းခြောက် ၈၇
ထမင်းစား-ခါနီး
ရေချိုးသင့်ကြောင်း ၁၂၃
ထမင်းစားပြီးစ နေထိုင်ပုံ ၄၁
ထမင်း ပူ-အေး-ပျော့-မာ ၃၈
ထမင်းပျော့ခေါ် ဝိလေပီ ၉၀
ထမင်းသစ်, ထမင်းကြမ်း ၈၇
ထမင်းရည်၏ဂုဏ် ၈၆
ထီးအုံပျား ၁၆၆
ထီးဆောင်းခြင်း ၄၅
ထီး, မ ကျင်ငယ် ၁၉၁
ထူးသောငါး ၂၀၉
ထောပေး ၁၃၄
ထောပေးခေါ် နဝနီတ ၁၄၇
ထောပတ်တို့၏ဂုဏ် ၁၄၈
ထောပတ် ၁၃၄
ထောပတ်ကြည် ၁၅၃
ထောပတ်သစ် ၁၅၂
ထောပတ်ဟောင်း ၁၅၂
ထောပတ်၏ ရသာယနအကျိုး ၁၄၈
ထန်းသီးနု ၂၂၇
ထန်းသီးမှည့် ၂၂၇
ထိုင်းမှိုင်းစေသော မောဟနဆေး ၆၇
ထိုးဆွစားသား ၂၀၁

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အက္ခရာစဉ် အညွှန်း ၂၈၅

[ဒ]

ဒရယ်သား ၁၉၅
ဒုကူလအဝတ်ပုဆိုး ၈၄
ဒေသအလိုက်နို့ရည် ၁၂၇
ဒေါနပန်းကို-
ဒေါဏပုဖို-သဒ္ဒါမဟော ၂၅၂
ဒေါသသုံးပါး ၁၅
ဒေါသနိုင်နည်း ၄-ပါး ၄၃
ဒေါသခွဲ-ဘေဒနဆေး ၆၃
ဒေါသဃာတက
ရောဂဃာတကဆေး ၂၂၈
ဒေါသထုတ် သမနဆေး ၆၃
ဒေါသသက် အနုလောမနဆေး ၆၃
ဒက္ခိဏာယဉ် ၆
ဒင်္ဂလီခေါ် (ဒေလိန့်ကုရုတိုင်း) ၁၇
ဒန်ပူအမျိုးမျိုးတို့၏ အကျိုးအပြစ် ၂၆
ဒန်ပူစားကျိုး ၅-ပါး ၂၈
ဒန်ပူမစားသင့်သူ ၂၆
ဒံပေါက်ထမင်း ၈၅
ဒန့်သလွန်ပွင့် ၂၁၈
ဒန့်သလွန်သီး ၂၆၃
ဒိန်ခဲ ၁၃၅
ဒုဒ္ဓါသီ-နို့စို ၂၀
ဒုဒ္ဓန္နာသီ-နို့စိုနှင့် ထမင်းစား ၂၀
ဒေါက်ခွရွက် ၂၅၁
ဒေါင်းသား ၂၀၁
ဒိုင်လာသကြား ၁၇၃
ဒွါဒရာသီဓာတ်ကျမ်းမယုံအပ် ၆၁
ဒွမ္ဘာသား ၂၀၄

[ဓ]

ဓညမွှေလပုန်းရည် ၁၈၀
ဓာတ်စာများကိုပယ်ခြင်း ၆၂
ဓာတ်ခန်းဓေသော ဝိကာသိဆေး ၆၅
ဓာတ်လွန်ရာသဖြစ်ပုံ ၅၀

[န]

နဝနီတတို့၏ ဂုဏ်ကိုပြခြင်း ၁၄၆
နဝရတ်လက်စွပ် ၃၅
နရွဲသီး ၂၃၅
နာနတ်သီး ၂၂၁
နားကို ဆီဝတ်ခြင်းအကျိုး ၁၆၂
နေလနက္ခတ်တို့-
သွားလာခြင်းအကြောင်း ၁၂၁
နေသွားလမ်းစွဲ၍
ပူခြင်း, အေးခြင်း ၁၃
နေ့-နံအလိုက်-
ရတနာဝတ်ဆင်ရကျိုး ၃၄
နံနံစေ့ဖျော်ရည် ၁၇၇
နံနက်နို့ ညဉ့်နို့ ၁၃၂
နံ့သာလိမ်းကျံခြင်းအကျိုး ၃၁
နက္ခတ္တိကနှစ် ၄
နတ်စပါးကြီးငယ် ၇၈
နို့မျိုးတို့၏ဂုဏ် ၁၂၅
နို့မျိုးတို့၌ရှိသော
ဓာတ်များဇယား ၁၃၁
နို့ရှိဝတ္ထုခွဲထုတ်နည်း ၁၃၅
နို့ကျက်-နို့စိမ်း ၁၃၀
နို့ခဲအိုး ၁၃၀
နို့စိမ်းထောပေး ၁၄၆
နို့စိမ်းထောပတ် ၁၅၂
နို့သောက်ချိန် ၁၃၂
နို့ဓမ်းတို့၏ဂုဏ် ၁၃၄
နို့ဓမ်းမလိုင် ၁၄၀

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

နို့ခမ်း ၆-မျိုး ၁၃၆-၁၃၇
နို့ခမ်းရည် ၁၄၀
နွားကျင်ငယ် ၁၈၉
နွားနို့ထောပေး ၁၄၆
နွားနို့ထောပတ် ၁၅၀
နွားနို့ နို့ခမ်း ၁၃၈
နွားနို့သီးနှင့် တူသော မုကွသီး ၂၃၃
နွားနက်စသည်တို့နို့ရည် ၁၂၆
နွားနောက်သား ၁၉၇
နွားသား ၂၀၄
နွားလျှာကြီးရွက် ၂၅၃
နှင်းဆီမျိုးတို့၏အကျိုး ၂၇၁
နှင်းဆီ ၃-မျိုး ၂၇၁
နှင်းရည် ၉၅
နံစားပြောင်း ၇၈
နှပ်ချို့သီး ၂၄၇
နှမ်းချပ်ကို ဘီသွာခေါ်ပုံ ၈၄
နှမ်းဆီ ၁၅၄
နှမ်း ၃-မျိုး ၈၃

[ပ]

ပကတိသင့်-
မမာလျှင် မသင့်အစာ ၂၂၈
ပဏာမနှင့် ပဋိညာဉ် ၁
ပဒုမာရွက် ၂၅၇
ပရန္နဝါရွက် ၂၅၅
ပါဏ-သဒ္ဒါ
အသက်ဟော မဟုတ် ၄၇
ပီယုသခေါ် နို့ခဲ ၁၃၅
ပီလောရွက် ၂၅၅
ပုဂံပုန်းရည် ၁၇၈
ပုစွန်ဆိတ် ၂၁၁
ပုစွန်ထုပ် ၂၁၁
ပုစွန်လုံး ၂၀၈
ပူလောင်စေသော တာပနဆေး ၆၇
ပေယျသခေါ် ကြာသောနို့
ပေါရိုဏာဒမင်း အသက်တစ်ရာ ၂၃
ပဲမျိုးတို့၏ဂုဏ် ၇၂
ပဲစာဥ ၈၃
ပဲစင်းငုံ ၈၂
ပဲဒလက်သီး ၈၂
ပဲနုံသာရွက် ၂၅၅
ပဲနောက်ပဲသီးမျိုး ၈၀
ပဲရာဇာ ၈၂
ပဲသီပဲနောက် စသော
သမီညေစပါး ၇၂
ပဲလင်းမြွေသီး ၂၆၂
ပဲလွမ်းရွက် ၂၅၆
ပင်စိမ်းရွက် ၂၅၄
ပင်လယ်ငါး ၉၈
ပင်လယ်ရေ ၉၈
ပဥ္စဂုံတွဂရပါဠိတော်လာစကား ၂၇
ပညာဒသက ၂၂
ပင့်ကူထိပ်ပိတ်ရွက် ၂၅၂
ပန်းပန်ခြင်း ၃၄
ပန်းပွင့် ဖိုမ ၂-မျိုး ၁၈၅
ပန်းရက်ရည် ၁၆၅
ပန်းသင်းပျား ၁၆၆
ပဿာရဒသက ၂၂
ပိတ်တကျည်ရွက် ၂၅၇
ပိန်စေသော ဆေးနဆေး ၆၄
ပိန္နဲစေ့ ၂၂၂
ပိန္နဲနှင့် ထောပတ် ၂၂၃

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အက္ခရာစဉ် အညွှန်း ၂၈၇

ဝိန္ဒဲပွင့် ၂၅၉
ဝိန္ဒဲသီးစိမ်း ၂၂၂
ဝိန္ဒဲသီးနု ၂၂၃
ဝိန္ဒဲသီးမှည့် ၂၂၃
ဝိန်းဥ ၂၆၈
ပုန္နား (ပုဏ္ဏား) ခေါ်ပုံ ၁၀၃
ပုန်းရည် စိမ်ရည်လုပ်နည်း ၁၇၈
ပေါက်နွယ်ဥ ၂၆၈
ပေါက်ပန်းပွင့် ၂၅၈
ပေါက်ပွင့် ၂၅၈
ပေါက်ပေါက်ပြုတ်ရည် ၈၆
ပေါက်သီး ၂၆၅
ပေါင်းပြန်ရေ ၁၁၉
ပိုလ်အဆုံးအဖြတ် ၉၉–၁၀၀
ပိုးစာသီး ၂၄၁
ပျားကြီးရည် ၁၆၄
ပျားရည်တို့၏ဂုဏ် ၁၆၃
ပျားရည်ချက်ဆေး ၁၆၇
ပျားရည်သစ် ၁၆၇
ပျားရည်ဟောင်း ၁၆၈
ပြုပြင်ချက်ပြုတ်ဆန့်ကျင်ဘက် ၆၉
ပြင်ကဲ ရောစပ်ဆန့်ကျင်ဘက် ၇၀
ပြောင်သား ၁၉၇
ပြောင်းဖူး၏ဂုဏ် ၇၉

[ဖ]

ဖာကီတခေါ် တင်လဲ ၁၇၃
ဖိနပ်စီးခြင်း ၃၅
ဖက်စပ်မစားကောင်းသော အစာ ၆၈
ဖက်စွတ်ရေ ၁၀၃
ဖက်သက်ကို ပရူသ–
သဒ္ဒါမဟာ ၂၄၀
ဖို–မ သား ၂၅၅
ဖျော်ရည်လုပ်နည်း ၁၇၆
ဖျံ၃ ၂၆၆
ဖျောက်ဆိတ်မွန်းတည့် ၁၁၁
ဖြူသား ၁၉၈

[ဗ]

ဗလဒယက ၂၊
ဗယာကြော် ၁၇၈
ဗယာကြော်ပုန်းရည် ၁၇၈
ဗာလအရွယ် ၂၀
ဗာဒံသီး ၂၃၄
ဗျိုင်းသား ၂၀၆
ဗျစ်ခါးလုပ်နည်း ၁၈၅
ဗြဟ္မစာရီ–သဒ္ဒါ၏အနက် ၅၀
ဗြဟ္မမုဟုတ္တအခါ ပြုကျင့်ဖွယ် ၂၅
ဗြဲးမွေးရွက် ၂၅၅

[ဘ]

ဘိသွာစေ့ ၈၄
ဘူးသီး ၂၆၂
ဘူးခါးသီး ၂၆၂
ဘူးရွက် ၂၅၇
ဘူးရိုး ၂၆၅
ဘီသွာဆီ ၁၄၇
ဘီလုံးသား ၂၀၀
ဘေသဇ္ဇမဋ္ဌသာဂါထာ ၈

[မ]

မချိုသောသရက်သီး ၂၂၁
မစားကောင်းသော အသား ၂၁၆
မစားမီ ဆင်ခြင်ရန် ၃၇
မစားမီ ပြုရန် ၃၇

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မလိုင် ၁၃၂
မလိုင်နှတ်နို့ခမ်း ၁၃၉
မသောက်ကောင်းသော မိုးရေ ၉၆
မဟာသုတသောမမင်း-
အသက်တစ်ရာ ၂၃
မာလကာသီး ၂၄၇
မီးခိုး ၁၁၈
မီးလွဲပြစ် ၅-ပါး ၄၆
မုယောကျွဲစသော ကုည်စပါး ၇၅
မုယောစပါး ၃-မျိုး ၇၆
မုဇယာစိမ်းပုန်းရည် ၁၇၉
မူးယစ်စေသော ဗျာဝါယီဆေး ၆၅
မောမူဟဒသက ၂၂
မက်လင်သီး ၂၃၈
မဏ္ဍက္ကိခေါ် သကြားကြမ်း ၁၇၃
မဏ္ဍိမအရွယ် ၂၀
မတ်ပဲ၏ဂုဏ် ၈၁
မတ်ပဲကြီးမျိုး ၈၁
မန်ကျည်းသီး ၂၃၉
မန်ကျည်းပွင့် ၂၅၉
မန်ကျည်းဖျော်ရည် ၁၇၆
မန်ကျည်းရွက် ၂၅၆
မန္တလေးမြို့နှင့် ဓင်္ဂလာအရပ် ၁၈
မန္ဒဒသက ၂၀
မာရ်နတ်မင်းမြား ၅-စင်း ၆၇
မယ်ဓယ်ဆီ ၁၅၈
မိန်းမအရွယ်ပိုင်း ၄-ပါး ၄၇
မုတ္ထကိတ်နာ
မုတ္ထဃာတ်နာ
မုန်လာဥ ၂၆၇
မုန်လာဥ, ဝက်မြေ့ သကြားများ ၁၇၄
မုန်ညင်း ၂-မျိုး ၈၅
မုန်လာရွက် ၂၁၂
မုန်ညင်းဆီ ၁၅၆
မုန်ညင်းရွက် ၂၅၄
မုန်ညင်းရိုး ၂၆၅
မုန့်နပ် ၉၀
မိုးများစွာ ရွာသောအရပ် ၁၂၀
မိုးရေ ၉၄
မိုးသီးရေ ၉၄
မျက်စဉ်းခတ်ခြင်း အကျိုး ၂၉
မျက်နှာသစ်ခြင်းအကျိုး ၂၈
မျောက်လုပ်သီး ၂၆၄
မြူရွက် ၂၄၉
မြေဥ ၂၆၉
မြေတွင်းရေ ၃-ပါး ၉၇
မြေများ ၁၆၆
မြေပုံခရမ်းသီး ၂၆၄
မြင်းကျင်ငယ် ၁၉၀
မြင်းခွာရွက် ၂၅၁
မြင်းထောပတ် ၁၅၁
မြင်းနို့ ၁၂၉
မြင်းနို့ခမ်း ၁၃၈
မြင်းသား ၂၁၄
မြစ်ကြီး, မြစ်ငယ်များ ၉၉
မြစ်ငါး ၂၀၉
မြစ်ဖြတ် ဆေဒနဆေး ၆၄
မြစ်ရေများ ၉၈
မြစ်ရေ သောက်ကောင်းသော
အချိန် ၁၀၄
မြန်မာပြည် မြစ်ကြီး မြစ်ငယ် ၉၉
မျောက်ဥ ၆-မျိုး ၂၆၈

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

မြွေသား ၁၉၈
မှော်ခြောက်ထွက်ရာ ၂၇၀
မှန်ကြည့်ခြင်းအကျိုး ၃၀
မှန်ရောင်သကြား ၁၇၄
မှိုဥ ၂၆၉
မှိုနတိုရွက် ၂၅၁

[ယ]

ယခု ဘုရားအသက်တမ်းတစ်ရာ ၂၂
ယမဒါဌာရက် ၁၃
ယမန်နေ့က ထောပတ် ၁၅၂
ယာဂုအကျိုး ၅-ပါး ၈၉
ယူဇနာဖွဲ့ပုံ ၁၀၂
ယက်စားသား ၁၉၉
ယာဉ်စီးခြင်း ၄၅
ယင်ပျားငယ်ရည် ၁၆၄
ယင်ပျားလတ် ၁၆၄
ယပ်လေတ်ခြင်း ၄၂
ယုန်သား ၁၉၈

[ရ]

ရမနေကို သေပဏ္ဍိ-သဒ္ဒါမဟော ၂၄၀
ရသ ၆-ပါး၌ အကျိုးအပြစ် ၅၂
ရသဝိပါကစသည် ၅၂
ရာရာ-သဒ္ဒါ ပြောင်ဟော ၁၉၇
ရူးသွပ်စေသော ဥမ္မာဒနဆေး ၆၇
ရေ ၂-မျိုးမှ ၄-မျိုး ၉၄
ရေအမျိုးမျိုးတို့၏ အကျိုးအပြစ် ၁၀၃
ရေ၏ ဂုဏ်ကိုပြခြင်း ၉၃
ရေအေးအစွမ်း ၁၁၂
ရေအေးနှင့်သင့်သူ ၁၁၂
ရေကညို့ရွက် ၂၅၆
ရေကနဖော်ရွက် ၂၅၆
ရေကူးသား ၂၀၆
ရေကျက်အေး ၁၁၄
ရေကြောခြင်း အချိန်ကာလ ၁၁၅
ရေခိုး ၁၁၈
ရေခိုးရေမွှန့် ၁၁၉
ရေချို ရေငန်ငါး ၂၁၃
ရေချိုးခြင်းအကျိုး ၁၂၁
ရေချိုးခြင်း ၃၂
ရေစင်နှင့် ဝေဿန္တရာဇာတ် ၁၁၂
ရေစင်အလေးချိန်ပြုပုံ ၁၂၀
ရေစင်ကြယ်အောင် လုပ်နည်း ၁၁၆
ရေညို ရေမှော်တို့၏ အကျိုး ၂၇၀
ရေညို ၂၇၀
ရေထွက်ချောင်းရေ ၁၀၆
ရေနွေးချက်နည်း ၁၁၃
ရေနွေးသောက်ခြင်းအကျိုး ၁၁၃
ရေနွေးနှင့်သင့်သူ ၁၁၃
ရေနှင့် မသင့်သူ ၁၁၄
ရေဖန်တုံး အပူလွန်ခြင်း ၁၁၈
ရေမှော် ၂၇၀
ရေ၅၂ခြင်းအကျိုး ၂၈
ရေသကျည်းရွက် ၂၅၆
ရေသောက်ခြင်း ၄၀
ရေသောက်ခြင်းအကျိုး ၂၉
ရက်တက် ၁၃၅
ရက်တက်ခေါ် တက္က ၅-မျိုး ၁၄၂
ရစ်သား ၂၀၀
ရိတ်ဖြတ်ခြင်းအကျိုး ၂၉
ရွာကောင်သား ၂၀၃
ရှလပတ်ရည်လုပ်နည်း ၁၇၅

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

ရှဉ်မတက်ညောက် ၂၆၆
ရှဉ်မတက်မြစ် ၂၆၇
ရှဉ်သား ၁၉၉
ရှမ်းဆေးခါးရွက် ၂၅၄
ရှမ်းနှမ်းဆီ ၂၅၄
ရှောက်ပန်းသီး ၂၃၆
ရှောက်ချဉ်သီး ၂၃၇
ရှောက်ရိုသီး ၂၃၇
ရွေထမင်း ၈၈
ရွေဖရုံသီး ၂၅၉
ရွေအိုးရှိမှန်းသိရပုံ ၂၀၂

[လ]

လရောင်စသည်အကျိုး ၄၇
လအလိုက်ရေများ ၁၀၉
လူကျင်ငယ် ၁၉၀
လူထောပတ် ၁၅၁
လူနို့ — ၁၂၉
လူနို့ခမ်း ၁၃၉
လူသက် ဆင်သက်တူပုံ ၂၄
လူသက်နှင့် ဂြိုဟ်သက်ပေါင်း ၂၄
လူးစပါး ၇၇
လေ၏ အလေးချိန် ၁၂၀
လေကြောင့် ပူခြင်း ၁၁၈
လေချုပ်စေသော ထမ္ဘနဆေး ၆၄
လေနိုင်မနိုင်သော ပဲမျိုး ၈၅
လေမရှိရာ အရပ် ၁၂၁
လေ ၃-မျိုး ၁၀၃
လောဏသောဝီရပုန်းရည် ၁၈၀
လောလောသေ သားငါး ၂၁၄
လက်ဆေးခြင်း ၄၁
လက်ပံပွင့် ၂၅၈
လင်းနို့သား ၁၉၉
လင်းလွန်းသီး ၂၃၄
လယ်ကွက်ရေ ၁၀၇
လိပ်သား ၂၀၈
လိမ္မာက်-လိမ္မာကောအထူး ၂၃၆
လိမ္မော်သီး ၂၃၆
လုတ်ဆေးခြင်း ၄၁
လုတ်ဆေးခြင်းအကျိုး ၂၈
လွန်ဆံဆီ ၁၅၈
လွန်သီး ၂၃၄

[ဝ]

ဝသန္တဥတုခွဲ ဖြစ်ပျက်ပုံ ၁၂
ဝါစေ့ ၂၆၅
ဝါရုဏီသေမျိုးလုပ်နည်း ၁၆၃
ဝါရွက် ၂၅၇
ဝါးညောက် ၂၆၆
ဝိပါက ၃-ပါး၌ အကျိုးအပြစ် ၅၆
ဝိသုဒ္ဓိမဂ်ကျမ်းလာအရွယ် ၃-ပါး ၂၁
ဝီထိ ၃-ပါးနှင့်မြို့ ၁၆
ဝီသောတ္တရိဒသာ ကျမ်းလာ လူသက် ၁၂၀ ၂၄
ဝီဟိခေါ် ကောက်လတ်စပါး ၇၂
ဝေလငါးနှင့် ကကူရံ ၂၀၉
ဝေဿန္တရာ အသက်တမ်းတစ်ရာ ၂၄
ဝက်မြေ့ ၂၆၉
ဝက်သား ၂၀၅
ဝက်ဒသက ၂၁
ဝတ်ဆင်ရန် ရတနာ ၃၄
ဝတ္ထုဖက်စပ် ဆန့်ကျင်ဘက် ၆၈
ဝဿာနဥတုခွဲ ဖြစ်ပျက်ပုံ ၈
ဝမ်းကျစေသော သံသောဓနဆေး ၆၄

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

အက္ခရာစဉ် အညွှန်း ၂၉၁

ဝမ်းချုပ်စေသော ဂါဟီဆေး ၆၄
ဝမ်းနုတ်ဆီ ၁၅၇
ဝမ်းနုတ်ဝိရေစနဆေး ၆၃
ဝမ်းပြည့်အောင် မစားရာ ၄၀
ဝမ်းဘဲသား ၂၀၆
ဝမ်းမရောင်သော ပဲမျိုး ၈၅
ဝမ်းမီးတောက်ခြင်းနှင့်-
အစာကြေခြင်း ၁၂၃
ဝမ်းမီးတောက်ဒီပနဆေး ၆၃
ဝမ်းမီး ပျက်တတ်ခြင်း ၃၉
ဝမ်းသက်သံသနဆေး ၆၃
ဝုဒ္ဓအရွယ် ၁၄၉

[သ]

သကြားအမျိုးမျိုး ၁၇၃
သကြားဖြူ ၁၇၃
သကြားဖြူကို ဓာတ်ခွဲပုံ ၁၇၅
သခွားအပုသီး ၂၆၀
သခွားအုခါးသီး ၂၆၀
သခွါးငပြုတ်သီး ၂၆၀
သခွားဆင်စွယ်သီး ၂၆၀
သခွားတစ်ဆစ်သီး ၂၆၀
သခွတ်ပွင့် ၂၅၈
သတိပဋ္ဌာန်သုတ်ဟောသောတိုင်း ၁၇
သတွတ်သီး ၂၄၀
သနပ်ရွက် ၂၅၇
သနပ်သီး ၂၄၁
သပြေ ၄-မျိုး ၂၂၉
သပြေသီး ၂၂၉
သပွတ်ခါးသီး ၂၆၂
သပွတ်သီး ၂၄၀
သပိတ်လွယ်ဂုက်သား ၂၀၂
သဖန်းရွက် ၂၅၇
သဖန်းသီး ၂၄၂
သဘာဝ ဆန့်ကျင်ဘက် ၆၉
သမကဋ္ဌန္ဓအရပ် ၁၇
သမင်သား ၁၉၇
သမင်ပြောက်သား ၁၉၅
သယနဒသက ၂၂
သရဒဥတုခွဲ ဖြစ်ပျက်ပုံ ၁၀
သရက်ခဲ ၂၂၀
သရက်စေ့ ၂၂၀
သရက်စေ့ဆီ ၁၅၉
သရက်နှင့် ထောပတ် ၂၂၀
သရက်နှင့် နွားနို့ ၂၂၀
သရက်နှင့် ပျားရည် ၂၂၀
သာကမျိုးတို့၏ ဂုဏ်ကိုပြခြင်း ၂၄၉
သာဓာရဏအရပ် ၁၈
သာရကောမုဒီဂါထာ ၈
သာရတ္ထဒီပနီကျမ်းလာ
ဝိထိ ၃-ပါး ၁၅
သာသနာတွင်း အသက်တမ်း
တည်မြဲနေပုံ ၂၂
သား ငှက် ၂၁၅
သားကောင်စွဲပြချက် ၁၉၆
သားအရွယ်လိုက်နို့ရည် ၁၂၆
သိသိရဥတုခွဲ ဖြစ်ပျက်ပုံ ၁၁
သီတကဋ္ဌန္ဓအရပ် ၁၇
သီဟိုဠ်သရက်သီး ၂၂၀
သီးသီး ၂၂၇
သုရာမေရယမျိုးခွဲပြပုံ ၁၈၆
သုရာမေရယ ၅-ပါး ၁၈၆
သူရကန်ရေ ၁၀၇

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

သူရိယသိဒ္ဓန္တဂါထာ ၄
သဲတွင်းရေ ၁၀၇
သောဝီရပုန်းရည် ၁၈၀
သက္ကဋ္ဌကျမ်းလာ-
ရေစင်ကြယ်စေနည်း ၁၁၆
သဘော်ခွေး (ဝေး) သီး ၂၂၁
သဘော်ပုံလုံရွက် ၂၅၃
သဘော်ပုံလုံသီး ၂၆၁
သဘော်သီး ၂၃၉
သင့်မသင့်ရေများ ၁၀၈
သင်းဖွဲ့သား ၂၀၅
သစ်ကျားသီး ၂၄၇
သစ်ခေါင်းပျား ၁၆၅
သစ်ဆိမ့်ဆီ ၁၅၉
သစ်ဆိမ့်သီး ၁၅၉
သစ်ပင်နေထား ၁၉၉
သစ်မည်စည်သီး ၂၄၂
သတ္တိ ၂၆-ပါး ပြခြင်း ၆၃
သတ္တိမတူပုံ ၆၀
သဒ္ဒိကခေါ် ကောက်လျှင်စပါး ၇၂
သတ်ဖြတ်စားသား ၂၀၃
သဏ္ဌာကီပုန်းရည် ၁၈၁
သန္ဓာနမျိုးတို့၏ ဂုဏ်ကို
ပြခြင်း ၁၇၈
သံပရာသီး ၂၃၈
သံပရိသီး ၂၃၈
သံလွင်ဆီ ၁၅၉
သန့်ရှင်းသောရေ ၉၄
သုက်ကို ပွားစေတတ်သော-
သုက္ကလဆေး ၁၂၁
သောက်ဖွယ်ပေယျာ ၈၉
သောက်ရေခွက် ၃၇
သိုးကျင်ငယ် ၁၉၀
သိုးဆောင်းကျမ်းလာ
ရေစင်ကြယ်စေနည်း ၁၁၇
သိုးဆောင်းပုန်းရည် ၁၈၃
သိုးဆောင်းသေလုပ်နည်း ၁၈၂
သိုးနို့ထောပတ် ၁၅၁
သိုးနို့ ၁၂၉
သိုးနို့ခမ်း ၁၃၈
သိုးသား ၂၀၄

[ဟ]

ဟာနိဒသက ၂၂
ဟေမန္တဥတု၌ ဖြစ်ပျက်ပုံ ၁၁
ဟသ်ာသား ၂၀၆
ဟသ်ာသင်းဖွဲ့နေကြောင်း ၂၀၆
ဟင်းဂလာရွက် ၂၅၀
ဟင်းဂလုံရွက် ၂၅၀
ဟင်းနုနယ်ရွက် ၂၅၆

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်။

★ နံနက်စောစောရေသောက်ခြင်းသည် လေ၊ သလိပ်၊ သည်းခြေနာတို့ကြောင့် ဖြစ်သောအနာတို့ကိုနိုင်၍ အနှစ်တစ်ရာချမ်းသာစွာ အသက်ရှည်၏။

★ ရှောက်၊ သခွားရွက်မှုန့်ကို ပျားရည်နှင့်နယ်၍ အိပ်ခါနီးလျက်ခြင်းသည် ချမ်းသာစွာ အိပ်ပျော်၏။

★ အဆွေခင်ပွန်းကောင်းရှိခြင်းသည်လည်း အသက်ရှည်ကြောင်းဖြစ်သည်။ သီလကို စောင့်ရှောက်ခြင်းသည်လည်း သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ရသည်ဖြစ်၍ အသက်ရှည်ရန်အကြောင်း ဖြစ်သည်။

★ ပျားကြီးရည်သည် ပျားရည်တို့တွင် အမြတ်ဆုံးဖြစ်၏။ မျက်စိနာနှင့် သင်္ဂ်၏။ ကြေလွယ်၏။ သုက်ကုန်ခန်းသောအနာ၊ မြင်းသရိုက်နာ၊ ထိခိုက်ရှနာသောအနာ၊ ချောင်းဆိုးနာ တို့ကိုနိုင်၏။

★ လက်ပံပွင့်သည်ချိုး၏။ ဗန်း၏၊ အေး၏၊ ကြေခဲ၏၊ သွေး၊ သည်းခြေ၊ သလိပ် တို့ကိုနိုင်၏။

★ ဘဝပွကာသဆေးကျမ်း၌ နွားကျင်ငယ်ရေသည် တက်၏၊ ခါး ၊ ငန် ၊ ဖန် အရသာရှိ၏။ ပညာကိုပွင့်စေတတ်၏။ ဘေးထိုးရင်ကျပ်နာ၊ ယားနာ၊ မျက်စိနာ တို့ကိုနိုင်၏။